www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း




- ဘီလူးရာဇဝင် (စာ - ၆၉)
- ဘီလူးရုပ်ကြီးများ (စာ - ၈၂)
- မယ်ကုဝဏ် (စာ - ၈၉)


BURMESE CLASSIC









- ရုပ်နာမ်ဝိညာဉ်အကြောင်း(စာ-၈၃)
- အုံဖွယ်ထူးဆန်း ဆေးစွမ်းများ(စာ-၁၂၀)
- မြန်မာ့ဆေးဖက်ဝင် အသီးအနှံ(စာ-၁၂၄)
- လူတိုင်းနှင့် ကျန်းမာရေး(စာ-၁၃၃)




www.burmeseclassic.com

www.burmeseclassic.com

30 SEP 2014

**လာဘ်မိုးစွေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘော မေ၊
သဒါ ဟောတု အဝါဘဝေ။

# မင်္ဂလာပါစွယော ရောင်ပြန် မဂ္ဂဇင်း

၂၀၁၄-ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် (၂၅၀)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

BURMESE CLASSIC

ဆက်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ) အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တြာခင် အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ
ထုတ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်
အအုပ်ချုပ် - ရှုကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ နေခြည်၊ မိုးကျော်၊ စံလွင်မောင်၊ အောင်MW၊
အောင်၊ ပညတ် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်မှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း ...ယာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော ...ဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ...ဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ ရွှမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် (၂၅၀)

# မာတိကာ

## ရောင်ပြန် ကဗျာ

ပျဉ်းမနားမောင်နီသင်း၊ တိုးဇေ၊ ဘုန်းမြင့်ချို(သာယာဝတီ)၊ နွဲ့ဦးမွန်(ကျုံ့ဒါး)၊ ဝေငြိမ်းအောင်၊ မောင်မောင်ညွန့်(ဇမ်မြေ)၊ နိုင်လွန်း၊ နန္ဒမိုးကြယ်။

## ရောင်ပြန် အခန်းဆက်ရသ


နတ်ကတော်စိန်မျက်ခုံး(၁၀)

ကျော်မြသန်း —— ၁၇၄

အရိုးပြာတွန်လေသော်(၂)

မကွေးညိုစိမ့် —— ၂၃၀

မေတ္တာရှင်…(၁၁)


ဘုန်းပွင့်တေဇ —— ၂၆၄

ဒုဋ္ဌမှရ ကောရီသခင်မလေး ယောမမာလာ(၆)

မောင်ယဉ်မွန်(မော်စ်နေခြည်) —— ၂၉၄















www.burmeseclassic.com

www.burmeseclassic.com




မြန်မာ့ရေးရာ


သုံးချီမြို့မှ သွန်းဘုရားကြီး နှစ်ဆူအကြောင်း
ခွေမြင့်သူ(ကြေး/မြေ) —— ၁၇
သုဝဏ္ဏဘုမ္မိမြေမှ မြသိန်းတန်(ခေါ်)ဇုဗ္ဗလိဆံတော်ရှင်
မြန်နန်းရှင် —— ၁၉
ဤဘဒ္ဒကမ္ဘာဘုရားငါးဆူပွင့်မည့် ကြာနိမိတ်
ကျော်ဇောဟိန်း(နံ့သာ) —— ၂၅
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်···ရေးဟောင်းသမိုင်းဝင်
ရွှေနန်းသွင်းစေတီတော်မြတ်ကြီး(၃)
ဟံသာဝတီဦးအုန်းကြိုင် —— ၃၁
ဗုဒ္ဓအမွေအနှစ်များ ဦးခိုက်ပူဇော်(၃)
မောင်စိုးထိုက်(သုံးဆယ်) —— ၆၀
သဲအင်းဂူဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိရှာပနပူဇော်ပွဲ
ရှယ်လီသိန်းမောင် —— ၁၁၄
ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၃)
ပထမံဆရာကြီး ဦးအောင်သူ —— ၁၅၈
ဘိုးတော်မြို့၏ လက်တွေ့ကျောက်အမြုတေ
ပုသိမ်မင်းလွင် —— ၂၀၃
ထူးဆန်းစွာ ကြွလာတော်မူသော ဗုဒ္ဓရုပ်ပွားတော်
ရှယ်လီသိန်းမောင် —— ၂၀၅
အာဋာဝကမေး ဘုရားရှင်အဖြေ(၁)
ဒေါက်တာသန်းမှိုင်းလင်း —— ၂၉၂







...ယ်ဒီတာအဖွဲ့/ကျော်ဒြာနှင့် မြန့်ချိရေး

လာဘ်မိုးရွှေ စာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅

www.burmeseclassic.com



စာ - ၁၇၄

## လောကီရေးရာ


လိုအင်ဆန္ဒပြည့်ဝမှာ ကြီးသုံးကြီးဂါထာ
မင်္ဂလာဦးရွှေအိုး —————— ၂၄
ဆူးလေစေတီနှင့် မြတ်ပါစေ
မင်္ဂလာဦးရွှေအိုး —————— ၃၈
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းမြူမြူ(တောင်ငူ) —————— ၄၇
သည့်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် —————— ၄၈
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် —————— ၅၀
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် —————— ၅၁
အလုပ်အကိုင် အောင်မြင်ရန်
မဟိန္ဒြကျော်ခေါင် —————— ၅၂
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် —————— ၅၃
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၄ နိုဝင်ဘာ
ကေတီအောင်သိန်း —————— ၅၄
ထိုင်းနိုင်ငံနက္ခတ္တဗေဒဆရာကြီး မိုဖူးပိုက်ခံ၏ . . . အဟော
ဦးတိုး(တက္ကသိုလ်) —————— ၅၇



မကောင်းကျောင်းပို့ ကောင်းကျောင်းပို့
သမီးဗကျိုအောင်စိုး —————— ၁၀၀
အနုမတဂ္ဂိယသုတ္တန်ဒေသနာနှင့် လူ့ကထိန်သက်နှီးအကျိုး
အောင်မြင့်မြတ်(ပြည်ရွှေဘို) —————— ၁၀၈
အစွမ်းထက်ဂါထာ ဓာရဏပါ
မြမြလှိုင် —————— ၁၃၅
ယတြာကောင်းလျှင်(ပညာရေးနှင့်အလုပ်)
မောင်မောင်မြင့်အေး —————— ၁၄၄
တတ်ယောင်ကန်းနဲ့ ဆရာလုပ်သူ
မောင်ပုတ်စည် —————— ၁၆၀
ဖတ်ရှုဖြစ်ခဲ့သောစာများ ဘိုးဘိုးနှင့် ဘွားဘွားအချစ်ပွား
မောင်ကောင်းမြင့် —————— ၁၆၂
အရှင်လတ်လတ် ငရဲရောက်နိုင်သလား
ရှာရိုတ္တ —————— ၁၈၄


စာ - ၂၆၀



စာ - ၁၄၈



www.burmeseclassic.com

www.burmeseclassic.com

## လောကီရေးရာ

အဖသတ်သားနှင့် သားချစ်ဖခင်
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု) ———— ၁၉၆
သမြေကိုင်းလေးသုံးကိုင်း
မြမျက်ရှင် ———— ၂၀၅
ဘဝအမောစင်မယ့် လုတောတစ်ခွင်ဟာသများ
ဦးကောင်းထွး ———— ၂၀၇
သူတော်မောင်မောင်နှင့် သူ့ဓါမိတ်ဆွေများ
ဝဏ္ဏလင်းထက် ———— ၂၃၀
အမေရိကန်စစ်ဘက်ကို လောကီပညာသည်များကလွှဲယူ
သန်းဝင်း(ဘဏ်) ———— ၂၃၅
ကမ္ဘာ္ဘာန်းလေးမျိုးထဲက ရုပ်ကမ္ဘာ္ဘာန်း
ကျိုက်ထော်မြင့်မြတ်ကျော် ———— ၂၄၆
ထီးဖြူလှူ၍ အေးချမ်းသောဘဝအရိပ်အောက်မှာ
နှင်းအဥ္စလီ ———— ၂၄၉
လက်ရေးစင်းပါအုတ်များသက်သေသုဝဏ္ဏမြေ
ပါမောက္ခမင်းဓာတု ———— ၂၅၅
အခုံးအဖြတ်ပေးသွားသော စာကလေးနှစ်ကောင်
တက္ကသိုလ်သနိ ———— ၂၆၀









တစ်ထောင်တန်ဂါထာ
ကိုကိုလှ(ကမာမြေ) ———— ၂၇၄
ဂမုန်းအင်းနှင့် သဇင်ပွင့်ပေါ် လနတ်တော်
တက္ကသိုလ်သျှင်ဥက္ကာ ———— ၂၇၇
ချမ်းမြေ့ရှင်ပေါ် သာစုခေါ် ဆုတောင်းပတ္တနာ
ညွန့်ဟံ(ကြူတော) ———— ၂၇၉
ဘုရားဖူးသွားခြင်းအကျိုး
နတ်ထွီးလှိုင် ———— ၂၈၁
သင့်အား ငါပေးအပ်သည်
သက်လုံ ———— ၂၈၉
ကြံစည်တိုင်းအောင် ဆောင်ရမည့်အရုပ်
တက်လှမျိုးသစ် ———— ၃၀၄

အယ်ဒီတာအဖွဲ့/ ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွှေ စာပေ
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀[illegible]

www.burmeseclassic.com

www.burmeseclassic.com



## ရောင်ပြန် ရသ


မဟာဆန်သူရသေ့ကြီးနှင့် မုန့်လုံးစက္ကူကပ်
မှူးဒိမ်ဇင် —— ၁၃၈

ရွာထဲကိုမျောက်နောင်ဝင်ခြင်း၏ ဆိုးကျိုးပုံရိပ်များ
မင်းဟိန်းထိဒ် —— ၁၄၈

သိုက်နန်းရှင် မြစိမ်းရှင်နှင့် မြစိမ်းတွေးတို့၏
ဆန်းကြယ်သော ဖြစ်ရပ်များ
ရိရိငွေ —— ၁၆၆

ဟိုဘက်ခြံက အပျိုမ
တာတေကြီး —— ၁၉၀

မြို့သာယာမှ အရှေ့နှင့်အနောက်
ဘိုဘို(ရွှေကံကူ) —— ၂၁၂

တစ္ဆေပြန်လုယူသွားသည့် ဆေးမြစ်
ခင်မောင်အေး(မန္တလေး) —— ၂၂၂

မြန်မာပြည်မှာ ငွေတွေချည်း
ဖိုးကျော့ —— ၂၂၆

ကိုယ့်ကြောင့်တော့ မသေစေနဲ့
မနသသကျော်ဝင်း —— ၂၅၀


## ရောင်ပြန် ဆေးဖက်ဝင်အပင်များ


အုံ့ပွယ်ထုးဆန်း ဆေးစွမ်းကောင်းများ ၁၂၀
မျိုးသန်းထွန်းကို(ဓေဓကြီ) —— ၁၂၀


မြန်မာ့ဆေးဖက်ဝင် အသီးအနှံများ(၃)
သုတေသီဆရာငြိမ်း —— ၁၂၄

ဂန္ဓာရဆန်းကြယ်သော ဆေးကုထုံးများ
လွှမ်းပိုင်စိုး —— ၁၂၈

ကင်ပွန်းတန်းဘုန်းတော်ကြီး၏ ဂန္ဓာရဆေးနည်းများ
ဗေဒသုတေသီဆရာမျိုး —— ၁၂၉

ပဒိုဝ်ရိုးရာ ဆေးကုထုံးများ
ဗေဒသုတေသီဆရာမျိုး —— ၁၃၁

လှတိုင်း၏ကျန်းမာရေး သီးနှံသားငါး စားသုံးပေး
သမားတော်ဒေါက်တာသက်ဆွေ —— ၁၃၃





www.burmeseclassic.com

www.burmeseclassic.com

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ———— ၃၂၆

## ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မဂ်လာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ———— ၃၃၃

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ———— ၃၂၂




အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွှေ စာပေ
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅

## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

မင်းအဆက်ဆက်တို့၏
ဘုန်းသမ္ဘာတောက်စေရန်အစီအမံများ(၅)
မြန်မာပါဠိန်းကျော် ———— ၃၉
ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ———— ၆၆
နှင်းလား မြူလား တောင်နိုးလား
လှမိုး(ပညာရေး) ———— ၁၅၂

## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

ဘီလူးရာဇဝင်
ဦးသန့်(လာဘ်မိုးရွှေ) ———— ၆၉
ရုပ်နာမ်ဝိညာဉ်လောကီအကြောင်း
စိုးဝင်းထွဋ်(တာမွေ) ———— ၈၃
မယ်ကုဝဏ် ———— ၉၈
အာဋ္ဌာဝကဘီလူး သိလိုသည့် ကုသိုလ်တရား(၁၀)ပါး
နန္ဒာမိုးကြယ် ———— ၁၀၅



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# အနုမာန

ပျဉ်းမနား မောင်နိုသင်း

- ငယ်ကဆင်းရဲ
  ကြီးတော့မွဲ
  လောက ချစ်တုန်းပဲ။

www.burmeseclassic.com

www.burmeseclassic.com

# မျက်နှာပြောင်


တိုးဝေ

သီး…တဲ့
မြတ်နိုးမှုရဲ့ ပုံပမာ
ကဗျာဖွဲ့ ကြ စာနွဲ့ ကြ။

သီး…တဲ့
ရိုးသားမှုသင်္ကေတ
ရည်ညွှန်းဆိုကြ တင်စားကြ။


သီး…တဲ့
ညှိုးနွဲ့ နွမ်းပါး သနားစရာ
စာနာတွက်ဆ နှိုင်းယှဉ်ကြ။

ပြီးတော့လည်း
သီးမွေးကိုရိုတ်
သီးရေကိုခြုံ
သီးသားကိုစား
လူတွေရဲ့ မျက်နှာထား
ပြောင်လှချည်လား။ ။




www.burmeseclassic.com

www.burmeseclassic.com




# ဤလူသား

## ဘုန်းမြင့်ချို (သာယာဝတီ)

- သင်ကောင်းလျှင် ကျွန်ုပ်မဆိုး
  ရှေးရိုးစကားလာ
  အများသိကြရာ။

- ကိုယ်ကပင်ကောင်းသလား
  အစထားတွေးကြည့်ပါ။

- အတ္တနှင့်ပရမှာ
  တူမကွာညီမျှထား
  ရင်ကြား ပရ ကင်းလျှင်ဖြင့်
  ထင်ရှား အမြေရှင်းပါလို့
  မငြင်းဖွယ် ငါသရုပ်
  အနုတ်လူသား။ ။

www.burmeseclassic.com

www.burmeseclassic.com

# ရွှေ့မှာအနာဂတ်ရှိသည်

နွဲ့ဦးမွန် (ကျုံ့ဒါး)

- ကိုယ့်အကြောင်း
ကိုယ်ကောင်းအောင် ဆင်ခြင်။
ကိုယ်သာလျှင် ပဓာန
ဘဝသခင်။
ကိုယ့်အမှု ကိုယ်ပြုမြင်
"အရှင်"ဟာ ငါပါပဲ။
ကိုယ့်လမ်း ကိုယ်ထွင်လို့
ကိုယ့်လမ်းစဉ် ကွေ့မထောင့်
တန်းဖြောင့်နေမြဲ။
- လူဆိုသည်မှာ
ခံစားချက် အရင်းတည်လို့
သွေမဖည်စည်း မဖောက်
နောက်မလှည့်ပါ။
ခင်းကျင်းတဲ့ ဗျူဟာ
နိုင်မာရဲ့ မဝေဝါး။
အတိတ်ကိုမြှုပ်နှံလို့
ပစ္စုပ္ပန်အခြေတည်ပေါ့
ချုပ်ညှိ ဝေသီမမှိုင်းဖို့
ပိုင်းဖြတ်ကာ ပန်းတိုင်ရောက်အောင်
လျှောက်ကြစို့လား။ ။




www.burmeseclassic.com

www.burmeseclassic.com

# ရေထဲမှာ

ဝေငြိမ်းအောင်

- သူတို့ . . .
အစွန်းထင်းတွေ
တလွဲဆံပင်ကောင်းနေဆဲဆိုတာ
ပရိယေသနနဲ့ ပဋိပက္ခကြားက
မြေစာပင်လေး ဟိုယိမ်းထိုး
ဒီယိမ်းထိုးနဲ့
ရေရာ မရေရာ
တွေးလိုက်စမ်းပါကွဲ့ . . . ငေးလိုက်စမ်းပါကွဲ့။
- သူတို့ . . .
ဝေ့လည်ကြောင်ပတ် လုပ်ခဲ့သမျှ
ရာသီက ပြာလိုက် ဝါလိုက်နဲ့
အားခဲထားပါဦး
လက်ခုပ်ပဲတီးတီး . . . ကျောပဲခိုင်းခိုင်း
ရင်းနှီးမှု ဘယ်လောက်များများကရော
ပုံရိပ်ယောင်တွေ ကခုန်စေသလဲ
ခုတော့ . . .
ထန်းရွက်နဲ့ကာမယ့် အဖြစ်မျိုးထက်
အော်မြည်သံတွေ ချွတ်ယွင်းရဲ။
- သူတို့
သတိတရထားခဲ့တဲ့ သင်္ကေတများအပေါ်
အစိမ်းရည်တွေ ပျစ်လိုက် ကျဲလိုက်နဲ့
ဘယ်ခါမေးမေး . . .
ငြင်းချက်မရှိ လက်ဝါး . . . လက်ခုံပဲ
ကြာတော့
အတွေးတွေပဲ စုံလုံးကန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com




# နေကြာမှန်တန်ဖိုး

မောင်မောင်ညွှန့် (ဇမ်ဗြေ)

❀ ပန်းဖြစ်လာမှ၊ ဆံနွယ်မြတွင်
အလှလေးတော့ ဆင်ပါရစေ။
❀ မြရည်ဆွတ်လိမ်း ယိမ်းနွဲ့ဟန်ချို
ပွင့်ချပ်နီနှင့်၊ နေခြည်ထဲမှာ
ပွင့်ခဲ့ပါပြီ၊ သခင်လာနိုး
ချူလိမ့်နိုးနဲ့၊ မျှော်ကိုးရင်းသာ
ကြာခဲ့ပါ၍၊ ပွင့်လှာညှိုးနွမ်း
ရန့်ခန်းပြီ၊ ပန်းချစ်သူက ပေါ်မလာ။
❀ မျိုးစေ့လည်းမှန်၊ မြေကောင်းခံ၍
ရှင်သန်ဝင့်ကြွား၊ ပွင့်ခဲ့ပြားလည်း
ဘုရားမတင်၊ နတ်မဝင်ခဲ့
သခင်ဆံမြ၊ မပန်ကြ။
❀ ခြေသာ် • •
ပန်းဖြစ်ပါလျက်၊ ဘယ်အတွက်များ
ပန်မရှယ်ခဲ့၊ အပယ်ခံမြန်း
ခေါင်ရန်းပန်းလေ၊ ဝမ်းနည်းရှက်စွာ
မဖြေသာလည်း၊ သေရွာသို့သွား
ခေါင်းတလားမှာ၊ နေရာတစ်ခု
သိမှတ်ပြု၍ ယုယုခြယ်မွှမ်း
လှဆင်မြန်းတော့ • • •
ပန်းဖြစ်ရကျိုးနပ်ခဲ့ပြီ။ ။

www.burmeseclassic.com

www.burmeseclassic.com




# ကိုယ့်ကိုယ်ကိုပြန်ဖတ်ကြည့်ခြင်း

ခိုင်လွန်း

- ရေပြင်ကိုကြည့်လိုက်တော့
လှိုင်းကလေးတွေနဲ့ တအိအိ…။


- ကောင်းကင်ကိုကြည့်လိုက်တော့
မိုးသားတိမ်လိပ်တွေနဲ့ တရိပ်ရိပ်…။

- သစ်ရွက်ကလေးတွေကို ကြည့်လိုက်တော့
လေကလေးတဖျပ်ဖျပ်နဲ့ လှုပ်ခတ်…။

- ငါ့ရင်ဘတ်ထဲ ငါပြန်ကြည့်လိုက်တော့
အိပ်ချင်ယောင်ဆောင်နေတဲ့ "အတ္တ"
"သက္ကာယ"တွေနဲ့ အထပ်ထပ်
မွန်းကျပ်…။

www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကင်ရှုး

နန္ဒာမိုးကြယ်

- စောစောက "ယုန်"
  ခု "ဂဠုန်"ဖြစ်။
  စောစောက "ကျား"
  ခု "နဂါး"ဖြစ်။
  စောစောက "ဆင်"
  ခု "သမင်"ဖြစ်။
  စောစောက "ဝက်"
  ယခု "ကြွက်"ဖြစ်။

- ပဉ္စလက် မုဒြာနဲ့
  တိမ်မာယာ သူလုညှိစားတယ်
  ဖျားလောက်တဲ့ . . . ခေတ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# သုံးခွမြို့မှ သွန်းဆုရားကြီး နှစ်ဆူအကြောင်း

ဆွေမြင့်သူ(ကြေး/မြေ)



မဟာဇိနအတုလ သကျမုနိ သွန်းဘုရားကြီး

## နိဒါန်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားများစွာရှိသည်။ ယင်းမြို့နယ်၏ ကျက်သရေဆောင်ဘုရားဟုလည်း ဆိုနိုင်သည်။ မဟာရန်ကုန်မြို့တော်တွင် ရွှေတိဂုံ၊ ဗိုလ်တထော ်၊ ဆူးလေ၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ ငါးထပ်ကြီး အစရှိသည့် ဘုရား၊ ပုထိုးစေတီ ရုပ်ပွားတော်များရှိသည်။ သန်လျင်မြို့နယ်တွင် ဆံတော်ရှင် ကျိုက်ခေါက်ဘုရား၊ ကျောက်တန်းမြို့နယ်တွင် ကျိုက်မှော်ဝန်းရေလယ်ဘုရားနှင့် ပါဒကြီး၊ ညောင်ဝိုင်းဘုရား၊ တွံတေးမြို့နယ်တွင် ရွှေဆံတော်ဘုရား၊ ဓနုတ်ဘုရားစသည်ဖြင့် ဖူးမြော်၍မဆုံးနိုင်အောင် ရှေးအစဉ်အဆက်ဆက်ကတည်းက တည်ထားကိုးကွယ်ခဲ့ကြသည်။ ရန်ကုန်တောင်ပိုင်း ခရိုင်အတွင်းရှိ သုံးခွမြို့နယ်တွင်လည်း မြို့ကျက်သရေဆောင်ဘုရားမ္မားရှိသည့်အနက် ရှေးနှစ်ပေါင်းတစ်ရာကျော်လောက်က တည် ိုးကွယ်ခဲ့သော အောင်မြေလောကသွန်းဘုရားကြီးနှင့် ဇိနအတုလသကျ မုနိသွန်းဘုရားကြီးနှစ်ဆူအကြောင်းကို ရေးသားတင်ပြလိုပါသည်။

### (က) အောင်မြေလောက သွ် ားကြီး

အောင်မြေလောကသွန်းဘုရ ြီးသည် ခွမြို့ အမှတ်(၂)ရပ်ကွက်၊ ဥက္ကံဝရပ်တွင် တ ၍ အလှူဒါယကာ ဦးပို၊ ဒေါ်သဲအူ၊ သားမောင်ဘနှင့် သမီးမလှမေတို့က ၁၂၆၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ညဉ့် ၆ ာရီမှစတင်၍ ကြေးရည်ကျိုေ ာင်းခဲ့ရာ တပေါင်းလပြည့်နေ့ နံနက် ၄ နာရီတွင် အပြီးသို့ရောက်ခဲ့သည်။ ဘုရားကြီးကို ကြေးသွန်းလောင်းရာတွင် ပါဝင်သော ရတနာများမှာ ရွှေချိန် ၂၁ ခဲ၊ မိုးကြိုး ၁၄ ငွေ၊ ငွေ ၁၀၆ ကျပ်၊ ဓာတ်တော်ကြုတ် ၂၉ ငွေ နှင့် ကြေးအချိန် ၃၆၅၅ ပိဿာဖြစ်ပါသည်။ ကြေးသွန်းဘုရားကြီး၏ ဉာဏ်တော်မှာ ၇ တောင် ၁ မိုက်ရှိ၍ ဘုရားဓာတ်တော်အဆူပေါင်း ၂၀၀၊ ရဟန္တာဓာတ်တော် ၁၀ ဆူတို့ကို ဓာတ်တော်ကြုတ်များ၌ ဌာပနာပြီး မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ပလ္လင်ထက်သို့ ကြွရောက်စံပယ်တော်မူခဲ့ပါသည်။

ထို့အပြင် ရှေးဟောင်းဘုရားများနှင့် ာ်ရုပ်ပွား

www.burmeseclassic.com



အောင်မြေလောက သွန်းဘုရားကြီး

တော်ကြီးမှာလည်း ဇရပ်ဟောင်းကြီးအတွင်းဝယ် ကိန်းဝပ်စံပယ်လျက်ရှိရာ အောင်မြေလောက သွန်းဘုရားကြီး၏ ပရိဝုဏ်အတွင်း သီးသန့် ဂန္ဓကုဋိကျောင်းတော်တစ်ဆောင်နှင့် အခြားသာသနိက အဆောက်အဦများအတွက် ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသဖြင့် ဓမ္မမိတ်ဆွေအပေါင်းတို့က မိမိတို့ သဗ္ဗာဆန္ဒအရ လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်း ရေးသားတင်ပြအပ်ပါသည်။

**(၁) မဟာဇိန၊ အတုလ၊ သကျမုနိသွန်းဘုရားကြီး**

မဟာဇိန၊ အတုလ၊ သကျမုနိသွန်းဘုရားကြီးကို သုံးခွမြို့ အမှတ်(၉)ရပ်ကွက်တွင် သွန်းလုပ်ပူဇော်ထားရှိပြီး အောင်မြေလောက သွန်းဘုရားကြီး သွန်းလုပ်ပူဇော်ထားရှိရာ အမှတ်(၂)ရပ်ကွက်နှင့် တစ်မိုင်ခန့် ကွာဝေးသည်။

သမိုင်းအကျဉ်းချုပ်အရ သာသနာသက္ကရာဇ် ၂၄၃၄ ခု၊ ကောဇာသက္ကရာဇ် ၁၂၅၂ ခုနှစ်တွင် ဥက္ကံရွာ၊ တကောတိုက်သူကြီး ဦးဘိုးဒို၊ ဘုရားလှူကြီး ဦးမှုံ၊ ဦးဆို၊ ဆရာဇိုလ်၊ ဆရာအို၊ ဆရာအောင်မင်း၊ ဦးသာလှိုင်၊ ဦးသာမှိုင်း၊ ဦးချွဲနှင့် ဦးဒွတ်တို့ ကြီးမှူးကြီးကြပ်၍ မြို့နေရွာသားရဟန်းရှင်လူများအားလုံးက ညှိနှိုင်းတိုင်ပင်၍ ဘုရားသွန်းလုပ်ပူဇော်ကြရာ ကောဇာသက္ကရာဇ် ၁၂၅၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ စနေနေ့ သုံးချက်တီးကျော်အချိန်တွင် မြတ်စွာဘုရား ရုပ်ပွားတော်အဖြစ်သို့ အပြီးရောက်ပါသည်။

သွန်းဘုရားကြီး၏ ဉာဏ်တော်မှာ ၇ တောင် ၂ မိုက်ရှိ၍ သွန်းလုပ်ရာတွင် ပါဝင်သော ရတနာများမှာ ငွေအလေးချိန် ၁၃၃၀ ကျပ်သားနှင့် ကြေးအလေးချိန် ၃၃၇၃၄၉ ကျပ်သား ပါဝင်ပြီး ရတနာသိင်္ဂီရွှေ နဂရနီရွှေမြတ်၊ မဏိကျောက်ဓာတ် စိန်လည်ကပ်များနှင့် ဘုရားဓာတ်တော်၊ ၈၆ ဆူကို ဓာတ်တော်ကြုတ်၌ ဌာပနာခဲ့ကြောင်း သိရှိမှတ်သားရပါသည်။


**နိဂုံး**

အထက်ဖော်ပြပါ သွန်းဘုရားကြီးနှစ်ဆူစလုံးသည် မန္တလေးမဟာမြတ်မုနိဘုရားကြီး ရုပ်ပွားတော်နှင့် ပုံတူ သွန်းလုပ်ပူဇော်ထားပြီး အောင်မြေလောက သွန်းဘုရားကြီး၏ ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်းပိုင်းနှင့် မဟာဇိန အတုလ၊ သကျမုနိသွန်းဘုရားကြီး၏ ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလပြည့်ကျော်အခါတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လေ့ရှိပါကြောင်းနှင့် သန်လျင်ကျိုက်ခေါက်ဘုရားစေတီ၏ ခြေတော်ရင်းရှိ ဘုရားကုန်းကျေးရွာလမ်းဆုံမှ အရှေ့ဘက်သို့ ၂၈မိုင်သာ ကွာဝေးသော သုံးခွမြို့ကို အလည်တစ်ခေါက် ကြွရောက်ပါက တစ်မြို့တည်းရှိ အဆိုပါ သွန်းဘုရားကြီး နှစ်ဆူကို အားရပါးရ စိတ်ရှင်လန်းစွာ ဖူးမြော်ကန်တော့ပန်း ဆင်နိုင်ကြပါကြောင်း ဖိတ်ခေါ်ရေးသား တင်ပြအပ်ပါသည်။

**ဆွေမြင့်သူ(ကြေး/မြေ)**

[**ကျေးဇူးတင်လွှာ** ။ ဘုရားသမိုင်းအကျဉ်းချုပ်နှင့် ဓာတ်ပုံများအား မွေလက်ဆောင်ပေးအပ်ပါသော သုံးခွမြို့မှ ဂေါပကလူကြီးမင်းများနှင့် မြို့နယ်မြေစာရင်းဝန်ထမ်းများအား ကျေးဇူးဥပကာရ တင်ရှိပါသည်။]

www.burmeseclassic.com



# သုဝဏ္ဏဘုမ္မိမြေ မှ မြသိန်းတန် (ခေါ်) ဥက္ကလိဆံတော်ရှင်

မြနန်းရှင်

ကျွန်မ၏ စာပေခရီးစဉ်သည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းမြို့ရှိ သော်ကမြောင်ပရဟိတကျောင်းဆီသို့ ဖြစ်ပါသည်။ ရန်ကုန်မြို့၊ မြတ်ပန်းရဂုံ စာပေတိုက်မိသားစု၏ မြတ်ပန်းရဂုံ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပခြင်း၊ ရေစက်ချ ကုသိုလ်ဒါနပြုပွဲအတွက် သတင်းဆောင်းပါးရေးပေးရန်အတွက် ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်၏ ဆံတော်ဓာတ်၊ မွေတော်ဓာတ်၊ သွားတော်ဓာတ်များ သီတင်းသုံးရာ မြန်မာပြည်၏ သာသနာအစ 'သုဝဏ္ဏဘုမ္မိ'မြေက ဖြစ်ပေရာ ကျွန်မသည် မော်လမြိုင်အစုန်ရထားပေါ်မှာ လိုက်ပါရင်း ကျေးဇူးရှင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ ဟောဖော်ညွှန်ပြခဲ့သော 'သုဝဏ္ဏဘုမ္မိဂါထာတော်'ကို ဘုရားရှင်အားလည်းကောင်း၊ သောဏမထေရ်၊ ဥတ္တရမထေရ်၊ ရဟန္တာအရှင်သူမြတ်တို့အားလည်းကောင်း၊ ကျိုက်ထီးဆောင်းဆံတော်၊ ကေလာသဆံတော်မှ အစပြု၍ ဆံတော်ရှင်ဘုရားများအား အာရုံပြုကာ ရွတ်ဆိုပူဇော်ခဲ့ပါသည်။ ကျွန်မ၏ စိပ်ပုတီးတဂျောက်ဂျောက်၊ နှုတ်မှတလှုပ်လှုပ် လုပ်ဆောင်နေပုံကို ကြည့်ပြီး သတင်းထောက်၊ စာရေးဆရာ မောင်မောင်စိန်လင်းမှ "ဆရာမ မြနန်းရှင်က ကုသိုလ်ကောင်းမှုတွေ လုပ်ပေးနေတာမို့ ဒီလမ်းခရီးမှာ ဘာအန္တရာယ်မှ မဖြစ်စေရဘူး။ စိတ်ချလက်ချသာ လိုက်ကြတော့"ဟူ၍ ကောင်းချီးပေးလေ၏။ ထိုဆရာပြောကာမှ ကျွန်မအတွက် ခေါင်းကြီးသွားရတော့သည်။


စစ်တောင်းတံတားသို့ ကျော်ဖြတ်ဝင်လာပြီးနောက် မုပ္ပလင်၊ နှင်းပုလဲဟူသော ဘူတာစဉ်များ ကျော်လာတာနှင့် စိမ်းစိုသော လယ်ကွင်းပြင်များခြားကာ ကေလာသဆံတော်ရှင်၊ မြသပိတ်ဆံတော်ရှင် ကျိုက်ဒေးယျံဆံတော်ရှင်များ ကိန်းခရာ တောင်တန်းစဉ်ကို လှမ်းမြော်ဖူးရင်း ...

မြတ်စွာဘုရားရှင်လက်ထက် ... သုဝဏ္ဏဘုမ္မိ၏ သာသနာဘုံဖြစ်တည်ကာလသို့ စိတ်ညွတ်ကိုင်း အာရုံပြုမိတော့သည်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ (၆)ဝါမြောက်တွင် ရဟန္တာရှင် ဂဝံပတိမထေရ်မြတ်၏ ပင့်လျှောက်ချက်အရ သုဝဏ္ဏဘုမ္မိတိုင်းမဟာ ကေလာသတောင်ထွတ်မြတ်သို့ ခြေတော်အစုံချတော်မူလျက် မြန်မာပြည်တွင် သာသနာကို အစပြုတော်မူခဲ့လေသည်။

ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရား ကြွတော်မူလာစဉ် မြကိုးမြနွယ်ဝင်များက မြတ်စွာဘုရားအား မြသပိတ်တော်ဖြင့် ဆွမ်းကပ်လှူတော်မူခဲ့ခြင်း၊ ကြွရောက်လာသော မင်းပရိသတ်၊ ဘုရင်သတ်

www.burmeseclassic.com



**ကျိုက်ထီးဆောင်းဆံတော်ရှင်**

ရသေ့များ၊ နတ်များ၊ ဘီလူးများအား ဘုရားရှင်၏ ဆံတော်ရှင်အဆူဆူကို ဝေငှခဲ့လေ၏။ နောင်လာနောက်သားများ ကိုးကွယ်ရစ်ကြစေရန် စေတီတော်များ တည်ထားခဲ့ကြသဖြင့်လည်းကောင်း ...

အရှင်အနုရုဒ္ဓါမထေရ်၊ အရှင်သောဘိတ၊ အရှင်ပဒုမုတ္တရ၊ အရှင်ဂုဏာသာဂရ၊ အရှင်ဉာလာပဏ္ဍိတ၊ အရှင်ရေဝတတို့သ ည့်လည်း သုဝဏ္ဏဘုမ္မိတိုင်း၊ သထုံသို့ စုံညီစွာကြွရောက်၍ သာသနာပြုလုပ်ငန်းများ စွမ်းစွမ်းတမံကြံဆောင်တော်မူခဲ့ကြပါသည်။

သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် မဇ္ဈိမတိုင်းရှိ သီရိဓမ္မာသောကမင်းလက်ထက်တွင် တတိယသင်္ဂါယနာတင်ပြီးနောက် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က (၉)တိုင်း (၉)ဌာနသို့ သာသနာပြုများစေလွှတ်ရာ သုဝဏ္ဏဘုမ္မိသို့ ရဟန္တာအရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်မြတ်တို့ ဦးဆောင်၍ ရဟန္တာမြတ်ငါးပါးကြွရောက်သာသနာပြုခဲ့ပါသည်။


ကျွန်ုပ်တို့သွားရောက်မည့် သုဝဏ္ဏဘုမ္မိတိုင်းဌာနီကား နှယ်နှယ်ရရမဟုတ်ပေ။ ကမ္ဘာပေါင်းထောင်ချီ၍ ပွင့်တော်မူခဲ့သော အနောမဒဿီဘုရားရှင်လက်ထက်ကပင် ေးသစာရီကြွချီခဲ့ပေသည်။ ထိုစဉ်က ကြွက်ဖို၊ ကြွက်မမောင်နှံက ကြွတော်မူလာသော ဘုရားရှင်အား မြေဆီ၊ မြေခဲ၊ မြေစိုင်ခဲများနှင့် ပလ္လင်သဏ္ဍာန်ပြုကပ်လှူပူဇော်ခဲ့ကြသည်။

ဘုရားရှင်မှ အလှူခံတော်မူခဲ့ပြီး နောင်ဘုရားငါးဆူပွင့်တော်မူမည့် ဘဒ္ဒကမ္ဘာ၌ ဤအရပ်ဒေသသည် ဘုရားရှင်တို့၏ ဆံတော်ဓာတ်၊ မွေတော်ဓာတ် ဓာတ်တော်များ ကိန်းဝပ်စံပျော်၍ သာသနာကြီးပွင့်လင်းစည်ပင်လာမည့် သုဝဏ္ဏဘုမ္မိတိုင်းဌာနီအဖြစ် ထင်ရှားကျော်ကြားမည်ဟူ၍ ဗျာဒိတ်စကား မြွက်ကြားခဲ့ပေသည်။

ယခုဂေါတမဘုရားရှင် လက်ထက်သာမက ရှေးက ပွင့်တော်မူခဲ့သော ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရားရှင်များ လက်ထက်မှာလည်း သာသနာပွင့်ထွန်းခဲ့ပေသည်။ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူရန် ကျန်ရှိသေးသည့် 'အရိမေတ္တယျ' ဘုရားရှင်လက်ထက်တိုင်အောင် သာသနာ ပွင့်ထွန်း၊ ထင်ရှားကျော်ကြားနေပေဦးမည်။

မွန်တို့၏ဌာနီ သုဝဏ္ဏမြေမဟီသည် သာလျှင် သမိုင်းအထောက်အထားများစွာဖြင့် တည်ရှိနေပါသည်။

မြတ်စွာဘုရားရှင် ကေလာသတောင်ပေါ်တွင် ဆံတော်များဝေငှပြီးလင့်ကစား ရှင်အနုရုဒ္ဓါအမှူးပြုသော ရဟန္တာ (၆)ပါး သုဝဏ္ဏဘုမ္မိသို့ သာသနာပြုရန် လျှောက်ထားသောအခါ ခွင့်ပြုတော်မူခဲ့သည်။ ဦးခေါင်းတော်မှ ဆံတော်(၆)ဆူ



**ကျိုက်ထီးဆောင်းဆံတော်ရှင် ပရိဂုဏ်အတွင်းမှ**



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထီးဆောင်းဆံတော်ရှင် ဓမ္မာရုံအတွင်းမှ ရုပ်တုတော်များ



ကျိုက်ထီးဆောင်းဆံတော်ရှင်မှ ဘိုးတော်သိကြားမင်း

ထပ်မံပေးသနားတော်မူပါသည်။ ထိုအရာကို အရှင်အာနန္ဒာမြင်၍ မေးလျှောက်သောအခါ ...

မြတ်စွာဘုရားရှင်ပေးသနားတော်မူသော ဆံတော်ရှင်စေတီများသည် သာသနာနှစ်(၂၅၀၀) ကျော်လွန်သောအခါမှာ ထင်ရှားလာ၍ ပွင့်ပေါ်ထွန်းကာ လူအများ ပူဇော်လာ၍ ဟောင်းနွမ်းပြိုပျက်သော စေတီနေရာမှာ အသစ်အသစ်သော စေတီများပေါ်လာ၍ ပူဇော်ကြပေမည်ဟူ၍ ဗျာဒိတ်ပေးခဲ့သည့်စကားမှာ ယခုအခါ သာသနာ (၂၅၅၅)ခုနှစ်ရှိပြီမို့ ဗျာဒိတ်တော်နှင့် ကိုက်ညီနေပြီ ဖြစ်ပါသည်။

သုဝဏ္ဏဘုမ္မိတိုင်းဌာနီ၌ ဆံတော်ရှင်စေတီများမှာ နေရာအနှံ့အပြား ကိန်းဝပ်စံပျော်လျက်ရှိပါသည်။ ဗဟုသုတအနေနှင့် ဖွင့်ဖော်ရသော် ပေါင်းလောင်းတောင်တန်းပေါ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်မှာ ပေ(၃၆၁၈)ရှိပြီး၊ တိဿရသေ့ကြီးကို အမှူးပြု၍ တိဿသီဟဓမ္မရာဇာမင်းနှင့် ဘိုးတော်သိကြားမင်း တည်ထားပါသည်။

ဆံတော်ရှင်ဝေဠုရာ ကေလာသတောင် (၁၀၀၀ ပေ) ဒိုးခလွန်းတောင်ဟုလည်း ခေါ်သည်။ တိလရသေ့ကြီးနှင့် သထုံ၊ ကျိုက်ကုလားမြို့စား သပေါ်မင်းတို့က သက္ကရာဇ် (၁၁၇)ခုနှစ်တွင် တည်ထားခဲ့သည်။

ကျိုက်ဒေးယျုံဆံတော်ရှင်စေတီကို ဒိုးယွန်းတောင်ရသေ့ကြီးမှ တည်ပါသည်။ ဇင်းကျိုက်ဆံတော်ရှင်စေတီတော်ကို တိဿရသေ့ကြီး၏ညီတော် သီဟရသေ့မှ ဂဇ္ဇဂီရိတောင်(၃၀၂၂ ပေ)ပေါ်တွင် တည်ထားသည်။ ဖွဲကပင်ဆံတော်ရှင်စေတီကို 'သီဟရသေ့'ကပင် ဗန္ဓဝဂီရိတောင်(၃၀၂၂ ပေ)ပေါ်တွင် တည်ပါသည်။

ကုသိနာရုံ ဆံတော်ရှင်စေတီတော်ကို ကုသိနာရုံတော်ပေါ်မှ ရသေ့ကြီးက တည်ပါသည်။ ကျိုက်ထီးဆောင်းဆံတော်ရှင်ကို နတ်ဘီလူးညီနောင်ဖြစ်သော ဒေဝကုမ္ဘရနှင့် မဏိကုမ္ဘရ နတ်မင်းညီနောင်တို့မှ သာသနာသက္ကရာဇ် (၁၁၃)ခုနှစ်မှာ တည်ခဲ့ပါသည်။

မြသပိတ်ဆံတော်ရှင်စေတီသည် ကေလာသဆံတော်ရှင်တည်သော သထုံပြည့်ရှင် သပေါ်မင်းနှင့် တိုင်းသူပြည်သားများ တည်ခဲ့သည့် မူရင်းမြသပိတ်စေတီဖြစ်ပါသည်။ မြတ်စွာဘုရား ကေလာသတောင်မဟာသို့ ရဟန္တာငါးရာနှင့် ကြွလာစဉ် ဆွမ်းကွမ်းလိုရာ အသုံးအဆောင် အဖြာဖြာတို့ကို စိတ်ဝယ်ကြံဆ လိုတိုင်းတတိုင်း ရသည့် မနောမယ ကုဋ္ဌိတံ မြသား မြသပိတ်တော်နှင့် ခရီးဦးကြိုကန်တော့ပန်းဆင်ခဲ့ပါသည်။

ထိုပူဇော်မှုတွင် ဘုမ္မိရာဇာအမျိုးမျိုး၊ သိုက်နန်းရှင်များ၊ လူပုံ၊ လူဝင်စားများ ပါဝင်ကြလေသည်။ ထိုမြကိုးမြ အနွယ်ဝင်များ ပူဇော်မှုပြု၍ မြတ်စွာဘုရားရှင် မူရင်းဌာနေသို့ ပြန်ကြွအံ့ဆဲဆဲ ဘုမ္မိဒေဝီမယ်တော်မှ လျှောက်ထားတောင်းပန်သဖြင့် မဟာကရုဏာ ငုံညွှာထောက်ထား၍ မြသပိတ်တော်အား ကိုယ်စားပြု၍ ပူဇော်ကိုးကွယ်ရန် အမွေပေးထားတော်မူခဲ့သည်။ ဆံတော်ရှင်နှင့် မြသပိတ်တော် ဌာပနာပြု၍ ပူဇော်ခဲ့ကြသည်။

မဟာသက္ကရာဇ် (၂၃၅)ခုနှစ်တွင် သောဏမထေရ်၊ ဥတ္တရမထေရ်တို့ ပြန်လည်ပြုပြင်ခဲ့သည်။


မြသိန်းတန်ဆံတော်ရှင် (ခေါ်) ဇုက္ကာလိဆံတော်ရှင်သည် စာရေးသူကိုယ်

www.burmeseclassic.com


တိုင် အဓိဋ္ဌာန်စခန်းကြီးများ ဝင်ခဲ့ဖူး ည်။ ယခုလည်း စာပေမောင်နှမများကို ရစေ ခြင်းအလို့ငှာ ပို့ဆောင်ပူးမြှော်စေခဲ့ပါသည်။ ဇုက္ကလိကျေးရွာတွင် တည်ရှိခြင်းကြောင့် ဇုက္ကလိဆံတော်ရှင်ဟု ခေါ်တွင်သည်။

ဇုက္ကလိဆံတော်ရှင်စေတီသည် ဇုတ်သုတ်ကျေးရွာနှင့် သုံးမိုင်ခရီးကွာဝေးပါသည်။ ရှေးယခင်က ကျွန်းကြီးတစ်ကျွန်း၏ တောင်ထိပ်ပေါ်တွင် တည်ထားခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် ပင်လယ်ရေများ ခြောက်ခန်းသွားသဖြင့် လယ်ကွင်းသောင်ပြင်ကြီးအလယ်တွင် အလွန်မြင့်မားသော ကျောက်ဆောင်ကြီးပေါ်၌ တည်ထားသကဲ့သို့ ဖြစ်နေပါသည်။

စေတီတော်၏ ခြေရင်းတစ်ဝိုက်တွင် အလွန်မြင့်သော ကျောက်ဆောင်ကျောက်ကမ်းပါးများကို အံ့မခန်းတွေ့ရှိနိုင်ပါသည်။ ကျွန်မတို့ စာရေးဆရာ၊ ဆရာမများ စုပေါင်း၍ ဆန်ပလေ့ခေါ် သုံးဘီးဆိုင်ကယ် ကားငယ်နှင့် ခရီးနှင်လာရာ ကျယ်ပြန့်သော လယ်ကွင်းပြင်များ ဖြတ်ကျော်၍ ဇုက္ကလိချောင်းတံတားကို ဖြတ်ကျော်ကာ ဇုက္ကလိကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။



**ဇုက္ကလိဆံတော်ရှင်မှ ဝိဇ္ဇာသေ့တွင်း**



**ဇုက္ကလိဆံတော်ရှင်မှ**

ဟိုးတုန်းက ကုန်းတစ်တန်၊ ရေတစ်တန် ဇုတ်သုတ်ရွာမှ ဇုက္ကလိချောင်းကို ကျော်ဖြတ်ပြီးမှ ဇုက္ကလိဆံတော်ရှင်ဘုရားအား ဖူးမြော်ခွင့်ရခဲ့ပါသည်။ ကျေးရှုးရှင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ ကုသိုလ်ကောင်းမှုကြောင့် ဇုတ်သုတ်ရွာနှင့် ဇုက္ကလိရွာတို့အား ကားလမ်းဖောက်စေခြင်း၊ ဇုက္ကလိချောင်းကူးတံတားကြီးအား ပေ(၁၈၀)၊ အကျယ်(၁၄)ပေရှိသည့် ကွန်ကရစ်အုတ်မဏ္ဍိုင်ကြီးနှင့် (၂၇)ရက်အကြာ တည်ဆောက်ပေးခဲ့ပါသည်။ ချောင်း၊ မြောင်း တံတားငယ်(၂)ခုကိုလည်း ဆက်သွယ်ပေးထားသေးသည်။

မြန်မာပြည်တွင် ကုန်းတစ်ပိုင်း၊ ရေတစ်ပိုင်း ပင်လယ်ဝန်းရံလျက် ဆံတော်ရှင်ဘုရားသုံးဆူ စာရင်းဝင်တွင် ယခုမြသိန်းတန် (ခေါ်) ဇုက္ကလိဆံတော်ရှင်တစ်ဆူ အပါအဝင်ဖြစ်ပါသည်။ ကျိုက္ခမီရေလယ်ဆံတော်ရှင်၊ ပုသိမ်မော်တင်စွန်းဆံတော်ရှင်စေတီတော်များ ဖြစ်ပါသည်။

ယခု ...ဇုက္ကလိဆံတော်ရှင်မှာ ရဟန္တာအရှင် ပဒုမုတ္တရမထေရ် ပင့်ဆောင်လာတော်မူရာ မဏိမေခလာနတ်သမီးမှ ကူညီ၍ တည်ထားပေးခဲ့သည့် ဆကေသဓာတုဝင်စေတီမြတ် ဖြစ်ပါသည်။ သာသနာ (၂၅၀၀)ကျော်လာသောအခါမှာ ထင်ရှားပွင့်လင်းလာပါသည်။ စေတီတည်စက ကိုးဟောင်ပြည့်စေတီမျှသာ ဖြစ်ခဲ့သည်။ ထို့နောက် မွန်ဘုရင်တို့၏ခေတ်တွင် မူလစေတီကိုငုံ၍ အသစ်တည်ပြီး ကျိုက္ကလွတ်'စေတီဟု ခေါ်တွင်ခဲ့သည်။ ကာလကြာမြင့်လာသောအခါမှာ မောရပ်ဌာနီရှမ်းတို့ပြည်မှ ရောက်လာကြသော ရှမ်းစော်ဘွားမောင်နှမတို့က မိမိတို့နှင့်ပါလာသော မြစ



www.burmeseclassic.com

www.burmeseclassic.com



ဇုက္ကလိဆံတော်ရှင်၏ ပဋ္ဌာန်းဆက်များ

မြသား ရတနာများကို ဌာပနာ၍ ထိုဆံတော်ရှင်စေတီတော်ကို ထပ်မံပြုပြင်တည်ထားသဖြင့် ထိုအချိန်မှစ၍ 'မြသိန်းတန်' စေတီတော်ဟု ဘွဲ့တော်တည်ခဲ့ပါသည်။

ဝိဇ္ဇာလမ်းစဉ်ခရီး လျှောက်လှမ်းကြသူတိုင်း ဝိဇ္ဇာဓာတ်သက်၊ ဓာတ်ပန္နက်ပြည့်စုံရန် ကျိုက်ထီးဆောင်းဆံတော်ရှင်၏ ဝိဇ္ဇာသော့တွင်းဓာတ်နှင့် မြသိန်းတန်(ခေါ်) ဇုက္ကလိဆံတော်ရှင် ရင်ပြင်တော်ရှိ ဝိဇ္ဇာသော့နှင့် သာသနာ့အကြောင်းဆက်မှ ဝိဇ္ဇာဓာတ်သက် ပြည့်စုံနိုင်ပေမည်။

လွန်ခဲ့သော အနှစ်(၂၀)ဝန်းကျင်က စာရေးသူ အလုပ်စခန်းဝင်ခဲ့သော ဇုက္ကလိကျေးရွာရှိ မြသိန်းတန်ဆံတော်ရှင်စေတီသည် သာသနိကအဆောက်အဦများ၊ ဆိုင်ရာပဋ္ဌာန်းဆက်ရုပ်တုတော်များက ပွင့်ထွန်းတိုးတက်လို့နေပါသည်။ ဦးဆောင်သူ သာသနာ့ပြုဆရာတော်ကြီး၏ ပါရမီအဟုန်ကြောင့်ပေတည်းဟူ၍ သဒ္ဓါကြည်ညိုစိတ်ဖြင့် ဖူးမြော်ရင်း ဆံတော်ရှင်အနွယ်ဝင် ဝေနေယျအပေါင်းအား မေတ္တာပို့သ အမျှပေးဝေမိတော့သည်။

ကျွန်မ၏ စိတ်နှလုံးတွင် မြတ်စွာဘုရားရှင်ကိုယ်စား အမွေပေးသနားတော်မူခဲ့သည့် တောချုံဖုံးလွှမ်းခဲ့သော ဆံတော်ရှင်များ သာသနာတစ်ဝက် (၂၅၀၀)ကျော်မှ ပွင့်ပေါ်ထွန်း၍ ရာဇာတစ်ဆက် တည်လျက်ပေါ်လာပါပြီ။ ဘုရားမြတ်ရှင် သက်တော်ထင်ရှား ဗျာဒိတ်တော်စကားအရ သာသနာ(၅၀၀၀) တည်စဉ်မှာ ကျွတ်ထိုက်သူဝေနေယျအပေါင်း ကျွတ်တန်းလွတ်တန်း ဝင်ခွင့်ရချေပြီ ...။

လူမင်းရာဇာ၊ နတ်မင်းဒေဝါအပေါင်း ကြည်သာရွှင်ပျရှိကုန်၍ တိုင်းသားပြည်သူ ဗိုလ်လူအပေါင်း ကြည်ဖြူမှုတာ ရှိလေပြီ။ မင်းခရာဇာပေါင်းများစွာ ညီညာဖျဖျရှိ၍ တိုင်းကုန်နိုင်ငံ၊ ရွာမကျန် သေးရန်ကင်းလို့ အေးချမ်းစေတော့မည်ဟူသော ဆရာတော်ဘုရားကြီး၏ မြတ်ဆုမွန်ကို ကြားယောင်မူဖော်မိပါတော့သည်။

သုဝဏ္ဏဘုမ္မိဂါထာတော်

သုဝဏ္ဏ ဘူမိ ဂန္ဓာန၊
သောဏုတ္တရ မဟိဒ္ဓိကာ၊
ပိသာစေ နိဒ္ဒမိတွာန၊ ဗြဟ္မဇာလ
မဒေသယုံ။

**အနက်** ။ မဟိဒ္ဓိကာ၊ နဂါး ဂဠုန် ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ စသည်တရှိုး အမျိုးမျိုး သမုတ်၊ နာနာရုပ်သဏ္ဌာန်ကို ဖန်ဆင်းနိုင်တည်းခြင်းဟူသော ဣဒ္ဓိဝိဓအဘိဉာဏ်၊ ထိုထိုစသည့် တန်ခိုးအဘိဉာဏ်အမျိုးမျိုးတို့ကို နိုင်နိုင်နင်းနင်း ဝသီမြောက်ပြီး ဖြစ်တော်မူကြကုန်သော၊ သောဏုတ္တရာ၊ မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တပည့်သားသာဝကရဟန္တာရှင် သောဏမထေရ်၊ ဥတ္တရမထေရ်တို့သည် သုဝဏ္ဏဘုမ္မိ၊ ရွှေမြို့၊ ရွှေတောင်၊ ရွှေချောင်းနဒီ၊ ရွှေပင်လယ်နှင့် တောတောင်ထူထပ်၊ မပြတ်စိမ်းစို၊ ဝိဇ္ဇာမိုရ်ပျော်မွေ့၊ ရသေ့ဇော်ဂျီ၊ တပသီအပေါင်း၊ ခိုအောင်းရာအမှန်၊ ဝိဇ္ဇာဉာဏ်အဆင့်အတန်းကို၊ တကယ်လှမ်းခွတ်နိုင်သည့် ဘူမိနတ်သံ၊ မြေကြန်လက္ခဏာအမှန်တည်ရှိ၊ သုဝဏ္ဏဘုမ္မိတိုင်းဌာနသို့၊ ဂန္ဓာန အာကာဂဝဟာင်၊ ထက်ကောင်းကင်မှ၊ ရှာန်ယာဥ်စီးကာ ကြွလာကြ၍၊ ပိသာစေ–ဖမ်းစားကျော်ကျူး ရေဘီးတို့ကို၊ နိဒ္ဒမိတွာ–တန်ခိုးတော်ဖြင့် နှိမ်နင်းခြောက်လှန့်ပြီးကာ၊ ဗြဟ္မဇာလံ–သုတ္တန်ဒေသနာမြတ်မွှာဟု ဖွင့်ဖော်ပြ၍ အဇ္ဈဇာလံ၊ ဓမ္မဇာလံ၊ ဒိဋ္ဌိဇာလံ အနုတ္တရသင်္ဂါမ ဝိဇယ ငါးမည်ရသော မြတ်ဂါထာတော်ကို၊ အဒေသယုံ–အန္တရာယ်ဖယ်ရှား၊ မင်္ဂဉာဏ်ပွားစေဖို့ ဟောကြားတော်မူခဲ့ပေပြီ။ အဒေသယုံ၊ အန္တရာယ်ဖယ်ရှင်း သာသနာလင်းစေဖို့ ဖွင့်ဖော်ဟောကြားခြင်း ပြုတော်မူခဲ့လေသတည်း။

× × ×

စာဖတ်သူ ဓမ္မမိတ်ဆွေများ ရွတ်ပွားပူဇော်၍ ဉာဏ်ရှိသလို အသုံးပြုနိုင်ကြစေရန် စာရေးသူ အမြဲရွတ်ပွားပူဇော်သော 'သုဝဏ္ဏဘုမ္မိ'ဂါထာတော်ကို ကုသိုလ်ဒါနပြု ဖွင့်ဖော်အပ်ပါသည်။

မြနန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

# လိုအင်ဆန္ဒ ပြည့်ဝမှာ ကြီးသုံးကြီးဂါထာ

■ မင်္ဂလာဦးရွှေအိုး

လောကီလူသားမှန်သမျှ လိုအင်ဆန္ဒတွေ ရှိကြသူချည်းပင်။

သည့်အတွက်ကြောင့်လည်း လိုအင်ဆန္ဒများ ပြီးပြည့်ဝစေဖို့ရာအတွက် လမ်းကြောင်းအထွေထွေကို ရှာဖွေကြသည်။ ဤ၌ မှန်သောလမ်းကြောင်း ရှိသလို မမှန်ကန်သော လမ်းကြောင်းတွေလည်း ရှိနေကြသည်။ မည်သို့ဆိုစေ ကိုယ်စိုက်ပျိုး၍ ဖြစ်ထွန်းလာမည့် ကောက်နှံပင်တို့အား မိမိတို့ကိုယ်တိုင်ပင် ရိတ်သိမ်းကြရပါလိမ့်မည်။

သို့ဖြစ်၍ ကောင်းသောအကြံ၊ မှန်သောအတွေးတို့ ရှိရန် အရေးကြီးသကဲ့သို့ အကုသိုလ်ကင်းသည့် လုပ်ရပ်ဖြစ်ဖို့လည်း အရေးကြီးပါသည်။ မည်သည့်အရာမဆို ကိုယ်ပြုသောကံသည် ကိုယ့်ထံသို့ ပြန်လာရစမြဲဖြစ်သည်။ မိမိတို့ဗုဒ္ဓဘာသာဝင်များသည် ကံ–ကံ၏အကျိုးကို ယုံကြည်ကြသူများ ဖြစ်သည်။ သည့်အတွက် တရားနည်းလမ်းကျစွာ သမာအာဇီဝမျှစွာဖြင့် တိုးတက်ကြီးပွားရာ လမ်းကြောင်းကို ရှာဖွေဆောင်ရွက်ကြသည်။ လိုအင်ဆန္ဒပြည့်ဝဖို့ရာ ဖြည့်ဆည်းသင့်သည်တို့ကို တင်ပြလိုပါသည်။

ရတနာသုံးပါးကို ယုံကြည်သူများအတွက် အထူးပင် အကျိုးကျေးဇူးကြီးမားသည့် ဂါထာတော်များလည်း ဖြစ်ပါသည်။ ထုံနေအောင် ရွတ်ပွားသရဇ္ဈာယ်နိုင်သကဲ့သို့ တစ်ပုဒ်ချင်းကို ရွတ်ပွားလျက် အဓိဋ္ဌာန်ဝင်ပုတီးစိပ်ပါကလည်း ကံပွင့် ကံမြင့်လာမည့်အပြင် ကြီးပွားတိုးတက်နိုင်မည်ဖြစ်၍ စာရှုသူတို့အကျိုးငှာ ဖော်ပြလိုက်ပါသည်။

### (၁) သဗ္ဗသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓဂုဏော အနန္တော၊
ဓမ္မဂုဏော အနန္တော၊
သံဃဂုဏော အနန္တော၊
မာတာပီတုဂုဏော အနန္တော၊
အာစရိယဂုဏော အနန္တော၊
ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ၊
ဓမ္မော ဧမေ သရဏံ အညံနတ္ထိ၊
သံဃော မေ သရဏံ အညံနတ္ထိ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
သော ဥတ္တိ၊ သဗ္ဗ သတ္တန္တရာယော၊
သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဒုဗ္ဘိက္ခန္တရာယော၊
ဂစ္ဆအမုံမှိ ဩကာသ တိဋ္ဌာဟိ။

### (၂) သဗ္ဗဇယ ဂါထာတော်ကြီး

ဒီဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ
တေေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

### (၃) ဆုတောင်းတိုင်းရ အာသီသ ဂါထာတော်ကြီး (သဗ္ဗသုခဂါထာတော်ကြီး)

စီရံပါလေတု မံ ဗုဒ္ဓေါ
ဓမ္မော ရမတု မာနသေ
သံဃော ဒါတု သုခံသဗ္ဗေ
ဒေဝါ မာနေန္တု မံသဒါ။ ။

မင်္ဂလာဦးရွှေအိုး



www.burmeseclassic.com

www.burmeseclassic.com



# ဤဘဒ္ဒကမ္ဘာ ဘုရားငါးဆူပွင့်မည် ကြာနိမိတ်

ကျော်ဇောဟိန်း(နံ့သာ)

ဂေါတမဗုဒ္ဓ ပွင့်ထွန်းလာသည့်နောက်၌ "ကြာ"သည် မြင့်မြတ်စင်ကြယ်ခြင်းတို့နှင့် ယှဉ်တွဲ၍ ဖော်ပြမှုကို ခံရသောကြောင့် ဗုဒ္ဓဝါဒီတို့ အမြတ်နိုးဆုံးသော ပန်းဖြစ်လာလေသည်။ ရေ၌ပေါက်သော၊ ရေ၌ကြီးသော ဥပ္ပလာကြာသည်လည်းကောင်း၊ ပဒုမ္မာကြာသည်လည်းကောင်း၊ ပုဏ္ဍရိက်ကြာသည်လည်းကောင်း ရေမှအထက်သို့တက်၍ ရေဖြင့်မလိမ်းကျံဘဲ တည်သကဲ့သို့၊ ထို့အတူသာလျှင် လောက၌ဖြစ်သော၊ လောက၌ကြီးပွားသော ငါသည် လောကကို လွှမ်းမိုး၍ (သင်္ခါရလောက)နှင့် လိမ်းကျံကပ်ငြိခြင်းမရှိဘဲ နေ၏။

အထက်ပါ ဗုဒ္ဓ၏ ခိုင်းနှိုင်းတင်စားချက်စကားကို အမှီပြု၍ "ကြာ"သည် ကိလေသာစင်ကြယ်သူ (ဝါ) ကိလေသာစင်ကြယ်ခြင်း၏ သင်္ကေတဖြစ်လာခဲ့သည်။ ကြာတို့သည် ရွှံ့ညွှန်၌ အခြေခံသော်လည်း ရေထုကိုဖောက်ကာ လေပြင်တွင် ပွင့်ကြကုန်၏။ ဗုဒ္ဓသည်လည်း အဝိဇ္ဇာကိုဖောက်၍ ဝိဇ္ဇာဉာဏ်ဖြင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုတော်မူနိုင်သည်ဟူသော သဘောအနက်အဓိပ္ပာယ်ကို မှီ၍ မဂ်ဖိုလ်ဉာဏ်ပညာ၏ သင်္ကေတအဖြစ်ဖြင့်လည်း အမြတ်တနိုး အသုံးပြုလာခဲ့ကြသည်။

ကြာကို ကမ္ဘာဦးကတည်းကပေါ်ခဲ့သော ပန်းဖြစ်သည်ဟု ယုံကြည်ခဲ့ခြင်းများလည်း ရှိသည်။ အကြင်ကမ္ဘာ၌ ဘုရားဖြစ်အံ့၊ ကြာပွင့်သည်လည်းဖြစ်၏။ တစ်ဆူဖြစ်တော်မူလျှင် ကြာတစ်ပွင့်သက်နန်းတစ်စုံပါဟု ဆိုသည်။ "ငါးဆူရွှေကြာနိမိတ်လာ၍၊ ငါးဖြာပွင့်လျက်၊ တစ်ပင်နက်ဝယ်၊ ငါးဆက်ဆက်ဖူးငုံ ပေါ်လက်တုံက"ဟူသော ရှင်မဟာရဋ္ဌသာရ၏ အရေးအဖွဲ့အရ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိ



www.burmeseclassic.com

www.burmeseclassic.com

မေတ္တယျဟူသော ဘုရားငါးဆူပွင့်မည်။ ပုဗ္ဗနိမိတ်အနေဖြင့် ဤဘဒ္ဒကမ္ဘာ ဖြစ်တည်လာသောအခါ သင်္ကန်းပရိက္ခရာ အစုံအလင်နှင့်တကွနှင့် ကြာငါးပွင့်ပါလာသည်။

မြန်မာနိုင်ငံ "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့"၏ ရုံးဝင်းဆိပ်၌ ကြာပွင့်လေးပွင့်နှင့် ကြာငုံဖူးတစ်ခုကို တွေ့ရမည်ဖြစ်သည်။ ကြာလေးပွင့်သည် ဤဘဒ္ဒကမ္ဘာ၌ ပွင့်ခဲ့ပြီးဖြစ်သည့် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားတို့ကို ညွှန်းဆိုခြင်းဖြစ်၍၊ ကြာငုံဖူးမှာ နောင်ပွင့်မည့် အရိမေတ္တယျမြတ်စွာဘုရားကို ညွှန်းသောသင်္ကေတဖြစ်သည်။

သုတေသီများအလိုအရ အေဒီ ၁ ရာစုခန့်အထိ ဗုဒ္ဓကိုယ်စား ရုပ်တုရုပ်ပွားများ ထုလုပ်ရေးဆွဲခြင်းမရှိဟု ဆိုသည်။ ဗုဒ္ဓ၏ဖြစ်တော်စဉ်များကို ဖော်ပြရာ၌ ရုပ်တုရုပ်ပွားများကို အသုံးမပြုဘဲ သင်္ကေတများဖြင့်သာ ဖော်ပြတတ်ကြသည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၅၀ ခန့်က သီရိဓမ္မာသောကမင်းကြီး (ဘီစီ-၂၇၂-၂၃၂) လှူဒါန်းခဲ့သည့် ထူပါရုံစေတီများ၊ ကျောက်တိုင်များရှိ အနုပညာလက်ရာများ၌ ဗုဒ္ဓ၏ ရုပ်တုရုပ်ပွားများကို မတွေ့ရချေ။ အမရဝတီအရပ်တွင် တွေ့ရသော အေဒီ ၁ ရာစုဝန်းကျင်ကဟု ယူဆရသည့် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ အမရဝတီအနုပညာလက်ရာအချို့၌လည်း ဗုဒ္ဓ၏ ရုပ်တုရုပ်ပွားတော်များကို မတွေ့ရချေ။

ဗုဒ္ဓ၏ဖြစ်စဉ်တော်များကို သင်္ကေတများဖြင့် ဖော်ပြသော လက်ရာများအနက် အသောကကျောက်တိုင်များသည် အထူးပင် ထင်ရှားသည်။ ဆာနာရည်(မိဂဒါဝုန်)ရှိ အသောကကျောက်တိုင်ထိပ်ဖျား၌ ဖွဲ့စည်းနေသော သင်္ကေတများကို ကြည့်ပါက အထက်ဆုံးတွင် ခြင်္သေ့ရုပ် လေးရုပ်ကို တွေ့ရမည် ဖြစ်သည်။ ထိုခြင်္သေ့ရုပ်များနှင့် ကြာမှောက်ကြားတွင် ဓမ္မစကြာပုံ လေးခု၊ ထိုဓမ္မစကြာတို့အကြားတွင် ဆင်ရုပ်တစ်ခု၊ မြင်းရုပ်တစ်ခု၊ ခြင်္သေ့ရုပ်တစ်ခု၊ နွားရုပ်တစ်ခု ပါသည်ကို တွေ့ရမည်ဖြစ်သည်။

ဆင်ရုပ်သည် ဘုရားအလောင်းတော် ပဋိသန္ဓေနေခြင်းကို ရည်ညွှန်းထားသော သင်္ကေတဖြစ်သည်။ မယ်တော်မာယာအိပ်စက်နေစဉ်က ဆင်ဖြူတော်တစ်စီး မယ်တော်မာယာ၏ လက်ယာနံထောင့်မှ ဝင်သည်ဟု အိပ်မက်မြင်မက်သည်ကို အကြောင်းပြု၍ ဆင်ရုပ်ကိုထုလုပ်၍ သင်္ကေတပြုခြင်းဖြစ်သည်။ မြင်းရုပ်သည် ဖွားဘက်တော်ကဏ္ဍကမြင်းကို စီး၍ တောထွက်ခြင်းကို ညွှန်းဆိုသော သင်္ကေတဖြစ်၏။

ခြင်္သေ့ရုပ်မှာမူ ဗောဓိပင်၌ ဘုရားအဖြစ်ကို ရတော်မူခြင်းကို ရည်ညွှန်းသော သင်္ကေတဖြစ်၏။ ခြင်္သေ့ရုပ်သည် ကျောက်တိုင်ထိပ်ဖျားက ခြင်္သေ့ရုပ်များနှင့် သဘောချင်းတူသည်ဟုလည်း ယူဆနိုင်သည်။ ကျောက်တိုင်ထိပ်ဖျားက ခြင်္သေ့ရုပ်လေးရုပ်သည် ကိလေသာဘေးရန်ဟူသမျှကို အောင်နိုင်တော်မူ၍ ပရိသတ်လေးပါး၌ ရဲရင့်တည်ကြည်စွာ ဝင်ရောက်နိုင်ခြင်းဟူသော ဗုဒ္ဓ၏ ဂုဏ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ဖော်ပြခြင်းများလည်း ရှိသည်။

စကြာပုံများမှာမူ မိဂဒါဝုန်တော်၌ ပဉ္စဝဂ္ဂီတို့အား တရားဟောခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။ နွားရုပ်သည် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံယူခြင်းကို ညွှန်းဆိုသော သင်္ကေတဖြစ်သည်။ ဗုဒ္ဓသည် ကဆုန်လပြည့်နေ့၌ ပရိနိဗ္ဗာန်စံတော်မူသည်။ ကဆုန်လကို ပြိဿရာသီဟုခေါ်၍ ပြိဿဟူသည်မှာ နွားလားဥသဘဟု ဆိုလိုသည်။ သို့ဖြစ်၍ ဗုဒ္ဓပရိနိဗ္ဗာန်စံခြင်း၏ သင်္ကေတအဖြစ် နွားရုပ်ဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။

## ဤဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူပွင့်မည့်နိမိတ်

ကြာပလ္လင်ပေါ် ထိုင်လျက်ပုံဖြစ်စေ၊ ကြာပွင့်ပေါ် ရပ်လျက်ပုံဖြစ်စေ၊ ကြာတို့ဝန်းရံလျက်ရှိသောပုံဖြစ်စေ ထုလုပ်တတ်ကြသည်။ ဤသို့ ဗုဒ္ဓ၏ ဆင်းတုရုပ်တုများ၌ ကြာပါနေခြင်းသည် ဤဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူပွင့်မည့် နိမိတ်အဖြစ် ကမ္ဘာတည်စအခါကစ၍ ကြာငါးပွင့်ပါလာသည်ဟူသော အစဉ်အလာစကားကြောင့်လည်း ဖြစ်နိုင်သည်။ ကြာသည် ရေကိုတန်ဆာဆင်၍ တင့်တယ်စေသကဲ့သို့ မြတ်စွာဘုရားရှင်သည် လောကသုံးပါးကို တန်ဆာဆင်၍ တင့်တယ်စေသည်ဟူသော အနက်အဓိပ္ပာယ်ကိုယူ၍ ထည့်သွင်းထုလုပ်ကြခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ အထက်ပါ ဖော်ပြခဲ့သည့်အတိုင်း ကိလေသာတို့ဖြင့်မရောယှက်ခြင်း စသည့် အနက်အဓိပ္ပာယ်တို့ကို ရည်ညွှန်းလို၍ ကြာကို ဆင်းတုရုပ်တုများ၌ ထည့်သွင်းထုလုပ်



www.burmeseclassic.com


www.burmeseclassic.com

ခြင်းလည်း ဖြစ်နိုင်လေသည်။ ထိုအပြင် ကြာသည် ဂေါတမဗုဒ္ဓနှင့် သူ၏သာဝက ဖြစ်လာမည့်သူများ၏ ဘဝဖြစ်စဉ်အများ အပြား၌ ပါဝင်ပတ်သက်ခဲ့ဖူး၏။

ဗုဒ္ဓ၏ ဘဝဖြစ်စဉ်(ဗုဒ္ဓဝင်)၌ လာသည့် အောက်ပါအဖြစ်အပျက်တွင် ကြာကို မြတ်နိုးဖွယ်ရာ တွေ့နိုင်သည်။ သုမေဓာရှင်ရသေ့ ဘုရားဖြစ်ရန် စိတ်တော်ကြံစည်နေခိုက် သုမိတ္တာအမည်ရှိသော ပုဏ္ဏေးမ(ပုဏ္ဏားပျိုမလေး)သည် ဒီပင်္ကရာမြတ်စွာဘုရားထံ၌ စည်းဝေးကြသော လူထုအစည်းအဝေးကြီးသို့ ကပ်ရောက်လာ၏။ ထိုသုမိတ္တာ၏ လက်၌ မြတ်စွာဘုရားကို ပူဇော်ရန် ကြာရှစ်လက်တို့ကို ယူဆောင်၍လာရာ・・・ ပရိသတ်အလယ်သို့ရောက်၍ သုမေဓာရှင်ရသေ့အပေါ်၌ မေတ္တာစိတ်များစွာပင် ဝင်လာသဖြင့် လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းချင်လှသော်လည်း ကြာရှစ်လက်မှတစ်ပါး အခြားလှူဖွယ်မပါရကား "အရှင်ရသေ့၊ မြတ်စွာဘုရားအား အရှင်ရသေ့အလိုရှိသလို လှူဒါန်းရန် ငါးလက်သော ကြာတို့ကို အရှင့်အားပေးအပ်ပါ၏။ ကျန်သော ကြာသုံးလက်ကိုမူကား အကျွန်ုပ်လှူဒါန်းရန်အတွက် ဖြစ်ပါစေ"ဟု ပြောဆိုလှူဒါန်းလျှင် "အရှင်ရသေ့သည် ဘုရားဖြစ်ဖို့ရန် ဖြည့်ကျင့်နေသမျှ အတောအတွင်း အကျွန်ုပ်သည် အရှင်နှင့်တကွ ညီမျှသောသူတို့ဖြစ်ကြပါစေကုန်သတည်း"ဟု ဆုပန်ခဲ့လေသည်။

သုမေဓာရှင်ရသေ့သည်လည်း သုမိတ္တာပုဏ္ဏားပျိုမပေးအပ်သော ကြာငါးလက်တို့ကို ခံယူ၍ မျက်မှောက်တွင်ရှု ကြွလာတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားကို ပရိသတ်အလယ်၌ "သမ္မာသမ္ဗောဓိ"ဆုပန်ကြည်ဖြူ ပူဇော်လေသည်။ အထက်ပါ အဖြစ်အပျက်ကို ထောက်၍ မြတ်သောဆုကို ပန်ဆင်ကြခြင်း၌ "ကြာ"သည် အလောင်းတော်နှင့် သူ၏ ပါရမီဖြည့်ဘက်လက်ဝယ် တင့်တင့်တယ်တယ် ရှိနေခဲ့ဖူးသည်။

ကြာရှစ်လက်၊ ကြာရှစ်ခိုင်ကို အမှီပြု၍ နံပါတ်(၈)သည် ဗုဒ္ဓသာသနာ၌ အရေးကြီးသော ဂဏန်းလည်း ဖြစ်လာ



ဒီပင်္ကရာမြတ်စွာဘုရားအား သုမေဓာရှင်ရသေ့နှင့် သုမိတ္တာပုဏ္ဏားပျိုမလေးတို့ ကြာပန်းများလှူဒါန်းနေပုံ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ မဂ္ဂင်ရှစ်ပါး အရိယာပုဂ္ဂိုလ်ရှစ်ယောက်၊ အံ့ဖွယ်ရှစ်ဖြာသာသနာအစရှိသည့် ဗုဒ္ဓဝါဒရှိ အရေးကြီးသော အချက်များကို ဖော်ပြနေသော ဂဏန်းအမှတ်အသားသည် (၈)ဂဏန်းဖြစ်သည်။ ကြာတောသို့ဝင်သော ငါသည် ပဒုမ္မာကြာတို့ကို ချိုးစဉ် ထိုကြာတော၌ ၃၂ ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာရှိသော ဖုသ္သမြတ်ဘုရားကို ဖူးမြင်ရ၏။

ငါသည် ပဒုမ္မာကြာပန်းကို ယူ၍ ကောင်းကင်၌ မြှောက်ချီပူဇော် လှူဒါန်းခဲ့၏။ မကောင်းမှုကို အောက်မေ့၍ အိပ်၏ စီးပွားမဲ့ဖြစ်သော သာသနာ့ဘောင်၌ ရှင်အဖြစ်သို့ ရောက်ခဲ့၏။ ရဟန်းပြုပြီးသော် စောင့်စည်းအပ်ပြီးသော ကိုယ်နှုတ်ဖြင့် ဝစီဒုစရိုက်ကို စွန့်လျက် အာဇီဝပါရိသုဒ္ဓိသီလကို စင်ကြယ်စေခဲ့၏။

ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကြာပန်းတင်လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးချေ။ ဤသို့ ဖြစ်ရခြင်းသည် ဘုရားကို ပူဇော်ရခြင်းအကျိုးပေတည်း။ တစ်ဆယ့်ရှစ်ကမ္ဘာတို့၌ ပဒုမာဘာသ မည်ကုန်သော စကြဝတေးမင်းသည် တစ်ဆယ့်ရှစ်ကြိမ်တိုင်တိုင်လည်းကောင်း၊ လေးဆယ့်ရှစ်ကြိမ်တိုင်တိုင်လည်းကောင်း ဖြစ်ခဲ့ဖူး၏။

"လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း၊ ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း၊ ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ" အရှင်ပဒုမပုပ္ဖိယထေသည်ထေရ်သည် အထက်ပါဂါထာတို့ကို မိန့်ဆိုတော်မူ၏။ ဤသို့မိန့်ဆိုသော စကားတို့ကိုထောက်၍ ကြာသည် ဗုဒ္ဓ၏သာဝကများဖြစ်လာသည့်သူများ၏ နစဉ်ဘဝ အလှူဒါနတို့တွင်လည်းကောင်း အရေးပါသည့် လှူဒါန်းဖွယ်ပစ္စည်း ဖြစ်ခဲ့ဖူးသည်။

"ရွှေငုံယုဉ်ဘက်၊ စုံနှစ်ဖက်နှင့်၊ ထိပ်ထက်စုပေါင်း၊ ပြည့်ဆုတောင်းသည်၊ ဆယ်ချောင်းရှိကြာလက်လှည့်သော်"ဟု ဆုပန်ဆင်ခြင်းတို့၌ ကြာသည် ဆုပန်ဆင်သူတို့ ဦးထိပ်ထက်တွင် အမွှန်အမြတ် ရောက်၍နေတတ်သော ပန်းဖြစ်၍နေပေလိမ့်မည်။ ဗုဒ္ဓသာသနာ၌ ထင်ရှားလှသော ဥပ္ပလဝဏ်ထေရီသည် တစ်ခုသောဘဝ၌ ပြုခဲ့သော အလှူ၌ ကြာပါနေသောကြောင့် ထူးဆန်းသည့် အကျိုးပေးတို့နှင့် ကြုံခဲ့ဖူးသည်။ ဤသည်ကို ဥပ္ပလဝဏ်ထေရီက အောက်ပါကဲ့သို့ ပြန်၍ပြောပြခဲ့သည်။

ထိုအခါ၌ ပစ္စေကဗုဒ္ဓါအရှင်ကို မြင်၍ ကြာပဒုမ္မာနှင့် ငါးရာသောပေါက်ပေါက်တို့ကို ငါသည်လှူ၍ ငါးရာသော ယောက်ျားတို့ကို ငါသည် ဆုတောင်းဖူး၏။ ထိုသားငါးရာဆုတောင်းသော ကိုယ်အဖြစ်မှ စုတေခဲ့သော ငါသည် တော၌ ကြာပဒုမ္မာအငုံ၌ ဖြစ်လေ၏။ ငါသည် ကာသိမင်းမြတ်၏ မိဖုရားမြတ်ဖြစ်၍ ငါးရာသော သားတို့ကို ငါဖွား၏။ ထိုငါ့သားတို့သည် ကြီးပြင်းသောအရွယ်သို့ ရောက်ကုန်၏။ ထိုအခါ ရေကစားခြင်းကို ကစားကုန်လျက် ပွင့်ချပ်ဝတ်ဆံကြွေကုန်သော ပဒုမ္မာကြာပွင့်တို့ကို ကမ္မဋ္ဌာန်းအာရုံရှု၍ ပစ္စေကဗုဒ္ဓဘုရားတို့ ဖြစ်ကုန်၏။

မြန်မာတို့ ဆည်းကပ်ပူဇော်ကိုးကွယ်လျက်ရှိသော ဘုရားစေတီတို့တွင် ဖောင်းရစ်အထက်၌ ကြာမှောက်ကြာလှန်ထည့်ကြသည်မှာ အထင်အရှားဖြစ်လေသည်။ အခြားနိုင်ငံများရှိ စေတီများတွင် မြန်မာတို့ကဲ့သို့ ကြာမှောက်ကြာလှန်ထည့်သည်ကို ယနေ့အထိ မတွေ့မိသေးချေ။ မြန်မာ့စေတီများ၌သာ တွေ့ရလေသည်။ ထို့ကြောင့် မြန်မာ့စေတီအဆောက်အအုံ၌ ကြာမှောက်ကြာလှန် ထည့်လာခြင်းသည် မြန်မာတို့၏ ကြည်ညိုလိုသောဆန္ဒ မြန်မာတို့၏ နှစ်သက်လိုသောဆန္ဒတို့မှ အလိုအလျောက် ပေါက်ဖွားလာသည်ဟု ယူဆဖွယ် ဖြစ်လေသည်။

စေတီဆိုင်ရာ မြန်မာ့ဗိသုကာအယူအဆ၌ ထူးခြားသည်ဟုလည်း ယူဆဖွယ်ဖြစ်လေသည်၊ မြန်မာပြည် စေတီဖွဲ့စည်းပုံတွင် ကြာသည် မပါလျှင် မပြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့သည်ကို အောက်ပါအရေးအဖွဲ့များကို ထောက်၍ သိသာနိုင်သည်။ ကြာဘီလူးဆွဲ၊ ထူးကဲရင်စည်း၊ နည်းအစိတ်စိတ်၊ သပိတ်သစ်သစ်၊ ဖောင်းရစ်တန်တန်၊ ကြာလန်ချရားသီး၊ ရွှေထီးလူလူ၊ ကြေညာလုပ်လုပ်၊ ပတ်ကုံးစပ်၍၊ ကြပ်ကြပ်လည်းကောင်း၊ ကြာပတ်ခေါင်းနှင့်၊ မောင်းမောင်းညီးညီး၊ ချရားသီးထက် ဟူ၍လည်းကောင်း သိမှတ်ရပါသည်။

သက္ကရာဇ် ၈၁၃ ခုနှစ်တွင် ဗညား



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းတော မင်းကြီးသည် ရွှေတိဂုံစေတီတော် ပစ္စယာငါးဆင့်က ခေါင်းလောင်း၊ သပိတ်၊ ဖောင်းမ၊ ဖောင်းလုံး၊ ကြာနှုကြာပျံ၊ ငှက်ပျောဖူးတိုင်အောင် လုပ်ဆောင်တော်မူ၍ ရွှေထီးတင်လှူတော်မူသည်။ ကြာသည် မြန်မာတို့ ကိုးကွယ်ရာစေတီ၌ အမြတ်နိုးခံ၊ အပူဇော်ခံနေရာ၌ပင် ရောက်ရှိနေသော ပန်းဟု ဆိုနိုင်ပေလိမ့်မည်။ ထိုမျှမကသေး။

မြန်မာတို့၏ မင်းမှုရေးရာတို့၌လည်း ကြာသည် အရေးပါသော သင်္ကေတဖြစ်ခဲ့ဟန်ရှိသည်။ ရန်တို့ကို အောင်နိုင်ခြင်း၊ အထွတ်အထိပ်သို့ ရောက်ခြင်း၏ နိမိတ်အဖြစ် ယူဆခဲ့ဟန်ရှိသည်။ မှန်နန်းသာ ရာဇဝင်အရေးတော်ပုံကျမ်းတွင် ဗညားနွဲ့သည် ဒဂုန်၌နားနေစဉ် လူတစ်ယောက်က ၎င်းအား ကြာပန်းတစ်စည်းဖြင့် လာရောက်ဆက်သ၏။ ထိုအခါ ပညာရှိ မင်းကံစီသည် လွန်စွာဝမ်းသာသဖြင့် လက်သီးလက်မောင်းတန်းသည်။ "အဘယ်ကြောင့် အစ်ကို လက်သီးလက်မောင်းတန်းသနည်း"ဟု ဗညားနွဲ့က မေးသည်။ "ကြာပန်းဟူသည် တနင်္လာနံ၊ ဗဂိုးလည်း တနင်္လာနံ၊ ဟံသာဝတီကို အရှင်မင်းသား လွယ်ကာသာရမည့် နိမိတ်ဖြစ်သည်။ ထို့ပြင် ကြာပန်းဟူသည် ဘုရားလောင်း ဗောဓိသတ္တတို့၏ အရိပ်နိမိတ်လည်းဖြစ်သည်"

"ဘုရားလောင်းသည် ပါရမီနစဉ် အခါက သုံ့ဂမိတ်မင်း(သုမ္မမိတ္တ) ဘဝ၌ လွန်စွာဆင်းရဲခြင်းကို ခံရသည်။ နောင်ပါရမီရင့်သန်လတ်သော် သုံးဆယ့်တစ်ဘုံသားတို့၏ အထွတ်အထိပ်ဘုရားရှင်ဖြစ်ရသည်မဟုတ်လော။ ယခု ကြာပန်းရသည့် နိမိတ်သည် မကြာမီအတွင်း ဟံသာဝတီရွှေနန်းထက်၌ သုခစည်းစိမ်ကို အရှင်မင်းသား ခံစားရတော့မည်။ ဤသည်ကိုမြင်၍ ကျွန်ုပ်ဝမ်းသာလွန်းသဖြင့် လက်သီးလက်မောင်းတန်းမိခြင်း ဖြစ်ပေသည်"ဟု မင်းကံစီကဖြေလေ၏။

ထို့ပြင် ကြာ၏အထိမ်းအမှတ်နှင့် စပ်လျဉ်း၍ ထူးခြားသော အချက်မှာ မင်းနှင့်စပ်သောကိစ္စအတွက် မြန်မာပညာရှိများက အဓိပ္ပာယ်သစ် ထပ်ထည့်လာခြင်း ဖြစ်လေသည်။ ထိုအဓိပ္ပာယ်သစ်သည် အခြားမဟုတ်။ ကျေးဇူးသိတတ်ခြင်း၊ ဘောအန္တရာယ်ကင်းခြင်းနှင့် ပတ်သက်သော အထိမ်းအမှတ်(သင်္ကေတ)များ ဖြစ်သည်။ ထိုအထိမ်းအမှတ်များဖြင့် မင်းတို့၏ ပလ္လင်များ၌ ကြာရိုး၊ ကြာရွက်၊ ကြာပွင့်၊ ကြာချပ်တို့ကို ထုလုပ်သုံးဆောင်ခြင်း ပြုခဲ့ကြသည်။

## ကြာဥပမာ ပုဂ္ဂိုလ်လေးမျိုး

မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ကြည့်ရှုတော်မူသောအခါ …

(၁) ရေမှပေါ်တက်၍ နေထွက်လျှင်ထွက်ချင်း ယနေ့ပင်ပွင့်မည့် ကြာပန်းများကဲ့သို့ အကျဉ်းမာတိကာ ဥဒ္ဒေသမျှ ဟောလိုက်လျှင်ပင် သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်ကြမည့် ဥဂ္ဃဋိတညူပုဂ္ဂိုလ်။

(၂) ရေမျက်နှာပြင်နှင့်အညီတည်နေကာ နက်ဖြန်ပွင့်မည့် ကြာပန်းကဲ့သို့ အကျဉ်းမာတိကာ ဥဒ္ဒေသကို ကြားနာရရုံဖြင့် ကျွတ်တမ်းမဝင်သေးဘဲ ထိုမာတိကာ ဥဒ္ဒေသကို အကျယ်ဝိတ္ထာရနိဒ္ဒေသ ပဒဘာဇနီ ခွဲထွင်၍ ဟော၊ သစ္စာလေးပါးတရားကို သိမြင်ကျွတ်တမ်းဝင်ကြမည့် ဝိပဉ္စိတညူပုဂ္ဂိုလ်။

(၃) ရေတွင်း၌ နစ်မြုပ်ကာ ဖွံ့ဖြိုးကြီးပွားလျက် တတိယ(သန်ဘက်ခါ)မှ ပွင့်မည့်ကြာများကဲ့သို့ တရားတော်ကို အကျယ်နာရသော်လည်း ထိုတစ်ထိုင်တည်း၌ ကျွတ်တမ်းမဝင်သေးဘဲ ကလျာဏ မိတ်ဆွေတို့ကို မှီဝဲကာ ထိုတရားကို အဖန်ဖန်ပွားများ လေ့လာနှလုံးသွင်း၍ နောက်ရက်၊ နောက်လ၊ နောက်နှစ်တို့သို့ ရောက်မှ သစ္စာလေး[illegible] တရားကို သိမြင်ကျွတ်တမ်းဝင်ကြမည့် နေယျပုဂ္ဂိုလ်။

(၄) ရေမှ အထက်သို့ တက်လည်း မတက်၊ ပွင့်လည်း မပွင့်တော့ဘဲ ရေထဲမှာပင် ငါး၊ လိပ်စာဖြစ်ရမည့် အနာအဆာ ကြာမျိုးကဲ့သို့ ယခုဘဝ တရားကို မည်မျှပင် နာယူလေ့လာပွားများသော်လည်း မဂ်ဖိုလ်မရဘဲ နောက်နောက်ဘဝတို့အတွက် တရားအထုံဝါသနာပါရုံမျှ အကျိုးရှိ၍ ကိလေသာတည်းဟူသော ငါး၊ လိပ်တို့၏ အစာဖြစ်ကာ ဘဝခုံရသော ပဒပရမပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်လေးမျိုးတို့ကို အစုလိုက်၊ အစုလိုက် မြင်တော်မူ၍ ဟောတော်မူလေသည်။

## မြတ်ဘုရားကြာသင်္ကန်းပူဇော်ရန် ကြာသင်္ကန်းရက်လုပ်နည်းများ

ကြာသင်္ကန်းများ ရက်လုပ်တော့မည်ဆိုပါက ကြာစောင့်နတ်အား [illegible]

www.burmeseclassic.com

ရခြင်း။ ကြာသက်န်းရက်လုပ်ရန် ကြာမျှင်သည် ပဒုမ္မာကြာအမျိုးအစား ဖြစ်ရပါမည်။ ကြာသက်န်းအတွက် ရိုးခူးဆွတ်တော့မည်ဆိုပါက အုန်းသီးလုံးဝ မပါရပါ။ ငှက်ပျောကိုးဖီးပါဝင်သော ပွဲကိုးပွဲပြင်ရမည်။ ပြီးလျှင် သပြေပန်း၊ ပေါက်ပေါက်၊ ဆန်ဖြူ လက်ဖက်၊ မုန့်ဖြူ၊ မုန့်နီ၊ ကြက်လျှာ၊ ဆီမီးများထည့်၍ ကြာပင်စောင့်နတ်အား ပူဇော်ရလေသည်။

ကြာမျှင်ရိုး ခူးဆွတ်ရန် အမျိုးသားဖြစ်ရပေမည်။ (အမျိုးသမီးခူးလျှင် ကြာပင်စောင့်နတ်က မနှစ်သက်သဖြင့် ကြာမျိုးတုံးသွားတတ်ပါသည်။) ပဒုမ္မာကြာပွင့်မှာ အဖြူနှင့် ပန်းရောင် ကြာပွင့်အမျိုးအစား ဖြစ်လေသည်။ (ဆယ့်နှစ်လရာသီလုံး ကြာခူး၍မရပါ။ ဝါဆိုလမှ နတ်တော်လအတွင်းမှာသာ ပဒုမ္မာကြာသက်န်း ထုတ်လုပ်နိုင်ပါသည်။

မိုးရာသီတွင် ကြာပင်များ ပို၍အများအပြား ပေါက်ရောက်သောကြောင့် ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ မိုးကောင်းလျှင် ကြာမျှင်ကောင်းပါသည်။ မိုးကုန်လျှင် ကြာကုန်ပါပြီ။ ပဒုမ္မာကြာအမျိုးအစားမှာ အပွင့်အလိုက်ကြည့်၍ ခူးရပါသည်။ ကြာခူးလျှင် လက်ကို ရေ့အောက်လက်တစ်ဆန့်ပြုကာ လက်ဆဖြင့် ခူးယူရပါသည်။

ကြာပင်ရိုးတွင် ဆူးများပါရှိသဖြင့် အုန်းဆံခွံဖြင့် ရေဆေးပွတ်ကာ ကြာစူးကို ဆေးပစ်ရပါသည်။

ကြာမျှင်ရိုးခူးပြီးလျှင် နှစ်လက်မမျှ ဓားဖြင့် အရာပေး၍ လက်နှစ်ဖက်ဖြင့် အလိုက်သင့် ဆွဲလိမ်ကာ သစ်သားခုံတန်းပေါ်မှာတင်၍ ဆွဲယူကာ ကြာချည်ပင်ကို ရေဆွတ်၍ ကြာချည်မျှင်ကို ပွတ်ဆွဲယူရပါသည်။

တစ်နေ့ကုန်ထုတ်ယူပါမှ ကြာချည်မျှင် ဘတ်ကျပ်သားခန့်သာ ရရှိနိုင်ပါသည်။ ၁ထမအဆင့် ပဒုမ္မာကြာချည်မျှင်ရလာပြီဆိုလျှင် နေပူလှန်းရပါသေးသည်။

ရရှိသော ချည်မျှင် ခိုင်ခံ့ရန် လွန်း(ရေကြံ့)ခေါ် ချားရဟတ်နှင့် ပြန်ကျစ်၍ ချည်မျှင်ပြုပြီးလျှင် ရေလျှော်ပြီးနောက် ထမင်းရည်နှင့် ကောစာကျွေးခြင်းကို တစ်နာရီမျှ နယ်၍ လျှော်ဖွပ်ကာ နေပူလှန်းရပါသည်။

ပဒုမ္မာကြာသက်န်း ရက်လုပ်တော့မည်ဆိုလျှင် ရက်ကန်းစင်အား ငှက်ပျောတစ်ပင်၊ ကြံတစ်ပင် ရာဇမတ်ကာ၊ တစ်ဖက်လျှင် တစ်ချပ်စီနှင့် ကြာသက်န်းရက်မည့်စင်ဘေးနှစ်ဖက်တွင် ကာရံရပါသည်။

ကြာသက်န်း ရက်လုပ်မည့်သူကိုယ်တိုင်လည်း အနည်းဆုံး ငါးပါးသီလ စောင့်ထိန်းရပါသည်။ ကြာသက်န်းရက်လုပ်ချိန်ကာလသည် တစ်လမျှကြာပါသည်။

ပဒုမ္မာကြာချည်၏ ထူးခြားချက်မှာ ပဒုမ္မာကြာပန်းရနံ့ မွှေးကြိုင်ပြီး ဆောင်းရာသီတွင် ဝတ်ဆင်သည့်အခါ နွေးထွေးမှုရှိပြီး နွေရာသီတွင် ဝတ်ဆင်သည့်အခါ အေးမြမှုရှိပါသည်။

ကြာသက်န်းရက်လုပ်ပြီးပါက ဝိနည်းတော်နှင့်အညီ ၃၉ တောင် ချုပ်လုပ်ကာ ဆေးဆိုးပြီးမှ လှူဒါန်းနိုင်ရန် အဆင်သင့်ဖြစ်ပါပြီ။

ကြာသက်န်းထုတ်လုပ်နိုင်သော အချိန်ကာလမှာ ဇွန်လမှ နိုဝင်ဘာလအတွင်းသာ ထုတ်လုပ်နိုင်ပါသဖြင့် လက်မှုပစ္စည်းဖြစ်၍ လိုချင်သည့်အချိန်တွင် ဝယ်ယူနိုင်ရန်၊ ရရန်ခက်ခဲလှပါသည်။ ကြိုတင်မှာယူမှသာ စိတ်ချနိုင်ပေသည်။

## ကြာသက်န်းလက်ရာရှင် အင်းလေးကန် ကျိုင့်ခမ့်အရှေ့ရွာ

လွန်ခဲ့သောနှစ်ပေါင်း ၉၀ ခန့်ကတည်းက ရှမ်းပြည်တောင်ပိုင်း အင်းလေးကန်ဒေသ၊ ကျိုင့်ခမ့်အရှေ့ရွာနေ လက်မှုပညာရှင် ဒေါ်စာဥ (ခေါ်) ဒေါ်ကြာဥမှ စတင်ရက်လုပ်ခဲ့ပါသည်။

ပဒုမ္မာကြာသက်န်းများကိုလည်း အင်းလေးဒေသတွင် ဒေသစာရီ ကြွချီတော်မူသော အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားများအား လှူဒါန်းခဲ့ကြောင်း သိရှိမှတ်သားရလေတော့သည်။

သဲစုမက ပွင့်ကြကုန်သော ဘုရားရှင်တို့အား ရွှေကြာငုံဖူး၊ လက်စုံပူးလျက်၊ နဖူးထိပ်တင်၊ ဦးချရှိခိုးကန်တော့ပါ၏။


**ကျော်ဇေယဟိန်း[နို့သာ]**

**ကိုးကား**

(၁) နန္ဒာသိန်းဇံ၏ ကြာ၊

(၂) ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလထုတ် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှ ဟန်သီဇင်၏ ပဒုမ္မာရွှေကြာ-မြတ်သင်္ကန်းဆောင်းပါး။

www.burmeseclassic.com



နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီလမ်းမကြီး လက်လုပ်တောင်တောရ

# ထူးထွေ ဆန်းကြယ် အံ့ဖွယ်ဘနန်း လွန်ထူးဆန်းသည့် မြန်မာ့နိုင်ငံရေး၊ မြန်မာ့ငြိမ်းချမ်းရေး၊ မြန်မာ့လွတ်မြောက်ရေးဘုရား ရှေးဟောင်းသမိုင်းဝင် ရွှေနန်းသွင်း စေတီတော်မြတ်ကြီး

ဟံသာဝတီ-ဦးအုန်းကြိုင်

(ယခင်လမှအဆက်)

**ထူးခြားဆန်းကြယ် အံ့မခန်းဖွယ်ဆောင် လက်လုပ်တောင်**

လက်လုပ်တောင်ဟူသည် တစ်ချိန်သောအခါက ထိုနေရာဌာန၌ ညချင်းပြီး တစ်ညတည်းနှင့် လူအများဆည်ဖို့လုပ်ဆောင်ထားသော တောင်ဖြစ်သည်။ ယခု လက်လုပ်တောင်၏ အရှေ့မြောက်ဖက် တစ်မိုင်ခွဲခန့်နေရာက မြေများကို တူးဖော်သယ်ဆောင်၍ ဆည်ဖို့ထားခြင်းဖြစ်သည်။ ထိုမြေတူးယူရာနေရာတွင် ကန်ကြီးဖြစ်ကျန်ခဲ့သည်။ နောင်ထိုနေရာ၌တည်သောရွာကို ကံလုရွာဟု ယခုတိုင်တွင်နေဆဲဖြစ်သည်။

လူတို့၏ လက်များဖြင့် မြေကိုကြုံးယူကာ ဆည်ဖို့ခဲ့သော လက်လုပ်တောင်ကား တောင်ငယ် တစ်လုံးဖြစ်သွားသည်။ ထိုမြေများ တူးယူရာနေရာမှ ကန်နှင့်လက်လုပ်တောင်တို့၏ အကြားတွင် တောင်သေးကလေး တစ်ခုရှိသည်။ ထိုတောင်သေးကလေးကို "လက်ဆက်တောင်" ဟူ၍လည်းကောင်း၊ "လက်ယိုတောင်"ဟူ၍လည်းကောင်း ယနေ့တိုင်ခေါ်ဆိုနေကြဆဲဖြစ်သည်။ မြေများကို တူးဖော်ကာ လက်နှစ်ဖက်စီဖြင့် ကြုံး၍ သယ်ဆောင်ကြရာ၌ ထိုလက်နှစ်ဖက်အကြားမှ သယ်ဆောင်လာသောမြေများ ဖိတ်စင်ယိုကျကာ တစ်စတစ်စဖြင့် တောင်ငယ်သေးသေးကလေး တစ်လုံးဖြစ်လာသဖြင့် "လက်ယိုတောင်" ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

ထိုမြေများ တူးယူရာနေရာတွင် ကန်ကြီးဖြစ်ပေါ်လာပြီး ထိုနေရာ၌တည်သော ကန်လုရွာတွင် အိမ်ခြေတစ်ရာကျော်ရှိသည်ကို ယနေ့တိုင် တွေ့မြင်နိုင်ကြပါသည်။

**တောင်နှင့်မတူသောတောင်**

လက်လုပ်တောင်သည် အခြားသောတောင် တို့နှင့်မတူဘဲ ကွင်းလယ်ခေါင်ခေါင်၊ လယ်ကွင်း လယ်ကွက်များအလယ်တွင် တစ်သီးတစ်ခြား ထီး ထီးကြီးတည်နေသော တောင်တစ်လုံးဖြစ်သည်။ တောင်ပတ်လည် ဝန်းကျင်တစ်ခိုကား မြေပြန့်ခွင်း



www.burmeseclassic.com

www.burmeseclassic.com

ပြင်များဖြစ်သည်။ ပုံဟန်ခြ ၅ဘန်မှာ အဆင့်သုံးဆင့် ဆင့်ထားသော မုန့်စိမ်းပေါင်းနှင့်တူသော တောင်ဖြစ်သည်။ တောင်၏ထိပ် ပထမနေရာတွင် ဘုရားတည်ရာဖြစ်၍ "ဘုရားကုန်း" ဟု မဟာဗောဓိမြိုင်ဆရာတော်ကြီး က ခေါ်ဆိုပါသည်။ ဒုတိယ ပစ္စယံနေရာတွင် သံဃာတော်များ သိတင်းသုံးရာ ကျောင်းဆောက်လုပ်ရာ နေရာဖြစ်၍ "သံဃာကုန်း"ဟု ခေါ်ဆိုပါသည်။ အောက်အခြေ တတိယအဆင့်နေရာတွင် ယောဂီများတည်းခိုနေနိုင်ကြရန် အဆောင်များရှိလေသည်။ ထို အောက်အခြေကုန်းမှာ ဘေးပတ်ဝန်းကျင် လယ်ကွင်းများထက် ၅ ပေ၊ ၁၀ ပေခန့် မြင့်ပါသည်။

ဘုန်းတော်ကြီးကျောင်းများ တည်ရှိရာ"သံဃာကုန်း"အား မြေပြင်ညီ လယ်ကွင်းများထက် ၁၂ ပေ၊ ၁၅ ပေခန့်မြင့်သည်။ "ဘုရားကုန်း" ကား ပေ ငါးဆယ်ကျော် ခြောက်ဆယ်ခန့် မြင့်လေသည်။ ထိုလက်လုပ်တောင်သည် အခြားသော ကုန်းများ၊ တောင်များနှင့် မရောမယှက် မဆက်စပ်ဘဲတစ်သီးတစ်ခြား ထီးထီးကြီးတည်ရှိနေပေသည်။

**လက်လုပ်တောင်၏ ရှေးသမိုင်း**

လွန်လေပြီးသော ရှေးကာလ ဘစ်ချိန်သော အခါက မဏိပူရ (ကသည်း၊)ပြည်ကို အစိုးရသော ဘုရင်ကြီး၏ တောင်ညာစံမိဖုရားတွင် သားတော်သုံးပါး ထွန်းကားခဲ့၏။ ထိုသားတော်များအသီးသီး၊ အရွယ်ရောက်လာကြသော အခါတွင် သားတော်ကြီးနှင့် သားတော်အလတ်တို့သည် ထီးနန်းစည်းစိမ်ကို စိတ်မဝင်စားကြသည့်အပြင် တောထွက်ကြကုန်၏။ ထိုညီနောင်နှစ်ပါးတို့သည် ဝိဇ္ဇာမဟိဒ္ဓိလမ်းသမထ စခန်းကိုသာ စိတ်ပါဝင်စားကြ၏။ ထိုသို့ ဝိဇ္ဇာမဟိဒ္ဓိလမ်းသို့ လိုက်၍ကျင့်ဆောင်နိုင်ရန် တောထွက်လာကြခြင်းဖြစ်သည်။

ထိုမင်းသားညီနောင်တို့ တောထွက်လာရာ စခန်းနေရာမှာ မြန်မာပြည်၏ဗဟိုချက် အချက်အခြာကျရာနေရာဖြစ်သော ရက်ဖောက်တောင်တန်း အစ၊ ယခုအခေါ် လွှမ်းတောင်နှင့် လက်လုပ်တောင်ဝန်းကျင် (ယခု ဥပ္ပါတသန္တိစေတီတော်ကြီး ဝန်းကျင်)ဒေသတစ်ခွင်ဖြစ်သည်။ ၎င်းနေရာဒေသသို့ ရောက်လာကြသော မဏိပူရ (ကသည်း)ပြည်မှ ထွက်ခွာလာစဉ်က ဖြစ်ပေါ်ခဲ့သော စိုးရိမ်သောကစိတ်များပျောက်ပြီး လွန်စွာအေးချမ်းသာယာ နေကြရလေ၏။ ထိုဒေသရှိတောင်တို့ကား မကြီးလွန်း မမြင့်လွန်းချေ။ လူနေအိမ်ခြေ ရွာများနှင့်လည်း မနီးလှပေ။ ဝန်းကျင်တစ်ခိုတွင် စိမ်းစိုလန်းဆန်းသည့် သစ်ပင်များ သစ်တောများ ဝန်းရံလျက် သာယာလှပနေပေသည်။ ထို့ကြောင့် ညီနောင်နှစ်ဖော်တို့သည် ထိုနေရာ၌ စခန်းချ နေထိုင်ကြရန် ဆုံးဖြတ်ကြလေသည်။

နောင်တော်ကြီးကား တောင်မြင့်ရာ "လွှမ်းတောင်" တွင် နေ၍ ညီတော်ကတောင်နိမ့်ရာ (ယခုလက်လုပ်တောင်) တွင် နေထိုင်ကြရန် သဘောတူ သတ်မှတ်ကာ နေထိုင်ကြလေသည်။ ၎င်းလွှမ်းတောင်နှင့် လက်လုပ်တောင်တို့မှာ ငါးဖာလုံသာ သာခန့်သာ ကွာဝေးသည်။ နောင်တော်ကြီးကား လွှမ်းတောင်ပေါ်၌ ဝိဇ္ဇာမဟိဒ္ဓိကျင့်စဉ်များကို တစိုက်မတ်မတ်ကြိုးပမ်းအားထုတ်လေရာ မကြာမီတွင်ပင် လိုရာစခန်းသို့ ပေါက်မြောက်သွားလေသည်။ ညီတော်မှာလည်း လက်လုပ်တောင်တွင် နောင်တော်အတိုင်း ကြိုးပမ်းအားထုတ်လေရာ ပေါက်မြောက်အောင်မြင်သွားလေသည်။

ညီဖြစ်သူက မိမိ၌ပါရှိသော နန်းစဉ်ရွှေငွေ ကျောက်သံပတ္တမြား စသည် အဖိုးတန်ရတနာ ပစ္စည်းများကို နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ မြတ်စွာဘုရားပွင့်တော်မူသည့် အခါ ရွှေကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းရန်အတွက် ရည်စူးပြီး အဓိဋ္ဌာန်ပြုကာ ဤလက်လုပ်တောင်အတွင်းတွင် ရွှေတိုက်၊ ငွေတိုက်၊ ကျောက်သံပတ္တမြားတိုက်၊ ပြဒါးတိုက် ဟူသော တိုက်ကြီးလေးတိုက်တည်၍ မြေတွင်း၌ သိုဝှက် မြှုပ်နှံထားလိုက်လေ၏။

ထို့နောက် ၎င်းရတနာတိုက်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ရွှေစင်ရွှေသား ရွှေတုံးတို့ဖြင့် နဂါးရုပ်ထုလုပ်၍ မျက်စိတွင်ပြဒါးရှင်လုံး နှစ်လုံးတပ်ဆင်ပြီး ဝိဇ္ဇာမယ သိဒ္ဓိ မဟိဒ္ဓိပညာ အစွမ်းဖြင့် စီရင်အသက်သွင်းကာ စောင့်ရှောက်နေစေလေ၏။

ဤနေရာ၌ စကားညှပ်၍ ကိုယ်တွေ့ဖြစ်စဉ် တစ်ရပ်ကို တင်ပြလိုပါသည်။ မော်ဘီဗောဓိရိပ်ငြိမ် တောရ ဗုဒ္ဓရိပ်သ



www.burmeseclassic.com

www.burmeseclassic.com

ဣန္ဒာစရိယဆရာတော်သည် ၁၃၅၇ ခုနှစ်က ဤလက်လုပ်တောင်တွင် ဝါဆို၍ တရားဓမ္မ ပွားများအားထုတ်ခဲ့၏။ ထိုနှစ် တော်သလင်းလကွယ်နေ့ညတွင် တောင်ပေါ်ဘုရားကုန်းသို့တက်၍ တရားဘာဝနာပွားများပြီး မေတ္တာပို့အမျှဝေပြီးနောက် ထိုတောင်မှ အစောင့်အကြပ် ပုဂ္ဂိုလ်များ·အားပြောခဲ့သည်ဟုဆို၏။

"ဤတောင်၌ အစောင့်မြွေကြီးရှိသည်ဟု ကျွန်ုပ်ကြားသိရပါသည်။ အကယ်၍ အစောင့်အရှောက်ပုဂ္ဂိုလ်များ အမှန်တကယ်ရှိသည်ဆိုပါက ကျွန်ုပ်ကိုပြသပါ။ မည်သည့်နည်းဖြင့်ပြပြ ကျွန်ုပ် ကြည့်မြင်လိုပါသည်"

ဗောဓိရိပ်ငြိမ်ဆရာတော်သည် ထိုညက တစ်ညလုံး လိုလို မကျိန်းဘဲ စောင့်မျှော်အကဲခတ်နေ သည်ဆို၏။ သို့သော် ထိုညတစ်ညလုံး ဘုရားရင်ပြင် ပေါ်နှင့်တကွ မိမိသီတင်းသုံးရာ ဗောဓိမဏ္ဍပ်ိုင် ကျောင်းပေါ်သို့လာရောက်မပြသပေ။ နံနက်မိုးလင်း ရောက်သောအခါတွင်မှ လက်လုပ်တောင်၏ ရာဟုထောင့်အရပ်တွင်ရှိသော ရေတွင်းအနီးလယ်ကွင်း စပါးတောထဲတွင် ဖြတ်သန်းသွားထားသော မြွေသွားရာ မြွေခြေရာကြီးကို အကျယ်သုံးပေခန့်အထိ ပြသထားသည်ကို လူအချို့နှင့်အတူ ဆရာတော် ကိုယ်တိုင်တွေ့မြင်ရလေ၏။ ထိုမနက်က ကျောင်းသို့လာကြသော ဒကာ၊ ဒကာမများလည်း ဝိုင်းအုံ ကြည့်ရှုကြ၏။ ဓာတ်ပုံများလည်း ရိုက်ထားလိုက်ကြ၏။

ထိုမှ အချိန်ကြာလာသောအခါ မထီပုရဘုရင်ကြီး နတ်ရွာစံလေ၏။ ထိုအခါ မြောက်နန်းစံ မိဖုရားမှ ဖွားသော သားတော်ခုနစ်ပါးအနက် အကြီးဆုံးသားတော်ဖြစ်သည့် အဘိဓမ္မရာဇာက ထီးနန်းအမွေဆက်ခံ၍ ဘုရင်ဖြစ်လာ၏။ ကျန်ညီတော် ခြောက်ယောက်တို့ကိုကား မြို့စားနယ်စားများပေး၍ အဝေးနယ်များသို့ စေလွှတ်လေ၏။ တောင်နန်းစံမိဖုရားကြီးမှ ဖွားမြင်သော သားတော်သုံးပါးအနက် နှစ်ပါးကား တောထွက်သွားကြပြီဖြစ်၍ ကျန်ခဲ့သော သားတော်အငယ်ဆုံးကို စစ်သူကြီးအရာထားပြီး အုပ်ချုပ်လေ၏။

ထိုအဘိဓမ္မရာဇာမင်းကြီးက ခွဲဝေပြီး အုပ်ချုပ်သောမြို့တို့မှာ ထိုစဉ်အခါက မထီပုရမြို့၊ အာသံမြို့၊ ကသည်းမြို့၊ စစ်ကိုင်းမြို့၊ ပင်းယမြို့၊ အင်းဝမြို့၊ စသည်တို့ဖြစ်သည်ဟု ဆို၏။ မင်းကြီးကား မထီပုရမြို့တွင် နန်းဆိုက်လေ၏။

ထိုအဘိဓမ္မရာဇာမင်းကြီး၏ မိဖုရားကြီးကား ကေတုမတီဒေဝီမည်၏။ မင်းကြီးငယ်စဉ် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာထံ ပညာသင်စဉ်က ဆရာကြီးက သမီးကိုအပ်နှင်းလိုက်ခြင်းဖြစ်၏။ ထို မိဖုရားကြီးသည် သမီးတော် "ကလျာဏမိတ္တ"၊ သားတော် "ဝေဿပတ္တ" တို့ကို ဖွားမြင်ပြီးသည့်နောက်သမီးတော်ချည်း လေးယောက် ထပ်မံဖွားမြင်၏။ ထိုကေတုမတီဒေဝီမိဖုရားကြီး၌ အားလုံးပေါင်း သားတော် သမီးတော် ခြောက်ယောက်ရှိလေ၏။ ယင်းမိဖုရားကြီး ကေတုမတီဒေဝီကား အာဏာရမက် ကြီးမားသူဖြစ်၏။ သားတော်ဝေဿပတ္တ အရွယ်ရောက်လာသောအခါ သားတော်ကို ထီးနန်းတင်လိုလာ၏။ သို့သော် ထီးနန်း ဩဇာအာဏာသည် စစ်သူကြီး၏ လက်ဝယ်တွင်သာရှိနေ၏။

ထို့ကြောင့် မိဖုရားကြီးသည် မှူးမတ်တို့ကို စည်းရုံးပြီးနောက် စစ်သူကြီးကို ဖယ်ရှားကာ သားတော်ဝေဿပတ္တမင်းသားအား ထီးနန်းအပ်စေရန် အဘိဓမ္မရာဇာမင်းကြီးမသိအောင် စီမံပြီး အမိန့်ချမှတ်လေသည်။ ထိုမိဖုရားကြီး၏အမိန့်ကို မှူးမတ်များက မလိုက်နာ အကောင်အထည်မဖော်ကြသည့်အပြင် စစ်သူကြီးထံသို့ အတွင်းစကား သတင်းပို့ ဆက်လိုက်ကြလေ၏။

စစ်သူကြီးသည် ထိုသတင်းစကားကို ကြားသိလိုက်ရသည်နှင့် တပြိုင်နက် ဒေါသအမျက်ထွက်ပြီး မိဖုရားကြီး၏ နန်းကိုဝိုင်းကာ မရီးတော် ကေတုမတီဒေဝီ မိဖုရားကို သုတ်သင် ပစ်လိုက်လေ၏။ ထို့ နောက်တွင် မြို့စား နယ်စား မင်းညီမင်းသား ဆွေတော်မျိုးတော်တို့ကိုပါ သိမ်းရှန်း၍ ကွပ်မျက်ကာ မင်းပြုလေတော့သည်။

ထိုအခါ အဘိဓမ္မရာဇာမင်းကြီးသည် သားတော် သမီးတော်များကိုပါ ခေါ်ဆောင်ပြီးနောက် အစ်ကိုကြီးနှစ်ပါးတို့ရှိရာ မြန်မာပြည်တွင်းသို့ ရှောင်တိမ်းထွက်ခွာလာလေ၏။ ထိုမှ လက်လုပ်တောင်ဒေသသို့ ဆိုက်ရောက်လာကြသောအခါ မင်းကြီးသည် အစ်ကိုကြီးရှိရာ လွမ်းတောင်တွင်လည်းမနေ၊ အစ်ကိုလတ်ရှိရာ လက်လုပ်တောင်တွင်လည်း မနေဘဲ

www.burmeseclassic.com

ယင်း၊လက်လုပ်တောင်၏ အနောက်တောင် ထောင့်ရှိ ကုန်းမြေကလေးရှိရာ တောထဲတွင် တဲအိမ်ကလေးထိုးကာ နေထိုင်ကြလေ၏။

ထို့နောက် မင်းကြီးသည် သားတော်ဧယျပတ္တမင်းသားကို စစ်ကိုင်းမြို့သို့ ပညာသင်ရန် စေလွှတ်လိုက်လေ၏။ မင်းကြီးလည်း သူဆင်းရဲ တောင်သူယာလုပ်အသွင်ဆောင်၍ သမီးတော် ငါး ယောက်တို့နှင့်အတူ နေထိုင်လုပ်ကိုင်စားသောက် နေလေ၏။ တစ်နေ့တွင် မင်းကြီးသည် နတ်ရွာစံကံတော်ကုန်လေ၏။ သမီးတော် ကလျာဏမိတ္တနှင့် ညီမတော်လေးယောက်တို့သာ ကျန်ရှိကြ၍ ထိုနေရာတွင်ပင် ဆက်လက်နေထိုင်ကာ မထင်မရှားလုပ် ကိုင်စားသောက် နေကြလေ၏။ ထိုညီအစ်မငါးယောက်တို့ကို ဘကြီးတော် ဝိဇ္ဇာညီနောင်နှစ်ပါးတို့က ကူညီစောင့်ရှောက်ကြလေ၏။

ထိုသို့ဖြင့် တစ်နေ့သောအခါတွင် ဝိဇ္ဇာညီနောင် ဘကြီးတော်နှစ်ဦးတို့သည် တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော် တစ်ရက်နေ့တို့၌ ပုပ္ပါးတောင်သို့ ဝိဇ္ဇာမိုရ်များ ဆေးဆုပ္ပဲ ဆေးကြိတ်ပွဲတွင် ပါဝင်ဆင်နွှဲကြရန် သွားကြရမည့်ကိစ္စ ပေါ်ပေါက်လာလေ၏။

ဝိဇ္ဇာညီနောင်နှစ်ပါးတို့က ၎င်းတို့စောင့်ရှောက် ထားသော တူမတော် ညီအစ်မငါးဖော်တို့ကို အစစအရာရာ အနေအထိုင် အစားအသောက်ကအစ သတိဝီရိယဖြင့် နေထိုင်ကြရန် မှာကြားလေ၏။ အကယ်၍ အကြောင်းကိစ္စတစ်စုံတစ်ခု ဖြစ်ပေါ် ကြုံတွေ့လာကြရပါက အရေးပေါ်သုံးရန် အင်းပုံချပ်များကိုလည်း ပေးအပ်လေ၏။

အရေးကိစ္စဖြစ်ပေါ်ကြုံတွေ့ပါက ၎င်းအင်းပုံ ချပ်များကို မြေပေါ်သို့ ကိုင်ပေါက်ချလိုက်ရန်၊ ထိုသို့ ကိုင်ပေါက်လိုက်၍ မီးဟုန်းဟုန်းတောက် ပေါက်ကွဲသည်နှင့် ဘကြီးတော်တို့ သိရှိကြမည်ဖြစ်ပြီး တူမတော်တို့ရှိရာသို့ ချက်ချင်းအမြန် ရောက်လာကြမည်ဟု ပြောဆိုမှာကြားပြီး အင်းပုံချပ်များကို ပေးအပ်၍ ပုပ္ပါးတောင်စခန်းသို့ ခရီးထွက်ခွာသွားကြလေတော့၏။

ကလျာဏမိတ္တအစရှိသော သမီးတော်ငါးဦး တို့မှာ နန်းတွင်းသူကလေးများ ဖြစ်ကြသည့်အလျောက် မည်သို့ပင် သူဆင်းရဲပုံဟန်ဆောင်ကြစေကာမူ ထီးသွေး နန်းသွေး နနယ်သိမ်မွေ့လှပ ကျော့ရှင်းကြလေ၏။ ဆံကေသာ ဘီးစပတ်ထုံးတွေနှင့် နတ်မိမယ်ကလေးများအလား မြင်သူတကာ ထင်မှတ်မှားလောက်အောင် ချောမောလှပကြလေ၏။ ၎င်းတို့ ပုန်းအောင်း ခိုလှုံနေထိုင်ကြရာ တောအုပ်အတွင်း မြေကွက်လပ်ထဲမှ ထရံကာသက်ငယ်မိုး တဲအိမ်ကလေးကလည်း ၎င်းညီအစ်မ တတွေနှင့်လိုက်ဖက်၍ ကြည်နူးစဖွယ်ဖြစ်တည်နေပေသည်။ ထိုတောအုပ်ကလေးထဲမှ တဲအိမ်ကလေးထဲတွင် ညီအစ်မတတွေ တစ်ယောက်နှင့်တစ်ယောက် စကြနောက်ကြ ပြောင်လှောင်ကျီစယ်ကြရင်း ပျော်ရွှင်ကြည်နူးနေကြခိုက်တွင် ထိုတဲအိမ်ကလေးရှိရာသို့ တစိမ်းဆန်သည့် ယောက်ျားကြီးငါးယောက် ရုတ်တရက် ဆိုက်ရောက်လာကြလေ၏။ ထိုငါးယောက်အနက်မှ နှုတ်ခမ်းမွေးနှင့် ခေါင်းပတ်ပေါင်းထားသော လူကြီးမှာ သိုက်ဆရာကြီးဖြစ်ပြီး ကျန်လေးယောက်တို့မှာ တပည့်များဖြစ်ကြ၏။

ထိုမျှလောက် ဝေးလံခေါင်သီသော လူမနီး သူမနီး တောအုပ်ကြီးထဲ၌ ရုတ်တရက် ပက်ပင်းတွေ့လိုက်ရသော မိန်းကလေးတို့မှာ လူမဟုတ်ရာ။ နာနာဘာဝ ဝိနာဘာဝ ဥစ္စာစောင့်များသာဖြစ်ကြရာ၏ဟု သိုက်ဆရာကြီးက မြင်မြင်ချင်း အထင်မှား လေတော့သည်။ သို့နှင့် ရုတ်ချည်းဆိုသလို သိုက်ဆရာငါးယောက်တို့က အလိုရမ္မက်ကြီးစွာဖြင့် မင်းသမီးကလေးတွေကို ဖမ်းဆီးချုပ်နှောင်လိုက်ကြလေ၏။

ထို့နောက်တွင် ၎င်းသိုက်ဆရာများက ၎င်းတို့ အလိုရှိရာ ပစ္စည်းဥစ္စာကို တောင်းဆိုကြလေ၏။ သိုက်ဆရာများ အလိုရှိသည်က ထိုလက်လုပ်တောင်တွင် ရှိသည်ဆိုသော ရွှေနဂါးရုပ်ကြီးမှ ဣန္ဒြာသဃ ပြဒါးရှင်လုံးနှစ်လုံးဖြစ်၏။ ထိုရွှေနဂါးရုပ်၊ ထိုပြဒါးရှင် နှစ်လုံးဆိုသည်တို့နှင့် ပတ်သက်၍ ၎င်းမင်းသမီးကလေးများမှာ အသံသဲ့သဲ့မျှပင် မကြားဖူး။ မသိဖူးကြပါ။ ၎င်းသိုက်ဆရာကြီးများ တောင်းဆိုနေသည်တို့နှင့် ပတ်သက်ပြီး ပေးစရာလည်းမရှိ၊ သိလည်းမသိဖြစ်နေကြပေသည်။ သို့သော် ၎င်းတို့နည်းအမျိုးမျိုးဖြင့် တောင်းဆို၍မရကြသောအခါ သိုက်ဆရာတို့က မင်းသမီးကလေးများကို စိတ်လိုက်မာန်ပါ ရိုက်နှက်ညှင်းပန်း နှိပ်စက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ငင်းနောက် သိုက်ဆရာတို့သည် မင်းသမီးကလေးများ၏ တဲအိမ်ကလေးပေါ်သို့ တက်ရောက်သွားကြပြီး ပစ္စည်းပစ္စယ မှန်သမျှ မွှေနှောက်လှန် လှောရှာဖွေကြလေသည်။ ယင်းသို့ ရှာဖွေကြသောအခါ ပခြုပ်ဖာအိမ်ကလေးတစ်ခုအတွင်းမှ အဂ္ဂိယ ငွေများကို တွေ့ရှိကြလေ၏။

သိုက်ဆရာတို့သည် မရလျှင် ရသည့်ဟာကို ယူမည် ဟူသောသဘောဖြင့် ငင်းငွေသားများကို ကောက်ယူကြသည့် အခါ လုံးဝထိတွေ့ကိုင်တွယ်၍ မရနိုင်ကြဘဲ ငင်းတို့လက်ဖြင့် ထိလိုက်ရုံဖြင့် ထိုငွေများသည် ကောင်းကင်ယံသို့ ပျံတက် သွားပြီး လက်လုပ်တောင်ပေါ်သို့ချည်း ကျရောက်ကြလေ၏။

ထိုငွေသားများ ပျံတက်သွားသော နေရာဖြစ်သော ကြောင့် "ငွေပျံကုန်း" ဟုတွင်လေသည်။

ထိုနေရာတွင်ပင် မင်းတုန်းမင်းကြီးကိုယ်တိုင် ငွေလုံးစိုက်၍ ဗြိတိသျှ နယ်ချဲ့အင်္ဂလိပ်တွေကို အောင်စာတ်ဆင်ခဲ့သည် ဖြစ်သဖြင့် ငင်းနေရာကို "ငွေလုံးကုန်း" ဟု ခေါ်ဆိုကြပြန် သည်။

ထိုမှတဖန် ရွာသူကြီးများက "တို့ရွာက ငွေကိုလှန်တာ မဟုတ်ဘူး" ငွေလျှံတာ။ ငွေတွေပြည့်လျှံနေတာလို့ နိမိတ် ဆောင်တာ" ဟု အဓိပ္ပါယ်ပြုကြကာ "ငွေလျှံကုန်း"ဟူ၍ ခေါ်တွင် လိုက်ကြပြန်သည်။ ထိုငွေလျှံကုန်းရွာကလေးသည် အိမ်ခြေ ၂၇ အိမ်သာရှိပြီး ယခုအခါ ရာဇဓွာနီလမ်းမကြီး၏ တောင်ဖက်၊ လက်လုပ်တောင်၏ တောင်ဖက်ထောင့် မလှမ်းမကမ်းတွင် တည်ရှိပေသည်။

မင်းသမီးကလေးများကို သိုက်ဆရာများ ဖမ်းဆီးချုပ် နှောင်ထားစဉ်က အဂ္ဂိယငွေစင် ငွေသားများသည် လက်လုပ် တောင်ပေါ်သို့ချည်းသာ ပျံထွက် ကူးပြောင်းသွားသည်ကို မြင်တွေ့လိုက်ကြရသည့်အတွက် သိုက်ဆရာကြီးသည် မိမိ အလိုရှိနေသော ရွှေနဂါးမျက်စိပြဒါးရှင်လုံးတို့မှာ ငင်းလက်လုပ် တောင်တွင် ကေန်ရှိမည်ဖြစ်ပြီး ထိုမင်းသမီးကလေးများက ယူပေးနိုင်လိမ့်မည်ဟူသော အထင်ဖြင့် မင်းသမီးကလေး များကို လက်ပြန်ကြိုးတုပ်နှောင်ကာ လက်လုပ်တောင်သို့ ခေါ်သွားကြလေ၏။ တောင်ပေါ်သို့ ရောက်သည့်အခါ ရက်စက်စွာနှိပ်စက်ပြီး ပြဒါးရှင်လုံးကို တောင်းကြပြန်၏။ မပြောမချင်း မရမချင်း မင်းသမီးကလေးများ၏ လည်မျိုကိုဝါးနှစ်လုံးဖြင့် ညှပ်၍ နှိပ်စက်ကာ တောင်းနေကြပြန်၏။

ထိုသို့ရှိစဉ် သမီးတော်ကြီး ကလျာထာမိတ္တာ သည် မိမိနှင့် တကွ ညီအစ်မများ အနှိပ်စက်အညှင်း ပန်းခံနေကြရသည်ကို နာကျည်းလှသဖြင့် တစ်နည်း တစ်လမ်းအားဖြင့် သက်သာရာ သက်သာကြောင်း ရှာပြလေတော့၏။

"သည်းခံတော်မူကြပါ ဆရာကြီးတို့ရှင့်။ ဟို အရှေ့က တောင်ပေါ်တွင် ကျွန်တော်မတို့၏ ဘကြီးတော်တစ်ပါး ရှိပါ သေးသည်။ အဲဒီဘကြီးတော်သည် အသင်တို့တောင်းဆို နေသော ပြဒါးရှင်လုံးကို ယူပေးနိုင်ပါလိမ့်မည်။ ကျွန်မကို လွှတ်ပေးပါ။ ဘကြီးတော် ထံသွား၍ ပြောဆိုပေးပါမည်"ဟု ပြောဆိုလေ၏။

ခေါင်းဆောင်သိုက်ဆရာကြီးက ဤစကားသည် ဖြစ်တန် ကောင်း၏ဟုယုံကြည်လက်ခံ၍ ကလျာထာမိတ္တာကို နှောင်ကြိုး ဖြေကာ လွှတ်ပေးလိုက်၏။ သို့သော် ကလျာထာမိတ္တာသည် ထိုအရှေ့ တောင်သို့ရောက်သွားသည့်အခါ ဘကြီးတော်ကို လည်းမတွေ့၊ ပြန်လာဖို့ကလည်း ကြောက်လန့်နေ၊ ရိုက်နှက် ညှင်းပန်းနှိပ်စက်ထားသော ဒဏ်ရာဒဏ်ချက်များကလည်း မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲနေ။ ကျန်ရစ်ခဲ့ကြသော ညီမတွေအတွက်လည်း စိုးရိမ်သောကရောက်ကာ အလွမ်း ကြီးလွမ်း စစ်ကိုင်းတွင်သွားရောက် ပညာသင်ကြားနေသော မောင်တော်ဧယျပတ္တမင်းသားကိုလည်း လွမ်းဂင်း ရင်ကွဲ နာကျကာ သေလေ၏။ ထိုသို့သော အဖြစ်ပျက်ကိုစွဲ၍ ထိုတောင်ကို "လွမ်းဒေါင်" ဟု ယနေ့တိုင်အောင် ခေါ်တွင် နေကြဆဲဖြစ်လေ၏။

သမီးတော်ကြီး ကလျာထာမိတ္တာပြန်ရောက် မလာသော အခါ သိုက်ဆရာတို့သည် ကျန်ရှိသော ညီအစ်မလေး ယောက်တို့ကို ပြဒါးရှင်လုံးတောင်းလိုက်ရင်း ရိုက်နှက်ရင်းဖြင့် မခံမရပ်နိုင်တော့သည့် အခုံးတွင် ညီအစ်မလေးယောက်စလုံး သေဆုံးကုန်ကြလေ၏။

ထိုကဲ့သို့ မင်းသမီး ညီအစ်မများသေဆုံးကုန်ကြသော အခါ ဘကြီးတော် ဝိဇ္ဇာမိုရ်ညီနောင်တို့ ပေးအပ်ထားခဲ့သော အင်းပုံ့ဝတိုသည် ကောင်းကင်သို့ပျံထွက်၍ ဘကြီးတော်တို့



www.burmeseclassic.com

www.burmeseclassic.com

ရှေ့မှောက် ပုပ္ပါးတောင် သို့ကျလေ၏။ ဘကြီးတော်ညီနောင်တို့လည်း၊ တူမတော် မင်းသမီးကလေးများ ဗုဂ္ဂရောက်ကာ သေဆုံးကုန်ကြပြီဟု ၎င်းတို့၏ ဝိဇ္ဇာမယဉာဏ်တန်ခိုး အစွမ်းဖြင့် သိလိုက်ကြပြီးနောက် ထိုအင်းပုံကို မြေပြင်ပေါ်သို့ ကိုင်ပေါက်လိုက်လေရာ လက်လုပ်တောင်ပေါ်တွင် ရှိနေကြသော သိုက်ဆရာ ငါးယောက်တို့၏ ရှေ့၌ မီးဟုန်းဟုန်းထတောက်ပေါက်ကွဲပြီးနောက်သိုက်ဆရာ ငါးယောက်စလုံး တပြိုင်နက် သေဆုံးကုန်ကြလေ၏။

ထိုခဏ၌ပင် ဘကြီးတော်ဝိဇ္ဇာမိုရ် ညီနောင်တို့လည်း လက်လုပ်တောင်သို့ ချက်ချင်းဆိုသလို ရောက်လာကြ၏။ ဘကြီးတော်တို့သည် ၎င်းတို့ တတ်ကျွမ်းသော ဝိဇ္ဇာမယပညာဖြင့် "**နောင့်ယှက်သူ မှန်သမျှနှင့် တူမတော်တို့အားလုံး ငါ၏ရှေ့မှောက် ယခုရောက်စေ**" ဟု အမိန့်ပေး၍ ဆင့်ခေါ် လိုက်ရာ သိုက်ဆရာငါးယောက်တို့နှင့်တကွ တူမတော်လေးယောက်တို့သည် မကျွတ်မလွတ်သော ဘဝများဖြင့်ရောက်လာကြ၏။ အားလုံးတို့က ဝိဇ္ဇာညီနောင်တို့အား ဦးတိုက်၍ ကန်တော့ကြလေ၏။ ထိုအခါတွင်မှ တူမတော်တို့၏ဖြစ်ကြောင်း ကုန်စင်ဖြစ်အင်အလုံးစုံတို့ကို သိလိုက်ကြရပြီဖြစ်သည်။

ထိုအခါ ဘကြီးတော် ဝိဇ္ဇာညီနောင်တို့က ၎င်းတို့နှင့်အတူပါရှိခဲ့သော မဏိပူရနန်းစဉ်ရတနာ ပစ္စည်းများကို အရိမေတ္တေယျ မြတ်စွာဘုရားရှင် ပွင့်တော်မူလျှင် ရွှေကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းရန် အဓိဋ္ဌာန်ပြုလျက် ရွှေတိုက်၊ ငွေတိုက်၊ ကျောက်သံပတ္တမြားတိုက်၊ ပြဒါးတိုက်ဟူသော တိုက်ကြီးလေးတိုက်တို့ဖြင့် ဤလက်လုပ်တောင်တွင် မြှုပ်နှံသိုဝှက်၍ ထားရှိခဲ့ကြောင်း။

၎င်းရတနာ တိုက်ကြီးများကို စောင့်ရှောက်နိုင်ရန် ရွှေဖြင့်ပြုလုပ်ထားသော နဂါးရုပ်ကြီးကို မျက်လုံးအစုံ၌ ဣန္ဒြာသဃပြဒါးရှင်နှစ်လုံးတပ်ဆင်၍ အစီအရင်ပြုထားကြောင်းဖြင့် ရှင်းပြပြီးနောက် ထိုတိုက်ကြီးလေးတိုက်ပါရှိသော ဘုမ္မိယသိုက်တွင် တူမကြီးလေးယောက်တို့က အဓိက တာဝန်ယူစောင့်ရှောက်ကြ၍ သိုက်ဆရာ၏တပည့် လေးယောက်တို့ကယင်း လက်လုပ်တောင်၏ အရပ်လေးမျက်နှာတို့တွင် စောင့်ကြပ်ကြစေ။ သိုက်ဆရာကြီးက ထိုလက်လုပ်တောင်တစ်တောင်လုံးတွင် တောင်ပိုင်အဖြစ် အုပ်ချုပ်စေဟု အမိန့်ချမှတ်ပေးလိုက်ရာ အားလုံးက ရိုသေစွာ နာယူလက်ခံကြလေသည်။

ထိုအချိန်တွင် စစ်ကိုင်း၌ ပညာသင်နေသော အစ်ကိုဖြစ်သူ ဗေယျပတ္တမင်းသား သည် ပညာစုံသင်ယူတတ်မြောက်ခဲ့ပြီဖြစ်၍ ခမည်းတော်၊ ဘကြီးတော်၊ အစ်မတော်၊ နှမတော်များရှိရာ လက်လုပ်တောင်တော်တို့ ပြန်လာခဲ့၏။ ဗေယျပတ္တမင်းသား ပြန်ရောက်သည့်အခါတွင် ခမည်းတော် နတ်ရွာစံ ကံတော်ကုန်သည်ကိုလည်းကောင်း။ အစ်မတော်နှင့်တကွ ညီမတော်များအားလုံး ထိုလက်လုပ်တောင်တွင် ရက်စက်စွာ အသတ်ခံလိုက်ကြရသည်ကို လည်းကောင်း သိလိုက်ရသည်ဖြစ်၍ သံဝေဂကြီးစွာ ဖြစ်မိလေတော့၏။

ထို့နောက် ဗေယျပတ္တမင်းသားသည် လက်လုပ်တောင်ရှိ နှမတော်များနှင့် သိုက်ဆရာအစောင့် အကြပ်များအား နောင်တွင် မည်သူတစ်ဦးတစ် ယောက်ကမျှ မနှောင့်ယှက် မနှိပ်စက်နိုင်စေရန် ၎င်း သင်ယူတတ်ကျွမ်းသော အတတ်ပညာစွမ်းဖြင့် ဆေးကြိမ်လုံးနှင့်တကွ လိုအပ်သော အင်းအိုင်ခလှဲ့ လက်ဖွဲ့အစီအရင်များကို စီရင်ကာ ပေးအပ်ခဲ့လေ၏။ ၎င်းနောက် ဗေယျပတ္တမင်းသားသည် စစ်ကိုင်းတောင်သို့ပြန်၍ ရဟန်းပြုကာ တရားဘာဝနာ ပွားများအားထုတ်၍ နေတော့ရန်စီစဉ်လေ၏။

ထိုအခါ နှမတော်များက ဤလက်လုပ်တောင် တွင်ပင် နေထိုင်၍ သာသနာပြုပါရန် တောင်းပန်ပြောကြားကြ၏။ ဗေယျပတ္တမင်းသားက နှမတော်များအား ဤသို့ပြန်ကြားပြောဆိုလေ၏။

"နှမတော်တို့ ငါသည် သံဝေဂကြီးစွာဖြစ်မိသည်ကြောင့် စစ်ကိုင်းတောင်သို့ ပြန်ကာ ရဟန်းပြုပါမည်။ တရားဓမ္မကို အစွမ်းကုန်ကျင့်ကြံကြိုးကုတ် အားထုတ်၍နေပါမည်။ ယခုအချိန်အခါကား သာသနာပြုရန် အချိန်မဟုတ်သေး။ ငါလည်း တရားဓမ္မရှာမှီးရပါဦးမည်။ နောင်အခါ သာသနာတော်နှစ်တစ်ဝက်ကျော်ကာလရောက်မှသာ ဤလက်လုပ်တောင်တော်၏ အရှေ့မြောက်အရပ်မှ ရဟန်းဘဝဖြင့် ငါကြွလာပါမည်။ ထိုအခါကျမှ အရှေ့မြောက်အရပ်ရှိ တောင်ပေါ်သို့

www.burmeseclassic.com

လာရောက်၍ ပင့်ကြပေတော့။ ငါသည် စကြာယာဥ်စီးပြီး ကြွလာမည်။ ငါသည် ဤလက်လုပ်တောင်၌ ပစ္စယာသုံး ထပ်ကာရံ၍ သာသနာပြုပါမည်။ ထိုအခါ သာသနာ ထွန်းလင်းတောက်ပပေလိမ့်မည်"

ဤကဲ့သို့ အကျယ်တဝင့် ရှင်းလင်းပြောဆို ပြီးနောက် ဝေယျပတ္တမင်းသားသည် စစ်ကိုင်းတောင်ဆီသို့ ပြန်ကြွသွား ပေတော့သည်။

**သိုက်စာအညွှန်း အဆိုပြုချက်များ**

လက်လုပ်တောင် သိုက်သမိုင်းစာများမှ ဖော်ပြထား သည်တို့ကိုလည်း ၎င်းတောင်မှ ပုဂ္ဂိုလ်တို့ ပြောပြကြ၍ ဤသို့မှတ်သားခဲ့ရပါသည်။

(၁) သာသနာတစ်ဝက်ကျော်လျှင် ဝေယျပတ္တမင်းသားသည် လက်လုပ်တောင်သို့ ရဟန်းဘဝဖြင့်ကြွလာမည်။

(၂) အရှေ့မြောက်အရပ်က တောင်ပေါ်သို့ပင့်ကြရသည်။

(၃) ကြွလာသည့်အခါ စကြာယာဥ်စီးလာသဖြင့် မြေသို့ ခြေမချပေ။

(၄) လက်လုပ်တောင်ပေါ်တွင် အရှင်ဆုံးဆွမ်းခံ လိမ့်မည်။

(၅) နစ်မတော်များ ဆွမ်းထွက်လောင်းကြလိမ့်မည်။

(၆) ဝေယျပတ္တမင်းသားသည် လက်လုပ်တောင်သို့ ကြွသည့် အခါတွင် ထူးချွန်သောရဟန်းဘဝ အရိယာအစစ် အဖြစ်ဖြင့် ကြွလိမ့်မည်။

ဤသိုက်စာသမိုင်းမှတ်တမ်းရေးခဲ့သူ
သပြေတန်းရွာသား ဦးအောင်ကြည်

ဤသိုက်စာသမိုင်းကို ကူးယူရေးသားမှတ်သား ခဲ့သူမှာ လက်လုပ်တောင်၏ တောင်ဖက်တစ်မိုင်ကွာခန့်ရှိ သပြေတန်း ရွာသား ဦးအောင်ကြည်ဆိုသူ ဖြစ်၏။

၎င်းဦးအောင်ကြည် ၁၄ နှစ်၊ ၁၅ နှစ်သား အရွယ်က လက်လုပ်တောင်တွင် သိုက်သုံးကြိမ် သုံးခါ တူးရာတွင် ပါဝင်ခဲ့သော သပြေတန်းရွာသား ဦးလူတုတ်၊ ဦးထွန်းဦးတို့က ယင်းသိုက်စာကို ကူးရေးခိုင်းသဖြင့် ယခု သိုက်စာမှတ်တမ်း မှာ ဦးအောင်ကြည် ကူးရေးထားသည့်အတိုင်း မှတ်တမ်း အဖြစ် ကျန်ရစ်ခဲ့ခြင်းဖြစ်၏။ ထိုသပြေတန်းရွာကို တည်ပြီးစ ကာလက ဦးလူတုတ်နှင့် ဦးထွန်းဦးတို့မှာ သပြေတန်းရွာမှ ကာလသားများဖြစ်ကြ၏။

တစ်နေ့တွင် သိုက်ဆရာကြီးတစ်ယောက်သည် သပြေ တန်းရွာသို့ရောက်လာပြီး လက်လုပ်တောင်သို့ပို့ပေးရန် ပြော လာ၏။ ထိုအခါ ဦးလူတုတ်နှင့် ဦးထွန်းဦးတို့က လိုက်ပို့ ပေးကြ၏။

တောင်ပေါ်သို့ရောက်ကြသည်နှင့် ထိုသိုက်ဆရာကြီးက ၎င်းထံတွင် အသင့်ယူဆောင်လာသော ဆေးကြိမ်လုံးဖြင့် မြေပြင်ကို ရိုက်လိုက်လေရာ ဝုန်းကနဲအသံကြီးမြည်ဟီးပြီး တောင်ကြီးပေါက်ကာ တိုက်ကြီးများ ပေါ်ထွက်လာ၏။ တိုက်တံခါးများလည်း အလိုအလျောက် ပွင့်သွားသဖြင့် ထိုသိုက် ဆရာကြီးနှင့်အတူ ၎င်းတို့နှစ်ယောက်လည်း တိုက်ကြီးအတွင်းသို့ လိုက်ပါဝင်ရောက်ခဲ့၏။

၎င်းတိုက်ကြီးအတွင်းရှိ ခန်းမဆောင်ကြီး၏ အလယ်တွင် ဝိတ်ဖြူစင်ကြယ် မှတ်ဆိတ်ကျင်စွယ်ရှိ ဆရာကြီးတစ်ယောက် ကိုတွေ့ကြရ၏။ ထိုဆရာကြီးက မိမိတို့၏ သိုက်ဆရာကြီး အား တရားပြ၍ ပြောဆိုဆုံးမသည်ကို နာခံလျက် သိုက် ဆရာကြီးသည် ၎င်းတွင်ပါရှိသော ဆေးကြိမ်လုံးနှင့်တကွ အင်းအိုင်ခလှဲ့ လက်ဖွဲ့စသည်များကို ထိုဝိတ်ဖြူစင်ကြယ် ဆရာကြီးလက်ဝယ်သို့ ပေးအပ်လှူဒါန်း လိုက်လေ၏။ ဦးလူတုတ်နှင့် ဦးထွန်းဦးတို့မှာလည်း လှူစရာပစ္စည်းမပါရှိ၍ ကိုယ်တွင်ဝတ်ထားသော အင်္ကျီတို့ကိုချွတ်ပြီး လှူခဲ့ရဘူး သည်ဟု ဆိုသည်။

ထို့နောက် သိုက်ဆရာကြီးနှစ်ယောက်တို့ ရောက်လာ ကြပြန်၏။ ရေးနည်းအတိုင်းပင် သပြေတန်းရွာမှ ဦးလူတုတ်၊ ဦးထွန်းဦးတို့နှင့်တွေ့ကာ လက်လုပ်တောင်သို့ လိုက်ပို့ ပေးကြရပြန်၏။

ဆက်ပါဦးမည်...

ဟံသာဝတီ
**ဦးအုန်းကြိုင်**



www.burmeseclassic.com

www.burmeseclassic.com

# ဆူးလေဓာတ်နှင့် မြတ်ပါစေ

■ မင်္ဂလာဦးရွှေအိုး

ဓာတ်တို့၏ စွမ်းပကားမှာ ကြီးမားလွန်းလှပါဘိ။

အစီအရင်တော်တော်များများ၌ ဓာတ်သဘောတွေ ပါဝင်တတ်၏။ ဓာတ်တို့ကို နေသားတကျ ချတတ်၊ စီရင်တတ်ပါမူ ဓာတ်တူနံ့တူတာတွေ များလေလေ အင်အားထက်မြက်တတ်လေ ဖြစ်ချေ၏။ ဤ၌ ဆူးလေစေတီတော်မြတ်ကို ဓာတ်တူနံ့တူများ ပေါင်းစုံဝန်းရံလျက် ကိုးကွယ်ပူဇော်ခြင်းဖြင့် အခက်အခဲများ ပြေလည်နိုင်ခြင်း၊ စိတ်ညစ်ညူးမှုများ ကွယ်ပျောက်ကာ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ခြင်း စသည့်အကျိုးအမြတ်များ ရရှိခံစားနိုင်ပါသည်။ လုပ်ဆောင်ရမည့်တို့ကား ...

(၁) ဆူးလေစေတီ ရုပ်ပွားတော် (သို့မဟုတ်) ဓာတ်ပုံ လိုပါမည်။

(၂) ဆူးလေပုံတော်၏ ဘေးတစ်ဖက်တစ်ချက်စီ၌ ညောင်ရွက်တစ်ရွက်စီပါသော ဆည်းလည်းနှစ်လုံးကို တစ်လုံးစီ ချိတ်ဆွဲပါ။

(၃) ဆူးလေပုံတော်ရှေ့၌ ဖလုံတစ်လုံးကို သန့်ရှင်းစွာ ထားပါ။

(၄) ထိုဖလုံထဲသို့ လက်စွပ် လေးကွင်းထည့်ပါ။ (ရွှေ၊ ငွေ၊ ကြေး တတ်နိုင်ရာထည့်ပါ။)

(၅) ဖလုံထဲသို့ စွန်ပလွံ (သို့) စောင်းလျား (သို့) ဆီးသီး တစ်မျိုးမျိုးကို ခုနစ်လုံးစီထည့်လျှပြီး ဆွမ်းကပ်ပါ။

(၆) ပန်းအိုးတွင်း ဇီဇဝါပန်းထည့်၍ ကပ်လှူပါ။

ထိုအလှူကို နေ့တိုင်းလုပ်ပါက ကောင်း၏။ နေ့တိုင်းမဟုတ်သော်မှ အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့များတွင် လုပ်ရပါမည်။

ဆူးလေဓာတ်ဆိုသည်မှာ "အင်္ဂါနံ၊ ဗုဒ္ဓဟူးနံ"တို့ ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ဤ၌ "ညောင်ရွက်၊ ဆည်းလည်း၊ ဖလုံ၊ လက်စွပ်၊ စွန်ပလွံ၊ စောင်းလျား၊ ဆီးသီး၊ ဇီဇဝါ" စသည့် ဓာတ်များမှာ ဆူးလေဓာတ်နှင့် လျော်ညီစွာ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံများ သက်ဝင်၍ မနေပါသလော။ မပျက်မကွက် လုပ်သင့်သည့် နေ့များမှာလည်း အင်္ဂါနှင့် ဗုဒ္ဓဟူး။ ထိုသို့ ဓာတ်ပေါင်းစု၍ အလှူဒါနပြုလိုက်သောကြောင့် လောကီအခက်အခဲများ ပြေလည်သွားမည်က အသေအချာ။

ဆူးလေဓာတ်နှင့် အကျိုးမြတ်ကြပါစေသတည်း။

မင်္ဂလာဦးရွှေအိုး



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့အလံတွင် ဥဒေါင်းရုပ်ကို ထည့်သွင်းကြခြင်းမှာ မြန်မာမင်းများသည် အာဒိစ္စကုလား၊ အာဒိစ္စဗန္ဓု၊ အာဒိစ္စဝံသဖြစ်သော မဟာသမ္မတမင်း အစပြုခဲ့ကြသည့် သာကီဝင်နေမျိုး နေနွယ်တို့မှ ဆင်းသက် ဆက်နွယ်လာကြသည် ဟူ၍ အခိုင်အမာ ယူဆထားကြခြင်းကြောင့်ဖြစ်သည်။ ထိုယုံကြည်ချက်ပေါ် ၌ အခြေခံလျက် နေမင်း၏ အမှတ်တံဆိပ် ဖြစ်သော ဒေါင်းရုပ်ကို အထွတ်အမြတ် ခြယ်လှယ်ဖော်ပြထားခြင်း ဖြစ်ပေသည်။

# မင်းအဆက်ဆက်တို့၏ ဘုန်းသမ္ဘာတောက်စေရန် အစီအမံများ

## မြန်မာဟိန်းကျော်

ယခင်လမှအဆက်

### အလံနှင့်ပတ်သက်သော အစီအရင်များ

ယတြာဆိုသည်မှာ အလွယ်တကူနားလည်စေရန် ပြောပြရခြင်း ဖြစ်၏။ တစ်ခါတရံတွင် မိမိနေအိမ်၌ဖြစ်စေ၊ နိုင်ငံ၌ဖြစ်စေ၊ မည်သူ တစ်ဦးတစ်ယောက်က ဖန်တီးယူခြင်း မဟုတ်ဘဲ၊ သူ့အကြောင်းနှင့်သူ တိုက်ဆိုင်နေသည်များ ကိုလည်း လေ့လာတွေ့ရှိရပေ၏။

အချို့ကိစ္စများသည် ဖြစ်ခြင်း၊ ပျက်ခြင်း၊ အကြောင်းတရားတို့ အခြေအနေများပေါ်တွင် ဆုံးဖြတ်လေ့ရှိ၏။ ဗေဒင်ပညာရပ်များနှင့် ချိန်ထိုးကြည့်ရာတွင်လည်း သီအိုရီအယူအဆများအရ ဟုတ်မှန်နေသည်ကို တွေ့နေရပေ၏။

နိုင်ငံတစ်နိုင်ငံ၏ အထိမ်းအမှတ် တံဆိပ်များ၊ အလံများသည် နိုင်ငံ၏ ကံကြမ္မာကို ဖန်တီးနေသည်ကို နှစ်ပေါင်းများစွာကြာသောအခါ အခြေအနေ အချိန်အခါတို့ကို ချိန်ထိုးကြည့်ခြင်းဖြင့် သိသာလာနိုင်၏။ အလံနှင့်ပတ်သက်သော အကြောင်းအရာ အပြည့်အစုံကို စာရေးဆရာ ဝရဇိန် (ဆရာစံမြေ) သုတေသနပြုရေးထားသော မြန်မာ့သမိုင်းဝင်အလံများနှင့် မြန်မာ့ဒေါင်းအလံများ စာအုပ်အတွင်းမှ အလံနှင့်ဆိုင်ရာများတွင် ဂမ္ဘီရသဘောများပါဝင်နေကြောင်းကို တွေ့မြင်နေရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ငှင်းစာအုပ်အတွင်းမှ ဇး ၂ကို ကိုးကား တင်ပြရသည်ရှိသော်-

အလံဟူသည် ရင့်ကျက်နက်နဲသော အဓိပ္ပါယ်ကို ဆောင်သည့် အမှတ်အသားတစ်ခုဖြစ်သည်။ အလံတစ်ခုသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည် မဟုတ်ချေ။ အတိတ်ဖြစ်ရပ်တစ်ခုခုကြောင့်သော်လည်းကောင်း၊ ဦးတည်ချက် တစ်ခုခုကြောင့်သော်လည်းကောင်း၊ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပေသည်။

သာမန်အလံ တစ်ခုသည်ပင် သက်ဆိုင်ရာ၏ ကြိုးပမ်းဆောင်ရွက်ချက်၊ ရည်မှန်းချက်၊ ဦးတည်ချက်တို့ အပေါ်တွင် အခြေခံ၍ အဓိပ္ပါယ်ရှိရှိ ပြုလုပ်ထားခြင်းဖြစ်လေရာ အမျိုးသားတစ်ရပ်လုံးကိုသော်လည်းကောင်း၊ နိုင်ငံကိုသော်လည်းကောင်း ကိုယ်စားပြုသော အမျိုးသားအလံ(ဝါ) နိုင်ငံတော်အလံသည် ပို၍ထူးကဲနက်နဲသော အဓိပ္ပါယ်ကိုဆောင်ကြောင်း ဖော်ပြထားပါသည်။

အလံများ စတင်ပေါ်ပေါက်လာခြင်းကို ကြည့်လျှင် ဂေါတမမြတ်စွာဘုရားရှင် လက်ထက်ကတည်းက တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာတို့ကို အသုံးပြုနေကြောင်းလည်းတွေ့ရမည်ဖြစ်ပေသည်။

*** *** ***

## အလံကြောင့် စစ်ဖြစ်ရခြင်း

ဗုဒ္ဓမြတ်စွာ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ဓဇဂ္ဂသုတ်ပါ အကြောင်းအရာများကို ဖတ်ရှုခြင်းဖြင့် တံခွန်သည် စစ်သည်ဗိုလ်ပါများကို ကြောက်စိတ်ပယ်၍ ရဲစိတ်ကြွယ်စေရန် အားတင်းပေးနိုင်သည့်အရာ ဖြစ်သည်ကိုတွေ့ရပေသည်။

ဓဇဂ္ဂသုတ်၌ တာဝတိံသာနတ်တို့နှင့် အသူရာနတ်တို့ စစ်မက်ပြိုင်ကြလေရာတွင် စစ်ပွဲဝင်ရန် အသင့်ပြင်နေကြသော တာဝတိံသာနတ်တို့ကို သိကြားမင်းကခေါ်၍ . . .

"အချင်းတို့၊ စစ်မြေအရပ်သို့ သွားကြမည့် သင်တို့သည် ကြောက်ခြင်း၊ ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညင်းထခြင်းတို့ ဖြစ်ပါက ငါ၏ တံခွန်များကို ကြည့်ကြကုန်လော့။ ငါ၏ တံခွန်များကို ကြည့်ကြကုန်သော အသင်တို့အားကြောက်ခြင်း၊ ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညင်းထခြင်း စသည်တို့ ပျောက်လတ္တံ့တည်း"

ဟူ၍ပြောခဲ့ခြင်းကို ထောက်ရှုပါက တံခွန်၏ နက်နဲသော သဘောကို သိသာနိုင်ပေသည်။ ထိုခေတ် ထိုအခါက တံခွန်ကို သုံးစွဲကြသည့် အလေ့အထသည် ဗုဒ္ဓသာသနာတော်ကြီး ပျံ့နှံ့လေရာ ဒေသများထိ ပျံ့နှံ့သွားခဲ့ကြောင်း တွေ့ရှိရပါသည်။

အလံသည် မင်းဧကရာဇ်များ၏ ဘုန်းတန်ခိုး ကျက်သရေကို ဝေဆာစေသော အဆောင်အယောင် တစ်ရပ်လည်းဖြစ်ခဲ့သည်။ ရှေးလွန်လေပြီးသော ခေတ်များအတွင်းက ထီးအစဉ်စဉ် နန်းအဆက်ဆက် ဘုရင်အသီးသီးတို့သည် မင်းခမ်း မင်းနားဝင် အလံတော်ကို စဉ်လာမပျက်ထားရှိသည့် အလေ့ရှိခဲ့သည်။ အချို့သော ဘုရင်များသည် မိမိတို့နှစ်သက်ရာ အမှတ်အသားတံဆိပ်များနှင့် ကိုယ်ပိုင်သီးသန့်အလံတော်ကို သတ်မှတ်ထားရှိကြသည်ကိုလည်း တွေ့ရပေသည်။

ဘုရင်စနစ်ဖြင့် အုပ်ချုပ်နေသော တိုင်းပြည်အချို့၌ ဘုရင့်အလံတော်ဟူ၍ သီးသန့်ထားရှိနေဆဲပင် ဖြစ်သည်။ ဘုရင်မင်းမြတ် တို့၏ အလံတော်သည် အဆောင်အယောင်အဖြစ် သာမက ဘုရင်မင်းမြတ်ကိုလည်း ကိုယ်စားပြုသည့် နိုင်ငံတော်အလံဖြစ်ခဲ့သည်လည်း ရှိသည်။

မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်ခန့်(ခရစ်နှစ် ၁၈၂၄) တွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲသည် အလံတော်ကို ထိပါးသည်နှင့် တမဟုတ်ချင်း စစ်မီးထတောက်ခဲ့ရခြင်းကို တွေ့ရပေမည်။

စစ်ဖြစ်ရန် အကြောင်းအမျိုးမျိုးတို့နှင့် တာစူနေသည့် အတောအတွင်း ရခိုင်ပြည် ရှင်မဖြူကျွန်းကို အင်္ဂလိပ်တို့က ပိုင်ဆိုင်သည် ဟု ဆိုကာ စစ်တကောင်း လက်နက်ကိုင်များကို အစောင့်ထား၍ အင်္ဂလိပ်အလံကို စိုက်ထူထားလေ၏။ မြန်မာတို့သည် ထိုကျွန်းကို အင်္ဂလိပ်တို့ စိုးပိုင်သည်ဟူသော သဘောဆောင်သည့် အလံစိုက်ထူထားခြင်းကို လက်မခံနိုင်ကြသည့်အလျောက် ထိုအင်္ဂလိပ်အလံကို မြန်မာတို့က



www.burmeseclassic.com

www.burmeseclassic.com

သွားရောက်နတ်ပစ်လေသည်။ ဤတွင် အချက်ရှာနေသော အင်္ဂလိပ်တို့အတွက် အကွက်ဝင်သွားလေသဖြင့် အင်္ဂလိပ်တို့နှင့် မြန်မာတို့ ပထမဆုံးအကြိမ် စစ်ဖြစ်ခဲ့ရသော အကြောင်းမှာ အလံက စခဲ့သည်ကို တွေ့ရသည်။

*** *** ***

## ရှေးမြန်မာမင်းအဆက်ဆက်တို့ အလံကို အစီအရင်သဘောမျိုးသုံးခဲ့ပုံ

မဇ္ဈိမတိုင်းမှ ဗုဒ္ဓသာသနာတော်ကြီးနှင့်အတူ အိန္ဒိယယဉ်ကျေးမှု ဓလေ့ထုံးစံအချို့သည် ရှေးခေတ်မြန်မာနိုင်ငံသို့ ကူးပြောင်းရောက်ရှိခဲ့ရာတွင် ထိုခေတ် ထိုအခါများကပင် ရှေးမြန်မာမင်းတို့သည် တံခွန်များ၊ အလံများကို လွှင့်ထူ ဝင့်ကြွားခဲ့သည်ဟု ယူဆရပါမည်။

မြန်မာ့သမိုင်းဦးခေတ်တွင် အလံသုံးခြင်းကို အထောက်အထား တစ်စုံတစ်ရာ မတွေ့ခဲ့ရသော်ငြားလည်း အင်းဝခေတ်တွင်မူ အလံသုံးစွဲမှုနှင့် စပ်လျဉ်း၍ စာပေအထောက်အထား အချို့ကို တွေ့ရသည်။

သက္ကရာဇ် ၇၄၂ ခုနှစ်မှ ၇၆၃ ခုနှစ်အထိ စိုးစံခဲ့သော ဒုတိယ မင်းခေါင်လက်ထက်တော်အခါ၌ ကျော်ကြားထင်ရှားတော်မူခဲ့သော စာဆိုသူမြတ် ရှင်မဟာသီလဝံသ ရေးဖွဲ့သည့်...

"လေ မှာ ရဲလံ၊
ရထားမှာလည်း ရဲတံခွန်၊
ဆင်လံ စစ်တမံ"

ဟူသော စာပိုဒ်ကို ထောက်ရှု၍ လေတပ်တွင် လွှင့်သောအလံကို ရဲလံ၊ ရထားတပ်အလံကို ရဲတံခွန်၊ ဆင်တပ်အလံကို စစ်တမံ ဟု ခေါ်ဆိုကြောင်းလည်း တွေ့ရသဖြင့် မြန်မာ့သမိုင်းတွင် အင်းဝခေတ်ကပင်စပြီး အလံကို အသုံးပြုနေသည်ဟု ယူဆရပေမည်။

စာပေ အထောက်အထားများအရ ရှေးမြန်မာမင်းတို့၏ ရာဇပလ္လင်ဥကင်ရှေ့၌ စိုက်ထူထားရှိအပ်သော မင်းခမ်းတော်ဝင် အောင်လံတော်၏ ပုံပန်းသဏ္ဌာန်၊ အရောင်အဆင်း အမှတ်တံဆိပ်များကို ဖော်ထုတ်လေ့လာခွင့် ရပါသည်။ မြဝတီမင်းကြီး ရေးဖွဲ့ခဲ့သော ဘွဲ့သီချင်းနှင့် ဦးရွှန်း၏ မဟာသုတသောမပျို့အဖွဲ့အနွဲ့၊ နှစ်ရပ်လုံးကို ထောက်ဆရပါမူ ကုန်းဘောင်ခေတ် ဒုတိယပိုင်းအထိ မြန်မာမင်းတို့သည် ထီးသုံးနန်းသုံး အလံတော်ကြီးကို အစဉ်အဆက်ထားရှိခဲ့ကြောင်း ပေါ်ပေါက်ပါသည်။

မင်းခမ်းတော်ဝင်အလံကို "သူရဲကြီးအောင်လံ" ဟု ခေါ်ဆိုလျက် နန်းတော်မြေနန်းဥကင် သီဟာသန ရာဇပလ္လင်ရှေ့ဝယ် အခြားသော မင်းခမ်းမင်းနား အဆောင်အယောင်များနှင့်အတူ စိုက်ထူထားခဲ့လေ့ရှိသည်။

သူရဲကြီး အောင်လံနှင့် စပ်လျဉ်း၍ ဆရာကြီး ဒီးဒုတ်ဦးဘချို၏ သုတေသနပြုချက်တွင်....

"အလံ အလျားခုနစ်တောင်၊ အနံ သုံးတောင်၊ အလျား၏ သုံးပုံတစ်ပုံမှာ ကြက်လျှာအမြီး သုံးခွချွန်ဖြစ်သည်။ အလံမှာ နေ အရုဏ်၏ အရောင်ဖြစ်သော အနီပိန်း၌ အလယ်၌ နေမင်းသဏ္ဌာန် ရွှေရောင်ပိန်းစက်ဝိုင်းသွတ်ထားသည်။ ထိုစက်ဝိုင်းမှ နေ့စွယ် ကြက်လျှာစွန်း ခုနစ်စွန်းထွက်၍ ထိုခုနစ်စွန်းကို အရောင်ခုနစ်ပါးဖြင့် ခြယ်လှယ်ထားသည်။ အစွန်းတစ်စွန်းလျှင် အရုပ်တစ်ရုပ်ကျ ပါရှိလေရာ....

၁။ ရွှေရောင်တွင် မျောက်ရုပ်၊ လက်တစ်ဖက် သန်လျက်ထမ်းဟန်
၂။ အဖြူရောင်တွင် ဂဠုန်သုတ်ဟန်
၃။ အဝါရောင်တွင် ဘီလူးသန်လျက် နှစ်ဖက်ထမ်းဟန်
၄။ အမည်းရောင်တွင် ဥဒေါင်းကဟန်
၅။ အစိမ်းရောင်တွင် ခြင်္သေ့ဟောက်ဟန်
၆။ အနီရောင်တွင် ဆင်ထိုးဟန်
၇။ အပြာရောင်တွင် နဂါးမင်း မာန်သွင်းဟန်

ထိုသို့ စီရင်ထားသည်မှာ အလံသည် ဂုဏ်ရှိသော ဆောင်နေသည်ဟု ယူဆရပေသည်။

အပြာရောင်ဆိုသည်မှာ သစ်ရွက်ခြောက်အရောင်ဟု ဆိုသည်။ အမဲတစ်ဆ၊ အဖြူနှစ်ဆ၊ ရောစပ်ထားသော အရောင်းဟုလည်း ဆိုသည်။ ထိုအရုပ်ခုနစ်ရုပ်စလုံးကို အင်တိုင်ဘက်သို့ မျက်နှာမူရမည်ဟု အညွှန်းရှိသည်" ဟု ဆိုလာ



www.burmeseclassic.com

www.burmeseclassic.com

ခွင့်ရရှိပါသည်။ ဆရာကြီး ဒီးဒုတ်ဦးဘချို၏ မှတ်တမ်း၌ ဆက်လက် ဖော်ပြထားသည်မှာ····

"ထိုအလံတော်အကြောင်းနှင့် စပ်လျဉ်း၍ မန္တလေးမြို့ မှူးဘိုက်စိုးမင်းအား မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ်တွင် မေးမြန်းရာ ဥက္ကင်တော်ရှေ့တွင် အထက်ဖော်ပြပါ သူရဲကြီး အောင်လံကို စိုက်ထူ၍ ထိုအလံတော်တွင် ပါရှိသော အရုပ်ခုနစ်ရုပ်ကို ဆိုင်ရာဆိုင်ရာ အရောင်များအတိုင်း တစ်ရုပ်စီခွဲပြီးလျှင် ကြက်လျှာအလံ ဝဲဘက် ခုနစ်စင်း။ ယာဘက်ခုနစ်စင်း စိုက်ထူခင်းထားကြောင်း။ ရှေးဝင်း နောက်ဝင်းကျင်း၍ ထွက်တော်မူရာ၌ သူရဲကြီးအောင်လံကို ဘုရင့်တပ်မတော်ကြီးအလယ်တွင် မားမားမတ်မတ်လွှင့်ထူ၍ ဝင်းတပ်လေးတပ်မှာ မြင့်မိုရ်တောင်မင်း၏ အရောင်လေးပါး အတိုင်း ရှေ့ဝင်းနှင့် လက်ယာဝင်းတို့မှာ တပ်မတော်ရှေ့က လိုက်ပါရကြောင်း၊ လက်ဝဲဝင်းနှင့် နောက်ဝင်းတို့မှာ တပ်မတော်နောက်က လိုက်ပါရကြောင်း၊ ထိုအလံမှာ ဘုရင်၏နံတော်ကို ဆောင်လေ့ရှိကြောင်း။ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်က နံတော်အင်္ဂါသားဖြစ်၍ တပ်မိုလ် အလံများတွင် ခြင်္သေ့ရုပ်ရှိကြောင်း။ သားတော် သီပေါဘုရင် လက်ထက်၌ကား နံတော် စနေသားဖြစ်၍ တိုးနယားရုပ် (တိုးရုပ်) ပါရှိကြောင်းဖြင့် မိန့်ကြားသည်ကို နာခံမှတ်သားရဖူးပေသည်"

ဟူ၍ဖြစ်သည်။ မင်းတုန်းမင်းတြားကြီးမှာ အင်္ဂါသား ဖြစ်၍ အလံတွင် ခြင်္သေ့ရုပ်ကို ထည့်သွင်းထားသလို သီပေါ ဘုရင်လက်ထက်တွင် စနေသားဖြစ်၍ အလံတော်ကို တိုးနယားရုပ်ပါရှိသည်ကိုကြည့်လျှင်ပင် အလံသည် အစီအရင် တစ်ခုဖြစ်နေပေတော့သည်။

## ကုန်းဘောင်ခေတ် နိုင်ငံတော်အလံ

မင်းခမ်းတော်ဝင် သူရဲကြီးအောင်လံနှင့်တကွ ဝဲ ခုနစ် ဆင်း၊ ယာ ခုနစ်စင်း မင်းခမ်းတော်အလံများ၊ ဝင်းလံ လေးပါး၊ တပ်မိုလ်အလံများ၊ ကုန်းဘောင်ခေတ်၊ မြန်မာမင်းများထားရှိ သုံးစွဲခဲ့ကြသည်။ ဘုရင်မင်းမြတ်ကို ကိုယ်စားပြုသော (ဝါ) နိုင်ငံတော်ကို ကိုယ်စားပြုသော အလံတော်အဖြစ် ဒေါင်းအလံ ကို သတ်မှတ်ထားရှိတော်မူပါသည်။ ဘကြီးတော်မင်း လက်ထက် အင်္ဂလိပ်နှင့် မြန်မာတို့ ဖြစ်ပွားသော ပထမစစ်ပွဲ အပြီးတွင် မြန်မာတို့က စစ်ရှုံးသောကြောင့် ပြည်နယ် အချို့နှင့် စစ်စရိတ်ငွေ တစ်ကုဋေကို ပေးရလေသည်။ ထိုစရိတ် မကျေမီ ရန်ကုန်မြို့ကို အင်္ဂလိပ်တို့ သိမ်းပိုက်ထားရှိလျက် အင်္ဂလိပ်အလံကို စိုက်ထူထားရှိ၏ မြန်မာတို့က စာချုပ်ပါ အတိုင်း စရိတ်ငွေ အကျေအလည် ပေးသွင်းပြီးသည့်နောက် တွင် အင်္ဂလိပ်အလံကိုချ၍ မြန်မာ အလံတော်ကို တင်သည်။

"ထိုသက္ကရာဇ် (၁၁၈၈ ခုနှစ်) နတ်တော်လဆန်း (၁၀)ရက်နေ့ ဟံသာဝတီ ရန်ကုန်မြို့ တောင်တော်တံခါးတွင် စိုက်ထားရှိသည့် အလံတိုင်တွင် အင်္ဂလိပ်တို့အလံကိုချ၍ ပိတ်ဖြူအလျားကိုးတောင်၊ အနံခြောက်တောင် အလယ်အနီ သွတ် ဥဒေါင်းရုပ် ပန်းခက်ကိုက်၊ အထွတ်ရွှေထည် မြန်မာ့ အလံတော်ကို ပွဲနတ်ရကာ အတီးအကစုံ တီးမှုတ်စေပြီးလျှင် အမြောက်သံ သုံးချက်ပေး၍ အဝေးရောက်စာရေး ဗေယျ ကျော်ထင်နော်ရထာ၊ ရတနာပုံတိုက်စိုး ဗေယျနော်ရထာ တို့ ကြပ်မတင်ထားမြဲ တင်ထားရ၏။ ၎င်းနေ့ အင်္ဂလိပ် ဗိုလ်ချုပ်အရာရှိ တို့လည်း အရေးပိုင် ဝန်ကြီးမင်းနှင့် အလုံးစုံ စကားပြောဆိုရန်ရှိသည်များ ပြောဆိုပြီး၊ ပြီးလျှင် အင်္ဂလိပ် ဗိုလ်မှူး၊ တပ်မှူး ရဲမက်စစ်သည် အပေါင်းတို့ကိုသိမ်း၍ ဟံသာဝတီ ရန်ကုန်မြို့ကထွက်သွားကြ၏။"

ဟူ၍ ပါရှိသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါတွင် လည်း ဒေါင်းအလံသည်ပင် မြန်မာ့အလံတော်အဖြစ် မြန်မာနိုင်ငံကို ကိုယ်စားပြုသုံးစွဲသည်။ သက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် မင်းတုန်းမင်းကြီးသည် ပြည်ထောင်ချင်း မဟာမိတ် ဖွဲ့ရန် ကုန်စည်ကူးသန်းရောင်းဝယ်ရေး သတ္တုတွင်း တူးဖော် ရေးဆောင်ရွက်ရန် နိုင်ငံခြားနှင့် စာချုပ်ချုပ်ဆိုရန် ကင်းဝန် မင်းကြီး ဦးဆောင်သော သံအဖွဲ့သည် ဗြိတိန်နိုင်ငံသို့ အသွားတွင် မြန်မာတို့၏ ဒေါင်းအလံကို သင်္ဘောတွင် လွှင့်ထူ၍ ဘုရင်မင်းမြတ်နှင့် နိုင်ငံတော်ကို ကိုယ်စားပြုသော ကိုယ်စားလှယ် သံအဖွဲ့အဖြစ် သိသာစေရန် သာဓကပြ ခဲ့သည်။

www.burmeseclassic.com

ကုန်းဘောင်မင်းဆက် နောက်ဆုံးပိုင်းတိုင်အောင် မြန်မာတို့သည် ဒေါင်းအလံကို မြန်မာအမျိုးသား အလံအဖြစ်လည်းကောင်း၊ နိုင်ငံတော်အလံ အဖြစ်လည်းကောင်း၊ သတ်မှတ်ခဲ့သည်။

အရေးကြီးသော နိုင်ငံရေး အပြောင်းအလဲများ၌ပင် အုပ်ချုပ်သူမင်း၏ ကိုယ်စားအဖြစ် လည်းကောင်း တစ်နိုင်ငံလုံးကို ကိုယ်စားပြုရာ အဖြစ်လည်းကောင်း ဒေါင်းအလံကို လွှင့်တင်ခဲ့ကြသည်။

မြန်မာ့အလံတွင် ဥဒေါင်းရုပ်ကို ထည့်သွင်းကြခြင်းမှာ မြန်မာမင်းများသည် အာဒိစ္စကုလား အာဒိစ္စဗန္ဓု အာဒိစ္စဝံသဖြစ်သော မဟာသမ္မတမင်း အစပြုခဲ့ကြသည့် သာကီဝင်နေမျိုး နေနွယ်တို့မှ ဆင်းသက်ဆက်နွယ်လာကြသည် ဟူ၍ အနိုင်အမာ ယူဆထားကြခြင်းကြောင့်ဖြစ်သည်။ ထိုယုံကြည်ချက်ပေါ်၌ အခြေခံလျက် နေမင်း၏ အမှတ်တံဆိပ်ဖြစ်သော ဒေါင်းရုပ်ကို အထွတ်အမြတ် ခြယ်လှယ်ဖော်ပြထားခြင်း ဖြစ်ပေသည်။

ဤသည်ကိုထောက်၍ မြန်မာမင်းတို့သည် အန္တရာယ်ကင်းလိုလျှင်လည်းကောင်း၊ အလှအပ အကြော့အမော့ ငှက်မျိုးဖြစ်သော ဥဒေါင်းကို နှစ်သက်၍လည်းကောင်း၊ ဥဒေါင်းရုပ်ကို အလေးအမြတ် ပြုလျက်ထွတ်မြတ်သော နေရာတွင် သုံးခဲ့သည်ဟု ယူဆရပေသည်။ ထို့ကြောင့် ဘုရင်မင်းမြတ် ကိုယ်စားပြုသော အလံကိုပင် နိုင်ငံ၏ အရေးအရာ အမှုအခင်းတို့၌ ဘုရင်၏ကိုယ်စား တိုင်းပြည်၏ ကိုယ်စား သုံးစွဲခဲ့လေသည်။

*** *** ***

## ဝါ စိမ်း နီ အလံ အစ

ဗြိတိသျှလက်အောက်ခံ ကျွန်နိုင်ငံအဖြစ် မြန်မာတို့ မျက်နှာ ငယ်ခဲ့သောခေတ်များအတွင်းတွင် မျိုးချစ်အသင်းအဖွဲ့များမှ ကြီးမှူးကျင်းပသော အမျိုးသားစိတ်ဓာတ် လှုံ့ဆော်ပွဲများတွင်မှ မြန်မာ့ ဒေါင်းလံများကိုသာ လွှင့်ထူခဲ့ကြလေသည်။

၁၉၃၀ ပြည့်နှစ် ပတ်ဝန်းကျင်ခန့်တွင် မြန်မာတို့၏ မျိုးချစ် စိတ်ဓာတ်သည် အရှိန်မပြတ် နိုးကြားလှုပ်ရှားလာခဲ့ရာ အမျိုးသား လွတ်လပ်ရေး ကြိုးပမ်းမှုအရေးတော်ပုံ များသည်လည်း ဆက်တိုက်ပင် ပေါ်ပေါက်ခဲ့လေတော့သည်။

၁၉၃၀ ပြည့်နှစ်အတွင်းမှာပင် မျိုးချစ်လူငယ် အများအပြားသည် တို့ဗမာအစည်းအရုံးကို တည်ထောင်ဖွဲ့စည်းကြသည်။ ထိုနှစ်မေလတွင် ရန်ကုန်မြို့ ဗိုလ်တထောင် ကစားကွင်းကြီးထဲတွင် မြန်မာတစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် တို့ဗမာအစည်းအရုံးဝင် သခင်များ၏ လှုံ့ဆော်ချက်ဖြင့် လူထုအစည်းအဝေးပွဲကြီး တစ်ရပ်ကို ကျင်းပခဲ့ရာတွင် ဒေါင်းအလံကို လွှင့်ထူခဲ့ကြသည်။

၁၉၃၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ရေနံချောင်း၌ ကျင်းပသော ပထမအကြိမ် တို့ဗမာအစည်းအရုံးညီလာခံတွင်မှ အဝါ၊ အစိမ်း၊ အနီ သုံးရောင်ခြယ်လျက် အလယ်တွင် ဒေါင်းရုပ်ပါရှိသော အလံကို လွှင့်ထူခဲ့ကြသည်။

**"အဝါ၊ အစိမ်း၊ အနီ၊ ဗမာ့ကိန်းအညီ၊ အဝါရောင် ဆိုတာကတော့ သာသနာရယ်၊ ဘာသာရယ်၊ ပညာရယ် တိုးပိုးရည်"**

ဟူသော သုံးရောင်ခြယ် အလံ သီချင်းသံသည်ပင် ထိုခေတ်က အလွန် ရေပန်းစားခဲ့လေသည်။

သီချင်းတွင်ပါရှိသည့်အတိုင်း အဝါရောင်ကို သတ်မှတ်ထားရှိသော သဘောမှာ သာသနာရေး ပညာရေး စသည်တို့ကို တိုးပွားမြင့်တင်နိုင်ရန် ရည်ရွယ်သော အသင်း၏ ဦးတည်ချက်ကို ဖော်ပြထားခြင်းဖြစ်၏။ အစိမ်းရောင်၏ သဘောမှာ လယ်၊ ကျွန်းသစ် စသည်တို့ကို တိုးတက်ဝေဆာ စိုပြည်သာယာစေရေး စပါး ဆန်ရေ ပွလုံပေါ်များစေရေတို့ကို ရည်ညွှန်း၏။ အနီရောင်ကိုကား မြန်မာတို့၏ ရဲစိတ်ရဲမာန်ကို ထက်သန်စေလိုသော ရည်ရွယ်ချက်ဖြင့် သတ်မှတ်ရေးခြယ်ခဲ့ခြင်း ဖြစ်ပေသည်။

ထို့နောက် ၁၉၃၈ ခုနှစ်၊ မတ်လတွင် ပြည်မြို့၌ ကျင်းပသော တို့ဗမာအစည်းအရုံး တတိယညီလာခံတွင်မှ သုံးရောင်ခြယ်အလံ၏ အလယ်၌ ဒေါင်းရုပ်အစား ကြယ်တံခွန် အမှတ်အသားကို ပြောင်းလဲ သတ်မှတ်၍ အတည်ပြုခဲ့ကြလေသည်။

၁၉၃၈ ခုနှစ်၊ ဇွန်ဘာလတွင် ရေနံမြေအလုပ်သမား အရေးတော်ပုံကြီးပေါ်ပေါက်ခဲ့သည်။ တို့ဗမာအစည်းအရုံးကြီး၏



www.burmeseclassic.com

www.burmeseclassic.com

ထောက်ခံ အားပေးမှုဖြင့် အလုပ်သမားထုကြီးသည် ကုမ္ပဏီ အာဏာပိုင်တို့ကို ဆန္ဒပြသပိတ်မှောက်၍ အရေးဆိုခဲ့ကြသည်။ ၁၈-လ တိုင်တိုင် ကြာခဲ့သော်လည်း တောင်းဆိုချက်များမရသည့်အဆုံးတွင် ချောက်နှင့် ရေနံချောင်းမှ အလုပ်သမားများပူးပေါင်းလျက် ရေနံမြေသပိတ် တပ်ဖွဲ့ကြီး ဖွဲ့ပြီးလျှင် ရန်ကုန်အထိ ခြေလျင်ချီတက်ဆန္ဒပြခဲ့ကြသည်။ ယင်းသို့ ချီတက်ဆန္ဒပြခဲ့ကြသော သပိတ်တပ်ကြီးသည် သုံးရောင်ခြယ် တူတံစဉ်အလံကြီးကို ရှေ့တန်းမှ မားမားမတ်မတ် လွှင့်ထူလာခဲ့ကြသည်ကို တွေ့ရလေသည်။

"မောင့်ကိန်းအညီ ဇမ္ဗူတစ်ခွင်လင်းစေဖို့

ဝါ စိမ်း နီ တူတံစဉ် သီချင်းကိုဖြင့်"

အစချီလျက် ရေနံတပ်ကြီး၏ အောင်လံတော်သီချင်းဟူ၍ ထိုစဉ်က စပ်ဆိုသီကုံး ထားခဲ့လေသည်။ အင်္ဂလိပ်အစိုးရကလည်း မြန်မာပြည်အတွက် အမျိုးသားအလံတစ်မျိုးကို သတ်မှတ်ပေးခဲ့လေရာ ထိုအလံကို ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် ကျင်းပသော ဥပဒေပြုလွှတ်တော်တွင် "ဘုရင်မင်းမြတ်၏ သဘောတူညီမှုချက်အရ" မြန်မာပြည်ဘုရင်ခံက သတ်မှတ်ကြောင်း ကြေညာခဲ့လေသည်။

ထိုအလံမှာ ဗြိတိသျှလက်အောက်ခံ ဒိုမီနီယန်နိုင်ငံများ၌ လွှင့်ထူစေသော အင်ဂိုင်း၂၇ ခေါ် အလံမျိုးဖြစ်၏။ အရောင်ခံမှာ အပြာဖြစ်လေသည်။ အလံ၏ အဖျား လေခတ်ရာအပိုင်းတွင် ရွှေရောင်ခံစက်ဝိုင်း တစ်ခုပါရှိလေသည်။

ထိုစက်ဝိုင်းအတွင်း၌ ဆေးရောင်စုံခြယ်ထားသော ဒေါင်းရုပ်ကို ထည့်သွင်းထား၏ တိုင်ရင်းဘက် အထက်ထောင့်တွင်မူ ဗြိတိသျှတို့၏ ယူနီယံဂျက် အလံအမှတ်အသားပါရှိလေသည်။ ယင်း အမှတ်အသားသည် မြန်မာပြည်ကို အုပ်စိုးထားသော ဗြိတိသျှမင်း၏ အုပ်ချုပ်ရေးအာဏာစက်ကို ကိုယ်စားပြုထားသည့် သဘောပင် ဖြစ်လေသည်။

ထိုအလံတွင်ပါရှိသော ဒေါင်းရုပ်သင်္ကေတန်မှာ သက္ကရာဇ် ၁၂၁၄ ခုနှစ်အတွင်း မင်းတုန်းမင်းတရားကြီး လက်ထက် သွန်းလုပ်သော ငွေဒင်္ဂါးတွင်ပါရှိသည့် အတောင်ဖြန့်၍ က,နေသော ဒေါင်းရုပ်သင်္ကေတန် ဖြစ်၏။ ထို က,ဒေါင်းအရုပ်ကို ထည့်သွင်းခပ်နှိပ်ရသော အကြောင်းရင်းကို ထိုစဉ်က ကြေညာခဲ့ရာ၌ . . .

"ဒေါင်းရုပ်ကို မြန်မာအမျိုးသားတံဆိပ် အမှတ်အသားအဖြစ် လူအများမှတ်ယူခဲ့ကြ၍ လန်ဒန်မြို့ ရိုးရာဘွဲ့တံဆိပ်မှတ်သားသည့် အသင်းက မြန်မာပြည်အတွက် ထုတ်ပေးသော တံဆိပ်အမှတ်အသားတွင် ဒေါင်းရုပ်ကိုပင် အသိအမှတ်ပြုလေသည်။" ဟု ဖော်ပြခဲ့လေသည်။

*** *** ***

## ဒုတိယကမ္ဘာစစ်အတွင်းက ဝါ စိမ်း နီအလံ

မကြာမီပင် မြန်မာပြည်သို့ ကူးစက်ပျံ့နှံ့လာသော ဒုတိယကမ္ဘာ စစ်မီးအကြားဝယ် ဗြိတိသျှတို့ သတ်မှတ်ထားရှိခဲ့သော ထိုအမျိုး သားအလံသည် လွှင့်ပါးပျောက်ကွယ်ခဲ့ရတော့၏။ မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်နိုင်ငံသို့ လျှို့ဝှက်ရောက်ရှိသွားသော ရဲဘော်သုံးကျိပ် ဦးဆောင်ဖွဲ့စည်းထားသည့် မြန်မာ့လွတ်လပ်ရေးတပ်မတော် (ဘီ- အိုင်-အေတပ်)သည် ဂျပန်တပ်များနှင့်အတူ မြန်မာပြည်သို့ ဝင်ရောက် ချီတက်ခဲ့လေရာတွင်မူ အလယ်စက်ဝိုင်းအဖြူတွင် က,ဒေါင်းသင်္ကေတန်ပါသော အဝါ အစိမ်း အနီ သုံးရောင်ခြယ်အလံကို လွှင့်ထူခဲ့ကြ၏။ မြန်မာနိုင်ငံ၏ ဂျပန်ခေတ်ရှေ့ပိုင်းတွင် ထိုအလံကို အမျိုးသားအလံ အဖြစ် အသုံးပြုခဲ့ကြသည်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံ

မြန်မာလူထု၏ လွတ်လပ်ရေးဆန္ဒပြင်းပြမှုကို အသိအမှတ်ပြုလာရသော ဗြိတိသျှတို့သည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက် နေ့တွင် မြန်မာကိုယ်စားလှယ်တို့နှင့် တွေ့ဆုံဆွေးနွေး၍ သဘောတူ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ရလေတော့သည်။

စာချုပ်ပါ သဘောတူညီချက်များအရ ၁၉၄၇ ခုနှစ်၊ ဧပြီလ(၇) ရက်နေ့တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးအတွက် တိုင်းပြု ပြည်ပြု လွှတ်တော်အမတ်ရွေးကောက်ပွဲကို ကျင်းပ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီးနောက် ထိုနှစ် ဇွန်လ (၉)ရက်နေ့တွင် လွှတ်တော် ပထမညီလာခံကို စတင်ကျင်းပနိုင်ခဲ့ပေသည်။

ဤတွင် လုံးဝအချုပ်အခြာအာဏာပိုင် လွတ်လပ်ရေး ရရှိလာတော့မည့် မြန်မာနိုင်ငံအတွက် နိုင်ငံတော်နှင့်တကွ တစ်မျိုးသားလုံးကိုလည်းကောင်း နိုင်ငံ၏အုပ်ချုပ်ရေးအာဏာ ကိုလည်းကောင်းကိုယ်စားပြုသည့် နိုင်ငံတော်အလံ၊ နိုင်ငံတော် သီချင်း၊ နိုင်ငံတော်တံဆိပ် စသည်တို့သည် မရှိလျှင်မဖြစ်ဘဲ လိုအပ်လာပေတော့သည်။

သို့ဖြစ်သည်နှင့်လျော်ညီစွာ ပထမဆုံးအကြိမ် ကျင်းပခဲ့ သော တိုင်းပြုပြည်ပြုလွှတ်တော်သည် နိုင်ငံတော်အလံ၊ သီချင်း၊ တံဆိပ်တို့ကို တီထွင်သတ်မှတ်နိုင်ရေးအတွက် ကော်မတီတစ်ရပ် ဖွဲ့စည်းခန့်ထားလိုက်လေသည်။

ယင်းကော်မတီတွင် မှလက သဘာပတိအဖြစ် ဆရာကြီး ဒီးဒုတ်ဦးဘချို ကြီးမှူး၍ အဖွဲ့ဝင်များအဖြစ် ...

၁။ ဦးအောင်ဇံဝေ
၂။ ဗိုလ်မှူးအောင်
၃။ မွန်ထွန်းရင်
၄။ ဗိုလ်အောင်ကြီး
၅။ ဒေါ်ခင်လှ
၆။ ဆရာလှမင်း
၇။ မိုင်းပွန်စော်ဘွားကြီး
၈။ ဦးဇော်လွန်း
၉။ ဦးဝမ်ကိုဟော တို့ ပါဝင်ခဲ့သည်။

(နောင်တွင် ဦးဝမ်ကိုဟော နုတ်ထွက်၍ ဦးငွန်တိုးအား အစားခန့်သည်။)

ထို့နောက်တွင် မြန်မာမှုနှင့် အနုပညာဆိုင်ရာ ကျွမ်းကျင် သူများဖြစ်သော ပန်းချီဆရာကြီး ဦးငွေကိုင်နှင့် ဦးအုန်းလွင်၊ ဂီတဘက်ဆိုင်ရာ ဦးဘသန်းနှင့် ဒဂုန်ဆရာတင်၊ အသံလွှင့် ဌာနမှ ဦးခင်ဇော်(K) နှင့် ဦးထင်ဖတ်တို့ကို ဖြည့်စွက်ခန့် ထားပြီးနောက် အတိုင်ပင်ခံအဖြစ် ဦးသိန်းဟန် (ဇော်ဂျီ) ကိုလည်း ထည့်သွင်းခဲ့ပေသည်။

ထိုကော်မတီမှ ပြည်ထောင်စုအလံ၊ သီချင်းနှင့် တံဆိပ် ကိစ္စကို အကောင်အထည်ဖော်နိုင်ရန် စိုင်းပြင်နေဆဲတွင်ပင် ဆရာကြီး ဒီးဒုတ်ဦးဘချိုနှင့် မိုင်းပွန်စော်ဘွားကြီးတို့သည် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် အတူ ကျဆုံးခဲ့ရလေသည်။ ဝန်ကြီးသခင်တင်အား သဘာပတိအဖြစ်လည်းကောင်း မိုင်းပွန်စော်ဘွားကြီး၏နေရာတွင် မိုးမိတ်စော်ဘွားကြီး အား လည်းကောင်း အစားထိုး ခန့်ထားခဲ့သည်။ သို့နှင့်ပင် ကော်မတီမှ ဝိုင်းဝန်းကြိုးပမ်းပြုစုချက်ဖြင့် ပြည်ထောင်စုအလံ၊ သီချင်းနှင့် တံဆိပ်တို့သည် ရုပ်လုံးပေါ်လာခဲ့လေရာ ဒုတိယ အကြိမ်မြောက် ကျင်းပနေသော တိုင်းပြု ပြည်ပြု လွှတ်တော် ညီလာခံ၌ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် အစီရင်ခံစာတစ်ရပ် တင်သွင်း နိုင်ခဲ့လေတော့သည်။

ထိုလွှတ်တော်မှ အတည်ပြုပြီးသည့်နောက်တွင် မြန်မာ နိုင်ငံတော်အလံ၏ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် တံဆိပ် အမှတ်အသားတို့ကို ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် အတည်ပြုခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ၌ ဤသို့ထည့်သွင်း ဖော်ပြနိုင်ခဲ့ပေတော့သည်။

"နိုင်ငံတော် အလံ၏ပုံမှာ ထောင့်မှန်စတုဂံ၏ပုံ ဖြစ်သည်။ အလံမှာ အနီရောင်ခံဖြစ်၍၊ လက်ဝဲဘက် အထက်ထောင့်၌ အပြာရင့် အခန်းဖွင့်ပြီးလျှင် ထိုအပြာရင့်အခန်းအလယ်တွင် ရောင်ခြည်လက် ငါးခုရှိသော ကြယ်ဖြူကြီးတစ်ပွင့် ထားရှိ သည်။ ထိုကြယ်ဖြူကြီး၏ ရောင်ခြည်လက်များအကြားတွင် ရောင်ခြည်လက်ငါးခုစီရှိသော ကြယ်ဖြူငါးပွင့်ကို တစ်ပွင့်စီ သွင်းရံထားရမည်။ ကြယ်ဖြူကြီးနှင့်တကွ သွင်းရံထားသော ကြယ်ငယ်များ၏ ရောင်ခြည်လက်များအနက် တစ်ခုစီသည် အထက်ဘက်သို့ မတ်မတ်ညွှန်းလျက် တည်စေရမည်။

အလံတစ်ခုလုံး၏ အတိုင်းအတာမှာ အလျားကိုးပေ၊ အနံငါးပေ ခြောက်လက်မ၊ ကြယ်ကြီးအတွက် ထောင့်စွန်း များကိုဆက်၍ ဆွဲထားသော စက်ဝိုင်း၏အချင်းမှာ တစ်ဆယ့် ရှစ်လက်မ ကြယ်ငယ်အတွက် ကိုးလက်မဖြစ်သည်။ အလံ၏ အရွယ် အစားကြီးငယ်မဟူ ထိုအချိုးအစားအတိုင်း ကိုက်ညီ နိုင်သမျှ ကိုက်ညီရမည်။"

အလံတွင် အနီရောင်ခံ၍ ကြယ်ဖြူကြီးတစ်ပွင့်ပါရှိသော သဘောမှာ ဖက်ဆစ်ဂျပန်များကို တစ်မျိုးသားလုံး တက်ညီ လက်ညီ တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့ကြသော တော်လှန်ရေး

www.burmeseclassic.com

အလံကို ဆက်လက် ထိန်းသိမ်းထားလိုသောကြောင့်ပင် ဖြစ်သည်။

ကြယ်ကြီးတစ်ပွင့်ကို ၎ င်းကြယ်ငယ်ငါးပွင့် သွင်းရံထားသော သဘောမှာ တော်လှန်ရေးကို အခြေပြု၍ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ၏ အထိမ်းအမှတ် အနက်အဓိပ္ပာယ်ကို အလေးအနက်ဖော်ပြထားခြင်းဖြစ်သည်။ ကြယ်ငယ်ငါးပွင့် သွင်းရံထားခြင်းမှာ တိုင်းရင်းသားအများစုဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့နှင့် အခြား တိုင်းရင်းသား လူမျိုးများလည်း အတူပါဝင်ထူထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဟူသော အဓိပ္ပာယ်ကို ဆောင်ထားခြင်းဖြစ်လေသည်။

ကြယ်ဖြင့် အမှတ်အသားပြု၍ ဖော်ပြရခြင်းမှာ ကြယ်တို့မည်သည် ခရီးလမ်းတွင် ရပ်ခြင်း တန့်ခြင်းမရှိ၊ သွားမြဲခရီးကို မစွန့်ပစ်၊ ခရီးစဉ်အတိုင်း နောက်တွန့်သည်မရှိဘဲ ရှေ့သို့ ဆက်၍ ဆက်၍သာ ခရီးနှင်လေ့ရှိခြင်း ကမ္ဘာကြီးဖြစ်တည်ခဲ့သည့် အချိန်မှစ၍ လွတ်လွတ်လပ်လပ် ကိုယ်ပိုင်သီးသန့် အလင်းရောင်ဖြင့် တည်ရှိခဲ့ခြင်းစသော ဂုဏ်အရည်အသွေးများရှိခြင်းကြောင့်ပင်တည်း။

ကြယ်ကို အဖြူရောင်သတ်မှတ်ထားခြင်းမှာ ဖြူစင်သော သဘောနှင့် ဖြောင့်မတ်တည်ကြည် မှန်ကန်မှုကို အသွင်ဆောင်ခြင်းကြောင့် ဖြစ်ပေသည်။ လက်ဝဲအထက်ထောင့်စွန်းတွင် အပြာရောင်အခန်းဖွင့်ထားလေရာ အပြာရောင်သည် နက်နဲသောသဘောကို ဆောင်သည်။ အနီရောင် အောက်ခံသားသည် မြန်မာနိုင်ငံသားအားလုံး ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ လုံ့လရှိခြင်းတို့ကို တင်စားဖော်ပြထားခြင်းဖြစ်သည်။ အနီရောင်နှင့် အပြာရောင် ယှဉ်တွဲဖက်စပ်ထားခြင်းမှာလည်း အနုပညာရှုထောင့်မှကြည့်လျှင် မျက်စိပသာဒ အမြင်လှနေလေသည်။

နိုင်ငံတော်အလံ (ဝါ) ပြည်ထောင်စုအလံ၌ ဒေါင်းရုပ်မထည့်သည့်အကြောင်းနှင့် စပ်လျဉ်း၍ အလံတော်နှင့် တံဆိပ်တော် ကော်မတီ၏ အကြောင်းပြချက်တို့မှ အဓိက အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

ဒေါင်းရုပ်ပါသော အလံသည် ရှေးမြန်မာသက်ဦးဆံပိုင်ဘုရင်တို့၏ အလံဖြစ်၍ သက်ဦးဆံပိုင်အုပ်ချုပ်ရေးစနစ်၏ အထိမ်းအမှတ် ဟု ယူဆနိုင်လေရာ သက်ဦးဆံပိုင်အုပ်ချုပ်ရေးခေတ်၊ အုပ်ချုပ်ရေးစနစ် မဟုတ်တော့သော တိုးတက်နေသည့် ခေတ်သစ် မြန်မာနိုင်ငံနှင့် ဒေါင်းအလံသည် မအပ်စပ် မဆီလျော်ဟူသော အချက်။

ဒေါင်းအလံကို မြန်မာလူမျိုး တစ်မျိုးအတွက်သာ ကိုယ်စားပြုသောအနေဖြင့် သုံးစွဲလာခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံသည် မြန်မာတစ်မျိုးတည်းအတွက်သာမဟုတ်၊ ပြည်ထောင်စုအတွင်း မှီတင် နေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးစု ကြီးငယ်တို့အတွက်လည်း ဖြစ်သည်။

ထို့ကြောင့် ခေတ်သစ်မြန်မာနိုင်ငံ၏ အလံသည် လူမျိုးတစ်မျိုးတည်း အတွက်သာ ဇာတိမာန် တက်ကြွစေသော (ဝါ) လူမျိုးစွဲအထိမ်းအမှတ်ဖြစ်သော ဒေါင်းအလံ မဖြစ်သင့်ဟူသော အချက်။

ဒေါင်းအလံကိုသာ သုံးစွဲခဲ့လျှင် မြန်မာလူမျိုးတို့က အခြား "တိုင်းရင်းသားလူမျိုးစုအပေါ် လွှမ်းမိုးသည်ဟူသော သဘော မသက်ရောက်စေလိုသော" အချက်တို့လည်း ပါဝင်လေသည်။

*** *** ***

ဆက်ပါဦးမည်

မြန်မာဟိန်းကျော်



www.burmeseclassic.com


www.burmeseclassic.com

# ကျောင်းပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလ-နတ်တော်လ

## 2014 NOVEMBER

| | | |
|---|---|---|
| စနေ Saturday | 1 ၁၀ ရက်ယုတ်မာ | |
| တနင်္ဂနွေ Sunday | 2 ၁၁ ရက်ရာဇာ | |
| တနင်္လာ Monday | 3 ၁၂ | |
| အင်္ဂါ Tuesday | 4 ၁၃ | 18 ၁၂ |
| ဗုဒ္ဓဟူး Wednesday | 5 ၁၄ ရက်ရာဇာ | 19 ၁၃ ရက်ရာဇာ |
| ကြာသပတေး Thursday | 6 ၁၅ တန်ဆောင်မုန်းလပြည့် | 20 ၁၄ |
| သောကြာ Friday | 7 ၁ အမြိတ္တစုတ်ရက် | 21 ၁၅ တန်ဆောင်မုန်းလကွယ် |
| စနေ Saturday | 8 ၂ | 22 ၁ |
| တနင်္ဂနွေ Sunday | 9 ၃ ရက်ရာဇာ မဟာရက်ကြမ်း | 23 ၂ ရက်ယုတ်မာ |
| တနင်္လာ Monday | 10 ၄ | 24 ၃ မဟာရက်ကြမ်း အမြိတ္တစုတ်ရက် |
| အင်္ဂါ Tuesday | 11 ၅ | 25 ၄ |
| ဗုဒ္ဓဟူး Wednesday | 12 ၆ ရက်ရာဇာ | 26 ၅ ရက်ရာဇာ |
| ကြာသပတေး Thursday | 13 ၇ | 27 ၆ |
| သောကြာ Friday | 14 ၈ | 28 ၇ ရက်ရာဇာ |
| စနေ Saturday | 15 ၉ | 29 ၈ |
| တနင်္ဂနွေ Sunday | 16 ၁၀ ရက်ရာဇာ အမျိုးသားနေ့ ရက်ယုတ်မာ | 30 ၉ |
| တနင်္လာ Monday | 17 ၁၁ | |



၆. ၁၁. ၂၀၁၄ စန်းပြောင်းရက်စွဲ ၂၀. ၁၁. ၂၀၁၄

**၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဂြိုဟ်ပြောင်းချိန်**

တနင်္ဂနွေသည် - ၁၆. ၁၁. ၂၀၁၄ တနင်္ဂနွေနေ့ ညနေ ၆ နာရီ ၄၃ မိနစ် ၁၆ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၂၇. ၁၁. ၂၀၁၄ ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီ ၃၃ မိနစ် ၄၈ စက္ကန့်တွင် မကာရရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၄. ၁၁. ၂၀၁၄ အင်္ဂါနေ့ ည ၁၀ နာရီ ၉ မိနစ် ၄၈ စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်။
၂၄. ၁၁. ၂၀၁၄ တနင်္လာနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ် ၅၆ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - ကြင့်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁၂. ၁၁. ၂၀၁၄ ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီ ၄၈ မိနစ် ၅၇ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

စနေသည် - ၂. ၁၁. ၂၀၁၄ တနင်္ဂနွေနေ့ ည ၈ နာရီ ၃၄ မိနစ် ၁ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

ရာဟုသည် - ကန်ရာသီသို့ ပြောင်းသည်။

(၇. ၁၁. ၂၀၁၄)ရက်နှင့် (၂၄. ၁၁. ၂၀၁၄)ရက်တို့သည် အမြိတ္တစုတ် ကျ၍ ၁ ရက်နေ့ ၁၈း၄၁ နာရီမှ ၉း၃၃ နာရီအတွင်းသည် နေသိဒ္ဓိနတ္တတ် အားအကောင်းဆုံးအချိန်ဖြစ်သည်။

**အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ**

**တနင်္ဂနွေသားသမီး**သည် အနောက်မြောက်အရပ်တွင် ထောက်ကြံ့ပင် စိုက်ပါ။

**တနင်္လာသားသမီး**သည် အရှေ့အရပ်တွင် ဩဇာပင် စိုက်ပါ။

**အင်္ဂါသားသမီး**သည် အနောက်တောင်အရပ်တွင် ခရေပင် စိုက်ပါ။

**ဗုဒ္ဓဟူးသားသမီး**သည် မြောက်အရပ်တွင် စိန်ပန်းပင် စိုက်ပါ။

**ကြာသပတေးသားသမီး**သည် အနောက်အရပ်တွင် လောက်သေပင် စိုက်ပါ။

**သောကြာသားသမီး**သည် တောင်အရပ်တွင် ပိတောက်ပင် စိုက်ပါ။

**စနေသားသမီး**သည် အရှေ့တောင်အရပ်တွင် [illegible] သစ်အယ်ပင် စိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက်

## နွယ်သာကီအောင်

နိုဝင်ဘာလရာသီကား ဟေမန္တရင်ခွင်၌ မေးစက်ရင်း နို့နှစ်ရည်ခဲနေသည့် ပြည့်ရိက္ခာ ကောက်နံ့စပါးတို့အား ကြည်နူးစွာ ငေးကြည့်နေလေသည်လော မသိ။

ထိုင်းမှိုင်းစွတ်စိုမှုတို့အား ခဝါချ၍ အဆင်းဖြူဖွေးသည့် နှင်းမြူထွေးတို့အား ပွေ့ဖက်ရင်း ခဝဲဝတ်မှုန်တို့ကို အစီအရီဆင့်လျက် ဆောင်းကတ္တီပါကို ပင့်တင်မလိုက်သည်။

မကြာမီမှာတော့ ရာသီကာလသည် ကဗျာစီစာသလျက် ပသာဒပီသရလေအောင် စုတ်ချက်တင်ပေရောမည်။ ကာလသုံးခု၊ ဥတုသုံးလီ၊ ရာသီသုံးတန်ကြား ကူးခတ်ခရီးသွားနေကြရသော မိမိတို့ လောကီလူသားများအဖို့ စားဝတ်နေရေးအတွက် လူတန်းစေ့ နေနိုင်ရေးအတွက်၊ ဘဝ အဓိပ္ပာယ်ပီပြင်စေရေးအတွက် လောကီနှင့် ဆက်စပ်ပတ်သက်နေသော အလုပ်များစွာကို ကိုယ့်သမိုင်းပေးအရ ကိုယ်ကိုယ်တိုင် လုပ်ဆောင်နေကြလေရာ...

### ၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

နိုဝင်ဘာလ (၉)၊ (၁၂)၊ (၁၅)၊ (၁၆) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

နိုဝင်ဘာလ (၁)၊ (၂၀)၊ (၂၈) စသော ရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ ရေသတ္တဝါဖမ်းဖို့ရာ

နိုဝင်ဘာလ (၁)၊ (၂)၊ (၁၂)၊ (၁၄)၊ (၂၃)၊ (၂၈) စသော ရက်များသည် ငါး စသော ရေသတ္တဝါများအား ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ

နိုဝင်ဘာလ (၁၂)၊ (၁၅) စသောရက်များသည် ရွှေတွင်းများ၊ ကျောက်တွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ ယှဉ်ပြိုင်ကစား ဆောင်ရွက်ရာ

နိုဝင်ဘာလ (၅)၊ (၁၂)၊ (၁၉)၊ (၂၀) စသောရက်များသည် ယှဉ်ပြိုင်ကစားများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ၆။ ကျောင်း/အိမ်ဂေဟာဆောက်ဖို့ရာ

နိုဝင်ဘာလ (၁)၊ (၅)၊ (၁၂)၊ (၁၉)၊ (၂၀)၊ (၂၆)၊ (၂၈) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၇။ ပဒ္ဒင်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာ ဆောင်ရွက်ရာ

နိုဝင်ဘာလ (၂)၊ (၆)၊ (၇)၊ (၁၂)၊ (၁၄)၊ (၂၁)၊ (၂၆) စသော ရက်များသည် ပဒ္ဒင်းခံခြင်း၊ ရှင်ပြုခြင်း၊ နားသခြင်း စသော မင်္ဂလာကိစ္စများဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၈။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်ဆောက်ရာ

နိုဝင်ဘာလ (၂၁)၊ (၂၆) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၉။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

နိုဝင်ဘာလ (၁)၊ (၂)၊ (၁၆)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်း တို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၀။ လက်ထပ်မင်္ဂလာ ကျင်းပရာ

နိုဝင်ဘာလ (၁၅)၊ (၂၀)၊ (၂၆) စသောရက်များ သည် လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၁။ ခရီးသွားလာ ကောင်းဖို့ရာ

နိုဝင်ဘာလ (၁) (၂)၊ (၉)၊ (၁၆)၊ (၁၉)၊ (၂၆)၊ (၂၈) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၂။ လယ်ထွန်မင်္ဂလာပြုဖို့ရာ

နိုဝင်ဘာလ (၁) (၂)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၃။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ

နိုဝင်ဘာလ (၁) (၂)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၄။ သီးနှံမျိုးစေ့ကြဲဖို့ရာ

နိုဝင်ဘာလ (၁) (၂)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၅။ ရေတွင်းရေကန် တူးဖို့ရာ

နိုဝင်ဘာလ (၁)၊ (၂)၊ (၆)၊ (၁၀)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၆။ ပညာစတင်သင်ကြားလျှင်

နိုဝင်ဘာလ (၁)၊ (၂)၊ (၁၂)၊ (၁၆)၊ (၂၃)၊ (၂၆) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၇။ အောင်ဘာလေထီ ထိုးဖို့ရာ

နိုဝင်ဘာလ (၂)၊ (၂၀)၊ (၂၁)၊ (၂၇) စသောရက်များသည် အောင်ဘာလေထီကံစမ်းခြင်းအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၈။ မင်္ဂလာအခါပေးဖို့ရာ

နိုဝင်ဘာလ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၃၀) စသောရက်များသည် မင်္ဂလာ အခါပေးရန် သင့်လျော်ကောင်းမွန်သော ရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက်

■ တောကကိုရင် ■

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ စိုက်ပျိုးရေးမှ ရရှိလာသော နိုင်ငံခြားငွေတို့ဖြင့် တိုင်းပြည်ထူထောင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းရပ် ကိစ္စအဝဝကို လုပ်ဆောင်လျက်ရှိပေ၏။ ဤသို့ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည့် တောင်သူဦးကြီးများအဖို့ မိမိတို့လုပ်ငန်းခွင်အတွက် အထောက်အကူပြုသည့် လောကီလုပ်ငန်းရပ်များကို သိရှိထားဖို့ လိုပါသည်။ လွှဲလ ဝီရိယကို အခြေတည်၍ လောကီပညာရပ်များနှင့် ပေါင်းစပ်လိုက်သည်ရှိသော် ပဒေသာမြေကပေါက်လာသည့်အလား ဝေဆာသော အကျိုးတို့ကို ခံစားရလိမ့်မည်ဖြစ်ကြောင်း တင်ပြရင်း...

**၁။ သီးနှံမျိုးစေ့များ ကြဲရန်အတွက်**

နိုဝင်ဘာလ (၁)၊ (၂)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် သီးနှံမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၂။ အပွင့်၊ အသီး၊ အနှံ၊ အရွက် အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက်**

နိုဝင်ဘာလ (၁)၊ (၃)၊ (၁၀)၊ (၁၃)၊ (၂၀)၊ (၂၁)၊ (၂၆)၊ (၂၈) စသောရက်များသည် အပွင့်၊ အသီး၊ အနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၃။ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်**

နိုဝင်ဘာလ (၁၁)၊ (၁၂)၊ (၁၃)၊ (၂၀)၊ (၂၁)၊ (၂၇)၊ (၂၉) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၄။ ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များ တူးရန်အတွက်**

နိုဝင်ဘာလ (၁)၊ (၂)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၂၀)၊ (၂၁)၊ (၂၉)၊ (၃၀) စသောရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**တောကကိုရင်**



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက်

### နေမျိုးထွဋ်ခေါင်

၁။ နိုဝင်ဘာလ (၃)၊ (၈)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် "**နန္ဒာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား,ဂူ,ကျောင်း,ဇရပ်များ ဆောက်လုပ်ခြင်း။ တံတားများခင်းခြင်း။ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ နိုဝင်ဘာလ (၄)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် "**ဘဒြာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း။ နားထွင်းမင်္ဂလာဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ နိုဝင်ဘာလ (၅)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် "**ဇယာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း။ စစ်တက်ခြင်း။ ကင်းလှည့်ခြင်း။ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ နိုဝင်ဘာလ (၁)၊ (၆)၊ (၁၁)၊ (၂၁) စသောရက်များသည် "**ရိတ္တာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း။ လက်ဖွဲ့ထိုးခြင်း။ သိဒ္ဓိတင်ခြင်း။ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ နိုဝင်ဘာလ (၂)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၇) စသောရက်များသည် "**ပုဏ္ဏာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဒ္ဒင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

၆။ နိုဝင်ဘာလ (၇) ရက်သည် "**အမြိတ္တစုတ်**"တွင် ကျရောက်လေရာ ထိုရက်၌ မည်မျှပင်မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ နိုဝင်ဘာလ (၂)၊ (၅)၊ (၉)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၆) စသောရက်များသည် "**ရက်ရာဇာ**"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

■ **နေမျိုးထွဋ်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက်

**မဟာဗိန္ဒကျော်ခေါင်**

**တနင်္ဂနွေသားသမီးများအဖို့**

နိုဝင်ဘာလ (၃)၊ (၄)၊ (၇)၊ (၁၀)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၇)၊ (၃၀) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

နိုဝင်ဘာလ (၂)၊ (၃)၊ (၆)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၆)၊ (၂၇)၊ (၂၉)၊ (၃၀) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၂)၊ (၅)၊ (၈)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၅)၊ (၂၈)၊ (၃၀) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၄)၊ (၇)၊ (၈)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၇)၊ (၂၈)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၄)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၆)၊ (၂၈)၊ (၃၀) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၅)၊ (၆)၊ (၉)၊ (၁၂)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

နိုဝင်ဘာလ (၄)၊ (၅)၊ (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၅) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၄)၊ (၇)၊ (၈)၊ (၁၆)၊ (၂၁)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

■ မဟာဗိန္ဒကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်လမွေးအတွက် ကံဇာတာ

## ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

အိမ်ကိစ္စ၊ မြေကိစ္စများအတွက် အပူပြဿနာများနှင့် ရင်ဆိုင်ရတတ်သည်။ အမှုကိစ္စဖြစ်၍ တရားတဘောင်နှင့် ရင်ဆိုင်ရပါက အနိုင်ရပါလိမ့်မည်။ မိမိ၏လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးမည့်သူများ ရောက်ရှိလာပါလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ရာထူးလစာများ တိုးပါလိမ့်မည်။ အများ၏ လေးစားမှု၊ နေရာပေးမှုတို့ကို ရရှိခံစားပါလိမ့်မည်။ မိသားစုနှင့်ပတ်သက်၍ စိတ်သောကရောက်ရမှုများနှင့် ကြုံမည်။

မိမိရင်ဆိုင်ရသော အမှုကိစ္စများ အောင်မြင်မှု ရရှိတတ်၏။ ရာထူး၊ လစာ၊ တန်ခိုးအာဏာများ တိုးတက်တတ်၏။ မြင့်မားသော ဘဝအခြေအနေသို့ ရောက်တတ်၏။ ငွေကြေးအခက်အခဲဖြစ်နေသော ကိစ္စများ၌ ကူညီမည့်သူ ပေါ်ပေါက်လာတတ်၏။ လက်ရှိအလုပ်မှသော်လည်းကောင်း၊ နေအိမ်သည်သော်လည်းကောင်း ပြောင်းရွှေ့ရသည်မျိုးနှင့် ကြုံရတတ်၏။ မိမိ၏ လိုအပ်ချက်များကို ဖြည့်ဆည်းသူများ ပေါ်လာတတ်သည်။ စက်မှုလက်မှုလုပ်ငန်းများ၌ အောင်မြင်မှုများ ရရှိပါလိမ့်မည်။

အိမ်အပြောင်းအရွှေ့ရှိတတ်သည်။ ငွေကြေး အပ်နှံခြင်း၊ ပစ္စည်းအပ်နှံခြင်းများအပေါ် လက်သင့်ခံရန် မသင့်သေးပါ။ အရှုပ်အရှင်းဖြစ်တတ်သည်။ အရင်းနှီးဆုံးမိတ်ဆွေသည် ရန်သူဖြစ်လာတတ်သည်။ စီးပွားရေးလုပ်ငန်းများ တိုးတက်မှုရှိမည်။ တိုင်းရင်းသားများနှင့်တွဲဖက်၍ လုပ်ရတတ်သည်။ ငွေကြေး၊ ပစ္စည်းများ ဝင်လာတတ်သည်။

ငွေကြေးကိစ္စအတွက် အခက်အခဲရှိက ပြေလည်ပါလိမ့်မည်။ မိမိပြောဆိုသမျှ အောင်မြင်တတ်ပါသည်။ ဘုရားဖူးခရီးစဉ်တစ်ခုခုသို့ လိုက်ပါရတတ်သည်။ ရောက်လေရာနေရာ၌ ထီထိုးပေးပါ။ အလုပ်တစ်ခုခုကို လုပ်မည်ဆိုပါက မိမိကိုယ်တိုင်လုပ်ပါက အကျိုးရှိတတ်၏။ မျက်နှာလွှဲခဲပစ် မလုပ်မိဖို့ လိုမည်။ လုပ်ငန်းခွင်၌ အစွပ်အစွဲ ပေါ်လာတတ်သည်။ လက်အောက်ငယ်သားတို့၏ ခြေထိုးမှုကို ခံရတတ်သည်။ ရုံးရောက်၊ ဂါတ်ရောက် ဖြေရှင်းရတတ်၏။

မျက်စိနှင့် မျက်နှာတို့တွင် ဝေဒနာခံစားရတတ်သည်။ ပျိုရွယ်သူများအဖို့ အချစ်ရေးကိစ္စများ၌ ရှုပ်ထွေးနေရတတ်သည်။ အိမ်တွင်းရှိပစ္စည်းများ အခိုးခံရတတ်သည်။ ရေလမ်းခရီးသွားရန် မသင့်သေးပါ။ လုပ်ပိုင်ခွင့်များ ပို၍ရရှိတတ်သည်။ ရတနာပစ္စည်းများ ဝင်လာတတ်သည်။

လုပ်ငန်းကိစ္စများ၌ အမျိုးသမီးများ၏ နှောင့်ယှက်မှု၊ လှုလည်ကျမှုကို ခံရတတ်သည်။ သွေးထွက်သံယိုမှုနှင့် တွေ့ကြုံရတတ်သည်။ အလုပ်သစ်များ လုပ်ဆောင်ရတတ်သည်။ တိုင်းရင်းသားများ၏ အကူအညီပေးမှု၊ အကျိုးပြုမှုကို ခံစားရမည်။ အစာအိမ်ဝေဒနာ ခံစားရမည်။ တိရစ္ဆာန်နှင့်ပတ်သက်သော လုပ်ငန်းများ လုပ်ဆောင်ရတတ်သည်။ ငွေကြေးများ စုဆောင်းမိမည်။ အိမ်ထောင်ဖက်နှင့် ပတ်သက်သော သတင်းကောင်း ကြားရတတ်သည်။ လူမျိုးခြားဧည့်သည်များ ရောက်ရှိလာတတ်သည်။ သားချင်းများက ငွေကြေးအကူအညီပေးလာလိမ့်မည်။

သူများပြဿနာ ကိုယ့်ပြဿနာ၊ သူများအပူ ကိုယ့်အပူ ဖြစ်တတ်သည်။ လူငယ်လူရွယ်များအဖို့ ပညာရေးကိစ္စအတွက် ဆရာ၊ ဆရာမများ အကျိုးပြုပါလိမ့်မည်။ အကူအညီပေးကြပါလိမ့်မည်။ နေအိမ်သို့ ဘုရားရုပ်ပွားတော်များ၊ ပုံတော်များ ရောက်လာပါက အောင်ဘာလေထီထိုးပေးပါ။

*ယတြာပြုလုပ်လိုပါက* – မိမိ၏မွေးရက်၌ သီလရှင်တစ်ပါးပါးအား ဖယောင်းတိုင်ကပ်လှူပေးပါ။

**ဆရာမိုးဟန်ကြွယ်**



www.burmeseclassic.com

www.burmeseclassic.com



# တရုတ်နက္ခတ္တဗေဒင်ပညာ

**၂၀၁၄ ခုနှစ် ၊ နိုဝင်ဘာလ**

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

#### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လုပ်ငန်းကိုင်ငန်း အသစ်ထူထောင် လုပ်ကိုင်နိုင်ပါသည်။ လုပ်ငန်းအကြံအစည် ထမြောက်အောင်မြင်မှု ရှိမည်။ အခက်အခဲ အတားအဆီးမရှိဘဲ လွယ်ကူစွာ ကျော်လွှားနိုင်ပါလိမ့်မည်။ ရုံးဝန်ထမ်းများ လစာတိုး၊ ရာထူးတိုးဖွယ်ရှိ၏။

#### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းကို လုံးဝလက်မခံရပါ။ အမှုပြဿနာ တက်တတ်ပါသည်။ ကုန်သည် ဈေးဝယ်ဖောက်သည် အသစ်တိုးပွားမည်။ ပြောဆိုဆက်ဆံမှု ပြေပြစ်ပါစေ။ စကားပြောဆင်ခြင်ပါ။ လုပ်ငန်းတူနှင့် အဆင်ပြေအောင် နေတတ်ပါစေ။

#### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ ညှို့ဖျင်းနေတတ်၏။ မိမိရှိရင်းစွဲ လုပ်ငန်းကိုင်ငန်း မပျောက်မပျက်ရလေအောင် ထိန်းထိန်းသိမ်းသိမ်း လုပ်ကိုင်ပါလေ။ လုပ်ငန်းပြိုင်ဘက်ကို သတိထားပါ။ အနှောင့်အယှက်ပေးတတ်သည်။ တည့်အောင်ပေါင်းပါ။

#### ရှောင်ကြဉ်ရန်အချက်များ

ရုံးဝန်ထမ်းများအဖို့ အလုပ်ကို ကြိုးစားလုပ်ကိုင်ပါ။

www.burmeseclassic.com

စိတ်မလျှော့ အားမငယ်ပါနှင့်။ ကြိုးစားပန်းစား လုပ်ကိုင်ပါလျှင် တစ်နေ့ ရာထူးတိုးခြင်း ခံရပါမည်။ အပျို၊ လူပျို ဖူးစာရှင်ကောင်းတွေ့မည်။ စိတ်ရင်းကောင်းကောင်း ထားပါ။ အလုပ်ခိုဖို့ မစဉ်းစားနှင့်။ တက်လမ်းရှိမည်။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ပြိုင်ဘက်အား အလျှော့ပေးပါ။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ ပြိုင်ဘက်နှင့် ရန်မဖြစ်နှင့်။ ပြဿနာ မတက်သင့်။ ထိန်းထိန်းသိမ်းသိမ်းလုပ်ကိုင်ပါ။ ထိုးစစ် မဆင်အပ်ပါ။ စီးပွားရေး ခဏရပ်နားထားပြီး ဘာသာရေး၊ ကုသိုလ်ကောင်းမှုကို များများလုပ်ကိုင်ပေးပါ။

## ရှောင်ကြဉ်ရန်အချက်များ

ရေတွင်း၊ ရေကန် မတူးဖော်ရပါ။ ရေမြောင်း လည်း မပေါက်ပါနှင့်ဦး။ ခိုက်တတ်ပါသည်။ အိမ်မပြင် ကောင်းသေး။ ခဏစောင့်ပါဦး။ အကျိုးယုတ်တတ်၏။ သတိပြုပါ။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိတစ်ကိုယ်တည်း တဖောက်ကန်း၊ တစ်ယူသန်၊ တဇွတ်ထိုး လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။ ပျက်စီးဆုံးရှုံး တတ်သည်။ သူတော်ကောင်း မစမည့်သူပေါ်မည်။ ၎င်း အကူအညီကိုရယူပါ။ တိုးတက်အောင်မြင်မည်။

## ရှောင်ကြဉ်ရန်အချက်များ

အခွင့်ကောင်းကို လက်လွတ်ဆုံးရှုံးမခံပါနှင့်။ တွေး မနေနှင့်။ ငေးမနေပါနှင့်။ ချစ်သူဝိုင်းဝိုင်းလည်နေချိန် ဖြစ်၍ မြန်မြန်ဆုံးဖြတ် ရွေးချယ်ပါလေ။ ခရီးမထွက်သင့်။ အထူးသဖြင့် ရေကြောင်းခရီးကို ရှောင်ပါ။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ပုံမှန်နေပါ။ အပျော်မကျူးရ။ ငွေကြေးကုန်ကျမှု များမည်။ ငွေကြေးစနစ်တကျ သုံးစွဲပါလေ။ စီးပွားရေးလုပ်ငန်း စိတ်အားမငယ်ဘဲ ကြိုးစားလုပ်ကိုင်လျှင် ကြီးပွား အောင်မြင်မည်။

## ရှောင်ကြဉ်ရန်အချက်များ

အပျော်အကျူး လျှော့ပါ။ ပျက်စီးဆုံးရှုံးတတ်၏။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ခဏခေတ္တစောင့်ဆိုင်းပါ။ မစောင့်နိုင်ပါက အကျိုးယုတ်တတ်၏။ လေကြောင်းခရီးနှင့် ရေကြောင်းခရီးကို ရှောင်ပါ။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်းကို ခဏခေတ္တရပ်နားထားပြီး ဘာသာရေးကုသိုလ် ကောင်းမှုအလှူအတန်း များများလုပ် ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဂုဏ်ကျေးဇူးများ မမေ့အပ်ချေ။

## ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်း မပြုအပ်၊ ရင်းနှီးမြှုပ်နှံမှု ခဏခေတ္တ ရပ်နားထားပါဦး။ စေ့စပ်နိုင်ပါ သော်လည်း လက်ထပ်ခြင်းကို ရပ်နားရွှေ့ဆိုင်းထားပါ။ အကျိုးယုတ်တတ်၏။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လုပ်ငန်း အတားအဆီးရှိသော်လည်း ရဲဝံ့စွာလုပ်ကိုင်လျှင် ထိုးဖောက်နိုင်ပါလိမ့်မည်။ ဖွဲလုံ့လရှိပါစေ။ လုပ်ငန်းအကြီးအငယ် အောင်မြင်မှုရှိပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

အိမ်ထောင်ရှင်များအဖို့ ပြောဆိုဆက်ဆံမှု အထူး ဆင်ခြင်ပါလေ။ စိတ်ရှည်သည်းခံ ခွင့်လွှတ်ပါ။ ကြားလူ တတိယလူဝင်မည်။ နားမယောင်သင့်။ အိမ်ထောင်ရေး အဆင်မပြေမှုဖြစ်မည်။ အချစ်သစ်တွေ့မည်။ လုံးဝလက် မခံရပါ။ ခေါင်းအေးအေးထား ဆုံးဖြတ်ပါ။ စိတ်ထိန်းပါ။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ထွန်းလင်းတောက်ပြောင် နေ၏။ စီးပွားရေးလုပ်ငန်း စန်းပွင့်နေ၏။ ကံစမ်းနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထီပေါက်ကိန်းရှိသည်။ လုပ်ငန်းအကြံအစည် အစစအရာရာ တိုးတက်အောင်မြင်မည်။

### ရှောင်ကြဉ်ရန်အချက်များ

ပစ္စည်းအင်အား၊ လူအင်အားဖြည့်ပါ။ ပစ္စည်းအင်အား၊ လူအင်အား နည်းနေတတ်၏။ ရေကြောင်းခရီးကို ရှောင်ပါ။ စေ့စပ်နိုင်ပါသော်လည်း လက်ထပ်ခြင်းကိစ္စ ခေတ္တရွှေ့ဆိုင်းပါဦး။ ငွေကြေးကုန်ကျမှုများမည်။ အဝင်များသလောက် အထွက်လည်းများနေမည်။ နောင်အခါ ငွေကြေးပြတ်လပ်မှုကို ကြိုတင်ကာကွယ်ပါ။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာအလှည့်အပြောင်းရှိမည်။ စီးပွားရေးလုပ်ငန်း ချင့်ချိန်ဆင်ခြင် လုပ်ကိုင်သင့်၏။ သူတော်ကောင်းမိတ်ဆွေတို့၏ အကူအညီကိုရယူပါ။ အခက်အခဲထိုးဖောက် အောင်မြင်မည်။

### ရှောင်ကြဉ်ရန်အချက်များ

မီးဖိုချောင်၊ အိမ်မပြင်ကောင်း။ ရေတွင်းရေကန် မတူးဖော်ရ။ ခိုက်တတ်ပါသည်။ ရေကြောင်းခရီးကို ရှောင်ပါ။ ဘေးအန္တရာယ်များတတ်၏။ စေ့စပ်ခြင်းမပြုရ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း အခက်အခဲ၊ အဟန့်အတားအနည်းငယ်ရှိတတ်၏။ ဇွတ်မလုပ်ရ။ ချင့်ချိန်လုပ်ပါ။ ပျက်စီးဆုံးရှုံးတတ်သည်။ ရင်းနှီးမြှုပ်နှံနိုင်သည်။ လုပ်ငန်းတိုးချဲ့နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

အထည်ချုပ်လုပ်ငန်း စက်မှုလုပ်ငန်း မလုပ်သင့်။ ရှောင်ပါ။ အရှုံးပေါ်တတ်ပါသည်။ ထို့ပြင် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းကိုလည်း ရှောင်ပါ။ အကျိုးပေးမည် မဟုတ်ပါ။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကျန်းမာရေး ဂရုစိုက်ပါ။ လည်ချောင်းနာ၊ ခံတွင်းရောဂါရတတ်၏။ အသင့်အတင့် ရှင်းနှီးမြှုပ်နှံနိုင်ပါသည်။ အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် အကျိုးပေးမည်။ လုပ်ပါ။ ခရီးဝေးသွားလျှင် အကျိုးထူးမည်။

### ရှောင်ကြဉ်ရန်အချက်များ

မုန့်ဆီကြော်၊ အီကြာကွေး အစရှိသော ဆီပူမီးပြင်းပြင်းနှင့် ကြော်လှော်ထားသည့် အစားအစာများတို့ကို ရှောင်ကြဉ်ပါလေ။ ရေကြောင်းခရီးကို ရှောင်ပါ။ ရေတွင်းရေကန် မတူးဖော်ရပါ။ အိမ်မပြင်ပါနှင့်ဦး။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မမျှော်လင့်ဘဲ ရာထူးတိုးခန့်အပ်ခြင်း ခံရမည်။ နိုင်ငံခြားသို့ ကုန်သွယ်မှုခရီး ထွက်ကြရမည်။ ခရီးထွက်လျှင် အကျိုးထူးပါလိမ့်မည်။ စေ့စပ်နိုင်၏။ အိမ်ပြင်နိုင်၏။ အထည်ချုပ်လုပ်ငန်းလုပ်ပါ။ အကျိုးပေးမည်။ အိမ်ထောင်ကျကိန်းရှိသည်။

### ရှောင်ကြဉ်ရန်အချက်များ

ရေကြောင်းခရီးနှင့် လေကြောင်းခရီးတို့ကို ရှောင်ပါ။ မီးဖိုချောင် မပြင်ကောင်း။ ရေတွင်းရေကန် မတူးဖော်ရ။ ရေမြောင်းမဖောက်ရ။ ခိုက်တတ်၏။ မွေးမြူရေးလုပ်ငန်း မလုပ်ရ။ အကျိုးပေးမည် မဟုတ်ပါ။

**ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊
၂၀၁၄ ခုနှစ်၊ စက်ဒပူနိုင်ငံ။
တရုတ်သုတစွယ်စုံကျမ်း
တရုတ်ပြည်၊ ဟိုင်နန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး

# ဗိုဒူးဗိုက်ဆံ ၏

# လအလိုက်အဟော

## အောက်တိုဘာလ

(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ရှုပါ။)

● ဦးတိုး(တက္ကသိုလ)

**မကာရ ရာသီဖွား (ဆိတ်ရုပ်)**

**ဇန်နဝါရီလ ၁၄ မှ ဖေဖော်ဝါရီလ ၁၂**

ယခုလတွင် သင်ကံဆိုးနေပါမည်။ အလုပ်အကိုင်နှင့် ပတ်သက်၍ အရေးပါဆုံး ကိစ္စတစ်ရပ်တွင် ညှိနှိုင်းသဘော တူညီမှုရရှိရေး အားကစားယှဉ်ပြိုင်ရမှု၊ လေလံဆွဲမှု၊ ဝယ်ယူရေးကိစ္စတို့တွင် အောင်မြင်မည်မဟုတ်ဘဲ အရောင်းဦးတည်ချက်များမှာလည်း ပြည့်မီနိုင်မည်မဟုတ်ချေ။ တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရပေလိမ့်မည်။ သို့သော်ငြားလည်း အောက်တိုဘာလကုန်အထိ တဖြည်းဖြည်းချင်း အခြေအနေတိုးတက်လာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)

### ဖေဖော်ဝါရီလ ၁၃ မှ မတ်လ ၁၄

သင်၏စိုးရိမ်နေရမှုများသည် အောက်တိုဘာလ ၁ ရက်မှ ၂၀ ရက်အကြား၌ တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားပါလိမ့်မည်။ ယခုကာလတွင် သင်ကံကောင်းနေမည်။ ခရီးသွားရန် အစီအစဉ်တစ်ခုနှင့် ယှဉ်ပြိုင်ရမှုတစ်ရပ်တို့မှ ကောင်းကျိုးရလဒ်များ ပေးပါလိမ့်မည်။

## မိန်ရာသီဖွား (ငါးနစ်ကောင်ရုပ်)

### မတ်လ ၁၅ မှ မတ်လ ၁၂

အောက်တိုဘာလ ၁ ရက်မှ ၉ ရက်အထိ စီးပွားရေးလုပ်ငန်း သဘောတူညီမှုရရန် ရှေ့တိုးနိုင်မည် မဟုတ်သေးပေ။ အောက်တိုဘာလ ၁၀ ရက်မှ လကုန်အထိ ငွေအမြောက်အမြား ဝင်လာလိမ့်မည်။ ယခုကာလတွင် တစ်စုံတစ်ရာ ညှိနှိုင်းပြီး ကျေနပ်ဖွယ်ရာ အကျိုးအမြတ်များ ပေးပါလိမ့်မည်။ သင်သည် ခရီးတစ်ခုကိုလည်း စတင်ထွက်ခွာသွားရပါလိမ့်မည်။ သင်သည် ပိုမိုကောင်းသော ရာထူးသို့ တိုးမြှင့်ခြင်းခံရပြီး ကန်ထရိုက်ကြီးတစ်ခုကိုလည်း စာချုပ်ချုပ်ဆိုလိုက်ရမည်။ ငွေအပုံလိုက် ဝင်ကိန်းရှိသည်။ သင်ယှဉ်ပြိုင်ရမှုတစ်ခုသို့ ဝင်ပြိုင်လျှင် သင်အနိုင်ရပါလိမ့်မည်။



## မိဿရာသီဖွား (သိုးထီးရုပ်)

### ဧပြီလ ၁၃ မှ မေလ ၁၃

သင့်အား စိုးမိုးထားသည့် ဂြိုဟ်သည် တောက်ပနေပါသည်။ သင့်အား ၎င်းက ကံကောင်းစေရန် ကောင်းချီးပေးပါလိမ့်မည်။ ဖိအားပေးခံရမှုများနှင့် ပြဿနာများကို ဖြေရှင်းနိုင်လိုက်ပါမည်။

## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)

### မေလ ၁၄ မှ ဇွန်လ ၁၄

အောက်တိုဘာလ ၁ ရက်မှ ၂၀ ရက်အတွင်း ဝင်ငွေကိစ္စဖြင့် သင်၏ဝန်ထမ်းကိစ္စ ပြဿနာရပ်များနှင့် ပတ်သက်၍ ပြဿနာပေါ်လာလျှင် တည်ငြိမ်အောင်နေပါ။ သင်၏ ကျန်းမာရေးအခြေအနေများ ဆက်လက် ဒုက္ခပေးနေသောကြောင့် ခွဲစိတ်ကုသမှုခံယူရပါလိမ့်မည်။

## မေထုန်ရာသီဖွား (အမြွှာရုပ်)

### ဇွန်လ ၁၅ မှ ဇူလိုင်လ ၁၅

အောက်တိုဘာလ ၁ ရက်မှ ၂၀ ရက် အကြားတွင် သင်၏ လုပ်ငန်းတွင် အမှားကိုယ်တွယ်မိ၍ ဝေဖန်ခြင်းခံရသောအခါ တည်ငြိမ်စွာရှိနေပါစေ။ အောက်တိုဘာလ ၂၀ ရက်မှ နိုဝင်ဘာလ ၁၄ ရက်အကြားတွင် ပျောက်ဆုံးနေသော ပစ္စည်းများ ပြန်လည်ရရှိပါလိမ့်မည်။ ဆောက်လုပ်ရေးစီမံချက်တစ်ခုကို စတင်ရပြီး မြေတစ်ကွက်ရောင်းချလိုက်ရမည်။ နိုဝင်ဘာ ၁၅ မှ ဒီဇင်ဘာလ ၈ ရက်နေ့အကြား ဆောင်းရာသီအတောအတွင်း စီးပွားရေးလုပ်ငန်းများ လည်ပတ်မှုကောင်းမွန်လျက်ရှိနေကာ အရောင်းဦးတည်ချက်တစ်ရပ်မှာလည်း ပြည့်မီသွားပါလိမ့်မည်။ ငွေအမြောက်အမြားဝင်မည်။ မတော်တဆမှုတစ်ခု ဖြစ်တတ်၍ သတိထားပါ။ ဒီဇင်ဘာလ ၉ ရက်မှ ၁၃ ရက်အကြားတွင် သင်၏ဘဝနှင့် ချစ်မေတ္တာရေးရာတို့၌ ကံကောင်းမှုများဖြင့် ဝန်းရံနေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## ကရကင့်ရာသီဖွား (ပုစွန်လုံးရုပ်)
## ဇူလိုင်လ ၁၆ မှ ဩဂုတ်လ ၁၆

ယခုလတွင် သင်သည် အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကိုင်နေရပေလိမ့်မည်။ မကြာခဏ ခရီးများထွက်နေရ၍ သင်ပင်ပန်းနေပါလိမ့်မည်။ ယှဉ်ပြိုင်ရခြင်း၊ လေလံအပြိုင်ဆွဲခြင်း စသည့် တစ်စုံတစ်ရာ သင်လုပ်သမျှ ချောမွေ့နေမည်မဟုတ်ပေ။ စတော့ရှယ်ယာများ ဈေးကျသွားသည်နှင့် ကြုံရတတ်သည်။

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
## ဩဂုတ်လ ၁၇ မှ စက်တင်ဘာလ ၁၆

ရှုမြင်သုံးသပ်မှုကို ဖော်ပြသောအခါ၊ သို့မဟုတ် ခက်ခဲကြမ်းတမ်းသော အလုပ်တစ်ခုနှင့် ရင်ဆိုင်တွေ့ရသောအခါ တည်ငြိမ်စွာရှိနေပါစေ။ နောက်ဆုံးမိနစ်ပိုင်းလေးတွင် ပြဿနာအားလုံးကို ဖြေရှင်းနိုင်လိုက်ပါမည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၇ မှ အောက်တိုဘာလ ၁၆

အောက်တိုဘာလ ၁ ရက်မှ ၂၁ ရက်အတွင်း သင်ကြိုးစားလုပ်ကိုင်နေသော်လည်း ပန်းတိုင်သို့မရောက်ဘဲ ဝေးနေဦးမည်။ အောက်တိုဘာလ ၂၂ ရက်နေ့နောက်ပိုင်းရောက်မှ သင်ကံကောင်းလာမည်။ ရုတ်တရက် ရာထူးတိုးသွားတတ်သည်။ ဤသည်က သင့်အား ဂုဏ်တက်စေပါမည်။ ဂုဏ်ယူနေမိမည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ မှ နိုဝင်ဘာလ ၁၆

တစ်စုံတစ်ရာကို စတင်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ သို့မဟုတ် ကတိများပေးခြင်း စသည်တို့ကို မပြုလုပ်သင့်ပေ။

## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၇ မှ ဒီဇင်ဘာလ ၁၅

သင်၏ အမျက်ဒေါသကို ထိန်းချုပ်နိုင်အောင် ကြိုးစားပါ။ ဝေဖန်ချက်ပေးခြင်း၊ သို့မဟုတ် သုံးသပ်ချက်အမြင်ကို ထုတ်ဖော်ပြရာ၌ သတိရှိရှိဖြင့် ဆင်ခြင်ပြီးမှ ပြောဆိုပါ။ သင်သည် အကယ်၍ အငြိမ်းစားယူလိုက်သောအခါ အထီးကျန်နေပါလိမ့်မည်။ မိသားစုအဖွဲ့ဝင်များသည် တခြားသို့ ရောက်နေကြပေလိမ့်မည်။

## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
## ဒီဇင်ဘာလ ၁၆ မှ ဇန်နဝါရီလ ၁၃

စီးပွားရေးလုပ်ငန်းသဘောတူညီမှု၊ ခရီးသွားရေးအစီအစဉ်များ၊ ဘဏ်တွင် ငွေဆက်လက်ချေးယူနိုင်ရေးဆက်လက်ထားရှိရန်၊ ဆောက်လုပ်ရေးစီမံချက်တစ်ခုအတွက် ငွေချေးရန်၊ သို့မဟုတ် စီးပွားရေးတိုးချဲ့ရန် စသည်တို့တွင် ပက်ကျိခြေလှမ်းလှမ်းနေသလို ဖြစ်နေပေလိမ့်မည်။ နှောင့်နှေးနေ၍ သင်စိတ်ပျက်နေပါမည်၊ စိတ်ရှည်ရှည်ထားပါ။ အောက်တိုဘာလ ၂၄ ရက်နေ့ နောက်ပိုင်း၌ သင်၏ ကံကြမ္မာတောက်ပစွာ လင်းထိန်လာပါလိမ့်မည်။

ဦးတိုး(တက္ကသိလ)

***Reference:***

The Bangkok Post's LIFE
Year of the HORSE
Your month-by-month
horoscope for 2014
By MOHDU PAISARN



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

# မဟာ့အမွေနှစ်များ ဦးခိုက်ပူဇော်

မောင်စိုးထိုက်(သုံးဆယ်)



မြန်မာ-တရုတ် နယ်ခြား ပြည်နယ်သို့ ဘုရားဖူးနှင့် လေ့လာရေးခရီး

ယနေ့ မဟာသင်္ကြန်အကြတ်နေ့(၁၅-၄-၂၀၁၄) နံနက် ၅း၃၀ နာရီတွင် ဗိုလ်တဲကနေ စိန်ကမ္ဘာတည်းခိုခန်းသို့ သွားနိုင်ဖို့ ကိုသိန်းဇော်(ရွှေလီဦး)တုတ်တုတ် ကြိုတင်မှာထားပေးသည်။ အမှန်တော့ ၆း၃၀ ရောက်လျှင်မှီပါလျှက် ကြိုထွက်ခြင်း ဖြစ်ပါသည်။

နံနက် ၇း၀၀ နာရီ နယ်စပ်ဖြတ်ကျော်ခရီး စတင်မှာမို့ သင်္ကြန်ရေရွဲနှင့်သွားလျှင် မဖြစ်ဟုတွေးပြီး စောစောထွက်ခဲ့ခြင်း ဖြစ်ပါသည်။ ၅း၄၅ နာရီလောက် စိန်ကမ္ဘာ(၃)ထပ် ၂ ဆောင်တွဲ ဟိုတယ်သို့ ရောက်ဖြစ်သည်။

ဟိုတယ်အခန်းတွင် တည်းခိုသူတို့ တစ်ဦးတစ်ယောက်မျှ မတွေ့ရသေးသဖြင့် ပတ်ဝန်းကျင်တွင် နံနက်ခင်းအဆာပြေ စားနိုင်ရေး ဆိုင်ရှာကြသည်။ ခုံငယ်လေးများခင်းနေသည့် ရှမ်းစာဆိုင်၊ တွန်းလှည်းပေါ်တွင် ခင်းနေသည့် မုန့်ဟင်းခါးဆိုင်လေးများကို ဆိုင်ခင်းပြီးသည်အထိစောင့်ပြီး စာရေးသူ၏ မိသားစုတွေက ရှမ်းစာနှင့် မြန်မာမုန့်ဟင်းခါး ဈေးဦးပေါက် စားသုံးသူ ဖြစ်တော့သည်။

စာရေးသူက လမ်းတစ်ဖက်ရှိ(နွားနို့နှင့် အသင့်ဖျော်ကော်ဖီရောင်းသည့်ဆိုင်တွင် ကော်ဖီမှာပြီး အသင့်ယူလာသော ပေါင်မုန့်နှင့် နံနက်ခင်း အဆာပြေ စားသောက်သည်။ အိမ်ရှင်မက မုန့်ဟင်းခါး၊ သမီးနှင့်သား (၂)ဦးက ရှမ်းစာစားတတ်ကြသည်။ ကြိုက်ကြသည်။ သူတို့အတွက် စားသောက်တိစ္စ မပူရတော့ပါ။ စာရေးသူနှင့် အိမ်ရှင်မက အစားအသောက်တိုင်း စားသောက်၍မဖြစ်။ အစာကြေရန် နှောင့်နှေးသော အစားအစာမှန်သမျှကို ရှောင်ဖြစ်တာ များသည်။ နေ့စဉ် (၂)ကြိမ် (၃)ကြိမ် ဆေးသောက်ရန်အတွက် တစ်ခုခုတော့ ဖြစ်အောင်စားပြီး အစာခံထားဖြစ်ပါသည်။

စားသောက်ပြီး ငွေလဲရေးကိစ္စ ဆောင်ရွက်ရသည်။ ယွမ်ငွေများကို ရှမ်းလွယ်အိတ်ကြီးနှင့်လွယ်ပြီး မြန်မာတွေကို မြန်မာငွေ ၁၅၅ လျှင် ယွမ်ငွေ ၁ ယွမ် အဖြစ် "မတရုတ်မ" က လဲပေးသည်။ ယနေ့ (၁၆-၄-၂၀၁၄) နံနက် ၇း၀၀



www.burmeseclassic.com

www.burmeseclassic.com

နာရီဝန်းကျင်ကတည်းက ရွှေကြေးစည် ဘုရားဖူး Guide က ဘုရားဖူးအားလုံးကို မတရုတ်မလက် ဝကွက်လိုက်ပုံရသည်။

ပြည်ပခရီးသွား မြန်မာဘုရားဖူးကြသူများ ဖြစ်သဖြင့် မြန်မာပီပီ အချင်းချင်းဖေးမကူညီ နယ်စပ်ဖြတ်ကျော် ယာယီ Borderpass ဖြင့် တရုတ်နယ်မြေအစ ကြယ်ခေါင်ဒေသကို ရောက်ကြသည်။ ဘုရားဖူးလူပေါင်း တစ်ရာကျော်ထဲမှ . . . ဘုရားဖူးအတော်များများမှာ မြန်မာ Guide ဆရာတွေ မတွေ့၊ မတရုတ်မလည်း မမြင်၊ သူများနိုင်ငံမှာ ကြုံရာထိုင်လို့လည်း မဖြစ်၊ ထိုင်မိသူကို ဖိနပ်လာတိုက်ပေးပြီး ငွေတောင်းခံရဦးမည်။ ရပ်နေစရာလည်း သစ်ရိပ်ဝါးရိပ်မရှိ နေပူလှမ်းခံနေရသလို ဖြစ်နေသည်။

မိနစ် ၃၀ ကျော်လောက်ကြာမှ လူ (၈)ဦး (၉)ဦးဆန့် ဒေသသုံးကားလေးတွေ တစ်စီးချင်း ဝင်လာသည်။ ဦးရာလူတက် တစ်စီး (၈)ယောက် (၉) ယောက်တက် ပြည့်ရင်ထွက်၊ (မြန်မာ၊ အင်္ဂလိပ် စကား မတတ်သည်လား၊ မတတ်ချင်ယောင်ဆောင်နေသည်လားမသိ တရုတ်စကားပင် တစ်ခွန်းမှ မပြောသော)ယာဉ်မောင်းက သူပို့ချင်တဲ့နေရာများသို့ (ကြိုတင်မှာထားကောင်း မှာထားမည်ထင်ပါသည်) မြန်မာစံတော်ချိန် (၈း၄၅ AM)တွင် စတင်ပို့ပေးသည်။

စာရေးသူတို့ပါသော ကားလေးသည် စည်တော်တစ်ဖက်တစ်လုံး ထိပ်မှာထားသည့် မြန်မာအငွေ့အသက်ပါသော မုခ်ဦးရှိ ဘုရားဝင်းတစ်ခုတွင် ရပ်ပေးပါသည်။ ဖူးချင်တာဖူး၊ ကြည့်ချင်တာကြည့်၊ ရှင်းပြမည့်သူ မရှိ၊ မြန်မာဘုရားဖူး ကားကြီးသုံးစီး၊ လူတစ်ရာကျော်အတွက် ကားလေး (၁၃)စီး ငှားထားသည်ဟု သိရသည်။ (၁၃)စီး ယာဉ်တန်းဖြင့်မသွား၊ အုပ်စုတွေ အကွဲကွဲအပြားပြားနှင့် သွားပြီး ဦးဆောင်သူမရှိ ရှင်းပြမည့်သူ နတ္ထိဖြစ်နေသည်။ ကိုယ့်သဘောကိုဆောင်နေကြရသည်။

ကားကြီး(၃)စီးပေါ်မှ ဘုရားဖူးဓမ္မမိတ်ဆွေအားလုံးသည် ၁၉၉၀ ပြည့်နှစ်မတိုင်မီကတည်းက ဖြစ်တည်လာသော ရွှေကြေးစည် ဘုရားဖူးလုပ်ငန်းကိုလည်းကောင်း၊ ဝါရင့်လုပ်ငန်းရှင် ဆရာမကြီးဒေါ်စမ်းစမ်းအောင်ကို ယုံကြည်လေးစားအားကိုး၍လည်းကောင်း ပို့ဆောင်မည့်ခရီးစဉ်၊ သတ်မှတ်ငွေ၊ ဝန်ဆောင်မှု စီမံမှုကို နှစ်ဦးနှစ်ဖက် သဘောတူ လိုက်နာခံစား ပီတိပွားပြီး သဒ္ဓါထက်ချင်၍ လိုက်ခဲ့ခြင်း ဖြစ်ပါသည်။

မတရုတ်မကို အားကိုးယုံစားပြီး လိုက်ပါခဲ့ခြင်း မဟုတ်၊ ယခုလိုဖြစ်ခဲ့သည်မှာ ဆရာမကြီး ဒေါ်စမ်းစမ်းအောင်၏ စေတနာသဒ္ဓါအား ချိုယွင်း၍ မဖြစ်နိုင်၊ လိုက်ပါတာဝန်ခံသူတို့ စီမံခန့်ခွဲဆောင်ရွက်မှု လိုအပ်သေး၍ ဖြစ်နိုင်ပါသည်။

□

စာရေးသူက စာပေသမားပီပီ မှတ်နိုင်သမျှ မှတ်ရသည်။

မြန်မာ့အငွေ့အသက်ပါသော မုခ်ဦးအတွင်းရှိ မြန်မာ့ပန်းပု မတ်ရပ်ကိုယ်တော် ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဦးစွာဖူးခွင့်ကြုံ၍ ဖူးကြပါသည်။ ဘုရားဝန်းတစ်နေရာတွင် အနည်းဆုံးပေ (၁၀၀)ပတ်လည်ခန့်ရှိ ခန့်ညားသော အုတ်ဓမ္မာရုံကြီးအတွင်း ညာဏ်တော် (၉)ပေခန့်ရှိ မြန်မာပန်းပုဟန် မဟုတ်သော ထူးခြားသည့် ဗုဒ္ဓရုပ်ပွားတော်ထိုင်ကိုယ်တော် သုံးဆူကို ဖူးကြရပါသည်။ ကိုယ်တော်ကြီး (၃)ဆူရှေ့တွင် ဖရဲသီးပုံသဏ္ဌာန် ရွှေတုံးကြီး (ရုပ်တုရွှေချ ဖြစ်နိုင်သော) (၄)တုံး ကပ်လှူထားသည်ကို ထူးထူးခြားခြား ဖူးခွင့်ကြုံရပါသည်။

ဘုရားဝင်းအတွင်းမှ နေမင်းကို မျက်နှာမူပြီး အရပ်ဒေသ မှတ်ရမည်ဆိုသော် တောင်ဘက်ခြမ်းတွင် ပေ(၁၀၀/၁၅၀)ခန့် တောင်ကုန်းပေါ်၌ ရွှေဖရုံသီးသဏ္ဌာန် ကျောက်လုံးတော်ကြီးအပေါ် တည်ထားသော စေတီကို ဖူးခွင့်ကြုံရပါသည်။


စေတီတော်လှေကားအစမှ ရင်ပြင်အထိ အမြင့်ကိုးပေခန့်ရှိ ရုပ်လုံးကြွများဖြင့် သုမေဓာ ရှင်ရသေ့ကို ဗျာဒိတ်ပေးဘုရားနှင့် နောက်ပါသံဃာများဖြင့် သရုပ်ဖော်ထားသည်မှာ စာမဲ့ဗုဒ္ဓဝင်အဖြစ် ကြည်ညို ခွင့်ရခဲ့ပါသည်။

စာရေးသူ စီးခွင့်ရသောကားပေါ်တွင် ဧရာဝတီတိုင်းမှ ကရင်မလေး (၃)ဦး၊ စာရေးသူမိသားစု (၅)ဦးနှင့် လူစုမခက်၊ ဖူးပြီးကားပေါ်တက်၊ ခရီးဆက် စနစ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ခရီးဆက်ကြသည်။ (တရုတ် + မြန်မာ) Guide ဆရာ/ဆရာမတို့ မတွေ့မမြင်ရ၊ သို့သော် ယာဉ်ငယ်လေးများ သူကားဝင်၊ ကိုယ့်ကားထွက်စနစ်ဖြင့် စာရေးသူတို့အတွက် တရုတ်လူမျိုး ကားမောင်းဆရာနှင့် အသံမဲ့ ဘာသာရပ် (လက်သင်္ကေတ)ဖြင့် ခရီးဆက်ကြသည်။

နံနက်(၉း၅၀ AM)တွင် မြန်မာ-တရုတ် နယ်စပ် တံတားဟောင်းနှင့် ချစ်ကြည်ရေးတံတားသစ်ကို ရောက်ဖြစ်သည်။ ဤတံတားများနှင့် စပ်ဆိုင်၍ စာရေးသူတို့ မြန်မာ့သမိုင်းတွင် အတိတ်ပုံရိပ်ဆိုးများရှိခဲ့၊ ကျန်ခဲ့သည်ကို ပြန်လည်သတိရလိုက်မိသည်။ သို့သော် ယနေ့ကာလသည် နှစ်နိုင်ငံချစ်ကြည်ရေးများ ဖွံ့ဖြိုးတိုးတက်နေသည့် ပြင် ငြိမ်းချမ်းသည့် ဒေသလည်း ဖြစ်နေသဖြင့် ချမ်းမြေ့ဖွယ် တွေ့ထိခံစားရပါသည်။

ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာမှာ တံတားထိပ်တွင် ကြီးကျယ်ခမ်းနားသော မြန်မာ့ကျောက်မျက်ရတနာ၊ အရိုင်းတုံး၊ အချောတုံး၊ လက်ဝတ်ရတနာများကို တခမ်းတနား ခင်းကျင်းရောင်းချသည်မှာ မြန်မာနိုင်ငံမှာ သယံဇာတ အဘယ်မျှပေါသည်ကို နိုင်ငံတကာက မသိမဖြစ် သိစေရော့ဟု ရည်ရွယ်ချက်ဖြင့် ပြသရောင်းချနေသည်ဟု ပင် အတွေးဝင်ခဲ့ပါသည်။ ဤပြခန်းရှေ့တွင် မြန်မာနိုင်ငံမှ အခြားအခြား ဘုရားဖူးလုပ်ငန်းများအဖွဲ့နှင့် လိုက်ပါသူ ကိုယ်ပိုင်ကားနှင့်လာကြသူ မြန်မာမိတ်ဆွေ မြောက်များစွာနှင့် ဆုံကြတော့ ပီတိအနန္တ ဖြစ်ရပါသည်။

ထူးထူးခြားခြား တပည့်မလေး မဥမ္မာသန့်(ထက်လင်းရင်လူးဆေး)က သူမိသားစုနှင့်အတူ သူ့ခင်ပွန်းကို ဖေးမကူညီတွဲခေါ်ပြီး မြန်မာပြည်သာမက နယ်ခြားမြို့ အထိ ပို့ဆောင်ပေးမှုကို သာခုခေါ်မိပါသည်။ စိတ်ထား မဖြူလျှင် ဤပါရမီကုသိုလ်ကို ပြုနိုင်ရန်ခက်ပါသည်။

(၁၀း၁၀ AM)လောက် စာရေးသူတို့ လိုက်ပါလာသော မော်တော်ယာဉ်ငယ်လေးသည် အရိပ်မထွက် စေတီဟုဆိုသော ဘုရားဝင်းသို့ ရောက်ကြသည်။ စေတီမှုဗြာသည် မြန်မာစေတီပုံများနှင့်မတူ။ မြန်မာစေတီအများစုသည် အခြေကြီးကျယ် ခိုင်ခန့်စွာ တည်ဆောက်ပြီး အဆင့်ဆင့် အချိုးကိုက် ငှက်ပျောဖူးထိပ်ထိ သေးသွယ်သွားကြသည်က များပါသည်။ ဤစေတီကို ပိန်ရှည်ရှည် တည်ထားသည်။ သွယ်ပျောင်းသည့်သဏ္ဌာန်ပေါ်သည်။ သူ့ဒေသ သူ့အရပ်တွင် ထူးခြားအံ့ဖွယ် စေတီငယ် ဖြစ်မည်ဟု ထင်ပါသည်။ ကြည်ညိုဖွယ်ကောင်းပါသည်။ ဤစေတီအား မြန်မာပြည်ဖွား၊ အမေစောမွန်လှ တည်ထားခဲ့သည်ဟူသော အယူအဆ သမိုင်းသတင်း အမှတ်မထင် စကားကြားလိုက်မိသည်။

စောမွန်လှ ။ ။ နန်းချောင် နိုင်ငံသားများ ဘုန်းတန်ခိုး ကြီးမားခဲ့ပုံကိုလည်းကောင်း၊ နန်းချောင်တို့ တိုက်ခိုက်သည့် လက်ချက်ကြောင့် ပျူပြည် ပျက်စီးရပုံ စာဖတ်သူများ ဖတ်မှတ်ဖူးကြပါမည် ထင်ပါသည်။ နန်းချောင်တို့၏ မြို့တော် တည်ရှိရာ တရုတ်ပြည်တောင်ပိုင်း ယခု ယူနန်နယ်ရှိ တာလီဖူမြို့သို့ အနော်ရထာမင်းကြီးသည် စစ်သည် ရဲမက် အလုံးအရင်းနှင့် ကုန်းကြောင်း ရေကြောင်း ချီတက်ခဲ့





www.burmeseclassic.com

www.burmeseclassic.com

သည်။ တာလီဖူမြို့တော်သို့ ရောက်သောအခါ နန်ချောင်ဘုရင်သည် အနော်ရထာမင်းကြီးအား ကောင်းစွာပြုစုဧည့်ခံသည်။ အနော်ရထာမင်းကြီးမှာ နန်ချောင်ဘုရင့်ထံမှ မြတ်စွာဘုရား၏ စွယ်တော်ကိုပင့်ရန် ရည်ရွယ်ချီတက်လာသော်လည်း၊ စွယ်တော်ကိုကား မရခဲ့ပေ။ နန်ချောင်ဘုရင်ပေးအပ်သော မြဆင်းတုကိုသာ ပင့်ဆောင်ကာပြန်ခဲ့ရ၏။

မောမင်းသမီး ။ ။ အနော်ရထာမင်းကြီးအား အင်အားကြီးများလှသော နန်ချောင်ပြည်ကပင် လေးစားခံညားရှိသေသည်ကိုထောက်လျှင် အမှူးပြုသော ပုဂံခေတ်မြန်မာတို့၏ အင်အားမည်မျှ တောင့်တင်းနေသည်ကို ခန့်မှန်းနိုင်ပါသည်။ နန်ချောင်တို့ထံမှ မြန်မာနိုင်ငံသို့ အပြန်ခရီးတွင် 'မော်'အမည်ရှိသော ရှမ်းပြည်ကိုအုပ်စိုးသည့်မင်းက သမီးတော် စောမွန်လှ ဆက်သလိုက်၏။ မြန်မာရာဇဝင်တို့၌ စောမွန်လှကို အနော်ရထာမင်းကြီးက မြတ်နိုးသည်ကြောင့်၊ စောမွန်လှအပေါ် မလိုမုန်းထားသူများက ချောက်ချတော်မူခြင်းကြောင့် ကွပ်မျက်ရမည့်အခြေအနေကို ပျက်ကွယ်ပြုကာ ဒဏ်ခံသိပေးသည်ဟု မှတ်သားရပါသည်။

ထိုသို့ ပြည်နှင်ခံရသော စောမွန်လှ မင်းသမီးသည် မောပြည်သို့အပြန်၊ မန္တလေးမြို့၏ အရှေ့တောင်ဘက် တောလမ်းခရီး၌ ရွှေစာရံစေတီကို တည်ခဲ့ရာ၊ ယခုအချိန်အထိ တည်ရှိပါသည်။

တရုတ်ပြည်သည်၊ မြန်မာနိုင်ငံရှိ ရှမ်းပြည်နယ်နှင့် ထိစပ်နေသည်ကတစ်ကြောင်း၊ အနော်ရထာမင်း-မိဖုရား စောမွန်လှသည် သာသနာပြုမိဖုရားတစ်ပါး ဖြစ်သည်ကတစ်ကြောင်း၊ တစ်ချိန်က မြန်မာ့မြေပုံတွင် ပါဝင်သော မြန်မာပိုင်မြေအချို့ ယနေ့ တရုတ်ပိုင် ဖြစ်နေသည်ကို ထောက်ချင့်ကြည့်မိသည်ကတစ်ကြောင်း၊ စာရေးသူတို့ဖူးခွင့်ရသော တရုတ်ပြည်ရှိ အရိပ်မထွက်ဘုရားအား အမေစောမွန်လှ တည်ခဲ့သည်ဟု အမှတ်အယူ ရှိနေမှုသည် အကြောင်းမဲ့မဟုတ်၊ အစဉ်အဆက် လက်ခံ၍သာလာကြ ယနေ့အထိ စွဲမှတ်ထင်ပေါ်ဟန် ရှိပါသည်။

စောမွန်လှ၏ သာသနာပြုမှတ်စုကို ဖတ်ရှုပြီး အရိပ်မထွက်ဘုရား တည်ရာဒေသသည် တစ်ချိန်က ရှမ်းနယ်ဖြစ်ခဲ့ပါလျှင် သာသနာပြုမင်း၏ မိဖုရား၊ သာသနာပြုအထုံပါသည့် ရှမ်းနယ်မင်း၏ သမီးတော်တစ်ပါးမို့ အရိပ်မထွက်စေတီအလှူရှင် အမေစောမွန်လှ ဆိုသည်ကို အထောက်အပံ့ ဖြစ်စေရန် မောမင်းသမီး စောမွန်လှ၏ သာသနာပြုမှတ်စုကို တင်ပြမိခြင်း ဖြစ်ပါသည်။

□

စေတီတော်ဘေးရှိ ဓမ္မာရုံကြီးတွင် မြန်မာဆန်သော ရုပ်ပွားတော်ကြီး ရုပ်တုသုံးဆူကိုလည်း ကြည်ညိုခွင့်ရပါသည်။

ထူးခြားမှုများက ဘုရားခြေတော်ရင်း(အန်ကလုံ) (၆)ဝိုင်းက ဆူညံအော်ဟစ် လောင်းကစားနေကြခြင်း ဖြစ်သည်။ မြန်မာဘုရားဖူးများ သတိပြုဖွယ်ဖြစ်ပါသည်။ (အနိုင်ထက် အရှုံးများမည့်) လောင်းကစား ဖြစ်နိုင်ပါသည်။

(၁၀း၃၀ AM)တွင် ရှေ့ခရီးဆက်ကြရပြန်သည်။ ရှွေခင်းသာတောင်ပေါ်သို့ ဖြစ်ပါသည်။

ရှွေခင်းသာ တောင်ပေါ်တွင် ရေကာတာမြင်ကွင်း၊ ရေကူးကန်မြင်ကွင်းနှင့် အရိပ်မထွက် စေတီဘုရား အဝေးမြင်ရှုခင်းများက ဘုရားဖူးများကို စိတ်ရွှင်လန်း ကြည်နူးသွားစေပါသည်။

တောင်တက်ခရီး (၁၀)မိနစ်ခန့် တက်လိုက်ပါက ယောကျ်ားတစ်ထိုင်ခန့်ရှိ ပြည်သူ့တရားရှင်ပေါင်ချိန်ရုပ်တုနှင့် ဦးစွာတွေ့ဆုံရပါသည်။ ပေါင်ချိန်ရုပ်တုနောက်ဘက် အမြင့် ၁၀ ပေခန့် ထပ်မံတက်မည်ဆိုပါက ဝဝဖိုင့်ဖိုင့် ပြုံးပြုံးကြီးကြည့်နေသော အန်းကုန်းရုပ်တုတော်ကြီးက (ခန့်မှန်း အနံ ၅၀ ပေ× အမြင့် ၇၅ ပေ)မျှရှိမည်ထင်ပါသည်။ နောက်ခံ ကျောက်နံရံနှင့် သဘာဝသစ်တောကို အမှီပြု ထုလုပ်ထားသည်။

နောက်နံရံကျောက်သားရောင် သဘာဝသစ်တောအလှရှေ့ရှိ အန်းကုန်းရုပ်တုက ရွှေရောင်ဝင်းဝင်းမို့ ဘုရားဖူးလာကြသူတိုင်း ပြုံးပျော်ကြသည်။ အမှတ်တရ ဓာတ်ပုံရိုက်သူ များပြားလှသည်။

ဤတောင်ကုန်း(ရှွေခင်းသာကုန်း)တွင် လူကြီး၊ ကလေးများ အလွန်နှစ်သက်သည်မှာ ကျောက်ဂူကို (ကလေးကစားခန်း) သရဲဂူအဖြစ် ဖန်တီးစီးပွားရှာမှု ဝါကို



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဖြာပြီး(အကွေ့တစ်ထောင်၊ ဘစ်ကွေ့အထောင်) ကစား ကွင်းဖြင့် စီးပွားရှာမှု အသံသာလာပြီး၊ အဆန်မပါသော အပြောက်ကြီးများ ပစ်နိုင်သည့် စီးပွားရှာမှုတို့က တရုတ်တို့က မြန်မာဘုရားဖူးများထံမှ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကြည်နူးပျော်ရွှင်မှုအတွက်၊ တန်ဖိုးငွေ ဖဲ့ယူသွားနိုင်သည့် စွမ်းဆောင်ရည်ကိုလည်း ချီးမွမ်းရမည် ဖြစ်ပါသည်။

(၁၂း၁၀ AM) အန်းကုန်းတောင်ပေါ်မှ ရှေ့ခရီးဆက်ကြသည်။ ယာဉ်တန်း(၅)စီးခန့် တွဲထွက်ခဲ့ကြသည်။ ကျန်(၈)စီး ဘယ်သို့ရောက်နေသည်မသိ။ (မြန်မာ၊ တရုတ် Guide)တို့နှင့်လည်း တစ်ဘဝစီ ခြားနေသည့်သဖွယ် ဖြစ်နေပါသည်။ ကားမောင်းချိန် ၁၀ မိနစ်ခန့်အကြာ ကားလမ်းဘေးတစ်နေရာတွင် ကားရပ်ပေးသည်။ ဘုရားဖူးရန် ထင်၍ ဆင်းကြသည်၊ ဘုရားဖူးရန် မဟုတ်။ နေ့လယ်စာ ထမင်းဝယ်စားရန် ရပ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့က လမ်းဘေး ထမင်းဆိုင်အဆင့် ဆိုင်ငယ်လေးတွင် ရောင်းသူ တရုတ်မလေးတစ်ဦးနှင့် အနားတွင် ပြောင်းနှင့် အသက်ရှူနေသော အမျိုးသား ဘစ်ဦးသာရှိသည်၊ ကိုယ့်ငွေနှင့်ကိုယ် ဝယ်စားရမည့် အစီအစဉ် ဖြစ်သဖြင့် ကိုယ်တိုင် တိုးဝှေ့ယူ ငွေချေ အဆင်ပြေသလို စားကြရသည်။ ငွေ(ယွမ်) ပေးနိုင်ပါလျက် ထမင်းမရှိ စားရေးသူတို့ မိသားစု(၅)ဦး ထမင်း (၂) ပွဲရ၍ မျှတစားကြသည်၊ အချို့တော်ကြသည်၊ ထမင်း၊ ဟင်း မလုံလောက်၍ ဈေးသည်က ဈေးအရောင်း ရပ်ပစ်လိုက်သည်။ ဘုရားဖူးဧည့်သည်တွေ ဒေသမကျွမ်း၍ ငတ်သည်ထက် ရွှေကြေးစည် Guide အဖွဲ့တွေပင် ဆိုင်ပြောင်းပြီး ရရာအဟာရ ဖြည့်ရကြောင်း ကြားသိရသည်။ အားကိုးလောက်တဲ့ Guide ဆရာတွေပါတကား။

တစ်ဦးတစ်ယောက်၏ အကျိုးစီးပွား၊ ဂုဏ်သိက္ခာ ထိစေလို၍ မဟုတ်ပါ။ ခရီးလမ်းညွှန်နှင့် ဝန်ဆောင်မှု အစီအစဉ် ပိုမိုကောင်းစေချင်၍ ဖြစ်ပါသည်။

လိုက်ပါသူများမှာ အသက်အရွယ်အလွှာ ပညာသဘာ၊ ဝါ၊ ဌာနဆိုင်ရာအသင်းအဖွဲ့၊ စီးပွားရေး လုပ်ငန်းရှင် ကုမ္ပဏီဝန်ထမ်း ရာထူးအစုံစုံ အသက်ကြီးသူ ငယ်သူ အဖုံဖုံ ပါဝင်သည်။ ခွေတာစုဆောင်းခြိုးခြံပြီး ဤခရီးလိုက်သူများလည်း ပါကြသည်။

အတွေ့အကြုံနည်းသူ၊ အဖော်မပါ၊ အားကိုးမရှိသူတွေ၊ ငွေရှိလျက်နှင့် ထမင်းဝယ်စားခွင့် မရဖြစ်ကြရသည်မှာ မဖြစ်အပ် မဖြစ်ထိုက်ကိစ္စ ဖြစ်ပါသည်။ မတရုတ်မက မြန်မာ ဓမ္မမိတ်ဆွေများကို ခေတ်ကာလစကားကလေးနှင့် ပြောရလျှင် ကောင်းကောင်းရိတ်လိုးခွင့်ရအောင် မြန်မာ Guide များက ခွင့်ပြုလိုက်လေသည်လား မသိနိုင်ပါချေ။ ဘိုးသူတော်လည်း တောင်ဝေးကို မကယ်နိုင်၊ တောင်ဝေးလည်း ဘိုးသူတော်ကို မကယ်နိုင် ဖြစ်တော့သည်။ ကိုယ့်သဘောကိုယ်ဆောင် ရှင်းပြသူမရှိ ယာဉ်မောင်းဆရာ မောင်းထွက်လျှင်လိုက်၊ ရပ်လျှင်ဆင်း စနစ်ဖြင့် ရှေ့ခရီးဆက်ကြပြန်သည်။ အချို့က စီးပွားရေး၊ အချို့က အိမ်သုံး၊ အချို့က လက်ဆောင်ပေးဖို့ ဝယ်ယူရန် မျှော်လင့်ထားသော ရွှေလီဈေးကို ရောက်ချင်နေကြသည်၊ ကားဆရာက သူ့စိတ်ကူးနှင့်သူ ဈေးကြီးတစ်ဈေးကို ပို့ပေးသည်။ ကား (၅)စီး၊ (၆)စီး ဆုံသည်။ ဈေးဝယ်လိုသူတွေ ဈေးဆိုင်များ လှည့်လည်လေ့လာကြသည်။

'ရန်ကုန်ထက် ဈေးကြီးသည်' ဟု အသံတူထွက်လာကြသည်၊ ခရီးသည်များ စိတ်ပျက်ပြီး အရိပ်ရှိရာ နေရာတွင် နားနေသည်၊ အချို့အအေးဆိုင် ကော်ဖီဆိုင် ထိုင်သည်။ ထွက်လာတော့ ခွက်ဖိုးပါချေရသည်ဟု ဆိုကြသည်။ (၁)နာရီခန့်အကြာ ယာဉ်(၁၃)စီး ဆုံသည်။ Guide ဆရာများက သူတို့ကို မစောင့်ရကောင်းလားဟု ဆူပြောပြောသည်။

အကျိုးမဆောင်ဘဲ၊ ရှောင်နေပြီး ယခုမှ ဤစကားမျိုး ပြောသည်ကို လက်မခံနိုင်ကြ၍ ဒေါသဖြင့် ခွန်းတုံ့ပြန်သည်။အဖုအထစ် ဖြစ်ကြရတော့သည်။ ဖြစ်စဉ်က-

လက်ရှိရောက်နေသော ဈေးသည် ရွှေလီဈေး မဟုတ် ဟွဖုန်းဈေး ဖြစ်နေသည်။ ကားဆရာ မှားပို့တာ (သို့)တွေ့ဖူးစေဖို့ ပို့တာဟု အငြင်းပွားမှု ဖြစ်လာသည်။

အဖုအထစ် မပြေမလည်ဖြင့် ရေပေါ်ကစားကွင်း ပို့ပေးသည်။ ဘုရားဖူးများမှာ စိတ်မကြည်မလင်မှု စိတ်အနှောင့်အယှက်ဖြစ်မှုများ ပြည့်နှက်နေသဖြင့် ရေပေါ်ကစားကွင်းကိုပင် မသွားတော့ဟု ဖြစ်တည်လာသည်။ အချို့က သွားသည်၊ အချို့က စိတ်ငြိုငြင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

မလိုက်ကြတော့ပေ။ လူပြန်စု၊ လူစုံတဲ့ကားတွေ ရွှေလီဈေးကို ဆက်ကူးကြတော့သည်။ ရွှေလီဈေးသည် လက်ဆောင်ပစ္စည်း ဝယ်သင့်သောဈေးမို့ ဈေးဝယ်လိုသူတို့ အထိုက်အလျောက် စိတ်ပြေသွားကြပုံရသည်။ သို့သော် နောက်ဆက်တွဲပြဿနာ ပေါ်လာသည်။

"ယွမ်တွေ မကုန်ရင် မတရုတ်မထံတွင် ပေါက်ဈေး(အောက်ဈေး)အနိမ့်ဈေးဖြင့် ပြန်လဲရန် 'ကိစ္စ' ဖြစ်ပါသည်။ စာရေးသူမိသားစုက မတရုတ်မနှင့် မူလကတည်းက မလဲခဲ့။ မူဆယ်မြို့မှာကတည်းက နယ်စပ်ဂိတ်အနီးရှိ ငွေလဲနေရာတွင် လဲခဲ့သည်။ မတရုတ်မထက် ယွမ်ပိုရသည်။ မိသားစုတွင် သားသမီး(၃)ဦးကို ၄င်းတို့ မိတ်ဆွေများ(သို့)ဆရာ/တပည့်များကို လက်ဆောင်ပေးရန် ကိုယ့်ဆန္ဒနဲ့ကိုယ် ဝယ်ချင်တာဝယ်ဖို့ မြန်မာငွေကျပ်(၆)သောင်းထက် မကျော်စေဘဲ ယွမ်နဲ့လဲ၊ လဲထားတဲ့ယွမ်ကို လက်ကျန်မရှိ အားလုံးဝယ်ဟု အခွင့်အရေးပေးထားသည်။

မြန်မာဘုရားဖူးများကို မတရုတ်မက သုံးသီးစားစနစ်ဖြင့် ဝန်ဆောင်ပေးသည်-

(၁) တရုတ်ပြည် နယ်စပ်ဝင်ရောက်ခွင့်နှင့် တရုတ်ပြည်တွင်း ဝန်ဆောင်မှုအားလုံးအတွက် လူတစ်ဦး (၂၄၀၀၀ိ/) နှုန်းယူသည်။

(၂) မြန်မာငွေနှင့် ယွမ်လဲရာတွင် တရုတ် ၁ ယွမ် မြန်မာငွေ ၁၅၅ နှုန်းဖြင့် လဲပေးသည်။

(၃) ယွမ်ပိုပြန်လဲတော့ မြန်မာငွေ ၅/လျော့ပေး စနစ်ဖြင့် လဲယူပြန်သည်။

**ဘုရားဖူးအဖွဲ့** Guide **လေးတွေက မတရုတ်မလက်ထဲ ဘုရားဖူးများကိုသာ ဝကွက်လိုက်လို့ တော်ပါသေးရဲ့၊ မြန်မာနိုင်ငံကြီးကို ကိုတရုတ်ကြီးလက်ထဲများအပ်လိုက်လျှင် မြန်မာ့သယံဇာတနဲ့ နိုင်ငံသား အားလုံးကိုသူလက်ခုပ်ထဲကရေလို သွန်လိုသွန်၊ မှောက်လိုမှောက်ဆော့မသွေ့ လုပ်ပေလိမ့်မည်။**

အပြန်ခရီးလမ်းကြောင်း ခရီးစဉ်ပေါ်ရှိ( တရုတ်-မြန်မာ) မူဆယ်နယ်စပ်ဂိတ်အနီးရှိ ကြယ်ခေါင်ဈေးတွင် ဈေးဝယ် အရှိန်မသေသေးသူတို့ ဆက်ဝယ်ကြသည်။

စာရေးသူတို့မိသားစုသာ မိမိအစီအစဉ်ဖြင့် မြန်မာပြည်တွင်းသို့ နယ်စပ်ဂိတ်မှတစ်ဆင့် ပြန်ဝင်သည်။ ဗိုလ်တဲသို့ ညနေ ၃း၄၀ နာရီ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

ကြယ်ခေါင်၊ ရွှေလီ၊ ဝမ်တိန်၊ မံစီ၊ ခရီးစဉ်တစ်နေ့တာအတွင်း ခရီးဖော်အားလုံး စိတ်ကြည်နူးမိကြသည်မှာ တရုတ်ပြည်အတွင်းရှိ တရုတ်လူမျိုးပြည်သူများနှင့် မြန်မာတိုင်းရင်းသား ကလေး၊ လူကြီးများ မြန်မာသင်္ကြန်ကို တခမ်းတနား ဆင်ယင်ကျင်းပ လောင်းပက်နေကြသည်ကိုလည်းကောင်း မြန်မာသင်္ကြန်တေးများ ကိုယ်တိုင်သီဆို/သင်္ကြန် သီချင်းဖွင့်ပြီး ကသူကနေကြသည်မှာ ရန်ကုန်၊ မန္တလေး သင်္ကြန်ပွဲတော်နှင့်မခြား ကြုံတွေ့ခဲ့ရ၍ ဖြစ်ပါသည်။

□

ဗိုလ်တဲသို့ ပြန်ရောက်ပြီး ခေတ္တနားကြသည်။ ရန်ကုန်ပြန် လက်ဆောင်ပစ္စည်း ဝယ်ယူရန် အိမ်ရှင်မနှင့် အတူ သမီးနှင့် သားတို့ ဒေသခံညီမတစ်ယောက် အကူအညီဖြင့် မူဆယ် ညနေဈေးသို့ ဈေးဝယ်ထွက်သွားကြသည်။ ဈေးဝယ်ပြီး ပြန်ရောက်လာကြတော့ ည ၇ နာရီ ဝန်းကျင်ရှိနေပြီ ဖြစ်သည်။

ယမန်နေ့ကတည်းက မူဆယ်ဒေသခံ စာရေးဆရာများကို စာရေးသူတို့ မိသားစုက မြန်မာ-တရုတ် နယ်စပ်မြို့ မူဆယ်ကို နှုတ်အကြိုညအဖြစ် မူဆယ်မြို့ ပယ်ရှိစားသောက်ဆိုင်တွင် ညစာစားဖွယ်များဖြင့် တည်ခင်းဧည့်ခံမည်ဟု ချိန်းဆိုထားသည့်အတိုင်း ဧည့်ခံဖြစ်ခဲ့ပါသည်။ ဒေသခံစာရေးဆရာများ သိလိုသည်များ ပြောလိုသည်များကို ညစာစားရင်း မေးကြ၊ ပြောကြသည်ကို မှတ်သားရ၊ ဖြေကြားရ၊ ကိုယ့်ဘက်က ပြောစရာ၊ မှာစရာများ ပြောကြမှာကြနှင့် ည ၉ နာရီထိုးမှ ဗိုလ်တဲသို့ ပြန်အိပ်ဖြစ်ကြသည်။

(ရှေ့လဆက်ရန်)

မောင်စိုးထိုက်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ
# စိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

## ဂျာကာတာမြို့ ဟိုတယ်က တစ္ဆေမလေး

စာရေးသူသည် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက်မှ ၂၃ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ကျင်းပသည့် အာဆီယံစာပေပွဲတော်သို့ အခွင့်ကြုံ၍ တက်ရောက်ခဲ့ရပါသည်။ အဆိုပါ အာဆီယံစာပေပွဲတော်သို့ မြန်မာနိုင်ငံ စာရေးဆရာများအသင်းနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့မှ တစ်ဦးစီစေလွှတ်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ အကြောင်းကြားလာချက်အရ ထိုစာပေပွဲတော်သို့ မြန်မာနိုင်ငံ စာရေးဆရာများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုသသကျော်ဝင်း) နှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စာရေးသူတို့က မိမိတို့၏ ကိုယ်ပိုင်ခရီးစရိတ်ဖြင့် သွားရောက်ဖြစ်ခဲ့ပါသည်။ စားသောက်စရိတ်၊ တည်းခိုခကို သက်ဆိုင်ရာမှကျခံပါသည်။



အာဆီယံစာပေပွဲတော်ရောက် စာရေးဆရာမနုသသကျော်ဝင်းနှင့် စာရေးသူ (အလယ်မှ မိန်းကလေးမှာ ဟိုတယ်တစ္ဆေမလေး မဟုတ်ပါ။ စာပေကိုယ်စားလှယ်တစ်ဦး ဖြစ်ပါသည်။)

အာဆီယံ စာပေပွဲတော်တွင် စာရေးသူတို့နှစ်ဦးသည် စာပေပွဲတော်ကော်မတီ၏ အစီအစဉ်ဖြင့် ဂရင်းအလိုင်ယာဆီကီနီ ဟိုတယ်ကြီးတွင် တည်းခိုရပြီး သုံးရက်ကြာ စာပေပွဲတော်ကြီးကို တက်ရောက်ခဲ့ရပါသည်။ စာရေးသူတို့ကို Guide လမ်းညွှန်ပြုပေးသော အင်ဒိုနီးရှား ကောလိပ်ကျောင်းသူလေးနှင့် စကားစပ်မိရာ ပြောကြားရင်း စာရေးသူသည် ဝိညာဉ်လောကများအကြောင်း ရေးသားသူဟု သူမ သိသွားသောအခါ သူမက ပခုံးလေးတစ်ချက်တွန့်ပြရင်း သူမကတို့ဆီမှာလည်း တစ္ဆေသရဲ ယုံကြည်မှုရှိကြောင်း၊ ဂျာကာတာမြို့ ဗီလာဘူဟာန်ရာဟူအရပ်ရှိ ဟိုတယ်က တစ္ဆေမလေးအကြောင်းကို စာရေးသူအား ပြောပြခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့



www.burmeseclassic.com

www.burmeseclassic.com

နှင့် မလုပ်မကမ်းရှိ ကမ်းခြေတွင် တည်ရှိသော ပီလာဘူဟန်ရာဟူအရပ်ရှိ ဆာမူဒရာဟိုတယ်တွင် အစိမ်းရောင်ဆရုလဲလုံချည်ဝတ်ထားသော သရဲမလေးရှိသည်ဆိုသော တီးတိုးစကားကြောင့် လာရောက်တည်းခိုသူ များပြားစည်ကားနေကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တောင်ဘက် ၉၀ ကီလိုမီတာအကွာတွင်ရှိသော ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတွင် ဟိုတယ်အမြောက်အမြားရှိသည့်အနက် လေးနာရီကြာအောင် ဂျာကာတာမှ ကားနှင့်သွားရသော ပီလာဘူဟန်ရာဟူအရပ်ရှိ ထိုဟိုတယ်သည် အစိမ်းရောင်သရဲမ ရှိ၍ လူအများ စိတ်ဝင်စားနေခဲ့ကြောင်း။

အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးသမ္မတကြီး ဆူကာနိုသည် ပီလာဘူဟန်ရာဟူအရပ်၌ ၁၉၆၂ ခုနှစ်မှ ၁၉၆၅ ခုနှစ်အကြားတွင် ဆာမူဒရာကမ်းခြေဟိုတယ်ကို တည်ဆောက်ခဲ့သည်။ ရှေးအစဉ်အဆက်ပြောခဲ့သော အင်ဒိုနီးရှားပုံပြင်အရ တစ်ခါက တောင်ပင်လယ်မင်းသမီးလေး နာအီလိုရိုကီဒိုသည် ကရန်ဟာဗူးကမ်းပါးပေါ်မှ ခုန်ချခဲ့သည်ဟု ဆိုကြသဖြင့် ထိုသို့ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားခဲ့ခြင်း ဖြစ်သည်။ သမ္မတကြီး ဆူကာနို၏ လမ်းညွှန်ချက်အရ အခန်းနံပါတ်(၃၀၈)ကို မည်သူမျှ တည်းခိုရဘဲ မင်းသမီးလေးနာအီအတွက် သီးသန့်ထားပေးခဲ့ရဖူးသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဟိုတယ်၏ ဈေးကွက်မန်နေဂျာ ယာယတ်က -

"ကျွန်တော်တို့ရဲ့ ပထမဆုံးသမ္မတကြီးက ဒီဟိုတယ်ကို ဆောက်လုပ်နေတုန်း အခက်အခဲတွေ၊ အံ့သြဖွယ် ထူးဆန်းဖြစ်ရပ်တွေနဲ့ ကြုံတွေ့ခဲ့ရလို့ ဝတ်ပြုဆုတောင်းရင်း မင်းသမီးလေးအတွက် အခန်းတစ်ခန်း နေစရာပေးပါ့မယ်လို့ ကတိပေးမှ ချောချောမွေ့မွေ့ဆောက်လုပ်ပြီးစီးသွားရပါတယ်။ ဒါကြောင့် အခန်းနံပါတ် (၃၀၈)ကို သမ္မတကြီးလက်ထက်မှာ ဘယ်ဧည့်သည်မှ တည်းခွင့်မပေးဘဲ မင်းသမီးလေးအတွက် ထားပေးခဲ့ရပါတယ်"ဟု ဆိုခဲ့ကြောင်း။

ထိုမင်းသမီးလေး ပုံပြင်ကား မယုံချင်စရာပင် ဖြစ်သော်လည်း ထိုအရပ်ဒေသတွင် လေလှိုင်းပြင်းထန်မုန်တိုင်းဒဏ်ကို ခံစားရသောအခါတိုင်း အရပ်ထဲမှ မိန်းမချောလေးတစ်ယောက်ယောက်သည် ဤကမ်းပါးပေါ်မှ ခုန်ချကာ သတ်သေလေ့ရှိပေသည်။ တိုက်ဆိုင်မှုလော၊ ကျိန်စာလော မည်သူမျှ အဖြေမရှာနိုင်ပေ။ ရွှေမင်းသမီးလေးသည်ကား အရှေ့ဂျာဗားဘုရင်ကြီး သရုဖ္ဆီလီဝါဂနီနှင့် မိဖုရားချောလေး ကာတီဒါတို့မှ မွေးဖွားလာသော မင်းသမီးချောလေး ဖြစ်သည်။ ဘုရင်ကြီး၏ အခြား မိဖုရားများက မနာလိုပြီး အောက်လမ်းနည်းဖြင့်ပြုစားလိုက်ရာ မိဖုရားကာတီဒါမှာ ကြောက်မက်ဖွယ်ရောဂါဆိုးကြီးဖြင့် ကံတော်ကုန်ခဲ့ရရာသည်။ ရွှေမင်းသမီးလေးကတော့ မျက်စိနှစ်လုံး စုန်းစုန်းကွယ်သွားပြီး ဝေဒနာကို မခံစားနိုင်တော့၍ ထိုကမ်းပါးမှ ခုန်ချသတ်သေသွားခဲ့ရာ ချောမောလှပသော ပင်လယ်နတ်ဘုရားမ ဖြစ်လာခဲ့သည်။ ထိုနတ်ဘုရားမသည် ကမ်းခြေတစ်လျှောက် ကိုယ်ထင်ပြလေ့ရှိပြီး ၎င်းစွဲလမ်းနှစ်သက်သော အစိမ်းရောင်ကို ဝတ်ဆင်မိသည့် တံငါသည်များနှင့်



ဆာမူဒရာကမ်းခြေဟိုတယ်မှ
အစိမ်းရောင်တစ္ဆေမလေး

www.burmeseclassic.com




**စာရေးသူ ဂျာကာတာသို့ရောက်စဉ်က တွေ့ခဲ့ရသော အင်ဒိုနီးရှား တစ္ဆေသရဲ ဇာတ်ကားများ**

ပင်လယ်ကမ်းခြေတွင် ရေချိုးသူများကို ပြုစားလေ့ရှိသည်ဟု ဆိုပါသည်။

သမ္မတဆူကာနို ကွယ်လွန်သောအခါ ဆာမူဒရာကမ်းခြေ ဟိုတယ်သည် အခန်းနံပါတ်(၃၀၈)ကို မင်းသမီးလေး၏ ပုံပြင်အား အမှိသဟဲပြုကာ လုပ်စားခဲလေတော့သည်။ တစ်ခန်းလုံး အစိမ်းရောင် လွှမ်းခြုံထားသည်။ ဆိုဖာအစိမ်း၊ စားပွဲအစိမ်း၊ ကုလားထိုင်အစိမ်း၊ အားလုံး အစိမ်းရောင်ကဲထားသည့်အပြင် မင်းသမီးလေး၏ ပုံတူကိုပါ ချိတ်ဆွဲထားသည်။ ဈေးကွက်မန်နေဂျာကတော့ အခန်းနံပါတ်(၃၀၈)ကို မင်းသမီးလေးအတွက် သီးသန့်မထားစေဘဲ အများပြည်သူ ကြည့်ရှုခံစားနိုင်ရန် တည်းခိုခွင့်ပြုခဲ့သည်။ သူ့အနေဖြင့် မင်းသမီးလေးကို မကောင်းဆိုးရွားအဖြစ် ကြောက်လန့်ခြင်းထက် ချစ်စရာဒဏ္ဍာရီထဲက မင်းသမီးလေးအဖြစ် ဧည့်သည်များကို ရင်သပ်ရှုမောစေချင်သည်။ သို့သော် တချို့ ဧည့်သည်များက ထိုအခန်းကို ကြောက်လန့်ပြီး ဝေးဝေးက ရှောင်ကြသည်။

တကယ်တော့ ဝီလာဘူဟန်ရာသည် အင်ဒိုနီးရှားဘာသာဖြင့် ဘုရင်မလေး၏ ဆိပ်ကမ်းဟု အဓိပ္ပာယ်ရလေသည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံကို ရောက်လာသော ခရီးသည်များကို ဧည့်လမ်းညွှန်များက မယုံချင်စရာ ပုံပြင်မဟာတို့ ပြောကြားကြပြီး ဗီလာဘူဟန်ရာအရပ်ကို ခေါ်ဆောင်လာကြသည်။ ထူးဆန်းထွေလာ ဖြစ်ရပ်နှင့် ကြုံတွေ့လိုသော ကမ္ဘာလှည့်ခရီးသွားအချို့က မင်းသမီးလေးကို မြင်ဖူး၊ ကြုံဖူးချင်၍ အခန်းနံပါတ် (၃၀၈)တွင် တည်းခိုကြသည်။ ထိုဟိုတယ်သည်ကား လမ်းနံဘေးတွင်ရှိ၍ သွားရလာရ လွယ်ကူသည်။ မင်းသမီးလေး ခုန်ချသတ်သေသွားသော ကမ်းပါးကိုမူ ကမ္ဘာလှည့်ခရီးသွားများက တကူးတက သွားကြည့်ကြသည်။ ထို့ကြောင့် ဟိုတယ်၏ ဈေးကွက်မန်နေဂျာက ကမ္ဘာလှည့်ခရီးသည်များကို ရေလှိုင်းများကို သတိပြုရန် ညွှန်ကြားထားသည်။ အဘယ်ကြောင့်ဆိုသော် ရေလှိုင်းများက တစ်ခါတစ်ရံ ကြီးမားတတ်ပြီး ကမ်းပါးပေါ်အထိ ရိုက်ခတ်လိုက်လျှင် ကမ္ဘာလှည့်ခရီးသည်များသည် မင်းသမီးလေးနောက်သို့ အရှင်လတ်လတ် လိုက်ပါသွားရမည်ဖြစ်သော ကြောင့်ပင်ဟူ၏။

စာရေးသူအား အင်ဒိုနီးရှားက ဟိုတယ် တစ္ဆေမလေးအကြောင်း ပြောပြသော ကျောင်းသူကလေး မစ္စပုန္နာကို ကျေးဇူးတင်ရလေသည်။

**လှတိုး(စိတ်ပညာ)**



www.burmeseclassic.com

www.burmeseclassic.com









# ဘီလူးရာဇဝင်

ဦးသန့်(လာဘ်မိုးရွှေ)

## ကမ္မဝါစာ

ကမ္မဝါစာဟူသည် ကံကြီး ကံငယ်ကို ပြုသောအချိန် ကာလ၌ ရွတ်ဆိုသော စကားဖြစ်သည်။

ကမ္မဝါစာ၌ ကံကိုပြုသောအခါ ရွတ်ဆိုအပ်သော စကားဟူ၍ ကမ္မအရ ကံလေးမျိုး ရှိသည်။

(က)အပလောကနကံ = ပန်ကြား၍ ပြုလုပ်ခြင်း ဖြစ်သောကံ

(ခ)ဥ ဋ္ဌိကံ = ညီညွတ်သော သံဃာ၏အလိုအားဖြင့် ဥတ်တစ်ကြိမ် ရွတ်ဖတ်၍ပြုအပ်သောကံ

(ဂ)ဥ ဋ္ဌိဒုတိယကံ = ဥတ်လျှင် နှစ်ခုမြောက်သောကံ

(ဃ)ဥ ဋ္ဌိစတုတ္ထကံ = ဥတ်လျှင် လေးကြိမ်မြောက်သောကံ...တို့ ဖြစ်ကြသည်။

## ပဋ္ဌာဇနီယကမ္မဝါစာ

သထုံပြည်မင်းဆက်ဖြစ်သော ဓမ္မပါလရာဇာမင်း လက်ထက်တွင် သီဟိုဠ်ကျွန်းမှ ပိဋကတ်တော်များကို ရှင်မဟာဗုဒ္ဓဃောသက ပင့်ဆောင်ယူလာခဲ့သဖြင့် ဘုန်းကြီးကျောင်းများတွင် ပဋ္ဌာဇနီယကမ္မဝါစာ စတင်ပေါ်ပေါက်လာခဲ့သည်။

မြတ်စွာဘုရားရှင်သည် ဝိနည်းတော်နှင့်အညီ ဟောကြားခဲ့သော "ပဋ္ဌာဇနီယကမ္မဝါစာ"ဖြင့် သံဃာတို့သည် မြေ ဖုတ်ဘီလူး အန္တရာယ်တို့ကို ကင်းလွတ်စေရန်အတွက် ရွတ်ဖတ်ခဲ့ကြသည်။ အိမ်၊ ကျောင်း၊ သိမ် တည်ဆောက်ရာတို့တွင် ထိုမြေနေရာ၌ မကောင်းသော နတ်မိစ္ဆာ၊ ဘီလူး၊ သရဲတို့မှ ကင်းဝေးစေရန်အတွက် ယခုတိုင်အောင် ပဋ္ဌာဇနီယကမ္မဝါစာကို အစဉ်အလာက် သုံးစွဲရွတ်ဖတ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်စစ်သားမင်းကြီး နန်းတက်စဉ်က ရှင်အရဟံ စသော သံဃာ့မထေရ်တို့က မြေအောက်နေ နတ်၊ နဂါး ဘီလူး တို့ကို ဖယ်ရှားစေခြင်း အတွက် မြေနတ်ကမ္မဝါစာကို ဤပဗ္ဗာဇနီ သကမ္မဝါစာဖြင့် ဖတ်ကြားခဲ့သည်။

ပဗ္ဗာဇနီယကမ္မဝါစာပါ အစိမ်းတစ္ဆေများတွင် လူသား စင်စစ် မဟုတ်သော ဘီလူး၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်၊ နဂါး၊ တစ္ဆေ၊ မြေဖုတ်ဘီလူး၊ နတ်ဘီလူး၊ နတ်မိစ္ဆာ ဟူ၍ ပဗ္ဗာဇနီယကမ္မဝါစာ တွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

## ဘီလူး

"ဘီလူး" ဆိုသည်မှာ မြန်မာဘာသာဖြစ်သည်။ ပါဠိပါဘာသာဖြစ်သော "ဘီရု" မှ "ဘီလူး" ဖြစ်လာ၏။ ဖြစ်လာပုံမှာ "ဘိ" ၌ "ဣ" ကို "ဤ" ပြောင်းလဲ၍ "ရု" ၌ "ရ" ကို "လ"၊ "ဥ" ကို "ဦ" ပြောင်းလဲ၍ "ဝစ္စနစ်လုံး" ထည့်ကာ "ဘီလူး" ဟူ၍ ဖြစ်လာသည်။

ဘီလူးတို့သည် ရက်စက်ကြမ်းကြုတ် ဆိုးဝါး၍ သတ္တဝါတို့၏ အသားအသွေးကို ညှဉ်းဆဲသတ်ဖြတ်ကာ စား သောက်တတ်ကြသော "နတ်"၊ "ဘုတ်"၊ မြေဘုတ်"၊ "ပြိတ္တာ"၊ "တစ္ဆေ" များ ဖြစ်ကြသည်။

"ယက္ခ၊ ရက္ခသ၊ ကုမ္ဘဏ္ဍ၊ ဒေဝ၊ ဘူတ၊ ဒါနဝ၊ ပေတ၊ ပိသာစ၊ အမနုဿ" ဟူ၍ အမည်အမျိုးမျိုးတို့ဖြင့် ခေါ်ဝေါ်သုံးစွဲလေ့ ရှိကြသည်။

မဟာသမယသုတ်တော်၌ မြတ်စွာဘုရား ဟော ကြားတော်မူထားသည့် ကပိလဝတ်နတ်မင်း၊ ဟေမဝတနတ်မင်း၊ သာတာဂီရိနတ်မင်း၊ ဝေဿမိတ္တနတ်မင်း၊ ကုမ္ဘီရနတ်မင်းကြီးတို့ သည် တန်ခိုးကြီးသော နတ်ဘီလူးများ ဖြစ်ကြသည်။

မြန်မာ-အင်္ဂလိပ် ပါဠိအဘိဓာန်တွင် ဘီလူးကို Orge ဟု ရေးသားထားသည်ကို တွေ့ရှိရသည်။ ထို့ပြင် Giant ဟု လည်း ဖော်ပြထားသည်။ ထို Giant သည် ဘီလူးအပြင် ထွားကျိုင်းသော သတ္တဝါများအဖြစ် ဖော်ပြထားသည်။




နိုင်ငံတကာရှိ ဘီလူးပုံများ



www.burmeseclassic.com

www.burmeseclassic.com

## စတုမဟာရာဇ်နတ်များ

စတုရင္ဒ စသော စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့၏ လက်အောက်တွင်ရှိသော နတ်များကို "စတုမဟာရာဇ်နတ်များ" ဟု ခေါ်သည်။

ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်နတ်၊ နတ်နဂါး နတ်ဘီလူးတို့သည်လည်းကောင်း ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်များနှင့် တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ အိမ်စောင့်နတ်၊ အရံစောင့်နတ်၊ ကိုယ်စောင့်နတ် စသည့် နတ်များနှင့် ဘုမ္မစိုးနတ်ဟို့ကို မှီခိုနေကြသော ဝိနိပါတိက အသုရာ နတ်ငယ်များသည်လည်း စတုမဟာရာဇ်နတ်မျိုးတွင် ပါဝင်သည်။

ဘီလူးတို့သည် နတ်မင်းကြီးနှင့် ဘုရင်မင်းမြတ်တို့ထံမှ ၎င်းတို့အတွက် နေရပ်ကို ပိုင်းခြားသတ်မှတ်ပေးစေ၍ သတ္တဝါတို့ကို စားသောက်ရန် အပိုင်စား ရရှိကြသည်။ ဘီလူးတို့သည် သတ္တဝါတို့ကို မစားသောက်ကြဘဲ နတ်၌ဖြစ်သော အစာ (သို့မဟုတ်)လူတို့ ပူဇော်ပသသော အစာကိုလည်း စားသောက်ကြသည်။ တချို့ဘီလူးများသည် တန်ခိုးအာနုဘော် ကြီးမားကြသည်။ တချို့သည် တန်ခိုးအာနုဘော် သေးနုပ်ကြသည်။ တချို့ဘီလူးတို့သည် လက်နက်အမျိုးမျိုးကို ကိုင်ဆောင်ကြသည်။ လက်နက်ကိုင်ဆောင်ခြင်း မရှိသော ဘီလူး တို့လည်း ရှိသည်။ လူတို့ကွယ်အောင်၊ မြင်အောင် ပြုလုပ်နိုင်သည်။ သတ္တဝါအမျိုးမျိုး ရုပ်အဆင်း အမျိုးမျိုးလည်း ပြုလုပ်နိုင်သည်။

ဗေဒင်ကျမ်းဂန်များတွင် ဘီလူးနက္ခတ် ၁၀ လုံး ရှိကြောင်း ဖော်ပြထားသည်။ ၎င်းတို့မှာ - (၁) ကြတ္တိကာ၊ (၂) ဝိသာခါ၊ (၃) ပြုဗ္ဗာသာဠ်၊ (၄) စိတြ၊ (၅) မူလ၊ (၆) မာဃ၊ (၇) ဇေဋ္ဌ၊ (၈) အသဿလိဿ၊ (၉) သတ္တဘိသျှ၊ (၁၀) ဓနသိဋ္ဌ တို့ဖြစ်သည်။

"ဒီဃနိကာယ်ပါထေယျဝဂ္ဂ၊ အာဋာနာဋိယသုတ်တော်" တွင် လူတို့ကို ညှဉ်းဆဲ၍ ဒုက္ခပေးသော နတ်ဆိုးများ ဖော်ပြထားပါသည်။

(က) ဘီလူးထီး၊ ဘီလူးမ
(ခ) ဂန္ဓဗ္ဗနတ်ဖို၊ ဂန္ဓဗ္ဗနတ်မ
(ဂ) ကုမ္ဘဏ်နတ်ဖို၊ ကုမ္ဘဏ်နတ်မ
(ဃ) နဂါးဖို၊ နဂါးမ တို့ ဖြစ်ကြသည်။



ပဲခူးတိုင်း အင်းတကော်မြို့တွင် တည်ထားကိုးကွယ်သော ဆံတော်ရှင် ကျိုက်သီရိမေ့သိုက် စေတီတော်မြတ်ကြီး၏ မုခ်ဝရှိ ဒေဝယက္ခ နှင့် ဒေဝစက္ခ ဘီလူးညီနောင်

## သီရိလင်္ကာနိုင်ငံနှင့် ဘီလူးကျွန်း

သီရိလင်္ကာနိုင်ငံ(သီဟိုဠ်ကျွန်း) သည် ရှေးယခင်က ဘီလူးကျွန်းသက်သက်ဖြစ်၏။ ငါးပါးသီလကို ရှိသေခြင်း၊ သားငါး စားသောက်မှု နည်းပါးခြင်း၊ ပရိတ်ရွတ်ပုံ ဌာန်ကရိုဏ်းကျခြင်းတို့ကြောင့် ယခင်အန္တရာယ် များပြားသည့်နေရာသည် ယခုတွင် အန္တရာယ်ကင်းဘေးကင်းသည်ဟု "ဓမ္မပဒ အဋ္ဌကထာ ဒီဃာယုဝတ္ထု" တွင် တွေ့ရပေသည်။

## နတ်ဘီလူး

ဘီလူးသတ္တဝါတို့သည်...

ကိုယ်ရောင်ကိုယ်ဝါ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံ၍ လူမဟုတ်သော



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါတစ်မျိုးတည်းဟူသော ဘီ လူးတစ်မျိုး။

ရုပ်အဆင်းမှာ ဆိုးဆိုးဝါးဝါးရှိသော လူမဟုတ်သည့် သတ္တဝါတစ်မျိုးတည်းဟူသော ဘီလူးတစ်မျိုး။

ဘီလူးတို့သည် နဖူးမောက်၍ ဖနောင့်တိုပြီး မျက်နှာနီစပ်သည်။ မျက်တောင်မခတ်၊ အစွယ်ထွက်သည်။ အရိပ်မထွက်ခြင်း၊ မကြောက်ခြင်း၊ မသနားတတ်ကြသူတို့ ဖြစ်သည်။

ဘီလူးများတွင် နတ်ဘီလူးနှင့် သာမန်ဘီလူးဟူ၍ရှိရာ သာမန်ဘီလူးများသည် ရက်စက်၍ ကြမ်းကြုတ်ပြီး လူတို့ကို ဖမ်းစားတတ်သည်။ နတ်ဘီလူးတို့က မိမိတို့ကို လာရောက်နှောင့်ယှက်မှသာ ရန်မူတတ်သည်။ မိမိတို့အား ပူဇော်ပသသူများကို ကူညီတတ်ကြသည်။

## ကုမ္ဘဏ်၊ ရက္ခိုသ်

ကုမ္ဘဏ်နတ်တို့သည် ကြီးမားသော ဝမ်းဗိုက်နှင့် ပြူးကျယ်နီမြန်းသော မျက်စိကြီးများ ရှိသည်။ ထိုကုမ္ဘဏ်နတ်တို့၏ ဝှေးစေ့ကား အိုးစရည်းကြီးတမျှ ကြီးမားသည်။ ပစ္စည်းဥစ္စာရတနာများနှင့် ရေကန်တို့ကို စောင့်ရှောက်၍ လာရောက်သူတို့ကို ဖမ်းစားတတ်သည့် နတ်မျိုးကို ရက္ခိုသ်(ရက္ခသ)ဟု ခေါ်သည်။ ထိုရက္ခိုသ်တို့သည် ကုမ္ဘဏ်နတ်မျိုးတွင် ပါဝင်သည်။

ယခုကာလ၌ "ဥစ္စာစောင့်" ဟု ခေါ်ကြသည့် ရက္ခိုသ်တို့သည်လည်း ကုမ္ဘဏ်မျိုးပင် ဖြစ်သည်။ ဝေပုလ္လတောင်ယံမဏိဇောတရည် ပတ္တမြားရတနာကိုလည်း စောင့်ရှောက်ကြသည်။ ဟိမဝန္တာအတွင်းရှိ အဇ္ဇ န္တရ သရက်ပင်ကြီးကိုလည်း စောင့်ရှောက်၏။ တောထဲ တောင်ထဲရှိ ရတနာအမျိုးမျိုးတို့ကိုလည်း စောင့်ရှောက်၏။ တောစိုးသစ်ပင်ကြီးများနှင့် ထူးခြား ရှားပါးသော ဆေးပင်၊ ပန်းပင်၊ နံ့သာပင် အမျိုးမျိုးတို့ကိုလည်း စောင့်ရှောက်၏။ မိမိစောင့်ရှောက်သော ပစ္စည်းဝတ္ထုများကို တစ်စုံတစ်ဦးတစ်ယောက်က ကျူးလွန်လာလျှင် မိမိတို့၏ တန်ခိုးဖြင့် သတ်ဖြတ်၍ စားသောက်ကြသည်။ ဤအကြောင်းအရာများကို ဇာတ်အဋ္ဌကထာတို့တွင် တွေ့ရသည်။

## ဘီလူးအမျိုးအစား

ဘီလူးတို့၏ ဝတ်ဆင်မှုအရောင်တို့မှာ အဝါရောင်၊ အစိမ်းရောင်တို့ကို ဝတ်ဆင်ကြသည်။ ခါးစည်းအဝတ်မှာ ငှက်ခါးရောင်၊ အပြာရောင်နှင့် အနက်ရောင်ဖြစ်သည်။

ဘီလူးတို့၏ သက်တမ်းသည် နှစ် ၃၀၀၀ ကျော်သည်အထိ အသက်ရှင်နိုင်သည်။ လူများကဲ့သို့ ရောဂါခံစားရခြင်း မရှိပေ။ နူးညံ့သော အစားအစာများကို စားတတ်ကြသည်။

ဘီလူးများသည် ကျား၊ မ ရှိသကဲ့သို့ လူများနှင့်အတူ ကျား၊ မ ပေါင်းသင်းနေထိုင်ကြသည်။

ရွှေတိဂုံစေတီတော်ပေါ်ရှိ ကုန်းတော်ပေါ်တွင် နတ်ဘီလူးကြီးများ၊ နတ်ဘီလူး မယ်တော်ကြီးများ ငါးရာကျော်တို့သည် ရွှေတိဂုံကုန်းတော်ပေါ်၌ စောင့်ရှောက်လျက်ရှိသည်။ ထိုနတ်ဘီလူးတို့သည် သောတာပန်၊ အရိယာ၊ ဒေဝကုမ္ဘဏ်နတ်ဘီလူးကြီးများ၊ သောတာပန်၊ အရိယာ၊ ဒေဝီကုမ္ဘိနတ်ဘီလူးမယ်တော်ကြီးများ ဖြစ်ကြသည်။ ၎င်းနတ်ဘီလူးကြီးများကို ဟိတောသရဒေဝကုမ္ဘဏ် မဟာရာဇာမင်းကြီးက ကြီးမှူးအုပ်ချုပ်လျက်ရှိသည်။ သက်တော်သည် ၁၂၀၀ သက်တမ်းရှိသည်ဟု သိရသည်။

တိုင်းပြည်အသီးသီးရှိ လူတို့သည် ဘီလူးရုပ်ပုံများကို ကျောက်၌လည်းကောင်း၊ ပေါင်၌လည်းကောင်း၊ ကိုယ်ခန္ဓာ အနံ့အပြားတွင်လည်းကောင်း ရေးထိုးကြသည်ကို တွေ့ရသည်။

ဘီလူးတို့တွင်-

(၁) ကုန်းဘီလူး

(၂) မြေဘီလူး

(၃) ရေဘီလူး

ဟူ၍ သုံးမျိုးရှိသည်။

(၁) ကုန်းဘီလူး ။ ။ ကုန်းဘီလူးမှာ မြို့ရွာအတွင်း၊ အပြင်၊ သစ်ပင်၊ ဝါးပင်၊ ထန်းပင်၊ ပေပင်၊ ကျောင်းအိုကျောင်းပျက်၊ ဘုရားပျက်၊ ဇရပ်ဟောင်း၊ ဂူဟောင်း၊ လိုဏ်ဟောင်း၊ တောတောင် ကန္တာရ၊ သဲကန္တာရ၊ သုသာန်သင်္ချိုင်းတို့၌ နေကြကုန်သည်။

(၂) မြေဘီလူး ။ ။ မြေဘီလူးမှာ မြေ၌နေသော မြေဘုတ်ဘီလူး၊ တွင်းလိုဏ်တို့၌ မြို့ရွာတည်၍ နေသော ကျုတ်ဟုခေါ်သော မြေဘီလူးတို့ ဖြစ်သည်။

(၃) ရေဘီလူး ။ ။ ရေဘီလူးမှာ ပင်လယ်၊ မြစ်၊ အင်း၊ အိုင်၊ ရေတွင်းအိုး၊ ရေကန်အိုး၊ သမုဒ္ဒရာအလယ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်းငယ်တို့၌ နေကြကုန်သော ဘီလူးတို့ ဖြစ်သည်။ ထိုရေဘီလူးတို့သည် ပင်လယ်၌ သွားလာကြသော လှေသင်္ဘောတို့ကို နှောင့်ယှက်တတ်ကြ၏။

## ဘီလူးတို့ အခိုးလွှတ်ခြင်း

အခိုးလွှတ်ခြင်း ဆိုသည်မှာ မိမိကိုယ်မှ မိမိတန်ခိုးဖြင့် အခိုးကို လွှတ်ကြကုန်သည်။ သွားလာရာ၌ မြေမှလည်းကောင်း၊ သစ်ပင်ချုံတောများမှလည်းကောင်း အခိုးလွှတ်တတ်ကြသည်။ ထိုအခိုးကိုထိလျှင် ဥပဒ်ဖြစ်ကြသည်ဟု သားစဉ်မြေးဆက် ပြောဆိုသုံးမစကား ရှိခဲ့သည်။

မုံရွာမြို့ မဟာလယ်တီတိုက်၊ ကျမ်းပြုအကျော် "လယ်တီဆရာတော်ဘုရားကြီး" ပြုစုတော်မူခဲ့သော "ရောဂန္တရ ဒီပနီ" ကျမ်းစာအုပ်၊ စာမျက်နှာ ၉ တွင် ဘီလူးတို့၏ အခိုးကို ထိမိလျှင် ပလိပ်ရောဂါ ဖြစ်တတ်သည်ဟု ဆိုသည်။ ပလိပ်ရောဂါကို ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ "အဟိဝါတရောဂါ" ဟု ခေါ်၏။ မြေနဂါးတို့၏ လေအခိုးသင့်၍ဖြစ်သော ရောဂါဟု [illegible]သည်။ "ကာဠရောဂါ" ဟူသော စကား၌ ကာဠသဒ္ဒါကား မည်းနက်သော အဟော ဟော၏။ မည်းနက်သော အဆင်းရှိသော ဘီလူးကောင်ကြီးတို့ ပြုလုပ်၍ဖြစ်သော ရောဂါမျိုးကို ဆိုလိုသည်။ ယခုနောက်ကာလမှ ပေါ်ပေါက်လာသော ရောဂါမျိုးဖြစ်၍ ကာလရောဂါဟု ထင်တတ်ကြသည်။

လယ်တီဆရာတော်ဘုရားကြီး၏ ထိုစာအုပ်တွင် "ပလိပ်ရောဂါပျောက် ဆေးနည်းအညွှန်း" ပါရှိသည်ကို တွေ့ရသည်။

စိန်(၁)ကျပ်သား၊ ဘင်ခေါ် ဆေးကျောက်(၃)ကျပ်သားတို့ကို ညက်ညက်ကြိတ်၍ ပလိပ်ရောဂါဖြစ်သူကို နှာခေါင်းနှစ်ဖက်၌ မှုတ်စေ့ခန့် နှာနှပ်ပါ။ အကျိတ်ပေါ်ခဲ့သော လက်ဖက်ခြောက်ကို ကျက်ကျက်ကျို၍ ထိုအရည်နွေးနွေးနှင့် ကြပ်ကြပ်နယ်ရမည်။ ထို့ပြင် လူနာ၏ခေါင်းရင်း၌နေ၍ စက်ကြီး ၁၃ ပါး မန္တရားကို အခေါက်များစွာ နာနာရွတ်ဆိုရမည်ဟု ရေးသားထားသည်ကို တွေ့ရသည်။

ဘီလူးတို့သည် ညအခါ လူတို့သွားရာ နေရာတို့တွင် ချောင်းမြောင်းချောက်လှန့်၍ ကပ်ကြကုန်သည်။ ထို့နောက် အခိုးလွှတ်၍ ဖမ်းခြင်း၊ ခြောက်လှန့်ခြင်းတို့ကို ပြုကြကုန်သည်။ ထိုမြေဘီလူးတို့သည် ဝမ်းတွင်းသို့ မရောက်ဘဲ သွေးတို့ကို စုပ်ယူကြသည်။ မထနိုင်၊ မသွားနိုင်၊ အဆစ်ရောင်ခြင်း၊ ဖောခြင်းတို့ဖြင့် လူတို့ကို ရောဂါဖြစ်စေတတ်သည်။ ရောဂါ ဖြစ်ပါက လယ်တီဆရာတော်ဘုရားကြီး ရေးသားသော "ရောဂန္တရ ဒီပနီ" စာအုပ်၏ စာမျက်နှာ ၁၃ တွင် *(ဥဏှာလုံ ဂါထာတော်ကြီးနှင့် ရေပြည့်အိုးကို ၃၇ ခေါက် မန်း၍ နေ့စဉ် ရေချိုးရာ သုံးရက်မျှနှင့် ပျောက်ငြိမ်းသူကို တွေ့ဖူး၏။ "ဩဏှ ဟေဟေ၊ တိသျူတ္တာ၊ တိသျူတ္တ" ချီသော ဂါထာကို ဥဏှာလုံဂါထာဟု ဆိုသည်။)*

<u>ရောဂါ ကုသနည်း ။</u> ။ ကောက်ညှင်းဆန်ကိုချက်၍ နွားချေးနှင့် နိုင်းချင်းစပ်၊ ထန်းလျက် အနည်းငယ်ထည့်၊ ဖောရောင် ကိုက်ခဲရာ နေရာတို့ကို ထူထူအုံ၍ ပိန်းရွက်အုပ်၊ ၎င်းအထက်၌ အဝတ်စည်းပါ။ ထိုအဝတ်ကို နံနက်တစ်ခါ ညတစ်ခါ လဲပါ။ ဤဆေးနည်းသည် လူတစ်ဦး အိပ်မက်၌ရသော ဆေးနည်းဖြစ်သည်။ လူနာ၏ကိုယ်မှ အပ၌နေ၍ အကြောဆုံတို့မှ အသွေး အဆီတို့ကို စုပ်ယူကြသောအခါ စုပ်ယူရာနေရာတို့၌ အကျိတ်၊ အဖု၊ အလုံးအခဲ တို့သည် ဖြစ်ပေါ်ကုန်၏။ ထိုသို့ဖြစ်သော် သတ္တကွဒ္ဓတုံးဆေးကို ရေနံနှင့်ဖျော်၍ နယ်လိမ်းလိမ်း၊ အလယ်၌ အမာ အဆံ ကျန်ရှိခဲ့သော် အုံထား၍ လက်ဖက်ရည်နွေးနွေးနှင့်လည်း နယ်ရ၏။

<u>သတ္တကွဒ္ဓတုံးဆေးနည်း ။</u> ။ "ရောဂန္တရ ဒီပနီ" စာအုပ် စာမျက်နှာ ၆၆ တွင် - စိန်၊ ဆေးဒန်း၊ ကန့်၊ ဇဝက်သာ၊ ဒုတ္တာ၊ ဟင်းရိုင်း၊ လက္ခား၊ ၎င်း ၇ နှစ်မျိုးကို အညီအမျှ ပေါင်းစပ်၍ ညက်စွာကြိတ်ပြီးလျှင် ဘူး၊ ပုလင်းများတွင် အမှုန့်ဖြစ်အောင် ပြုလုပ်၍ ထည့်ပြီး ၎င်းအမှုန့် အနည်းငယ်နှင့် တောင်လုံးကျော် မြစ်ကို သွေး၍ မျက်စဉ်းခတ်ရမည်။

ဘီလူးတို့သည် မိမိတို့တန်ခိုးဖြင့် မိမိတို့ကို ကာကွယ်၍ လူတို့ မမြင်အောင် ကွယ်ဖျောက်ဖျက်နိုင်သော်ငြားလည်း တုတ်လက်နက်၊ ဓားလက်နက်၊ လေးလက်နက်၊ မြားလက်နက်တို့၏ အထိအခိုက်ကို မကာကွယ်နိုင်ပါ။ ကျောက်ခဲ၊ လောက်လေး၊ သားရေပတ်လေးတို့ကိုလည်း မကာကွယ်နိုင်ပါ။ သေနတ်၊ အမြောက် စသည်တို့ကိုလည်း မကာကွယ်နိုင်ပါ။ ဂါထာ မန္တရား ဆေးဝါး၊ အင်း [illegible]ိုင်တို့ကိုလည်း မကာကွယ်နိုင်ပါ။ ပရိ[illegible] [illegible]



www.burmeseclassic.com

www.burmeseclassic.com

တော်၊ ပါဠိတော်တို့ကိုလည်း မကာကွယ်နိုင်ပါ။ ဓာတ်ဆေး အမျိုးမျိုးတို့ကိုလည်း ကြောက်ကြသည်ဟု "ရောဂန္တရ ဒီပနီ" စာအုပ်၏ စာမျက်နှာ ၁၅ တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

## ဘီလူးတို့ကို နတ်ကနားပွဲနှင့် ဗိလိနတ်စားကျွေးနည်း

သီရိလင်္ကာနိုင်ငံ(သီဟိုဠ်ကျွန်း)တွင် သယ်ဗောဓိမင်း လက်ထက် ဘီလူး သဘက်တို့အတတ်ကြောင့် ပလိပ်ရောဂါ ဆိုက်ရောက်ရာ ဘီလူး သဘက်တို့အား ဗလိနတ်စာ ကောင်း စွာကျွေးမွေးသဖြင့် ပျောက်ငြိမ်းဖူးကြောင်း မဟာဝင် အဋ္ဌကထာ တွင် ရှိ၏။

မိမိတို့မြို့ရွာ၌ ရောဂါဥပဒ် ပေါ်ပေါက်ခဲ့လျှင် ရှေးဦး စွာ ရောဂါဥပဒ်မငြိမ်းမီအတွင်း၌ သားစိမ်း ငါးစိမ်း စားသောက် ခြင်းကို ရှောင်ကြရမည်။ မြို့ရွာကို နှီးဆော်၍ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်တို့အား နတ်ကနားပွဲပြုလုပ်ပူဇော် ခြင်း၊ ဘီလူး သဘက်တို့အား ဗလိနတ်စာ ကျွေးမွေးကြပါ။

ထို့နောက် -

"ဟေ-ဘီလူး၊ သဘက်၊ အစိမ်းသရဲ အပေါင်းတို့-နှင်တို့တစ်တွေ အပေါင်းတို့အား ကောင်းစွာ ငါတို့က ကျွေးမွေးကြကုန်ပြီ၊ ငါတို့မြို့ရွာမှ မြန်စွာထွက်သွား ကြပါကုန်လော" ဟူ၍ ပြောဆိုရသည်။

ဗလိနတ်စာ ကျွေးမွေးရာနေရာ၌ အသံကျယ်စွာဖြင့် သုံးကြိမ် ပြောဆိုရမည်။

## သီရိလင်္ကာနိုင်ငံတွင်ရှိသော မြေဖုတ်ဘီလူးမကြီး

မြေဖုတ်ဘီလူးကို ပါဠိလို ဝိသာ ဟုခေါ်သည်။ မြေဖုတ် ဘီလူးတို့သည် ၎င်းတို့ကိုယ်ကို လူတို့ မမြင်နိုင်အောင် ဆေးမြစ် များ ဆောင်ထားကြောင်းကို မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၌ ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

ဘုရင်မင်းမြတ်တို့၏ နန်းတော်အတွင်း၌လည်းကောင်း၊ မြို့တော်များ၌လည်းကောင်း၊ ကျောင်း၊ ကန်၊ ဘုရားတန်ဆောင်း၊ ဘုရားစေတီနှင့် အဆောက်အအုံများ၌လည်းကောင်း အစောင့် အရှောက်သဘောဖြင့် ဘီလူးရုပ်တုများကို ထုလုပ်ထားသည် ကို တွေ့ရသည်။ ထုလုပ်ပုံတို့မှာ အများအားဖြင့် နတ်ဝတ် တန်ဆာနှင့် လက်ယာဒူးထောင်၊ လက်ဝဲဒူးချ၊ လက်ယာ သန်လျက်စွဲ၊ လက်ဝဲလက်ထောက်၊ ဖောင်းသရဖူဆောင်းလျက် ပုံများဖြစ်သည်ကို တွေ့ရသည်။ တချို့သည် အစွယ်နှင့် မျက်လုံး ပြူးသည့် မျက်နှာပုံကို ထုလုပ်ကြသည်။

## ရတနသုတ် ပရိတ်တရား

ခုဒ္ဒကပါဠိအဋ္ဌကထာ "ရတနသုတ်" ဝေသာလီဝတ္ထု တွင် ဝေသာလီပြည်၌ (က) အစာငတ်မွတ်ခြင်းဘေး၊ (ခ)ဘီလူး ဘေး၊ (ဂ) အနာရောဂါဘေး ဤဘေးကြီး သုံးပါးကြောင့် လူ အများ သေကြေပျက်စီးသောအခါ မြတ်စွာဘုရားကို သွား ရောက်ပင့်ဖိတ်သဖြင့် ရဟန်း ၅၀၀ နှင့်အတူ ကြွတော်မူလာပြီး လျှင် "ရတနသုတ်" ပရိတ်တော်ကို ဟောတော်မူရာမှ ဘေးကြီး သုံးပါး အေးငြိမ်း၍ လူအများ အသက်ဘေးမှ ချမ်းသာရသည်။

ထို့ကြောင့် ပရိတ်ကြီး ၁၁ သုတ်ပါ "ရတနသုတ်"





www.burmeseclassic.com

www.burmeseclassic.com




ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် "ရောဂါဘေး ဘီလူးဘေး ငတ်မွတ်ခေါင်းပါးဘေး" တို့မှ ကင်းလွတ်ငြိမ်းအေးစေပါသည်။

အရှင်အာနန္ဒာမထေရ်မြတ်သည် မြတ်စွာဘုရား သင်ကြားပေးသည့် "ရတနသုတ်" ပရိတ်တော်ကို ရွတ်ဆိုလျက် ဝေသာလီပြည်ကြီးကို လှည့်ပတ်ကာ ပရိတ်ရေစင်များ ပက်ဖျန်းတော်မူမှသာလျှင် တိုင်းသူပြည်သားအပေါင်းတို့သည် ဘေးအန္တရာယ်အသွယ်သွယ်တို့မှ အေးငြိမ်းချမ်းသာ ရရှိကြကုန်သည်။ သတ္တဝါအပေါင်းတို့သည်လည်း ကျွတ်တမ်း ဝင်ကြကုန်သည်။

"ရတနသုတ်" ပရိတ်တော်တွင် "ယာနီဓ ဘူတာနိ" အစချီသော "ရတနသုတ်" နောက်ဆုံး သုံးဂါထာသည် ဘုရားဟော ဂါထာ မဟုတ်ပါ။ သိကြားမင်း ရတနာသုံးပါးကို ရှိခိုး၍ မေတ္တာပို့သော ဂါထာဖြစ်ပေသည်။ ပထမသင်္ဂါယနာတင် ရွတ်ဆိုစဉ်က အရှင်အာနန္ဒာမထေရ်မြတ်ကိုယ်တိုင် "ရတနသုတ်တော်" တွင် ထည့်သွင်းရွတ်ဆို၍ သင်္ဂါယနာတင်ခဲ့ခြင်းဖြစ်သည်။

## ဂေါတမမြတ်စွာဘုရား ဘီလူးညီနောင်ကို ချွတ်တော်မူခြင်း

မြတ်စွာဘုရားသည် စာလိယတောင် ချယားတော၌ ဝါဆိုတော်မူသည့် မဟာသက္ကရာဇ် ၁၁၅ (ဘီစီ-၅၇၇)ခုနှစ်အချိန်ကာလ၌လည်း နတ်ဘီလူးတို့အား အကျွတ်တရားရရန် အတွက် "မောဃိယသုတ္တန်" ဟုရှိသော ဒေသနာတော်တို့ကို ဟောကြားတော်မူခဲ့သည်။

ထိုသာဝတ္ထိပြည်၌ ဝါကပ်တော်မူစဉ် ဂယာရွာအနီး၌ နေသော "သူစိလောမ၊ ခရလောမ" အမည်ရှိသည့် ဘီလူးနှစ်ကောင်တို့အား ချွတ်တော်မူခဲ့ပေသည်။ ထိုဘီလူးနှစ်ကောင်တို့သည် ကြည်နူးရင်းချာသော မိတ်ဆွေများ ဖြစ်ကြသည်။

မြတ်စွာဘုရားရှင်သည် မဟာကရုဏာသမာပတ်ဖြင့် စျာန်ဝင်စဉ်အချိန်၌ ချွတ်အပ်သော ဝေနေယျကို ရှုတော်မူ၍ ဉာဏ်တော်ဖြင့်ကြည့်ရာ ဘီလူးနှစ်ကောင်ကို မြင်မိသဖြင့် ထိုဘီလူးနှစ်ကောင်တို့အား ရဟန်းအသွင်ဆောင်၍ အမေးအဖြေ ပြုလုပ်ခဲ့လေသည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ဒေသနာတော်၏အနက်ကို ဘီလူးတို့သည် ပြက်ပြက်ထင်ထင် မမြင်သေးသဖြင့် အနုမောဒနာ မပြုခဲ့ကြပေ။ ထိုအခါ၌ မြတ်စွာဘုရားရှင်သည် ထင်ရှားစွာ ပြတော်မူ၍ "သေ့ဟာဇာ အတ္တသမ္ဘူကာ" အစရှိသော နှစ်ဂါထာကို ဟောတော်မူမှသာလျှင် ထိုတရားကို ကြားနာရ၍ ဘီလူးနှစ်ကောင်တို့သည် ကျွတ်တမ်းဝင်၍ သစ္စာလေးပါးတရားကိုမြင်ပြီး သောတာပတ္တိမဂ်ဉာဏ်ကို ရပြီး မဂ်ဖိုလ်ကို ရရှိကြလေသည်။

(မှတ်ချက် - ဤအကြောင်းကား သဂါထာဝဂ္ဂ ယက္ခသံယုတ်၌လည်းကောင်း၊ သုတ္တနိပါတ်၌လည်းကောင်း ပါရှိသည်)

## အာဋာဝကဘီလူး

ဂေါတမမြတ်စွာဘုရားရှင်သည် နံနက်မိုးသောက်ယံ၌ ဇေတဝန်ကျောင်းတိုက်ရှိ ဂန္ဓကုဋိကျောင်းတော်၌ ဗုဒ္ဓစက္ခုတော်အစုံဖြင့် ကျွတ်ထိုက်သူ နတ်လူပြဟ္မာ သတ္တဝါအပေါင်းကို ကြည့်တော်မူရာ (က) အာဠာဝက မင်းသားငယ် အနာဂါမ်တည်မည့်အကြောင်း။ (ခ) အာဠာဝကဘီလူး သောတာပန်တည်မည့်အကြောင်း။ (ဂ) တရားဒေသနာအဆုံး၌ သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင် မဂ်ပေါက်ဖိုလ်ဝင်ဖြစ်ကြမည့် အကြောင်း သုံးရပ်တို့ကို မြင်တော်မူသည်။




www.burmeseclassic.com

www.burmeseclassic.com

## အာဠဝကဘီလူးကို အောင်မြင်တော်မူခြင်း

အာဠဝီပြည်၊ အဂ္ဂါဠဝစေတီ၌ သောဠသမ(၁၆-ဝါ) ဝါဆိုတော်မူသည်။ ထိုအချိန်သည် မဟာသက္ကရာဇ် ၁၁၈(ဘီစီ-၅၇၃)ခုနှစ်ဖြစ်သည်။

မဟာသက္ကရာဇ် ၁၁၈ ခုနှစ်တွင် ဂေါတမမြတ်စွာဘုရားသည် လူနတ်ဗြဟ္မာတို့ကို တရားဟောကြား ဆုံးမတော်မူရန် ဒေသစာရီ ကြွချီတော်မူခဲ့ရာ အာဠဝီပြည်သို့ ရောက်တော်မူသည်။ အာဠဝီပြည်သည် ဟိမဝန္တာအနီးတွင်ရှိ၍ အာဠဝက ဘီလူး နေထိုင်သည်။ အာဠဝကဘီလူးသည် ဘုရင်မင်းမြတ်က တစ်နေ့လျှင် လူ တစ်ယောက်ကျ အစာဆက်နေရသော ဘီလူး ဖြစ်သည်။ ထိုနေ့သည်ကား ဘုရင့်သားတော်ကလေးကို ဘီလူးထံ အစာ ဆက်ရမည့်နေ့ဖြစ်သည်။ မြတ်စွာဘုရားသည် အာဠဝီပြည်သို့ ရောက်တော်မူ၍ ***အာဠဝက ဘီလူးကြီး***အား ချွတ်တော်မူသည်။ ဘုရားရှင်သည် အလွန်ကြမ်းတမ်းခက်မာသော အာဠဝကဘီလူးကြီးအား အောင်တော်မူခြင်းသည် ဘုရားရှင်၏ အောင်ခြင်းရှစ်ပါးတွင် ***အောင်ခြင်း တစ်ပါး***ပင် ဖြစ်လေသည်။



## ငရမန် နှင့် ငတင်ကျည်း ဘီလူးညီနောင်

မောင်းထောင်သာသနာပိုင် မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံသည် အေဒီ ၁၈၃၁-ခုနှစ်တွင် ပြုစုသော "သာသနာလင်္ကာရစာတမ်း" ၌ ပေါင်လောင်ရှင်ကဿပ အကြောင်း ရေးသားထားသည့် စာတမ်းတွင်...

နရပတိစည်သူမင်းကြီး(အေဒီ ၁၁၇၄-၁၂၁၁) လက်ထက် တိုင်းပြည်အုပ်ချုပ်စဉ်အခါ၌ ရှင်ကဿပသည် ပေါင်လောင်အရပ်သို့ ဒေသစာရီ ကြွချီခဲ့သည်။ ရှင်ကဿပသည် သီဟိုဠ်သို့ သွားလိုလျှင်လည်း ယခုပင် နတ်သိကြားတို့က သီဟိုဠ်သို့ ရောက်စေရန်အတွက် ဖန်ဆင်း၍ ပို့ဆောင်ပေးသည်။ တစ်ခါတွင် ပင်လယ်ရေပြင်ထက်တွင် သင်္ဘောစီး၍ သွားရာ၌ သင်္ဘောသည် မသွားဘဲ ရပ်တန့်ခဲ့လေသည်။ ထိုနေရာသည် ဘီလူးများ ကျက်စားသော ဘီလူးကျွန်းဒေသဖြစ်သည်။ ရှင်ကဿပသည် ထိုအရပ်၌ရှိသော ဘီလူးများတွင် ဘီလူး မျက်မမြင်ရှိရာ ထိုဘီလူးတို့အား မေတ္တာရေချမ်းပေး၍ မျက်မြင် စေသည်။

ထိုဒေသမှာ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်၊ ကျောက်ရစ်ရွာ၊ ရွှေပေါင်လောင်ဘုရားကြီးနှင့် ချောင်းဦးမြို့နယ်၊ တောကျောင်းကြီးကျေးရွာရှိ ရွှေဂူဘုရားတွင် ငရမန်နှင့် ငတင် ကျည်း ဘီလူးညီနောင်ရုပ်ပုံ ရှိသည်ကို တွေ့နိုင်သည်။

## စန္ဒမုခိဘီလူးမ

ပထမတကောင်းမင်းဆက်တွင် မင်း ၃၃ ပါး ရှိသည်။ ဒုတိယတကောင်းမင်းဆက်တွင် ဘုရင် ၁၇ ပါး ရှိသည်။ ဒုတိယတကောင်း နောက်ဆုံးမင်းဆက် သတိုးမဟာရာဇာမင်း၏ သားတော် **မဟာသမ္ဘဝ** နှင့် **စူဠသမ္ဘဝ** ညီနောင်နှစ်ပါးတို့က သရေခေတ္တရာမင်းဆက်ကို တည်ထောင်ကြသည်။ သရေခေတ္တရာ မင်းဆက်တွင် စုစုပေါင်း မင်းဆက် ၂၇ ပါး ရှိသည်။ မြို့ပြနိုင်ငံကို ဦးဆုံးတည်ထောင်သူမှာ ပျူလူမျိုးတို့ ဖြစ်ကြသည်။

မဟာသမ္ဘဝနှင့် စူဠသမ္ဘဝတို့ ဖွားတော်မူစဉ်ကပင် မျက်စိအလင်း မရရှိသဖြင့် မိဖုရားသည် မင်း၏ အာဏာကို



ကြောက်ပြီး သားတော်နှစ်ပါးကို ဖောင်ဖြင့် မျှောလိုက်ရာ စစ်ပင်ကြီးကိုင်းသည့် အရပ်၌ စန္ဒမုခိ ဘီလူးမနှင့်တွေ့၍ ဘီလူးမသည် မင်းညီနောင်နှစ်ပါးတို့အား စကုအရပ်၌ မျက်စိ နှစ်လုံး မြင်စေရန် အတွက် ဆေးကုသ ပေးခြင်းကို အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြု၍ မဟာသမ္မဝနှင့် စန္ဒမုခိတို့ အကြောင်းပါခဲ့လေသည်။

မဟာသမ္မဝမင်းကြီးသည် သာသနာသက္ကရာဇ် ၆၀ ပြည့်နှစ်တွင် နန်းတက်၍ နန်းစံခြောက်နှစ်ဖြင့် ကံတော်ကုန်ရာသည်။ ကံတော်ကုန်ချိန်တွင် မိဖုရားကြီး ဘေဒါရီ၏ ဝမ်းကြာတိုက်တွင် ဗွတ္တဘောင်မင်းသား ဖြစ်လာမည့် မင်းသား ပဋိသန္ဓေ သုံးလ ရှိနေပြီဖြစ်သည်။ နောင်တော် နတ်ရွာစံပြီးနောက် ညီတော် စူဠာသမ္မဝ ထီးနန်းဆက်ခံ၍ မရီးတော် ဘေဒါရီကို မိဖုရားကြီး အရာ မြှောက်စားခဲ့သည်။ စန္ဒမုခိသည် မိဖုရားကြီး မဖြစ်ချေ။ ထို့အတွက်ကြောင့် လက်ဘဒီပသူ စန္ဒမုခီဘီလူးမသည် မဟာ သမ္မဝနှင့် အကြောင်းပါခဲ့သော သမီးတော် ဗိသနီး(ပန်ထွာဘုရင်မ)နှင့်အတူ ရသေ့ပြည်မှ ပုပ္ပားသို့ ခရီးထွက်ခဲ့ရာ လမ်းခုလတ်တွင် တောလည်ထွက်ရာမှ ပြန်လာသည့် ကုမ္ဘဝတီ ဘုရင်(ယခု တောင်တွင်းအရပ်ဟု ဖိုးဦးတောင်သမိုင်း စာ-၅၅ တွင် ပါရှိ)နှင့်တွေ့၍ နန်းတော်သို့ ခေါ်ယူပြီး ဝိပ္ပလိဒေဝီ ဟူသောဘွဲ့ အပ်နှင်းပြီး မိဖုရားမြှောက်လိုက်လေသည်။ စန္ဒမုခိ ဘီလူးမနှင့်အတူပါလာသော သမီးတော်ကလေးသည် နောင်တွင် "ပန်ထွာဘုရင်မ" ဖြစ်လေသည်။

ထိုစန္ဒမုခိဘီလူးမ၏ ပုံကို မန္တလေးတောင်ပေါ်တွင် တွေ့ရှိနိုင်သည်။ ရသေ့ကြီး ဦးခန္တီ စီမံသွန်းလုပ်ခဲ့သော ခေတ်သစ်လက်ရာဖြစ်သည်။


## အင္ဂမုခိဘီလူးမနှင့် မောင်တော်ဘီလူးလေးကောင်

ဂေါတမမြတ်စွာဘုရားရှင် သက်တော်ရှိတော်မူသည့် ကာလ မဇ္ဈိမဒေသသို့ ဒေသစာရီ ကြွချီတော်မူစဉ် "ငဆောင်းချမ်း"အရပ်ကို ဗျာဒိတ်ထားတော်မူ၍ "ကောင်းစင်"အရပ်သို့ ကြွတော်မူသည်။ တမ္ပဒီပ(မန္တလေး-အဝမြို့-အင်းဝမြို့)သို့ ရောက်တော်မူလျှင် ရင်သားမြတ်ကိုလှီး၍ လှူသော အင္ဂမုခိ ဘီလူးမကို အကြောင်းပြုတော်မူ၍ ရတနာပုံနေပြည်တော်ကြီး ဖြစ်လတ္တံ့ဟု ဗျာဒိတ်ထားတော်မူခဲ့သည်။ ဘီလူးမ၏ မောင်တော်များ ဖြစ်ကြသော "ငတောင်ပြုံး၊ ငတောင်ကျည်း၊ ငတောင် သမန်၊ ငတောင်မြင့်" ဟူသော ဘီလူးလေးကောင်ကို အကြောင်းပြု၍ တောင်သမန် တောင်ကျည်းအရပ်ကို ဗျာဒိတ် ထားတော်မူခဲ့လေသည်။

## ပုပ္ပားမယ်တော် မယ်ဝဏ္ဏာ


မောင်ဗျတ္တ၏ဇနီးဖြစ်သူ ပန်းစားဘီလူးမ မယ်ဝဏ္ဏာသည် မောင်ဗျတ္တ ရာဇဝတ်သင့်၍ အသတ်ခံရပြီးနောက် သူ၏ သားနှစ်ယောက်ဖြစ်သော ရွှေဖျင်းကြီး၊ ရွှေဖျင်းငယ်တို့ကို အနော်ရထာမင်းကြီး၏ အမိန့်နှင့် ခေါ်ယူသွားရာတွင် ရင်ကွဲနာ ကျ သေဆုံးပြီး နတ်ဖြစ်သည်။ ပုပ္ပားမယ်တော်နတ်ဖြစ်သည်။ တောင်ပြုန်း၌ ထင်ရှားသော နတ်ဖြစ်သည်။

ဗျတ်ဝိ၊ ဗျတ္တ ။ ။ အေဒီ ၁၀၅၆ ခုနှစ်တွင် သထုံသို့ စစ်ချီရာ၌ စစ်သူကြီး ကျန်စစ်သား၊ ငထွေရုး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့သည် စစ်သူရဲကောင်းကြီးများ ဖြစ်ကြလေသည်။ ထိုသို့ သထုံသို့ စစ်ချီ ရာ၌ သုဝဏ္ဏဘုမ္မိနိုင်ငံသားတစ်ဖြစ်လဲ အရိမဒ္ဒနပြည်ရောက် (ပုဂံ)သူရဲကောင်း ဗျတ္တကြောင့် သုဝဏ္ဏ ဘုမ္မိနိုင်ငံသို့ လွယ်ကူစွာ ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗျတ်ဝိ နှင့် ဗျတ္တသည် ရာဇဝင်တွင် သူရဲကောင်းနှစ်ဦး ဖြစ်ကြသည်။ သုဝဏ္ဏဘုမ္မိမှ အစ်ကိုဗျတ်ဝိသည် သူရိန်လက်ချက်ဖြင့် သေဆုံး ခဲ့သည်။ ထို့ကြောင့် ဗျတ္တသည် သူရိန်အား သတ်ဖြတ်၍ မိမိ၏



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် စေလွှတ်ရာ အရိမဒ္ဒန ပုဂံပြည်သို့ သုဝဏ္ဏဘုမ္မိမှ ထွက်ခွာခဲ့ရလေသည်။ ပုဂံတွင် ရှင်ဘုရင်အား ပန်းဆက်ရာထူး ပေးခဲ့သည်။ ပန်းမှာ ပုပ္ပားသို့ သွားခူးရသဖြင့် ပုပ္ပားသူလေး မယ်ဝဏ္ဏနှင့် တွေ့ဆုံခဲ့သည်။ ပုပ္ပားသို့ မြင်းကဆုန်စိုင်း၍ ပန်းသွားခူးရသဖြင့် ထိုလမ်းကို ဗျတ္တပန်းဆက်လမ်းဟု ခေါ်သည်။ ၎င်းတို့နှစ်ဦးမှ မြင်သော သားနှစ်ပါးမှာ ရွှေဖျင်းကြီး၊ ရွှေဖျင်းငယ် ဖြစ်သည်။) ထိုသို့ သုဝဏ္ဏဘုမ္မိပြည်ကို ကျွမ်းကျင်သော ညီငယ် ဗျတ္တကြောင့် အနော်ရထာသည် သုဝဏ္ဏဘုမ္မိသို့ လွယ်ကူစွာ ဝင်ရောက်ကာ စစ်နိုင်ခဲ့သည်။

ဗျတ်ဝိ၊ ဗျတ္တနှင့် ဖေဇော်ဂျီ ။ ။ သထုံပြည်၌ သခေါ်ဘပျက်သောအခါ ကုလားညီနောင်သည် ပျဉ်တစ်ချပ်ကိုစီး၍ သထုံပြည်သို့ ရောက်လာ၏။ ထိုကုလားညီနောင်တို့ သထုံပြည်သို့ ရောက်လျှင် သထုံမင်းဆရာတော်ထံဝင်၍ ခစားကြလေ၏။ တစ်နေ့ တောတွင်းသို့သွားရာ ဇော်ဂျီကောင်ကိုတွေ့၍ ဆရာတော်မှ အစွမ်းထက်မြက်ကြောင်းပြောပြီး ကျောင်းသို့ သယ်လာရန်ပြောရာ ကုလားညီနောင်တို့လည်း ဇော်ဂျီကောင်ကို ထမ်းခဲ့၏။ ထိုဇော်ဂျီကောင်တို့၏ သဘောကား အသက်မရှိလျှင် ပကာတိလူ ခုနစ်လသားခန့် ပဏာမရှိသော ဟူ၏။ အဇ္ဈတ္တိရ သရက်သီး၊ ဇမ္ဗူသပြေသီးတို့ကိုသာ စားသောကြောင့် ဇော်ဂျီကောင်တို့၏ အနံ့သည် ငှက်ပျောနံ့သာပု အနံ့ကဲ့သို့ အလွန်မွှေးကြိုင်၏။ ကျောင်းသို့ရောက်လျှင် ကောင်းမွန်စွာ ထားသို၏။ တစ်ရံရောအခါ သထုံမင်းဆရာတော် နန်းတော်သို့ သွားလေသည်။ ထိုအချိန်တွင် ကုလားညီနောင်တို့လည်း ထိုဇော်ဂျီကောင်ကို ဖုတ်ကင်၍ စားကြလေသည်။ ထိုသို့စားရလျှင် ကုလားညီနောင်တို့လည်း ငါတို့ဆရာဆိုတိုင်း မှန်,မမှန်ကို စမ်းကြမည်ဟူ၍ ကျောက်ဖျာကို ညီနောင် နှစ်ယောက် ချီမ,ကြသော် ချီမ,နိုင်၍ ကျောင်းလှေကားတွင် ထားလေ၏။

သထုံမင်းဆရာတော်လည်း နန်းတော်က ပြန်လာချိန်တွင် ကျောက်ဖျာကိုမြင်လျှင် ကုလားငယ်ညီနောင်တို့သည် ဇော်ဂျီ ကောင်ကို ဖုတ်ကင်စား၍ သည်ကျောက်ဖျာကို ချီမ,၍ ထားသည်ဖြစ်မည် အမှတ်ရှိ၍ မေးလေ၏။ ကုလားညီနောင်တို့လည်း "ကျွန်ုပ်တို့ စားပေသည်" ဟု လျှောက်၏။ သထုံမင်းဆရာတော်လည်း ခပ်မဆိတ်နေလေ၏။ ထိုနေ့မှစ၍ ကုလားညီနောင်တို့သည် ဆင်ပြောင်ကြီးနှင့်တူသောအားကို ဆောင်ကုန်၏။

## ရာမာယဏဇာတ်တော်ကြီး

အိန္ဒိယပညာရှင်များ၏ အယူအဆအရ ရာမာယဏကဗျာကို ဘီစီ ၆ ရာစုနှင့် ၃ ရာစုအတွင်း ရေးခဲ့ကြောင်း မှတ်သားရသည့် ဝါလမိကိ VALMIKI ရသေ့သည် ဗုဒ္ဓစာပေမှ ငါးရာ့ငါးဆယ်ဇာတ်၊ စတုတ္ထအုပ်၊ ကေဒသနိပါတ်၊ ဒသရထဇာတက၊ ဇာတ်ဦးရေ ၄၆၁ ၌လာသော ရာမအကြောင်းကို ရသေ့၏ အတွေ့အကြုံ ဗဟုသုတများနှင့် ပေါင်းစပ်၍ သက္ကတဘာသာဖြင့် ရာမာယဏကဗျာကို ဖွဲ့ခဲ့သည်။ ဝါလမိကိ ရသေ့ကြီး၏ သက္ကတကဗျာကိုမှီး၍ ရာမာယဏဇာတ်များလည်း ဖြစ်ပေါ်လာသည်။ ရာမာယဏသည် ဂါထာပေါင်း ၂၄၀၀၀ ဖြင့် စီရင်ထားသော လင်္ကာကြီး ဖြစ်ပေသည်။

## ဘီလူးများနှင့် နိပါတ်တော်၊ ဇာတ်တော်များ

ငါးရာ့ငါးဆယ် နိပါတ်တော်တွင်…

(က) "အပဏ္ဏကဇာတ်"တွင် ရေမရှိသော ကန္တာရ ခရီး၌ရှိသော ဘီလူးတို့သည် ခရီးသည်များကို လှည့်ပတ်စားသည်။

(ခ) "မဟာသီလဝဇာတ်" တွင် သုသာန်၌ လူသေကောင်ကို လုနေသော ဘီလူးနှစ်ယောက်အား မဟာသီလဝမင်းကြီးမှ ခွဲဝေပေးသည်။

(ဂ) "ပဥ္စာဝုဓဇာတ်" တွင် ကပ်စေးနဲ့ဘီလူးသည် တောတွင်းသို့လာသူတို့ကို ဖမ်းစားသည်။

(ဃ) "ဝလာဟကဇာတ်" တွင် သီဟိုဠ်ကျွန်း သိရိသဝတ္ထုမြို့၌နေသော ဘီလူးတို့သည် ကျွန်းသို့လာသူများကို ဖမ်းစားကြသည်။

(င) "တေလပတ္တဇာတ်" တွင် ဗာရာဏသီပြည်နှင့် တက္ကသိုလ်ပြည်အကြားရှိ တောအုပ်၌နေသော ဘီလူးတို့သည်

www.burmeseclassic.com

ထိုတောအုပ်သို့ လာသူတို့ကို ဖမ်းစားသည်။

(၈) "ဘဂ္ဂဝဇာတ်" တွင် ဗာရာဏသီမြို့တော် တံခါး ပြင်ဘက်ရှိ ဇရပ်၌နေသော ဘီလူးသည် ဇရပ်တွင်းသို့ လာသော သူတို့ကို စီစစ်၍ စားသည်။

(၉) "ဂုမ္ဘိယဇာတ်" တွင် ဗာရာဏသီပြည် တောအုပ်တစ်ခုရှိ ဂုမ္ဘိယဘီလူးသည် အဆိပ်ထည့်ထားသော ပျားလဘို့ကို စားမိ၍ သေသောသူတို့ကို စားသည်။

(၁၀) "သုတနုဇာတ်" တွင် ဗာရာသီပြည်ရှိ ညောင်ပင် တစ်ခု၌နေသော မယဒေဝဘီလူးသည် ညောင်ပင်အောက်သို့ လာသူတို့ကို စားသည်။

(၁၁) "ဒေဝဓမ္မဇာတ်" တွင် ဟိမဝန္တာတောရှိ ရေအိုင် တစ်ခု၌နေသော ရက္ခိုသ်ဘီလူးသည် ရေအိုင်အတွင်းသို့ ဆင်း သည့် ဒေဝဓမ္မတရားနှစ်ပါးကို မသိသောသူတို့ကို စားသည်။

(၁၂) "သမုဂ္ဂဇာတ်" တွင် ဗာရာဏသီပြည် တောအုပ် ရှိ ရက္ခိုသ်ဘီလူးသည် တောအုပ်အတွင်းသို့လာသော သူတို့ကို ဖမ်းစားသည်။

(၁၃) "ပဒကုသလမဏာဇာတ်" တွင် တောင်ခြေရင်းရှိ လိုဏ်ဂူတစ်ခု၌နေသော အဿမုခီဘီလူးမသည် တောအုပ် အတွင်းသို့လာသောသူကို ဖမ်းစားသည်။

(၁၄) "မဟာသုတသောမဇာတ်" တွင် ဗာရာသီပြည်ရှိ ဗြဟ္မဒတ်မင်းသည် လူသားစားသဖြင့် လူသားစားပေါရိသာဒဟု ခေါ်သည်။ ထိုမင်းသည် လူဘီလူးဖြစ်သည်။

အထက်ပါ နိပါတ်တော် ဇာတ်တော်တို့အပြင် အခြား အခြားသော ဇာတ်တော်၊ ဝတ္ထုများလည်း ရှိပေသည်။

## သာသနာ့မှတ်တိုင် ပထမဆုံး စိုက်ထူခြင်း

ဗုဒ္ဓမြတ်စွာဘုရားသည် မဟာသက္ကရာဇ်-၁၀၃(ဘီစီ- ၅၇၉)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ပြာသို လပြည့်နေ့၌ သီဟိုဠ်ကျွန်းမှ ဖိုးဦးတောင်ထိပ်(ပြည်မြို့အနောက် ဘက်ကမ်းရှိတောင်)သို့ ကြွတော်မူ၍ သမ္ဗုလ္လဘီလူးမင်း၏ ဘုံကိုးဆင့် ရှိသော ဗိမာန်၌ ပတ္တမြားပလ္လင်ထက်တွင် သီတင်း သုံးတော်မူခဲ့သည်။ သမ္ဗုလ္လဘီလူးမင်းသည် ၎င်းတို့၏ မိတ်ဆွေ များဖြစ်သော ဝေသာဂီရိဘီလူးမင်း၊ ဣန္ဒိမန္တဘီလူးမင်း၊ ဝေဠု ကန္တဘီလူးမင်းတို့ကိုလည်း မြတ်စွာဘုရားအား ဖူးမြော်ကြည် ညိုနိုင်ရန် ဖိတ်ကြား၏။ ထိုသုံးဦးတို့ကလည်း ရောပတ္တနဂါးမင်း အား ထပ်မံ၍ ဖိတ်ကြားပြန်၏။

ဗုဒ္ဓဘုရားရှင်သည် ပထမဦးဆုံး ဗုဒ္ဓသာသနာ့မှတ်တိုင် အဖြစ် လူပြည်၌ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ကျင်းပခဲ့သည်။ ထိုပူဇော်ပွဲသို့ သိကြား၊ ဗြဟ္မာ၊ နတ်၊ နဂါး၊ ဘီလူးမင်းတို့အား ဒါနကထာ၊ သီလကထာ၊ မဂ္ဂကထာ စသည့်တရားတော်များကို ဟောကြားခဲ့ရာ နာကြားရသောသူတို့သည် သောတာပန်တည်၍ သရဏဂုံတည်ကာ ပဉ္စသီလ တည်မြဲကြကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် သမ္ဗုလ္လဘီလူးမင်း၊ ဝေသာဂီရိဘီလူးမင်း၊ ဣန္ဒိမန္တဘီလူးမင်း၊ ဝေဠုကန္တဘီလူးမင်း၊ ရောပတ္တနဂါးမင်းတို့အား ဓာတ်တော် မွေတော်များကို ပေးသနား တော်မူခဲ့သည်။ ထိုဓာတ်တော် မွေတော်တို့ကို သီရိခေတ္တရာမြို့ "လေးဆူဓာတ်ပျော် ရွှေဆံတော်" ပြည်ဆံတော်ရှင်စေတီတော် မြတ်တွင် ဌာပနာထည့်၍ တည်ထားကိုးကွယ်ခဲ့သည်။

## သုဝဏ္ဏဘုမ္မိပြည်သို့ မြတ်စွာဘုရား ကြွရောက်တော်မူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းပိဋကတ်တိုက်ရှိ ခရစ်နှစ် ၁၇၈၄-ခုနှစ်တွင် ရေးသားသော မြန်မာဘာသာ မှန်ရာဇဝင် ပေမူတစ်စောင်ကို ၁၉၂၃-ခုနှစ်၌ မှန်ရာဇဝင်အမည်ဖြင့် ပုံနှိပ် ထုတ်ဝေခဲ့သည်။ ၎င်းပေမူတွင် သုဝဏ္ဏဘုမ္မိပြည်သို့ မြတ်စွာ ဘုရား ရောက်ခဲ့တော်မူစဉ် မြတ်စွာဘုရားရှင်သည် ရဟန္တာငါးရာ နှင့် အနောက်သမုဒ္ဒရာ ကောင်းကင်ထက်၌ကြည့်ရာ ဟံသာ ဖိုမ ကျက်စားနေသည်ကိုမြင်၍ နောင်အခါ ဤနေရာ ဟံသာ ဝတီပြည်(ဒုတိယမွန်နိုင်ငံ-ပဲခူး)ဖြစ်၍ နောင်အခါတွင် အဏ္ဏဝ ဖြစ်သော နဂါးမျိုး၌ ဦးဆံရှိသော သူငယ်နှစ်ယောက် သမလ ဝိမလ အစတည်၍ ၁၇ ဆက် မင်းဖြစ်မည်ဟု ဗျာဒိတ်တော် ထားခဲ့လေသည်။ ထိုမင်းတို့တွင် ၈ ဆက်မြောက်သည့် ဘီလူး မင်းတို့အမည်ကား (၁) ယကွော၊ (၂) အလသော၊ (၃)ဘီကျွ။ (၄) မုဋ္ဌော၊ (၅) ကုဋ္ဌော၊ (၆) ပကွော၊ (၇)ကဋ္ဌော၊ (၈)မုဂ္ဂေါ တို့ဖြစ်သည်။ ဘီလူးတို့သည် မင်းအဖြစ် နိုင်ငံကို သာယာစည် ပင်ဝပြောအောင် ဆောင်ရွက်ခဲ့သည်ဟုလည်း သိရှိရသည်။

## စည်သူဂါမဏီသင်္ကြံ၏ ရခိုင်ရာဇဝင်မှ ဘီလူး

ခရစ်နှစ် ၁၇၆၂-ခုနှစ်တွင် စည်သူဂါမဏီသင်္ကြံသည် ရခိုင်ရာဇဝင်ကို ရေးသားခဲ့သည်ဟု ယူဆရသည်။ ထိုရခိုင်ရာဇဝင် ရခိုင်သမိုင်းစာအုပ်ကို ရန်အောင်စာပေမှ ပြန်လည်ထုတ်ဝေ၍ "ငွေးဝေ" ရေးသားသော "ရခိုင်ရာဇဝင် ရခိုင်သမိုင်း" ၏ စာမျက်နှာ-၃ တွင် ငဆက်ဒန် ဘီလူးရှိသော တောကို ယခု



www.burmeseclassic.com

www.burmeseclassic.com

တိုင် ဆေးက်ဒန်တော ရှိသည်ဟု ရသည်။ ညီတစ်ယောက်ဖြစ်သော ယက္ခမိ ဘီလူးကား ချောင်းငယ်တစ်ခုဌ် ကူးတို့ခံကာ (ကူးတို့သမား)အယောင်ဆောင်၍ တောတွင်းသို့လာသော ထင်းခွေသမားတို့ကို လှေနှင့်တင်၍ မီးသို့ချသည်ဟု သိရသည်။ ထိုချောင်းကို ယခုတိုင် မီးချောင်း ဟူ၍ တွင်သည်။ ဘီလူးတို့၏ နှမဖြစ်သော ယက္ခနီသည်ကား ရေကန်တစ်ခုဌ်နေ၍ ရေလာချိုးသူတို့ကို စားလေ၏။ ထိုကန်ကိုလည်း ယက္ခနီကန်ဟု တွင်သည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

## သရေခေတ္တရာမြို့တည်ပုံ

ဦးကုလား၏ မဟာရာဇဝင်တော်ကြီး သုံးတွဲ ဟံသာဝတီ ပုံနှိပ်တိုက်ထုတ်၊ စာမျက်နှာ-၁၁၆ တွင် ပါရှိသော စာကို ၂၀၁၄-ခုနှစ်၊ မေလ၌ "ဒေါက်တာတိုးလှ" ရေးသားသော "ရှေးဟောင်းမြန်မာနိုင်ငံသမိုင်း" စာအုပ် စာမျက်နှာ-၁၅ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

သာသနာသက္ကရာဇ် ၁၀၁ ခုရောက်သောအခါ "ရသေ့ သိကြား၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ စန္ဒီ၊ ပရမေသွရ" ဆိုသည့် သူမြတ် (၇)ယောက်တို့သည် သရေခေတ္တရာမြို့ကို တည်၏ဟု ရေးသားထားသည်ကို တွေ့ရသည်။


ထို့အတွက်ကြောင့် ရှေးခေတ်အခါကလည်း နဂါး၊ ဂဠုန်၊ ကုမ္ဘဏ် ဘီလူးတို့သည် သူတော်စင် သူတော်မြတ်အဖြစ် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

## နတ်သမိုင်းနှင့် ဘီလူး

၃၇ မင်း နတ်စာရင်းများတွင် မပါဝင်သော်လည်း ယနေ့တိုင်အောင် မြန်မာနိုင်ငံတွင် လက်ခံယုံကြည်၍ ကိုးကွယ်သောနတ်များ ရှိသည်။ ၎င်းနတ်များတွင် "ပုန်းမကြည်ရှင်မ" နတ်သမိုင်း၌ ဓမ္မပဒ အဋ္ဌကထာ ပါဠိတော်၌ နဝိဟိဝေရေန ဝေရာနိ အစရှိသော ဂါထာဖြင့် တန်ဆာဆင်အပ်သော "ကာဠယက္ခိနီ" ဘီလူးမ၏ ဝတ္ထုတွင် ဘီလူးမ၏အကြောင်း ပါဝင်သည်ကို တွေ့ရသည်။

ထိုဝတ္ထု၌ သမင်မက ဘီလူးမ ဖြစ်၍ ကျားသစ်မက အမျိုးသမီး ဖြစ်သည်။ ထိုအချိန်အခါ၌ ဂေါတမမြတ်စွာဘုရားသည် အထင်အရှားရှိ၍ သာသနာပေါ်ထွန်းသောအခါ၌ ဖြစ်လေသည်ဟု ဆိုသည်။ ထိုအကြောင်းအရာတွင် ဘီလူးမ၏ ကျေးဇူးကို ပြောပြသဖြင့် တစ်ဆင့်မှတစ်ဆင့် ထိုဘီလူးမကို ရွာနှင့်အဝန်း၊ မြို့နှင့်အလိုက် ပူဇော်ပသကြရာမှ ယခုတိုင်အောင် ဘီလူးမသည် ပုန်းအောင်းနေရာမှ ကြည်လင်ခြင်းကြောင့် "ပုန်းမကြည်" ဟု အမည်ထင်ရှားခဲ့လေသည်။ ကာလကြာမှ "ပုန်းမကြည်" ကို အချို့က "ဖုန်းမဂျီ"၊ အချို့က "ပုပ္ပကြည်" ဟု ခေါ်ကြသည်။

ထို့ပြင် "မယ်ဖြူ မယ်ညိုနတ်" ၌လည်း ဘီလူးမကြီးဇာတ်လမ်း ပါဝင်သည်ကို တွေ့ရသည်။





မြတ်စွာဘုရား စံမြန်းတော်မူသော မြသလွန်တော်ကို ပူဇော်ခွင့်ရသည့် ဘောကျော်ဘီလူးမင်း နှင့် ဘောသောဘီလူးမင်း (ရန်ကုန်၊ မယ်လမုစေတီတွင် တည်ရှိသည်)

www.burmeseclassic.com




ယက္ခနောင်တော် (ရန်ကုန်မြို့ မိုးကောင်းဘုရားရှိ ဘီလူးညီနောင်) ယက္ခညီတော်




အဘ ယက္ခနောင်တော် (ရန်ကုန်မြို့ ကျိုက္ကစံဘုရားရှိ ဘီလူးညီနောင်) အဘ ယက္ခညီတော်

## လူအများ ကိုးကွယ်သည့် ဘီလူးများ

ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရား မြောက်ဘက်တန်ဆောင်းအနီးတွင် ယက္ခမယ်တော်ကြီး ရှိသည်။ ထို့အတူ ရန်ကုန်မြို့ သယ်ံန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဘုရားတွင်လည်း ဘီလူးညီနောင် ရှိသည်။ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားတွင်လည်း ဘီလူးညီနောင်ရှိသည်။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ကိုးထပ်ကြီးဘုရားတွင်လည်း ဘီလူးရုပ်တု ရှိသည်။ ရန်ကုန်မြို့ သန်လျင်မြို့နယ်၊ ကျောက်တန်းရေလယ်ဘုရားတွင်လည်း ဘီလူးရုပ်တု ရှိသည်။ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ မယ်လမုဘုရားတွင်လည်း ဘီလူးရုပ်တုရှိသည်။ မကွေးမြို့ မြသလွန်ဘုရားတွင်လည်း ယက္ခညီနောင် စသည်ဖြင့် သာသနာပြုဘီလူးများသည် ဘုရားများကို စောင့်ရှောက်လျက် ရှိကြသည်။

ဧရာဝတီမြစ်တ‌‌‌ ာက်ကမ်းရှိ တန့်ကြည်တောင်ဘုရားတွင်လည်း ဘီလူးရုပ်တုရှိသည်။

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့အလွန်တွင် ဓမ္မသိက်ဘုရား ရှိသည်။ ထိုဘုရားသို့ မရောက်မီ ညာဘက်ခြမ်းရှိ မြနန်းတော်ကျောင်းတိုက် အတွင်း၌ စေတီတစ်ဆူတွင် ဘီလူးတစ်ထောင် ရုပ်တုများ ရှိသည်။

အချို့ချို့သော မြို့ရွာ ဘုရားများတွင် ဘီလူးတို့ကို လူတို့က ကိုး ကွယ်ပသကြည်ညိုမှုဖြင့် ပူဇော်ပသ ကြသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုဘုရားအသီးသီးတို့တွင်ရှိသော သာသနာပြုလျက်ရှိသော ဘီလူးရုပ်တုများကို ယုံကြည်မှုနှင့် ကိုးကွယ်သူများ ရှိခဲ့ရာ အောင်မြင်မှုပန်းတိုင် အထွတ်အထိပ်သို့ ရောက်ရှိသူများလည်း ရှိခဲ့သည်။ အုန်း၊ ငှက်ပျောများဖြင့် ကန်တော့ပွဲများလည်း ပေး၍ ပူဇော်ကန်တော့ခဲ့ကြသည်။ ဝတ်စုံ၊ ပဝါ၊ ခါးစည်း၊ ပုဆိုးတို့ကို ဝတ်ဆင်ပေးကြသည်။ ထိုယက္ခဘီလူးများထံတွင် လူတို့သည် မိမိတို့ အလိုရှိရာကို တောင်းဆို၊ ဂါက တောင်းဆုပြည့်သည်ဟု ကိုးကွယ်သူများက ယုံကြည်ကြသည်။ ပူဇော်ပသရာတွင် လူအများ ကပ်လှူပူဇော်သည့် ဒံပေါက်၊ အချိုရည်၊ ထမင်းဟင်း၊ သစ်သီး၊ စီးကရက်များ၊ အမွှေးနံ့သာများနှင့် ပူဇော်ပသကြသည်။ အောင်မြင်ကြသည်၊ ထူးခြားကြသည်၊ ပြည့်စုံကြွယ်ဝကြသည်ဟု သိရသည်။

---

# ရွှေတိဂုံစေတီတော်မြတ်ရှိ ဘီလူးရုပ်ကြီးများ





ရွှေတိဂုံစေတီတော်မြတ် တောင်ဘက်မုခ် ခြေရင်းအနီးရှိ သာယာဝတီမင်း ကောင်းမှု ဘီလူးရုပ်ကြီး

လောကပါလ ဘီလူးရုပ်

ရွှေတိဂုံဘုရား တောင်ဘက်မုခ်တွင်ရှိသော ခြင်္သေ့ကြီးများ၏ နောက်ကွယ်တစ်ဖက်တစ်ချက်တွင် မှဆိုးထိုင် ထိုင်နေသော ဘီလူးရုပ်ကြီး နှစ်ရုပ်ရှိသည်။ (ယခု ဖော်ပြသောပုံမှာ ရေးနှစ်ပေါင်း ၁၀၀ ကျော်ခန့်ကပုံ ဖြစ်သည်။)ထိုဘီလူးရုပ်ကြီးမှာ ၁၈၄၃ ခုနှစ်တွင် သာယာဝတီမင်း ရန်ကုန်မြို့သို့ ကြွရောက်စဉ်က မုခ်ဝတွင် ထားရှိရန် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ မြောက်ဘက်စောင်းတန်းထိပ်မှ ရင်ပြင်တံတိုင်းဘေးတွင် ဘီလူးရုပ်ကြီးတစ်ရုပ် ရှိသည်။ ထိုဘီလူးရုပ်ကြီးမှာ ဘုရင်မကြီး ရှင်စောပု၏ ကောင်းမှုဖြစ်သည်။

www.burmeseclassic.com




# [illegible] ဝိညာဉ် လောကီအကြောင်း

## စိုးဝင်းထွဏ်း(တာမွေ)

လူသားတို့သည် လူသားအစ ဖြစ်ပေါ်လာပုံမှာ ကမ္ဘာ့ပျက်ချိန်၌ မပျက်စီးဘဲ ကျန်ရှိခဲ့သော ဖြဟ္မာ့ပြည် ဘုံဌာနများမှ ဖြဟ္မာများ စုတေသောအခါ ကမ္ဘာမြေ တွင် ပဋိသန္ဓေတည်၍ လူသားအဖြစ် စတင်ဖြစ်ပေါ်လာသည်။ ပဋိသန္ဓေ (၄)မျိုးရှိသည်။ ၎င်းတို့မှာ - (၁) သံသေဒဇ၊ (၂)ဩပပါတ်၊ (၃) အဏ္ဍဇ၊ (၄) ဇလာဗုဇ ဟူ၍ ဖြစ်သည်။

**လူမျိုးများ ။** ။ ကမ္ဘာပေါ်တွင် လူမျိုးများစွာရှိပြီး ဘာသာစကား ပေါင်းလည်း (၆၀၀၀)ကျော် ရှိသည်ဟု မြန်မာ့စွယ်စုံကျမ်းများ၌ ဖော်ပြထားသည်။ မည်သို့ပင်ဖြစ်စေ မူလအစမှာ အသားအရောင် (၅)မျိုးဖြင့် ဖွဲ့စည်းထားသည်ဟု ယူဆရသည်။ အသားဖြူ/မည်း/ ဝါ/နီ/ညို လူမျိုးတို့ ဖြစ်ကြသည်။ ဥရောပတိုက် ကော့ကေးရှန်း လူမျိုးတို့သည် အသားဖြူလူမျိုး ဖြစ်သည်။ အာဖရိကတိုက် အီသီယိုးပီးယန်းအနွယ်တို့သည် အသားမည်းလူမျိုးဖြစ်သည်။ အာရှတိုက် မွန်ဂိုးလီးယန်းအနွယ်တို့သည် အသားဝါလူမျိုး ဖြစ်သည်။ အမေရိကတိုက်အနွယ်တို့သည် အသားနီလူမျိုး ဖြစ်သည်။ မလေး ဖိုနီရှန်းအနွယ်တို့သည် အသားညိုလူမျိုးဖြစ်ပြီး အသားအရောင် ရေမြေဒေသ ကွဲပြား၍ ကိုးကွယ်မှုများလည်း ကွဲပြားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၁) VOODOO နှင့် လောကီပညာ

**မှော်ဝင်စက်ရှင်တို့ အောင်နိုင်ခြင်း**

အာတီမစ်(ARTEMIS) - အမဲလိုက် နတ်သမီး ဖြစ်ပြီး အပိုလိုနတ်သား၏ ညီမဖြစ်သည်။

အာ့တာတီး(ASTARTE) - သစ်သီးဝလံ စောင့်ရှောက် ပိုင်စိုးသော နတ်သမီးဖြစ်လျက် အချစ်နတ်ဘုရားမ ဖြစ်သည်။

ဒီအိုနီ(DIONE) - အက်ဖ်လိုဒိုင်တီ အချစ်နတ်သမီး၏ မိခင်ဖြစ်သည်။

Melusine APHRODITE - အက်ဖ်လိုဒိုင်တီ အချစ်နတ်သမီးနှင့် သစ်သီးဝလံကို ဧစောင့်ရှောက်သော နတ်သမီး ဖြစ်သည်။

ဖော်ပြပါ အမည်များအပြင် အခြားအမည်များနှင့် နတ်သမီး၊ နတ်ဘုရားများလည်း ရှိကြသေးသည်။

အာဖရိကလောကီပညာတွင် VOODOO သည် အထူးခြားဆုံး ရုပ်နာမ်လောကဖြင့် စုန်းပြုစား၍ တိုက်ခိုက်ကြသည်။

စုန်းကဝေ၊ မှော်စက်ရှင် အမည်ခံ နတ်ဝင်သည်တို့ကို ယုံကြည်ကိုးစားသော ဓလေ့တို့သည် ကမ္ဘာ့နိုင်ငံအနှံ့ တွေ့မြင်ကြားသိခဲ့ရသည်။

လန်ဒန် တောင်ပိုင်းရှိ ဧည့်ခန်းတစ်ခုအတွင်း၌ မီးပုံတစ်ပုံကို ဗဟိုပြု၍ လူအများက ဝိုင်းကြီးပတ်ချာလှည့်ပြီး လပြည့်ညတွင် ထွန်းလင်းနေသောလ ပျောက်ကွယ်သွားသည် အထိ လျှို့ဝှက်သော ဘာသာစကားဖြင့် နှုတ်မှရွတ်ဆိုခြင်းပြုကြသည်။


ဝိညာဉ်ကိုးကွယ်သူတစ်ဦးသည် ဝိညာဉ်နှင့် ဆက်သွယ်ရန်အလို့ငှာ အာတီမစ် နတ်ရုပ်ရှေ့တွင် ရေ၊ ဆားတို့နှင့်တကွ နံ့သာပေါင်းစုံကို မီးရှို့ပူဇော်လျက် တုတ်တစ်ချောင်း၊ ဓားတစ်စင်းနှင့် ကျစ်ထားသော ကြိုးခွေကိုပါ အတူချထားပြီး စည်းဝိုင်းဝိုင်းကာ အာရုံယူနေကြရသည်။

အာဖရိကတိုက်သားတို့၏ ပဉ္စလက်မှော်ပညာ၊ မြေထဲပင်လယ်ဒေသ ကျေးရွာများတွင် ယုံကြည်ကိုးကွယ်သော ပဉ္စလက်မှော်ပညာတို့သည် ဗြိတိန်ရှိ ဗြိတိသျှလူမျိုးများထဲသို့ တိုးဝင်ထိုးဖောက်ခဲ့သည်ကိုလည်း တွေ့ရသည်။

ဝိညာဉ်ပူးသူနှစ်ဦးသည် မီးထဲမှ ဝိုင်အရက်ကိုသောက်ရင်း စကားများကို ပြောကြားနေစဉ် ပြက္ခဒိန်ရက်ကူးကာလဖြစ်သောကြောင့် ကျမ်းစာအုပ်ကို ထောင်လျက်ဖွင့်ထားခြင်းဖြင့် ဝိညာဉ်များကို စုဝေးလာစေသည်။

တိရစ္ဆာန်တို့၏ အသက်ကို ရှင်လျက်ဖြင့်ပင် လည်ပင်းကို ဖြတ်၍ ၎င်း၏သွေးများဖြင့် ဝိညာဉ်ပူးသူတို့က ပူဇော်ပသသောက်သုံးခြင်းကိုလည်း တွေ့ရသည်။

ဝိညာဉ်ခေါ်သူတို့သည် သီချင်းဆိုသကဲ့သို့ "EKO EKO AZARAK, EKO EKO ZOMELAK, EKO EKO GANANAS, EKO EKO ARADA" ဆိုသည့် အသံဖြင့် အော်ဟစ်ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာဖြစ်သူ ဂဲရက်ဘရောက်ဆူဂါဒနာကမူ နတ်ဝင်သည် မှော်ဆရာများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဝေဖန်ဆုံးဖြတ်ချက်များ ပေးခဲ့သည်။

မှော်ဆရာများသည် ဆိတ်ငြိမ်မှုကို လိုလားကြပါမူ နည်းလမ်းတကျ အစီရကွပ်ကဲမှုအောက်၌ ရှိသင့်သည်။ လူသားတိုင်း လိုလားသောအရာမှာ ပျော်ရွှင်စွာ နေထိုင်မှု၊ စိတ်ချမ်းသာစွာ ရှိနေမှုများဖြစ်ပြီး သေခြင်းတရားကို ကြောက်ရွံ့ ထိတ်လန့်ကြလျက် ဝေးနိုင်သမျှ ဝေးဝေးနေလိုကြပြီး သေခြင်း စကားကို လုံးဝမကြားလိုကြပေ။ သို့သော် ကျွန်ုပ်တို့သည် အရွယ် ရလာသည်နှင့်အမျှ အသက်ကြီးရင့်လာကြပြီး လူ့ဘဝ၏ ထုံးစံ အရ အေးချမ်းစွာ အနားယူရာနေရာသို့ သေခြင်းတရားက ပို့ဆောင်ပေးမည်သာ ဖြစ်သည်။ ထို့မှတစ်ဖန် ကျွန်ုပ်တို့သည် လူ့ဘဝသို့တစ်ဖန် ပြန်ရောက်လာခဲ့ကြရဦးမည် ဖြစ်သည်။ နောက်ဘဝရှိသည်။ လူဝင်စား ပြန်ဖြစ်နိုင်သည် ဟူသော အယူအဆကို စာရေးဆရာဖြစ်သူ ဂဲရက်ဘရောက်ဆူဂါဒနာက နက်နဲစွာ ယုံကြည်ခဲ့လေသည်။

ရုပ်နှင့်နာမ် ကွဲနေခြင်းသည် လူ့ဘဝ သက်ရှိဘဝဖြစ်ကာ ရုပ်နှင့်နာမ် ကွဲပြားသွားပါက ရုပ်ကသေခြင်းဟူသော တရားအောက်တွင် လဲလျောင်းကျန်ရစ်ခဲ့ကာ နာမ်ကား ဝိညာဉ်အဖြစ် လွင့်ပါးသွားလေသည်။ ထို့ကြောင့် ရုပ်နာမ်လောက၏ အတွေ့အကြုံ အမျိုးမျိုးကို ကြုံတွေ့ခဲ့သူတို့က သူတို့၏အမြင်ကို အနည်းနည်းအဖုံဖုံ တင်ပြခဲ့ကြသည်။

ရုပ်နာမ်အတွေ့အကြုံ လောကီပညာများသည် ကမ္ဘာ့နိုင်ငံ အသီးသီးတို့၏ တိုင်းပြည်အသီးသီးများတွင်လည်း ယခုခေတ်တိုင်အောင် အောင်မြင်ကျော်ကြား ထွန်းကားနေကြသည်။

## (၂) ဂမ္ဘီရသိပ္ပနှင့် အနောက်တိုင်းအယူအဆ

အနောက်တိုင်းမှ OCCULT ART ဟူသော အသုံးအနှုန်းကို ဂမ္ဘီရသိပ္ပဟု မြန်မာပြန် ပြုထားကြောင်း သတိပြုမိသည်။ တစ်ချိန်က ကျော်ကြားခဲ့ဖူးသော လောကီပညာ သုတေသီ စာရေးဆရာကြီး ဒဲနစ္စဝှိုတလေ (DENNIS WHATELEY) ၏ အဆိုအရ ဂမ္ဘီရသိပ္ပတွင် အဖြူရောင်(အထက်လမ်း)ဂိုဏ်းနှင့် အမည်းရောင်(အောက်လမ်း)ဂိုဏ်း ဟူ၍ ခွဲခြားသတ်မှတ်ကြသည်။

အထက်ဂိုဏ်း ဂမ္ဘီရသိပ္ပ (ဝါ) အဖြူရောင်လောကီပညာ *(THE WHITE MAGIC)* ဟူသော ပရလောကနှင့် ဆက်သွယ်၍ ရရှိလာသော သဘာဝလွန် စွမ်းအင် *(SUPER-NATURAL POWER)* ကို ကိုယ်ကျိုးအတွက် မဟုတ်ဘဲ လောကီလူသား ကောင်းကျိုးအတွက် အသုံးပြုခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဤသို့ဆိုလျှင် အမည်းရောင် လောကီပညာ *(THE BLACK MAGIC)* ဟူသည် ယုတ်ညံ့သော အတ္တကိုယ်ကျိုးနှင့် ယှဉ်လျက် လောကီလူသား၏ ဆိုးကျိုးကို ဖန်တီးလုပ်ဆောင်ခြင်းဟု ဖွင့်ဆိုသည်။ မှော်အတတ်ကို *(MAGIC)* အောက်လမ်းပညာဟု တရားသေ မယူဆရဘဲ ရည်ရွယ်ချက် *(AIM AND OBJECT)* အပေါ် ဆန်းစစ်ရမည်ဟု ဖွင့်ဆို၏။

မြန်မာမှုဖြင့်ဆိုရသော် ဆေး၊ အင်း၊ ပြဒါး၊ မန္တန် ဟူသော ဝိဇ္ဇာအတတ် လေးပါးနှင့် အမှောင့်ပယောဂများကို နှိမ် နင်းသော လောကီအတတ်ပညာများကို အထက်ဂိုဏ်းဟု ဖွင့်ဆိုနိုင်သည်။ အောက်လမ်းဟူသည် "ဘူတဝိဇ္ဇာ"ခေါ် ဖုတ်တစ္ဆေ မြေဖုတ်ဘီလူး အစီအရင်နှင့် စုန်းကဝေအတတ်များဟု ဖွင့်ဆိုကြခြင်းဖြစ်၏။


အထင်အရှား ကျန်ရစ်ခဲ့သော ရှေးဟောင်းသုတေသန ဆိုင်ရာ မှတ်တမ်းအထောက်အထားများအရ "မကောင်းဆိုးဝါးများနှင့် ဆက်သွယ်၍ အောက်တန်းကျပြီး အစီအရင်များ" ပြုလုပ်သော အောက်လမ်းအတတ်များမှာ ခရစ်တော်မပေါ်မီက ဘာဘီလုံ (BABY-LON) မြို့ပြယဉ်ကျေးမှု ခေတ်၌ပင် တွေ့ရှိခဲ့ရသည်။ အလယ်ခေတ် ဥရောပတိုက်၌ စုန်းကဝေများကို မီးရှို့၍၊ ဖိကျင်ထိုး၍ နှိမ်နင်းခဲ့ရသည်။

ခရစ်နှစ် ၉၂၄ ခုနှစ်တွင် အင်္ဂလန်၌ နန်းတက်သော ဘုရင် အေသဲလ်စတန် (AETHELSTAN) လက်ထက်တွင် စုန်းကဝေများကို အထူးသက်ညှာစွာ အပြစ်ပေးခဲ့ဖူးကြောင်း တွေ့ရှိရသည်။


**အမှောင့် အစိမ်းသရဲများအား နှင်ထုတ်ခြင်း**

လန်ဒန်မြို့ ဆပ်ဆက် (SUSSEX) အရပ်ရှိ အိမ်မည်းကြီးတစ်လုံး၌ တစ္ဆေခြောက်မှုမှာ မှတ်တမ်းဝင်ဖြစ်သည်။ ၎င်း

www.burmeseclassic.com








အိမ်အိုကြီးအတွင်းရှိ အခန်းတစ်ခန်းကို ပရလောကမှ အပမှီနေ၍ မည်သူမျှ မနေရဲ။ အကယ်၍ သွားရောက် အိပ်စက်မိသော် ခုတင်ပေါ်မှ အောက်သို့ဆွဲချခြင်း ခံရရုံမျှမက တစ်ခါတစ်ရံ လည်ပင်းပင် အညှစ်ခံရတတ်သည်ဆိုသည်။ ၎င်းအခန်းအတွင်း စားစရာများ ထားရှိသော် အချိန်အနည်းငယ်အတွင်း အဆော တလျှင် ပုပ်သိုးကုန်သည် ဆို၏။


သက်ဆိုင်ရာတို့က တစ်ခုသော အရေးထဲကျင်းချိန်၌ မကောင်းဆိုးဝါးနှိမ်နင်းသော အထက်ဂိုဏ်းဆရာ (SXORCIST) တစ်ဦးအား ပင့်ဖိတ်၍ နှိမ်နင်းတိုက်ထုတ်ခဲ့သည်။ သို့အတွက်ကြောင့် ထူးဆန်းသော မျက်မြင်ဖြစ်ရပ်မှာ ဘောလုံးမျှလောက်ရှိသော မီးခိုးလုံးကြီးသည် ထိုအခန်းတွင်းမှ ရုတ်တရက် ပေါ်ပေါက်လာပြီး လေဟာနယ်အတိုင်း လိုမ့်ဆင်း၍ အိမ်ဘေးရှိ မြက်ခင်းအနီးမှ ရေအိုင်အတွင်း နစ်မြုပ်ပျောက်ကွယ်သွားသည်။ သက်ဆိုင်ရာတို့က စိတ်ဝင်စားသဖြင့် ရေအိုင်အောက် ခြေသို့ ရေငုပ်သမားငှား၍ ရှာဖွေကြည့်ရာ လူ့အရိုးစု သုံးခုမျှ တွေ့ခဲ့ရကြောင်း အဖြစ်မှန် မှတ်တမ်းတင်ထားသည် ဆို၏။

ရိုမန်ကက်သလစ် ဘုန်းတော်ကြီး မွန်တေဂူဆမ္မားစ် (MONTAGU SUMMERS) ၏ ကိုယ်တွေ့မှာ တစ်မျိုးတစ်ဖုံ ထူးဆန်းသည်။

အိုင်ယာလန်နိုင်ငံသူတစ်ဦးအား မကောင်းဆိုးဝါး ကောင် ဝင်ပူး၍ ဒုက္ခပေးနေသော အပူးခံရသော ဝေဒနာသည် အမျိုးသမီးသည် အဆိုပါ ဘုန်းကြီးကို မြင်လိုက်သည်နှင့် လူအများ ဝိုင်းဝန်း ချုပ်ကိုင်၍ မရနိုင်လောက်အောင် ထကြွသောင်းကျန်းလာသည် ဆိုပါသည်။

ဘုန်းကြီးက ခရစ်ယာန်ဆိုင်ရာ ပရိတ်ရေ (HOLY WATER) ဖြင့် ပက်ဖျန်းလိုက်ရာ အမြုပ်တစီစီထနေသော ထိုအမျိုးသမီး ပါးစပ်ပေါက်မှ မီးခိုးတန်းတစ်ခု ထွက်သွားသည်ကို အနီးရှိ လူအားလုံးက မြင်လိုက်ကြသည်။

ထိုမီးခိုးလုံးအတန်းသည် မကြာသေးမီက ရေခဲသေတ္တာအတွင်းမှ ထုတ်ယူပြီး စားပွဲပေါ်တင်ထားသော ဆိတ်သား တုံးပေါ်သို့ ကျရောက်သွားသည်နှင့် လောက်ကောင်များ တရှူရှူတက်ကုန်သည်ကို မြင်တွေ့ရကြသည်။




**ဖရန်ကိုင်စတိုင်း ဝတ္ထုဇာတ်လမ်းများ**

သေဆုံးပြီးသူများကို ဆေးအတတ်ဖြင့် အသက်သွင်းသော ဇာတ်လမ်းများသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ထွက်ပေါ်လာသော စာနယ်ဇင်းများတွင်ပါဝင်သော လက်ရာများနှင့်အတူ နေရာယူလာသည်။ ဖရန်ကိုင်စတိုင်း (FRANKEN-STEIN) ဝတ္ထုကို အခြေခံ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးခဲ့ကြသည်။ စာပေဝေဖန်ရေးများ ရေးသားသော စာရေးဆရာမဖြစ်သူ အာဆူလာဗလွန်း(URSULA BLOOM) ၏ အယူအဆမှာ "ဆေးပညာဖြင့် အသက်သွင်းသော ဖရန်ကိုင်စတိုင်း ဇာတ်လမ်းသည် ဗူးဒူး(VOODOO) "ဖုတ်သွင်း" ၍ အလုပ်ကြမ်း ခိုင်းစေသော ဇွမ်ဘီ(ZOMBIE) ကို အခြေခံသည် ဆိုပါသည်။ ဇွမ်ဘီသုတေသီ ဗိုရာဟာတ်စတန် ရေးသားသော ဗူးဒူးနတ်ဘုရားများ (VOODOO GODS) အမည်ရှိ စာအုပ်မှ ဇွမ်ဘီဇာတ်ပုံတစ်ပုံကို ကိုးကားပြဆိုခဲ့ကြောင်း သိရှိရ၏။

## (၃) တိဗက်လောကီပညာ

တိဗက်လူမျိုးတို့၏ အထူးခြားဆုံးနှင့် အခါခပ်သိမ်း ရွတ်ဆိုပွားများလေ့ရှိသော မန္တန်မှာ ...

**OM MANI PAD ME HUM**

**"ဥုံ မဏိ ပဒ္မေ ဟုံ"**

ဖြစ်ပြီး ရွတ်ဆိုရာ၌ ဥုံ မဏိ ပဒ် မေ ဟုံ အသံထွက်၏။

တိဗက်တို့က ဗောဓိသတ္တမန္တန်တော်ဟု ခံယူသော အဆိုပါမန္တန်ကို ရွတ်ဆိုရာ၌ -

**MUH-EM-PAD MI-MO**

**"မု အမ် ပဒ် မိ မို"**

ပြောင်းပြန်အသံထွက် (ကက်ကင်းသဘော) ရွတ်ဆိုကြကုန်၏။

ဤမန္တန်၏ အကျိုးကား လောကုတ္တရာအကျိုးသာမက လောကီအကျိုးစီးပွားမှန်သမျှကိုလည်း အကျိုးပေး ထက်သန်လှသည်ဟု စွဲစွဲမြဲမြဲ ခံယူကြ၏။

**တိဗက်နှင့် တန္တရ ဗုဒ္ဓဘာသာ**

တန္တရဗုဒ္ဓဘာသာ (TANTARIC BUDDHISM) သည် မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းမှ ခွဲထွက်လာသော ဂိုဏ်းတစ်ခု ဖြစ်သည်။ အိန္ဒိယနိုင်ငံ နာလန္ဒ တက္ကသိုလ်ကြီး၌ မြစ်ဖျားခံခဲ့၍ နောင်အခါ တိဗက်ကို ဗဟိုပြုပြီး နီပေါလ်၊ ဘူတန်၊ ဆစ်ကင်း၊ လာဒါ့ခ်၊ မွန်ဂိုလီးယားနှင့် ရုရှနိုင်ငံအချို့အထိ ပျံ့နှံ့သွား၏။

တန္တရဝါဒအကြောင်းကို မြန်မာစာပေဖြင့် ရေးသားထားသော ဆောင်းပါး အလွန်ရှားပါးသည်။

မိုးကုတ် ခါတော်မီကျောင်းတိုက် ဆရာတော် အရှင်ပညိန္ဒာဘိဝံသ (ပထမကျော်၊ ဘီအေ)၏ **"မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာစစ်တမ်း"** ၌ တန္တရဝါဒကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထား၏။

တန္တရ၏ ဆိုလိုရင်းအဓိပ္ပာယ်သည် ကျမ်းစာဖြစ်သည်။

သို့ရာတွင် အထူးသဖြင့် မန္တန်၊ မန္တရား၊ မှော်၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့တို့အကြောင်း ရေးသားထားသော ကျမ်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မွန်ဂိုဘုရင် ကူဗလေခါ် ၈ လားမားဘုန်းတော်ကြီး သကျာပဏ္ဍိတအား အခြားဘာသာ ရေး ခေါင်းဆောင်များ မဆောင်ရွက်နိုင်သော တန္တရတန်ခိုးကို ပြနိုင်သောကြောင့် သာသနာသက္ကရာဇ် ၁၇၁၄(အေဒီ ၁၂၇၀)တွင် သာသနာပိုင်အဖြစ်လွှဲအပ်ခဲ့သည်။ သကျာပဏ္ဍိတ ပြခဲ့သော တန္တရတန်ခိုးကား လက်ဖြင့် မကိုင်ရဘဲ စားသောက်ဖွယ်ရာများကို ဘုရင်ခေါ်ပါးစပ်သို့ အလိုလို ရောက်စေခဲ့သည်။ သကျာပဏ္ဍိတအရှင်သည် အိန္ဒိယသားဖြစ်ပြီး ကူဗလေခန်၏ ဖခင် ဂျင်ဂစ်ခန်အား ရောဂါပျောက်အောင် ဆေးကုသပေးခဲ့သောကြောင့် သာသနာပိုင်အဖြစ်လွှဲအပ်ခဲ့သည်ဟု ဆိုသည်။

ဤလောကအဖြစ်တည်းဟူသော ပန်းတိုင်သို့ ရောက်ရန် ပဉ္စတက္ကငါးမျိုး ရှိသည်ဟု အဆိုရှိ၏။

၎င်းပဉ္စတက္က "မ"အက္ခရာငါးမျိုးတို့မှာ (၁) မဒ္ဒ-အရက်၊ (၂) မံသ-အသား။ (၃) မစ္ဆ-ငါး။ (၄) မုဒြာ-သွေးကြောက်၍ ကြွပ်နေသော အစေ့အဆန် (၅) လက်အနေအထား (၅)မေထုန-သံဝါသမှုတို့ပင် ဖြစ်ကြသည်ဟူ၏။

လောကီပညာရပ်ကို သက်ဆိုင်ရာနိုင်ငံတွင် ဘာသာရေးအယူအဆက လွှမ်းမိုးစမြဲမို့ တိဗက်ကလေး (LITTLE TIBET) ဟု ကျော်ကြားသော လာဒါ့ခ်ဒေသ အကြောင်းကို ဆရာဝန်တင်ရွှေ ပြုစုသော "**မြတ်ဗုဒ္ဓသာသနာ ပုံတော်သမိုင်း(နဝမတွဲ)**"မှ မူရင်းစာမျက်နှာအတိုင်း ဖော်ညွှန်းပေးလိုက်ပါ၏။

**ဘွန်အယူဝါဒ**

တရုတ် တာအိုဝါဒ (*TAOISM*)နှင့် တိဗက်ရိုးရာ နတ်ကိုးကွယ်မှု (*SHAMANISM*)တို့ဖြင့် ပေါင်းစပ်အကျုံးဝင်သော တိဗက်လောကီပညာကို "ဘွန်" (*BON*) သို့မဟုတ် ဘွန်အယူဝါဒ (*BONISM*) ဟု အနောက်တိုင်း စာပေနယ်၌ တွေ့ရ၏။

"ဘွန်"အယူဝါဒအရ နတ်များက စောင့်ရှောက်မှု ပြုမပြုကို သိရှိနိုင်ရန် မီးကျည်ရဲရဲအပေါ် လျှောက်လှမ်းသမှု ပြုကြရသည်။ ယုံကြည်ချက် စိတ်ဓာတ်ပြင်းထန်သူများဖြစ်၍ ခြေထောက်နှင့် ခြေဖဝါး၌ အနည်းငယ်မျှပင် အပူလောင်ခြင်း မရှိပေ။ ဤသည်ပင် နတ်တို့၏ စောင့်ရှောက်မှုဟု ခံယူကြကြောင်း ကိုယ်တိုင်ပါဝင် မီးနင်းမှုသော အရှေ့တိုင်းလောကီပညာ (*ORIENTAL MAGIC*) အထူးကျွမ်းကျင်သူ ပါမောက္ခယား (*S.I ယား*)က ရေးသား ဖော်ညွှန်းထားခဲ့၏။

တိဗက်လောကီပညာ "ဘွန်"တွင် နိမိတ်ကောက်ဟူးရားအတတ် (AUGURY) သည် ထိပ်တန်းက ရပ်တည်နေသည်။ နတ်တို့က စောင့်ရှောက်ရန်နှင့် အတိတ်ကောင်း၊ နိမိတ်ကောင်း ပြပေးရေးကို မျှော်ကိုးပြီး တရုတ်အမွေတိုင်များဖြင့် အထူးတလည် ပူဇော်ပသလေ့ရှိကြသည်။





အဆောင်လက်ဖွဲ့များနှင့် ပတ်သက်၍ အင်း(MAGIC SQUARE)ကို အသုံးမပြုဘဲ တရုတ်စာ (ဟန်ဂျီး-ဂျပန်လို ခန်းဂျီး)ကို အသုံးပြုသည်။ မီးမနင်းရဲသူ၊ စိတ်ဓာတ် "မသန့်ရှင်းသေး" သူများအတွက် "ဘွန်"လောကီပညာရှင် (BONIST)များက မန္တရား(အဆောင်) များကို ပြုလုပ်ပေးကြ၏။



www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com



## (၄) အာဖရိက ရှေးဟောင်းလောကီပညာ

အာဖရိကတိုက်၏ ရှေးဟောင်းလောကီပညာသည် နတ် ဆရာများနှင့် နီးနွယ်သော လောကီပညာ (SHAMAN-ISM) ဟု သဘောပေါက်နိုင်သည်။ ထို့ကြောင့် ဂန္ထဝင်ရသိပ္ပံသုတေသီများက အာဖရိကတိုက်ကို ဂျူး-ဂျူးနတ်ဆရာများ၏ နယ်မြေ (JU-JU LAND)ဟု ခေါ်ဝေါ်ခဲ့ကြ၏။

လောကီပညာ သုတေသီများအနေဖြင့် ဥရောပတိုက်၏ သုံးပုံတစ်ပုံမျှ ကျယ်ဝန်းပြီး နတ်ကိုးကွယ်သူ၊ အစ္စလာမ်ဘာသာဝင်နှင့် ခရစ်ယာန်ဘာသာဝင်များ ရောနှောနေထိုင်ကြသော ဆူဒန်နိုင်ငံကို လောကီပညာ၏ စူးစိုက်လေ့လာသမှု ပြုခဲ့ကြသည်။ အာရပ်မျိုးနွယ်ဝင် ကော့လူမျိုး ခရစ်ယာန် (COPTIC CHRISTIAN) များ။ ဘုရင် ဆိုလိုမွန်နှင့် အသီးသီးနီးယားဘုရင်မရှိဘာ(QUEEN SHEBA OF ABYSSINIA) အကြောင်းပြု၍ အီသီယိုပီးယားနိုင်ငံသည်လည်း လောကီပညာ သုတေသီများ ကျက်စားရာဒေသ ဖြစ်ခဲ့၏။

ဆူဒန်အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသတွင် ဂျူး-ဂျူးလောကီပညာ ထင်ရှားသည်။ ၎င်းလောကီပညာသည် အာဖရိကတိုက်ရှိ အခြားနိုင်ငံများအပေါ် ဩဇာညောင်းသည်ဟု သိရသည်။ ဆူဒန် မြောက်ပိုင်းဒေသတွင်မူ ရှေးဟောင်းအီဂျစ်နတ်ဘုရားများနှင့် နီးနွယ်သော




အဆောင်လက်ဖွဲ့နှင့် မန္တန်၊ မန္တရား (WORDS OF POWER)များကို အသုံးပြုကြောင်း တွေ့ရသည်ဆို၏။

ဆူဒန်နိုင်ငံ မြောက်ပိုင်း၊ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် လောကီပညာ ခံယူကျင့်သုံးရာ၌ ပုဂ္ဂိုလ်အလိုက်(ပုဂ္ဂလိကသဘော) တွေ့ရပြီး တောင်ပိုင်းတွင်မူ ဂိုဏ်း(SECT)များ ဖွဲ့စည်းကျင့်သုံးမှု ခေတ်စားသည်။ ဥဒါဟရဏ်အားဖြင့် အမိကကျသော နာဂွဝါ (NAGUA)ဂိုဏ်းကို မီးမောင်းထိုးပြနိုင်သည်။ ဆူဒန်နိုင်ငံတောင်ပိုင်းသား ခရစ်ယာန်များသည် အလွန်ခေတ်ဆန်သော်လည်း လောကီပညာကိုမူ အလွန်ယုံကြည်သည်။ မိန်းကလေးများကို နာဂွဝါဂိုဏ်းဝင်အဖြစ် လက်မခံခြင်းကြောင့်သာ လောကီပညာ လျှပ်ရှားမှုနယ်ပယ်၌ အမျိုးသမီးများ အတွေ့ရနည်းခြင်း ဖြစ်သည်။

**နတ်ဆရာထံ တပည့်ခံရခြင်း**

အာဖရိကတိုက်၌ လောကီပညာ လိုက်စားရာ၌ ဂျူး-ဂျူး နတ်ဆရာထံ တပည့်ခံရသည်။ ယောကျ်ား လူငယ်လူရွယ်များကိုသာ လက်ခံသည်။ လောကီပညာအတွက် တပည့်ခံရာတွင်ဖြစ်စေ၊ နာဂွဝါ အစရှိသော လောကီပညာဂိုဏ်းဝင်အဖြစ် ခံယူရာ၌ဖြစ်စေ ရှေးဟောင်း ဓား လှံ၊ လက်နက်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်း ငွေဒင်္ဂါးများကို စတီအဖြစ် နတ်ဆရာ၊ သို့မဟုတ် အီရာ (ခေါ်) ဂိုဏ်းဆရာ (PRESIDING GENIE OR IRRAH) ထံ ပေးရသည်။ ထို့နောက်တွင် လိုအပ်သော လေ့ကျင့်မှု (ဝါ) ဇာတ်သွင်းမှု (INITIATION) အောင်မြင်မှသာ လောကီပညာ ကျင့်သုံးခွင့်ရှိကြောင်း သိရသည်။

နတ်ဆရာ၊ သို့မဟုတ် ဂိုဏ်းဆရာများအဖြစ်သို့ မရောက်နိုင်ရှာသော အာဖရိက အမျိုးသမီးမှန်သမျှ ဟီဂျက် (HEJAB) ဟုခေါ်သော အနှီရာယ်ကင်းအဆောင်ကို ဆောင်ထားရကြောင်း တွေ့ရ၏။







**တူညီသော အချက်များ**

နတ်ဆရာဖြစ်စေ၊ လောကီပညာ ဂိုဏ်းဆရာဖြစ်စေ လက်ဖွဲ့ကြိုး(CORD) သုံးချောင်း ဆွဲထားလေ့ရှိသည်။ ကြိုးနှစ်ချောင်းမှာ အနီရောင်ဖြစ်ပြီး ကျန်ကြိုးတစ်ချောင်းမှာ အဖြူရောင်ဖြစ်ရသည်။ တပည့် သို့မဟုတ် ဂိုဏ်းဝင်အသစ်တစ်ဦးကို နတ်ဆရာ၊ သို့မဟုတ် ဂိုဏ်းဆရာက စမ်းချောင်းတစ်ခုခုသို့ ခေါ်သွား၍ ဦးစွာရေမိုးချိုး သန့်ရှင်းမှုပြုစေရသည်။ စမ်းရေစီးခာင်းသောဂူကို ပို၍အလေးထား နှစ်သက်သည်။ ဤသို့ဂူမျိုး မရှိပါမူ ရေတသွင်သွင် စီးဆင်းနေသော စမ်းချောင်းနံဘေး၌ တစ်ညတာမျှ ညအိပ်ကာ ဗုံတီး၍ မန်ဂို(MUNGO) နတ်ပင့်ခြင်းနှင့် သက်ဆိုင်ရာ လောကီပညာအလိုက် မန်းမှုတ်ခြင်း၊ မန္တန်၊ မန္တရား ရွတ်ဆိုခြင်း ပြုရသည်။ ဤသို့ဖြင့် နတ်ဆရာကြီးငယ် မဟူ၊ နတ်ဂိုဏ်းဝင် ကြီးငယ်မဟူ ကိုယ်ပိုင် ဗုံငယ် (DRUM) တစ်လုံး ဆောင်ထားရခြင်းသည် မလွဲမသွေ တူညီသော လိုအပ်ချက်ပင် ဖြစ်တော့၏။

ဥရောပ အမှောင်ခေတ်အတွင်း ဘုန်းကြီးပရက်စတာဂျွန်(PRESTOR JOHN) အမည်ရှိ ခရစ်ယာန်ဘုန်းကြီးအကြောင်း ရွှေပေလွှာများ ခေတ်စားခဲ့ဖူးသည်။ ၎င်းဘုန်းကြီး (PRESTOR OR PRIEST) တွင် မှော်ကြေးမုံ (MAGIC MIRROR) တစ်ချပ်ရှိကြောင်း သိရသည်။ မကောင်းသော အကြံအစည်ရှိသော ရန်သူမှန်သမျှ ၎င်းမှော်ကြေးမုံ၌ ပေါ်ပေါက်လာတတ်ကြောင်း သတင်းကြီးလှ၏။

ခရစ်နှစ် ၁၁၄၅ ခုနှစ်၌ ယနေ့ လက်ဘနွန်နိုင်ငံ၊ ရှေးအခေါ် ဂေဘဲလ်(GABEL) ဒေသမှ ရှေးခရစ်ယာန်ဂိုဏ်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုဖြစ်သော နက်စတိုရီးယန်းဂိုဏ်း(NESTORIAN SECT)၏ ခေါင်းဆောင် ဘစ်ရှော့ပ်ဟျူး(BISHOP HUGH)က ပရက်စတာဂျွန်အကြောင်း စာစောင်များတွင် တွေ့ခဲ့ရသည်။ မအိုအေးဖြစ်သော စမ်းရေတွင်း(FOUNTAIN OF YOUTH)ပိုင်ဆိုင်သောကြောင့် အသက် ၅၆၂ နှစ်မျှ ရှိပြီဖြစ်သော်လည်း နုပျိုခဲ့ရှိကြောင်း၊ ၎င်းနိုင်ငံတော်သို့ ခရစ်ယာန်မစ်ရှင်အဖွဲ့ စေလွှတ်သင့်ကြောင်း စသဖြင့် ပါရှိသည်။

၁၁၇၇ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး တတိယမြောက် အလက်ဇန္ဒားက ပရက်စတာဂျွန်အား ရောမတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်း လာရောက်တည်ဆောက်ခြင်းဖြင့် ခရစ်ယာန်နိုင်ငံ နှစ်နိုင်ငံ ချစ်ကြည်ရေး တည်မြဲမည့်အမိန့် ထုတ်ပြန်ခဲ့ကြောင်း၊ ၎င်းခရစ်ယာန်နိုင်ငံကို ရှာဖွေရန် ကြိုးစားခဲ့ဖူးကြောင်း သိရ၏။

ဘီစီ ၁၄၅၀ တွင် ယခု ဒေလီဖြစ်လာမည့် Indra prastha မြို့ကို India တွင် တည်ထောင်သည်။

ဘီစီ ၁၅ ရာစုတွင် ရောမကိုလိုနီအဖြစ် ဘာစီလိုနာမြို့ကို တည်ထောင်သည်။

ဘီစီ ၁၄၀၀ မှ ၁၂၀၀ အတွင်းတွင် ဂျူး(အစ္စရေး)လူမျိုးများ အာရှတိုက် အနောက်ပိုင်းရှိ ပါလက်စတိုင်းဒေသသို့ စတင်ဝင်ရောက်လာကြသည်။

ဘီစီ ၁၂၃၀ နှစ်တွင် ဂျူးခေါင်းဆောင် မောရှေ (မိုးဇက်) လက်ထက်၌ ပညတ်တော်(၁၀)ပါး ပေါ်လာသည်။

ဘီစီ ၈ ရာစုတွင် ရောမ(Rome)မြို့ကို တည်ထောင်သည်။

၁၃ ရာစုကပင် ခရစ်ယာန်နိုင်ငံ ဖြစ်နေသော အဘာစီးနီးယားနိုင်ငံကို ရည်ညွှန်းကြောင်း ပေါ်လွင်လာသည်။ ဂျွန်ဟူသော အခေါ်အဝေါ်သည် ၎င်းအဘာစီးနီးယားနိုင်ငံ ဘုရင်၏ ဘွဲ့အမည် ဇန်(ZAN)နှင့် ရောထွေးသွား၍ဖြစ်ကြောင်း၊ ၎င်းနိုင်ငံ၏ ဘုရင်များသည် ဘုရင် ဆိုလိုမွန်နှင့် ရှီဘာဘုရင်မတို့မှ ဆင်းသက်သူများအဖြစ် ခံယူကြောင်း အတိအကျ သိရှိကြကုန်၏။

## ခါဖီးရ်နှင့် ဗူဒါးလူမျိုးများ

အာရပ်ဘာသာစကားအရ အယူမှားနေသူ တိတ္ထိများဟု အဓိပ္ပာယ်ရသော အာဖရိက ခါဖီးရ်(KAFIR)နှင့် ဗူဒါး (BUDAS)လူမျိုးများအကြား ပြုစားခြင်း၊ ရုပ်ပြောင်းခြင်း အစရှိသော လောကီအတတ်ပညာ ထွန်းကားကြောင်း အထောက်အထားများစွာ တွေ့ရ၏။

ခါဖီးရ်လူမျိုးများအကြား နတ်ဝင်သည်များ၊ ပယောဂဆရာ(WATCH-DOCTOR)၊ ဥုံဖွဆရာ (PRACTICE OF THAUMATURGY)များ အများအပြား တွေ့နိုင်သည်။ ၎င်းတို့သည် လူသားတို့၏ ခေတ်ပုံ၊ အရိပ်နှင့် ခြေရာကို မူတည်၍ ပြုစားနိုင်ကြောင်း သိရ၏။

အီသီယိုးပီးယားနိုင်ငံရှိ အိုးထိန်းသည်နှင့် ဒန်အိုးဒန်ခွက်လုပ်ငန်းတို့ဖြင့် အသက်မွေးသော ဗူဒါးလူမျိုးနွယ်ဝင်များတွင် လူနှင့် တိရစ္ဆာန် ရုပ်ပြောင်းရုပ်လွှဲ အတတ်ပညာများ ပြုလုပ်နိုင်ကြောင်း မှတ်တမ်းတချို့တွင် တွေ့ရသည်။

၎င်းတို့နေထိုင် ကျက်စားရာဒေသအရ ဝံပုလွေသာရှိရာ သမန်းဝံပုလွေ(WERE-WOLF)သို့ နှစ်ကာလအလိုက် ကူးပြောင်းတတ်ကြသည်ဟု ဆိုပါသည်။ အာဖရိကတိုက်အနှံ့ လှည့်လည်၍ မှတ်တမ်းတင်သူ နာသန်နီယယ်လ် ပီးယာ့စ် (NATHANIEL PEARCE)၏ ကိုယ်တွေ့အရ သမန်းခွေးအ (WERE-HYENAS)အဖြစ် ပြောင်းလဲသူကို တွေ့ဖူးကြောင်း၊ ဗူဒါးယောက်ျားများ နားဋ္ဌဆွဲသော နားဆွဲများကို သူ ထောင်ချောက်ဖြင့် ဖမ်းဆီးရမိသော ခွေးအများ၏ နားနစ်ဖက်၌ တပ်ထားသည်ကို တွေ့ဖူးသည်ဟု အခိုင်အမာ မှတ်တမ်းတင်ခဲ့၏။

စုန်း၊ မှော်၊ ပယောဂ(WITCHER-AFT AND SORCERY)ကြောင့် စိတ်ရောဂါများ၊ လေဖြတ်ခြင်းနှင့် ခွေးရူးပြန်အစရှိသော ရောဂါများ ဖြစ်ပွားတတ်ခြင်းကြောင့် ဂျူး-ဂျူးနတ်ဆရာများအား ပင့်၍ ကုသရသည်ကို အာဖရိကတိုက်သားများက အထူးယုံကြည်ကြောင်း ဟူ၍ "ပြုစားတတ်သော မျက်လုံးများ" (THE EVIL EYE)ကျမ်းပြုပုဂ္ဂိုလ် အယ်လ်ဝေါ်သီက အတိအကျ ဖော်ဆောင်ရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# (၅) မက်ဆိုပိုတားမီးယားဒေသမှ

## ရှေးဟောင်းလောကီပညာ

ရှေးဟောင်း မက်ဆိုပိုတားမီးယားဒေသတွင် ဘာဘီလိုနီးယားမြို့ပြနိုင်ငံ ယဉ်ကျေးမှု ထင်ရှားခဲ့ဖူးသည်။ ကာလ်ဒီယန်လူမျိုးတို့၏ ကြိုးပမ်းမှုကြောင့်လည်း နက္ခတ်ဗေဒင်ပညာ အထူးတလည် ထွန်းကားခဲ့ဖူးသည်။ အာရှတိုက်ကုန်းမြင့်ဒေသ (HIGH STEPPES OF ASIA) မှ ဆင်းသက်ရောက်ရှိလာသော မွန်ဂိုလွိုက်မျိုးနွယ်စုဝင် အက္ကားဒီးယန်း(ACCADIANS) လူမျိုးတို့၏ နတ်ကိုးကွယ်မှုနှင့်အတူ လောကီပညာများလည်း ထွန်းကားပြန့်ပွားခဲ့ပြန်သည်။ ၎င်းနောက် တန်ခိုးထွားလာသော အာဆီးရီးယန်း(ASSYRIAN)များသည် အက္ကားဒီးယန်းတို့၏ နတ်ကိုးကွယ်မှုကို ဆက်လက် ခံယူကျင့်သုံးခဲ့၏။

ဘီစီ ၁၀၀၅ နှစ်တွင် ဒေးဗစ်ဘုရင်က အစ္စရေးပြည်၏ မြို့တော် ဂျေရုဆလင်ကို တည်ထောင်သည်။


ဘီစီ ၁၀၀၀ နှစ် မတိုင်မီက တရုတ်ပြည် အရှေ့မြောက်ပိုင်း ဗရန်ခလတောင်ခြေတွင် မြန်မာပြည်သို့ ဝင်ရောက်မည့် မွန်ဂိုလွိုက်လူမျိုးနွယ်စုတစ်ခု ပေါ်လာသည်။

နောက်ပိုင်းတွင် ထိုမွန်ဂိုလွိုက်မျိုးနွယ်စုကပင် သံလွင်နှင့် မဲခေါင်မြစ်ဖျားဒေသကို ရောက်လာခဲ့သည်။

ကမ္ဘာ့စာပေနှင့် ယဉ်ကျေးမှုသုခုမ ဂီတတို့ကို ဆန်းစစ်သော် နတ်ကိုးကွယ်မှုဆိုင်ရာ ကဗျာ၊ လင်္ကာ၊ ဂါထာအစရှိသော စာပေကျမ်းဂန်များသာမက နတ်ဂီတသီချင်းများသည် အစအဦး နေရာယူထားကြောင်း တွေ့ရခြင်းနှင့်အတူ လောကီပညာ၏ အဦးအစသည် နတ်ကိုး[illegible] ဖော်ညွှန်းခဲ့ကြ၏။

အဆိုပါ မက်ဆိုပိုတားမီးယားဒေသတွင် ပျိုးထောင်ဖြစ်ထွန်းခဲ့သော နတ်ကိုးကွယ်မှု၊ နက္ခတ်ဗေဒင်ပညာ၊ ဂန္ထဝင်ဂီတတို့သည် ဥရောပတိုက်ရှိ ခေါမနှင့် ရောမယဉ်ကျေးမှုတို့၏ အခြေခံ အုတ်မြစ်များအဖြစ် ရပ်တည်ခဲ့သည်။ ထို့ကြောင့်ပင် "မက်ဆိုပိုတားမီးယားသည် အနောက်တိုင်းယဉ်ကျေးမှု ပျိုးထောင်ရာဇာတိမြေ" (MESOPOTA-MIA THE CRADLE OF WESTERN CIVILIZTION) ဟု ကမ္ဘာ့သမိုင်းပညာရှင်များက ခံယူခဲ့ကြကုန်၏။

ယနေ့ အနောက်နိုင်ငံမှ ပြတိုက်ကြီးများ၌ အဆူရ်-ဘန်နီပါလ်စာကြည့်တိုက်(ASUR-BANI PAL LIBRARY) ဟူ၍ သီးသန့်ထင်ရှားသော စာကြည့်တိုက်များ တည်ထောင်





www.burmeseclassic.com

www.burmeseclassic.com

ထားကြသည်။ အခရှ်-ဘန်နီပါးလ် ၊ကြည့်တိုက်တွင် ရွှံ့စေးပြား (CLAY TABLETS) များကို ၊ဖွေဖော်ထုတ် စုဆောင်းပြသ ထားရာ စာကြည့်တိုက် ဖြစ်ခဲ့သည်။

အဆီးရီးယန်းဘုရင်ကြီး အခရှ်- ဘန်နီးပါးလ်သည် အက္ကာဒီးယန်းလူမျိုးများ၏ လောကီပညာများကို အက္ကာဒီးယန်းနှင့် အဆီရီးယန်း နှစ်ဘာသာဖြင့် ရွှံ့စေးပြားများတွင် မှတ်တမ်းတင်စေခဲ့သည်။ ၎င်းရွှံ့စေးစာများကို ဖျက်ဆီးသူနှင့် အခရှ-ဘန်နီပါးလ်ကမ္ပည်းပါ ရွှံ့စေးပြားများကို ဖျက်ဆီးသူများအား ဟန့်တားသော ကျိန်စာပါ ရွှံ့စေးချပ်အမျိုးမျိုးကိုလည်း ထားရှိခဲ့ကြောင်း သိရ၏။

**မက်ဆိုပိုတားမီးယား နတ်ဘုရားများ**

ကောင်းကင်၊ မြေပြင်နှင့် ငရဲတည်းဟူသော တြိဂေါဏ(THE TRINITY FORMED BY THE SKY, THE EARTH & THE UNDER GROUND) အယူအဆအပေါ် အခြေပြု၍ နတ်ဘုရား(GOD) ကိုးကွယ်မှုပြုကြသည်။ ဘာဘီလုံတွင် မာဒ်ဒွတ်(MARDUK) ကို နတ်ဘုရားချုပ်အဖြစ် အထူးကိုးကွယ်သလို ခေါ်မနတ်ဒဏ္ဍာရီ၌ ဇူးစ်(ZEUS) နတ်မင်းကြီး ထင်ရှားလှ၏။

အောက်တွင် ဖော်ပြမည့် မက်ဆိုပိုတားမီးယား နတ်ဘုရားများသည် လောကီပညာနှင့် အထူးသက်ဆိုင်ကြကုန်၏။

ယူဒူး(UDU) = နေနတ်၊ ယူရုကီ (URUKI) = လနတ်၊ အဲန်လစ်လ် (ENLIL) = မြေစောင့်နတ်၊ အေအား (EA) = ပင်လယ်စောင့်နတ်၊ ဟီအား (HEA) = ဝေဒစောင့်နတ်။

ဟီအား (ခေါ်) ဝေဒစောင့်နတ်သည် လူသားတို့အတွက် ဂီတနှင့် မန္တန်၊ မန္တရားများကို ဖန်တီးပေးကြောင်း ယုံကြည်ကြသည်။ ရှေးအီဂျစ်ဒေသခံ အိုင်းရစ်သားများ ကိုးကွယ်သော နတ်ဘုရား သော့(THOTH) နှင့် အလားတူ၏။

နတ်ဘုရားမများနှင့် ပတ်သက်၍ အစ်ရှတာ (ISHTAR)သည် အထူးထင်ရှားသည်။ ခေါ်မခေတ်၏ အဖရိုဒိုက်(APHRODITE)၊ ရောမခေတ်၏ ဗီးနပ်စ်(VENUS) နှင့် အက်ဖီးဆပ်နယ်သားတို့၏ ဒိုင်ယာနာ(DIANA OF EPHESUS) တို့သည် ခေတ်နှင့် ဒေသအလိုက် အမည်သမုတ်ချက်ကွဲပြားခြင်းသာ ခြားနားကြောင်း သုတေသီများက ဖော်ညွှန်းခဲ့ကြ၏။

လောကီပညာအယူနှင့် ဆက်စပ်၍မှ လူသေကောင်မှ ဝိညာဉ်(SOUL)ကို နီဒူးများက ခေါ်ဆောင်သွားခြင်း မပြုမီ လောကီပညာရှင်အချို့က ဖမ်းဆီးခေါ်ဆောင်သွားတတ်ပြီး နိုင်းစေနိုင်ကြောင်းကို ယုံကြည်စွဲလမ်းမှု ရှိခဲ့ကြသည်။

**နတ်ပင့်ခြင်းနှင့် ပသခြင်း**

နတ်ပသခြင်းနှင့် နတ်ပင့်ခြင်းအတွက် အသုံးအဆောင်ပစ္စည်းများအနက် ပျားရည်နှင့် စွန်ပလွန်သီးများမှာ အဓိကကျသည်။ သစ်မွှေးအစရှိသော အမွှေးအကြိုင် သစ်ခေါက်များ အမှုန့်ကြိတ်၍လည်းကောင်း၊ အမွှေးတိုင် အမျိုးမျိုးဖြင့်လည်းကောင်း မီးထွန်းညှိ ပူဇော်ပသကြောင်း သိရ၏။

**လောကီပညာအစီအရင်များ**

ရေဘေး လေဘေး လျှင်ဘေး အစရှိသော သဘာဝအန္တရာယ်များနှင့် ကပ်ရောဂါအမျိုးမျိုး ကျရောက်ခြင်းသည် နတ်ဘုရားများ စိတ်ဆိုး၍ ဒဏ်ခတ်ခြင်းသာဖြစ်ကြောင်း မက်ဆိုပိုတားမီးယား ဒေသမှလူများက ခံယူကြသည်။ ထို့ကြောင့် အရာဝတ္ထုပစ္စည်းများဖြင့် ပူဇော်ပသခြင်း၊ မန္တန်၊ မန္တရား ဆိုရွတ်ခြင်းများဖြင့် နတ်များကို ပသခြင်း၊ ချော့ခြင်း၊ အကူအညီတောင်းခံခြင်း ပြုတတ်ကြကုန်၏။

အဖျားရောဂါဝေဒနာအမျိုးမျိုး ကျရောက်ခံစားနေရသော လူအများကို ကုစားရာ၌ အထုံးများနှင့် ပြည့်စုံသော ကြိုးစများကို လူနာနှင့်အတူ ထားရှိစေပြီး နောက်ပိုင်း ၎င်းကြိုးမှ အထုံးများကို ဖြေချခြင်းပြုရသော ယတြာကို အသုံးပြုကြလေ့ရှိသည်ဟု ဆိုပါသည်။ လောကီပညာအစီအရင်နှင့် အဆောင်လက်ဖွဲ့များတွင် လောကီအစီအရင် ဂမ္ဘီရ "ဝ" လုံး (MAGICAL CIRCLE) များကို တွေ့ကြရသည်ဟူ၏

## (၆)ရှေးဟောင်း အီရန်လောကီပညာ

အာရီယံလူမျိုးနွယ်စုဝင် အီရန်လူမျိုးများ၏ ဌာနေဖြစ်သော ရှေးအခေါ် ပါရှားနိုင်ငံ၏ တည်ရှိရာ အနေအထားအရ ကမ္ဘာ့အရှေ့နှင့် အရှေ့တောင်အလယ်ပိုင်း လောကီပညာများ ထွေးရောယှက်တင် ဖြစ်နေကြောင်း အီရန်လူမျိုး ဂျိုးသိပ္ပံ

www.burmeseclassic.com



ပညာရှင် အက်စ်အိုင်ရှားက အဆိုပြုရေးသားထားသည်။ တစ်နည်းအားဖြင့် မက်ဆိုပိုတားမီးယားမှာ ကာလ်ဒီယန်းနှင့် အာဆီးရီးယန်း လောကီပညာ၊ အာရပ်ရှေးဟောင်း လောကီပညာသာမက မွန်ဂို၊ တရုတ်နှင့် အိန္ဒိယတို့မှ လောကီပညာများဆိုင်ရာ အခြေခံအချက်များကို တွေ့ရှိရခြင်းဟု ဖော်ညွှန်းလိုက်ခြင်း ဖြစ်၏။

ဘီစီ ၁၈၀၀ ခန့်တွင် အာရှမိုင်းနားရှိ အာယန် (Aryan)များသည် လူအုပ်စုနှစ်စု ကွဲသွားပြီး အရှေ့ဘက်အစုသည် အိန္ဒိယသို့ ဝင်ရောက်သွားကြသည်။ ကျန်အစုသည် "အီရန်" ဟု ပြောင်းခေါ်ပြီး "အီရာနီယန်"(Iranian)များ ဖြစ်လာကြသည်။ အီရန်နိုင်ငံနေရာသို့ ဝင်သွားကြသည်။ အိန္ဒိယသို့ အာရိယန်မျိုးနွယ်ဝင်ရောက်မှုသည် ဘီစီ ၁၈၀၀ ၌ အစောဆုံးဖြစ်ပါသည်။ ထို့ပြင် အာရိယန်တို့နှင့်အတူ မန္တန်အတတ်လည်း အိန္ဒိယသို့ ဝင်ရောက်လာခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ပညာရှင်များက ထိုခေတ်ကို "ဝေဒခေတ်" ဟု ခေါ်ကြသည်။ ထိုဝေဒခေတ်၌ အာရိယန် ကိုးကွယ်ရာအဖြစ် နတ်များကို အုပ်စုခွဲ၍ ကိုးကွယ်ကြသည်။ ထိုသို့ ကိုးကွယ်ရာ၌ နတ်တို့၏ ဘုန်းတော်တွဲများကိုလည်း ရွတ်ဆိုကြသည်။ ထိုသို့ ရွတ်ဆိုရုံနှင့် မပြီးဘဲ လူ့ဒါန်းပူဇော်မှု ပြုလုပ်ခြင်း၊ ယာဇ်ပူဇော်မှု ပြုလုပ်ခြင်းတို့ကို ပြုလုပ်လာကြသည်။

**အရှေ့အလယ်ပိုင်းဒေသ လောကီပညာ အငွေ့အသက်များ**

ပါရှန်ပြက္ခဒိန်နှစ် ၁၃၂၆(AD)တွင် ရေးသားဖော်ဆောင်သော စာမူတစ်ခု၌ အောက်ပါအချက်အလက်များ ပါရှိသည်ဆို၏။

"ရန်သူ၏ ရုပ်ပုံတု ဖယောင်းရုပ်ကို ခုနစ်ကြိမ်မျှ အပူပေး အရည်ပျော်စေလျက်၊ ဖယောင်းရုပ် ပြန်လုပ်လိုက်ဟူသော အစီအရင်ကိုပြုသော် ထိုရန်သူ ပျက်စီးကျဆုံးမည်။ ၎င်းမိုးကျိုးသည် တမလွန်ဘဝအထိ စွဲမြဲစေနိုင်ကြောင်း" ဟူ၏။

၎င်းအစီအရင်သည် ရှေးဟောင်း အာဆီးရီးယန်း လောကီပညာ ရှုံ့စေးချပ်စာတစ်ခု(ASSYRIAN MAQLU TABLET IV)ကို တိုးချဲ့မွမ်းမံသော အစီအရင်ဟု အက်စ်အိုင်ရှားက ခံယူ၏။

အဆိုပါ ရှုံ့စေးချပ်စာ၏ ဖော်ညွှန်းချက်မှာ အောက်ပါအတိုင်း ဖြစ်၏။

"ကျိန်စာတိုက်လိုသူ၏ရုပ်ပုံ ဖယောင်းရုပ်ကို အသုဘလှသေအလောင်းနှင့်အတူ ယှဉ်တွဲထားသောအခါတွင် လှုပ်ရှိုက်ကာ ဒုက္ခရောက်မည်"ဟူ၏။

**ပါရှန်မှုရင်း လောကီပညာ**

ပါရှန်မူရင်းလောကီပညာကို ဂန္ထရ သိပ္ပံ ဝင်လယ်ကျမ်း (THE OCEAN OF MYSTERIES)၌ အများအပြား ဖော်ဆောင်ထားကြောင်း တွေ့ရမည်ဆို၏။

အဆိုပါကျမ်းမှ မှတ်သားဖွယ် အဆိုပြုချက်များကို အောက်တွင် အကျဉ်းမျှ ဖော်ညွှန်းပေးလိုက်ပါ၏။

"အဂ္ဂိရတ်ပညာ(ALCHEMY)သည် လှည့်စားသော ပညာဖြစ်၍ မလိုက်စားသင့်။ တကယ်စစ်မှန်သော ပညာအနေဖြင့် ခံယူသော် ဘုရားမကြိုက်သော အလုပ်ကို လုပ်ဆောင်ရာရောက်မည်" ဟု ပြောဆိုထားသည်။



www.burmeseclassic.com

www.burmeseclassic.com

**ဟူးမ နတ်ငှက်**

အီရန်ဂမ္ဘီရသိပ္ပံပညာ၌ ဟူးမ(HUMA) ဟူသော နတ်ငှက် အယူအဆမှာ တစ်မျိုးထူးခြားပါပေ၏။

ဟူးမနတ်ငှက်သည် မြေပြင်၊ သို့မဟုတ် သစ်ပင် စသည်တို့၌ တစ်ကြိမ်တစ်ခါမျှ နားခိုစရာမလိုဘဲ ကောင်းကင်တစ်ခွင် တိမ်ညွန့်ခူးစားနေသော နတ်ငှက်ဖြစ်သည်။ နေရာတကာ၌ တွေ့ရသော အစောင့်ငှက်(GUARDIAN SPIRITS) အပေါင်းနှင့် အခါခပ်သိမ်း အဆက်အသွယ်ရှိသည်။ ထို့ကြောင့် ဟူးမငှက်သည် ကယ်မစောင့်ရှောက်သမှု ပြုနိုင်ကြောင်း ဖြစ်သည်ဟု ဆိုကြသည်။

**မီးနတ်ကိုးကွယ်သူများ၏ တောင်ကုန်း**

အီရန်နိုင်ငံတွင် ဂန္ဓာရီခရီးအတွက် မသွားမဖြစ် သွားရသော ကိုဟီဂဗ္ဗါ(KOHI GABR)ဟု အမည်တွင်သည့် မြင့်မားသော တောင်တစ်လုံးရှိသည်။ မီးနတ်ကိုးကွယ်သူများ၏တောင် (THE MOUNTAIN OF FIRE-WORSHIPPERS)ဟု အဓိပ္ပာယ် ရသည်။ ထိုသို့ အမည်ပညတ် ပြုရခြင်းမှာ ၎င်းတောင်ထိပ်၌ ရှေးအခါက မီးနတ်ကိုးကွယ်သူများ ဝတ်ပြုရာ ကျောင်းတော်ဟောင်း အပျက်တစ်ခု ရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ အီရန်လူပုဂ္ဂိုလ်များသည် ၎င်းတောင်ပေါ် တက်ရောက်၍ ကျောက်တုံးများကို သယ်ယူလာပြီး ထိုကျောက်တုံးဖြင့် လက်ဆောင်ရသော ပုဂ္ဂိုလ်များက အထူးတန်ဖိုးထားလေးစား ခင်မင်ကြောင်း သိရ၏။

**လောကီပညာအသက်သွင်းခြင်း**

အီရန် လောကီပညာ လေ့လာလိုက်စားသူများသည် လောကီပညာ အားထုတ်ရန်(INITIATION FOR MAGICAL PRACTICE)အတွက် ပထမအဆင့် ရက်ပေါင်း ၃၀ တိတိ ကျင့်ကြံအားထုတ်ရသည်။ ၎င်းပုဂ္ဂိုလ်သည် အမျိုးသမီးများ လုံးဝ ဝင်ထွက်ခြင်းမပြုရသော မြေတိုက်ခန်းငါတစ်ခုတွင် အားထုတ်ရသည်။ ခြေထောက်၊ လက်၊ မျက်နှာ၊ မျက်စိနှင့် နားတို့ကို ဦးစွာစင်ကြယ်အောင် ဆေးကြောပြီး မြေကသိုဏ်းရှုရသည်။ အစားအသောက်၌ လောဘမရှိဘဲ စားသုံးရသည်။ တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ် မြေကသိုဏ်းရှုပြီး အနည်းဆုံး တစ်ကြိမ် လောကီပညာကို စောင့်ရှောက်သော နတ်များ၏ အမည်နာမ ပင့်ဖိတ်ခြင်း၊ ဂါထာရွတ်ဆိုခြင်းပြုရမည်ဟု သတ်မှတ်ထားကြောင်း သိရ၏။

**လောကီပညာအဆင့်တက်ခြင်း**

လောကီပညာ ဆရာအဆင့်သို့ တက်လှမ်းလိုသော် ရက်ပေါင်း ၁၀၀ ကျင့်စဉ်ကို ထပ်မံဖြည့်ဆည်းအားထုတ်ရသည်။ ထိုကျင့်စဉ်အတောအတွင်း ဦးခေါင်းနှင့် ခန္ဓာကိုယ်တစ်ခုလုံး ခြုံလွှမ်းသော ဝတ်ရုံကို(မျက်နှာနှင့်ခြေထောက် ဖော်ထားရမည်) ဝတ်ဆင်ရပြီး သားရေနွယ် တစ်မျိုးမျိုးကို အခင်းအဖြစ် ပြုလုပ်၍ ခင်းထိုင်ရမည်။

ပထမရက် ၃၀ တွင် ကာမဂုဏ်နှင့် အရက်သေစာတို့ကို လုံးဝရှောင်ရှားရမည်။ ဒုတိယရက် ၃၀ တွင် လာမည့် ရက်ပေါင်း ၃၀ ကို ကျင့်ကြံနိုင်ရန် အားဖြည့်အားမွေး (RECUPERATION) ခြင်း ပြုနိုင်သည်။ တတိယရက် ၃၀ တွင် နံနက် အရုဏ်တက်ချိန်မှ ညနေ နေဝင်ချိန်အတွင်း အစားအသောက်အားလုံး စားသောက်ခြင်းမှ ရှောင်ကြဉ်ရမည်။ ညအချိန်တွင်သာ အစားအစာများကို အသင့်အတင့် စားသုံးရမည်။ ဤရက်ပေါင်း ၉၀ မျှ ကျင့်ကြံအားထုတ်ပြီးသော် ကျန် ၁၀ ရက်အတွင်း စိတ်ထဲပေါ်လာသော ဂါထာများ၊ မန္တန်များကို စက္ကူအဖြူပေါ်၌ ရေးမှတ်ရမည်။ ကူးတပ်(KUTUB-MEANING BOOKS)ဟု ခေါ်ဝေါ်သော ၎င်းရေးမှတ်စာကြောင်းများကို နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဖတ်ရသည်။ ကျန်အချိန် "ကူးတပ်"များ ရေးသားမှတ်သားစဉ် သက်ဆိုင်ရာ ဆက်သွယ်လာမည့် နတ်များကို စောင့်ဆိုင်းရမည်။ ဆိုင်ရာနတ်များသည် တစ်နည်းနည်းဖြင့် ဆက်သွယ်လာမည်ဟူ၏။

အရေးကြီးသောအချက်မှာ ထိုသို့ ကျင့်ကြံအားထုတ်သည့် နေရာတွင် ကျောက်တုံး ခုနစ်တုံးဆင့်၍ အမှတ်အသားပြုရမည်။ နေ့စဉ် စက်ဝိုင်းစည်းချရမည်။ စည်းချနေစဉ် လောကီပညာနှင့် ဆက်နွယ်သော နတ်များ၏ နာမည်နှင့် ဂုဏ်များကို ချီးကျူးရွတ်ဆိုရမည်။ တိရစ္ဆာန်တစ်ကောင်ကောင် စည်းဝိုင်းကို ဝင်ရောက်၍ နင်းမိသော် အစီအမံအားလုံး ပျက်ပြားသွားသဖြင့် အစမှ ပြန်လုပ်ရကြောင်းဟူ၏။



www.burmeseclassic.com

www.burmeseclassic.com

## နတ်ပြိတ္တာ ဘူးသွင်းခြင်း

အီရန်လောကီပညာကျမ်း၌ ဖော်ညွှန်းသော "နတ်ပြိတ္တာဘူးသွင်းခြင်း" ကိစ္စ တစ်ထောင့်တစ်ည ပသီပုံပြင် ဒဏ္ဍာရီနှင့် ဆက်သွယ်မှုရှိကြောင်း တွေ့ရှိရ၏။

"နတ်ပြိတ္တာဘူးသွင်းခြင်း" အစီအရင်၌ ဆော်လမွန်ဘုရင်(အာရပ်အခေါ် ဆူလေမန်)ကြီးနှင့်ဆိုင်သော မန္တန်နှင့် တံဆိပ်တော်(MANTRAS AND SEAL) ရွတ်ဆိုအသုံးချတတ်သူဖြစ်ရပြီး လောကီပညာ ရက် ၁၀၀ ကျင့်စဥ် ပေါက်မြောက်ပြီးသူကသာ ပြုစွမ်းနိုင်သည်ဟု ဆိုသည်။

အစီအရင်မှာ မဲနယ်ရည်ထည့်ထားသော လည်ပင်းရှည် ကြေးနီဘူးလွတ်(BRASS BOTTLE)တွင် ကြောင်အမြီးတစ်ခု စိမ်ထားပြီး ဆော်လမွန် ဘုရင်ကြီးဆိုင်ရာ မန္တန်များကို ၃၃ ကြိမ် ရွတ်ဆို၍ စီရင်ရသည်။ ကိုအစီအရင်တွင် မိမိအလိုရှိသော နတ်ပြိတ္တာ၏ နာမည်ကို တစ်ပါတည်းခေါ်၍ ကြေးနီဘူးလွတ် အတွင်းဝင်ရန် အမိန့်ပေးရမည်။ ထိုသို့ ၃၃ ကြိမ် ရွတ်ဆိုပြီးနောက် ကြောင်အမြီးကို ဆွဲထုတ်၍ စောင့်ကြည့်သော် တိမ်ခိုးလိုလို၊ မီးခိုးလိုလို အခိုးငွေ့တန်းတစ်ခု ဝင်ရောက်သွားကြောင်းတွေ့ရလျှင် ၎င်းကြေးနီဘူးကို ခဲသတ္တုအဆို့ဖြင့် သေချာစွာ ဖုံးဆို့ထားလိုက်ရမည် ဖြစ်သည်။


ထိုသို့ လည်ပင်းရှည်နေရာကို ခဲသတ္တုဖုံးအဆို့ဖြင့် ပိတ်ဆို့ရာတွင် အပေါ်တွင် နေရာကွက်လပ်အနည်းငယ် ချန်ထားရန် အရေးကြီးသည်။ ၎င်းနေရာကွက်လပ်တွင် စီဒါ (CEDER) ထင်းရှူးပင်မွှေး အစေးရောထားသော ပျစ်ချွဲချွဲ ဖယောင်းတစ်မျိုးဖြင့် ပိတ်ဆို့ထားရမည်။

ထိုအစီအရင် အောင်မြင်ပါမှ ၎င်းနတ်ပြိတ္တာတို့ကို ခိုင်းစေနိုင်သည်ဟု ပြောဆိုကြသည်။

နတ်ပြိတ္တာနှင့် ဆက်သွယ်နိုင်ကြောင်းကို မည်သူ့ကိုမျှ အသိမပေး၊ မပြောရပါဟု သတိပေး တားမြစ်ထားသည်။

အီရန်ရှေးဟောင်းမှုရင်း လောကီပညာများကို ပါရှား အဆက်အနွယ်ဖွား ဖြစ်ကုန်သော အိန္ဒိယရောက် ပါရစီ (PARSI) လူမျိုးများက ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ရသည်။ ခရစ်နှစ် ၇၀၀ ပြည့်တွင် အာရပ်တို့၏ သိမ်းပိုက်ခြင်းခံရသော ဒေသမှ ပါရှန်း လောကီပညာဝိဇ္ဇာကြီး ဇိုရိုအက်စတား (ZOROASTER)၏ လောကီပညာများသည် အီရန်ရှေးဟောင်း အမွေအနှစ်အဖြစ် နိုင်ငံခြားတွင်ကျန်ရှိနေသည်ဟု သိရှိရပေသတည်း။

### ဆော်လမွန်ဘုရင် ၏ အဆောင်



နိုင်ငံခြားခရီးသွားလိုသောအခါ ဆောင်ရသောတံဆိပ်ဝိုင်း



မြေ၊ အိမ်၊ တိုက်၊ ကားနှင့် ကုန်ပစ္စည်းများ ရောင်းကောင်းစေသေ.. တံဆိပ်ဝိုင်း

စိုးဂင်းထွဋ်(တာမွေ)

**ညွှန်း**

(၁) **D-WHEATLEY - BLACK MAGIC, VOODOO AND THE OCCUIT.**

(၂) ဆရာဝန်တင်ရွှေ ၏ စိတ်နယ်လွန် ဖြစ်ရပ်မှန်ဇာတ်လမ်းများ

(၃) ဝိညာဉ်လောကမှ တိုက်ခိုက်ခြင်း "ATTACK FROM THE SPIRIT WORLD" စာအုပ်ကို မှီငြမ်းကိုးကားသည်။

(၄) မာမက ၏ "ကမ္ဘာပတ်၍ တရားရှာခြင်း"

www.burmeseclassic.com




ရောဝတီတိုင်းဒေသကြီး မဲဇလီကုန်းဘုတာအနီးတွင် ဒေဗေးအင်းကြီး ရှိသည်။ ထိုဒေဗေးအင်းကြီးအနီးတွင် ဟသ်ာတ မြန်အောင် ရထားမှ ယာယီဘူတာသဖွယ် ရပ်တန့်ပေးခဲ့သည်။ ထိုနေရာတွင် လူများ အစုလိုက်အပြုံလိုက် ဆင်းလျက်ရှိကြသည်။

ထို့အတူ မြန်အောင်မြို့မှလည်း ရထားနှင့်တချို့ ကားနှင့်တစ်ဖုံ၊ ထိုဒေဗေးအင်းကြီးကို လှေနှင့်တစ်သွယ် ကျွေးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေဖေးအင်းကြီးအတွင်းသို့ ထိုးထွက်နေသော ပေ ၁၀၀ ခန့်မြင့်သည့် တောင်ကုန်းကျွန်းဆွယ်တစ်ခုပေါ်တွင် စေတီတော်မြတ်တစ်ဆူရှိ၍ ၎င်းစေတီ၏ အရှေ့တောင်ဘက် ဆယ်တောင်ခန့်အကွာတွင် "ဆရာမကြီးမယ်ကုဝဏ်" ခေါ်သော ဘီလူးမကြီးသည် လူ့အပေါင်းတို့တွင် စွဲကပ်သော ၉၆ ပါး ရောဂါ ဟူသရွေ့ကို "မေတ္တာတော်ဆေးဝါး" ဖြင့် ပျောက်ကင်းအောင် ကုစားပေးနိုင်သည်ဟု ပြောကြသောကြောင့် လူမျိုးပေါင်းစုံတို့သည် နေ့စဉ်နှင့်အမျှ ထိုဒေဖေးအင်းကြီးရှိ "ဆရာမကြီး မယ်ကုဝဏ်" ထံသို့ လာရောက်၍ ဆေးကုသကြသည်။

နှစ်ပေါင်း ၂၀ ကျော်က စွဲကပ်ခဲ့သော ရူးသွပ်ရောဂါ၊ လည်ပင်းကြီး၊ မုတ်ကြီး၊ ခေါင်းကိုက်၊ မျက်စိနာရောဂါ စသည့် ရောဂါ အမျိုးမျိုးတို့မှာ ပိန်းကြာဖက်တွင် ရေမတင်ဘိသကဲ့သို့ ကင်းစင်ပျောက်ရှင်းခဲ့ကြသည်။

## ဆရာမကြီး မယ်ကုဝဏ်

သာသနာ ၂၅၀၀ ကျော်လွန်သော ၁၃၂၂-ခုနှစ်တွင် အခြားအချိန်များနှင့်မတူ တစ်မူထူးခြားလာသည်။ တော်သလင်း လဆုတ် ၈ ရက်နေ့ခန့်ကစ၍ ဆရာမကြီး မယ်ကုဝဏ်ထံသို့ လူအများသွားရောက်ပြီး မိမိတို့ရောဂါကို တိုင်ကြားကုသနေကြသည်။ ခေါင်းကိုက်သူသည် မယ်ကုဝဏ်၏ခေါင်းကို ကိုင်၍ ထိုကိုင်သောလက်ဖြင့် မိမိခေါင်းကို ကိုင်ရုံနှင့် ခေါင်းကိုက်ပျောက်ခြင်း၊ မျက်စိနာသူသည် မယ်ကုဝဏ်၏ မျက်စိကိုကိုင်၍ ၎င်းလက်ဖြင့် မိမိမျက်စိကို ထိပေးရုံနှင့် မျက်စိနာပျောက်ခြင်း၊ ဗိုက်နာ၊ ခြေနာ၊ ကျောအောင့် စသည့်ရောဂါအားလုံးတို့ ပျောက်ကင်းသွားကြသည်။

သို့သော် ဤဒေဖေးစေတီမြတ်နှင့် မယ်ကုဝဏ်သည် ကေန်ယုံကြည်ထိုက်သော အကြောင်းနှစ်ရပ်ဖြစ်သည်ကို အောက်ပါအချက်နှစ်ရပ်ဖြင့် သိသာထင်ရှားသည်။

(က) ဒေဖေးစေတီတော်မြတ်မှ ဓာတ်တော်များ ကွန့်မြူးနေသည်ကို လူပေါင်းရာထောင်မက ဖူးတွေ့ကြရခြင်း။

(ခ) ဆရာမကြီး မယ်ကုဝဏ်၏ ဆေးတန်ခိုးကြောင့် ရောဂါပျောက်ကင်းသူတို့မှာ တစ်ရာလျှင် ငါးဆယ်ရှိခြင်း။

တစ်ခေတ်တစ်ခါက မြန်မာနိုင်ငံဝယ် အလွန့်ကို ကျော်ကြားခဲ့သော ဆရာမကြီး မယ်ကုဝဏ်အကြောင်းကို မသိမမီလိုက်သူတို့ သိရှိစေရန် တင်ပြခြင်းဖြစ်သည်။ ဆရာမကြီး မယ်ကုဝဏ်သည် အချိန်ကာလတစ်ခုထိ ဟုတ်ခဲ့ မှန်ခဲ့သည်က အမှန်ဖြစ်သည်။

လောကတွင် သဘာဝထက်လွန်လျှင် ဆန်းကြယ်သည်။ ဆန်းကြယ်လျှင် အံ့ဖွယ်ဖြစ်ပေသည်။

ယနေ့ခေတ်လူငယ်များ၏ ခန္ဓာကိုယ်တွင် ပုံစံမျိုးစုံဖြင့် တွေ့မြင်ရသော ဘီလူးရုပ်



လူ၏လက်မောင်းတွင် ရေးထိုးထားသော ဘီလူးရုပ်ပုံ



လူ၏ကျောကုန်းတွင် ရေးထိုးထားသော ဘီလူးရုပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

# မကောင်းကျောင်းပို့ ကောင်းကျောင်းပို့

■ သမီးဗဂျီအောင်စိုး

"ကျောင်း"ဆိုသည်မှာ ကလေးသူငယ်များ ပညာရင်နို့သောက်စို့ရာ နေရာကို စာသင်ကျောင်း၊ ဘုန်းကြီး ရဟန်းသံဃာများ နေထိုင်ရာ ကျောင်းသခ်မ်းကို ဘုန်းကြီးကျောင်း၊ သီလရှင်များ နေထိုင်ရာကျောင်းကို သီလရှင်ကျောင်းဟု ခေါ်ကြသည်မဟုတ်ပါလား။

အရပ်စကားတစ်ခုဖြစ်သော . . . "မကောင်းကျောင်းပို့"ဟူသော စကားကို အခ်ပွာယ်ဖွင့်ဆိုရလျှင် ကလေးသူငယ်များ ကျောင်းမနေရသေးမီ အိမ်တွင်ဆိုးလျှင် မိသားစုကသော်လည်းကောင်း၊ အရပ်ထဲက မိတ်ဆွေများကသော်လည်းကောင်း မကောင်းကျောင်းပို့ဟုဆို၍ အောက်ပါအတိုင်း ပြောလေ့ပြောထရှိကြပါသည်။

"ဒီကလေး ဒီလောက်ဆိုးနေတာ ကျောင်းပို့လိုက်ကြ။ ကျောင်းရောက်ရင် ဆရာမတွေ လက်ထဲမှာ ကောင်းသွားလိမ့်မယ်။ သူ့ထက်ဆိုးတဲ့ ကလေးတွေနဲ့တွေ့ပြီး ငြိမ်သွားလိမ့်မယ်။ ဆရာမတွေ ရိုက်မှကောင်းမယ်"ဟူ၍လည်းကောင်း၊ တချို့ကမူ -

"ဒီလောက်ဆိုးတဲ့ ကလေးကို ကျောင်းပို့မှ ကျောင်းကဆရာမတွေ ဆုံးမလိမ့်မယ်။ ကျောင်းရောက်ရင် ဆရာမတွေကိုကြောက်ပြီး ငြိမ်သွားမှာ" ဟူ၍လည်းကောင်း ပြောတတ်ကြပါသည်။

၎င်းတို့၏ ပြောစကားများအရ ကျောင်းဆိုသော ပညာသင်ကြားပေးရာဌာနမှ ဆရာမများကို ကလေးများသည် ကြောက်စရာကောင်းသော လူများဟု ထင်မှတ်ကြမှာ ဖြစ်ပါသည်။ အနန္တဂိုဏ်းဝင် ဆရာများကို ချစ်ကြောက်ရမည့်အစားမုန်းစရာ၊ ကြောက်ရွံ့စရာအဖြစ် အထင်မှား၊ အမှတ်မှားသွားနိုင်ပါသည်။ ကလေးများ စာတတ်ရန်၊ လိမ္မာရေးခြားရှိရန် ဆိုဆုံးမပေးသော ကျောင်းစာသင်ခန်းကို ဆိုးသွမ်းလူငယ်များ ထိန်းကျောင်းပေးရာ



www.burmeseclassic.com

www.burmeseclassic.com

ဗွာနဟု မှတ်ထင်နေကြသော လူများအား စာရေးသူပြောလိုသည်မှာ "မကောင်းကျောင်းပို့"ဟု ပြောမည့်အစား "ကောင်းအောင် ကျောင်းပို့"ဟုပြောလျှင် ပညာသင်ကြားပေးနေသော ဆရာများသည် စာပေသင်ကြားပေးနေရုံမက စာရိတ္တနှင့် လူမှုရေးများကိုပါ သင်ကြားပေးနေကြကြောင်းကို ယုံကြည်ကြ၊ အသိအမှတ်ပြုကြပါဟု ပြောလိုပါသည်။

ဘုန်းကြီးရဟန်းများ၊ သီလရှင်များအား ကိုးကွယ်သော ဒကာ၊ ဒကာမများမှာ ကုသိုလ်လိုချင်ကြ၊ ကြည်ညိုကြ၍ လှူဖွယ်ပစ္စည်းများကို မိမိတို့ ကိုးကွယ်သော ကျောင်းများသို့ ပို့ဆောင် လှူဒါန်းကြပါသည်။ ဤသို့လှူဒါန်းကြရာတွင် အစားအသောက်များ၊ ဝတ္ထုပစ္စည်းများ ပါဝင်ပါသည်။ အစားအသောက် စားဦးစားဖျား၊ မွန်မွန်မြတ်မြတ်များကို လှူဒါန်းကြပါသည်။ ဝတ္ထုပစ္စည်းများ လှူဒါန်းရာတွင် ကျောင်းတွင်မရှိသေးသော အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းတတ်ကြပါသည်။ ဤသို့လှူဒါန်းရာတွင် အချို့ပစ္စည်းများမှာ မိမိတို့အိမ်မှ မသုံးစွဲတော့သော ပစ္စည်းအကောင်းစား၊ အဖိုးတန်ပစ္စည်းများကို မိမိကိုးကွယ်သောကျောင်းများသို့ လှူဒါန်းတတ်ကြပါသည်။ ဤပစ္စည်းများမှာ အဟောင်းများဖြစ်သွား၍ "မကောင်းကျောင်းပို့"ဟု ခေါ်ဆိုရမလိုဖြစ်နေပါသည်။ သို့သော် ဤသို့ဆိုလျှင် မှားပါမည်။ ကျောင်းတိုက်များတွင် သင့်လျော်ရာနေရာများ၌ ဤပစ္စည်းများသည် အသုံးဝင်ပါသည်။ ဤသို့ မိမိကျောင်း၌ သူ့နေရာနှင့်သူ အသုံးဝင်သော ပစ္စည်းများသည် အကောင်းများသာ ဖြစ်ပါသည်။

ကလေးသူငယ်များ ကျောင်းရောက်သောအခါ လိမ္မာသွား၍ မိဘဆွေမျိုးများ ဆရာများမှာ ဝမ်းမြောက်ဝမ်းသာ ရှိရပါသည်။ ထို့နည်းတူစွာ မိမိအိမ်တွင် အသုံးမပြုတော့သော ပစ္စည်းများသည်လည်း ဘုန်းကြီးများ၊ သီလရှင်များ ကျောင်းတိုက်များသို့ ရောက်သောအခါ သူ့နေရာနှင့်သူ အသုံးဝင်သောကြောင့် လှူဒါန်းကြသော ဒကာ၊ ဒကာမများနှင့် ကျောင်းတိုက်များမှ သံဃာတော်များ၊ သီလရှင်များ ဝမ်းသာကြရပါသည်။ မကောင်းကျောင်းပို့ရာမှ ကောင်းကျောင်းပို့ ဖြစ်သွားပါသည်။

စာသင်ကျောင်းများသို့ ကျောင်းသားများ၏ စေတနာနှင့် မိဘများ၏ စေတနာအရ အစားအစာများပြုလုပ်၍ ဆရာများကို ကျွေးမွေးခြင်း၊ အဖိုးတန်အစားအစာများကို ဝယ်ကျွေးခြင်းပြုသည်မှာ "ကောင်းကျောင်းပို့"ကြခြင်းဖြစ်ပါသည်။ ရဟန်းသံဃာများ၊ သီလရှင်များသည် လူတို့အထွတ်အမြတ်ထားခြင်းကို ပို၍ခံရပါသည်။ ထို့ကြောင့် အလှူအတန်းများလုပ်၍ ကျောင်းပို့တတ်ကြပါသည်။ မိမိတို့မွေးနေ့အထိမ်းအမှတ်များ၊ ဆွမ်းကျွေးအလှူများ လုပ်လျှင်လည်း အိမ်မပင့်နိုင်သောအခါ ကျောင်းသို့ ကောင်းနိုးရာရာစားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းတတ်ကြပါသည်။

စာရေးသူသည် သန်လျင်မြို့တွင် သီတင်းသုံးသော်လည်း ရန်ကုန်မှ ဒကာ၊ ဒကာမများသည် သန်လျင်အထိလာရောက်လှူဒါန်းကြသဖြင့် စေတနာရှင် ဒကာ၊ ဒကာမများကို ကျေးဇူးအထူးတင်ရှိပါသည်။ စာရေးသူ၏ကျောင်းသို့ မည်သည့်ပစ္စည်းများပို့ပို့ အလှူခံလျက်ရှိပါသည်။ ဘုန်းကြီးရဟန်း၊ သီလရှင်တို့မည်သည်မှာ အလှူပစ္စည်းရွေး၍ အလှူမခံရပါ။ ဒကာ၊ ဒကာမများ လှူဒါန်းသော ပစ္စည်းများမှာ မိမိနှင့် အသုံးမဝင်လျှင်လည်း တစ်ဆင့်ပြန်လည်၍ လှူဒါန်းရပါသည်။ အလှူရှင်မှာ ထပ်ဆင့်ကုသိုလ်ရပါသည်။ ထို့ကြောင့် မကောင်းလည်း ကျောင်းပို့ပါ၊ ကောင်းလည်း ကျောင်းပို့ပါ။

လူများပြောသော မကောင်းကျောင်းပို့ဆိုသော စကားကို စာရေးသူက ပြင်၍ ကောင်းကျောင်းပို့ဟု ဆိုချင်ပါသည်။ မကောင်း၍ ကျောင်းပို့သော်လည်း မိမိအတွက်ကောင်းလျှင် ကောင်းကျောင်းပို့ပင် မဟုတ်ပါလော။

စာရေးသူ၏ ကျောင်းဒကာမကြီး ကောင်းကျောင်းပို့ခြင်းအကြောင်းကို ပြောချင်ပါသည်။ စာရေးသူမှာ ကျောင်းပိုင်ရှိသော်လည်း ထိုကျောင်းကို တပည့်ဖြစ်သူအားပေးအပ်ခဲ့ပြီး ဒကာမကြီး ဆောက်လုပ်လှူဒါန်းသော တိုက်ကျောင်းတွင် ယခုအခါ သီတင်းသုံးလျက် ရှိပါသည်။ ဒကာမကြီးအမည်မှာ ဒေါ်မေဘယ်(လ်)ရွှေ ဖြစ်ပြီး ရန်ကုန်မြို့ ကျွန်တော်အိမ်ရာတွင် နေထိုင်လျက်ရှိပါသည်။ ဒကာမကြီးသည် မည်သည့်အလှူကိုမဆို လက်မတွန့်ဘဲ လှူဒါန်းလျက်ရှိသောသူ ဖြစ်ပါသည်။ ကျောင်းဆောက်လုပ်လှူဒါန်းပြီး ကျောင်းအတွင်း၌ လိုအပ်မည်ထင်သော ပရိဘောဂများကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ အိပ်ရာခုတင်၊ စာရေးစားပွဲ၊ ကုလားထိုင်၊ စာအုပ်စင် အစရှိသည်တို့အပြင် အသေးအဖွဲပစ္စည်းများကိုပါ ယူလာပေးထားပါသည်။ ဤကဲ့သို့ ပေးပို့လှူဒါန်းထားသော ပစ္စည်းများမှာ အဟောင်းများပါသလို၊ အကောင်းအသစ်များလည်း ပါပါသည်။ ဒကာမကြီး၏စေတနာကို လေးစားပြီး ကျေးဇူးတင်ရပါသည်။

ရင်းနှီးသော ဒကာ၊ ဒကာမများမှ ဆရာလေးမှာ တစ်ပါးတည်း ဘာမှဖွယ်ဖွယ်ရာရာချက်မစားနိုင်၍ ငါးပိကြော်၊

www.burmeseclassic.com

ငါးခြောက်ကြော် စသည်ဖြင့် ၄ ပိုလှူ ဒါန်းတတ်ကြပါသည်။ ဈေးမှာ ဘယ်မဝေး သော်လည်း မိမိမှာမသွားနိုင်ပါ။ ဆရာ လေး ရန်ကုန်ရောက်လျှင် လိုအပ်သော အစားအစာများကို တစ်လစာ ဝယ်လာခဲ့ ပါသည်။ ထမင်းဟင်းများများ မစားနိုင်၍ ဆွမ်းကို အဓိကမထားဘဲ အခြားစားစရာ များကိုသာ စားသောက်တတ်ပါသည်။ ဤ သည်မှာ အကောင်းကျောင်းပို့ ဖြစ်သည်။

ယခုတစ်ဝါတွင်းလုံးတွင် အစား အသောက် အဆင်ပြေနေသဖြင့် ယခင် တစ်လတစ်ခါ ရန်ကုန်ကြွလျှင် ဆွမ်း ကပ်သော ဒကာမများနှင့် တပည့်များထံ တွင် ဆွမ်းမစားတော့ပါ။ အကြောင်းမှာ ဒုလ္လဘသီလရှင်ဆရာလေးမှာ အသက် ၂၀ ရှိပြီး သွက်လက်ချက်ချာ၍ ဈေး သွားဈေးဝယ်ပြီး ချက်ပြုတ်ကျွေးမွေးနေ သောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုဆရာ လေး၏ မိဘ၊ ဆွေမျိုးများမှာ ငွေကြေး ပြည့်စုံပြီး စေတနာကောင်း၊ အလိုက်သိ သဖြင့် ဆွမ်းစားကောင်းနေပါသည်။ ဤ သည်မှာလည်း ထိုဒကာမများ ပေးပို့ လှူဒါန်းသော အကောင်းကျောင်းပို့ခြင်း ကြောင့် ဖြစ်သည်။ စာရေးသူသည် မိမိ အားလှူဒါန်းသော စားကောင်းသောက် ဖွယ်၊ အစားအစာများကို ဆရာတော်အား ဆက်ကပ်ခြင်း၊ ရင်းနှီးသော အခြား ဆရာ ကြီး၊ ဆရာလေးများအား ပြန်လည်လှူ ဒါန်းခြင်းများကိုပါ ပြုလုပ်လျက်ရှိပါသည်။

တစ်နေ့တွင် စာရေးသူအံ့အားသင့် ရသည့် အကြောင်းတစ်ခုပေါ်လာပါသည်။ "ကောင်းကျောင်းပို့"ရန် ရောက်လာခြင်း ဖြစ်သည်။ စာရေးသူ တစ်ခါမှ မသိမမြင် ဖူးသော ဒကာမကြီးတစ်ယောက် ရောက် ရှိလာခြင်းဖြစ်သည်။ "ဆရာလေးက စာရေးဆရာမ သမီးဗဂျီအောင်စိုးဆိုတာ ဆရာလေးလား။ ဒီမှာ ညည့်သည်က တွေ့ ချင်လို့"ဟု ဦးပဥ္စင်းတစ်ပါးက ခေါ်လာ သောကြောင့် အံ့အားသင့်သွားခြင်းဖြစ် သည်။ အကျိုးအကြောင်း မေးကြည့်သော အခါ ထိုဒကာမကြီးမှာ မြောက်ဥက္ကလာ ပ၊ စက်မှုဇုံတွင်နေထိုင်ကြောင်း သိရှိရပြီး အမည်မှာ ဒေါ်ရီရီအောင် ဖြစ်ပါသည်။ နေရပ်လိပ်စာကို မေးမြန်းမထားပါ။ ထို ဒကာမကြီးပြောကြားချက်အရ -

"ဆရာလေးရေးတဲ့ ရောင်ပြန် မဂ္ဂဇင်းထဲက ဆောင်းပါးတွေကို အမြဲ ဖတ်ပါတယ်။ (ကျောင်းလှူပါက မြတ် ဒါန)ဆိုတဲ့ ဆောင်းပါးကိုဖတ်ပြီးကတည်း က လာချင်နေတာ။ အကြောင်းမညီ ညွတ်လို့ မရောက်လာရတာပါ။ ဆရာ လေးကို အဲဒီကတည်းက တွေ့ချင်နေ တာ။ ဒီနေ့တော့ မဖြစ်ဖြစ်အောင် သွား မယ်ဆိုပြီး ထွက်လာတာ။ ဆရာလေးကို တွေ့ဖူးချင်၊ လှူဒါန်းချင်လို့ လှူစရာ ပစ္စည်းတွေပါ ကားထဲမှာ ပါလာပါတယ်။ သွားယူခိုင်းလိုက်ပါ့မယ်"

ဆို၍ ကားထဲ၌ ထားခဲ့သော ဆန် တစ်အိတ်၊ ဆီတစ်ပုံး (နှစ်ပိဿာဝင် ရွှေပဲဆီသန့်)၊ နဝကမ္မဝတ္ထုငွေ ငါးသောင်း ကျပ်တို့ကို လှူဒါန်းသွားပါသည်။

စာရေးသူသည် အံ့အားသင့်ပြီး ဝမ်းသာသွားပါသည်။ နတ်၊ သိကြားများ က ကူညီမစ၍ စာရေးသူလှူဒါန်းမည့် ဝါဆိုသင်္ကန်းကပ်လှူရန်အတွက် ဆွမ်း ချက်ရန် ဆန်၊ ဆီများနှင့် ကုန်ကျမည့် ငွေအတွက် အလှူငွေများကိုပါ ပေးလှူ သွားသည့်အတွက် အံ့အားသင့် ဝမ်းသာ သွားရခြင်းဖြစ်ပါသည်။ ဒကာမကြီးအား ဆရာလေးကျောင်းကို ဘယ်လိုရှာလာ သလဲဟုမေးရာ စာအုပ်ထဲတွင် ကျောင်း လိပ်စာ၊ ကျောင်းပုံများပါ ပါသဖြင့် အလွယ်တကူရှာဖွေ၍ရကြောင်း ပြောပါ သည်။ ဤဆောင်းပါးမှာ လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလထုတ်တွင် ပါရှိ ခဲ့ခြင်းဖြစ်ရာ ဤမျှကြာသည့်တိုင်အောင် လေးစားကြည်ညိုခဲ့သဖြင့် ကျေးဇူးတင်ပါ သည်။ စာရေးသူအား ရှိမရှိ ဖုန်းကြိုဆက် ပြီးမှ ဒကာမများ လာရောက်တတ်ပါ သည်။ စာရေးသူမှာ ရန်ကုန်သွားနေလျှင် မတွေ့ရတတ်ပါ။ ယခုစာရေးသူက စာရေး နေ၍ အလိုက်သင့်တွေ့ရခြင်း ဖြစ်သည်။

"ကောင်းကျောင်းပို့"မှုကြောင့် စာ ရေးသူရော၊ ဒကာမကြီးပါ ကုသိုလ်ရကြ မှာဖြစ်သည်။ ဤဆောင်းပါးကို စာအုပ် တွင်ပါလာသောအခါ ဒကာမကြီး ဖတ်ရ မိလျှင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါ

သန်လျင်မြို့၊ သဘာဝရိပ်သာ ဝိပဿနာကျောင်းတိုက်မှ ဆရာတော် သည် မည်သူကပို့ပို့၊ မည်သို့ပင်ရောက် လာရောက်လာ ညည့်ခံပြီး ကျွေးမွေးစောင့် ရှောက်ထားရာ လူပုဂ္ဂိုလ်များ၊ ကလေး များမှစ၍ သက်ကြီးရွယ်အိုများအထိ ရဟန်းတော်များ၊ သီလရှင်များသာမက ကြက်၊ ဘဲ၊ ခွေး၊ ဝက်၊ ကြောင်၊ မြင်း စသော တိရစ္ဆာန်များကိုပါ ကျွေးမွေးထား ပါသည်။ ဤသည်မှာလည်း မကောင်း ကျောင်းပို့ကို ကုသိုလ်ယူ၍ အလှူဒါ ပြုနေခြင်းဖြစ်သည်။ နိုင်ငံခြားသားများနှ အလှူရှင်များ လှူဒါန်းမှုကြောင့် ဆရာ တော် ငိဝိတဒါနအလှူလည်း ဖြစ်ပါသည် အချုပ်ဆိုရသော် "မကောင်းကျောင်း ကောင်းကျောင်းပို့ အားလုံးအကျိုးရှိစေ ပင် ဖြစ်ပါသည်။

**သမီးဗဂျီအောင်စိုး**



www.burmeseclassic.com

www.burmeseclassic.com

# သာရုမခေါ်ရ ဘီလူးဒေါသ

■ မဟော်ဂနီ(သမထ)

တောတောင်များတွင် တရားဓမ္မ ရှာ၍ စရဏအလုပ်တွေ ပွားများကျင့်ကြံ အားထုတ်နေကြသော အမျိုးကောင်းသား သူတော်ကောင်းများအတွက် သတိချပ်စရာ၊ ဗဟုသုတအနေဖြင့် ဤအကြောင်းအရာလေးတစ်ခုကို ဖော်ပြလိုပါသည်။

ထိုဖြစ်ရပ်မှာ အံ့သြစရာကောင်းသလို ရယ်စရာလည်း ကောင်းလှသည်။ "ဖြစ်မှဖြစ်ရလေဗျာ"ဟု ပြုံးစိစိနှင့် ပြောရလောက်ပါသည်။

ပြောပြသူမှာ ဝိဇ္ဇာမဟိဒ္ဓိလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေသော "ပုပ္ပားဆရာတော်ဦးလောကနာထ"ပင် ဖြစ်သည်။ မင်းလွင်ကုန်းရှိ သီဟိုတစ်ဆောင် ဝိဇ္ဇာအောင်မြေ သာသနာပြုစခန်း၌ ကျွန်တော်တို့အဖွဲ့သည် အေးအေးလူလူ အနားယူ၍ ရေနွေးကြမ်းနှင့် မြင်းသုပ်ကို စားသောက်နေကြ၏။

စားကြရင်းမှ ပုပ္ပားဆရာတော် ပြောပြသော ဒေသန္တရဗဟုသုတများကို အားလုံးက စိတ်ဝင်တစား နားထောင်နေကြခြင်းလည်း ဖြစ်၏။ ဗဟုသုတ ကြွယ်လှသော ဆရာတော်ပြောသမျှတို့သည် ကျွန်တော်တို့ မကြားဖူးသော စိတ်ဝင်စားစရာများပင် ဖြစ်၏။

"ဘုန်းကြီးတစ်ပါးတည်း ပြီးခဲ့တဲ့နှစ်က စမတောင်မှာ တစ်ဆယ့်ရှစ်ရက်တိတိ အဓိဋ္ဌာန်ဝင်တုန်းကပေါ့။ အဲဒီမှာ ဘုန်းကြီးထက် ရက်တွေအများကြီးစောတဲ့ ဒကာတစ်ယောက်နဲ့ ဆုံဖြစ်တယ်။ သူက ဂိုဏ်းဆရာတစ်ယောက်ပေါ့။ ဘာဂိုဏ်းလို့တော့ နာမည်တပ်မပြောတော့ပါဘူး။ အင်း . . . ဒီလူ့အသက်က အလွန်ဆုံးရှိမှ လေးဆယ်စွန်းစွန်းပေါ့။ ဒါပေမယ့် စရဏအားကတော့ မလျော့ဘူးဟေ့။ တကယ့်ကို အချိန်ပြည့် ပြင်းထန်တဲ့အကျင့်တွေ ကျင့်နေတာပေါ့"

ပုပ္ပားဆရာတော် ဦးလောကနာထက စကားကိုရပ်၍ ရေနွေးတစ်ငုံမျှ သောက်ပြီးမှ စကားကို ဆက်၏။

"ဒီဒကာက အဲလို အဓိဋ္ဌာန်ကျင့်စဉ်တွေကို ထန်းပင်ကြီးတစ်ပင်အောက်မှာ ကျင့်တာကို ဘုန်းကြီးက မြင်တယ်။ ဒီထန်းပင်ပေါ်မှာ အကောင်ကြီးတစ်ကောင် ရှိတယ်ကွ"

"ဘာအကောင်လဲဘုရား။ မြွေလား။ ကျီးကန်းလား။ ပုတ်သင်ညိုလား"

ပါဒကြီးမှ ကိုအုံးငွေက ဝင်မေး၍ ဘုန်းကြီးမှာ တံတွေးတစ်ချက်ကို "ထွီ" ခနဲ ထွေးလိုက်ပြီး -

"ထွီ . . . တောက်တီးတောက်တဲ့၊ ကပေါက်တိကပေါက်ချာ အကောင်။ ဘာ . . . ပုတ်သင်ညိုလဲ၊ ဘာကျီးကန်းလဲ။ ဘီလူးကွ . . . ဘီလူး။ ထန်းပင်ပေါ်မှာရှိတာ ဘီလူးကွ"

ဟု ပြော၏။

ကျွန်တော်တို့မှာလည်း "ဘီလူး" ဆို၍ နည်းနည်းလန့်သွားတာတော့ အမှန်ပင်။

"အိမ်း . . . အဲဒီဘီလူးက ဒီထန်းပင်ပေါ်မှာနေတာ။ ဒီဒကာ ပုတီးလာစိပ်ရင်' သူ့ခမျာ ရှောင်ပေးရတယ်။ အပင်ပေါ်မှာ မနေဝံ့ဘူး။ ဒါပေမယ့် ဒီဘီလူးက ခွင့်လွှတ်ထားတာကွ။ ခွင့်လွှတ်

www.burmeseclassic.com

ထားတာကလည်း ဒီဆရာ ပုဂ္ဂိုလ်ပြီး ရင် အမျှဝေမယ်ပေါ့။ ဒါဆို သူလည်း သာဓုခေါ်ခွင့်ရမယ်။ သာဓုခေါ်ခွင့်ရရင် သူလည်း တန်ခိုးတိုးမယ်၊ ပါဝါတက်မယ်ပေါ့"

"အမယ် . . . ဒီဘိလူးကလည်း အကြံအစည်နဲ့ကိုးဘုရား"

"ဟုတ်တယ်ပေါ့။ ဒါပေမယ့် ဘိလူးဟာ ဆန္ဒမပြည့်ဝရှာပါဘူး . . .။ ဒီဆရာက စရဏအလုပ်တွေတော့လုပ်တယ်။ ပြီးရင် သုံးဆယ့်တစ်ဘုံသားတွေကိုလည်း အမျှဝေတယ်။ သူအမှီပြုပြီး လုပ်နေတဲ့ ထန်းပင်မှာရှိတဲ့ မမြင်အပ်သော ပုဂ္ဂိုလ်များ ဆိုပြီးတော့လည်း အမျှဝေတယ်"

"ဒါဆို ဘိလူးက ဘာလို့ သာဓုမခေါ်နိုင်တာလဲဘုရား"

"အိမ်း . . . အဓိကအချက်က ဒါကိုပြောချင်တာကွ။ အမျှဝေတဲ့သူကလည်း ရပါစေဆိုတဲ့ စိတ်နဲ့ ပေးဝေတယ်၊ ရည်စူးပြီးလည်း ဝေတယ်။ လိုချင်တဲ့သူကလည်း ဒါကို လိုချင်လို့ပဲ တကူးတက စောင့်နေတယ်။ ဒါပေမယ့် သာဓုမခေါ်နိုင်ရတဲ့အကြောင်းက . . . ဒီဆရာဟာ အမျှ . . . အမျှ . . . အမျှလို့ ခေါ်ပြီးတာနဲ့ သာဓု . . . သာဓု . . . သာဓုလို့ သူဟာသူ ပြန်ခေါ်တယ်။ ပြဿနာက အဲဒါပဲ။ သူဟာသူဝေပြီး သူဟာသူ ပြန်ယူသွားတယ်လေ။ လူတွေရဲ့ နှုတ်စီးက သိပ်အရေးကြီးတာကွ။ ဘိလူးက သာဓုမခေါ်နိုင်ခင် ဆရာက သာဓုခေါ်သွားတော့ ဘိလူးခမျာ မရရှာဘူးပေါ့"

"ဟုတ်တယ်။ မြန်မာလူမျိုးတွေက အကျင့်ကို ပါနေပြီ။ အမျှဝေပြီးတာနဲ့ သာဓုဆက်ခေါ်ကြတော့တာပဲ။ အမှန်က အမျှ . . . အမျှ . . . အမျှ ယူတော်မူကြပါကုန်သော် . . . လို့ ဆိုပြီးတာနဲ့ အားလုံးပဲ ကြားကြားသမျှ သာဓုသုံးကြိမ် ခေါ်ဆိုနိုင်ကြပါစေလို့ ပြောင်းရွှတ်ဆိုသင့်တယ်။ လူဘောင်ရပ်ကွက်ထဲမှာ သိပ်ပြဿနာမရှိပေမယ့် အခုလို . . . မြို့ကြမ်း၊ နေရာကြမ်းတဲ့ တောတွေ၊ တောင်တွေထဲမှာတော့ ဒါဟာ ပြဿနာတစ်ခု ဖြစ်လာနိုင်တယ်"

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာထွန်းမြင့်ကလည်း ဝင်ထောက်ပြပါသည်။ ပုပ္ပားဆရာတော်က ဆက်ရှင်းပြပါသည်။

"အဲလိုချည်းဖြစ်နေတော့ ဒီဘိလူးဟာ အတော့်ကို ဒေါသထွက်နေတာပေါ့။ ဒီဆရာဟာ အဓိဋ္ဌာန်နှစ်ဆယ့်ခုနစ်ရက် ဝင်သွားတယ်။ တစ်ရက်မှ သာဓုခေါ်ခွင့်မရကြဘူး။ အင်း . . . နောက်ဆုံး အဓိဋ္ဌာန်ရက်ပြီးလို့ အမျှဝေချိန်မှပဲ ဒီဆရာလည်း ဗိုင်းခနဲ ပစ်လဲကျသွားတော့တာပဲပေါ့။ ပါးစပ်က အမြှုပ်တွေလည်း ထွက်လို့။ မျက်လုံးကြီးပြူးလို့။ အသံတောင် ကောင်းကောင်းမထွက်နိုင်ဘူး။ အနီးအနားက လူတွေကလည်း အတင်းပြေးထူကြ၊ ပြုစုကြရတယ်။ ဘာဖြစ်မှန်းလဲ မသိကြဘူး။ ရောဂါဟောင်းရှိလို့ပဲ ရောဂါပြန်ထလာတာလား၊ ဝက်ရူးပြန်တာလားလို့ ထင်ကြေးအမျိုးမျိုးနဲ့ပေါ့။ ဘုန်းကြီးကတော့ သိလိုက်တယ်။ ဒါနဲ့ ဆိုင်ရာပိုင်ရာ တောပိုင်၊ တောင်ပိုင်တွေကို မေတ္တာပို့၊ အမျှဝေပြီးတာနဲ့ ဒီဆရာကို ဆွဲထူစေပြီး ငယ်ထိပ်ကို လက်ဝါးနဲ့ အုပ်ချလိုက်ပြီး သုဝဏ္ဏဘူမိဂါထာကို ရွတ်လိုက်တယ်။ ဒီတော့မှ ဒီဆရာလည်း တအင်းအင်းနဲ့ လှုပ်လာတယ်။

ဘုန်းကြီးက မင်းဘယ်သူလဲလို့ မေးတော့ ထန်းပင်က ဘိလူးတဲ့။ ဘာလို့ အခုလိုလုပ်ရတာလဲဆိုတော့ အခုပြောပြသလို သာဓုခေါ်ခွင့်မရလို့ စိတ်ဆိုးပြီး လုပ်တာဆိုတဲ့အကြောင်း ရှင်းပြတော့မှ ဘုန်းကြီးလည်း ကြားကနေပြီး မေတ္တာရပ်ခံဖျောင်းဖျပြီး ထွက်နိုင်ခဲ့ရတယ်။ ဒီဆရာမှာလည်း ရက်ပေါင်းများစွာ ဟိတ်ဟန်ကြီးကြီးနဲ့ ပင်ပင်ပန်းပန်း လုပ်လာခဲ့သမျှ နောက်ဆုံးနေ့ကျမှပဲ ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရရှာတယ်"ဟု မိန့်ကြားခဲ့ပါသည်။

ဤဖြစ်ရပ်မှာ သင်ခန်းစာယူစရာ၊ မှတ်သားစရာ ကောင်းလှပါသည်။ မမြင်ရသော ပရလောကသားများသည် ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် သူတို့ဘဝနှင့်သူတို့ တည်ရှိနေကြမည်မှာ မလွဲပေ။ တရားဓမ္မစရဏအလုပ်ကို ပွားများကျင့်ကြံနေသူတိုင်းသည် သုံးဆယ့်တစ်ဘုံကို လက်ခံပြီးဖြစ်သည့် အားလျော်စွာ ၎င်းတို့၏ သဘောသဘာဝကိုလည်း အနည်းငယ်မျှတော့ သိထား၊ လေ့လာထားရန် လိုအပ်ပါပေသည်။

လူတို့၏ ကောင်းမှုကုသိုလ်တစ်ခုခုကို သာဓုခေါ်ချင်၍ စောင့်ဆိုင်းနေကြရသော မမြင်ရသော ပရလောကသားများ၏ ဒုက္ခကို ထည့်သွင်းစဉ်းစား၍ သတိပြုဆင်ခြင်မိစေရန် တင်ပြရေးသားလိုက်ရပါသည်။

မဟော်ဂနီ(သမထ)



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာမိုးကြယ်

# အာဠာဝကဘီလူးသိလိုသည့် ကုသိုလ်တရား(၁၀)ပါး

အာဠဝီပြည်သို့ ဘုရားရှင် ဒေသစာရီကြွချီခဲ့ပေပြီ။

ထိုကာလမှာပင် အာဠာဝက ဆိုသော ဗိမာန်ရှင်ဘီလူးကြီးသည် အာဠဝီပြည်သူ ပြည်သားတို့အား ဖမ်းယူစားသောက်လျက် ၎င်း၏ဗိမာန်၌ စံစားလျက်ရှိ၏။

ထိုအခါ ဘုရားရှင်လည်း အာဠာဝကအား ချေချွတ်ဆုံးမရန်အတွက် အာဠာဝကပိုင်ဆိုင်သော ဗိမာန်၌ ဝင်ရောက်နေထိုင်လေ၏။ ထိုအချိန်ဝယ် ဗိမာန်ရှင် အာဠာဝက မရှိခဲ့။ နတ်သဘင်အစည်းအဝေးသို့ သွားရောက်နေချိန် ဖြစ်လေသည်။ အစည်းအဝေး ပြန်ရောက်သည့်ရှိသော် ၎င်း၏ဗိမာန်



www.burmeseclassic.com

www.burmeseclassic.com

ထဲ၌ ဘုရားရှင် ရောက်ရှိစံမြန်းနေသည်ကို တွေ့ရသဖြင့် ယမ်းပုံမီးကျ ဒေါသတို့ဖြစ်ပွားကာ အော်ဟစ်ကြိမ်းမောင်းလျက် ဗိမာန်တွင်းမှ ထွက်သွားရန် နှင်ထုတ်လေ၏။

ဘုရားရှင်က ဗိမာန်မှ ထွက်ခွာခြင်းမပြုဘဲ ငြိမ်ဆိတ်စွာပင် သီတင်းသုံးမြဲ သုံးလျက်ရှိလေ၏။ ထိုအခါ အာဠာဝကအဖို့ ဒေါသတို့ မထိန်းချုပ်နိုင်တော့။ လက်နက်အမျိုးမျိုးဖြင့် ဘုရားရှင် ဗိမာန်အတွင်းမှ ထွက်ခွာသွားရန် တိုက်ခိုက်ပြန်၏။ သို့ရာတွင် မည်သို့မျှ ထူးခြားမလာခဲ့။ နောက်ဆုံး၌ အာဠာဝကလည်း ၎င်း၏အစွမ်းအထက်ဆုံးဖြစ်သည့် ဘွဲ့ဖြူလက်နက်ကိုထုတ်ကာ ပစ်ခတ်တိုက်ပွဲဝင်ပြန်၏။

သို့ပါသော်ငြား အာဠာဝက၏ ဘွဲ့ဖြူလက်နက်သည် ဘုရားရှင်၏မေတ္တာအရံအတားကို အနည်းငယ်ကလေးမျှပင် ကျိုးပေါက်ပြောက်ကျားခြင်း မရှိစေခဲ့။

နောက်ဆုံးမှာတော့ ဒေါသရှင် အာဠာဝကခမျာ စိတ်မော၊ လူမောဖြစ်ကာ ခြေကုန်လက်ပန်းကျရလေတော့သည်။

သို့ပါသော်ငြား စိတ်ဓာတ်ကတော့ တကယ့်ကို မာမာတင်းတင်း။ လက်ရုံးရည်ဖြင့် မယှဉ်သာနိုင်မှန်း သေချာသွားပေပြီ။ ထိုအခါ မြားဦးကို ခက်ခဲနက်နဲသော ပြဿနာစက်ကွင်းသို့ လှည့်လိုက်၏။

"ငါ့ရှင် ဂေါတမ၊ ဤလောကမှာ ယောကျာ်းတကာတို့ရဲ့ နှစ်လိုခြင်းကိုပြုတတ်တဲ့ အမြတ်ဆုံးဥစ္စာဆိုတာ ဘာပါလိမ့်"



ဘုရားရှင်အဖို့ အာဠာဝကလှည့်လိုက်သော မြားဦးကို သိတော်မူခဲ့သည်။ ကိစ္စမရှိ။ သည်လိုမျိုး ပြဿနာအရပ်ရပ်ကပင် အာဠာဝက၏ အခြေအနေကို တစ်မျိုးတစ်ဖုံမက ပြောင်းလဲသွားလိမ့်မည်ကို တန်ခိုးတော်ဖြင့် သိစွမ်းနေခဲ့သည် မဟုတ်ပါလား။

"ဒကာတော် အာဠာဝက၊ သည်လောကမှာ ယောကျာ်းတကာတို့ရဲ့ နှစ်လိုခြင်းကို ပြုတတ်တဲ့ အမြတ်ဆုံးဥစ္စာဆိုတာဟာ သဒ္ဓါတရားပဲ ဖြစ်ပါတယ်"

သည်အဖြေစကားကြားရတော့ အာဠာဝကအဖို့ ဒေါသရိပ်တို့ ပါးလျသွားပြီ။ စိတ်ထဲမှာလည်း "ဩော်···ဟုတ်ပေသားပဲ" ဟူ၍ ကောက်ချက်ချလိုက်မိသည်။ သို့သော်လည်း ကျေနပ်ခြင်းတော့ အလျဉ်းမရှိပါပေ။ သည်တော့လည်း ဒုတိယအမေးပုစ္ဆာကို ဆက်လိုက်ပြန်တော့သည်။

"ငါ့ရှင် ဂေါတမ၊ ဘယ်လိုမျိုး အကျင့်တွေကိုကျင့်ရင် ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကို ရတတ်ပါသလဲ"

"ဒကာတော် အာဠာဝက၊ သည်လောကမှာ ပုထုဇဉ်တွေမှန်သမျှဟာ ကုသိုလ် ၁၀ ပါးအရာတွေကို ကျင့်သုံးဆောက်တည်ကြမယ်ဆိုရင် ကိုယ်ရော၊ စိတ်ပါ ချမ်းသာရာရမှာ အမှန်ပါပဲ"

"အဲသည် ကုသိုလ် ၁၀ ပါး တရားဆိုတာက ဘာတွေများပါလိမ့် အရှင်ဂေါတမ"

"ဒကာတော် အာဠာဝက···၊ အဲသည် ကုသိုလ်တရား ၁၀ ပါးဆိုတာကတော့ -

၁။ ပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါန



www.burmeseclassic.com

www.burmeseclassic.com

"ဒကာတော် အာဠာဝက၊ လောကမှာ အရသာတွေဆိုတာ အမျိုးမျိုး၊ အဖုံဖုံ ရှိတတ်ကြပါတယ်။ အဲသည်အရသာတွေ အားလုံးထဲမှာတော့ သစ္စာစကား၊ သစ္စာတရားဟာ အချိုမြိန်ဆုံးဖြစ်ပါတယ်"

တရား။

၂။ ဥပုသ်သီတင်းဆောက်တည်မှု ဆိုတဲ့ သီလတရား။

၃။ ကမ္မဋ္ဌာန်းစီးဖြန်းမှုဆိုတဲ့ ဘာဝနာတရား။

၄။ သိက္ခာအားဖြင့်၊ အသက်အားဖြင့် ကြီးသူတွေကို ရိုသေတဲ့ အပစာယနတရား။

၅။ အမှုကြီးငယ်တို့ကို ဆောင်ရွက်ပေးတဲ့ ဝေယျာဝစ္စတရား။

၆။ မိမိပြုလုပ်တဲ့ ကောင်းမှုကုသိုလ်တွေ မှန်သမျှ ဝေနေယျသတ္တဝါအားလုံးအပေါ် အမျှပေးဝေတဲ့ ပတ္တိဒါနတရား။

၇။ တစ်ပါးသူတို့ ပြုလုပ်တဲ့ ကောင်းမှုကုသိုလ်အပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်မှုဆိုတဲ့ ပတ္တာနုမောဒနာတရား။

၈။ သူတော်ကောင်းတရားကို နာကြားခြင်းဆိုတဲ့ ဓမ္မဿဝနတရား။

၉။ သူတော်ကောင်းတရားကို ဟောကြားဆွေးနွေးမှုဆိုတဲ့ ဓမ္မဒေသနာတရား။

၁၀။ ဖြောင့်မတ်တဲ့အယူကို ကျင့်သုံးခြင်းဆိုတဲ့ ဒိဋ္ဌိကမ္မတရား။

စတာတွေပဲ ဖြစ်ကြပါတယ် အာဠာဝက"

အာဠာဝက၏ စိတ်အာရုံကားချပ်မှာတော့ ဒေါသရိပ်တို့ ပါးပါးလျလျ ဖြစ်သွားခဲ့ကြသည်။ သို့ရာတွင် မကျေနပ်နိုင်သေး။

"အရှင်ဂေါတမ…အရသာတွေ အမျိုးမျိုးအဖုံဖုံရှိကြတဲ့အထဲမှာ ဘယ်အရသာကဖြင့် အချိုမြိန်ဆုံးဖြစ်ပါသလဲ"

"ဒကာတော် အာဠာဝက၊ လောကမှာ အရသာတွေဆိုတာ အမျိုးမျိုး၊ အဖုံဖုံ ရှိတတ်ကြပါတယ်။ အဲသည်အရသာတွေ အားလုံးထဲမှာတော့ သစ္စာစကား၊ သစ္စာတရားဟာ အချိုမြိန်ဆုံးဖြစ်ပါတယ်"

အာဠာဝက၏ စိတ်ကြေးမုံပြင်ကား ဒေါသရိပ်တော့ အလျှင်းမရှိတော့ပြီမို့ ကြည်ကြည်လင်လင် ဖြစ်လာခဲ့ချေပြီ။ တင်းမာနေခဲ့သော နှလုံးသားမှာလည်း ဘုရားရှင်၏ တရားတော်တို့ကြောင့် ညွတ်နူးပျော့ပျောင်းလာခဲ့ပါပကော။ အသုံးအနှုန်း၊ အခေါ်အဝေါ်တွေပင် အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါချေပြီ။

"အရှင်ဘုရား…တပည့်တော် နောက်ဆုံးပုစ္ဆာတစ်ခုကို မေးချင်ပါတယ်ဘုရား"

"မေးပါ…အာဠာဝက၊ မေးပါ"

"အရှင်ဘုရား…လောကမှာ မည်သည့်အရာနဲ့ အသက်မွေးခြင်းဟာ မြတ်သောအသက်မွေးခြင်းရယ်လို့ ပညာရှိတို့ ဆိုကြပါသလဲဘုရား"

"ဒကာတော် အာဠာဝက…၊ လောကမှာ ပညာနဲ့အသက်မွေးခြင်းဟာ မြတ်သောအသက်မွေးခြင်း၊ မြတ်သောအသက်ရှင်ခြင်းရယ်လို့ ပညာရှိတို့ မိန့်ဆိုကြပါတယ် အာဠာဝက"

အာဠာဝကအဖို့ မိဘဘိုးဘွားအစဉ်အဆက်မှ မှတ်သားလာခဲ့သည့် အဖြေထုတ်၍မရနိုင်ခဲ့သည့် ပြဿနာလေးရပ်အား ယခုကဲ့သို့ မြတ်စွာဘုရားရှင်မှ ရှင်းလင်းပြတ်သားစွာ ဖြေကြားပေးနိုင်ခဲ့သည့်အတွက် အတိုင်းမသိဝမ်းမြောက်ပီတိ ဖြစ်ရခြင်းနှင့်အတူ မြတ်စွာဘုရားရှင်၌လည်း ကြည်ညိုမဝဖြစ်သွားရလေတော့သည်။ ထို့ကြောင့်ပင် ဘုရားရှင်၏ခြေတော်ရင်းအား နဖူးမြေစိုက် ဦးခိုက်လိုက်တော့၏။

"အရှင်ဘုရား…တပည့်တော်ကို သည်ကနေ့ကစလို့ ရတနာသုံးပါးအပေါ် ကြည်ညိုဆည်းကပ်သူ ဥပါသကာအဖြစ် မှတ်ယူတော်မူပါဘုရား"

ထိုစဉ်မှာပင် အာဠာဝက၏ ဗိမာန်အတွင်းမှ ဘုရားရှင်၏ ကော်ငီချီးမြှ သာဓုအနုမောဒနာ ခေါ်သံသည် အထက်ထက်၊ အောက်ဘဝဂ်တိုင်အောင် ပျံ့လွှင့်သွားပါလေတော့သတည်း။

**နန္ဒာမိုးကြယ်**

ကျမ်းကိုး

မူလ မဟာဗုဒ္ဓဝင်။



www.burmeseclassic.com

www.burmeseclassic.com

# အနုမတဂ္ဂိယသုတ္တန်ဒေသနာ နှင့် လှူဒါကာထိန်သက်န်းအကျီး

အောင်မြင့်မြတ် (ပြည်ရွှေဘို)

ရွှေဘုန်းတော် အလွန်တရာ ကြီးမားတော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ရွှေကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ပါဝေယျကတိုင်းသားဖြစ်သော ဘဒ္ဒဝဂ္ဂီညီနောင် အပါး ၃၀ တို့သည် ပါဝါပြည်၌ အာရညကစုတင်၊ ပိဏ္ဍပါတ်စုတင်၊ ပံ့သကူစုတင်ဆောင်သော ရဟန်းများ ဖြစ်ကြသည်။

ထိုရဟန်းတော် အပါး ၃၀ တို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ဝါမဆိုမီအချိန်ကပင် ကြိုတင်၍ ပါဝါပြည်မှ သာဝတ္ထိပြည်သို့ လာခဲ့ကြခြင်း ဖြစ်သည်။ ဝါဆိုရမည့်နေ့ နီးကပ်နေသည်ဖြစ်၍ ဝါဆိုနေ့အမီ သာဝတ္ထိပြည်သို့ ရောက်ရန် မသွားနိုင်ကြသောကြောင့် လမ်းခရီးအကြားဖြစ်သော သာကေတမြို့၌ ဝါဆိုဝါကပ်နေကြရလေတော့သည်။

ထိုရဟန်းတော်တို့သည် "ငါတို့၏ အနီးဖြစ်သော ဤသာကေတမြို့မှ ခြောက်ယူဇနာ (၄၈ မိုင်)မျှသာ ဝေးကွာသောအရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးတော်မူလျက်ရှိ၏။ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခွင့်



www.burmeseclassic.com

www.burmeseclassic.com

မရကြလေကုန်"ဟု တွေးကြံကာ မပျော်ပိုက်သော ဝါဆို နေကြရလေကုန်၏။ ထို့နောက် ရဟန်းတို့သည် သုံးလ ကျော်၍ ဝါကျွတ်သောအခါ ပဝါရဏာပြုပြီးလျှင်ပြီးချင်း မိုးသည်းထန်စွာ ရွာသွန်းထား၍ မြေအပြင်၌ ရေအပြည့် ရှိသော ရွံ့ညွန်ပြောင်း ထူပြောလှသော လမ်းခရီး၌ ပင်ပန်းဆင်းရဲစွာဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်း မြတ်စွာဘုရား အထံတော်သို့ ရောက်ကြရလေသည်။

●●●

မြတ်စွာဘုရားကို ရှိခိုးကြပြီးလျှင် သင့်လျော်သော နေရာများ၌ နေထိုင်ကြလေ၏။ (အာဂန္တုက ရဟန်းတို့ နှင့်အတူတကွ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးမားတော်မူ သော ဘုရားရှင်တို့၏ အလေ့အထတစ်ခုပင် ဖြစ်၏။) ထိုအခါ မြတ်စွာဘုရားသည် အာဂန္တုက ရဟန်းတော် အပါး ၃၀ တို့ကို . . .

"ရဟန်းတို့ . . ကျန်းမာကြကုန်၏လော၊ မျှတကြ ကုန်၏လော"ဟု မေးမြန်းတော်မူရာ ရဟန်းများက –

"ကျန်းမာကြပါသည်ဘုရား၊ မျှတကြပါသည် ဘုရား။ တပည့်တော်တို့သည် အညီအညွတ် ဝမ်းမြောက် ဝမ်းသာ မငြင်းခုန်ဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြပါကုန် သည် အရှင်ဘုရား။ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြပါကုန်သည် ဘုရား။ တပည့်တော်တို့သည် မြတ်စွာ ဘုရားအား ဖူးမြော်ရန် ယခုမှ လာရောက်ကြသည် မဟုတ်ပါ။ ဝါဆိုဦးအချိန်ကပင် ကြိုတင်၍ လာခဲ့ကြပါ သည် ဘုရား။ ထိုသို့ပင် လာခဲ့ကြသော်လည်း ဝါဆိုရမည့် နေ့ နီးကပ်နေသည်ဖြစ်၍ ဝါဆိုနေ့အမီ သာဝတ္ထိပြည်သို့ မရောက်နိုင်ခဲ့ကြသဖြင့် လမ်းခရီးအကြားဖြစ်သော သာကေတမြို့မှာပင် ဝါကပ်နေခဲ့ကြရပါကုန်သည်ဘုရား။

မြတ်စွာဘုရား . . . တပည့်တော်တို့သည် 'ငါတို့ ၏ အနီးဖြစ်သော ဤသာကေတမြို့မှ ခြောက်ယူဇနာ ဝေးသော အရပ်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူ လျက်ရှိ၏။ ငါတို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြော်ခွင့် မရကြလေကုန်"ဟု တွေးကြံကာ မပျော်ပိုက်ဘဲသော ဝါဆို နေခဲ့ကြရပါကုန်သည်ဘုရား။

မြတ်စွာဘုရား . . တပည့်တော်တို့သည် ဝါကျွတ် သောနေ့မှာပင် ပဝါရဏာပြုပြီးလျှင်ပြီးချင်း မိုးသည်းထန် စွာ ရွာနေသည့်ကြားက ရွံ့ညွန်ရည်ထူပြောသော လမ်း ခရီး၌ ရေစိုသောသင်္ကန်းတို့ကို သယ်ဆောင်ကာ ပင်ပန်း ခြင်းကြီးစွာဖြင့် ခရီးရှည်လာခဲ့ကြရပါကုန်သည်ဘုရား"

ဟု လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် မိုးစိုသော သင်္ကန်း တို့ကို သယ်ဆောင်၍ ပင်ပန်းဆင်းရဲစွာ လာခဲ့ကြရပါ သည်ဟု ပင်ပန်းမှုကို ရှေ့တန်းတင်ကာ လျှောက်ထား ကြသော ရဟန်းတော်များအား အနမတဂ္ဂိယသုတ္တန် ဒေသနာတော်ကို ဟောကြားတော်မူပါသည်။

## အနမတဂ္ဂိယသုတ္တန် ဒေသနာတော်

"ချစ်သား ရဟန်းတို့ . . . ခန္ဓာ၊ အာယတန၊ ဓာတ် မပြတ်မကွာ ဆက်စပ်၍ဖြစ်နေသော ဤသံသရာ သည် ဉာဏ်ဖြင့်အစဉ်လျှောက်၍ နှစ်ပေါင်းရာထောင် ကြည့်ရှုသော်လည်း မသိအပ်၊ မသိနိုင်သော အစွန်းအစ ရှိ၏။ အဝိဇ္ဇာမှောင်ပိတ်ကာ လှောင်မြှေးယှက်အပ်ကုန် သည်ဖြစ်၍ တဏှာသံယောဇဉ် ဖွဲ့ယှဉ်တုပ်နှောင် ခံရ ကုန်လျက် စုန်ဆန်မနား ပြေးလွှားကျင်လည်ကြကုန် သော သတ္တဝါတို့၏ ရှေ့အစွန်းသည် သဗ္ဗညုတဉာဏ် တော်အားသော်လည်း မထင်ရှားအောင် ရှည်လျားလှ ပေသည်။

ချစ်သား ရဟန်းတို့ . . . ယခု ငါဘုရား မိန့်ကြား မည့်စကားကို သင်ချစ်သားတို့က အဘယ်သို့ မှတ်ထင် ကြကုန်သနည်း။ ဤသို့ ရှည်ကြာ သံသရာ၌ စုန်ဆန် မနား ပြေးလွှားကျင်လည်ကြကုန်စဉ် ဦးခေါင်းအဖြတ်ခံ ကြရကုန်သော သင်ချစ်သားတို့၏ ကြည်လင်စွာ ယိုစီး သွားသော သင်ချစ်သားတို့၏ လည်ချောင်းသွေးများ လည်း ရှိနေကြ၏။ သမုဒ္ဒရာကြီးလေးစင်းတို့၌ စီးဆင်း



www.burmeseclassic.com

www.burmeseclassic.com

နေသော ရေများလည်း ရှိ‌ေ ကြ၏။ ထိုသွေးနှင့် ရေနှစ်မျိုးတို့တွင် အဘယ်အရာ ပိုမိုများပြားမည်နည်း။ သွေးက များမည်လော၊ ရေကပင် များမည်လော"

ရဟန်းများက . . .

"ဘုန်းတော်ကြီးမား မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော တရားတော်ကို ဘုရားရှင်၏ အာဘော်အတိုင်း တပည့်တော်များ သိရှိနားလည်ကြပါသည် အရှင်ဘုရား။ မြတ်စွာဘုရား . . ဤသို့ရှည်ကြာ သံသရာ၌ စုန်ဆန်မနား ပြေးလွှားကျင်လည်ကြကုန်စဉ် ဦးခေါင်းအဖြတ်ခံကြရကုန်သော တပည့်တော်တို့၏ ကြည်လင်စွာ ယိုစီးသွားသော သွေးများလည်း ရှိနေကြပါ၏။ သမုဒ္ဒရာကြီးလေးစင်းတို့၌ စီးဆင်းနေသော ရေများလည်း ရှိနေကြပါ၏။ ထိုသွေးနှင့်ရေ နှစ်မျိုးတို့တွင် တပည့်တော်တို့၏ လည်ချောင်းသွေးများသည်သာလျှင် များပြားမည် ဖြစ်ပါသည်။ သမုဒ္ဒရာကြီးလေးစင်းတို့၌ စီးဆင်းနေသောရေသည် များပြားမည် မဟုတ်ပါဘုရား"

ဘုရားရှင်က . . .

"ချစ်သား ရဟန်းတို့၊ တော်ပါပေစွ၊ ကောင်းပါပေစွ။ ချစ်သားရဟန်းတို့၊ ဤသို့ဟောကြားအပ်သော တရားတော်ကို သင်ချစ်သားတို့သည် သိရှိနားလည်ကြပါပေ၏၊ ဤသို့ နားလည်ခြင်းသည် တော်လှပါပေ၏။ ချစ်သားရဟန်းတို့ . . . ဤသို့ရှည်ကြာ သံသရာ၌ စုန်ဆန်မနား ပြေးလွှားကျင်လည်ကြကုန်စဉ် ဦးခေါင်းအဖြတ်ခံကြရကုန်သော သင်ချစ်သားတို့၏ ကြည်လင်စွာ ယိုစီးသွားသော သွေးများလည်း ရှိနေကြ၏။ သမုဒ္ဒရာလေးစင်းတို့၌ စီးဆင်းနေသော ရေများလည်း ရှိနေကြ၏၊ ထိုသွေးနှင့်ရေ နှစ်မျိုးတို့တွင် သင်ချစ်သားတို့၏ လည်ချောင်းသွေးသည်သာလျှင် များပြားလှပေ၏၊ သမုဒ္ဒရာကြီးလေးစင်းတို့၏ ရေသည်ကား မများလှပေ။ နည်းလှချေ၏။

ချစ်သားရဟန်းတို့ . . . နေ့ရက်များစွာ ရှည်ကြာနေသမျှ ကာလပတ်လုံး သင်ချစ်သားများ နွားဖြစ်စဉ် ဦးခေါင်းအဖြတ်ခံကြရကုန်သော သင်ချစ်သားတို့၏ လည်ချောင်းသွေးသည် ကြည်လင်စွာ ယိုစီးလှလေပြီ။ ထို့အတူ သင်ချစ်သားတို့ ကျွဲဖြစ်စဉ် ဦးခေါင်းအဖြတ်ခံကြရကုန်သော သင်ချစ်သားတို့၏ ကျွဲလည်ချောင်းသွေး ဆိတ်လည်ချောင်းသွေး၊ သိုးလည်ချောင်းသွေး၊ သမင်လည်ချောင်းသွေး၊ ကြက်လည်ချောင်းသွေး၊ ဝက်လည်ချောင်းသွေး၊ ရွာဖျက်မားပြလည်ချောင်းသွေး၊ လမ်းပြခားပြလည်ချောင်းသွေး၊ မယားခိုးသမားလည်ချောင်းသွေးတို့သည် ကြည်လင်စွာ ယိုစီးကြလှပေပြီ။ ဤလည်ချောင်းသွေးအသီးသီးတို့သည် သမုဒ္ဒရာကြီးလေးစင်းတို့၌ စီးဆင်းနေသော ရေတို့ထက် များပြားလှသည်သာတည်း။

သမုဒ္ဒရာကြီးလေးစင်းတို့၌ စီးဆင်းနေသော ရေတို့ထက် လည်ချောင်းသွေးအသီးသီးက များရခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ချစ်သားရဟန်းတို့ . . . ခန္ဓာ၊ အာယတန၊ ဓာတ် မပြတ်မကွာ ဆက်စပ်နေသော ဤသံသရာသည် မသိအပ်သော အစွန်းအစရှိ၏။ အဝိဇ္ဇာမှောင်ပိတ်ကာ လှောင်မြှေးယှက်အပ်ကုန်သည်ဖြစ်၍ တဏှာနှောင်ကြိုး တုပ်ပိုးခံကြရကုန်လျှက် စုန်ဆန်မနား ပြေးလွှားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်အဖျားက ထင်ရှားသောကြောင့်တည်း။

ချစ်သားရဟန်းတို့ . . . ဤသို့ ရှည်မြင့်စွာသော ကာလပတ်လုံး သင်ချစ်သားတို့သည် သည်းခံတွယ်ကင်းဆင်းရဲခြင်းကို ခံစားအပ်ခဲ့လှလေပြီ။ စူးရှလွန်ကဲ ထက်မြက်သော ဆင်းရဲကိုလည်း ခံစားအပ်ခဲ့လှလေပြီ၊ ဆွေမျိုးပျက်ကြိမ် စည်းစိမ်နွမ်းညှိုး အပျက်မျိုးကိုလည်း ခံစားအပ်ခဲ့လှလေပြီ။ မြေကြီးကို တိုးပွားဖို့အကြောင်း အလောင်းကောင်အထပ်ထပ် မြင့်မောက်အောင်လည်း ဖို့အပ်ခဲ့လှလေပြီ။

ချစ်သားရဟန်းတို့ . . . အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့အပေါ်၌ အလွန့်အလွန် သည်းတုံ့ရင်‌ေ ငြီးငွေ့ခြင်းငှာ သင့်တော်သည်သာ။ အလွန့်အလွန် တပ်မက်မောကင်း မနှစ်သက်ခြင်းငှာ သင့်တော်သည်သာ။



www.burmeseclassic.com

www.burmeseclassic.com

အလွန်အလွန် ကွင်းကျွတ်ထုတ်ခြောက် မဂ်လမ်းဖောက်၍ လွတ်မြောက်ခြင်းငှာ သင့်တော်သည်သာတည်း"

## ရဟန်းတော်သုံးကျိပ် ရဟန္တာဖြစ်

မြတ်စွာဘုရား ဟောကြားတော်သော ဒေသနာတော်၏အဆုံး၌ ၃၀ ပါးသော ပါဝေယျကတိုင်းသား အဂန္တုက ရဟန်းတော်များသည် ဒေသနာတော်ကို အလွန်အားရ နှစ်သက်ကြသဖြင့် အာသဝေါကင်းကာ ရဟန္တာဖြစ်ကြကုန်၏။

## ကထိန်ကံကို ခွင့်ပြုလို

မြတ်စွာဘုရားသည် အနမတဂ္ဂိယသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူပြီးလျှင် "ကထိန်ခင်းမှုကို ခွင့်ပြုထားရပါက ငါ၏ချစ်သား ရဟန်းတော်များသည် သင်္ကန်းတစ်ထည်ကို ထားလိုရာအရပ်၌ ထားကြပြီး သင်းပိုင်၊ ကိုယ်ရုံမျှဖြင့်သာ လှည့်လည်သွားလာကြရပါမူ ယခုလို ပင်ပန်းကြရတော့မည်မဟုတ်ပေ။ ဤကထိန်ခင်းမှုကိုလည်း အားလုံးသော ဘုရားရှင်တို့က ခွင့်ပြုတော်မူခဲ့ကြသည်ချည်းသာ ဖြစ်၏"

ဟု ဆင်ခြင်တော်မူပြီးလျှင် ကထိန်ခင်းမှုကို ခွင့်ပြုတော်မူလိုသည်ဖြစ်၍ ရဟန်းတော်များကို ဖော်ပြလတ္တံ့ပါအတိုင်း ဆက်လက်မိန့်ကြားတော်မူလေသည်။

## ကထိန်ကံကို ခွင့်ပြုတော်မူခြင်း

"ရဟန်းတို့ . . . ပုရိမဝါကျွတ်ကုန်သော ရဟန်းတို့အား ကထိန်ခင်းခြင်းငှာ ငါဘုရား ခွင့်ပြုတော်မူ၏။ ရဟန်းတို့ . . . ကထိန်ခင်းခြင်းပြီးသော ရဟန်းတို့အား

(၁) ထင်ရှားရှိသော ရဟန်းတို့ကို မပန်ကြားဘဲ ဒါယကာအိမ်သို့ သွားနိုင်ခြင်း၊

(၂) တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းများကို မယူဆောင်ဘဲ သွားနိုင်ခြင်း၊

(၃) ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊

(၄) အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာ မပြုသော သင်္ကန်းတို့ကို အလိုရှိတိုင်း ထားနိုင်ခြင်း၊

(၅) ထိုကထိန်ခင်းသော ကျောင်းတိုက်၌ သံဃိကသင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသော ရဟန်းတို့အတွက်သာဖြစ်ရခြင်း

ဤငါးပါးသော အာနိသင်တို့ကို ရကုန်၏"

ဟု မိန့်တော်မူလေသည်။

## ကထိန်အလှူရှင်၏ စွမ်းရည်

ကထိန်အာနိသင် ငါးပါး၌ မြတ်စွာဘုရား ပညတ်တော်မူထားသော သိက္ခာပုဒ် လေးခုကြောင့် ရဟန်းတော်တို့အား အာပတ်မသင့်နိုင်ကြောင်း ပါဝင်၏။ မြတ်စွာဘုရား၏ အာဏာဒေသနာတော်များကို ပယ်ရှားပေးနိုင်ခြင်းဖြစ်၏။ မြတ်စွာဘုရား၏ အာဏာဒေသနာတော်များ၊ ပညတ်တော်ချက်များကို ဗြဟ္မာမင်း၊ သိကြားနတ်မင်း၊ စကြဝတေးမင်း၊ မန္တာတ်မင်းကြီးများပင် မပယ်ရှားနိုင်ကြပေ။ ကထိန်သင်္ကန်းလှူဒါန်းသော ကထိန်အလှူရှင်တို့ကသာ ဖယ်ရှားပေးနိုင်ကြပါသည်။ ဤမျှထူးခြားသော စွမ်းရည်များကို ကထိန်အလှူရှင်တို့က ရရှိနေကြပါသည်။

ကထိန်အလှူရှင်တို့သည် မိမိတို့လှူဒါန်းသော ကထိန်သင်္ကန်းဖြင့် ကထိန်ခင်းကြကုန်သော ရဟန်းသံဃာတော်တို့အား ဖော်ပြခဲ့ပါ ကထိန်အာနိသင်ငါးပါး အကျိုးတရားများကို ရရှိစေခဲ့ကြ၊ လှူဒါန်းခဲ့ကြပေသည်။ သို့ဖြစ်၍ ကထိန်အလှူရှင်များသည် ကထိန်အာနိသင် ငါးပါးနှင့် အလားတူသော အကျိုးတရားတို့ကို အပိုဆုအဖြစ် ရရှိခံစားနိုင်ကြပေသည်။

## ကထိန်အလှူရှင်တို့ ရရှိနိုင်သော ကောင်းကျိုးတရား အပိုဆုများ

၁။ ရှေးဦးစွာ ပင့်ဖိတ်အပ်သော ဆွမ်းရှိပါလျက် ထင်ရှားရှိသော ရဟန်းကို မပန်ကြား၊ မပြောမဆိုဘဲ မိမိ၏အလိုဆန္ဒအတိုင်း သူတစ်ပါးအပေါ် လွှမ်းမိုး



www.burmeseclassic.com

www.burmeseclassic.com

သော သဘောအားဖြင့် နေ့ ငွမ်းမစားမိဖြစ်စေ၊ နေ့ဆွမ်းစားပြီးမှဖြစ်စေ ဒကာအိမ်သို့ လှည့်လည်သွားလာနိုင်ခွင့်ရှိသော အနာမန္တစာရ အကျိုးအာနိသင်တစ်မျိုးကို ရဟန်းတော်တို့အား ရရှိအောင် လှူဒါန်းခဲ့သောကြောင့် ကထိန်သင်္ကန်းအလှူရှင်တို့မှာ သီရိဓမ္မာသောကမင်းကြီးပမာ မြေပေါ် တစ်ယူဇနာ၊ မြေအောက်တစ်ယူဇနာ ဩဇာအာဏာ လွှမ်းမိုးနိုင်သော အကျိုးတရားများကို ရရှိခံစားနိုင်ကြပါသည်။

၂။ နှစ်ထပ်သင်္ကန်း၊ ကိုယ်ရုံသင်္ကန်း၊ သင်းပိုင်သင်္ကန်း သုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို မသယ်ဆောင်ဘဲ သွားနိုင်ခြင်း၊ မသယ်ဆောင်ဘဲ သွားသော်လည်း သယ်ဆောင်သွားသကဲ့သို့ အပြစ်မရှိခြင်းသည် (ဒုတိယကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း)သည် အသမာဒါနစာရ ကထိန်အာနိသင် မည်၏။ ကထိန်အလှူရှင်တို့သည် ဖော်ပြပါ အသမာဒါနစာရ ကထိန်အာနိသင်ကို ရဟန်းတော်တို့အား ရရှိစေခဲ့၊ ပေးလှူခဲ့ကြသောကြောင့် 'စိတ္တသူကြွယ်'ပမာ ရောက်လေရာအရပ်မှ ဆီးကြို၍ ဧည့်ခံပြုစုခံရခြင်းဟူသော အကျိုးထူးတရားများကို ရရှိနိုင်ကြမည် ဖြစ်ပါသည်။

၃။ ရဟန်းတော်တို့၏ အသုံးအနှုန်း စကားလုံး (ဝိနည်းဝေါဟာရ)ကို မကျွမ်းကျင်သော ဒကာ၊ ဒကာမတို့က ထမင်း၊ မုန့်လုံး၊ မုယော၊ မုန့်၊ ငါး၊ အသားဟူသော ဘောဇဉ်ငါးပါးအမည်ဖြင့် ထမင်းစားကြွပါ၊ မုန့်လုံးစားကြွပါ စသည်ဖြင့် လူတို့၏ ဝေါဟာရ ထမင်းစသော အမည်များကိုသုံး၍ ပင့်ဖိတ်ထားသော စားစရာတို့ကို ရဟန်းလေးပါးကဖြစ်စေ၊ လေးပါးထက် ပိုလွန်သော ရဟန်းတို့ကဖြစ်စေ တစ်စုတစ်ပေါင်းတည်း စုပေါင်း၍ အလှူခံမိလျှင် ထိုစားစရာတို့သည် ဂဏဘောဇဉ်ဟူသော အမည်ရရှိသွားတော့၏။ ထိုစားစရာတို့ကို ရဟန်းတော်တို့ မဘုဉ်းပေး၊ မသုံးဆောင်ကောင်းတော့ပါ။ စားလျှင် အာပတ်သင့်၏။

ကထိန်အလှူရှင်တို့က ကထိန်သင်္ကန်း လှူဒါန်းထားသောကြောင့် ကထိန်သင်္ကန်း သင်ရရှိထားသော ရဟန်းတော်ဖြစ်ပါမူ ထိုဂဏဘောဇဉ်တို့ကို ဘုဉ်းပေးသုံးဆောင်ကောင်း၏။ အာပတ်မသင့်၊ မပြစ်မရှိတော့ပါ။

ဂဏဘောဇဉ်အမျိုးမျိုးကို ဘုဉ်းပေးခံစား သုံးဆောင်သော်လည်း အပြစ်မရှိ၊ အပြစ်ကင်းစွာ ဘုဉ်းပေးသုံးဆောင်ခွင့် ရရှိခြင်းဟူသော အကျိုးကို လှူဒါန်းထားသော ကထိန်အလှူရှင်တို့မှာ တစ်နေ့လျှင် လှည်းအစီးပေါင်း ခြောက်သောင်းတို့ဖြင့် သယ်ယူရသော ဆီ၊ ဆန်၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန် စသော စားသောက်ဖွယ် အဖြာဖြာတို့ကို ချက်ပြုတ်ကြော်လှော်ကာ လူအပေါင်းတို့အား နေ့စဉ်ကျွေးမွေးလျက် နှစ်ပေါင်းတစ်သောင်းကြာအောင် လှူဒါန်းနိုင်သော အကိုရသူဌေးတို့လို ချမ်းသာကြွယ်ဝသော ဘဝမျိုး ရရှိနိုင်ကြမည် ဖြစ်ပါသည်။

၄။ ရဟန်းတော်တို့သည် အလျားတစ်တောင်၊ အနံတစ်ထွာမျှ ရှိသော သေးငယ်သော အဝတ်အထည်ကိုဖြစ်စေ၊ ထို့ထက် ကြီးမားရှည်လျားသော အဝတ်အထည်ကိုဖြစ်စေ ရရှိလာလျှင် ရရှိသော နေ့ရက်မှစ၍ ၁၀ ရက်အတွင်း၌ အဓိဋ္ဌာန်တင်ခြင်း၊ သို့မဟုတ် ဝိကပ္ပနာပြုခြင်း ဟူသော ဝိနည်းကံတစ်ခုခု ပြုလုပ်ထားကြမြဲဖြစ်၏။ အကယ်၍ အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ၁၀ ရက်ထက် ကျော်လွန်အောင်ထားမိလျှင် ပါစိတ် အာပတ်သင့်ပြီး ထိုအဝတ်ကိုလည်း စွန့်ပစ်ရမည်၊ သုံးစွဲခွင့် မရှိတော့ပါ။ ကထိန်သင်္ကန်းကို အလှူခံရ၍ ကထိန်အာနိသင် ရရှိနေသော ရဟန်းတော်ဖြစ်လျှင်မူ ထိုအဝတ်ကို ကထိန်အာနိသင် ကုန်ဆုံးရာ တပေါင်းလပြည့်နေ့တိုင်အောင် အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ထားနိုင်ခွင့်၊ သုံးစွဲနိုင်ခွင့် ရှိလေသည်။ လပေါင်းများစွာ ထားသိုသုံးစွဲပါသော်လည်း အာပတ်မသင့်၊ မစွန့်ပစ်ရပါ။

သင်္ကန်းအလှူရှင်တို့သည် ရဟန်းတော်အား ကထိန်သင်္ကန်းကို လှူဒါန်းသောအခါ ထိုရဟန်းတော်မှာ ကထိန်သင်္ကန်းကိုသာမကဘဲ "ယာဝဒတ္ထစီဝရအာနိသင်"ကိုလည်း ပူးတွဲရရှိ၏။ ထို့ကြောင့် ကထိန်သင်္ကန်း

www.burmeseclassic.com

အလှူရှင်တို့သည် "ယာဝဒတ္ထစိဝရအာနိသင်"အလှူရှင်လည်း ဖြစ်သွားပါတော့သည်။ ရဟန်းတော်အား "ယာဝဒတ္ထစိဝရအာနိသင်"ကို လှူဒါန်းလျက် ရရှိလာသော အဝတ်အထည်တို့ကို လပေါင်းများစွာ ရှည်ကြာမြင့်အောင် ဝိနည်းကံမပြုရဘဲ ချမ်းချမ်းသာသာ အလိုရှိသလောက် သိမ်းဆည်းထားသိုခွင့်၊ သုံးစွဲခွင့် ရရှိအောင် ဆောင်ရွက်ရာ ရောက်လေ၏။ ထို့ကြောင့် ကထိန်သင်္ကန်းအလှူရှင် "ယာဝဒတ္ထစိဝရအာနိသင်"အလှူရှင်တို့သည် မေဏ္ဍကသူဌေးကြီး မိသားစုကဲ့သို့ ချမ်းသာကြွယ်ဝသော ကောင်းကျိုးများကို လွယ်လင့်တကူ ရရှိနိုင်ကြပါသည်။

၅။ ကထိန်ခင်းထားသော ရဟန်းများ သီတင်းသုံးရာ ကျောင်းတိုက်ပရိဝုဏ်အတွင်း၊ ကျောင်းတိုက်နယ်မြေအတွင်းသို့ ဝင်ရောက်လာသမျှသော သံဃိကသင်္ကန်း- သံဃာပိုင်သင်္ကန်းနှင့် ကျောင်းတိုက်အတွင်း၌ ဖြစ်ပေါ်လာသမျှသော သံဃိကသင်္ကန်း - သံဃာပိုင်သင်္ကန်းတို့ကို ကျောင်းတိုက်အတွင်းရှိ ကထိန်ခင်းထားသော ရဟန်းတော်များသာ ရပိုင်ခွင့်ရှိကြလေသည်။ ဝါတွင်းပြီးမှ ရောက်လာသော ရဟန်းတော်များ ရပိုင်ခွင့်မရှိတော့ပါ။ ထိုအကျိုးကို "ယာဝဒတ္ထစိဝရုပ္ပါဒအကျိုး" ဟု ခေါ်ပါသည်။

အဆိုပါ ယာဝဒတ္ထစိဝရုပ္ပါဒအကျိုးအာနိသင်တစ်မျိုးကို ကထိန်အလှူရှင်တို့က ကထိန်သင်္ကန်း အလှူခံသော ရဟန်းတော်တို့အား ရရှိစေခဲ့ကြ၊ လှူဒါန်းခဲ့ကြပါသည်။ ထိုအကျိုးအာနိသင်တစ်မျိုးကို လှူဒါန်းခဲ့ကြသောကြောင့် ကထိန်သင်္ကန်းအလှူရှင်တို့သည် နန္ဒမင်းနှင့် မိဖုရားတို့ကဲ့သို့ အဝတ်ကောင်း၊ အထည်ကောင်းများကို မိမိသုံးစွဲနိုင်ရုံမျှမက တိုင်းပြည်အတွင်းရှိ လူပေါင်းများစွာတို့အတွက်ပါ လှူဒါန်းနိုင်သော ဘဝအထက်တန်းစားမျိုးကို ရရှိပိုင်ဆိုင်နိုင်ကြပါသည်။

ကထိန်သင်္ကန်းအလှူရှင်တို့သည် ကထိန်သင်္ကန်း လှူဒါန်းကြရသော ကုသိုလ်ကောင်းမှု စေတနာတို့ကြောင့် ဖြစ်လေရာဘဝများစွာတို့၌ ခန္ဓာကိုယ်ပေါ်၌ ဖြစ်ပေါ်တတ်သော ပွေး၊ ညှင်း၊ တင်းတိပ်၊ မှဲ့သီး၊ တွက်နို့အစရှိသော အရေပြားရောဂါ အညစ်အကြေးများ ပျောက်ကင်း၍ သန့်ရှင်းသောခန္ဓာကိုယ်ပိုင်ရှင်၊ လှပချောမော ပြေပြစ်သော ခန္ဓာကိုယ်ပိုင်ရှင်များ ဖြစ်ဂ.ကြပါသည်။

ထို့ထက်ပို၍လည်း ခန္ဓာကိုယ်၏ အသားအရောင်သည် ရွှေအဆင်းပမာ ဝင်းဝါ၍ လှပကြော့ရှင်းကြမည် ဖြစ်သည့်အပြင် အလွန်တရာ နူးညံ့ချောမွတ်၍ နီမြန်းတောက်ပသော အရောင်အဆင်းရှိသော အဝတ်အထည်ကောင်းများ၊ ရွှေဝါရောင်အဆင်းရှိသော အဝတ်အထည်ကောင်းများ၊ ဖန်ဝါရောင်အဆင်းရှိသော အဝတ်အထည်ကောင်းများ ပိုမိုပေါများသော ဘဝမျိုး ပိုင်ရှင်များလည်း ဖြစ်နိုင်ကြပါသည်။

လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းကိုတဲ့ ဆုပန်ရွယ်။

သည်ချိန်ဆို ဝတ်မှုန်ကြလို့၊ ခဝဲရွှေညာရင်းမှာ သင်းရနံ့ကြွယ်။

ကောင်ကင်လယ် ထက်ဝယ်ဘုံဦး။ ရွှေလစန္ဒာနှင့် ကြတ္တိကာ ကြယ်ရောင်ရွှန်းတယ်၊ ထွန်းထိန်လို့မြူး။

ကထိန်သင်္ကန်း အလှူတော်သည် တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက် တစ်ကြိမ်သာ လှူဒါန်းခွင့်၊ ခင်းခွင့်ရှိသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်မျ းသည် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အတွင်း၊ ရက်ပေါင်း ၃၀ တစ်လအတွင်း၌ တစ်ဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ကထိန်သင်္ကန်းများနှင့် အခြံအရံပစ္စည်းများပါ ပဒေသာပင်များ သီး၍ လှူဒါန်းနေကြသည်မှို ကြည်နူးဝမ်းသာ သာဓုခေါ်စရာ ရိုးရာဓလေ့တစ်ခု ဖြစ်ပါတော့သည်။

---

အောင်မြင့်မြတ်(ပြည်ရွှေဘို)

---




www.burmeseclassic.com

www.burmeseclassic.com

# သဲအင်းဂူဆရာတော်ဘုရားကြီး ၏ အန္တိမ အဂ္ဂိဈာပန ပူဇော်ပွဲ

**ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)**




သဲအင်းဂူဆရာတော်ဘုရားကြီးသည် သက်တော် ၆၂ နှစ်၊ သိက္ခာတော် ၁၂ ဝါရရှိပြီး ၁၉၇၃ ခု၊ ဧန်လ ၂၃ ရက်နေ့ စနေနေ့၌ ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသခဲ့ရာ ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ထွက်လေ၊ ဝင်လေ ဤနှစ်ထွေ ရပ်စဲသွားတော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏ ကြွင်းကျန်သော ဥတုဇ ရုပ်ကလာပ်တော်ကို ရွှေဟင်္သာထက်တွင် ရွှေသလွန်ဆင့်၍ ပြာသာဒ်တွင်း၌ ပူဇော်ခဲ့ကြပါသည်။

၁၉၇၃ ခု၊ နိုဝင်ဘာလ ၉ ရက်၊ မြန်မာ သက္ကရာဇ် ၁၃၃၅ ခု၊ တန်ဆောင်မုန်းလပြည့်နေ့ မှ ၁၉၇၆ ခု၊ ဖေဖော်ဝါရီလ ၂၉ ရက်၊ မြန်မာ သက္ကရာဇ် ၁၃၃၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်နေ့ထိ သုံးနှစ်နီးပါး သဲအင်းဂူဆရာတော် ဘုရားကြီး၏ ကြွင်းကျန်ခဲ့သော ရုပ်ကလာပ်တော် ကို မည်သို့မည်ပုံ ပူဇော်လျှင် သင့်တော်မည်ဟူ၍ အငြင်းအခုံပြုကြပါသည်။ နာယကဆရာတော် ငါးပါးအနက် နာယကဆရာတော်တစ်ပါးနှင့် ဆွေမျိုးအချို့က ခန္ဓာစေတီ တည်ထားကိုးကွယ်လို သည်ဟု အဆိုပြုကြပါသည်။ ဤသို့နှင့် အန္တိမ အဂ္ဂိဈာပန ပူဇော်ပွဲ ကျင်းပလိုသူများနှင့် အယူ အဆ ကွဲပြားကာ သဲအင်းဂူနိဗ္ဗာန်ကျောင်းအတွင်း ၌ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်သည် သုံး နှစ်နီးပါး ကိန်းဝပ်တော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနိဗ္ဗာန်ကျောင်းတော်အတွင်း၌ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်သည် (၃)နှစ်နီးပါး ကိန်းဝပ်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ တပည့်များက မိမိတို့၏ ဆန္ဒကို စာဖြင့်တစ်တန်၊ ကိုယ်တိုင်ကိုယ်ကျ ကာယကံမြောက် တွေ့ဆုံ၍တစ်ဖုံ နိုင်ငံတော်သာသနာရေးဝန်ကြီးနှင့် ကောင်စီအဆင့်ဆင့်သို့ တက်ရောက်ပြီး လောကအကြောင်း၊ ဓမ္မအကြောင်း ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ၂၇-၂-၇၆ ရက်နေ့စွဲပါ စာအမှတ် ၁၉၀၉/တကစ/စီမံ-၁/၇၆ ဖြင့် မှော်ဘီမြို့နယ်ပြည်သူ့ကောင်စီသို့ အန္တိမပူဇော်ပွဲနှင့် ပတ်သက်၍ လိုအပ်သော ကူညီမှု၊ ကြီးကြပ်မှုများကို ပေးရန် ညွှန်ကြားခဲ့ပါသည်။ တစ်နည်းအားဖြင့် အဂ္ဂိရှာပနအနေဖြင့် ပူဇော်ရန် အဆုံးအဖြတ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

၁၉၇၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် မှော်ဘီမြို့နယ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးတင်ဝင်းက သဲအင်းဂူဆရာတော်ဘုရားကြီး၏ ရှာပနပူဇော်ပွဲဖြစ်မြောက်ရေး ကော်မီတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ဤကော်မီတီ၏ ဖွဲ့စည်းပုံမှာ အောက်ပါ နာယကဆရာတော်ဘုရားကြီး ငါးပါးတို့က ဦးစီး၍ ညွှန်ကြားလမ်းပြတော်မူကြပါသည်။

— ရှာပနကိစ္စ နာယကဆရာတော်ကြီးများမှာ -

၁။ ဇီးကုန်းဆရာတော်ဘုရား ဦးကောသလ၊

၂။ ဘီးလင်းလေသာဆရာတော်ဘုရား ဦးဝါယမ၊

၃။ သရက်တောဆရာတော်ဘုရား ဦးသာသနာဘိဝံသ၊

၄။ ကျားကူးဆရာတော်ဘုရား ဦးစက္ကိန္ဒ၊

၅။ ပုပ္ပါးဆရာတော် ဦးပရမဝဏ္ဏ သိန္ဒတို့ ဖြစ်ပြီး

ဦးဆောင်နာယကယောဂီများမှာ

၁။ ဦးဘရင် (သိမ်ကြီးဈေး)၊

၂။ ဦးကံညွန့် (သဲအင်းဂူသာသနာပြုအဖွဲ့ချုပ် ဥက္ကဋ္ဌ)


၃။ ဦးဘအောင် (သဲအင်းဂူ ဓမ္မာရုံတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ)

၄။ ဦးအုဏ်း (မြို့နယ်ကောင်စီ)

၅။ ဦးကျော်မြိုင် (မြို့နယ်ကောင်စီ)

၆။ ဦးသိန်းထွန်း (မြို့နယ်ကောင်စီ)

၇။ ဦးဘိုကြီး (မြို့နယ်ကောင်စီ)



ကရဝိက်ဖောင်တော်ဖြင့် ပင့်ဆောင်လာသော ဆရာတော်ဘုရား၏ ဥတုရုပ်ကလာပ်တော်သည် ဤစံကျောင်းတော်အတွင်း၌ ၁၉၇၆ ခု၊ ဧပြီလ(၂)ရက်နေ့နှင့် (၃)ရက်နေ့တွင် ကိန်းအောင်းနေတော်မူခဲ့ပါသည်။



www.burmeseclassic.com


www.burmeseclassic.com

စသည့်တို့ ဖြစ်ပါသည်။

ရှာပနအခမ်းအနား ကျင်းပရန် ဧပြီလ ၁ ရက်၊ ၂ ရက်၊ ၃ ရက်နေ့တွင် ကျင်းပပူဇော်ရန် သတ်မှတ်ကြပါသည်။

ဒအလောင်းတော် ပင့်ဆောင်ကြမည့် ရဟန်းတော်များသည် ကြံရည်ရောင် တံဆိပ်ကိုလည်းကောင်း၊ ရွာသားများသည် ပန်းရောင်လွင်လွင် တံဆိပ်ကိုလည်းကောင်း၊ ပြည်သူ့စစ်လုံခြုံရေး အဖွဲ့ဝင်များသည် ဝါစိမ်းနီကိုလည်းကောင်း၊ အမျိုးသားယောဂီများသည် ခရမ်းရောင်၊ အမျိုးသမီးယောဂီများသည် အစိမ်းရောင်ရင်ထိုးတံဆိပ် တပ်ဆင်လျက် မိမိတို့ ထမ်းဆောင်ရမည့် တာဝန်များ သတ်မှတ်ပေးထားပါသည်။

၉-၁၁-၇၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၃၅၊ တန်ဆောင်မုန်းလပြည့်နေ့တွင် နိဗ္ဗာန်ကျောင်းပေါ်၌ ဟသ်ာထက်တွင် တည်ရှိသော ပြာသာဒ်ပေါ်တွင် ပူဇော်ထားသည့် ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ကြာကလပ်



စံကျောင်းတော်အတွင်းရှိ မြပုခက်ပေါ်တွင်ရှိသော အလောင်းတော်ကို သဲအင်းယောဂီများက ယဉ်ကျေးစွာ ပူဇော်ကြပါသည်။

ပေါ်သို့ ၁၉၇၆ ခု၊ ဧပြီလ ၁ ရက်နေ့က ရွှေ့ပြောင်းပင့်ဆောင်ကြပါသည်။

ကြာကလပ်ပေါ်တွင် စံပယ်နေတော်မူသော ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ကရဝိက်ဖောင်တော်ဖြင့် အခမ်းအနားကျင်းပရာ လေဟာပြင်ကွင်းကျယ်သို့ ၂-၄-၇၆ ရက်နေ့က ပင့်ဆောင်ကြပါသည်။ ပင့်ဆောင်ခဲ့သော ရုပ်ကလာပ်တော်သည် စံကျောင်းတော်တွင်း၌ ၁၉၇၆ ခု၊ ဧပြီလ ၂ ရက်၊ ၃ ရက်နေ့တွင် ကိန်းအောင်းတော်မူပါသည်။ စံကျောင်းတော်အတွင်း၌ မြပုခက်ပေါ်ရှိ အလောင်းတော်ကို ယောဂီများက ယဉ်ကျေး ပူဇော်ကြပါသည်။

၄-၄-၇၆ နေ့တွင် စံကျောင်းတော်မှ အလောင်းတော်ကို ပင့်ဆောင်လာကြပြီးလျှင် စင်ရှင်တော်အထက်၌ရှိသော ရွှေသလွန်ပေါ်တွင် သဲအင်းယောဂီများက ပူဇော်ဂါရဝပြုကြပါသည်။ ဂါရဝပြုပြီးသောအချိန်တွင် အလောင်းတော်



နာယကဆရာတော်ဘုရားကြီးများဖြစ်ကြသော စီးကုန်းကြီး ဆရာတော်ဘုရားနှင့် ဘီးလင်းဆရာတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



သရက်တောဆရာတော်ဘုရားနှင့်  ကျားကူးဆရာတော်ဘုရား



ပုပ္ပါးဆရာတော်ဘုရားတို့အား  ရှာပနကော်မီတီဥက္ကဋ္ဌကြီး ဦးအုဏ်းနှင့်  သဲအင်းဂူသာသနာပြုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသန်းထွန်းတို့က  နိဗ္ဗာန်ကျောင်းတော်သို့ ပင့်ဆောင်လာကြပါသည်။

ကို ပင့်ဆောင်ရန် မာတာလီနတ်သားက ငွေခရုမှတ်၍ အခါတော်ပေးသောအခါ မော်လမြိုင်သဲအင်းဂူတိုက်ခွဲ အမှတ်(၂) ဆရာတော်ဦးဇိန အရှင်သူမြတ်က သာသနာ့အလံတော်ကို ကိုင်ဆောင်၍ ရှေ့ခုံးမှ ကြွလာစဉ် ပြည်သူ့ရဲများကလည်း စောင့်ရှောက်လိုက်ပါကြပါသည်။ ရဟန်းတော်များကလည်း မိမိတို့၏ ကျေးဇူးတော်ရှင်၏ ရုပ်ကလာပ်တော်အား ၎င်းတို့၏ ပခုံးထက်တွင် ညင်သာစွာ ပင့်ဆောင်လာကြပါသည်။

အလောင်းတော်ပင့်ဆောင်ရာ လမ်းဘေးမှ ပြည်သူ့ရဲအဖွဲ့က တစ်ဦးနှင့် တစ်ဦး  တစ်လံကွာအနေအထားဖြင့် စောင့်ရှောက်ပူဇော်ကြပါသည်။ လမ်းခရီးတွင် ရဟန်းတော်များက လူပရိသတ်များအား ၎င်းတို့၏ ပခုံးထက်တွင် ပင့်ဆောင်ပူဇော်ရန်  အခွင့်အရေးပေးခဲ့ပါသည်။ ပင့်ဆောင်ရာလမ်းတစ်လျှောက်၌လည်း ရွှေမိုး ငွေမိုး သွန်းဖြိုးခဲ့ပါသည်။

ဆရာတော်ကြီး၏  အလောင်းတော်ကို လောင်တိုက်ကြီးတွင် နောက်ဆုံးအကြိမ်  အားပါးတရ  ပူဇော်ကြပြီး ပုပ္ပါးဆရာတော်က ဦးဆောင်၍ သာသနာပြုအဖွဲ့ချုပ်  နာယကကြီး  ဦးဘရင်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များက အလောင်းတော်ကို  မိမိပခုံးထက်တွင်  ယဉ်ယဉ်ကျေးကျေး ပင့်ဆောင်ကာ သင်္ချိုင်းတော်ကို  သုံးပတ်ရစ်ပတ်ပြီးနောက်  နံ့သာတလားရှိရာသို့ ပင့်ဆောင်ခဲ့ကြပါသည်။ ဆရာတော်ဘုရားကြီး၏  ရုပ်ကလာပ်သည်  မှန်ခေါင်းတော်အတွင်း  အမြင်ကြည်ကြည်လင်လင်  ထေရ်ရှင်စံနေ ကိန်းတော်မူစဉ်  တပည့်အပေါင်းက နံ့သာတလားအား မီးပူဇော်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နာရီအနည်းငယ်ကြာသောအခါ ဆရာတော်ကြီး၏ မူလရုပ်ကလာ အနေအထား ပျောက်ကွယ်သွား၊ သည်။ မီးတင်ရှို့လိုက်သည့်အခါ လျှင်မြန်စွာ အသွင်တစ်မျိုးပြောင်းသွားပါသည်။ မကြာမီ အရေထူ၊ အရေပါးများနှင့် အသားများ ကုန်ခန်း၍ အရိုးကျသွားပါသည်။ ဦးခေါင်းခွံ၊ မာသောအရိုး၊ နာနုပျော့သောအရိုး ပွမ်းတီးနေသော ခန္ဓာကိုယ်အရိုးစုများမှ တစ်မျိုးပြီးတစ်မျိုး ပြာကျသွားပါတော့သည်။

သဲအင်းဂူဆရာတော်ကြီးပါဟူ၍ ကိုင်တွယ်ပြစရာ ဘာတစ်ခုမှမရှိတော့ပါ။ ထင်မီးရဲရဲ၊ မီးသွေးမည်းမည်း၊ ပြာဖွဲ့ဖွဲ့တို့နှင့် ရုပ်ကလာပ်မှာ ပြာကျသွားပါပြီ။ ညဏ်အာရုံဖြင့် ကြည့်ရှုတတ်လျှင်၊ ကြည့်ညိုတတ်လျှင် ဂုဏ်တော်တစ်ခုသာ ကျန်ပါတော့သည်။ ၎င်းကား သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် အလံတော်လွှင့်တင်၍ သတိပေးခဲ့ခြင်း ဖြစ်ပါသည်။

ထို့နောက် ပြာများကို သင်္ချိုင်းတော်အလယ်တွင် စုပုံပြီး ရွှေအိုး၊ ငွေအိုးများထဲသို့ အမှန်အမှားမကျန်စေရန် ထည့်ပြီး အဝတ်ဖြူစလွယ်သိုင်းချိတ်ပိတ်ပြီးနောက် စက္ကူပေါ်တွင် ဦးရာဟုလာ၊ ဦးဥတ္တရ၊ ဦးနန္ဒာဘာသတို့ လက်မှတ်ရေးထိုး၍ ပြာအိုးပေါ်တွင် ကပ်ထားလိုက်ပါသည်။

ဆရာတော်ကြီး၏ ဈာပနသည် အတုယူအားကျဖွယ်ဖြစ်သကဲ့သို့ ရှောင်ရှားဖွယ်ရာ "ကံ"အကြောင်းများ တွေ့ရပြန်၏။ ပဋ္ဌာန်းအကျိုး အတိတ်အကြောင်းအရ ထောက်လှမ်းရသော် ထူးခြားကောင်းမြတ် ကံများပေါ်ပေါက်လာပေ၏။

ထူးခြားကံကောင်းခြင်းများမှာ -

၁။ ရက်ပိုင်းအတွင်း ငွေကြေးတစ်သိန်းခွဲကျော် ပြည့်စုံစွာရရှိခြင်း။

၂။ လူစည်ကားခြင်း။

၃။ အခြွေအရံများခြင်း။

၄။ ဒေအးချမ်းသာယာ ကြီးကျယ်ခမ်းနားစွာ ပူဇော်ရခြင်း။

၅။ ပူဇော်ရန် ဝတ္ထုပြည့်စုံခြင်း။

၆။ အစိုးရမှ ကူညီအစောင့်အရှောက် အပြည့်အဝပေးခြင်း။

၇။ သောက်ရေမှုလုံခြင်း။

၈။ အလင်းရောင် ပြည့်စုံခြင်း။

၉။ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ခြင်း။

၁၀။ အစာရေစာ ပြည့်စုံခြင်း။

၁၁။ ရာသီဥတု ကောင်းမွန်ခြင်း။

၁၂။ တေဝိဇ္ဇာပတ္တ ရဟန္တာဟူ၍ ကျော်ကြားခဲ့သော ဂုဏ်သိက္ခာနှင့် လျော်ညီစွာ ပူဇော်ရခြင်း။

၁၃။ နိုင်ငံတော်အစိုးရ၏ ပထမတန်းစား ပဋိပတ္တိကမ္မဋ္ဌာန်းဋ္ဌာအဖြစ်



အလှူခံနဲ့ တစ်ညထဲတည်း
မိုးလား အနုတော့ ရှုစရာ

အသိအမှတ်ပြုခံရခြင်း။

သံဝေဂယူဖွယ် ရှောင်ဖွယ်ကံ

အကြောင်းကား -

၁။ အလောင်းတော် သင်္ဂြိုဟ်

မည့်အရေး သုံးနှစ်နီးပါး ယောဂီအချင်

ချင်း နှစ်စိတ်ဖြစ်သွားခြင်း။

၂။ ညီတော်ရင်းနှင့် တပည့်အရင်

တို့ ပူဇော်ခြင်းကို မခံရခြင်း။

၃။ ရုံးပြင်ကနားတွင် အမှုအခင်



ဈာပန သဒ္ဒါဗလဝ ဒကာ–ဒကာမ–ဂုဏ်ရည်–ဒါမှ–လာကြ–
သဘာဝစုံညီ အမြဲလင်း–စွဲတင်း–သဲအင်းပုဏ္ဏမီ (ခမုံဆရာတော်)



www.burmeseclassic.com

www.burmeseclassic.com



ကျေးရှူးရှင် ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို လောင်တိုက်ကြီးတွင် နောက်ဆုံးအကြိမ် အားရပါးရ ဂါရဝပြုပြီး ပုပ္ပါးဆရာတော်ဘုရားက ဦးဆောင်၍



နောက်ဆုံးအကြိမ် ဆွမ်းခံကြွပုံ ၁၉၇၃ ခု၊ နှစ်ဦးပိုင်း



သာသနာပြုအဖွဲ့ချုပ် နာယကကြီး ဦးဘရင်နှင့် အဖွဲ့ချုပ် ခေါင်းဆောင်များက အလောင်းတော်ကို မိမိတို့ပခုံးထက်တွင် ယဉ်ယဉ်ကျေးကျေးပင့်ဆောင်ကာ သရိုင်းတော်ကို (၃)ပတ် ရစ်ပတ်ပြီးနောက် နံ့သာတလားရှိရာသို့ ပင့်ဆောင်လာစဉ်

များ ရောက်ရခြင်းတို့ ဖြစ်ပါသည်။

ကံ-ကံ၏အကျိုးတရားတို့မှာ ဈာပနပွဲကျင်းပနေချိန်တိုင်အောင် ဖြစ်ခဲ့ရသော ကံ-ကံ၏အကျိုးတရားမှာ ကြောက်ဖွယ်လိလိ ခံရသည့် ဝင့်ကြွေးများကို တွေ့မြင်ရပေသည်။

သို့ပါ၍ သဲအင်းဂူဆရာတော်ဘုရားကြီးအား စံနမူတင် အတုယူဖွယ်ရန်အလို့ငှာ ဆရာတော်ကြီး၏ အန္တိမဈာပနအား လက်လှမ်းမီသလောက် ရှာဖွေပြုစု ရေးသားတင်ပြလိုက်သည်။

ကံ-ကံ၏အကျိုးအား ဘုရားရဟန္တာများပင်လျှင် ရှောင်လွှဲမရပါတကား။

မှတ်ချက် ။ မောင်ဘို(အကာလိကော)၏ သဲအင်းဂူဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပူဇော်ပွဲမှ တင်ပြပါသည်။

စာကြွင်း ။ ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် ဦးသန့်(လာဘ်မိုးရွာ)မှ ကူညီပါသည်။

ရှယ်လီသိန်းမောင်(စိန်မိုက်ကာ)



www.burmeseclassic.com

www.burmeseclassic.com



# အုံဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ

မျိုးသန်းထွန်းကို(ရေစကြို)

သမားတော်ကြီး ဦးစံမတူ၏ နေအိမ်တွင် တိုက်နယ်သူကြီး၊ ကျေးရွာသူကြီးများ စုံလင်နေပေ၏။ ထိုခေတ်ထိုအခါက ကျေးရွာများတွင် စာကြည့်တိုက်မရှိ၊ ရေဒီယိုနည်းပါးခြင်း၊ သတင်းဟူသည်ကလည်း မရောက်တော့ ဗဟုသုတ ကြွယ်ဝသူများထံ လာရောက်ဝိုင်းဖွဲ့၍ စာပေစကားဝိုင်းများဖြင့် ဗဟုသုတယူကြပါ၏။ ရပ်ရွာထဲက စိတ်ပါဝင်စားသူများကလည်း သမားတော်ကြီးနေအိမ်သို့ လာရောက်စုဝေး နားထောင်ကြပါ၏။ ပညာတတ်များ ရှားပါးသောခေတ်တွင် ဗဟုသုတ ကုံလုံကြွယ်ဝသော ပညာရှိများ၊ လူကြီးများ၊ ရေဒီယိုနားထောင်ကြသူများထံ ဆည်းကပ်နာယူ လေ့လာကြပါ၏။

သူကြီးများလည်း စုံလင်လှပြီဖြစ်သဖြင့် တိုက်နယ်သူကြီး သွေးသောက်ကြီး ဦးထွန်းလှမှ -

"သမားတော်ကြီး ဦးစံမတူ၊ သူကြီးများလည်း စုံလင်ပြီဖြစ်သဖြင့် စာပေစကားဝိုင်း စတင်ကြရအောင်"

ဦးစံမတူမှ -

"သူကြီးများလည်း ငွေကြေးတတ်နိုင်ကြပြီ၊ ရေဒီယိုဝယ်ပြီး နားထောင်ကြပါဦး၊ ဒါမှ မြန်မာပြည်သတင်း၊ ကမ္ဘာ့သတင်းနဲ့ ဗဟုသုတတွေ ရကြမှာပေါ့၊ ကျုပ်တော်ပြောနေတာတွေထက် ကိုယ်တိုင်ကိုယ်ကျ သိမြင်ခံစားတွေးခေါ်တတ်ကြဖို့ပဲ လိုအပ်တယ်၊ သတင်းတစ်ခု နားထောင်ပြီး မျက်စိတစ်ဆုံး ကြည့်ရုံတင် မပြီးဘူး၊ ရှေ့ဆက် ဘာဖြစ်နိုင်တယ်ဆိုတာ တွေးတောတတ်ရမယ်၊ ကြိုတင်တွေးခေါ်မြော်မြင်နိုင်တဲ့သူဟာ သူတကာထက်ကြီးပွားသွားနိုင်မယ်၊ ရရနေ၊ ရရစား ခေါင်းအေးပြီးရော နေကြရင် သူများညာတာခံရမယ်၊ ခေတ်စနစ်တွေပြောင်းရော ဒုက္ခရောက်တော့တာပဲ"

ဦးထွန်းလှမှ -

"ဒါဆို တို့ဘာတွေပြင်ဆင်ရမှာလဲဟ"

"ဗိုလ်ချုပ်ပြောတဲ့ မိန့်ခွန်းထဲမှာ အားလုံးပါတယ်၊ နောင်နှစ်ပေါင်း တစ်ရာကျော်အထိ ဖြစ်ပျက်နိုင်မယ့် အခြေအနေတွေကို စဉ်းစားမြော်မြင်တွေးခေါ်ပြီး ပြည်သူတွေကို ပြောကြားခဲ့တာဖြစ်တယ်"

ဦးထွန်းမှ ဆက်လက်၍ -

"နားလည်အောင် ရှင်းပြပါဦး ဦးစံမတူရ"

"နိုင်ငံတစ်ခုမှာပဲ ဖြစ်ဖြစ်၊ တိုင်းပြည်တစ်ခုမှာပဲဖြစ်ဖြစ်၊ ကမ္ဘာကြီးတစ်ရပ်လုံးမှာပဲဖြစ်ဖြစ် လူပြောင်း၊ မှုပြောင်း၊ စည်းပြောင်းကို သတိထားရတယ်၊ ချမ်းသာတဲ့သူတွေ မွဲသွားနိုင်သလို၊ မွဲတဲ့လူတွေလည်း ချမ်းသာသွားနိုင်တယ်၊ ပြောင်းလဲလာမယ့် ခေတ်စနစ်ကို ကြည့်ပြီး လုပ်သင့်တာ၊ ပြင်ဆင်သင့်တာ၊ ပြုပြင်ပြောင်းလဲသင့်တာတွေကို ကြို

www.burmeseclassic.com

တင်ပြင်ဆင်ဆောင်ရွက်ရမယ်။ ဒီလို လက်ဦးမှု မယူရဘူးဆိုရင် သူတကာ နောက်ကောက်ကျသွားမယ်"

"ဒီနေ့ အနောက်ဥရောပက နိုင်ငံတွေ၊ လူမျိုးတွေဟာ ရှေးယခင်နှစ်ပေါင်းရာကျော်က သူတို့ဘိုးဘေးဘီဘင်တွေ ဘာလုပ်ခဲ့ကြတယ်ဆိုတဲ့ မှတ်တမ်းတွေ၊ ပညာတွေကို ထိန်းသိမ်းကြတယ်၊ ဆည်းပူးသင်ယူကြတယ်။ နောက်ပိုင်းဆက်ဖြစ်လာမယ့် နှစ်ရာကျော်ကာလမှာ ဘာတွေဖြစ်နိုင်တယ်၊ ဘာတွေကြိုတင်ပြင်ရမယ်ဆိုတဲ့ ပညာရပ်တွေကို စဉ်းစားတွေးခေါ် တီထွင်ကြံဆလေ့လာကြတယ်။ ကျမ်းပြုစုကြတယ်။ ဒီလိုကျမ်းပြုစုနိုင်တဲ့သူတွေကို ပါရဂူ (Ph.D) ပေးကြတယ်၊ ဒေါ်လာတွေ သန်းနဲ့ချီပြီး ချီးမြှင့်ကြတယ်။ ဘာသာရပ်အလိုက် ခွဲခြားပြီး ပြုစုကြတာပေါ့။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ သိပ္ပံပညာ၊ စက်မှု၊ လျှပ်စစ်၊ အာကာသ၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကမှ အစ အခြားသော လောကီ၊ လောကုတ္တရာ ပညာရပ်တွေကို ကဏ္ဍအလိုက်၊ ဝါသနာအလိုက် လေ့လာပြုစုကြတယ်"

ဦးထွန်းလုက -

"တို့နိုင်ငံမှာကျတော့ရော"

"ကျွန်တော်တို့နိုင်ငံမှာက ဆေးကျောင်းတက်မယ်၊ ဆရာဝန်လုပ်မယ်၊ ဒေါက်တာဖြစ်မယ်၊ မြို့အုပ်မြို့ပိုင်လုပ်မယ်။ ဒီလောက်နဲ့ပဲ ရောင့်ရဲတင်းတိမ်နေတယ်။ ဒါကြောင့်လည်း ၁၂၄ နှစ်ကြာ အင်္ဂလိပ်ကျွန်ဖြစ်ခဲ့ရတာပဲ။ ယခုအချိန်ထိ ကျွန်စော်နံနေကြတုန်းပဲ"

ဦးထွန်းလုက -

"ဒါတွေထားပြီး နောင်လာနောက်သားတွေအတွက် ခေတ်ပြောင်း၊ စနစ်ပြောင်း၊ မူပြောင်း၊ လူပြောင်းအတွက် ဘာတွေပြင်ဆင်ရမလဲ မိန့်ပါဦး"

"ခေတ်ပြောင်း၊ စနစ်ပြောင်းမှာ ရွှေရယ်၊ ငွေရယ်၊ မြေရယ် သုံးမျိုးကို ဟန်ချက်ညီထားရမယ်။

ရွှေထားရတာက စစ်ဖြစ်လာရင် သယ်သွားလို့ရတယ်။ ငွေဆိုတာက လတ်တလော ဝမ်းစာရေး ကျန်းမာရေးအတွက် ဖြေရှင်းဖို့ အရံအတားပဲ။ စနစ်ပြောင်းရင် ငွေတန်ဖိုးဟာ ကျနိုင်သလို၊ ငွေစက္ကူဟာ စနစ်တစ်ခုအပြောင်းမှာ ငွေမည်းဖြစ်သွားနိုင်တယ်။ ဂျပန်ငွေစက္ကူလိုပေါ့။ ဒါကတော့ ကိုယ့်ဦးနှောက်နဲ့ ချင့်ချိန်ပေါ့။

မြေဆိုတာက လယ်မြေ ယာမြေတွေ များများပိုင်ဆိုင်ထားဖို့ပဲ။ ခေတ်စနစ်တွေ ဘယ်လိုပဲပြောင်းပြောင်း မပျောက်ပျက်နိုင်တဲ့ အမွေအနှစ်တစ်ခုပဲ။ ခေတ်စနစ်တွေ ဘယ်လိုပဲပြောင်းပြောင်း ထမင်းမငတ်နိုင်တဲ့ အခြေခံအုတ်မြစ်ပဲ။ နိုင်ငံခြားတိုင်းပြည်တွေမှာ မြေရှားတော့ မြေပိုင်ရှင်ကြီးတွေဟာ သူဌေးကြီးတွေပဲ။ မြေပိုင်တဲ့သူတွေဟာ ဂေါက်ကွင်းတွေ ဖောက်ကြတယ်။ တန်ဖိုးကြီးကြီးနဲ့ ငှားစားကြတယ်။ အနောက်ဥရောပနိုင်ငံတွေက တို့အာရှတိုက်ကို သိမ်းယူချင်တာက သူတို့နိုင်ငံမှာ မြေနေရာကျဉ်းတော့ မြေရေး နယ်မြေချဲ့ထွင်ကြတာပဲ။

ကျွန်တော်တို့နိုင်ငံက မြေအကျယ်အဝန်းများတယ်၊ စပါးသီးနှံစိုက်ပျိုးလို့ကောင်းတယ်၊ ရာသီဥတုမျှတတယ်။ သယံဇာတပေါကြွယ်ဝတယ် . . .။ ဒီလက္ခဏာတွေဟာ အနောက်ဥရောပသားတို့အတွက် မက်မောစရာအချက်ပဲ။ သူတို့နိုင်ငံတွေမှာက ဆီးနှင်းတွေ အရမ်းကျတော့ စိုက်ပျိုးဖို့ ခက်ခဲတယ်။ လူသားအားလုံးအတွက် မရှိမဖြစ် အသက်သွေးကြောက စိုက်ပျိုးရေးပဲ။ မဟာပထဝီမြေကြီးဟာ လူသားတွေအတွက် အရေးကြီးဆုံး အခြေခံ အုတ်မြစ်ပဲ။ လူသားတွေ စားဖို့၊ နေဖို့၊ ဝတ်ဖို့မှအစ ကျန်းမာရေးအတွက် ဆေးဝါးတွေက အဆုံး မြေဓာတ်က အဓိကပဲ။ ဓာတ်ကြီးလေးပါးနဲ့ ယှဉ်ပြီး ပြောရရင်တော့ ခေတ်ပြောင်း၊ စနစ်ပြောင်းမှ မြေယာတွေ များများပိုင်ထားကြဖို့ပဲ။ ကျွန်တော်တို့ရဲ့ ရှေးခေတ်ဘုရင်တွေဟာ အိမ်နီးချင်းနိုင်ငံတွေကို နယ်မြေချဲ့ထွင်စစ်ဖြစ်ရတာက မြေပိုင်ဆိုင်မှုအတွက် စစ်တိုက်ကြတာပဲ။ အမြော်အမြင် နည်းပါးတဲ့ ကုန်းဘောင်မင်းဆက် တချို့ကြောင့် ချဲ့ထွင်ထားတဲ့ နယ်မြေပါမက အမိမြန်မာနိုင်ငံတော်ကြီးပါ ကျွန်ဖြစ်ခဲ့ရတယ်။ ရှေးခေတ်သမိုင်းတွေကို လေ့လာသင်ယူ နမူနာယူရမယ်။ သမိုင်းဆိုတာ အသစ်မရှိဘူး။ အားလုံးဟာ သီအိုရီ နိယာမလိုပဲ တစ်သဘောတည်းပဲ။

ရှေးခေတ်သမိုင်းက ဖြစ်ရပ်တွေကို လေ့လာပြီး အဆိုပါ ပုံသေနည်းတွေအတိုင်း လိုက်နာဆောင်ရွက်ရမယ်။ ရှေးလူကြီးတွေ ဘာပြောခဲ့သလဲ 'မြေဝယ်မကျ နားထောင်ပါ' . . . တဲ့။ မြေဝယ်ရင် ဘယ်တော့မှ ဈေးမကျဘူးတဲ့။

www.burmeseclassic.com

တစ်ခုတော့ရှိတယ်။ 'မြေလိုချင်ရင် ရေကြည့်'တဲ့၊ 'သမီးလိုချင်ရင် အမေကြည့်' တဲ့။ သဘောကတော့ ဝယ်ယူမယ့်မြေဟာ ရေထွက်ကောင်းရမယ်။ ရေထွက်မှ စိုက်ပျိုးလို့ကောင်းတာပေါ့။ သမီးလိုချင် အမေကြည့်ဆိုတာက သမီးကကြီးလာရင် ဒီအမေအတိုင်း ဖြစ်လာမှာပဲ။

ကမ္ဘာ့နိုင်ငံတွေမှာ လူဦးရေ ထူထပ်လာတာနဲ့အမျှ မြေနေရာတွေ ကျဉ်းလာလိမ့်မယ်။ ကျဉ်းလာတာနဲ့အမျှ မြေယာဈေးတွေ တက်လာမယ်။ လူဦးရေ ပေါက်ကွဲတယ်ဆိုတာ ဒါပဲ။ မြေနေရာကျဉ်းလာတော့ အိမ်နီးချင်းနိုင်ငံထဲကို စိမ့်ဝင်လာတာပဲ။ မြေမျိုလို့ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်မယ်တဲ့။ သမိုင်းပေးတာဝန်ကိုလည်း ကျုပ်တို့ လူမျိုးတွေ မေ့လို့မရဘူး။

ခုနက စကားကို ပြန်ဆက်ရရင် လူဆိုတာက တိုးလာမယ်၊ မြေဆိုတာက တိုးမလာနိုင်ဘူး။ ဒါကြောင့် မြေဝယ်ထားရင် ဘယ်တော့မှ မမှားတဲ့ အချက်ပဲ မြေရှားလာတာနဲ့အမျှ လူတွေဟာ မြေပိုင်တဲ့လူတွေထံ ချဉ်းကပ်လာကြလိမ့်မယ်။ မြေပိုင်တဲ့လူတွေက အလိုလိုအပေါ်ကို ရောက်သွားလိမ့်မယ်။

ရွှေဆိုတာက စစ်ပွဲတစ်ခုဖြစ်လာရင် အလွယ်တကူ သိမ်းဆည်းသယ်ယူနိုင်တဲ့ ပေါ့ပါးတဲ့ ပစ္စည်းတစ်ခုပဲ ရောက်တဲ့နေရာမှာလည်း အလွယ်တကူ ဝယ်ယူလဲလှယ်သုံးစွဲနိုင်တဲ့ ငွေကြေးတစ်ရပ်ပဲ။ ကမ္ဘာတိုင်းပြည်အရပ်ရပ်မှာလည်း စစ်ပွဲအရိပ်အယောင်တွေလာရင် ရွှေကိုပဲ စုကြတယ်။ အခုကျုပ်တို့နိုင်ငံ လွတ်လပ်ရေးရပြီဆိုပြီး အေးနေလို့ ပေါ့နေလို့ မရဘူး။ အထက်က ပြောသလို မြေယာချဲ့ထွင်တဲ့ စစ်ပွဲတွေဖြစ်လာနိုင်တယ်။ ယခင်လို လက်နက်နဲ့ မတိုက်ကြတော့ဘူး။ ကိုလိုနီလက်သစ်ဝါဒလို့ ခေါ်တဲ့ ရုပ်သေးရုပ်အစိုးရနဲ့ဝါးမျိုတဲ့ နိုင်ငံရေးနည်းနဲ့ ဝါးမျိုခြင်း၊ စီးပွားရေးအရ ဝါးမျိုခြင်း။ ဥပမာ ကျွန်ုပ်တို့နိုင်ငံက ရှားပါးတဲ့ ကျွန်းသစ်တွေဝယ်ပြီး သူတို့ဆီက ပေါများတဲ့ သံထည်ပစ္စည်းများနဲ့ လဲလှယ်ခြင်းသဘောတွေပဲ။ ကျွန်းပင်တစ်ပင်က နှစ် ၇၀ စိုက်ရတယ်။ သူတို့ထဲက မော်တော်ကားတစ်စီးက တစ်မိနစ်ပဲ ထုတ်ရတယ်။

လူမျိုးရေးအရ ဝါးမျိုခြင်းဆိုတာက အင်္ဂလိပ်ခေါ်လာတဲ့ ကုလားတွေ ဗမာပြည်မှာ ကျန်ခဲ့တယ်။ ပြီးတော့ အခြားနိုင်ငံက အိမ်နီးချင်းနိုင်ငံက လူမျိုးခြားတွေ ဝင်လာမယ်။ ဗမာမတွေနဲ့ ရကြမယ်။ ပြီးတော့ ဘာသာရေး ဝါးမျိုကြတော့မယ်။ ဒါတွေကို သတိယှဉ်၊ အသိနဲ့ မြင်ကြဖို့လိုတယ်။ ဆေးဝါးအကြောင်းလည်း မပြောဖြစ်တော့ဘူး"

ဦးထွန်းလှမ -

"ဆေးဝါးအကြောင်း မိန့်ပါဦး"

ဦးစံမတူမှ -

"ဓာတ်ကြီးလေးပါးအကြောင်း ပြောပြပါမယ်…။ ဓာတ်ကြီးလေးပါးအကြောင်း ပြောချင်လို့ မြေအကြောင်းကို ဦးစွာပြောပြတာပါပဲ။ ပထဝီအာပေါ ဝါယော၊ တေဇောဆိုတဲ့ ဓာတ်ကြီးလေးပါးမှ ပထဝီဆိုတဲ့ မြေဓာတ်ဟာ အရေးကြီးဆုံးပဲ။ ဓာတ်ကြီးလေးပါး ညီမျှအောင်အတွက် အရေးကြီးဆုံး ထိန်းညှိပေးတာက မြေဓာတ် မဟာပထဝီမြေကြီးဂဲ့။ မြေကြီးပေါ်က စီးဆင်းသွားတဲ့ ရေတွေဟာ ပင်လယ်သမုဒ္ဒရာထဲကို စီးဝင်သွားမယ်။ မီးဆိုတဲ့ နေမင်းရဲ့ အပူဓာတ်ကြောင့် ပင်လယ်ထဲက ရေတွေဟာ ရေငွေ့ပျံပြီး တိမ်ခိုးတိမ်တိုက်မိုးတိမ်တွေ ဖြစ်သွားတယ်။ အဲဒီမှာ ဝါယောဆိုတဲ့ လေရဲ့ တိုက်ခိုက်မှုနဲ့ ရေငွေ့ရဲ့ အအေးဓာတ်တွေဟာ မိုးရေအဖြစ်ရွာသွန်းဖြိုးတော့ မိုးရေတွေဟာ ကမ္ဘာမြေကြီးပေါ်ကို ရွာချကြတယ်။

ဒီမိုးရေတွေကို လူသားတွေဟာ ဘဝရပ်တည်မှုအတွက် သောက်သုံးကြတယ်။ စားဝတ်နေရေးအတွက် စိုက်ပျိုးကြတယ်။ ပိုလျှံတဲ့ရေတွေက သမုဒ္ဒရာထဲ စီးဆင်းပြီး ရေသံသရာလည်တဲ့ သဘောပဲ။ ဒီမှာ အရေးကြီးတဲ့အချက်က ရေနဲ့ပတ်သက်တဲ့ ရေရဲ့အရေးကြီးတဲ့ အသုံးဝင်မှုကို ဆက်လက်ပြောပြမယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ရေရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍကို ရှင်းပြတဲ့ အခါ ခုနက ပြောခဲ့တဲ့ မဟာပထဝီ မြေကြီးက ပိုမိုအရေးပါနေတယ်။

ရေဟာ သတ္တဝါတွေ အသက်ရှည်ရပ်တည်ဖို့အတွက် အရေးကြီးသလို ရေကို အကျိုးရှိစွာ အသုံးချနိုင်ဖို့ အရေးကြီးတယ်။ ရေမှာ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ မိုးရေ၊ မြေအောက်ရေလို့ အမျိုးမျိုးရှိကြပါတယ်။ ဒီလိုရှိတဲ့အထဲမှာ ဓာတ်ကြီးလေးပါးနဲ့ ညီမျှပြီး ကျန်းမာရေးအတွက် အထောက်အကူ[illegible]တာက မိုးရေပါပဲ။ မိုးရေကို တို[illegible]သိုလှောင် သုံးစွဲနိုင်ရင်တော့ အကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆုံးပဲ။ တိုက်ရိုက်မရရင် မြေနဲ့ပြုလုပ်ထားတဲ့ မြေအိုး၊ မြေကန်တို့နဲ့ သိုလှောင်ထားရင် မူလဓာတ်မပျက်ဘူး။

မြစ်ချောင်းအင်းအိုင်များမှာ စီးဆင်းသိုလှောင်ထားတဲ့ ရေများ၊ မြေသားတမံများနဲ့ သိုလှောင်ထားတဲ့ ရေများ၊ တမံများနဲ့ သိုလှောင်ထားတဲ့ ရေများဟာ မူလဓာတ်မပျက်ပြယ်တဲ့ မိုးရေပဲ။ ရှောင်ကြဉ်ရမှာက ဒန်၊ သတ္တု၊ သံတို့နဲ့ ပြုလုပ်ထားတဲ့ ပစ္စည်းများဖြင့် သိုလှောင်ရင်တော့ ဓာတ်ပြောင်းသွားပြီး ဘေးထွက်ဆိုးကျိုးတွေကို ဖြစ်ပေါ်စေပါတယ်။

အိန္ဒိယပြည်မှာ လူတွေဟာ တစ်နှစ်တစ်ကြိမ် ဂင်္ဂါမြစ်ရေကို ချိုးကြတယ်။ ကျန်းမာရေးကောင်းမွန်တယ်လို့ ယခုအချိန်ထိ ယူဆကြတယ်။ ကျုပ်လည်း အဲဒီသမိုင်းကြောင်းကို အိန္ဒိယသားတွေ တွေ့တော့ မေးကြည့်တယ်။ တိတိပပ မပြောနိုင်ဘူး။ ဘိုးဘွားဘီဘင်တွေက ပြောခဲ့ကြတာပဲလို့ သိရတယ်။ အမှန်ကတော့ မိုးရေပါပဲ။ မိုးရေကို ချိုးတော့ ကျန်းမာတာပေါ့၊ ချိုးရတဲ့ရက်ကို သတ်မှတ်ပြီး ချိုးကြတာပေါ့။ ကျွန်တော်တို့ ဗမာတွေ တန်ဆောင်မုန်းလပြည့်နေ့မှာ ဆေးပေါင်းခတော့ မယ်ဇလီဖူး သုပ်စားကြသလိုပေါ့ဗျာ။

ဆေးပညာမှာ ဆောင်းရာသီမှာ နှင်းကျတဲ့ မြက်ခင်းပေါ်မှာ လမ်းလျှောက်ရင် ဒူးနာ၊ ခြေထောက်နာ ပျောက်တယ်ဆိုတာ မိုးရေပါပဲ။ ရန်ကုန်မြို့မှာ ဂျိုးဖြူကပေးတဲ့ ရေကိုချိုးရင် အသားဖြူကြတယ်တဲ့။ ဂျိုးဖြူရေဟာလည်း မိုးရေပါပဲ။ ကျွန်တော်တို့နိုင်ငံမှာ မြစ်ချောင်းတွေ ပေါများကြတယ်။ မြစ်ရေမှာလည်း ကြည်လင်တဲ့ရေကို ချိုးရင် ကျန်းမာရေးကောင်းတယ်။ တစ်ခုတော့ ရှိတာပေါ့ဗျာ။ ရေချိုးရမယ့်အချိန် မှန်ကန်ဖို့လိုတာပေါ့။ ရေပိုင်းက ပြောခဲ့သလို နွေ ၉၊ မိုး ၁၀၊ ဆောင်း ၁၁ ပေါ့။ နွေရာသီမှာ ၉ နာရီ၊ မိုးရာသီမှာ ၁၀ နာရီ၊ ဆောင်းရာသီမှာ ၁၁ နာရီ အချိန်တွေမှာ ရေချိုးပါ။

ကျွန်တော်တို့ ရှေးမြန်မာကြီးတွေဟာ ရေကို မြေအိုးနဲ့ သိုလှောင်တယ်။ ထမင်းဟင်း၊ ရေနွေးကြမ်းက မြေအိုးတွေနဲ့ ချက်ပြုတ်စားသောက်ကြတယ်။ ပဲခူး၊ နှမ်းဆီကိုတော့ စဥ့်အိုးနဲ့ ထည့်ကြတယ်။ (ယခုခေတ်တွင် မြေအိုးထမင်း ခေတ်စားနေကြပါ၏။) မြေအိုးဟာ ဓာတ်ကြီးလေးပါးနဲ့ စီမံပြုလုပ်ထားတဲ့အတွက် ကျန်းမာရေးနဲ့ ညီညွတ်တာပေါ့။ ဘေးထွက်ဆိုးကျိုးလည်း မရှိဘူး။ သံ၊ သတ္တု၊ ဒန်နဲ့ ပြုလုပ်ထားတဲ့ အိုးတွေနဲ့ ချက်ပြုတ်သိုလှောင်ကြရင် သံဓာတ်၊ ခဲဓာတ် အဆိပ်သင့်တာတွေ ဖြစ်သလို၊ ရေနဲ့အစားအသောက်ရဲ့ မူလဂုဏ်သတ္တိတွေ ပျက်ပြယ်ပြီး ဘေးထွက်ဆိုးကျိုးတွေ ခံစားကြရတယ်။ ကျန်းမာရေးနဲ့ ညီညွတ်အောင် မြေအိုးထမင်း၊ မြေအိုးဟင်းနဲ့ ချက်ပြုတ်စားသောက်ကြရတယ်။ ထမင်းချက်ရာမှာ ထမင်းရည်ကို ငှဲ့ကြမယ်ဆိုရင်လည်း ထမင်းရည်ကို အာဟာရအဖြစ် သောက်သုံးရမယ်။

တရုတ်တို့၊ ဂျပန်တို့ နိုင်ငံတွေမှာ ကြွေရည်သုတ်၊ စဥ့်ရည်သုတ် အိုးတွေ အသုံးပြုကြတယ်။ ချက်ပြုတ်တာတော့ မြေအိုးနဲ့ချက်ပြီး စားသုံးတဲ့အခါကျတော့ ကြွေရည်သုတ်ပန်းကန်၊ စဥ့်ရည်သုတ်ပန်းကန်၊ အိုးတွေကို သုံးစွဲကြတယ်။ ကျန်းမာရေးအတွက် ကောင်းမွန်တဲ့ သုံးစွဲမှုပဲ။ တိရစ္ဆာန်တွေရဲ့ သဘာဝကို လေ့လာကြည့်ရင် တိရစ္ဆာန်တွေဟာ မြေကြီးပေါ်မှာပဲ အိပ်စက်ကြတယ်၊ လဲလျောင်းကြတယ်။ ငှက်တွေ မပါပေါ့။ ပထဝီမြေဓာတ်ကြောင့် တိရစ္ဆာန်တွေဟာ ကျန်းမာကြတယ်။ အပူအအေး မမျှလို့ဖြစ်တဲ့ ရောဂါကလွဲရင် ကျန်တာ ကျန်းမာရေးကောင်းကြတယ်။ ပျံသန်းတဲ့ငှက်တွေဟာလည်း မြေကြီးမှာ လူးကြတယ်၊ မြေဓာတ်ကို ယူကြတာပဲ။

အဲဒီတော့ ကျွန်တော်တို့ လူသားတွေဟာ မြစ်ချောင်းရေ၊ အင်းအိုင်ရေကန်ထဲက ရေတွေကို သန့်ရှင်းအောင် ပြုလုပ်ပြီး သောက်သုံးရမယ်။ သဘာဝကြီးကပေးတဲ့ ကျန်းမာစေတဲ့ နည်းလမ်းကောင်းတစ်ရပ်ပဲ။ အထူးသဖြင့် မြေအောက်ရေကို မသုံးစွဲသင့်ဘူး။ မြေအောက်ရေဆိုတာက အဝီစိတွင်းရေတို့ ရေတွင်း(လက်ယက်တွင်း) ရေတို့ ဖြစ်တယ်။ မြေအောက်ရေ သုံးတာများရင် ကမ္ဘာမြေကြီးဟာ အောက်ကို နိမ့်ကျလာမယ်။ နောက်ပိုင်း ပင်လယ်ရေ ဖုံးလွှမ်းသွားနိုင်တယ်။ သဘာဝကပေးတဲ့ မိုးရေ၊ မြစ်ရေတွေကို အကျိုးရှိအောင် သုံးစွဲရမယ်။ ကျွန်တော်တို့ နိုင်ငံလူဦးရေနဲ့ မြစ်ကြီးလေးသွယ်က စီးဆင်းတဲ့ ရေနဲ့ လုံလောက်ပါတယ်။ ပိုလျှံလို့ ပင်လယ်ထဲတောင် စီးဆင်းနေတယ်"

*(ဆက်လက်ဖော်ပြပါဦးမည်။)*

## မျိုးသန်းထွန်းကို(ရေစကြိုး)

www.burmeseclassic.com

# မြန်မာ့ဆေးဖက်ဝင် အသီးအနှံများ

■ သုတေသီဆရာငြိမ်း

## ဖရဲသီး၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

နွေဦးကာလ ရောက်ပြီဆိုသည်နှင့် ရပ်ကွက်အတွင်းရှိ လမ်းများ၌ "ဖရဲသီးစိတ် ချိုချိုလေး"ဟူသော အသံများ ကြားလာရတော့သည်။ နွေအပူ၊ နေအပူ ကာလ၌ ဖရဲသီးကို စားသောက်လိုက်ရပါက ပူလောင်သမျှ ငြိမ်းအေးသွားရပြီး နွမ်းနယ်နေသောစိတ်များ ကြည်လင်လန်းဆန်းသွားသည်သာမက အားအင်သစ်များ တိုးပွားရစမြဲ ဖြစ်ချေသည်။

ဖရဲသီးတွင် အနီမျိုးနှင့် အဝါမျိုးဟူ၍ နှစ်မျိုးရှိ၏။ အခွံ၏ အစိမ်းရောင်အပေါ်၌ အနက်စင်း၊ အကျားများ ပါရှိ၏။ တောင်သူတို့သည် နွေဖရဲ၊ မိုးဖရဲဟူ၍ စိုက်ပျိုးလေ့ရှိကြ၏။ ပဲခူးတိုင်းဒေသကြီး၌ တောရောမြို့ပါ စိုက်ပျိုးကြကုန်၏။ ရန်ကုန်တိုင်းဒေသကြီးတွင်ကား တွံတေး၊ ကွမ်းခြံကုန်း စသောမြို့နယ်များ၌ စိုက်ပျိုးကြ၏။ အထူးသဖြင့် နွေဖရဲသီးများကို ခရမ်းမြို့နယ်မှ အများဆုံးလာရောက်ပြီး ဒိုင်ဖွင့်၍ ရောင်းချလေ့ရှိကြ၏။

ဖရဲသီးကို ကွမ်းမပြတ်စားသူများအနေဖြင့် ပုံမှန်စားသုံးပေးသင့်ကြ၏။ အကြောင်းမှု ဖရဲသီး၌ပါရှိသော ဓာတ်သည် ကျောက်ကြေစေသော သတ္တိရှိသောကြောင့်ပင်။

တိုင်းရင်းဆေးအလိုအားဖြင့် ဖော်ပြရသော် ဖရဲသီးစိမ်းသည် အေးချိုသော အရသာရှိပြီး အနည်းငယ်သက်၏။ လေကိုကြေစေ၏၊ နှလုံးကို အကျိုးပြု၏။ အမှည့်သည် ချို၏။ အေး၏၊ ခါး၏။ လေကို ကြေကျက်စေ၏၊ အူလမ်းကြောင်းကို သန့်စင်စေ၏။ လေထိုးခြင်း၊ လေအောင့်ခြင်း၊ လေနာခြင်းများကို သက်သာစေ၏၊ နှလုံးတုန်၊ ရင်တုန်၊ မူးဝေ၊ မောပန်းခြင်းတို့ကို ကင်းပျောက်စေနိုင်၏။

အချို့က ဖရဲသီးစိမ်း အနုကလေးများကို ပြုတ်ပြီး တို့မြှုပ်စားကြ၏။ ထိုသို့ တို့မြှုပ်စားခြင်းဖြင့် လေကိုကြေစေ၏၊ အစာကို ကြေကျက်စေ၏။ ဖရဲသီးအမှည့်ကို စားသုံးပေးပါက လေထိုး၊ လေအောင့်၊ လေနာရောဂါများ သက်သာစေ၏။ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းတို့မှလည်း သက်သာစေ၏။ ဆီးကိုရှင်စေတတ်၏။ ဖရဲသီးအမှည့်အား သကြားဖြင့် ဖျော်ရည်ပြုလုပ်ကာ သောက်သုံးပေးသွားပါက နှလုံးကို အေးမြစေ၏၊ မူးဝေထိုင်းမှိုင်းခြင်းကို ပျောက်ကင်းစေ၏၊ စိတ်ကို ကြည်လင်အေးမြစေ၏။

### (၁) ဆီးအိမ်အတွင်း ဆီးကျောက်တည်လျှင်

ဖရဲသီးစေ့အတွင်းမှ အဆန် ၁၂ ပဲသားကို ကျောက်ပျဉ်ထက်၌ ရေဆွတ်ပြီး နူးညံ့အောင် ကြိတ်ပေးပါ။ ဖရဲသီးစေ့ နူးနူးညံ့ညံ့သည် ညက်သည်ထက်ညက်လေ ဆေးစွမ်းထက်လေ ဖြစ်ပါသည်။ ထိုဆေးထဲသို့ ရေ ၃၀ ကျပ်သားထည့်၍ ကောင်းစွာသမအောင် ရောစပ်နယ်ပေးပါ။

ထို့နောက် မိမိလိုအပ်သလောက် သကြားထည့်၍ ဖျော်ရည်ပြုလုပ်ပါ။ တစ်နေ့တစ်ကြိမ်သောက်ပေးပါ။ တစ်ကြိမ်တည်း ကုန်အောင်မသောက်နိုင်ပါက ၁၅ မိနစ်ခြား၍ နှစ်ကြိမ်ခွဲသောက်ပေးပါ။ သုံးရက်မှ ခုနစ်ရက်အထိ သောက်ပေးလျှင် ဆီးအိမ်အတွင်းရှိ ဆီးကျောက်များ ကြေပျက်သွားပါလိမ့်မည်။


### (၂) ဆီးကျင်၊ ဆီးအောင့် ဖြစ်နေလျှင်

ဖရဲသီးအပွင့် သတ္တုရည်နှစ်ကျပ်သား၊ သကြားနီတစ်ကျပ်သား ရော၍ နှစ်ခွက်စာ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပုံမှန်သောက်သွားပေးပါလျှင် ဆီးကျင်၊ ဆီးအောင့်



www.burmeseclassic.com

www.burmeseclassic.com



သားငါးဟင်းလျာတို့နှင့် ရောပြွမ်း၍လည်း ချက်ပြုတ်သုံးဆောင်နိုင်ကြသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှရှိ မြို့ကြီးမြို့ငယ် အသွယ်သွယ်တို့တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်များ၌ ခရမ်းချဉ်သီးကို ပြုလုပ်ထားသည့် ဆော့စ်များအား မပါမဖြစ် အသုံးပြုလေ့ရှိကြသည်။ ခရမ်းချဉ်သီးအား စားသုံးရာတွင် အရသာရှိရုံမျှမက ကျန်းမာရေးအတွက် အထောက်အကူ ပေးလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(၃) လေထိုး၊ လေအောင့်၊ ချောင်းဆိုး၊ ရင်ကျပ် ဖြစ်နေလျှင်**

ဖရဲသီးစိမ်း သတ္တုရည်တွင် ဆားအနည်းငယ်ထည့်၍ လေးပဲသား ကြွေဇွန်းတစ်ဇွန်းခန့် တစ်နေ့နှစ်ကြိမ် သောက်ပေးပါက လေထိုး၊ လေအောင့် ဝေဒနာသာမက ချောင်းဆိုး၊ ရင်ကျပ်ဝေဒနာလည်း သက်သာပျောက်ကင်းသွားပါလိမ့်မည်။

♦ ♦ ♦

## ခရမ်းချဉ်သီး၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

ခရမ်းချဉ်သီးကို လူမျိုးမရွေး နှစ်သက်စွာ စားသောက်လေ့ ရှိကြသည်။ ခရမ်းချဉ်သီးအစိမ်းကိုသော်လည်းကောင်း၊ ရဲလုမှည့်ခင်ကိုသော်လည်းကောင်း ဆီချက်၊ ပဲမှုန့်၊ မြေပဲဆန်၊ ပုစွန်ခြောက် စသော အဆာပလာများထည့်ကာ ဆား၊ ဟင်းခတ်မှုန့်၊ ငံပြာရည်တို့နှင့် သုပ်၍လည်း စားသောက်လေ့ရှိကြသည်။

အချို့ဆိုလျှင် ကြာရှည်အထားခံလိုသည့်အတွက် ခရမ်းချဉ်သီးအစိမ်းအား ဒန်အိုးထဲထည့်၍ အဖုံးပိတ်ကာ လှောင်၍စားကြသည်။ ခရမ်းချဉ်သီးမှည့်အား မည်သည့် အသားငါးမျှ မထည့်ဘဲ ချက်စားနိုင်သကဲ့သို့ အခြားသော

တို့အပြင် သားငါးဘူးများ၌ ခရမ်းချဉ်သီးဆော့စ်များ ပါထည့် စည်သွတ်ဘူးများ ပြုလုပ်ကြပေသည်။ အထူးသဖြင့် ငါးသေတ္တာဘူးတိုင်း၌ ခရမ်းချဉ်သီးဆော့စ်များ ပါဝင်သည့်အတွက် စားသောက်ရသည်မှာ အရသာထူးကဲလှပေသည်။ အချို့ဆိုလျှင် ခရမ်းချဉ်သီးကို ယိုထိုး၍ စားသောက်ကြပြီး စီးပွားဖြစ် ခရမ်းချဉ်သီးယိုများကို ပြုလုပ်ရောင်းချကြသည်။

ခရမ်းချဉ်သီးသည် လူသားတို့၏ ကျန်းမာရေးကို လွန်စွာမှ အထောက်အကူပြုပေသည်။ ခရမ်းချဉ်သီးဖျော်ရည်အား တစ်နေ့တစ်ခွက်နှုန်း သောက်သုံးပေးခြင်းအားဖြင့် ရက်သတ္တပတ်အတွင်း ကင်ဆာရောဂါဝေဒနာများ သက်သာလာကြောင်းကို ဆေးသိပ္ပံပညာရှင်များက ညွှန်းဆိုထားကြပါသည်။

တိုင်းရင်းဆေးအလိုအားဖြင့် ခရမ်းချဉ်သီးအစိမ်းသည် ချဉ်၏၊ ဖန်၏၊ အနည်းငယ်စပ်၏။ ခရမ်းချဉ်သီးမှည့်သည် ချို၏။ ခရမ်းချဉ်သီးကို စားသုံးခြင်းဖြင့် လေကို ကြေကျက်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ နှုတ်ကို မြိန်စေ၏၊ ကိုယ်ခန္ဓာ ဖွံ့ဖြိုးမှုကို ဖြစ်စေ၏၊ အိုမင်းရင့်ရော်မှုကို နှေးကွေးစေပြီး နှလုံးရောဂါနှင့် ကင်ဆာရောဂါတို့ကို ကာကွယ်ပေးပါသည်။ ခန္ဓာကိုယ်၏ အဓိကအစိတ်အပိုင်းများ၌ ဖြစ်စေတတ်သော ဆီးကြိတ်ကင်ဆာ၊ အသည်းကင်ဆာ၊ အူမကြီးကင်ဆာ၊ သားအိမ်ကင်ဆာ၊ သားမြတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ



www.burmeseclassic.com

www.burmeseclassic.com

စသည့် ရောဂါဝေဒနာများကို သ သာပျောက်ကင်းစေပါသည်။ ကင်ဆာရောဂါဝေဒနာမှ ကင်းဝေးစေရန်အတွက် နေ့စဉ် ခရမ်းချဉ်သီး တစ်လုံးမှ နှစ်လုံးအထိ စားသုံးပေးသင့်သည်ဟု ဆေးသိပ္ပံသုတေသီများက တင်ပြထားပေသည်။

**(၁) နှလုံးတုန်၊ ရင်ခုန်၊ မူးဝေမောပန်းလျှင်**

ခရမ်းချဉ်သီးကို ပုံမှန်စားပေးခြင်းအားဖြင့် နှလုံးတုန်ခြင်း၊ ရင်ခုန်ခြင်း၊ မူးဝေမောပန်းခြင်းများ သက်သာပျောက်ကင်းစေပါသည်။

**(၂) ခရမ်းချဉ်သီးအစိမ်းကို သုပ်စားလျှင်**

ခရမ်းချဉ်သီးအစိမ်းကို သုပ်စားပေးပါက နှုတ်ကိုမြိန်စေပြီး ဆီးဝမ်းမှန်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ လေနာရောဂါထခြင်း၊ ချောင်းဆိုးရင်ကျပ်ခြင်းများ သက်သာပျောက်ကင်းစေပါသည်။

**(၃) မျက်စိအမြင်ကြည်လင် တောက်ပလိုလျှင်**

ခရမ်းချဉ်သီးကို အမြဲမပြတ် စားသောက်သွားပါက မျက်စိရောဂါဝေဒနာ ကင်းဝေးပြီး မျက်စိအမြင်သည် ထက်မြက်၊ တောက်ပ၊ ကြည်လင်လန်းဆန်းစေပါသည်။

**(၄) နှလုံးအခုန်မြန်လျှင်**

ခရမ်းချဉ်သီး ၁၅ ကျပ် ၁၀ ပဲသားအား သတ္တုရည်ရအောင်လုပ်၍ ထောက်ကြံ့ခေါက်အမှုန့် ၄ ပဲသားထည့်ကာ ရောစပ်၍ သောက်ပေးပါက တစ်ပတ်အတွင်း နှလုံးခုန်မြန်ခြင်း သက်သာသွားပါလိမ့်မည်။

**(၅) ဝမ်းကိုက်ရောဂါ ဖြစ်နေလျှင်**


လတ်ဆတ်သော ခရမ်းချဉ်သီးတစ်လုံးကို အလယ်တည့်တည့်မှ ဓားဖြင့်ခွဲပါ။ အောက်ပိုင်းအစိတ်ကို လက်ထုပ်ခေါက်အမှုန့် ၁ ပဲသားထည့်၍ ဒုတိယခရမ်းချဉ်သီးအစိတ်ကို အပေါ်မှ မျက်နှာချင်းဆိုင်ဖုံးအုပ်ပြီး မီးပေါ်မှာ အပူပေးပါ။ အေးသောအခါ စားပေးပါ။ ထိုသို့ ဆက်တိုက် သုံးရက်တိတိ စားပေးပါက ဝမ်းကိုက်ရောဂါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(၆) သွားဖုံးသွေးထွက်နာဖြစ်လျှင်**

နံနက် ၆ နာရီ၌ ခရမ်းချဉ်သီး ၃ ကျပ် ၂ ပဲသားကို သောက်၍ နေ့လယ် ၂ နာရီနှင့် ည ၇ နာရီတို့တွင် တစ်ကြိမ်စီသောက်ပေးပါက သွားဖုံးသွေးထွက်နာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(၇) ယားနာရောဂါဖြစ်ပွားလျှင်**

လတ်ဆတ်သော အုန်းသီးသတ္တုရည်နှင့် ခရမ်းချဉ်သီးရသရည်တို့ကို ရောစပ်၍ ယားနာဖြစ်ပွားရာပေါ်သို့ လိမ်း



www.burmeseclassic.com

ကျုံပေးပါက ယားနာဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(၈) ဆီးချိုရောဂါခံစားနေရလျှင်**

ခရမ်းချဉ်သီးသုပ်၊ ခရမ်းချဉ်သီးဟင်း၊ ခရမ်းချဉ်သီးသတ္တုရည်တို့ကို နေ့စဉ်စားသုံးပေးသွားပါက ၁၅ ရက်အတွင်း ဆီးချိုရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(၉) သင့်ကလေးငယ် သီပ်ပြီးပိန်နေလျှင်**

ခရမ်းချဉ်သီးရသရည်ကို ဇွန်းကလေးတစ်ဇွန်း(လက်ဖက်စားဇွန်း)အား ကလေးငယ်ကို တိုက်ကျွေးသွားပါက အစာကောင်းစွာ ကြေညက်ပြီး ပိန်သော်ရောဂါ ပျောက်ကင်းပြီး ခန္ဓာကိုယ် ဖွံ့ဖြိုးကြီးထွားလာပါလိမ့်မည်။

**(၁၀) မျက်နှာပေါ်မှာ အမည်းကွက်တွေ ဖြစ်ပေါ်နေလျှင်**

မျက်နှာပေါ်တွင် အမည်းကွက်များ စွန်းထင်းဖြစ်ပေါ်နေပါက နံနက်၊ ည ခရမ်းချဉ်သီးသတ္တုရည်ကို ဝါဂွမ်းသန့်သန့်တွင် စွတ်ပြီး ကပ်ထားပေးပါ။ မကြာမီ အမည်းကွက်များ ကင်းပျောက်သွားပါလိမ့်မည်။

**(၁၁) တီဘီရောဂါဖြစ်ပွားလျှင်**

တီဘီရောဂါဝေဒနာရှင်များအဖို့ နေ့စဉ် ခရမ်းချဉ်သီးသတ္တုရည် ၅ ကျပ်သားမှ ၅ ကျပ် ၄ ပဲသားအထိ သောက်ပါ။ ချောင်းဆိုး၊ သွေးပါ တီဘီဝေဒနာကြောင့် ကုန်ခန်းနေသော အားအင်များ ပြန်လည်ပြည့်ဖြိုးသွားပါလိမ့်မည်။

**(၁၂) ရေငတ်ပြီး အဖျားမကျဖြစ်နေလျှင်**

ရေငတ်ပြီး အဖျားမကျ ဖြစ်နေပါက ခရမ်းချဉ်သီးသတ္တုရည်ကို နေ့အခါ သုံးကြိမ်တိတိ သောက်ပေးပါ။ ရေငတ်ပြေပြီး အဖျားဝေဒနာ ကျင်းဆင်းသွားပါလိမ့်မည်။

**(၁၃) ပါးစပ်၊ နှုတ်ခမ်း၊ လျှာမှာ အနာတွေပေါက်နေလျှင်**

ခရမ်းချဉ်သီး သတ္တုရည်ကို ရေနှင့်ရောစပ်၍ ဖန်ခွက်တစ်လုံးနှင့် အဆင်သင့်ပြုထားပါ။ ထိုခရမ်းချဉ်သီး သတ္တုရည်ကို မကြာခဏ ပလုတ်ကျင်းပေးပါ။ ပါးစပ်၊ နှုတ်ခမ်းနှင့် လျှာနာဖုများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(၁၄) လိပ်ခေါင်းသွေးပါ ဖြစ်နေလျှင်**

ခရမ်းချဉ်သီး ၁၅ ကျပ် ၁၀ ပဲ၊ လတ်ဆတ်သော မုန်လာ ၁၅ ကျပ် ၁၀ ပဲ၊ အဆိုပါနှစ်မျိုးကို အတုံးသေးသေး ကလေးများ စိတ်၍ ၎င်းအပေါ်မှ ချင်းခြောက်၊ ဆားပုပ်နှင့် လော်ပြီးသား ဇီယာတို့ကို အမှုန့်ပြု၍ ဖြူးပေးပါ။ အဆိုပါဆေးကို နေ့စဉ် စားပေးပါ။ နှစ်ပတ်ခန့်စားပေးလျှင် ဝေဒနာ သက်သာသွားပါလိမ့်မည်။

(အဆိုပါဆေး စားနေစဉ်ကာလအတွင်း ငရုတ်သီး၊ လက်ဖက်ရည်၊ ကော်ဖီ၊ နို့နှင့် အပူကဲသော အစားအသောက်တို့ကို ရှောင်ကြဉ်ပါ။ အပူများကို ပါးစပ်နှင့် မှုတ်၍မသောက်ရ။ လက်လုပ်ချဉ်များကို ရှောင်ပါ။ နို့ချဉ်၊ မလိုင်နုတ်ထားသော နို့ထွက်ပစ္စည်းများကို သုံးဆောင်နိုင်ပါသည်။)

**(၁၅) ကြက်မျက်သင့်၍ မျက်စိအမြင် အားနည်းလျှင်**

ခရမ်းချဉ်သီးဖျော်ရည်ကို ပုံမှန်သောက်သုံးပေးသွားပါက ကြက်မျက်သင့်၍ မျက်စိအမြင် အားနည်းခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(၁၆) ခံတွင်းပျက်လို့ လျှာတွေနာနေလျှင်**

လျှာပေါ်၌ အဖြူရောင်ရှိသော အကျိအချွဲများ ဖုံးအုပ်၍ ခံတွင်းပျက်နေပါက ခရမ်းချဉ်သီးအရည်တွင် သိန္ဓောဆား အနည်းငယ်ထည့်၍ သောက်ပေးပါ။ ခံတွင်းပြန်ကောင်းလာရုံမက လျှာအနာများ ကင်းပျောက်သွားပါလိမ့်မည်။

**(၁၇) သွေးအန်၊ သွေးကျနေပါလျှင်**

ခရမ်းချဉ်သီးအမှည့်ကို ပါးပါးလှီး၍ သကြားသင့်ရုံ ထည့်ဖျော်ကာ သောက်ပေးပါ။ (ခရမ်းချဉ်သီးတွင် ပါဝင်သော ဗီတာမင်စီဓာတ်သည် သွေးကိုတိတ်စေ၍ သကြား၏စွမ်းအင်မှာ အော့အန်ခြင်းကို နိုင်နင်းပါသည်။)

**သုတေသီဆရာမြမ်း**



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်သော ဆေးကုထုံးများ

**လွှမ်းပိုင်စိုး**



ကျွန်ုပ်သည် တစ်နေ့သ၌ ဓမ္မမိတ်ဆွေတစ်ဦးဖြစ်သူ နေပြည်တော် တပ်ကုန်းမြို့နယ်၊ ကျောင်းရွာမှ အစ်ကိုကြီးဦးလှမြင့်၏ နေအိမ်သို့ အလည်အပတ် ရောက်ရှိခဲ့ရာမှ အောက်ပါဂမ္ဘီရဆန်းကြယ်သော ဆေးကုထုံးများကို ကူးယူရရှိခဲ့ပေရာ စာဖတ်သူများ အသိပညာ ဗဟုသုတ တိုးပွားစေရန်နှင့် လိုအပ်သလို သုံးစွဲကုသနိုင်ရန်အတွက် စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။

**၁။ အပင်းအလုံးကျမန္တန်**

ဥုံ - နေမင်းကြီးစွာ၊ လမင်းကာ၊ တောရုံပြုပြုန်း၊ တောင်တစ်လုံး၊ ပြန်ဆရာပြန်၊ လှန်ဆရာလှန်။

အထက်ပါမန္တန်ဖြင့် ၃၇ အုပ် ရွတ်ဆိုထားသော ရေမန်းကိုတိုက်ကျွေး၍ ဆီမန်းကို လိမ်းပေးရပါမည်။

**၂။ ရင်ဘတ်နာဆီမန်းမန္တန်**

ဥုံ - နရှိန်နဲ၊ ဝမ်းထဲမှာ အပုပ်၊ ခလုတ်ပြု၍ မနေသာ၊ သက်ဆရာသက်၊ ဆင်းဆရာဆင်း၊ ပျောက်ဆရာပျောက်။

အထက်ပါမန္တန်ဖြင့် ၃၇ အုပ်မန်း၍ လိမ်းပေးရပါမည်။

**၃။ ခေါင်းကိုက်ပျောက် ဆီမန်း**

ဥုံ -သီသေနနာ ရုဗန္ဓနေန အဋ္ဌိမံသံ၊ လောဟိတဘာယံ၊ ဝါတဘာယံ၊ ဗုဒ္ဓဂုဏံ ဝိနသသန္တု၊ ဓမ္မဂုဏံ ဝိနသသန္တု၊ သံဃဂုဏံ ဝိနသသန္တု။

၃၇ အုပ်မန်း၍ ရသောဆီနှင့် ခေါင်းခဲသော နေရာကို နှိပ်ချလေ။

**၄။ ခြေကျိုး၊ လက်ကျိုးဆီမန်း**

ဥုံ - ကြောသေးကြောမ၊ ကြောလေးခွ၊ ဇိဝကသမား၊ မန္တရား၊ အသားချင်းယှက်၊ ဆက်ဆရာဆက်။

အထက်ပါ မန္တန်ကို ၃၇ အုပ် မန်း၍ ရသောဆီနှင့် လိမ်းကျံပြီးလျှင် ကျပ်စည်းထားရပါမည်။

**၅။ သွေးတိတ်မန်းဂါထာ**

ဥုံ - အဝသုဿတုမေသရီရေမံ သလောဟိတံ သွားဟ။

သွေးထွက်သောနေရာကို လက်နှင့်ပိတ်ပြီးလျှင် အထက်ပါမန္တန်ကို ၃၇ အုပ် ရွတ်ဆိုရပါမည်။

သက်ရှည်ကျန်းမာ၊ ဘေးရန်ကွာ၍ ချမ်းသာဆင်းလု၊ ခြံရံရလျက်၊ ဗလအားသည်း၊ ပညာကြီး၍၊ ပစ္စည်းခိုင်မြဲ၊ မကွဲချစ်သူ၊ ကျိုးဆယ်ဆူမှာ၊ ဆေးလှူသူတို့ ရဖို့တည်း။

လွှမ်းပိုင်စိုး



www.burmeseclassic.com

www.burmeseclassic.com



# ကင်းပွန်းတန်းဘုန်းတော်ကြီး ၏ ဂမ္ဘီရဆေးနည်းများ

ဗေဒသုတေသီ ဆရာမျိုး

ကျွန်ုပ်သည် တစ်နေ့သ၌ နေပြည်တော် တပ်တုန်းမြို့နယ်၊ ကင်းပွန်းတန်းကျေးရွာမှ ရဟန်းတစ်ပါးဖြစ်သော ဘုန်းတော်ကြီးဦးအာသဖထံမှ အောက်ပါဆေးနည်းများကို သိရှိခဲ့လေရာ စာဖတ်ပရိသတ်များ အကျိုးအတွက် ထပ်ဆင့်ဖော်ပြပေးအပ်ပါသည်။

(က) ငှက်ဖျားပျောက်နည်း

အသင့်ရှိရမည့်ပစ္စည်းများ

၁။ ရှိန်းခိုအမှုန့်၊ ၂။ မီးရဲနေအောင်ဖုတ်ထားသော အုတ်ခဲ၊ ၃။ လူနာ၏ ကျင်ငယ်ရည်၊ ၄။ ချွေးအောင်းရန် လိုအပ်သောပစ္စည်းများ၊ ၅။ ဆား။



www.burmeseclassic.com

www.burmeseclassic.com

အုတ်ခဲကို ချွေးအောင်းမည့်နေရာမှာချပြီး ကျင်ငယ်ရေလောင်းပါ။ ဆားတစ်ဇွန်းဖြူး၊ ရှိန်းခိုအမှုန့်ဖြူးပြီးလျှင် ချွေးအောင်းရန် ဖြစ်ပါသည်။ အထက်ပါအတိုင်း ပုံမှန်ဖျားချိန်မတိုင်မီ ကြိုတင်အောင်းရပါမည်။ သုံးကြိမ်သုံးရက် ဆက်တိုက်ချွေးအောင်းပေးပါက ငှက်ဖျားအမြစ်ပြတ်ပါသည်။

## (ခ) ငှက်ဖျားပျောက်မည့် မျက်စဉ်းခတ်နည်း

### အသင့်ရှိရမည့် ပစ္စည်းများ

ကွမ်းရွက်ကြီး၊ ကွမ်းစားဆေး၊ ဆား၊ ဒန့်သလွန်ရွက်၊ ငရုတ်ကောင်းမှုန့်၊ လေးညှင်းမှုန့်။

ကွမ်းရွက်ကြီးပေါ် သို့ ဆေးရွက်ကြီး + ဆား + ဒန့်သလွန်ရွက်တို့ကို တင်၍ပွတ်ပါ။ ပြီးလျှင် ငရုတ်ကောင်းမှုန့်နဲ့ လေးညှင်းပွင့်အမှုန့်ကိုတင်၍ အရည်လည်လာသည်အထိ ပွတ်ရမည်။ လူနာကို ပက်လက်လှန်၍ မျက်စိကိုစုံဖြဲပြီး နှစ်ဖက်စလုံးကို တစ်ဘရိတ်တည်း စုံခတ်ရမည်။ (တစ်ဖက်ချင်းခတ်၍ မရဘဲ စုံခတ်ရမည်ကို သတိပြုပါ။) ဤအတိုင်း တစ်ထိုင်တည်း သုံးကြိမ်ပြည့်အောင် ခတ်ပါက ငှက်ဖျားပြေးပါလိမ့်မည်။

## (ဂ) မျက်စိယား၊ မျက်သားထ၊ မျက်စိမှုန်နှင့် အခြားမျက်စိရောဂါများ

များရည်ကို မျက်စိထောင့်ထဲ ချပေးပြီး လက်နှင့်ဆွဲပေးရပါမည်။

## (ဃ) လေနာရောဂါပျောက်ဆေး (လေဆေးလျက်ဆား)

ပဒိုင်းသီး ၃၃ လုံး၊ မြေအိုးအသစ်၊ ဆား၊ ရွှံ့။

ပဒိုင်းသီး အနာလွတ် ၃၃ လုံးကို ရအောင်ရှာပါ။ ထိပ်ဝအညှာပိုင်းကို ပုံစံမပျက်အောင် ဓားဖြင့်လှီးပါ။ ကိုယ်ထည်ပိုင်းအတွင်းက အစာတွေကိုခြစ် ထုတ်ပြီး



နောက် အားလုံးကို ဆားအပြည့်သိပ်ပါ။ ပြီးရင် ခုနက လှီးထားတဲ့ အဖုံးအတွင်းပိုင်းတွေမှာ က မှ အ အထိ ဗျည်း ၃၃ လုံးကို ပဒိုင်းသီး ၃၃ လုံးပြည့်အောင်ရေး၍ အဖုံးများကို ပြန်အုပ်ထားရမည်။

မြေအိုးအသစ်တွင် ဆားခံပြီး ပဒိုင်းသီးများကို ထောင်၍ အက္ခရာစဉ်အလိုက် ဆံ့သလောက်ထည့်ပြီးလျှင် အပေါ်က ဆားတစ်ထပ် ထပ်အုပ်၍ နောက်ထပ် ပဒိုင်းသီးဆံ့သလောက် ထည့်ပါ။ ဤနည်းဖြင့် ပဒိုင်းသီး ၃၃ လုံးပြည့်လျှင် မြေအိုးအဖုံးကိုပိတ်၍ လေလုံအောင် ရွှံ့ဖြင့်ဇော်မံ မံပါ။ ပြီးလျှင် မီးပြင်းပြင်းတိုက်၍ဖုတ်ပါ။

ရလာသော ပဒိုင်းသီးမီးဖုတ်များကို အမှုန့်ကြိတ်၍ ညအိပ်ရာဝင်တိုင်း စားသုံးနိုင်ပါသည်။


ဆေးနည်းများကို မိန့်ကြားပေးသော ဘုန်းတော်ကြီး ဦးအာသဘအား ကျေးဇူးတင်ရှိစွာဖြင့် ပူဇော်ကန်တော့အပ်ပါသည်။

ဝေဒသုတေသီဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com



# ပအိုဝ့်ရိုးရာ ဆေးကုထုံးများ

မေဒသုတေသီ ဆရာမျိုး

ကျွန်ုပ်သည် တစ်နေ့သ၌ ရှမ်းပြည်တောင်ပိုင်း တီကျစ်မြို့ကွက်သစ်ရပ် ဦးသိန်းလွင်+ဒေါ်ခင်နု၏ နေအိမ်သို့ အလည်ရောက်ရှိစဉ် ညပိုင်း၌ ၎င်းတို့၏ ဘတ္တိမသားများဖြစ်သော ကိုဌေးဝင်း၊ ကိုဝင်းနိုင်တို့နှင့် မျိုးရာဗေဒင်နှင့် ရိုးရာကုထုံးနည်းပညာအကြောင်းများ ကို တိုင်ပင်ဆွေးနွေး၍ ပညာဖလှယ်ဖြစ်လေ၏။ ၎င်းတို့ ထံမှ ၎င်းတို့၏ မိဘဘိုးဘွားရိုးရာစဉ်ဆက် အမွေဆက်ခံ ခဲ့ရသော ပအို့ရိုးရာ ဆေးကုထုံးများကို သိရှိခဲ့ရလေ၏။

## ၁။ သွားကိုက်မန်း

လူနာအား ကုသမည့်ဆရာက ကြက်သွန်ဖြူတစ် လုံးကို ယူလာစေပြီးလျှင် အမြှောင်းအရေအတွက်ကို စစ် ဆေးပါ။ 'မ'ကျလျှင် တစ်မြှောင်းတည်း မန်းရမည်၊ 'စုံ'ကျလျှင် နှစ်မြှောင်းမန်းရမည်။

ရှေးဦးစွာ အဝတ်ဖြူသန့်သန့် တစ်စကိုယူပါ။ ထိုအဝတ်ဖြူစကို ဆရာမှ အသက်အောင့်ပြီးလျှင် အောက်ပါအတိုင်းမန်းပါ။



www.burmeseclassic.com

www.burmeseclassic.com

ဥုံ ဗုဒ္ဓအောင် ဓမ္မအောင် သံဃာအောင် သုံးကြိမ်
ဥုံ ဘုရားဆေး တရားဆေး သံဃာဆေး သုံးကြိမ်
ဥုံ ငါဆရာရဲ့ဆရာ သုံးကြိမ်

ထိုသို့မန်းပြီးပါက လူနာ၏ဘယ်ဘက်သွားကိုက်လျှင် ညာလက်ကို ၎င်းအဝတ်ဖြူစဖြင့် ပတ်ပါ။ အကယ်၍ ညာဘက်သွားကိုက်လျှင် လူနာ၏ ဘယ်ဘက်လက်ကို အဝတ်ဖြူစဖြင့်ပတ်ပါ။ ပြီးလျှင် လူနာကို ကြက်သွန်ဖြူအား ကိုက်ထားခိုင်းပြီးလျှင် အောက်ပါဂါထာဖြင့် အသက်အောင့်၍ ၃၇ အုပ် မန်းရမည်ဖြစ်ပါသည်။

ဥုံ ပိုးလောက်ကျကျ (၃၇) ခေါက်

မှတ်ချက် - ဆရာခအဖြစ် ဆေးလိပ် သုံးလိပ်ကို မဖြစ်မနေ တောင်းခံရပါသည်။ အခကြေးငွေ မတောင်းခံရပါ။ သို့သော် ကန်တော့လျှင် ယူနိုင်ပါသည်။

## ၂။ ကြွက်နို့မန်း

လူနာကို ကောက်ညှင်းဆန် သုံးစေ့ ယူဆောင်လာစေရပါမည်။ ထို့နောက် ဆရာလုပ်သူမှ ဦးစွာ ဘုရားကန်တော့ပြီးလျှင် အောက်ပါဂါထာသုံးပုဒ်ကို တစ်ပိုဒ်လျှင် သုံးကြိမ် အသက်အောင့်၍ ရွတ်ဆိုရပါမည်။

ဥုံ ဗုဒ္ဓအောင် ဓမ္မအောင် သံဃာအောင်
ဥုံ ဘုရားဆေး တရားဆေး သံဃာဆေး
ဥုံ ငါဆရာရဲ့ဆရာ

ထို့နောက် လူနာယူဆောင်လာသော ကောက်ညှင်းဆန်သုံးစေ့ကို ဆရာက လက်ဖြင့်ဆုပ်ကိုင်၍ လူနာ၏ အရင်ဆုံးပေါက်သော ပင်မကြွက်နို့အလုံးပေါ်တွင် အောက်ပါဂါထာဖြင့် အသက်အောင့်ပြီး ၃၇ ခေါက် မန်းရပါမည်။

ဥုံ ကြွက်မနို့သီး အကုန်တစ်ခုမကျန် ကြွေစေသတည်း၊ ပျောက်စေသတည်း၊ ကုန်စေသတည်း။

မန်းပြီးလျှင် ကောက်ညှင်းဆန်သုံးစေ့ကို လူနာအား လက်ပြန်ပေးလိုက်ကာ မြေဆွေးတွင် လက်ပြန်သုံးခါယက်၍ လက်ပြန်မြှုပ်ခိုင်းလိုက်ပါ။

မှတ်ချက် - ၎င်းမြေဆွေးနေရာကို ကြက်မယက်စေရန် သတိပြုရပေမည်။ ဆရာခအဖြစ် ဆေးလိပ်သုံးလိပ်ကို မဖြစ်မနေတောင်းခံရပါမည်၊ အခကြေးငွေ မတောင်းခံရပါ။ သို့သော် လူနာကကန်တော့လျှင် ယူနိုင်ပါသည်။

## ၃။ ပွေးမန်း

လူနာထံမှ အမွေးတိုင်၊ ဖယောင်းတိုင်ကို လက်ခံ၍ ဆရာမှ အောက်ပါဂါထာသုံးပိုဒ်ကို တစ်ပိုဒ်လျှင် သုံးခေါက်ကျစီနှင့် အသက်အောင့်ရွတ်ဆို၍ ဘုရားကန်တော့ရပါမည်။

ဥုံ ဗုဒ္ဓအောင် ဓမ္မအောင် သံဃာအောင် သုံးကြိမ်
ဥုံ ဘုရားဆေး တရားဆေး သံဃာဆေး သုံးကြိမ်
ဥုံ ငါဆရာရဲ့ဆရာ သုံးကြိမ်

ထို့နောက် လူနာ၏ပွေးကို ဆရာ၏တံတွေးဖြင့် သုံးချက်ဝိုင်းပြီးမှ လက်ဖြင့်မိုးကာ အောက်ပါဂါထာကို အသက်အောင့်၍ ၃၇ ခေါက် ရွတ်ဆိုမန်းမှုတ်ရမည်ဖြစ်ပါသည်။

ဥုံ ပွေးမတစ်ခုမကျန် ကြွေစေသတည်း၊ ပျောက်စေသတည်း၊ သေစေသတည်း။

မှတ်ချက်။ ။ ဆရာခအဖြစ် ဆေးလိပ်သုံးလိပ်ကို မဖြစ်မနေ တောင်းခံရပါမည်၊ အခကြေးငွေ မတောင်းခံရပါ။ သို့သော် လူနာက ကန်တော့လျှင် ယူနိုင်ပါသည်။


ရိုးရာအမွေအနှစ်များ မတိမ်ကော မပပျောက်စေရန် မှတ်တမ်းတင်ခြင်းဖြစ်ပါသည်။ ဆေးကုထုံးများကို ပေးအပ်သော ကိုဒွေးဝင်းနှင့် ကိုဝင်းနိုင်တို့ ညီအစ်ကိုအား အထူးကျေးဇူးတင်ရှိပါသည်။

**ဗေဒသုတေသီ ဆရာမျိုး**



www.burmeseclassic.com

www.burmeseclassic.com



# လူတိုင်း၏ ကျန်းမာရေး
# သီးနှံသားငါး စားသုံးပေး

သမားတော်ကြီးဒေါက်တာသက်ဆွေ
(ရွှေဆောင်တင်ဆွေ)(မဂ်လစမ္မဇောတိကဓဇ)
Ph.D.(AYURVEDIC MEDICINE.) (KOL-INDIA)

အစာလည်းဆေး၊ ဆေးလည်းအစာဆိုသော စာဆိုအရ အစာအာဟာရများ စားသုံးခြင်းဖြင့် ကျန်းမာရေးအထောက်အကူပေးပုံများ ဖော်ပြသွားပါမည်။

## ချဉ်ပေါင်ပင်၊ ဆေးချဉ်ပေါင်ပင်

ချဉ်ပေါင်ပင်ကို လေ့လာရာတွင် နှစ်မျိုးနှစ်စား တွေ့ရှိရ၏။ ရိုးရိုးချဉ်ပေါင်ပင်နှင့် ဆေးချဉ်ပေါင်ပင် (ဝါ) ချဉ်ပေါင်လက်ခြားပင် (ဝါ) ရွှေဘိုချဉ်ပေါင်ပင်ဟု အညာဒေသတွင် ခေါ်ဝေါ်ကြ၏။ ရိုးရိုးချဉ်ပေါင်ပင်သည် ပင်သေး၊ ပင်လတ်မျိုးဖြစ်ပြီး အမြင့်ဆုံး သုံးပေမျှသာလျှင် မြင့်၏။ ရိုးတံနီ၍ အရွက်သည် စိမ်းဝါရောင်သန်း၏။ ရွက်ကြောများ ပါရှိ၏။ အသီးသည် ထိပ်ချွန်၍ အသီးဆန် နီညိုရောင်၊ အခွံထူကြီးများ ဖုံးအုပ်ထား၏။ ၎င်းအခွံခွာ၍ ပြုတ်ပြီးသုပ်စားကြ၏။ ချဉ်ရည်ဟင်းလည်း ချက်စားရ၏။ ချဉ်ပေါင်ရွက်ကို ကြော်၍လည်းကောင်း၊ ချက်၍လည်းကောင်း စားသုံးကြ၏။ ၎င်းချဉ်ပေါင်ပင်ကို ဘိလပ်ချဉ်ပေါင်ဟု အချို့ဒေသများ၌ ခေါ်ကြ၏။ ဆေးချဉ်ပေါင်ခေါ် ရွှေဘိုချဉ်ပေါင်ပင်သည် ခုနစ်တောင်ခန့်ထိ မြင့်၏။ ရွှေဘို ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်တွင် ရွှေဘိုမြို့တွင် စိုက်ပျိုးပြီး အများဆုံးစားသုံးကြသည်ဟု သိရှိရ၏။ ဆေးဖက်ဝင်၍ ချဉ်ရည်ဟင်း ချက်စားပါက ချဉ်ခါးရသာရှိပြီး နှုတ်ကိုမြိန်စေ၏၊ လေကို ကြေကျက်စေ၏။ သိမ်းမီး

www.burmeseclassic.com

တောက်သဖြင့် ဝမ်းမှန်စေ၏ ဆီးကိုရှင်စေ၏ဟု တိုင်းရင်းဆေးကျမ်းများ၌ ဖော်ပြထား၏။ ဆီးဝမ်းလေမှန်သောကြောင့် ကျန်းမာရေးကို အထောက်အကူပေး၏။ ကုန်းဘောင်ခေတ်တွင် သီချင်းတစ်ပုဒ် ရှိခဲ့ဖူး၏။ "ရွှေဘိုချဉ်ပေါင်၊ ဖူးခေါင်ဝေလို့ဖြိုး၊ ကုန်းဘောင်ရှင်၊ ကုန်းဘောင်ရှင် နေနွယ်ရိုး" ဟု ဆိုကြ၏။ အဓိပ္ပာယ်ကတော့ ရွှေဘိုချဉ်ပေါင်ပင်များသည် အမြင့် ခုနစ်တောင်အထိမြင့်ကြောင်း။ အလောင်းမင်းတရားကြီး နေမျိုးနွယ် ဦးအောင်ဇေယျသည်လည်း အရပ်ရှည်ကြောင်း၊ ဆွေတော်မျိုးတော်များပါ အရပ်ရှည်ကြကြောင်း စပ်ဆိုခဲ့ကြပေသည်။ အလောင်းမင်းတရားကြီးသည် မိဖုရားများကိုလည်း အရပ်ရှည်သူကိုသာ တော်ကောက်၍ မိဖုရားမြှောက်ခဲ့ကြောင်း ကျွန်တော်တို့ငယ်စဉ်က မင်းမှုထမ်းခဲ့ဖူးသော အဘိုးများမှ ပြောပြ၍ သိရှိခဲ့ရကြောင်း။ ကျွန်တော်တို့ ကျောင်းသားဘဝက အရပ်ရှည်သော မိန်းကလေးတွေ့လျှင် ရွှေဘိုမင်းကြိုက်ဟု သူငယ်ချင်းများဖြင့် ပြောဆိုနောက်ပြောင်ခဲ့ဖူးပါသည်။ ရွှေဘိုခရိုင်အတွင်းရှိ အညာဒေသကျေးရွာများတွင် ရိုးရိုးချဉ်ပေါင်ကို ဘိလပ်ချဉ်ပေါင်ဟုခေါ်ပြီး ဆေးချဉ်ပေါင် (ဝါ) ရွှေဘိုချဉ်ပေါင်ပင်ကိုသာလျှင် ချဉ်ပေါင်ဟု ယနေ့ထက်တိုင် ခေါ်ဝေါ်သုံးစွဲလျက်ရှိနေပါသည်။

တိုင်းရင်းဆေးအလိုအားဖြင့် ဂုဏ်သတ္တိအကျိုးသွားများကို ဖော်ပြရသော် ရိုးရိုးချဉ်ပေါင်သည် ချဉ်၏၊ ဖန်၏၊ အနည်းငယ်ခါး၏။ ထို့ကြောင့် လေကိုကြေစေ၏၊ နှုတ်ကိုမြိန်စေ၏၊ သည်းခြေကိုနိုင်၏၊ ဝမ်းသက်စေ၏၊ ဆီးကို အထောက်အကူပြု၏။ ချဉ်ပေါင်ဟင်းရည်အဖြစ် ချက်၍ စားသုံးကြ၏။ ငါးကလေးများဖြင့်လည်း ရော၍ချက်စားကြ၏။ အချို့က ပြုတ်ပြီး လက်သုပ်လုပ်၍လည်း စားသုံးကြ၏။ ချဉ်ပေါင်ဟင်းစားသုံးခြင်းဖြင့် လေထိုးလေအောင့်၊ လေနာရောဂါများ ပျောက်ကင်းပြီး ဆီး၊ ဝမ်းတို့ကို မှန်စေ၏။

ရွှေဘိုချဉ်ပေါင်ပင် (ဝါ) ဆေးချဉ်ပေါင်သည် ချဉ်၏၊ ခါး၏၊ ဝိပါက၌ ဖန်၏၊ အစာကို ကြေကျက်စေပြီး ဝမ်းမီးကို တောက်စေ၏၊ နလုံးကို အထောက်အကူပြုပေး၏၊ အမောအပန်း ခံနိုင်၏၊ အားကိုဖြစ်စေ၏၊ သုက်ကိုပွားစေ၏၊ လေထိုး၊ လေအောင့်၊ လေနာ ဝေဒနာတို့ကို ပျောက်ကင်းစေ၏။ ဆီးပူ၊ ဆီးကျင်၊ ဆီးအောင့်ရောဂါများကိုလည်း ပျောက်ကင်းနိုင်၏။ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ဝေဒနာများကိုလည်း ပျောက်ကင်းစေ၏။ ဆီးဝမ်းသွေးလေ မှန်ကန်စေသဖြင့် ကျန်းမာရေးကို များစွာ အထောက်အကူပေးသဖြင့် အညာဒေသတွင် တောရော၊ မြို့ပါ စားသုံးကြလေသည်။

ရွှေဘိုချဉ်ပေါင်ကို ရိုးရိုး ငါးပိစိမ်းစား (သို့) ရွှေပုစွန်ခြောက်တို့ဖြင့် ချက်၍ စားသောက်ပါက ခံတွင်းမြိန်ပြီး ထမင်းစားကောင်း၏။ အချို့က ဝက်သားဖြင့်ရော၍ ချက်စားကြ၏။ အလွန်စား၍ကောင်းပြီး အအီဓာတ်၊ အဆီဓာတ်များပါ ပျက်သွား၏။ ဝက်သားကို ဓာတ်ဖျက်လိုက်သဖြင့် သွေးတိုးသမားများပါ စားသုံးသော်လည်း သွေးမတိုးပါ။ ဝသောပုဂ္ဂိုလ်များ စားသုံးပါကလည်း ကိုလက်စထရော (Cholesterol) ဓာတ်များ ပျက်ပြီး အဝမလွန်တော့ပါ။ လူတိုင်းစားသုံးနိုင်ပြီး မည်သည့်ဘေးဥပဒ်အန္တရာယ်မှ မဖြစ်စေဘဲ ကျန်းမာရေးအတွက် အထောက်အကူပေးမည်မှာ မလွဲပါ။ ချဉ်ပေါင်ကို သနပ်လုပ်၍လည်း စားသုံးကြ၏၊ သုပ်၍လည်း စားသုံးကြ၏။

ကလေးငယ်များ ချောင်းဆိုးရင်ကျပ် (သို့) ကြက်ညာချောင်းဆိုး ဖြစ်ပါက ဆေးချဉ်ပေါင်ရွက် ၅ ကျပ်သား၊ သတ္တုရည် ညှစ်ပြီး၊ ဆားပုပ် (သို့) သိန္ဓော ၄ဲ သား(လေးပဲသား) ရောပြီးတိုက်ပေးပါက ပျောက်ကင်းစေပါသည်။

ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းကိုက်ရောဂါများအတွက် ရိုးရိုးချဉ်ပေါင် (သို့) ဆေးချဉ်ပေါင် ပဉ္စငါးပါး သတ္တုရည် ၁၀ ကျပ်သားတွင် စမုန်မျိုးငါးပါး ၂ ကျပ်သား၊ နွယ်ချို ၂ ကျပ်သား၊ ဆားပုပ် ၁ ကျပ်သားရောပြီး ကြွေခွက်နှံဖြင့် တစ်နေ့နှစ်ကြိမ် သောက်က ပျောက်၏။

ချဉ်ပေါင်ကို နည်းမျိုးစုံပြုလုပ်၍ စားသုံးခြင်းဖြင့်ဖြင့်လည်းကောင်း၊ လိုအပ်သလို ဆေးဖော်စပ်၍လည်းကောင်း အသုံးပြုနိုင်ရန် ဖော်ပြလိုက်ပါသည်။

ကျန်းမာရေးအတွက် အထောက်အကူပြုသော ချဉ်ပေါင်ကို အသုံးပြုခြင်းဖြင့် ၉၆ ဖြာသောဝေဒနာ ကင်းကွာကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရခြင်း ဖြစ်ပေသတည်း။

**သမားတော်ကြီးဒေါက်တာသက်ဆွေ**

(ရွှေဆောင်တင်ဆွေ)(မဂ်လာ[illegible])

www.burmeseclassic.com

www.burmeseclassic.com

# "အစွမ်းထက်ဂါထာ မာရဇာပါ"

—— မြမြလှိုင် ——

လူရယ်လို့ဖြစ်လာလျှင် ဘဝရပ်တည်ရေးအတွက် လုပ်ကြရာတွင် အကြောင်းနှစ်ရပ်ကို မလွဲမသွေကြုံရသည်။ အကျိုးတရားရရှိမှုနှင့် အကျိုးယုတ်ခြင်းကို ရရှိမှုတို့ဖြစ်သည်။ အကုသိုလ်နှင့် ကြုံလာ၍ အစစ်အရာရာအောင်မြင်မှုကင်းလာလျှင် လက်လှမ်းမီရာကိုဖမ်းဆုပ်ကာ ကူညီမှုကို ရယူရှာကာ ဇနီးတော့သည်။ ထို့ကြောင့် မိတ်ဆွေတစ်ယောက်၏ အခက်အခဲကြုံတွေ့မှုမှ လွတ်မြောက်ရာလမ်းစအကြောင်းကို သိရှိရ၍ တင်ပြလိုက်ရပါသည်။ ထိုနည်းသည် ခဲယဉ်းသောနည်းမဟုတ်ပါ။ လွယ်ကူစွာကျင့်ကြံအားထုတ်၍ ရသောနည်းဖြစ်ပါသည်။ "မာရဇာပရိတ်တော်၏အဓိဋ္ဌာန်"ကျင့်စဉ်ဖြစ်ပါသည်။ မန္တန်အဖြစ်ရွတ်ဆိုကာ သစ္စာပြုရမည်ဖြစ်ပါသည်။ မန္တန်အဖြစ်ရွတ်ဆိုသည့်အခါတွင် သမာဓိပိုမို ခိုင်မာစေရန်အတွက် ပထမဦးဆုံး မိမိ၏ ဦးခေါင်းထက်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို အာရုံပြုကာ မိမိ၏ဦးခေါင်းထက်တွင် တည်စေရန် ပင့်ဆောင်ထားရမည်။ လက်ျာပခုံးထက်တွင် ကျိုက်ထီးရိုးစေတီတော်မြတ်၊ လက်ဝဲပခုံးထက်တွင် မဟာမြတ်မုနိကိုယ်တော်မြတ်ကြီးတို့တည်စေရန် အာရုံပြုကာ ပင့်ရပါမည်။

မိမိ၏ အာရုံထဲတွင် မြတ်စွာဘုရား၏ စေတီတော်မြတ်တို့ ကြွရောက်စံပယ်တော်မူပြီဟု သမာဓိခိုင်မာလာပါလျှင် မဆုတ်မနစ်သော ကြည်ညိုစိတ်ဖြင့် ဘုရားတန်ခိုးတော်၏ ဂုဏ်တော်ကို တသသအောက်မေ့ကာ မာရဇာပရိတ်တော်အား နှုတ်မှကြည်လင်သန့်စင်စွာ ရွတ်ဆိုရပါမည်။

၁။ မိမိ၏ဦးခေါင်းထိပ်သို့ ရည်ရွယ်ပြီး မြတ်စွာဘုရားကို အာရုံစုစည်းယူကာ မာရဇာပရိတ်တော်အား နှုတ်မှပီပီသသ အာရုံစိုက်၍ ရွတ်ဆိုရပါမည်။

၂။ လက်ဝဲ (ဘယ်ဘက်) နားကို အာရုံထား၍



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတရားအတွက် ရည်စူးကာ ဓာရဏ ပရိတ်ကို နှစ်ကြိမ်ရွတ်ဆိုရပါမည်။

၃။ လက်ဝဲမျက်စိ (ဘယ်ဘက်)ကို အာရုံထား၍ ဘုရား၊ တရား၊ သံဃာအတွက် ရည်စူးကာ ဓာရဏပရိတ်တော်ကို သုံးကြိမ်တိုင်တိုင် ရွတ်ဆိုရပါမည်။

၄။ မျက်ခုံးနှစ်ဖက်ကြားမှ နဖူးတည့်တည့်ကို အာရုံထား၍ ဘုရား၊ တရား၊ သံဃာ၊ မိဘ အတွက် ရည်စူးကာ ဓာရဏပရိတ်တော်ကို လေးကြိမ်တိုင်တိုင် ရွတ်ဆိုရပါသည်။

၅။ လက်ျာမျက်လုံး (ညာဘက်)ကို အာရုံထားပြီး ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာအတွက် ရည်စူးပြီး ဓာရဏပရိတ်တော်ကို ငါးကြိမ် တိုင်တိုင် ရွတ်ဆိုရပါမည်။

၆။ လက်ျာနား (ညာဘက်) အာရုံထား၍ ရောင်ခြည်တော်ခြောက်သွယ်ကို ရည်စူးကာ ဓာရဏပရိတ်တော်ကို ခြောက်ကြိမ်တိုင်တိုင် ရွတ်ဆိုပူဇော်ရပါမည်။

၇။ လက်ဝဲ (ဘယ်ဘက်) နှာခေါင်းဝကို အာရုံထား ပြီး ခုနစ်ရက်သားသမီးများကို ရည်စူးကာ ဓာရဏပရိတ်တော်ကို ခုနစ်ကြိမ်တိုင်တိုင် ရွတ်ဆိုရပါသည်။

၈။ လက်ျာ (ညာဘက်) နှာခေါင်းဝကို အာရုံထား ပြီး အောင်ခြင်းရှစ်ပါးကို ရည်စူးကာ ဓာရဏ ပရိတ်တော်ကို ရှစ်ကြိမ်တိုင်တိုင် ရွတ်ဆိုရ ပါသည်။

၉။ ပါးစပ် (နှုတ်ခမ်းဝ) အာရုံထားကာ အာဏာ စက်အတွက် ရည်စူးကာ ဓာရဏပရိတ်တော် ကို ကိုးကြိမ်တိုင်တိုင် ရွတ်ဆိုပူဇော်ရပါသည်။

၁၀။ မိမိ၏ ရင်ညွန့်ကိုအာရုံထားပြီး ဆယ်ပါးသော သိဒ္ဓိအတွက် ရည်စူးကာ ဓာရဏပရိတ်တော် ကို ဆယ်ကြိမ်ရွတ်ဆိုရပါမည်။

ဤဓာရဏပရိတ်တော်ကို အဓိဋ္ဌာန်ပြုပြီး ကျင့်ကြံအားထုတ်သည့်အတွက် မကောင်းသော ဘေးဆိုး၊ ကပ်ဆိုး၊ အန္တရာယ်ဆိုးတို့မှ ကင်းစင်လွင့်ပျောက် ရောက်ရမည်ဖြစ်သည်။

လေ့ကျင့်ကာစတွင် အာရုံမမိခြင်း၊ စိတ်ထွေ ပြားခြင်းဖြစ်တတ်ပါသည်။ ထိုအခါ ခေါက်ရေပို့သွား ခြင်း၊ လျော့သွားခြင်းလည်း ရှိတတ်ပါသည်။ စိတ် မပျက်ပါနှင့်။ လေ့ကျင့်ဖန်များလာလျှင် မှတ်မိလာပါ လိမ့်မည်။ အဓိဋ္ဌာန်ကျင့်စဉ်အောင်မြင်ပြီးမြောက်လျှင် မိမိ၏ဆန္ဒများ အောင်မြင်မှုကို အနေးအမြန်ရရှိ ပါလိမ့်မည်။

ဤကျင့်စဉ်ကို ပထမတစ်ပတ်ပြည့်ရန် ကျင့် ရမည်။ ထိုကျင့်စဉ်အား နေ့စဉ် တစ်ကြိမ်မက ပွား များလာပါလျှင် အချိန်အခါမရွေး၊ နေ့ညမရွေး၊ ကျင့် ဖန်များလာသည့်အခါတွင် မိမိ၏စိတ်သည် သန့်စင်၊ ကြည်လင်၊ လန်းဆန်းကာ အေးမြလာပါမည်။ လေ့ကျင့်ဖန်များလာလျှင် ပင်ပန်းခြင်းမရှိတော့ပါ။ အာရုံပြုရမည့်နေရာကို မှတ်မိလာသောအခါတွင် အနေအထိုင်၊ နေရာ၊ အချိန်အခါမရွေး အလို အလျောက် ရွတ်ဆိုမိမည်ဖြစ်သည်။

အမှန်တကယ် ဓာရဏပရိတ်တော်၏ တန်ခိုးတော်ကို ယုံကြည်ခြင်းဖြင့် ရွတ်ဆိုပါလျှင် မန္တန်အစွမ်းပကားကြောင့် ဘေးအန္တရာယ်တို့မှ အမှန် တကယ် လွတ်မြောက်ပါမည်။ သူတစ်ပါး အပေါ် တွင် မကောင်းသော စိတ်ကို မထားရပါ။

မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com


# နှစ်ပေါင်း (၃၀) ကျော် အောင်မြင်နေတဲ့ ကချင်ဆေးဆရာမကြီး ဒေါ်နန်းထူ



♦ သွေးတိုး၊ အကြောတက်ခြင်း၊ နောက်ကြောတက်၊ မျက်နှာလေဖြတ်၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ လူကြီးလူငယ်မရွေး ဖြစ်တတ်သော အကြောရောဂါ၊ လေငန်း၊ လေဖြတ် ရောဂါများကို အထူးသက်သာစေတဲ့ အကြောအားဆေးဝိဇ္ဇာ။

♦ သွေးအားနည်း၊ နှလုံးတုန်၊ စိတ်ခြောက်ခြား အိပ်မပျော်၊ ဓမ္မတာမပေါ်/ကျန် ကိုက်ခဲခြင်း၊ အဖြူဆင်း၊ အားကုန်၊ အသားဖြူလျော်၊ သွေးသားခြောက်ခမ်းခြင်းများအတွက် ကချင်သွေးအားတိုး အားဆေးကြီး။

♦ ခန္ဓာကိုယ် ထုံကျင်လေးလံခြင်း၊ ခါးကြောတစ်လျှောက် အမြှောင်းထခြင်း၊ အဆစ်လွဲခြင်း၊ အကြောလွဲ၊ အကြောကပ်ခြင်းများ ရောဂါမျိုးစုံတို့အတွက် အဆိပ်ပြေ ရောဂါချုပ်ငြိမ်းဖြတ်စေတဲ့ ကချင်မရှောစားဆေးကြီး ရရှိနိုင်ပါသည်။

♦ **လေဖြတ်လေငန်း ဝေဒနာရှင်များအတွက် ဆရာမကြီးနှင့် ဆွေးနွေးဝိုင်းမင် ကုသနိုင်ပါတယ်။**

အိမ်အမှတ်(၃၁၆)၊ သခင်ဖိုးလှကြီးလမ်း၊ စိမ်းကိုက်န်း(၁)၊ တောင်ဥက္ကလာပ။
နေ့စဉ် နံနက် (၇း၀၀) မှ (၁၁း၀၀) နာရီထိ။
ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅၊ ၀၉-၄၂၅၃၀၇၃၈၈၊

မြစန္ဒာဆေးတိုက် - ဆေးခန်းအမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း KBZ ဘေး
နေ့လယ် (၁၂း၀၀) မှ ညနေ (၄း၀၀) နာရီထိ။ ဖုန်း - ၀၁-၃၈၇၀၉၇
(တနင်္ဂနွေနေ့ ပိတ်သည်)


www.burmeseclassic.com

www.burmeseclassic.com




မဟာဆန်သူ
ရသေ့ကြီး နှင့်
မုန့်လုံးစကျကြာဒ

ဆွဲ: အိုက်ချင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မဟာဆန်သူ ရသေ့ကြီး

နှင့်

# မှန်လုံးစက္ကူကြပ်

❖ မြူးအိမ်ခင်

နယ်ချဲ့အင်္ဂလိပ်အစိုးရ အုပ်စိုးခဲ့သောကာလ အထက်အညာဒေသ မြို့တစ်မြို့၌ ကျွန်ုပ် ပက်ထောက်မြို့ပိုင်ရာထူးဖြင့် အလုပ်စတင်ဝင်ရောက်စဉ်က ဖြစ်၏။

တစ်နေ့သ၌ မြို့စွန်မြို့ဖျားရှိ အသုံးမပြုသည့်အိမ်မှာ ပဝေသဏီကြာပြီဖြစ်သည့် သချိုင်းပျက်ကြီး၌ ထူးဆန်းသော ရသေ့ကြီးတစ်ပါး ရောက်ရှိနေသည်ဟု တစ်ဆင့်စကားတစ်ဆင့်ကြားရ၏။ မြို့ပိုင်မင်း တာဝန်ထမ်းဆောင်နေသော်ငြား ပုထုဇဉ်လူသားပီပီ ကျွန်ုပ်စိတ်ဝင်စားမိ၏။ သိသိချင်း မသွားဖြစ်သော်လည်း တစ်လနှစ်လခန့်အကြာ ကျွန်ုပ်အားလပ်သည့်တစ်နေ့၌ တပည့်ကျော်ကြီးသာဂဒိုးကို အထောက်တော်စေလွှတ်လိုက်၏။

သချိုင်းပျက်ကြီးမှာ အသုံးမပြုသည်မှာ ကြာမြင့်သည်နှင့်အမျှ သချိုင်း၏ အလယ်ကြောကိုဖောက်၍ မြို့သူမြို့သားများ၊ မြို့နှင့်အနီးတစ်ဝိုက်ရှိ ရွာများမှ ရွာသူရွာသားများ၊ ဥဒဟို ဖြတ်သန်းသွားလာနေကြ၏။ လမ်းအူကြောင်းပင် ဖုန်တထောင်းထောင်း ထနေ၏။ သချိုင်းခြံစည်းရိုးနှင့်ကပ်လျက်နေရာ၌ ဇရပ်တစ်ဆောင်မှုသည်၊ ယခင်က အသုဘပို့ဆောင်နားခိုရန်ဖြစ်သည်။ ထို့အပြင် ရန်သူနှင့်ပက်ပင်းမတိုးစေရန် အင်္ဂလိပ်စစ်သားများ တစ်ထောက်နား လျှို့ဝှက်စခန်းချခဲ့ဖူးသည့် နေရာဖြစ်ကြောင်းလည်း ရှေ့မီနောက်မီ မြို့ခံလူကြီးများ၏ ပြောကြားချက်များအရ သိရရလေ၏။

ဇရပ်လေးမှာ သွပ်မိုး၊ ပျဉ်ခင်း ဖြစ်၏။ အလယ်၌ ထောင်ထောင်မောင်းမောင်း လက်တံခြေတံရှည် ယောက်ျားကြီးတစ်ဖက်စာမကသည့် ကျွန်းတိုင်လုံးကြီးကို ထူးထူးခြားခြားထား၍ ထောင့်လေးထောင့်၌ နှစ်ပေလုံးပတ်ရှိသော သစ်မျိုးစုံဖြင့် ဆောက်လုပ်ထား၏။ ခုနစ်နေ့သားများအတွက် ခုနစ်နံသားမျိုးစုံဖြင့် ဆောက်လုပ်ခဲ့ကြောင်း နောင်သော်သိရ၏။ ကာလကြာမြင့်ပြီဖြစ်၍ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ် ခံစားခဲ့ရ၍ ဇရပ်လေးမှာ ကြမ်းခင်းများ မစုံတော့၊ အချို့နေရာက ကျိုးလို့ကျိုး၊ အချို့နေရာက ပေါက်လို့ပေါက်။ သွပ်မိုးများသည်လည်း ဟောင်းနွမ်း၍ သံချေးအထပ်ထပ်တက်ကာ အချို့လန်လို့လန်၊ အချို့ကွာလို့ကွာ၊ အချို့ပေါက်လို့ပေါက်။ ကြမ်းခင်းသည့်လည်း သံချက်များ မမိတော့သဖြင့် နင်းလိုက်တိုင်း တကျွိကျွိ၊ တကျိကျိမြည်လျက်ရှိ၏။

သို့သော် ... ဇရပ်လေးတွင် တစ်ထောက်အမောအပန်းဖြေသူတိုင်း ခဏတွင်းပင် စိတ်နှလုံးအေးချမ်းမှုကို ရသွားစေသည်က ဇရပ်လေး၏ ထူးခြားမှုပင်ဖြစ်၏။ ဇရပ်ကိုအုပ်မိုးထားသော ညောင်ပင်ကြီး နှစ်ပင်က နေပြောက်မထိုးနိုင်အောင်ပင် အရိပ်ကောင်းလှသည့်အပြင် တစ်ပင်အား တစ်ပင်လိမ်ယှက်ထား၍ ဘယ်အပင်ကအကိုင်း၊ ဘယ်အပင်က အသီး၊ ဘယ်အပင်က အခက်အလက်၊ အရွက်ဆိုသည်ကိုပင် ခွဲခြားရန် ခက်ခဲလှ၏။ ၎င်းသည်လည်း ထူးခြားချက်တစ်ရပ်ဖြစ်၏။ ဇရပ်၏ အမိုးမှာတော့ လင်းဆွဲများက တိုးလိုးတွဲလောင်း။ လေအသုတ်၌ တစ်ချက်တစ်ချက် လင်းဆွဲ ချေးနံ့ရ၏။

••• •••

ကျွန်ုပ် ဝရန်တာ၌ထိုင်၍ စဉ်းစားနေရင်းပင် တပည့်ကျော်သာဂဒိုး သုတ်သီးသုတ်ပျာရောက်လာ၏။ ကျွန်ုပ်လည်း မောပန်းလာသော တပည့်ကျော်အား ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ပန်းကန်ကို စားရန် တွန်းထိုးပေးလိုက်၏။

''ဆရာရယ် ... တပည့်ကြီးတစ်သက် ဒီလောက်လှတဲ့ ရသေ့ကြီးမျိုး တစ်ခါမှ မတွေ့ဖူးဘူး''

''ကြည်ညိုဖွယ်အဆင်းနဲ့ ကျက်သရေရှိတဲ့ ရသေ့ကြီးမျိုးလည်းခမ်းပါ သာ

www.burmeseclassic.com

...ရော။ နွေခေါင်ခေါင် မိုးကြိုးပစ်တော့မှာပဲ''

ကျွန်ုပ်ပြောလိုက်သည်နှင့် သာဂဒိုးမှာ ဖက်ကလေးပုပြီး သူ့ခေါင်းသူ ပြန်ထောင်းလိုက်၏။ ယင်းနောက် ကျွန်ုပ်ကပင်

''ကဲ ...ဆက်ပြောစမ်းပါဦး''

''ရသေ့ကြီးက အသားဖြူဖြူ၊ အရပ်ထောင်ထောင်မောင်းမောင်း။ သစ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ဆင်ထားတယ်။ တစ်ခုထူးဆန်းတာက ရသေ့ကြီးနေတဲ့အနားက ပျဉ်ချပ်တစ်ချပ်မှာရေးထားတဲ့ ကဗျာလေးက စိတ်ဝင်စားဖို့ကောင်းတယ်။ အရင် ကျွန်တော် အခေါက်ခေါက်အခါခါ ဖြတ်နေတာ မတွေ့မိပါဘူး။ တစ်ခါတလေ ဆရာနိုင်းလို့ တောင်ဘက် ငါးမိုင်ဝေးတဲ့ အင်းငှက်ရွာတို့ လက်ပန်စါးရွာတို့၊ မယ်သုပ်မျှော်ရွာတို့ဘက်ဆီ သီးနှံအခွန်အခတွေအတွက်သွားရင် အပြန်မှာ ကျွန်တော်ထိုင်နေကျ။ ပြီးတော့ ...''

''လိုရင်းပြောကွာ။ စကားရှည်မနေနဲ့''

''ကဗျာလေးက ဒီလိုဆရာရဲ့။ ဒေါ်ကျိုရုပ်လေးနဲ့ တွဲထားတာ၊ 'တောင်ဝှေးနဲ့ ဖော်ကျိုလေးတွေ၊ ဆေးအကြိတ်မှာ၊ ဘေးမတိတ်အောင်၊ ချွေးသိပ်ဖို့ ကျွန်ုပ်သာပြီ' ...တဲ့ဆရာ''

''ဘာအဓိပ္ပာယ်လဲ''

''အဲဒါတော့ ကျွန်တော်လည်း မေးခဲ့မိဘူးဆရာ။ ပြီးတော့ ဒီထက်ထူးဆန်းတာ ပြောရဦးမယ် ဆရာ''

တပည့်ကျော်သာဂဒိုးတစ်ယောက် ဘဲတွေးကို ဂလုခနဲမြည်အောင် မျိုချရင်း ရေနွေးကြမ်းတစ်ခွက် ငှဲ့လိုက်၏။ ရေနွေးကြမ်းသောက်လိုက်၊ လက်ဖက်စားလိုက်နှင့် တစ်ပန်းကန်လုံးပြောင်စင်သွား၏။ ကျွန်ုပ်မှာ စိတ်မရှည်နိုင်တော့ ...

''ဒီလိုပါ ဆရာ''

''အစချီမနေနဲ့တော့။ ပြောမယ့်ဟာပြောကွာ''

''ရသေ့ကြီးမှာ မင်းသားရုပ်ကလေးတစ်ရုပ်နဲ့ မင်းသမီးရုပ်လေးတစ်ရုပ် ပါလာသေးတယ်။ အဆင်းသဏ္ဌာန်က သိပ်လှတာပဲ။ မင်းသားရုပ်လေးကလည်း တည်တည်ကြည်ကြည် သစ္စာတရားရှိမယ့်ရုပ်။ မင်းသမီးလေးကလည်း ချောမှချောဆရာရေ။ ဥမ္မာဒန္တီ၊ ပပဝတီတို့ထက်တောင် သာမယ်ထင်တယ်''

''အရေးထဲကွာ။ သူတို့ကို မင်းမြင်ဖူးလို့လား''

''အလကားနောက်တာပါ ဆရာရယ်။ ဆရာနဲ့ တပည့်ကြီးက လူရင်းတွေမို့ အားလပ်ရက်မျိုးမှာ ဆရာအပန်းပြေအောင်ပါ''

''ကဲ ...လေရှည်ပေရှည်မနေနဲ့။ ပြောမယ့်ဟာဆက်ပြော''

''အဲဒီ မင်းသားရုပ်နဲ့ မင်းသမီးရုပ်လေးရဲ့ ဘယ်ဘက်ရင်အုံအထက်မှာ အင်းကွက်ခေါ်မလား။ ဘာလား အဝိုင်းကွက်လေးတစ်ကွက်စီ ရေးထားတယ်''

''မင်းဟာက သာဂဒိုးရာ၊ ပြောရင်းနဲ့ ငါတောင် မျက်စိလည်လာပြီ''

''ပြီးတော့ အဲဒီအဝိုင်းကွက်လေးထဲမှာ စာလုံးလေးလုံးရေးထားတယ်''

''ရှုပ်ပါတယ်ဆိုမှ ထပ်ရှုပ်နေပြန်ပြီ''

''အဲဒီအဝိုင်းလေးကို ကျွန်တော်ဆွဲပြမယ်ဆရာ''

ဟုပြောရင်း သာဂဒိုး သူ့အိတ်ထဲမှ စာရွက်ဖြူတစ်ရွက်နှင့် ဖောင်တိန်ကို ထုတ်၍ ဆွဲပြလေ၏။




''ဒီအကွက်လေးရဲ့ အဓိပ္ပာယ်ကို မင်းမမေးခဲ့ဘူးလား သာဂဒိုး''

''ဒါတော့ ဆရာ့တပည့်ပဲ ဘယ်နေပါ့မလဲ။ မေးတော့ ရသေ့ကြီးက စိတ်ရှည်လက်ရှည် ဖြေတယ်''

''ဒါဆိုပြောကွာ''

သာဂဒိုးသည် ခါးကိုဆန့် လည်ကို မတ်ပြီး ဆရာကြီးဂိုက်ဖြင့် ..

''ဆရာ သေချာနားထောင်နော်။ စက်ဝိုင်းရဲ့အဓိပ္ပာယ်က သံသရာပေါ့ဝရာ။ သံသရာက အစအဆုံးမရှိဘူး။ လူသားတွေအားလုံး ဒီသံသရာထဲမှာ ရုပ်၊ နာမ်တွေ ပြောင်းလဲဖြစ်တည်နေတယ်။ ရဟန္တာ၊ ဗျာနိရပုဂ္ဂိုလ်ကြီးတွေသာ ဒီသံသရာက လွတ်ကျွတ်သွားတာမို့ သံသရာကိုယ်စားပြုတယ်တဲ့။

နောက်တစ်ခု အကွက်ခြောက်ကွက်ရဲ့ သဘောက လူတွေမှာ အာရုံငါးပါးရှိကြတယ်။ ဒါပေမဲ့ အာရုံငါးပါးနဲ့ မလုံခြုံသလို ခရီးမရောက်တဲ့အတွက် သဋ္ဌမအာရုံကို မွေးမြူလေ့ကျင့်ရမယ်ဆိုတဲ့ သဘော။ ဆိုလိုတာက လွတ်မြောက်နိုင်တဲ့ အာရုံသစ်ပေါ့ဆရာ။

နောက်တစ်ချက် စာလုံးလေးလုံးကို 'ချစ်သူ'နဲ့ 'သူချစ်'လို့ ဘယ်၊ ညာ၊ ထက်၊ အောက်ဖတ်လို့ရတယ်။ လောကမှာ ဖိုနဲ့မ ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်သူတွေ၊ သူချစ်တွေ ဘဝအဆက်ဆက်က ဖြစ်ခဲ့ဖူးသူချည်းပဲဆိုတဲ့ အဓိပ္ပာယ်ပါပဲ ဆရာ။

နောက်ဆုံး မျက်လုံးထဲက မျက်ရည်ကျတာက ...'ဝေးကွာချိန်'ဆိုတဲ့ အဓိပ္ပာယ်။ အပေါင်းလက္ခဏာက 'ပေါင်းဆုံခြင်း'ဆိုတဲ့သဘော။ သံသရာမှာ လူတွေဟာ နီးလိုက်၊ ဝေးလိုက်၊ ဆုံလိုက်၊ ကွဲလိုက်ဆိုတဲ့ သဘောတပါ ဆရာ''

တပည့်ကျော် သာဂဒိုး၏ စကားအဆုံး၌ ကျွန်ုပ်တစ်ယောက် စိတ်ဝင်စားလွန်း၍ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် သဘောကျနေမိ၏။

ဝရန်တာ၌ ဆရာတပည့်နှစ်ယောက် စကားကောင်းနေ၍ နေဝင်သွားသည်ကိုပင် သတိမပြုမိ။ အညာထန်းတောကို



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်သန်းတိုက်ခတ်လာသည့် လေက ရင်ကို့ခေါ်အားမြဲစေတာ အမှန်။

••• •••

ထူးဆန်းသောရသေ့ကြီး၏သတင်းမှာ နေ့ချင်းညချင်း ကျော်ကြားလေ၏။ ရက်တိုတိုအတွင်း မမြင်နိုင်သော ပရလောကမှပုဂ္ဂိုလ်များ၏ အစောင့်အရှောက်ကြောင့်လားမသိ၊ တစ်မြို့လုံးနီးပါး ရွာနီးချုပ်စပ်ကပင် သိလာကြ၏။

ရသေ့ကြီးသည် ဆေးမကုာ၊ ဗေဒင်မဟော၊ သို့သော် ယတြာအဆောင်တစ်ခု ပေး၏။

ပေးသည်မှာလည်း လူတိုင်းမပေး။ ကွဲကွာနေသည့် အိမ်ထောင်သည်များ ပြန်လည်ပေါင်းဆုံရန်အတွက် အဆောင်ယတြာဖြစ်၏။ ရသေ့ကြီး၏ အဆောင်ယတြာအစွမ်းက ••• နောက်တစ်ရက်ဆို အစွမ်းပြလေ၏။ အနီးနားမှာ ကြင်ဖက်ရှိလျှင်ပြန်လာ၏၊ အဝေးမှာရှိလျှင် အကြောင်းကြားလာ၏။ ရသေ့ကြီးရောက်ပြီး နှစ်လအတွင်း၌ပင် လင်ကွဲ၊ မယားကွဲ၊ ချစ်သူရည်းစားကွဲ အတွဲပေါင်း ငါးရာထက်မနည်း ပြန်ဆုံခဲ့ကြ၏။ အင်္ဂလိပ်အုပ်စိုးသောခေတ်ဖြစ်၍ စစ်ဒဏ်ကြောင့် တစ်ကွဲတစ်ပြားစီ ဖြစ်နေသော စုံတွဲများကလည်း ဒုနဲ့ဒေး။

ဇရပ်သို့ရောက်လာကြသည့်သူများအား ပေးသည့်အဆောင်ယတြာက ထူးဆန်းလှသည်မဟုတ်၊ ရယ်စရာပင်ကောင်းလှ၏။ မုန့်လုံးကြီးနှစ်လုံးအား ရွှေရောင်စက္ကူပါးပါးလေး ကပ်ပေးလိုက်ခြင်းဖြစ်၏။ အမိပွာယ်မှာ ယောက်ျားနှင့်မိန်းမတို့၏ အသည်းနှလုံးကိုယ်စားပြု၊ ရွှေရောင်စက္ကူပါးပါးကပ်သည့်သဘောက မခွဲမခွာကပ်နေဖို့။ တစ်လုံးကို ဘုရားစင်တင် ဆွမ်းတော်ကပ်၍ ကျန်တစ်လုံးကို ဘယ်ဘက်နှလုံးသားတည့်တည့်ရှိရာ ရင်ဘတ်၌တင်၍ အိပ်စက်ရ၏။ ၎င်းပြင် ထူးဆန်းသော တစ်ကြောင်းဂါထာလေးတစ်ခု ရွတ်စေ၏။ လွယ်လွယ်လေးပင်။

"ကဲ •• တပည့်ကျော်ကြီး။ ဇရပ်ကို တစ်ခေါက်ပြေးလိုက်ပါဦး"

နောက်တစ်ပတ် အားလပ်ရက်တွင် တပည့်ကျော်အား ထပ်လွှတ်လျှင် သာဂဒိုးခမျာ တည်တိုင်မှလွှတ်သော နွားတစ်ကောင်ပမာ ကဆုန်ပေါက်ပြေးပါတော့၏။ ရောက်လေလျှင် ရသေ့ကြီးအား ••

"တပည့်တော်ရဲ့ဆရာက မှာလိုက်ပါတယ်။ သူသိချင်တာတွေ အဘရသေ့ကို မေးခဲ့ပါတဲ့"

"ဖြေရမှာပေါ့ကွာ။ ဘရသေ့ကလည်း ဖြေချင်တာနဲ့အတော်ပဲ။ ကဲ ••• မေးတော့"

"ဘရသေ့ အသက်ဘယ်လောက်လဲ၊ ဘယ်ကကြွလာတာလဲ"

"ငါ့အသက်ကတော့ မခန့်မှန်းနိုင်လောက်အောင် ရှည်တယ်။ ရှေးခေတ်အတ္တလန္တိတ်တိုက်ကြီး သမုဒ္ဒရာအောက်မနစ်မြုပ်မီကတည်းကမွေးတာ။ အတ္တလန်ယဉ်ကျေးမှုကိုဦးဆောင်ခဲ့တဲ့ တောလ်တက်မျိုးနွယ်အဆက်ပဲ။ အဲဒီလောက်ကို ငါအသက်ရှည်တာက ငါတတ်ခဲ့တဲ့အတတ်ပညာတစ်ခုနဲ့ ဝဋ်ကြွေးဆပ်ချင်လို့ကွ။ ဒီဝဋ်ကြွေးဆပ်ပြီးရင် ငါဘဝဇာတ်သိမ်းပြီ"

ရသေ့ကြီး၏ ပုံမှန်မဟုတ်သော စကားများကြောင့် သာဂဒိုးလန့်သလိုလို ရှိလာ၏။ လေ့ကားဆီသို့ ပြေးပေါက်ကို မျက်စောင်းထိုးကြည့်မိ၏။

"ဘာလဲ၊ မင်းကြောက်နေသလားကွ။ ဒီမယ်မှတ်ထား။ တချို့က သံသရာတစ်လျှောက် တိရစ္ဆာန်ဖြစ်ရင်ဖြစ်မယ်၊ ပြိတ္တာ၊ ငရဲ အစုံပေါ့ကွာ။ ဖားလေးတွေ၊ ကြွက်လေးတွေ၊ ဝက်လေး၊ ခွေးလေး၊ ကြောင်လေးကအစ ကြမ်းပိုး၊ ခြင်၊ ယင်၊ မှက်အထိပေါ့ကွာ။ ငါကတော့ သံသရာမှာ ထူးထူးခြားခြား လူလာဖြစ်တယ်"

"ဗျာ"

သာဂဒိုး မျက်လုံးမျက်ဆန် ပြူးသွား၏။

"အေး •••လူတော့လူပဲ၊ လူတောင်မှ လူယောက်ျား။ ဒါပေမဲ့ အိမ်ထောင်တစ်ခုကို ဦးစီးဦးရွက်မလုပ်နိုင်တဲ့ ယောက်ျား။ မိန်းမလျာလို့ခေါ်ရင်လည်း ရတာပေါ့။ အဲဒီမှာတင် ငါလည်း နတ်ကတော်အလိုအလျောက်ဖြစ်၊ နတ်ကိုယ့်တဲ့ လင်ရှိအမျိုးသမီးတွေနဲ့ ဖောက်ပြန်၊ သံသရာအဆက်ဆက် ဘဝတိုင်း မိန်းမလျာချည်းပဲဖြစ်နေတော့တယ်။ ဒါကြောင့် နောက်ဆုံးဘဝဖြစ်အောင် ပါရမီဖြည့်နေတာ"

"ဒါဆို ဖော်ဂျီရုပ်လေးနဲ့ ကဗျာလေးရဲ့အဓိပ္ပာယ်ကကော ဘရသေ့"

"ဖော်ယောင်ဂျီယောင် ဆေးကြိတ်တဲ့မောင် ဆိုတာ မင်းမကြားဘူးလား"

ဟု ပြောပြောဆိုဆို ရသေ့ကြီးလည်း ဖော်က ကနေပါတော့၏။

"ဖော်ဂျီကြိတ်တဲ့ဆေးက လောကမှာ ဆေးဘက်အဝင်ဆုံး။ သူ့ဆေးနည်းမျိုး ဒီကမ္ဘာမှာ ဖော်စပ်နိုင်သူ မရှိသေးဘူး။ အချစ်ဆေး၊ မသေဆေးလေကွာ။ ဒါကြောင့် ကဗျာလေးကို ငါစိတ်ကူးပြီး စပ်ထားတာ။ ငါဝဋ်ကြွေးအကျေဆပ်ရတော့မယ့်ဘဝလေ"

အင်း •• လွယ်တော့မလွယ်၊ ဘယ်လိုအကြောင်းပြ၍ ထပြန်ရမည် မသိ။ လာမိတာ မှားလေခြင်းဟု သာဂဒိုးတွေးရင်း ခေါင်းကို တဖြင်းဖြင်းကုတ်နေမိ၏။

"မင်းမမေးပေမဲ့ မင်းဆရာရော၊ မင်းရော သိချင်တာတွေ ငါဆက်ပြောမယ်"

ဟု အစချီကာ မိုးပေါ်သို့ကြည့်၍ လက်အုပ်ချီကာ ပါးစပ်မှလည်း ပွစိပွစိ ရွတ်ဆိုနေ၏။

"ငါအဆောင်ယတြာပေးတာ လင်ကွဲ၊ မယားကွဲ၊ တစ်ခုလပ်၊ ရည်းစားကွဲတွေပဲနော်။ တခြားလူတစ်ယောက်မှမပေးဘူး။ ပေးစရာအကြောင်းလည်း မရှိဘူး၊ ပေးလည်း မပေးတတ်ဘူး။ ငါအဝင်တွက သူများသားမယားကို ပြစ်မှားခဲ့လို့ အခု

www.burmeseclassic.com

ကွဲကွာနေသူတွေ ပြန်ဆုံပေးတာ။ ဒါငါ့ နဲ့သစ္စာပဲ''

ရသေ့ကြီး ခပ်ဝေးဝေးက သစ်ပင် စိမ်းစိမ်းစိုစိုများကို ငေးကြည့်ရင်း စကား ဆက်ပြန်၏။

''ငါအဆောင်ယတြာပေးတဲ့ မုန့်လုံးစက္ကူကပ်ကို မင်းတို့သိတာနဲ့ နည်းနည်းတော့ လွဲမယ်ထင်လို့ ငါရှင်းပြမယ်။ တကယ်တော့ မုန့်လုံးကြီးက မိန်းမသားတွေရဲ့ ရင်သားကို ကိုယ်စားပြုထားတာ။ အတွင်းကဥ္စာပနာက ရင်သားထဲက နို့ ညှိကြည်တွေပဲ။ စက္ကူကပ်တာက မကွဲမကွာ ချစ်ရသူနဲ့သာ ဆိုတဲ့အဓိပ္ပာယ်''

''ဒါနဲ့ ဘရသေ့ ဒီမုန့်လုံးကြီးတွေ မရေမတွက်နိုင်အောင် ဘယ်ကရတာလဲ''

''အဲဒါတော့ မမေးနဲ့လကွာ''

ဘရသေ့ကြီးပြောရင်း ရယ်ပြုံးပြုံးတာ တွေ့ရ၏။ ပြီးမှ ဆက်၍ ...

''မိခင်ဆိုတာ ကမ္ဘာစဉ်အဆက်ဆက် တန်ဖိုးအကြီးဆုံးအရာ။ ဒီတန်ဖိုးကြီးတဲ့အရာကိုမှ ငါက စော်ကားမော်ကား လုပ်မိခဲ့တယ်။ မိခင်စိတ်သာရှိ ရင်သားကတင်မကဘူး၊ ရင်သားပျက်စီးနေခင်တောင် လက်ညှိုးက နို့ရည်ထွက်တယ်ကွ။ ဒါကြောင့် ချစ်သူတွေဆုံနိုင်ဖို့ ငါနောက်ဆုံးပါရမီဖြည့်နေတာ။ မင်းအခု ရောက်နေတဲ့ဇရပ်ကလည်း ချစ်သူနှစ်ယောက်တည်သွားတာလေ။ ဟိုမှာကြည့်စမ်း ချစ်သူနှစ်ယောက် ရင်ချင်းအပ်လို့ ချစ်နေကြတာ''

ရသေ့ကြီးလက်ညှိုးညွှန်ရာကြည့်လိုက်တော့ လိမ်နွယ်ယှက်နေသည့် ညောင်ပင်ကြီးနှစ်ပင်။

''မတွေ့ပါလား ဘရသေ့။ ညောင်ပင်နှစ်ပင်ပဲ တွေ့တယ်''

''မင်းနယ်ကွာ၊ ဒုံးဝေးလိုက်ပါဘိ။ အဲဒါ ချစ်သူနှစ်ဦးပေါ့ကွ''

တဟားဟား ရယ်မောနေသော ဘရသေ့ကြီး။ ရယ်ရာမှ ရုတ်ချည်းငိုနေတာ တွေ့ရပြန်၏။

''အဲဒီချစ်သူနှစ်ယောက် မပေါင်းလိုက်ရဘူးကွာ။ သူတို့နှစ်ဦး မိဘတွေ မသိအောင် ဘုရားတည်ပြီးနောက်ပိုင်း ခရီးတစ်ခုအသွားမှာ နှစ်ယောက်စလုံး ခိုးသားဓားပြတွေသတ်လို့ သေခဲ့ကြရတယ်။ အခု မင်းမြင်ရတဲ့ မင်းသားနဲ့ မင်းသမီးရုပ်လေးက သူတို့နှစ်ယောက်ပေါ့။ ကဲ ...မင်းဘာသိချင်သေးလဲ''

''ဘရသေ့ ဒီလောက်အသက်ရှည်တာ ဘာကြောင့်ပါလဲ''

''ဪ ...ဒါလား။ မင်းလည်း ငါ့လို အသက်ရှည်ချင်သလား။ ငါလမ်းညွှန်လိုက်မယ်။ ဟိမဝန္တာတောင်ကြီးရဲ့ လျှို့ဝှက်တဲ့နေရာတစ်ခုမှာ မဟာဂန္ဓာရီ တက္ကသိုလ်ကြီးရှိတယ်ကွ။ အေးချမ်းသာယာလိုက်တာကွာ။ မြင့်မားတဲ့ တောင်စွယ်တောင်တန်းတွေ၊ နက်ရှိုင်းတဲ့လျှိုကြီးတွေ၊ ပြီးတော့ လွင်ပြင်ကြီးတွေ၊ ရေတံခွန်၊ စိမ့်စမ်း။ ပန်းတွေကတော့ ရှုလို့မကုန်အောင်ပေါ့။ ကျေးငှက်သားရဲ့ အသံစုံကလည်း ကြည်နူးစရာ။ အဲဒီမှာ လိပ်ပြာလွှင့်ပြီး လောကတ္တစရိယလုပ်ဖို့ ဘာသာကိုသင်ကြားခဲ့တယ်။ ခန္ဓာကိုယ်မပါဘဲ ဝိညာဉ်နဲ့ ပရလောကကို ဝင်ထွက်သွားနိုင်တဲ့ ပညာပေါ့။ လိပ်ပြာခန္ဓာနဲ့ လိပ်ပြာလွှင့်ပြီး လောကုတ္တရာလုပ်ငန်းတွေ၊ ပရဟိတလုပ်ငန်းတွေ လုပ်လို့ရတယ်။ ကမ္ဘာပေါ်က ဘယ်နေရာမဆို တစ်မုဟုတ်ချင်း သွားလို့ရတယ်။ သက်ရှိလူတွေမှာ တမလွန်မှာ သောင်တင်နေသူတွေ၊ ကျွတ်လွတ်ဖို့အချိန်တန်တဲ့သူတွေ၊ ပရလောကရဲ့နှောင့်ယှက်မှု ပယောဂနဲ့ စိတ်ပိုင်းဆိုင်ရာ ပြဿနာအားလုံး စွမ်းဆောင်နိုင်တယ်ကွ''

ရသေ့ကြီး၏စကားကို သာဂဒိုး နှစ်ခြိုက်သွား၏။ ဆရာတပည့် လူပျိုနှစ်ယောက် ချိန်ထားသည့်အမျိုးသမီးများနှင့် ရက်ပိုင်းအတွင်း နီးစပ်နိုင်ရေးအတွက် တွေးရင်း မနက်ဖြန်မှ ဆရာကိုခေါ်၍ လာမည်ဟု နှုတ်ဆက်ရင်း ပြန်ခဲ့၏။

နောက်တစ်နေ့ ကျွန်ုပ်နှင့် သာဂဒိုးတို့ ဇရပ်သို့အရောက် အံ့ဩခြင်းများစွာ ကြုံတွေ့ရသည်ကား ...အခြားမဟုတ်။ ရသေ့ကြီးတင်မဟုတ်၊ အသုံးအဆောင် ကအစ အစအနပင် မတွေ့ရတော့ပေ။ ရသေ့ကြီးမရောက်ခင်ကအတိုင်း ခြေရာလက်ရာ မပျက်။ ရသေ့ကြီးနားခိုသွားသည်ဟုပင် မထင်ရ။

''ဒုန်း ...ဂျုံး ...ဖလပ် ... ဖလပ်''

သွပ်မိုးမှ လင်းဆွဲနှစ်ကောင်၏ တိုက်ပွဲက ဆရာတပည့်နှစ်ဦး ခေါင်းချင်းပူး၍ ကြီးသွားရ၏။ ကြက်သီးများပင် ထလာ၏။ နှစ်ယောက်သားပြန်မည်အပြု ညောင်ပင် ပင်စည်၌ စာတန်းတစ်ခုဖတ်ရ၏။

''ငါမင်းတို့ကို နှုတ်ဆက်သလို၊ သံသရာကိုလည်း နှုတ်ဆက်သွားပါပြီ။ မင်းတို့ ဆရာတပည့်လာမှာ ငါသိတယ်။ ဒါပေမဲ့ မင်းတို့နှစ်ယောက်စလုံးက ပြည့်တန်ဆာမနဲ့ ပျော်ပါးဖူးတယ်။ လိုက်လျောသည်ဖြစ်စေ၊ မလိုက်လျောသည်ဖြစ်စေ အဲဒီ ပြည့်တန်ဆာမလေးက လင်ရှိမယားတစ်ယောက်မို့ သစ္စာပျက်ဖူးတဲ့ မင်းတို့ ဆရာတပည့်နှစ်ယောက်ရဲ့ ချစ်ခြင်းကိုတော့ သက်ပြင်းများစွာနဲ့ ဝမ်းနည်းစွာ ချုပ်ထားရစ်ခဲ့တာ စိတ်မကောင်းပါဘူး''

ဘရသေ့(မုန့်လုံးစက္ကူကပ်)

စာတန်းလေးမှာ ဖတ်ပြီးသည်နှင့် ကျွန်ုပ်၏မျက်စိအောက်မှာပင် ထူးဆန်းစွာ ပျောက်ကွယ်သွား၏။ မဟာဆန်းလွန်းပြီး မုန့်လုံးစက္ကူကပ် ရသေ့ကြီး၏ ဖြစ်ရပ်ကား ဂမ္ဘီရဆန်လွန်းသည်ပဲလား မသိနိုင်တော့ချေ။

● မှူးအိမ်ဖင်

www.burmeseclassic.com

# စေတနာကြောင့်ဖြင့်



ဆရာကြီးမင်းသိင်္ခက ဦးမောင်မောင်ဖြိုးအားကို
ပေးသော ပညာရပ်များ

## ပညာရေးနှင့်အလုပ်

www.burmeseclassic.com

www.burmeseclassic.com

"ဒီလို ဆရာကြီးရဲ့ အခုကလေးတွေက ပညာရေးနဲ့ပတ်သက်ပြီး ခုတ်ရာတခြား ရှရာတခြား ဖြစ်နေတယ်။

အဲဒီလိုဖြစ်နေတာက ၁၀ တန်းမှာတော့ စာတွေကျက် မိဘတွေက ကျူရှင်တွေပို့ အရမ်းတွန်းထားပြီးတော့ ၁၀ တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်ကြရော၊ အမှတ်ကောင်းပြီး အဆင့်တွေလည်း ကောင်းကြပါရဲ့။

ဒါပေမယ့် အမှတ် ကောင်းပြီး တက္ကသိုလ်ရောက်တော့လည်း မြန်မာပြည်မှာ အမြင့်ဆုံး တက္ကသိုလ်ဆိုတာ ဆရာဝန်လိုင်းဖြစ်တဲ့ ဆေးတက္ကသိုလ်ပဲ ရောက်တာပေါ့ ဆရာကြီးရယ်။

ဆေးတက္ကသိုလ်သာ ရောက်သွားတယ် အချို့ကြတော့လည်း မိဘကပို့လို့သာရောက်တာ ကိုယ်တိုင်က ဝါသနာမပါ။ တက္ကသိုလ်ဆိုတော့လည်း၊ ဆရာကြီးရယ် လွတ်လပ်မှုတွေက ရှိလေတော့ ဆရာဝန်လိုင်းသာဆိုတယ် အချို့ကြတော့ ဝါသနာပါတာတွေ လုပ်နေတော့ စာကို ဖြစ်ဖြစ် မြောက်မြောက် မကြိုးစားကြဘဲ ဉာဏ်ရည် ဉာဏ်သွေးက လည်းနည်းသွားရော၊ အချို့ကြတော့လည်း စာမေးပွဲတွေကျ၊ နောက်ဆက်တွဲတွေ ဖြေရပေါ့။

ပါရမီလေးရှိလို့ ၁၀ တန်းအောင်ပါတယ်၊ အချို့မှား ဆရာဝန်မဖြစ်၊ ဆေးကုမ္ပဏီထောင်၊ မင်္ဂလာဈေးမှာ ဆေးဆိုင်ဖွင့်၊ အချို့ကြတော့လည်း ကား ဝယ်ရောင်း အချို့ကြတော့ အဆိုတော် ဖြစ်လိုဖြစ်၊ စာရေးဆရာဖြစ်လိုဖြစ်နဲ့၊ အဲဒီလို မဖြစ်ရအောင် ကလေးတွေကလည်း ပညာပါရမီနဲ့ ဉာဏ်ရည် ဉာဏ်သွေး ကောင်းကောင်းနဲ့ ပညာနဲ့ စီးပွားတစ်ထပ်တည်း အောင်မြင်အောင် ယတြာကော လုပ်လို့ မရဘူးလား" ဟု ကျွန်တော်က ရှည်လျား ထွေပြားသော မေးခွန်းကို မေးလိုက်ရာ ဆရာကြီးက . . .

"မင်းကလည်းကွာ နေပူကြီးထဲကနေ အမောတကောလာပြီး ငါ့အတွက် ဘာဟင်းချက်ခဲ့တယ် ဆိုတာတော့ မပြောဘဲနဲ့ မင်းသိချင်တာပဲမေးရလား မောင်မောင်မြင့်အေးရယ် ရေလေးသောက်ပါဦး"

ဟု ပြောပြောဆိုဆိုနှင့် အနားတွင်ရှိသော ရေခဲရေခွက်ကြီး လှမ်းပေးလိုက်ရာ ကျွန်တော်လည်း ငွတ်ကနဲသောက်လိုက်ပြီး . . .

"ဒီလို ဆရာကြီးရေ မေးခွန်းဆိုတာကလည်း သတိရတုန်း လူလစ်တုန်း မေးထားရတာ၊ ဆရာကြီးနားမှာ ညှိသည်တွေ တပည့်တွေ ဝိုင်းနေတာ၊ ဟင်းကတော့ ဝက်သားကို ပုန်းရည်ကြီးနဲ့ချက်တယ်၊ ခရမ်းသီးမီးဖုတ် ကြက်ဥနဲ့ကြော်တယ်၊ ဘူးသီးရယ်၊ ခရမ်းချဉ်သီးရယ်၊ ငါးရံ့ရယ်၊ ချဉ်ရေဟင်း၊ ငါးပိရေ တို့စရာပေါ့"

ဟုပြောလိုက်ရာ ဆရာကြီးလည်း ထမင်းပွဲပြင်နိုင်းပြီး ထမင်းစားတော့၏။ ထမင်းစားပြီး ရေခဲရေသောက်လိုက်၏။

"နောက်ဆုံးတော့ ရေခဲရေက အကောင်းဆုံးပါပဲကွာ "

ဟု ပြောပြီး ရေခဲ ရေ ဖန်ခွက်ကြီးကို ငွတ်ကနဲ သောက်လိုက်ပြီး စီးကရက်ကို ဟန်ပါပါဖွာ၍ . . .

"ဒီလိုကွ မောင်မောင်မြင့်အေး ရှသီရိမ္ဗာအာသောကမင်းကြီးဟာ အိန္ဒိယနိုင်ငံကို ဗုဒ္ဓအင်ပါယာကြီး ထူထောင်တဲ့ အချိန် BC 273 လောက်ကပေါ့ကွာ၊ တက္ကသိုလ်ပြည်ဆိုတာ တည်ထောင်ခဲ့တယ်၊ အဲဒီ နေရာကို ဂန္ဓာရတောင်ကြား အရပ်လို့ ခေါ်တယ်၊ အခုခေတ်ဆိုရင် ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန် အကြားမှာပေါ့ကွာ၊ တက္ကသီလလို့ခေါ်တယ်။

အဲဒီ ကျောင်းတော်ကြီးဟာ ဗုဒ္ဓဘာသာ အပါအဝင် လူတွေတပ်အပ်တဲ့ အဋ္ဌာရသ ၁၈ ရပ်ကိုသင်ပေးတဲ့ နေရာပေါ့ကွာ၊ အရှေ့တိုင်းနက္ခတ်ဗေဒ၊ လောကီသိပ္ပံ အတတ်တွေလည်း သင်ပေးတယ်၊ မင်းတို့ ပုံပြင်တွေမှာ ကြားဘူးမှာပေါ့၊ တက္ကသိုလ်ပြည်ကအပြန် မင်းညီမင်းသားတွေကို ပါမောက္ခဆရာကြီးတွေက သူတို့သမီးနဲ့ ပေးစားတာတို့ပေါ့ကွာ၊ တို့ မြန်မာပြည်မှာ သရေခေတ္တရာပြည် အုပ်စိုးတဲ့ ဒွတ္တပေါင်မင်း လက်ထက်က ဂဝံပတိ ဆိုတဲ့ ရသေ့ ဆိုတာ အဲဒီတက္ကသိုလ်ဆင်းပဲ။

အဲဒီတက္ကသိုလ်မှာ ပညာသင်တဲ့ သူတွေဟာ မင်းညီ မင်းသား သူဌေးသူကြွယ် သားသမီးတွေ ဆိုတော့ အချိုးတော့ ဘယ်ပြေမလဲ၊ အဲဒီမှာ ငယ်ကလည်း ငယ်၊ စာကိုလည်း စိတ်မဝင်စား၊ အပျော်အပါး အသောက်အစား တွေနဲ့ ဆိုတော့ ပါရမီနည်းတဲ့ သူ၊ ကံနည်းတဲ့ သူ အဲဒီလို လူတွေကို လောကီပညာ တတ်တဲ့ ဆရာကြီးတွေက သပ်သပ်စီ ဖယ်၊ မင်းဖြစ်မယ့်သူကို သပ်သပ်ဖယ်ပြီး အဲဒီမှာ မင်းဖြစ်မယ့်သူမှ သူ့ကသမီးနဲ့ ပေးစားတာကွ၊ ဒါမှ မင်းဆရာ ယောက္ခမ ဖြစ်မှာ၊ အစီအရင်တွေနဲ့ ပညာသင်ရတယ်လို့ဆိုတယ်။

အဲဒီအစီအရင်ကို စီရင်ပြီး သူတို့ကို လုပ်နိုင်းတော့ စောစောက မင်းပြောသလိုပေါ့ကွာ ဆေးနဲ့ အကျိုးပေးတဲ့ သူက ဆေး စစ်နဲ့ အကျိုးပေးမယ့် သူက စစ်ပေါ့၊ အမျိုးမျိုးပေါ့ကွာ ထွန်းကားမယ့်ဟာပဲ သင်ပေးတာနော် အဲဒီလိုဖြစ်တယ်လို့ ငါ ဖတ်ဖူးတယ်။

အဲဒီ အစီအရင်ကလည်း အခြားမဟုတ်ဘူး ပန်းအဝါ (၅)ပွင့်၊ သပြေ (၉)ညွန့်၊ ကြံသကာ (၉)ခဲကို တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေးနေ့တွေမှာ ဘုရားကို ကပ်လှူပေးဖို့ပဲ၊ အဲဒီလို လှူတယ်ဆိုတာ ကလေးတွေကို လှူခိုင်းတာနော်၊ ဒါပေမယ့် အဲဒီလို ကပ်လှူဖို့ကတော့

www.burmeseclassic.com

နေ့သားအလိုက် မျက်နှာမူပြီး ပန်းတင်ရမယ့်အရပ်၊ မျက်နှာမူပြီး ဆုတောင်းရမယ့်အရပ် ရယ်တော့ရှိတယ်၊ အဲဒါက ဂဝံပတိနဲ့ တေဇအရှ် ဟုပြောလိုက်ရာ ကျွန်တော်က···

"ဒီလိုလုပ်လေ ဂဝံပတိတွေ၊ တေဇတွေက ပညာရှင်တွေပဲ သိတာ အများသိဖို့က မျက်နှာမူရမယ့်အရပ်ရယ် ဆုတောင်းရမယ့် အရပ်ရယ်ကို ဇယားလေးနဲ့ ရေးပေး၊ အဲဒါမှဖြစ်မှာ"

ဟု ပြောလိုက်ရာ ဆရာကြီးက···

"ကောင်းပါပြီ မောင်မောင်မြင့်အေး ရယ်"

ဟု ပြောပြီးအောက်ပါ ဇယားလေးရေး ပေး လိုက်တော့၏။

**လှူရမည့်ပန်း**

| | | |
|---|---|---|
| ပန်းအဝါ | ၅ | ပွင့် |
| သပြေ | ၉ | ညွန့် |
| ကြံသကာ | ၉ | ခဲ |

**လှူရမည့်နေ့**

တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး

ကျွန်တော်လည်း ဆရာကြီးဆွဲပြသော ဇယားကို ကူးယူဆွဲထားလိုက်၏။

ထို့နောက် ရင်းနှီးသူများကို ၎င်း နည်းကလေးကိုပေးလိုက်၏။

အချို့လည်း အဆင်ပြေတယ် ဟု ပြော၏။

အချို့လည်း လုပ်လည်း အလကားပါကွာ၊ ကလေးတွေက သူ့ဝါသနာနဲ့ သူ့ပါဟု ပြောသူက ပြော၏။ မည်သို့ပင်ဖြစ်စေ ဆရာကြီးပေးသော ပညာရပ်ကို မခြွင်း မချန်ဖော်ပြ လိုက်ရခြင်းပင် ဖြစ်ပေတော့၏။

| နေ့သား | မျက်နှာမူ ပန်းတင်ရန် | မျက်နှာမူ ဆုတောင်းရန် |
|---|---|---|
| တနင်္ဂနွေ | အနောက်တောင် | အနောက် |
| တနင်္လာ | အနောက် | အနောက်မြောက် |
| အင်္ဂါ | အနောက်မြောက် | မြောက် |
| ဗုဒ္ဓဟူး | မြောက် | အရှေ့မြောက် |
| ကြာသပတေး | အရှေ့တောင် | တောင် |
| သောကြာ | အရှေ့ | အရှေ့တောင် |
| စနေ | အရှေ့မြောက် | အရှေ့ |



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရွာထဲကို မျောက်နှောင်ဝင်ခြင်း၏ ဆိုးကျိုးဆိုးရပ်များ

မင်းဟိန်းထိုက်

မျောက်နှောင်ကို အချို့အရပ်၌ မျောက်လေမွေဟုလည်း ခေါ်ကြသည်။ ကိုယ်တွင် ဖွဲနုရင်ရင့်အရောင်များ သက်သက်သာရှိသည်။ အမြီးက တိုတိုလေး(အဝုတ်)မျှသာရှိသည်။ အလေးချိန်မှာ ငါးဆယ်သားနှင့်တစ်ပိဿာအတွင်းရှိမည်။ အကြောက်အလန့်မရှိသလောက် နည်းသည်။ အရုပ်ကိုချထားသကဲ့သို့လည်း ငြိမ်သက်သည်။

သစ်ပင်ပေါ်မှ သစ်ရွက်များကို လိပ်၍လိပ်၍ ခုနေတတ်သည်။ လူနှင့်နီးကပ်လာလျှင် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားတတ်သည်။ အကောင်ငယ်သော်လည်း အသက်ပြင်းသောကြောင့် ခွေးသုံးလေးကောင်ဝိုင်းကိုက်၍ပင် တော်တော်နှင့်မသေဘဲ ခွေးများကိုသာ ပြန်ကိုက်လေ့ရှိသည်။

အော်သောအခါ တစ်ခွန်းတည်းသာ 'ဝူး. . .' ဟု အသံရှည်ဆွဲပြီး အော်တတ်သည်။ ဦးတည်ရာမဲ့သွားပြီး အကြောက်အလန့်လည်း နည်းသောကြောင့် တစ်ခါတစ်ရံ ရွာထဲအထိပင် ရောက်လာတတ်သည်။ ရွာထဲကို မျောက်နှောင်ဝင်လျှင်လည်း ရွာသူရွာသားများ သေကြေပျက်စီးလေ့ရှိတတ်သည်။ ဤသည်မှာ မျောက်နှောင်နှင့်ပတ်သက်၍ သိဖူး၊ မှတ်ဖူးသမျှဖြစ်သည်။

* * *

လွန်ခဲ့သောနှစ်ပေါင်း လေးဆယ်ကျော်ကျော်လေး အချိန်ကဖြစ်သည်။ ထိုအချိန်က မောင်အေးချမ်းလည်း ကျောင်းတက်စအရွယ်ဖြစ်သည်။ နွေဦးရာသီဖြစ်၍ အအေးဓာတ်သည်လည်း ရှိသင့်သလောက် ရှိသေး၏။ ထို့ကြောင့် ကျောင်းသူ၊ ကျောင်းသားများ ကျောင်းတက်လာတိုင်း အနွေးထည် ဝတ်၍သာလာကြသည်။

မောင်အေးချမ်းတို့ တန်းတင်ရွာသည် ရခိုင်ရိုးမ တောင်ခြေတွင် တည်ရှိသဖြင့် အအေးဓာတ်သည်လည်း ပိုကဲလျက်ရှိတတ်သည်။ နွေလယ်ရာသီကို ရောက်သည်အထိ မနက်နှင့် ညနေချိန်များတွင် ဆောင်းဝတ်အကျႌများကို ဝတ်ဆင်ကြရမြဲဖြစ်သည်။

မောင်အေးချမ်းတို့လူစု ရွာမှထွက်ပြီး လယ်ကန်သင်းများအတိုင်း လျှောက်၍ စာသင်ကျောင်းဆီသို့ ဦးတည်လာခဲ့ကြသည်။ ကျောင်းသို့မရောက်မီ လမ်းတွင်တွေ့သော ဆီးပင်များအောက်သို့ ဝင်၍လည်း ဆီးသီးကောက်စားကြသည်။

"ဝုတ် ဝုတ် ဝုတ်"

"ကိ. . . ကွိ. . . ဖြုတ်"

ခွေးဟောင်သံများနှင့် အတူ အခြားမောင်အေးချမ်းတို့ နားမလည်နိုင်သည့် အသံတစ်သံကိုလည်း ကြားရသဖြင့် မောင်အေးချမ်းတို့လူစု ခွေးဟောင်းသံကြားသည့်ဘက်သို့ လှည့်ကြည့်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ခွေးသုံးကောင်သည် **နတ်တောင်ဆီမှ ရှိုးပြွတ်** တောအတိုင်း ကွေ့ပတ် မြေကြီးကိုစိုက်ကြည့်ပြေးရင်း ပြေးလိုက်ရင်းက တန်းတင်အထက်ရွာ၏ ရွာဦးဘက်ဆီသို့ ဦးတည်သွားနေကြသည်ကို တွေ့နေရသည်။

တစ်ချက်တစ်ချက်တွင် အဝတ်စုတ်ကဲ့သို့ ဖွဲနုရောင် ရင့်ရင့်ရှိသော အရာတစ်ခုကို ကိုက်ခဲမြှောက်တင်လိုက်သည်ကိုလည်း တွေ့ရသည်။ ထိုအခိုက်တွင် 'ကီ. . . ကွီ' ဟူသောအသံတစ်သံကိုလည်း ကြားရသည်။ ထို့ကြောင့် မောင်အေးချမ်းတို့ မသိသော အကောင်တစ်ကောင်ကိုပင် ခွေးများက ဝိုင်း၍ ကိုက်ခဲနေကြလေသလားဟု ယူဆရသည်။

မောင်အေးချမ်းတို့နှင့် တစ်ဖာလုံနီးပါးလှမ်းပြီး ရှိုးပြွတ်တောကလည်း၊ ရှိနေသဖြင့် ခွေးများနှင့်အတူ ၎င်းအရာကို နားမလည်နိုင်ဖြစ်နေကြသည်။ ထို့ကြောင့် ခွေးများသည် အကြောင်းမဲ့ တော့ ဟိန်းဟောက်အော်ဟစ်ပြီး အဝတ်စုတ်ကို ကိုင်မြှောက်နေကြခြင်းမဖြစ်နိုင်ဟု နားလည်နေကြသည်။

ဤသို့ဖြင့်ပင် ခွေးသုံးလေးကောင်နှင့် ၎င်းအရာတို့သည် နတ်တောင်မှလယ်ကွင်းအတိုင်း တန်းတင်အထက်ရွာဦးဆီသို့ ဦးတည်ပြီး သွားနေကြလေသည်။ ရွာဦးသို့မရောက်မီ လယ်တစ်ကွက်ခန့်အလိုတွင် ဒေါ်မညို့အမည်ရှိ အဘွားအိုတစ်ယောက်သည် နတ်တောင်ခြေတွင်ရှိသည့် ရေတွင်းသို့ ရေခပ်ရန်ထွက်လာ၍ ခွေးများဝိုင်းဟောင်နေကြသည်ကို စိုက်ကြည့်လိုက်ပြီး အံ့ဩသောအမူအရာဖြင့်-

"ဟိုက်. . . ရွာသားတွေ ဒီမှာ မျောက်နှောင်တစ်ကောင်ကို ခွေးတွေ ဝိုင်းဟောင်နေကြတယ်၊ ငတော်ကြာ ရွာထဲဝင်လို့ ခက်တော့မှာပဲ" ဟု အော်ဟစ်ပြောဆိုသော်လည်း အနီးအနားတွင် လူတစ်ယောက်မှ မရှိသဖြင့် တစ်ယောက်မှလည်း ရောက်မလာကြပေ။

မောင်အေးချမ်းတို့လူစုလည်း ဒေါ်မညို့ အော်ပြောလိုက်မှ ခွေးများဝိုင်းဟောင်လိုက်ဆွဲနေကြသည်မှာ မျောက်နှောင်တစ်ကောင်ဖြစ်ကြောင်းကို ကောင်းစွာနားလည်လိုက်ကြသည်။သို့သော်လည်း မျောက်နှောင်ဟူသော နာမည်ကို ကြားသာကြားဖူးကြသည်။ အကောင်အထည်ကိုမူ တိတိကျကျ မမြင်ဖူးကြပေ။

ယခု အဝေးကကြည့်၍ ခွေးများ ကိုင်မြှောက်သောအခါ ထွေးခနဲမြင်နေရသည်မှာလည်း သဲသဲကွဲကွဲမရှိ။ မျောက်နှောင် ရွာထဲသို့ဝင်လျှင် ဆိုးကျိုးတစ်မျိုးမျိုးကို ခံစားရတတ်သည်ဟူသော စကားကိုလည်း လူကြီးများထံမှ ကြားဖူးသည်။ သို့သော် ကလေးအရွယ်ဖြစ်သောကြောင့် ဆိုးကျိုးတူသော စကားကိုပင် ကောင်းစွာနားလည်နိုင်ကြခြင်းမရှိကြသေးပေ။

ဤသို့ဖြင့်ပင် ဒေါ်မညို့က အော်လိုက်၊ ခွေးများက ဝိုင်းပြီးဟောင်လိုက်နှင့် မျောက်နှင့်ခွေးအုပ်သည်လည်း ရွာဦးသို့ရောက်သွားလေသည်။ ရွာဦးတွင် အိမ်ခြံများဖြင့် လွတ်နေသော တောင်ပူစာလေးတစ်လုံးရှိသည်။ တောင်ပူစာလေးတွင် မြက်ပင်များနှင့် ဇင်ပြွန်းပင်တစ်ပင်ကလည်း ပေါက်၍ရှိသည်။

မောင်အေးချမ်းတို့လူစုလည်း မျောက်နှောင်ဟူသော ဒေါ်မညို့၏အော်ပြောသံကို ကြားရသဖြင့် အထူးအဆန်းဖြစ်ကာ ကျောင်းသို့မသွားသေးဘဲ ခွေးများ မျောက်နှောင်အား ဝိုင်းကိုက်နေကြသည့်နေရာသို့သာ လွယ်အိတ်ကိုယ်စီစွန်တောင်ဆွဲပြီး ပြေးလိုက်လာကြလေသည်။

ဒေါ်မညို့ကလည်း ရေခပ်ရန်မသွားဘဲ မျောက်နှောင် ရွာထဲသို့ဝင်တော့မည့်အကြောင်းကို ရွာဘက်သို့ လှည့်အော်ပြောကာ ရွာသားများအား အော်ခေါ်နေလေသည်။ မျောက်နှောင်သည်လည်း ရွာထဲသို့ဝင်ခွင့်မရသေးဘဲ တောင်ပူစာရှိ ဇင်ပြွန်းပင်ကိုသာ ကွေ့ပတ်ပြီး ခွေးများအား ရန်မူ၍နေ၏။

ဇင်ပြွန်းပင်ပေါ်သို့တက်လျှင်လည်း ခွေးများက ဆွဲချကြ၏။ မျောက်နှောင်သည် ကား အလွန်မှ အရေထူးပြီး အသက်ပြင်းသောအကောင်မျိုးဖြစ်သောကြောင့် ထိုမျှအထိ ခွေးများက ဝိုင်းဆွဲထားကြသော်လည်း ပြဲခြင်း၊ စုတ်ခြင်း လုံးဝမရှိဘဲ တဂစ်ဂစ်ဖြင့်သာ ခွေးများအား ရန်မူနေလေသည်။

ထို့နောက် မျောက်နှောင်သည် လမ်းတစ်ဖက်သို့ကူးပြီး ဒေါ်အေးမြ၏ခြံထဲသို့ ပြေးဝင်သွားလေသည်။ မျက်ကွင်း(တစ်ချောင်းကျော်ကပ်ကျဲ)ကာထားသော ခြံဖြစ်၍ ခွေးများ ချက်ချင်းလိုက်ဝင်၍မရနိုင်ဘဲ နန့်နန့်မွှေနေကြ၏။ မျောက်နှောင်လည်း ခြံထဲသို့ ရောက်သွားသည့်တိုင်အောင် သူ့ဗီဇအတိုင်း ပြေးသွားခြင်း လုံးဝမရှိဘဲ အေးဆေးပင် ကုန်းကွကုန်းကွဖြင့်သာ သွားနေလေသည်။

ဒေါ်အေးမြလည်း ကိုယ်မှာ စောင်ပိုင်းကိုပတ်၍ ဖိနပ်ချွတ်ခန်းကထိုင်ကြည့်ကာ မျောက်နှောင်အား အော်မောင်း၍နေ၏၊ ဒေါ်အေးမြလည်း နေထိုင်မကောင်းဖြစ်နေဟန်ရှိသည်။ အိမ်မှာ အခြားလူများလည်း ရှိကြဟန်မတူပေ။ ထို့နောက် ခွေးများ အိမ်ရှေ့ဘက်မှ ပတ်ဝင်ပြီး မျောက်နှောင်အား ဝိုင်း၍ဟောင်ကြပြန်သည်။

ဒေါ်မညို့လည်း ကြည့်မနေနိုင်တော့ဘဲ ရွာထဲသို့ ပြေးဝင်ကာ အော်ခေါ်လိုက်သဖြင့် ရွာသားသုံးလေးယောက် ရောက်လာကြ

www.burmeseclassic.com

သထွယ် မထင်မှတ်ကြသေးဘဲ သွေးရိုးသားရိုးသဘောမျှဖြင့် သေဆုံးသည်ဟူ၍သာ ယူဆနေကြသည်။

ထိုအချိန်၌ ကိုအေးချမ်းဦး၏မိန်းမ မစောတင်သည် အကောင်းပကတိအတိုင်းသာ ရှိနေသေးသည်။ ဒေါ်ငယ်မ ကွယ်လွန်သွားသည်ကိုပင် လာကြည့်ပြီး သတင်းမေးသေး၏။ ထိုမှအပြန် ရေချိုးရာတွင် ကိုယ်ထဲမှ စိမ့်ကနဲဖြစ်သွားသည်ဟုဆိုသည်။ မစောတင်မှာ အသားအရေများ ပြောင်ဝင်းပြီး ရုပ်ရေချောမောလှပသလို သန့်သန့်ရှင်းရှင်းလည်း နေတတ်သည်။

ထို့ကြောင့် ရေချိုးရာတွင် ကိုယ်ထဲက စိမ့်သွားသော်လည်း ချက်ချင်း သတိမပြုမိဘဲ ရေကို ကျေနပ်အောင်ချိုးပြီးနောက် သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလူးပြန်သည်။ ထို့နောက် တဘက်ကြီးကို ခြုံပြီး ဒေါ်ငယ်မ၏ အသုဘကိစ္စကျွေးမွေးရန် ပြင်ဆင်နေကြသည့်နေရာတွင် လာရောက်ကူညီသည်။

သို့သော်လည်း၊ မစောတင်သည် ထိုမှပြန်လျှင်နောက်နေ့ ဒေါ်ငယ်မ အသုဘကိုချရာ၌ သင်္ဂြိုဟ်ရန်ပင် မလိုက်နိုင်တော့ပေ။ အိပ်ရာထဲတွင်လဲ၍သာနေ၏။ ဒေါ်ငယ်မ အသုဘမြေကျ၍ သုံးရက်မြောက်နေ့တွင် မစောတင် ကွယ်လွန်သွားပြန်လေသည်။ သို့မှ ရွာသားများလည်း သတိပြုမိလာကြသည်။

အဘယ်ကြောင့်ဆိုသော် မျောက်နှောင်သည် ဒေါ်အေးမြ၏ခြံထဲကို စတင်၍ဝင်၏။ ထို့နောက် ဒေါ်ငယ်မ၏ခြံထဲကို ဝင်၏။ ထို့နောက်မစောတင်တို့လင်မယား၏ ကွမ်းသီးခြံထဲကို ဆက်ဝင်ပြန်သည်။ ယခုလူများ သေကျေကြသည်မှာလည်း မျောက်နှောင်ဝင်ခဲ့သည့် ခြံစဉ်အတိုင်းသာဖြစ်နေလေသည်။

ထိုအခိုက်မှာပင် အညီရှိက ယင်အုံသည်ဆိုသည့်အတိုင်း ငှက်စုန်းသည်လည်း ညစဉ်ညတိုင်းပင် ရွာကိုပတ်၍ မပြတ်အော်လာပြန်သည်။ ရွာထဲသို့ မဝင်သော်လည်း ရွာပတ်လည်ရှိ တောင်ပေါ်သစ်ပင်များဆီက ကျက်သရေမရှိသော အသံကြီးဖြင့် ညစဉ်ညတိုင်း အော်နေ၏။ သချိုင်းကုန်းဘက်က အော်သောညတွင် ရွာထဲ၌ လူတစ်ယောက် သေမြဲဖြစ်၏။

ထို့နောက် ရွာကိုပတ်၍ လင်းတကြီးများ ဝဲလာပြန်သည်။ ရွာကိုပတ်၍ လေးငါးပတ်မျှပျံဝဲပြီးနောက် ရွာလယ်ရှိ အမြင့်ဆုံး ကညင်ပင်ကြီးထိပ်တွင် နားကြလေ၏။ ထို့ကြောင့် ရွာသားများလည်း အတော်လေးပင် ကြောက်လန့်လာကြလေသည်။ ရွာကို မျောက်နှောင်ဝင်ခြင်းနှင့်ပတ်သက်သော ဆိုးကျိုးကိုလည်း နားလည်လာကြသည်။

အထက်ကဆိုခဲ့သည့်အတိုင်း သုံးယောက်အပြင် နောက်ထပ်လည်း လူငါးယောက်သည် နှစ်ရက်တစ်ယောက်၊သုံးရက်တစ်ယောက် ဆက်တိုက်ဆိုသလိုပင် သေဆုံးသွားကြ၏။ နတ်ဆရာ၊ မှော်ဆရာများကိုပင့်၍ မေးမြန်းကြည့်ကြရာတွင်လည်း မည်သည့် အတိုက်အမှောက်မျှမရှိ။ အမှားအယွင်းတစ်ခုကြောင့်သာ ဖြစ်သည်ဟု တစ်ပြိုင်တည်း ဆိုကြသည်။

ဤသို့ဆိုသဖြင့် ရွာကို မျောက်နှောင်ဝင်ခြင်းနှင့် တိုက်ရိုက်ပတ်သတ်နေကြောင်း ထင်ရှားနေလေသည်။ သို့ဖြစ်၍ ပြုသင့်ပြုထိုက်သော ကိစ္စရပ်များကို ပြုပြင်လုပ်ဆောင်ရန် ရွာလယ်တွင် လူစု၍ တိုင်ပင်ကြ၏။ ဤကဲ့သို့ အဖြစ်ဆိုးများဖြင့် ကြုံကြိုက်လာခဲ့လျှင် ဘာသာရေးထုံးစံနှင့် အရပ်ထုံးစံအတိုင်း ပြုမြဲဓမ္မတာမှာ ဦးစွာ ရွာကိုပရိတ်နာရမည်ဖြစ်ပြီး နောက်ဆုံး အသုဘကို တံတားဖြုတ်ရမည်ဖြစ်၏။

တံတားဖြုတ်သည်ဟုဆိုခြင်းမှာ အသုဘချသွားပြီးနောက် ထိုလမ်းကို အသေပိတ်ထားလိုက်ခြင်း(နောက်အသုဘ လုံးဝမချတော့ဘူးဆိုသည့်သဘော)ရွာသားအချို့ကို သချိုင်းကုန်းကစောင့်နေပြီး ထိုအသုဘအားသချိုင်းကုန်းသို့ လုံးဝအဝင်မခံခြင်း(အသေများလာသောကြောင့် သချိုင်းကုန်းကလက်မခံခြင်း)စသည်တို့ကို ပြုရမည်ဖြစ်၏။

ထိုအခါ သင်္ဂြိုဟ်ရန် အလောင်းထမ်းလာကြသူများက 'နောက်မလာတော့ပါဘူး ဤအလောင်းကိုသာ သင်္ဂြိုဟ်ခွင့်ပြုပါတော့' စသည်ဖြင့် တောင်းပန်ရ၏။ ဤကဲ့သို့ အကြိမ်ကြိမ် ပြောဆိုတောင်းပန် ကတိပေးပြီးမှ သချိုင်းကုန်း စောင့်ပြုပ်ခွင့်ပြုခြင်း စသည်တို့ကို ပြုကြရမည်ဖြစ်၏။ မှန်ပေ၏။ အထက်ပါအတိုင်း လုပ်လိုက်ကြမှ ရွာထဲတွင် လူအသေအပျောက်ကင်းပြတ်ပြီး ငှက်စုန်းအော်ခြင်းသည်လည်း လုံးဝရပ်စဲသွားလေသည်။

စာကြွင်း -

ရွာထဲသို့ မျောက်နှောင်ဝင်၍ သေသူသေ၊ ပြေးသူပြေးဖြင့် အချို့ရွာကလေးများ ပျက်စီးသွားကြရသည်ကို ကြားဖူး၏။ ထို့ကြောင့် ရွာထဲသို့ မျောက်နှောင်ဝင်လျှင် မသတ်ဘဲ ဖမ်းယူ၍ ဘေးရေ ငွေရေလောင်းပြီးသာ တောထဲသို့ ပြန်လွှတ်သင့်ကြောင်း. . . ။

ရွာထဲတွင် လူအသေအပျောက်များလာသောအခါ မျိုးနှင့်ကြုံလာခဲ့လျှင် ရွာကိုစွန့်၍ ထွက်ပြေးခြင်းမပြုဘဲ ရွာကို ပရိတ်နာခြင်း၊အထက်ပါအတိုင်း တံတားဖြုတ်ခြင်းကိစ္စများကိုသာ လုပ်ကိုင်ဆောင်ရွက်သင့်ကြောင်း ကိုယ်တွေ့နှင့်ယှဉ်၍ တင်ပြလိုက်သည်။

မင်းဟိန်းဆီ

www.burmeseclassic.com

ယခု ကျွန်တော် ဆီလျော်အောင် ဘာသာပြန်ဆိုထားသော ဆောင်းပါးသည် ဒုတိယကမ္ဘာစစ်ကြီးကာလက ရုက္ခဗေဒပညာရှင်နှင့် မဟာခရီးသည်ဟု ဟိုးဟိုးကျော်ခဲ့သော အက်(ဖ်)ကင်ဒန်ဝါ(ဒ်) ရေးသားသော "Burma's Ice Mountains" (မြန်မာ့ရေခဲတောင်များ)ဟူသော စာအုပ်၏ "အခန်း" ၁၇ မှ ထုတ်နုတ်၍ ဆီလျော်အောင် မြန်မာဘာသာ ပြန်ဆိုထားခြင်းဖြစ်ပါသည်။ ဤဆောင်းပါးကို မတင်ပြမီ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝကို လေးစားမြတ်နိုးသူ၊ မြန်မာ့တိုင်းရင်းသားများ၏ ဓလေ့ထုံးစံနှင့် ရိုးရာယဉ်ကျေးမှုကို လက်တစ်ဆုံးနှိုက် လေ့လာထားသူ၊ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမည်ကို ထာဝစဉ် ပူပင်သောကရောက်ခဲ့သူ၊ စာရေးဆရာ ကင်ဒန်ဝ့ါ(ဒ်)အကြောင်း အနည်းငယ်ရေးသားဖော်ပြလိုပါသည်။

သူသည် အင်္ဂလန်နိုင်ငံ၊ ကင်းဘရစ်(ချ်)တက္ကသိုလ်မှ ရုက္ခဗေဒဂုဏ်ထူးဖြင့် ဘွဲ့ရရှိခဲ့သူဖြစ်ပြီး၊ သူရေးသားပြုစုသော ရုက္ခဗေဒပညာရပ်ဆိုင်ရာ ကျမ်းများအတွက် (F.R.G.S. နှင့် F.I.S.) ဘွဲ့ထူးများလည်း ရခဲ့သူဖြစ်ပါသည်။ တော်ဝင် ပထဝီဝင်အသင်းကြီး၏ အမှုဆောင်တစ်ဦးဖြစ်ခဲ့သည်သာမက ထိုအသင်းတော်ကြီးမှ ထုတ်ဝေသော အမျိုးသားပထဝီဝင် မဂ္ဂဇင်းကြီး၏ ပင်တိုင်ဆောင်းပါးရှင်တစ်ဦးလည်း ဖြစ်သည်။ စစ်ကြိုခေတ်က ကျွန်တော်တို့မြန်မာနိုင်ငံသို့ လေးကြိမ်တိုင်တိုင် လာရောက်၍ မြန်မာနိုင်ငံမြောက်ဘက်၊ တောင်ကုန်းဒေသ တစ်နံတစ်လျားသွားရောက်၍ ရေမြေတောတောင်သဘာဝကို လေ့လာခဲ့သူဖြစ်၏။

သူ့အား နိုင်ငံတကာမှ သတင်းမီဒီယာများက သူ့အား ရုက္ခမုဆိုး "Plant-Hunter" ဟု တညီတညွတ်တည်း ကင်ပွန်းတပ်ခြင်းကို ခံခဲ့ရသူဖြစ်သည်။ ကချင်ပြည်နယ်၊ မြစ်မင်းရောဝတီ မြစ်ဖျားခံခဲ့သော ရေခဲတောင်

# နှင်းလား မြူလား တောင်ခိုးလား

■လှမိုး(ပညာရေး)





www.burmeseclassic.com

www.burmeseclassic.com

များတွင် အထူးရှားပါးသော ပန်းပင်၊ သစ်ခွပင်များကို အနေမနား ရှာဖွေခဲ့သူတစ်ဦးဖြစ်ပြီး ဗီမိုးတောင်တန်းဒေသတွင် နှစ်ပိုးလောက်ခိုခဲ့သူ ဖြစ်၏။ သို့သော် သူ့အယူအဆမှာ သဘာဝကို လေ့လာသူ ပညာရှင်အများသည် နေရာတစ်နေရာတွင် အနည်းဆုံး ၁၀ နှစ်မျှ နေထိုင်နိုင်မှသာ ထိုဒေသတွင် သဘာဝတရားက လျှို့ဝှက်ထားသော လျှို့ဝှက်ချက်များကို သိနိုင်သည်ဟု ဆိုသည်။ သို့ဖြစ်၍ ကင်ဒန်ဝါ့(ဒ်)သည် မြောက်ဘက်တောင်ကုန်းဒေသတွင် ဆပေါင်းများစွာ နေထိုင်ခဲ့သည်သာမက ခြေရာချင်းထပ်မျှ ခရီးထွက်ခဲ့သည်။ ထိုဒေသတွင် ပေါက်ရောက်သော သစ်ပင်၊ ဝါးပင်တို့၏ အခြေအနေအရပ်ရပ်နှင့် ကျေးငှက်တိရစ္ဆာန်တို့၏ မျိုးစိတ်သစ်၊ မျိုးစိတ်ဟောင်းများကို လေ့လာ၍ မှတ်တမ်းတင်နိုင်ခဲ့သည်။ ရှားပါးသော ပန်းပင်၊ သစ်ခွပင် စသည်တို့ကိုလည်း စနစ်တကျ စာရင်းပြုစုခဲ့သည်။


သူ မြောက်ဘက်တောင်ကုန်းဒေသဖြစ်သော မြန်မာနိုင်ငံမြောက်ဖျားရှိ နှင်းဖုံးသော တောင်တန်းများသို့ ရောက်ရှိနေသောအချိန်မှာ ၁၉၃၈ ခုနှစ် ကုန်ဆုံးခါနီး အချိန်ဖြစ်၏။ ထိုကာလက ကမ္ဘာ့နိုင်ငံရေးအခြေအနေမှာ ထူးထူးခြားခြား ပြောင်းလဲလျက်ရှိနေပေပြီ။ ဥရောပတိုက်တွင် ၁၉၃၃ ခုနှစ်ကပင် အာဏာရရှိလာသော ဂျာမန်နာဇီပါတီသည် တတိယဂျာမနီနိုင်ငံတော်ကြီးအား နှစ်ပေါင်း ၁၀၀၀ ကျော် တည်တံ့ရမည်ဟု ကြွေးကြော်၍ အဘက်ဘက်က ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်လာခဲ့ရာ ၁၉၃၈ ခုနှစ်တွင်မူ ဥရောပတိုက်တွင် နာဇီဂျာမဏီ၏ စစ်အင်အားသည် အကြီးမားဆုံးဖြစ်လာခဲ့သည်သာမက စစ်ပြင်ဆင်ရေးများ ပြုလုပ်လာခဲ့သည်။ ဖက်ဆစ်အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် ပူးပေါင်း၍ ဝင်ရိုးစွန်းနိုင်ငံများ မဟာမိတ်အဖွဲ့ ဖွဲ့စည်းကာ ဗြိတိသျှနှင့် ပြင်သစ်နိုင်ငံတို့ ဖွဲ့စည်းထားသော မဟာမိတ်အဖွဲ့အား ယှဉ်ရန် အတိအလင်းအားထုတ်လာခဲ့သည်။ စစ်တပ်ဆင်အားကို အဆမတန်တိုးချဲ့၍ စစ်ပြင်ဆင်မှုများ ပြုလုပ်လာခဲ့သဖြင့် ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ ယှက်သန်းလာနေပြီဖြစ်၏။

မြောက်ဘက် တောင်ကုန်းဒေသနှင့် ရှမ်းပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော တရုတ်နိုင်ငံတွင်လည်း ၁၉၃၃ ခုနှစ်ခန့်ကပင် စစ်ကြေညာခြင်းမရှိဘဲ ကျူးကျော်တိုက်ခိုက်နေသော ဖက်ဆစ်ဂျပန်သည် ၁၉၃၈ ခုနှစ်တွင်မူ စစ်ရှိန်ကို မြှင့်တင်လာခဲ့ရာ တရုတ်နိုင်ငံဆိပ်ကမ်းမြို့များအားလုံး သိမ်းပိုက်ထားသည့် အခြေအနေရောက်၍လာခဲ့သဖြင့် တရုတ်နိုင်ငံအား စစ်လက်နက်ရိက္ခာပစ္စည်း၊ လောင်စာဆီ စားနပ်ရိက္ခာ ထောက်ပံ့နေသော အမေရိကန်ပြည်ထောင်စုသည် ယင်းစစ်ရေးအထောက်အပံ့ပစ္စည်းများကို မြန်မာနိုင်ငံ၊ လားရှိုးမြို့မှ တရုတ်နိုင်ငံ၊ ကူမင်းသို့ဖောက်ထားသော တရုတ်-မြန်မာလမ်းမကြီးမှ ပေးပို့လျက်ရှိရာ ဗြိတိသျှကိုလိုနီနိုင်ငံဖြစ်သော မြန်မာနိုင်ငံမှာ ဂျပန်တို့၏ စစ်အန္တရာယ်မှ နီးလာသည့်အချိန် ဖြစ်သည်။ ဤအချိန်တွင် ရက္ခဗေဒပါရဂူနှင့် မြန်မာအလိုတော်ရှိ အက်(ဖ်)ကင်ဒန်ဝါ့(ဒ်)သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် အခြေချကာ သူ့မိတ်ဆွေ ဗြိတိသျှအမျိုးသား



www.burmeseclassic.com

www.burmeseclassic.com




အုပ်ချုပ်ရေးအရာရှိများ၊ သစ်တောအရာရှိများ အကူအညီနှင့် ကချင်ပြည်နယ် တစ်နံတစ်လျား ခြေရာချင်းထပ် လေ့လာရေးခရီးထွက်ခဲ့သည်။ သူ့အတွက် ကံကောင်းသည်မှာ သူနှင့်အတူ လေ့လာရေးခရီးထွက်သူ ဗြိတိသျှအရာရှိအများမှ သူတို့ရရှိသည့် အချိန်ပိုအားလပ်ရက်များတွင် မြန်မာနိုင်ငံ မြောက်ဘက်တောင်ကုန်းဒေသရှိ ငှက်များ၊ လိပ်ပြာများ၊ သဘာဝပေါက် သစ်ပင်ပန်းပင်များကို စိတ်ဝင်စားသူ၊ စောင့်ကြည့်သူ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးအနက်ထားသူများ ဖြစ်ကြသည်။ သူတို့အကူအညီကြောင့် ကင်ဒန်ဝို့(ဒ်)သည် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော “မြန်မာ့ရေခဲတောင်များ” စာအုပ်ကို အထောက်အထား သာဓက စုံစုံလင်လင်နှင့် ရေးသားဖော်ပြနိုင်ခဲ့၏။

သို့သော် စစ်ကြီးအန္တရာယ်ကြောင့် ထိုစာအုပ်အား ၁၉၄၉ ခုနှစ်မှပင် ပုံနှိပ်ထုတ်ဝေနိုင်ရာ သောက်သောက်လဲ ရောင်းချရပြီး ယနေ့ထိ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေရသော စာအုပ်ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံ မြောက်ဘက်တောင်ကုန်းဒေသ၏ သဘာဝအလှ၊ သဘာဝပေါက်ပင်များ ရှားပါးသော ပန်းပင်၊ သစ်ခွပင်များ၊ ကျေးငှက်တိရစ္ဆာန်များအကြောင်းကို ကမ္ဘာကသိစေသော စာအုပ်တစ်အုပ်ဖြစ်သည်။ ရောဝတီမြစ်ဖျားဒေသ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ကြိုတင်၍ သတိပေးခဲ့သော စာအုပ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်၏။

အောက်ပါဆောင်းပါးမှာ အထက်ဖော်ပြပါ “မြန်မာ့ရေခဲတောင်များ” စာအုပ် အခန်း ၁၇ မှ ထုတ်နုတ်၍ မြန်မာဘာသာ ဆီလျော်အောင်ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

“ကျွန်တော့်မိတ်ဆွေများဖြစ်သော အာသာဗာနေး (Arthur Vernay) နှင့် ဆိုင်ဒမ်းကတ်တင်(Suydam Cutting) တို့သည် ကျွန်တော့်အား ၁၉၃၈ ခုနှစ်နှင့် ၁၉၃၉ ခုနှစ် ဆောင်းရာသီများတွင် မြန်မာနိုင်ငံ မြောက်ဘက်တောင်ကုန်းဒေသ၊ အရှေ့မြောက်ပိုင်းသို့ လေ့လာရေးခရီးထွက်မည်ဖြစ်ရာ ရုက္ခဗေဒပညာရှင်တစ်ဦးအဖြစ် လိုက်ပါရန် ဖိတ်ခေါ်ခဲ့ကြပါသည်။ သူတို့နှစ်ယောက်မှာ ကျွန်

**ခေါင်းပျဉ်လုပ်ငန်းသည် စိုစိုပို့ပို့ ဝင်ငွေရရှိသော လုပ်ငန်းဖြစ်သဖြင့် ဒေသခံများအဖို့ တောင်ယာလုပ်ငန်းနှင့် အခြားဝင်ငွေရသော လုပ်ငန်းများထက် ခေါင်းတလားပျဉ်လုပ်ငန်းကို တစိုက်မတ်မတ် ပြုလုပ်ကြ၏။**

www.burmeseclassic.com

တော့်အား နားလည်သူ မိတ်ဆွေရင်းများ ဖြစ်ကြပါသည်။ သူတို့ ကျွန်တော့်အား ဖိတ်ခေါ်နေသည့် အချိန်တွင် ကျွန်တော်မှာ အိန္ဒိယနိုင်ငံ၊ ဟိမဝန္တာအရှေ့ကိုင်း တောင်တန်းဒေသတွင် ရောက်ရှိနေခဲ့သည်။ သို့ဖြစ်၍ သူတို့နှစ်ယောက်နှင့်အတူ လေ့လာရေးခရီးထွက်ရန် ကမန်းကတန်း လှည့်ပြန်ကာ ကာလကတ္တား(ကိုး(လ်)ကတ္တား)မှ ရန်ကုန်သို့ ထွက်ခဲ့ပါသည်။ ထိုကာလကမှ ယင်းလေ့လာရေးအဖွဲ့အား ခေါင်းဆောင်မည့်သူများမှာ အမေရိကန်ပြည်ထောင်စု၌ ရှိနေဆဲဖြစ်၏။ ကျွန်တော့်တာဝန်မှာမူ မြောက်ဘက်တောင်တန်းဒေသ၊ မြစ်ကြီးနားမြို့သို့ ထိုခရီးစဉ်အတွက် လိုအပ်သော ပစ္စည်းများနှင့်အတူ ရောက်ရှိနေသော ဂျေကေ စတင်းဖို့နှင့် တွေ့ဆုံ၍ လိုအပ်သလို ပြင်ဆင်၍ ရှေ့ပြေး လေ့လာရေးအဖွဲ့အဖြစ် သွားနှင့်ကြရမည် ဖြစ်၏။

ကျွန်တော်မှာမူ ယခင်ကပင် ဗီမော်တောင်တန်းဒေသတွင် နှစ်နှစ်ခန့်နေထိုင်ခဲ့ဖူးရကား ယခု ကျွန်တော်တို့အဖွဲ့ သွားရောက်မည့် လေ့လာရေးခရီးကို အတော်အသင့် သိရှိပြီးဖြစ်နေလေသည်။ သို့ဖြစ်၍ ထိုခရီးထွက်ရန်အတွက် ကျွန်တော်မှာ စိတ်လှုပ်ရှားခဲ့ရ၏။ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် ညနေတွင် မြစ်ကြီးနားဘူတာ၏ စကြံလမ်းထိပ်တွင် လက်ဝှေ့ယမ်း၍ ဝမ်းသာအားရ ကြိုဆိုနေသော မစ္စတာစတင်းဖို့ကို တွေ့ရတော့၏။ သူနှင့် ကျွန်တော်မှာ လွန်ခဲ့သော နှစ် ၂၀ ခန့်ကပင် ရန်ကုန်မြို့ ပဲခူးကလပ်၌ တွေ့ဆုံခဲ့ကြသူများ ဖြစ်သည်။ ထိုစဉ်က သူသည် ပထမကမ္ဘာစစ်ပြန် မြန်မာနိုင်ငံ ဝန်ထမ်းအဖွဲ့တွင် အမှုထမ်းနေသော အရာရှိတစ်ဦးသာ ဖြစ်၏။ သူနှင့် ကျွန်တော်သည် ပဲခူးကလပ်တွင် တွေ့ဆုံခဲ့ကြပြီးနောက် နှစ်ပေါင်း ၂၀ နီးပါး တွေ့ခွင့်မရခဲ့။ သို့သော် ကျွန်တော် မြန်မာနိုင်ငံအား ဖြတ်၍ တရုတ်နိုင်ငံအတွင်း လေ့လာရေးခရီး ထွက်သည့်အခါတိုင်း သူ့အကြောင်းကို နားမဆံ့အောင် ကြားခဲ့ရသည်။ ထိုခေတ်ထိုအခါက ခရိုင်အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်ရသူများသည် အခြားအမှုထမ်း အရာထမ်းများထက် အချိန်ပိုများ ရကြ၏။ ကျွန်တော့်မိတ်ဆွေကြီး မစ္စတာစတင်းဖို့မှာ အထက်ဖော်ပြပါ အရာရှိများထဲမှ အရာရှိကြီးတစ်ဦးဖြစ်ပါသည်။

သို့သော် သူက အခြားအရာရှိများနှင့်မတူ မြန်မာနိုင်ငံက ငှက်များနှင့် အခြားနိုင်ငံများက ဆောင်းခိုရန် လာရောက်ကြသော ငှက်များအကြောင်း လက်တစ်ဆုံးနိုက် လေ့လာထားသည်။ သူရေးသော ဆောင်းပါးများအား အနောက်တိုင်းမှထုတ်ဝေသော သဘာဝဝတ္ထု လေ့လာရေးဆိုင်ရာ မဂ္ဂဇင်းများတွင် မကြာခဏ ဖတ်ရှုခဲ့ရသဖြင့် မြန်မာနိုင်ငံမှ ငှက်များအကြောင်း သူ့မတူအောင် သိထားသူအဖြစ် သိထားပြီးဖြစ်ရာ သူနှင့်အတူ ခရီးထွက်ရမည်ဆိုလျှင် ငရဲပြည်ထိ လိုက်ကောင်းလိုက်မည် ဖြစ်၏။

ကျွန်တော်တို့အဖို့ ယခုအခေါက်တွင်မူ ကျွန်တော်တစ်ချိန်က ကန်ဖန်ဒေသသို့ ရောက်ခဲ့စဉ်က သူပြောကိုယ်ပြော ပါးစပ်ဂေဇက်သတင်းရထားသော အရပ်အခေါ် တရုတ်ခေါင်းတလားပင်(တိုင်ဝမ်နီယာ)အကြောင်း စေ့စေ့စပ်စပ်လေ့လာမည်ဟု ဆုံးဖြတ်ထားခဲ့သည်။ အမှန်အားဖြင့် ထိုတရုတ်ခေါင်းတလားပင်မှာ ထင်းရှူးပင်မျိုးနွယ်တစ်မျိုးဖြစ်၏။ ဒေသဆိုင်ရာ မှတ်တမ်းများအရ ထိုထင်းရှူးပင်မျိုးသည် ကချင်ပြည်နယ်၊ တောင်ဂေါ်မှ မြောက်ဘက် လတ္တီကျု ၂၈ အတွင်း နယ်ခြားဒေသ တောင်တန်းများ၊ တောင်ကြောများတွင် ပေါက်ရောက်လေ့ရှိသည်ဟု ဆိုသည်။ အချို့အပင်များမှာ အမြင့်ပေ ၉၀၀၀၊ သို့မဟုတ် ၁၀၀၀၀ ခန့်တွင် ပေါက်ရောက်ကြသည်ဟု ကျွန်တော်သိထား၏။ လူများ သွားရောက်နိုင်သည့်နေရာများတွင် တွေ့ရသော အထက်ဖော်ပြပါ တိုင်ဝမ်နီယာခေါ် တရုတ်ခေါင်းတလားပင်များကို ဒေသခံများနှင့် သစ်ကုန်သည်များက ပြုတ်ပြုတ်ပြုန်းအောင် ခုတ်လှဲ၍ ရောင်းစားကြသည်ဟုဆိုသည်။

ထိုတရုတ်ခေါင်းတလားပင်ကို တိုင်ဝမ်ကျွန်းတွင် ရုက္ခဗေဒပညာရှင်များက ခရစ်နှစ် ၁၉၀၆ ခုနှစ်က တွေ့ရှိကြရသည်ဟု ဆိုသည်။ သို့သော် ယင်းတိုင်ဝမ်ကျွန်းနှင့် မိုင်ပေါင်း ၁၅၁၀ ကျော် ကွာဝေးသော ကချင်ပြည်နယ်နှင့် တရုတ်နယ်စပ်တွင် အဘယ်ကြောင့် ပေါက်ရောက်ရသည်ကို မည်သူမျှ ရှင်းရှင်းလင်းလင်း သဘာဝကျကျ ပြောပြနိုင်ခြင်းမရှိခဲ့ပေ။ ယခင် ကျွန်တော် ကချင်ပြည်နယ်သို့ ရောက်ရှိခဲ့သော အခေါက်များကလည်း ထိုတရုတ်ခေါင်းတလားပင် သက်ကြီးရင့်ရင့်ကို မတွေ့ရသော်လည်း ကျွန်

www.burmeseclassic.com

www.burmeseclassic.com

ထိုခေါင်းတလားကြီးကား အလွန်လေးသလို၊ ခေါင်းတစ်လုံး၏ တန်ဖိုးမှာ အလွန်ကြီးမားသည်။ သို့ဖြစ်၍ ထိုကာလက တရုတ်နိုင်ငံ၏ ရှေးသူဟောင်းတို့၏ အဆိုအမိန့်မှာ တရုတ်နိုင်ငံတွင် "လူချမ်းသာများ၏ သေစရိတ်မှာ နေစရိတ်ထက် ကြီးမားသည်"ဖြစ်၏။

ပြည်နယ်ဒေသခံ လူမျိုးများ (အထူးသဖြင့် တရုတ်နှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသ) ပြောပြသည့် တရုတ်ခေါင်းတလားပျဉ် လုပ်ငန်းအကြောင်းကိုကား အသေးစိတ် ကြားသိလာရသည်။ ဒေသခံများအဖို့ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ရသည်။ ထိုခေါင်းပျဉ်လုပ်ငန်းသည် စို့စို့ပို့ပို့ ဝင်ငွေရရှိသော လုပ်ငန်းဖြစ်သဖြင့် ဒေသခံများအဖို့ တောင်ယာလုပ်ငန်းနှင့် အခြားဝင်ငွေရသော လုပ်ငန်းများထက် ခေါင်းတလားပျဉ်လုပ်ငန်းကို တစိုက်မတ်မတ် ပြုလုပ်ကြ၏။ အကြီးဆုံး ခေါင်းပျဉ်ဆိုလျှင် ကိုးပေခန့်ရှည်ပြီး တစ်ဖက်ထိပ်တွင် ဖြက်နှစ်ပေခွဲရှိပြီး၊ ရှူးသွားသော တစ်ဖက်ထိပ်တွင် ၁၀ လက်မရှိ၏။ ထုမှာ သုံးလက်မမှ လေးလက်မထိ ရှိ၏။ ထိုပျဉ်ချပ်ကြီး၏ ပေါင်အလေးချိန်မှာ ၁၃၀ ခန့် ရှိ၏။

ဒေသခံ အထမ်းသမားတစ်ယောက်ယောက်သည် ပေါင် ၁၀၀ ကျော်သော ပျဉ်တစ်ချပ်ကို ထမ်းပြီး ပေ ၁၀၀၀၀ ကျော်မြင့်သော တောင်များကို ကျော်၍ တစ်ဖက် တရုတ်နိုင်ငံသို့ သွားကြရသည်။ ထိုအထမ်းသမားများအဖို့ ပျဉ်တစ်ချပ်ကိုသာ ပိုး၍သွားနိုင်ကြ၏။ နှင်းကမ္ဗလာ ရစ်ပတ်ဖွဲ့နှောင်နေသော တောင်ရိုးများ၊ နှင်းပွင့်များ,နှင်းခဲများ ဖုံးနေသော တောင်ကြောများကို ထမ်း၍သွားကြရင်း ထိုသူတို့၏ တစ်နေ့လုပ်အားခမှာ တစ်နေ့လေးပဲ (ဗြိတိသျှသုံးငွေ) (တစ်ဆယ့်ခြောက်ပြား)နှင့် ဆန်သာရ၏။ ထူးထူးခြားခြားလေးသော ခေါင်းတလား ပျဉ်ချပ်ကြီးများကိုမူ တရုတ်ကုန်သည်များက "လား"များနှင့် သယ်ယူကြသည်။ ပျဉ်ချပ်ကြီးအား လား၏ကျောကုန်းပေါ်ဝွင် တင်လေ့ရှိ၏။ ပျဉ်ချပ်သေးလျှင်မူ လား၏ ဘေးတစ်ဖက်တစ်ချက်တွင်တင်သည်။

တစ်ဖက် တရုတ်နိုင်ငံတွင် နေထိုင်သော တရုတ်သူဌေးများ၏ ခေါင်းတလားကြီးများမှာ လေးလံလှသည်။ ထောင့်မှန်ရှည် သေတ္တာကြီးတစ်လုံးနှင့်တူသည်။ ခေါင်းဘေးပျဉ်ရှည်ကြီးနှစ်ချပ်နှင့် ထိပ်ပိတ်ပျဉ်မှာ အထူကြီးဖြစ်၏။ ခေါင်းကြီး၏ ကြမ်းခင်းပျဉ်တစ်ချပ်နှင့် ခေါင်းဖုံးရန် ကိုးပေခန့်ရှိသော ပျဉ်ချပ်တစ်ချပ် ဖြစ်သည်။ ထိုခေါင်းတလားကြီးများ၏ အလေးချိန်မှာ ပေါင်လေးရာမှ ငါးရာခန့်အထိ လေးသည်ဟု သိရပြီး၊ ထိုခေါင်းတလား ပိုနိုင်ခံ့ရန် အပေါ်မှ သစ်စေးကိုင်ထားရ၏။ ထိုခေါင်းတလားကြီးကား အလွန်လေးသလို၊ ခေါင်းတစ်လုံး၏ တန်ဖိုးမှာ အလွန်ကြီးမားသည်။ သို့ဖြစ်၍ ထိုကာလက တရုတ်နိုင်ငံ၏ ရှေးသူဟောင်းတို့၏ အဆိုအမိန့်မှာ တရုတ်နိုင်ငံတွင် "လူချမ်းသာများ၏ သေစရိတ်မှာ နေစရိတ်ထက် ကြီးမားသည်"ဖြစ်၏။ သစ်များ ရှားပါးလာသည်နှင့် ခေါင်းတလားစရိတ်မှာ ခေါင်ခိုက်လာသည်။ သစ်များ သယ်ယူရသူ အထမ်းသမားများ၊ သစ်ခုတ်ရသူများမှာ အတော်အသင့် ရကြသော်လည်း ခေါင်းတလား ပြုလုပ်ရောင်းချသည့် ကန်ထရိုက်များမှာမူ စို့စို့ပို့ပို့ အမြတ်ရကြသည်။ ကျွန်တော် စူးစမ်းလေ့လာမှတ်သားရသလောက် တိုင်ဝမ်နီယာပင်မှာ အလွန်ရှားသည်ဟု သိရ၏။ စံချိန်မီ အလုံးအရပ်ပြည့် တိုင်ဝမ်နီယာခေါ် တရုတ်ခေါင်းတလားပင်မှာ သက်တမ်း ၂၀၀ ခန့် ရှိရမည်။ အချို့အပင်များမှာ ၎င်းသက်တမ်းထက် ပိုကြမည် ဖြစ်၏။ ထိုစံချိန်မီ အပင်တစ်ပင်သည် ခေါင်းတလားပျဉ်ချပ် ခြောက်ဆယ်မှ ရှစ်ဆယ်အထိ ထွက်ရှိနိုင်သည်ဟု ဆိုသည်။ ဒေသခံအများကမူ ထိုတရုတ်ခေါင်းတလားပင်မှာ ကျွန်းပင်ထက် ရှားပါးသည်ဟု ဆိုကြ၏။

ထိုကာလက တစ်ဖက် တရုတ်နိုင်ငံမှ တရုတ်သစ်ကုန်သည်များသည် ထိုကဲ့သို့ စံချိန်မီ တိုင်ဝမ်နီယာပင် ဗြိတိသျှသုံးငွေ ကျပ်တစ်ရာခန့်အထိ ပေးဝယ်လေ့ရှိသည်။ သစ်ပင်ပိုင်ရှင်ဆိုသူမှာလည်း သူတို့အပင်ကို ဆွေစဉ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

ဆက် ဂရုတစိုက် စိုက်ပျိုးထားခြင်း မဟုတ်ပါ။ သွားရင်း လာရင်း ထိုအပင်ကို တွေ့ခြင်းဖြစ်၏။ ထိုအပင်ကို တစ်ဆင့်ခံက ဝယ်ယူထားပြီး ပိုင်ရှင်အမည်ခံထားတော့၏။ ဝယ်ယူထားသော ပိုင်ရှင်က ထိုအပင်ကို နှစ်အတော်အသင့်ကြာသည်အထိ မခုတ်မလှဲထား၏။ ထိုအပင်ကို နိုးယူခုတ်ရန်လည်း မလွယ်ပေ။ ဤကဲ့သို့ ခေါင်းတလားပင်တစ်ပင်ကို ဝယ်ယူထားခြင်းသည် ဒေသခံများအဖို့ အရင်းအနှီးနိုင်မာစွာ ချထားခြင်းပင် ဖြစ်တော့၏။ နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် တစ်ဖက်နိုင်ငံမှ တရုတ်အမျိုးသားတန်ထရိုက်များသည် ခေါင်းတလားစပ်သော လက်သမားများကို ခေါ်ဆောင်၍လာပြီး သူတို့ကြိုက်နှစ်သက်သော ခေါင်းတလားပင်များကို လွှ၊ ရဲတင်း၊ ပုဆိန်များဖြင့် ခုတ်လှဲကာ ခေါင်းပျဉ်များ ထုတ်လုပ်ကြသည်။ တိုင်ဝမ်နီယာ ခေါင်းတလားပင်တစ်ပင်ကို ခုတ်ခဲ့၍ ပျဉ်ချပ် ငါးဆယ်ရသည်ဆိုလျှင် ကန်ထရိုက်အဖို့ အမြတ်အစွန်း စိုစိုပိုပိုရသည်ဟု ဆိုရမည်ဖြစ်၏။ ထိုစဉ်ကာလက တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အနောက်ပိုင်းရှိ တန်ရွှေးမြို့တွင် ခေါင်းတလားပျဉ်တစ်ချပ်ကို ဗြိတိသျှသုံးငွေ တစ်ဆယ့်ငါးကျပ်တန် ပေးသည်။

ဤမျှအဖိုးတန်သော ပျဉ်ဖြင့် ပြုလုပ်ထားသော ခေါင်းတလားတစ်လုံးတွင် အမွမ်းအမံမပြုလုပ်မီ အကြမ်းထည်အဆင့်မှာပင် ဗြိတိသျှသုံးငွေ ကျပ်ရှစ်ဆယ်မှ တစ်ရာအထိ ရှိသည်ဆို၏။ ဤကဲ့သို့ တိုင်ဝမ်နီယာသားဖြင့် ပြုလုပ်သော ခေါင်းတလားများကို တရုတ်နိုင်ငံ၊ တာလီဖူးနှင့် ကူမင်းမြို့များရှိ ခေါင်းတလားပြုလုပ်သော ဆိုင်များတွင် တွေ့ရ၏။ သို့သော် ဈေးအဆမတန်ကြီးမြင့်လှသည့်ထိုအပင်များသည် တရုတ်ခေါင်းနိုင်ငံအတွင်း ပေါက်ရောက်ခြင်းလည်းမရှိ၊ ကချင်ပြည်နယ်တောင်ရိုးများတွင်လည်း တရုတ်နိုင်ငံတစ်နိုင်ငံလုံး သုံးစွဲရန် မလုံလောက်သဖြင့် တရုတ်လူမျိုးတို့အဖို့ ခေါင်းတလားပြုလုပ်ရန် အခြားသစ်များကိုလည်း ပြုလုပ်ရသည်။ ထိုတိုင်ဝမ်နီယာဟု ခေါ်သော ခေါင်းတလားပင်ကို ကချင်ပြည်နယ် တောတောင်ဒေသတွင် တွေ့ရသည်ဟူသော သတင်းကို တရုတ်တို့က ဖုံးအုပ်ထားကြသည်။ သို့မှသာ သူတို့ ထိုလုပ်ငန်းအား လက်ဝါးကြီးအုပ်ထားနိုင်မည် ဖြစ်၏။

ကျွန်တော်သည် ဖေဖော်ဝါရီလအကုန် မတ်လဆန်းတွင် လမ်းပြ၊ ကင်မရာနှင့် အခြားပစ္စည်းများ သယ်ယူသူ အထမ်းသမားများနှင့် ကန်ဖန်းမှ နံနက်စောစော ထွက်ခဲ့သည်။ ထိုခရီးကား တရုတ်ခေါင်းပင် ရှာဖွေရန်ဖြစ်၏။ နွေရာသီဟု ဆိုရမည်ဖြစ်သော်လည်း ပတ်ဝန်းကျင်တစ်ခိုရှိ တောင်တန်းများပေါ်တွင် နှင်းလား၊ မြူခိုးလား၊ တောင်ခိုးများလားဟု ခွဲခြားမရအောင် မှုန်မှုန်ဖွဲ့ဖွဲ့တို့ကြောင့် တောင်တန်းများသည် ပိုး၍မှိုင်းနေသည်ဟု ထင်ရ၏။ ကျွန်တော်တို့ တက်ခဲ့သော ခရီးမှာ ပင်လယ်ပြင်ထက် ပေလေးထောင်ခန့်မြင့်သော တောင်ကြောတစ်လျှောက် ဖြစ်ပါသည်။ နှစ်နာရီခန့်သွားပြီးသည်အထိ တရုတ်ခေါင်းတလားပင်၏ အရိပ်အငွေ့ မတွေ့ရပေ။ ထို့နောက် ကျွန်တော်တို့သည် ဗြိတိသျှအစိုးရ သစ်တောဌာနမှ နွေအခါ သစ်လုံးများဆွဲချသော လမ်းကြောင်းကို တွေ့ရသဖြင့် ထိုလမ်းကြောင်းအတိုင်း ပင်လယ်ပြင်အထက် ပေ ၇၀၀၀ ခန့်မြင့်သော ထင်းရှူးတောအတွင်း ဝင်ခဲ့ကြ၏။ လမ်းခရီးကား ကြမ်းလှသည်။ အချို့နေရာများတွင် ခါးကုန်းပြီးသွားရ၏။ ပတ်ဝန်းကျင်ကို စူးစမ်းကြည့်ရှု၍ ရှေ့မှသွားနေသော လမ်းပြသည် ချုံပင်များကို ရှင်း၍သွားရင်း မတ်စောက်သော ချောက်ကမ်းပါးနံရံဘက်သို့ ညွှန်ပြရင်း "ဟိုမှာ ခေါင်းတလားပင်ပဲ ဒူဝါကြီး"ဟု အော်လိုက်သည်နှင့် ကျွန်တော်သည် သူညွှန်ပြရာသို့ စူးစိုက်ကြည့်မိ၏။ ကျွန်တော်တို့ရှေ့တွင် ပင်ခြေတွင် လုံးပတ်ငါးပေခန့်ရှိ၍ မြင့်မားသွယ်လျသော တိုင်ဝမ်နီယာခေါင်းတလားပင်ကြီးကို တွေ့ရတော့၏။ အပင်ကြီး၏ အမြင့်မှာ ပေ ၁၂၅ ပေခန့် ရှိမည်ထင်ပါသည်။ သစ်ပင်ကြီးကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ ထိုအပင်မျိုးတွေ့ရန် ခဲယဉ်းလှ၏။ သို့သော် တရုတ်တို့ကမူ တွေ့လျှင် ခုတ်ယူမည်က သေချာနေပါသည်။

လှမိုး(ပညာရေး)

<u>ကျွမ်းကိုး</u>

**Burma's Ice Mountains**



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၃)

**ပထမံ ဆရာကြီးဦးအောင်သူ**



ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က အပေါင်းအသင်းများဖြစ်သော စာရေးဆရာ(ရာဇဂဏ်)၊ ပထမံနဂါးမာန် ဆရာကိုအုန်းလှိုင်နှင့် သိကျွမ်းခင်မင်ခဲ့ရ၏။

ကျွန်ုပ်တို့သုံးဦးသားသည် ဝန်ထမ်းများဖြစ်ကြသည်။ ကျွန်ုပ်ကတော့ ရန်ကုန်တိုင်း လျှပ်စစ်အင်ဂျင်နီယာရုံးတွင် စာရေးဘဝနှင့် တာဝန်ထမ်းဆောင်နေသည်။ ဆရာရာဇဂဏ်(ခ)ကိုကျော်ဝင်းက ကုန်သွယ်ရေး(၁) ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၌ အရာရှိဘဝနှင့် တာဝန်ထမ်းဆောင်နေသည်။ ဆရာကိုအုန်းလှိုင်ကတော့ ကြေးနန်းရုံးချုပ်တွင် အော်ပရေတာအဖြစ်နှင့် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။

နေ့လယ် ၁၂ နာရီအချိန် မိမိတို့အသီးသီး ရုံးများမှ လက်ဖက်ရည်သောက်ထွက်လေ့ရှိပြီး လက်ဖက်ရည် ဆိုင်တစ်ဆိုင်တွင် ဝိဇ္ဇာကြီးများအကြောင်း ပြောဆိုလေ့ရှိကြသည်။ အခါအားလျော်စွာ ကျွန်ုပ်တို့သုံးဦးသည် ရန်ကုန်မြို့ရှိ အသိမိတ်ဆွေများ၏ ဓာတ်နန်းသို့လည်း သွားရောက်၍ ဘာသာရေးကိစ္စများနှင့် အခြားသော ပညာရပ်များ အကြောင်းကို ပြောဆိုဆွေးနွေးကြသည်။

ကျွန်ုပ်သည် လက်ဖက်ရည်အနည်းငယ်ကိုသောက်ပြီးတိုင်း ခပေါင်းစီးကရက်တစ်လိပ်ကို သောက်လေ့ရှိသည်။ ဆရာကိုကျော်ဝင်းနှင့် ဆရာကိုအုန်းလှိုင်တို့က ဆေးလိပ်မသောက်တတ်ကြပါ။ ကျွန်ုပ်သည် ခပေါင်းစီးကရက်ကို မီးညှိလျက် သောက်လိုက်စဉ် ကုန်သည်လမ်းတစ်လျှောက် လှော်တက်ကြီးတစ်ချောင်းကို ထမ်းပြီးသွားနေသော ဝိဇ္ဇာကြီးတစ်ဦးကို မြင်ရသဖြင့် ခဏမျှငေးကြည့်နေမိ၏။

ကျွန်ုပ်နှင့်အတူရှိနေသော ဆရာကျော်ဝင်း၊ ဆရာအုန်းလှိုင်တို့ပါ အံ့သြစွာ ကြည့်နေကြပါသည်။ ထိုပုဂ္ဂိုလ်၏ ပုံသဏ္ဍာန်ကား ခံ့ညားတည်ငြိမ်လျက် ရှိနေ၏။ ဦးခေါင်းတွင် ဆံပင်ကို သျှောင်ဆံထုံးထုံးလျက် အပေါ်ပိုင်းတွင် အင်္ကျီ အဖြူရောင်ဝတ်ဆင်ထားပြီး၊ အောက်ပိုင်း၌ ပုဆိုးမှာ အဖြူနှင့်အပြာကွက် ဝတ်ဆင်ထားသည်။

ကုန်သည်လမ်းတစ်လျှောက် သွားလာနေကြသော လူများမှာလည်း ထိုပုဂ္ဂိုလ်ထူးကို ငေးကြည့်နေကြသည်။ ထိုပုဂ္ဂိုလ်ကြီးသည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ သူသွားလိုရာကို လျှောက်သွားရင်း ကျွန်ုပ်တို့မျက်ဝန်းထဲမှ ဝေး၍ဝေး၍ သွားပါတော့သည်။ ကျွန်ုပ်တို့သုံးဦးသားလည်း ထိုပုဂ္ဂိုလ် အကြောင်းကို တစ်လုံးတစ်ပါဒမှ မပြောကြမိဘဲ လက်ဖက်ရည်ဆိုင်မှ မိမိတို့ရုံးအသီးသီးသို့ ပြန်ခဲ့ပါတော့သည်။

နွေ၊ မိုး၊ ဆောင်း သုံးရာသီ ပြောင်းခဲ့လေပြီ။ ထို ပုဂ္ဂိုလ်ကြီးအား မတွေ့မမြင်ရတော့ပါ။ တစ်နေ့သောအချိန် ကျွန်ုပ်အိမ်သို့ မိတ်ဆွေဆရာကြီးတစ်ဦးဖြစ်သော ဦးမောင်

www.burmeseclassic.com

မောင်စိုးသည် ကျွန်ုပ်နေထိုင်ရာ သုဝဏ္ဏရေနံ့သာရပ်ကွက်ရှိ ကျွန်ုပ်အိမ်သို့ လှော်တက်ကြီးတစ်ခုကို ထမ်း၍ရောက်ရှိလာပါသည်။

ကျွန်ုပ်အံ့အားသင့်လျက် "ဆရာစိုး ဒါဘာကြီးလဲ" ဟု မေး၏။

ဆရာမောင်မောင်စိုးမှ "ဆရာအောင်ရေ ... ကျွန်တော်နယ်ကို အလုပ်ကိစ္စတစ်ခုနဲ့ ပြောင်းရမှာမို့ ဆရာ့ဓာတ်နန်းမှာ ဒီလှော်တက်ကို ခဏထားခဲ့ချင်လို့ပါဟု ပြော၏။

ထိုအချိန်က ကျွန်ုပ်သည် သုဝဏ္ဏရေနံ့သာရပ်ကွက်၊ ရေနံ့သာလမ်း၌ ဓာတ်နန်း/ဓာတ်စခန်းဖွင့်၍ သာသနာပြုနေချိန် ဖြစ်ပါသည်။ အိမ်အပေါ်ထပ်တွင် ဘုရားနှင့် ပုဂ္ဂိုလ်ပေါင်းစုံထားရှိပြီး ပွဲပေါင်း ၁၁ ပွဲကို ပြင်ဆင်ထားပါသည်။ ဓာတ်နန်းကိုလည်း အောင်သိဒ္ဓိဓာတ်နန်းဟူ၍ အမည်နာမ ပြင်ဆင်ထားပါသည်။ အဓိပ္ပာယ်ကတော့ အောင်လည်းအောင်ရမယ်၊ သိဒ္ဓိများလည်း ပြည့်စုံရမယ်ဟူ၍ ဖြစ်သည်။

ကျွန်ုပ်မှာ ဆရာမောင်မောင်စိုးထံမှ လူတစ်ရပ်ခန့်ရှိသော လှော်တက်ကြီးကို လှမ်း၍ယူကြည့်ရာ ဟောင်းနွမ်းနေပြီး ရွှံ့နွံစများ ပေကျံနေသည်ကို တွေ့ရ၏။

ကျွန်ုပ်မှာ ဆရာ ဒါဘယ်ကရသလဲဟု မေး၏။

ဆရာမောင်မောင်စိုးက "ဘိုးတက်က ပေးထားတာ။ သုံးနှစ်လေးနှစ်ရှိပြီ ဆရာရေ"

ကျွန်ုပ်မှ "အတော်ပဲ ဆရာစိုးရေ။ အဲဒီဘိုးတော်ကြီးနဲ့ တစ်ခါလောက်တွေ့ချင်တယ် ..."

ဆရာမောင်မောင်စိုးက "ဒီလိုဆိုရင် မနက်ဖြန် ဆရာ့ဆီကို ခေါ်သွားမယ်"ဟုပြောပြီး လှော်တက်ကြီးကို ကျွန်ုပ်အိမ်၌ ထားခဲ့ပြီး ပြန်သွားပါတော့သည်။

ချိန်းဆိုသောတစ်နေ့ ကျွန်ုပ်နှင့် ဆရာစိုးတို့ နှစ်ဦးသား ရန်ကုန်မြို့စွန်ဖြစ်သော ကမာရွတ်ရပ်ကွက်အလွန် ကန်စွန်းခင်းထဲရှိ တဲအိမ်တစ်အိမ်သို့ ၎င်းဦးဆောင်၍ ခေါ်ဆောင်သွားပါသည်။ ကတ္တရာလမ်းမှ ခနော်နီခနော်နဲ့ရှိလှသော ဝါးတံတားပေါ်မှ တဲရှိရာသို့ သွားကြပါသည်။

ထိုတဲထဲမှ အသံတစ်ခုကြားရသည်။ "ဘယ်သူတွေလဲ"ဟု လှမ်း၍မေးသံ ကြားရ၏။

ကိုမောင်မောင်စိုးက အဘ ကျွန်တော်တို့ပါဟုပြော၍ တဲထဲဝင်သွားပါသည်။

"အေး ... အေး ... လာ လာ လူလေးတို့"ဟူ၍ ချိုသာသော ကရုဏာအသံဖြင့် ကြိုဆို၏။ သူက ဘိုးတက်ဟူသော ဝိဇ္ဇာကြီးပင် ဖြစ်ပါသည်။ တဲအတွင်း၌ လှော်တက်တွေ တော်တော်များများ ထောင်၍ထားသည်ကို ပထမဆုံး တွေ့ရသည်။ လှော်တက်အသေးစားများလည်း တွေ့ရသည်။ ဘိုးတက်မှ လူလေးတို့ လာမယ်ဆိုတာသိလို့ အဘစောင့်နေတယ်။ ဘာများအကြောင်းရှိလဲဟု မေးသည်။

ကျွန်ုပ်က "အဘကို လွန်ခဲ့တဲ့သုံးနှစ်လောက်က မြို့ထဲမှာ မြင်ဖူးလိုက်တာနဲ့ တွေ့ချင်တာ ကြာခဲ့ပါပြီအဘရယ်"

ဘိုးတက်မှ "ငါ့နာမည် ဘိုးတက်ကွ။ ဘိုးတက်ဆိုတော့ ငါ့သားတွေနဲ့အတူ ခုနစ်ရက်သားသမီးတွေကို ကယ်တင်ဖို့ ငါမထွက်သေးတာပဲ"

ကျွန်ုပ်မှ "အဘ၊ လှော်တက်ဆိုတာ ဘယ်လိုလဲ"

ဘိုးတက်က "လူလေးရယ် လှေမှာ လှော်တက်ရှိမှ သွားရမယ့်ခရီးကို ရောက်တယ်မဟုတ်လား။ အဘတို့ လူလေးတို့ လူသားတွေလည်း လှော်တက်နဲ့ သဏ္ဌာန်တူတဲ့ ဒါန၊ သီလ၊ ဘာဝနာ တရားများကို အားထုတ်ကြရင် မိမိတို့လိုရာခရီးကို သွားရလိမ့်မယ်မဟုတ်လား။ ဒါကြောင့် လောကီဓာတ်အနေနဲ့ လှော်တက်ကိုဆောင် အကြံအောင်သတဲ့"ဟူ၍ တိုတိုနှင့်ဖြေပါသည်။

ဘိုးတက်မှ "ရော့ .. ရော့ .. ဒီအဆောင်ကို လူလေးတို့ယူသွားကြ။ တစ်နေ့ကျရင် ထူးလာလိမ့်မယ်ဟု ပြောပြောဆိုဆို ၎င်း၏ အင်္ကျီအိတ်အတွင်းမှ အဆောင်လှော်တက်ကလေးကို တစ်ယောက်တစ်ချောင်းစီ ပေးလိုက်သဖြင့် ကျွန်ုပ်တို့နှစ်ဦးသားလည်း ဘိုးတက်အား ဦးသုံးကြိမ်ချ၍ အပြန်လမ်းမှာ လှော်တက်ထမ်း၍ ပြန်ခဲ့ပါတော့သည်။

ထိုသည့်၏ နောက်နှစ်ပေါင်း အတော်လေးကြာသောအခါ ဘိုးတက်သည်လည်း ထွက်ရပ်လမ်းသို့ ကြွမြန်းသွားပါတော့သည်။ ထူးခြားသည်ကတော့ ကျွန်ုပ်နှင့် ဆရာမောင်မောင်စိုးသည် လူ့ဘဝတစ်လျှောက် ယနေ့တိုင်အောင် မပင်မပန်း ရွှင်လန်းဝမ်းမြောက်စွာ ဝိဇ္ဇာတို့လျှောက်သောလမ်းကို ဖြောင့်ဖြူးစွာ လျှောက်လှမ်းလို့သာ နေနိုင်ပါတော့ပြီ ဖြစ်ပေတော့သတည်း။

**ပထမ် ဆရာကြီးဦးအောင်သု**



www.burmeseclassic.com

www.burmeseclassic.com



# တတ်ယောင်ကန်းနဲ့ ဆရာလုပ်သူ

**မောင်ပုတ်စည်**

မိတ်ဆွေတစ်ယောက် ရှိတယ်။ လူ့ခွစာမျိုးပေါ့။ သူနဲ့စကားပြောရင် တော်တော်သတိထားရတယ်။ ဘယ်တော့မှ ဖက်ပြိုင်မပြောဘူး။ အမြဲတမ်း အလျှော့ပေးရတယ်။ ဒါမှ သူနဲ့တည့်တယ်။ အရပ်ထဲမှာလည်း တော်တော်များများ သူနဲ့ အစေးမကပ်ဘူး။

အရပ်ထဲမှာ အမျိုးသမီးတွေက တဘက်ကလေးတွေ ပခုံးတင်ပြီး ယောဂီဝတ်နဲ့ တရားသွားထိုင်ကြတယ်။ ဒါကို သူသိပ်လက်မခံချင်ဘူး။ ဘာပြောသလဲဆိုတော့ ခင်ဗျားစဉ်းစားကြည့်ဗျ··တဲ့။ အိမ်မှာရှိတဲ့ လင်တွေ၊ သားတွေ၊ သမီးတွေ ပစ်ထားပြီး သူတစ်ယောက်တည်း နိဗ္ဗာန်ရောက်ဖို့ ကိုယ်လွတ်ရုန်းတယ်။ ဘယ်လောက် တစ်ကိုယ်ကောင်းဆန်လဲ။ မိသားစုတော့ ဖြစ်ချင်ရာဖြစ်ပေါ့တဲ့။ လူကပ်ပြောပါတော့။ ထားပါတော့။

တစ်ခါက သူနဲ့ မြို့ထဲသွားကြတယ်။ လမ်းမှာ ကုလားလေးတစ်ယောက်က စာကလေးတွေ လှောင်အိမ်ထဲထည့်ပြီး ထိုင်ရောင်းနေတယ်။ အမျိုးသမီးတစ်ယောက်က စာကလေးဆယ့်လေးငါးကောင် ဝယ်တယ်။ နှင့်အသက် တစ်ခါလွှတ် ငါ့အသက် ဆယ်ခါလွှတ်၊ အချုပ်ခံထားရတဲ့ ငါ့သားလည်း အမြန်လွှတ်လို့ ပြောပြီး လွှတ်ပေးနေတယ်။

အဲဒါ ဘာမဆိုင် ညာမဆိုင် အမျိုးသမီးကိုသွားမေးတယ်။ ဘာအတွက် လွှတ်တာလဲပေါ့။ အမျိုးသမီးကလည်း သူ့သားလေး ရဲစခန်းမှာ အချုပ်ခံထားရလို့ ဗေဒင်ဆရာက ယတြာချေခိုင်းတဲ့အတွက် လွှတ်တာပါတဲ့။ ကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com

**ကိုယ်က ဗုဒ္ဓဘာသာလို့ဆိုတယ်။ ဗုဒ္ဓဘာသာအကြောင်း ခြေခြေမြစ်မြစ်သိပြီလား၊ လေ့လာသလား၊ မိရိုးဖလာပဲလား။ တတ်ယောင်ကန်းဆိုရင်တော့ အန္တရာယ်ပါပဲ။**

ကောင်းတယ်ဆိုပြီး ကျွန်တော်နဲ့ဆက်လျှောက်လာရင်း လမ်းမှာပြောတယ်။

လူတွေက တော်တော်ခက်တယ်ဗျတဲ့။ အတ္တတွေ သိပ်ကြီးတယ်။ စာကလေးအသက်တော့ တစ်ခါလွှတ်တယ်၊ သူ့အသက်ကျတော့ ဆယ်ခါလွှတ်ရမယ်တဲ့။ စာလေးတွေကို သနားလို့ လွှတ်တာမှမဟုတ်ဘဲ။ ဗေဒင်ဆရာယတြာချေခိုင်းတဲ့အတိုင်း သူ့သားလွတ်ဖို့အတွက် လွှတ်တာ။ မခက်လား…။ ဒါကြောင့်လည်း ဗေဒင်ဆရာတွေ စားသာနေတာပေါ့ဗျ…တဲ့။ သူဝယ်လွှတ်တာ ဘာကုသိုလ်ရမှာလဲ။

သေချာစဉ်းစားကြည့်ရင် သူလွှတ်တဲ့ကုသိုလ်က အကုသိုလ်တောင်မကောင်းဘူး။ ကုသိုလ်လုပ်တာ၊ အကုသိုလ်ဖြစ်နေပြီ။ စဉ်းစားလေ။ လူတွေက စာလေးတွေ ဝယ်ဝယ်လွှတ်တယ်။ ဝယ်လွှတ်တော့ ရောင်းရတယ်။ ရောင်းရတော့ ခဏခဏ ထပ်ထပ်ပြီးဖမ်းတာပေါ့။ သူတို့များများဖမ်းအောင် အားပေးသလို ဖြစ်မနေဘူးလား။

သူ့ကိုတော့ ဖက်ပြိုင်မပြောပါဘူး။ အလိုက်အံ့ထိုက်ပဲ ရေလိုက်ငါးလိုက် ပြောခဲ့တယ်။ ဆရာတော့်ကျောင်း တစ်နေ့ရောက်သွားတော့မှ အကျိုးအကြောင်းပြောပြပြီး မေးလျှောက်ကြည့်တယ်။ ဆရာတော်က မိန့်တယ်။

ကိုယ်ပြုသောကံ ပုံတင်သံ ကိုယ့်ထံပြန်လာမည်ဆိုတာ ဒကာကြီး ကြားဖူးရဲ့မဟုတ်လားတဲ့။ စာကလေး လှောင်ခံထားရတာ သနားလို့ လွှတ်မြောက်စေလိုတဲ့ စေတနာ၊ မေတ္တာနဲ့ လွှတ်ပေးတာက ကိုယ်ပြုတာလေ။ ကိုယ်နဲ့ဆိုင်တာ။ စာရောင်းတဲ့ကောင်လေး စာတွေဖမ်းတာက သူ့ပြုတာ။ ကိုယ်နဲ့မဆိုင်ဘူး။ သူ့နဲ့ပဲ ဆိုင်တယ်။

တစ်ခုတော့ ရှိတာပေါ့။ ကောင်လေး မင်းစာတွေ များများသွားဖမ်း၊ ရသမျှ ငါအကုန်ဝယ်လွှတ်မယ်ဆိုရင်တော့ အကုသိုလ်ပေါ့။ သူ့ကို စာတွေများများဖမ်းစေလိုတဲ့သဘောနဲ့ လွှတ်တာမဟုတ်ရင် ပြီးတာပဲ။ စေတနာမှန်ဖို့ပါပဲ။ စေတနာဖြစ်ရင် ကံမြောက်တယ်။ စေတနာက ကံဖြစ်တယ်ဆိုတဲ့ ဘုရားဟောရှိတာပဲ။

သူ့သားလေးကို အချုပ်ထဲက လွတ်စေချင်လို့ ယတြာချေပြီး လွှတ်တာလည်း ကုသိုလ်တော့ ဖြစ်ပါတယ်။ ဒါပေမဲ့ မျှော်ကိုးချက်နဲ့ သူ့ကိုယ်ကျိုးအတွက် လွှတ်တာဖြစ်လို့ ကုသိုလ်တော့ အပြည့်အဝမရဘူးပေါ့။ ဘာကြောင့်လဲဆိုတော့ တူသောအကျိုးပေးတယ်ဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ဟောထားတာပဲ။

ပြန်စဉ်းစားကြည့်တယ်။ ဒီလိုဘာကြောင့် အတွေးချော်တာလဲ၊ အစွန်းရောက်တာလဲ၊ ကြောင်တာလဲ…။ ကျွန်တော့်မိတ်ဆွေရဲ့ အားနည်းချက်ကတော့ ဗုဒ္ဓဘာသာဆိုပြီး အပြည့်အဝသိအောင် မလေ့လာဘဲ တတ်ယောင်ကန်းနဲ့ တင်းတိမ်ပြီး ဆရာလုပ်နေတာပါပဲ။

ဒါကြောင့် အတိအကျ အဖြေကတော့ ရှင်းရှင်းလေးတွေ့ရပါတယ်။ ကိုယ်က ဗုဒ္ဓဘာသာလို့ဆိုတယ်။ ဗုဒ္ဓဘာသာအကြောင်း ခြေခြေမြစ်မြစ် သိပြီလား။ လေ့လာသလား။ မိရိုးဖလာပဲလား။ တတ်ယောင်ကန်းဆိုရင်တော့ အန္တရာယ်ပါပဲ။

"ကျွန်တော့်ဘကြီးက ပင်စင်ယူသွားပြီးကတည်းက ဘာသာရေးပဲ လုပ်တော့တယ်"

ကောင်းပြီ။ ဘာသာရေးကို သေသေချာချာ သိအောင်လုပ်ရဲ့လား။ ကျေညက်ရဲ့လား။ လိုက်စားသလား။ လေ့လာသလား။

အပေါ်ယံ ဝတ်ကျေဝတ်ကုန်လုပ်ပြီး တတ်ယောင်ကန်းနဲ့ ဆရာလုပ်နေမယ်ဆိုရင်တော့ မပိုင်ဘဲ မနိုင်ဘဲ ဟိုယိမ်းဒီယိမ်းနဲ့ တစ်ဖက်စွန်းပြီး ကြောင်တတ်၊ လွဲတတ်၊ တိမ်းတတ်တာတွေကိုတော့ အထက်ကအတိုင်းပဲ ကျွန်တော်လက်တွေ့ပါခဲ့ဆိုတဲ့အကြောင်း…။

မောင်ပုတ်စည်



www.burmeseclassic.com

www.burmeseclassic.com



# ဖတ်ရှုဖြစ်ခဲ့သောစာများ

# ဘိုးဘိုးနှင့် ဘွားဘွား အချစ်ပွား

မောင်ကောင်းမြင့်

ကျွန်တော်သည်လည်းကောင်း၊ ခင်ကြည်ကြည်သည်လည်းကောင်း မွေးကင်းစ သားသမီးများနှင့် ပတ်သက်ပြီး ကိုယ်တွေ့ သူတွေ့ စာတွေ့ အတွေ့အကြုံ ဗဟုသုတစုံ ရှိကြသူများ ဖြစ်ကြသည်။ ထိုအတွေ့အကြုံများကို အမှီပြု၍ အချိန်ဇယားများချကာ ကလေးကို နို့တိုက်ရန်နှင့် ကလေးငိုတိုင်း နို့မတိုက်ရန်၊ ကလေးငိုတိုင်း ထိတ်ထိတ်ပျာပျာ မဖြစ်ရန်နှင့် ပွေ့ချီမချော့ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကလေးက လက်ကြိုက်သွားမည်ကို မလိုလားခဲ့ကြချေ။

သို့သော် ဤကား သဘောတရားအဆိုသာ ဖြစ်နေပါ၏။ ကျွန်တော်က စ၍ ထိုသဘောတရားကို လက်တွေ့ မကျင့်သုံးပါ။

ကျွန်တော့်ရင်ခွင်မှာ ငြိမ်းချမ်းငြိမ်သက်စွာ အိပ်ပျော်နေသော မြေးမကလေးသည်လည်း အိပ်ပျော်နေသော အလှမင်းသမီးကလေးပါတည်း။ ကျွန်တော် ကလေးကို ပွေ့ပိုက်၍ ထိုင်နေသည်မှာ တစ်နာရီနီးပါး ကြာသွားလေပြီ။ ကျွန်တော်သည် ထိုင်ရတာညောင်းလာသဖြင့် မြေးမကလေးကို အိပ်ရာပေါ်တွင် ဖြည်းဖြည်းသက်သာ ချ၍ သိပ်သည်။ မြေးမကလေး နိုးမလာပါ။ အိပ်ပျော်နေသော အလှမင်းသမီးလေး။ ကျွန်တော်သည် မြေးမကလေးဘက် စောင်းလျက် လဲလျောင်းလိုက်လေသည်။

ဟိုဘက်က ခင်၊ ကြားက မြေးမ

www.burmeseclassic.com

ကလေး။ သည်ဘက်က ကျွန်တော်၏ ခင်နှင့် ကျွန်တော့်ကြားမှာ နှစ်ဦးအတူ သစ္စာ၊ မေတ္တာ၊ စေတနာ စုပုံချထားရာ ပန်းစည်းတစ်စည်း ရှိသည်။ မြေးဦး ကလေးတည်းဟူသော ပန်းစည်းတည်း။

သြော်...မြေးမကလေးကြောင့် ဘိုးဘိုးနှင့် ဘွားဘွား အချစ်ပွားနေရ သေပြီတကား။

[သိန်းဖေမြင့်၏ "ဘိုးဘိုးနှင့် ဘွားဘွား အချစ်ပွား" ဝတ္ထုမှ။ ရှုမဝ၊ ၁၉၇၇၊ နိုဝင်ဘာ၊ ဒီဇင်ဘာ။ ရာပြည့် စာပေ၊ ၂၀၀ ပြီ]

ကျွန်တော်သည် မိမိနိုင်ငံနှင့် ရေဝေးမြေဝေး မိသားစုနှင့် ဝေးသောနိုင်ငံ၏ တစ်ခုသော အခန်းငယ်ကလေးတွင် ရောက်ရှိနေစဉ်တွင် ဖတ်စရာ စာအုပ်များကိုသာ အဖော်ပြုရင်း အထက်ပါ စာပိုဒ်များကို ဖတ်လိုက်ရသောအခါ လွန်ခဲ့သော လေးနှစ်ကျော်က အဖြစ်အပျက်များကို ပြန်လည်သတိရလိုက်မိသေးသည်။

၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ။

သမီးကြီး ခင်စန္ဒာမြင့်ကို နံနက် နာရီခွဲကျော်သောအခါ ဆရာဝန်ကြီးများ သူနာပြုများ ရောက်ရှိလာပြီးလျှင် ခွဲစိတ်မွေးဖွားရန် အားပေးစကား ပြောကြားလျက် ခွဲခန်းဆီသို့ ခေါ်သွားကြပြီ။ ကျွန်တော်သည် သမီးကြီးထွက်သွားပြီးနောက် လူနာခန်းနှင့် မဝေးလှသော ဘုရားခန်းဆီသို့ ထွက်လာခဲ့သည်။ ဘုရားခန်းကား သပ်ရပ်သန့်ရှင်း ငြိမ်းအေးလှပေသည်။ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ဗုဒ္ဓဘာသာဝင်နိုင်ငံလေးခုမှ ရုပ်ပွားတော် ဓာတ်ပုံကားချပ်များဖြင့် မွမ်းမံထားသော ပန်းများ ဝေဝေဆာဆာဖြင့် လှပလျက် ကြည်ညိုဖွယ်ကောင်းလှသော ကျောင်းဆောင်တော်ကိုကြည့်ရင်း ဦးခိုက်ပူဇော်လိုက်သည်။

ဘုရားအား ဝတ်ပြုပြီးသောအခါ ကျွန်တော်သည် အသင့်ဆောင်ယူလာသော ပရိတ်တော်များ စာအုပ်မှ အင်္ဂုလိမာလသုတ်တော်ကို ဖွင့်ဖတ်ကာ ရွတ်ဖတ်ပူဇော်လိုက်သည်။

"ယတော ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊ နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု၊ သောတ္ထိ ဂဗ္ဘဿ။"

အရိယာဖြစ်ပြီးကတည်းက တစ်ပါးသောသူ၏ အသက်ကို သေစေလိုသော ဆန္ဒဖြင့် သတ်ဖြတ်ခဲ့ခြင်း မရှိဘူးပါဟူသော သစ္စာစကားကြောင့် အကြင်နှမ၏ ဝမ်းဗိုက်မှ သန္ဓေတည်လျက်ရှိသော သတ္တဝါငယ်သည် ကောင်းစွာ မွေးဖွားခြင်းသို့ ရောက်ပါစေသတည်း" ဟု အင်္ဂုလိမာလ မထေရ်ကြီးသည် သစ္စာစကားကို ဆိုခဲ့လေသည်။

ကျွန်တော်သည်လည်း မွေးဖွားလာမည်ဖြစ်သော မြေးကလေးအပေါ်၌ မမွေးဖွားမီကတည်းက အဘိုးတစ်ဦး၏ မေတ္တာဖြင့် ကျန်းမာစွာဖြင့်လည်းကောင်း၊ ကိုယ်လက်အင်္ဂါ ပြည့်စုံစွာဖြင့်လည်းကောင်း မွေးဖွားလာစေရန် ဆုတောင်းခဲ့သည်မှာ အကြိမ်ကြိမ်ဖြစ်ခဲ့လေသည်။ ထိုသို့ ဆုတောင်းခဲ့သည်မှာ မှန်ကန်ပါက ယခု ခွဲစိတ်မွေးဖွားမည်ဖြစ်သော မြေးငယ်ကလေးသည် ချမ်းသာစွာဖြင့် "လာခြင်းကောင်းသော လူကလေး" ဖြစ်ပါစေသည်းဟု သစ္စာစကား ဆိုခဲ့ပါသည်။

ကျွန်တော်၏အတွေးတို့က ပြန့်လျက်ရှိနေဆဲပင်။

ကျွန်တော်သည် သိန်းဖေမြင့်၏ "ဘိုးဘိုးနှင့်ဘွားဘွား အချစ်ပွား"ရသော မြေးမကလေးအကြောင်း ပြန်လည် ဖတ်ရှုမိပြန်၏။

"တစ်အိမ်လုံးတွင် တခြားမီးတစ်ပွင့်မျှ မပွင့်။ ကျွန်တော်ကား ကုလားထိုင်ကို စားပွဲနှင့် ဘေးတိုက်ချထားကာ ငြိမ်သက်စွာ ထိုင်နေ၏။ သို့သော် ထိုအချိန်၌ ကျွန်တော်သည် လွန်စွာအလုပ်များနေပါသည်။ ထိုနေ့ နံနက်က ဖွားမြင်ခဲ့သော မြေးမကလေးနှင့် ပတ်သက်၍ စဉ်းစားရသောအလုပ်။ စဉ်းစားစရာတွေကလည်း အများသား။

ဦးသိန်းဖေမြင့်၏ စဉ်းစားခန်းမှာ စာမျက်နှာပေါ်တွင် အတွေးစုံဖြင့် ရေးဖွဲ့ပြသထားလေသည်။

ကျွန်တော်ကရော...။ ဘုရားခန်းတွင်ပင် အတွေးတွေက များလှပေသည်။ "မြေးကလေး"ဟု ဆိုခဲ့ခြင်းမှာ သမီးကြီးကိုယ်ဝန်ဆောင်ပြီးနောက် သတ်မှတ်သော လစေ့သောအခါ အာရ်ထရာဆောင်း (Ultora Sound) ရိုက်ကြည့်ရာ ယောကျ်ားကလေးဟု သိရသောကြောင့်ဖြစ်သည်။ ထိုအခါ မိသားတစ်စုလုံး ဝမ်းသာအားရ ဖြစ်ကြသည်။ ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် ဝမ်းသာကြမည်ဖြစ်သော်လည်း သားယောက်ျားလေး၊ မြေးယောကျ်ားကလေးကို ပိုလိုချင်ကြသည်မှာ အကြောင်းရင်း ရှာမရသော၊ သို့

www.burmeseclassic.com

မပဟုတ် အဖြေမှန် မဟုတ် ်ငသော မိသားစု၏ ဆန္ဒများပင် ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် ဘုရားခန်းထဲ၌ ပင် လမ်းလျှောက်နေသည်။ မည်မျှကြာ သွားသည်မသိ။ အခန်းရှေ့မှ ဖြတ်၍ တွန်းသွားသော လူနာတင်လှည်းဘီးနှင့် သမံတလင်းပွတ်တိုက်သံကြောင့် ထွက်ကြည့်မိ၏။ သမီးကြီးအား လူနာခန်းထဲသို့ သွင်းသွားပေပြီ။ သမီးကြီးကား ထုံဆေးဖြင့်ဟု ခွဲစိတ်မွေးဖွားသဖြင့် သတိမကောင်းစွာ ရလျက်ရှိသည်။ မိသားတစ်စုလုံးက မိခင်ကျန်းမာသဖြင့် ဝမ်းသာကြရ၏။ ခဏမျှအကြာတွင် သူနာပြုဆရာမကလေးသည် အနီးဖြူဖြူလေးများ ရစ်ပတ်ထားသော မွေးကင်းစမြေးငယ်ကလေးကို ချီယူလာသည်။

မြေးကလေး၏ မျက်နှာကို ဖြူဖွေးဝန်းစက်လျက် အနီးထုပ်ထဲမှ ထွက်ပေါ်လာသော "လမင်းကြီး"အသွင် မြင်ရ၏။ အိပ်ပျော်လျက်ပင် ရှိနေလေသည်။ သူ့မိခင်ကား ပြုံးရယ်လျက်ရှိ၏။ မကြာမီ ကလေးအထူးကုဆရာဝန် အမျိုးသမီး ဒေါက်တာ ရောက်လာလျက် နို့တိုက်ဖို့ ပြင်ဆင်ပေးလေသည်။ အနောက်တိုင်းဆေးပညာအရ မွေးဖွားပြီးနောက် နာရီပိုင်းအတွင်း မိခင်နို့ရည်သည် ကလေးကို ရအောင်တိုက်ကျွေးရပေမည်။ ဆရာဝန်များ၏ အကူအညီဖြင့် နို့တိုက်နေသော မိခင်၏ ရုပ်ပုံလွှာမှာ "မာတာယထာ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ" ဟူသော မေတ္တသုတ်ပါဠိတော်၌ လာရှိသည့်အတိုင်း တစ်ဦးတည်းသော သားငယ်အပေါ် ထားရှိသည့် မိခင်မေတ္တာ အတိုင်းအဆမရှိ ကြီးမားပုံကို မြင်တွေ့ရလေသည်။

"ကျွန်တော်သည် ကလေးလေးကို ပွေ့ပိုက်လျက် ငြိမ့်ငြိမ့်ကလေး ဟိုဟိုသည်သည် ရွေ့လျားနေသည်။ ကျွန်တော့်ခြေလှမ်းပုံမှာ ခြေထောက်အောက်က ကြမ်းပြင် ပြိုကျသွားမည်ကို စိုးရိမ်လေဟန်။ ကျွန်တော့်မျက်လုံးအစုံကား ကလေးလေး၏ မျက်နှာမှ တစ်ပါး အခြားသို့ မရွေ့မပြောင်း။ ကလေးငိုသံကြောင့် အလုပ်များသွားလေပြီ။ ကျွန်တော်လည်း အနားမယူနိုင်တော့။ ကျွန်တော့်အဖို့ ကလေးငိုသံသည် သာယာနစ်လိုဖွယ် ဖြစ်၏။ ယခု မြေးမလေး ငိုသံသည် သားငယ်အောင်ခွန်သာ ငယ်ငယ်တုန်းက ငိုသံလို သာယာနစ်သက်ဖွယ် ဖြစ်၏။"

"ကျွန်တော်သည် မြေးမကလေး ငိုသံကို ကြားရသောအခါ ပျော်သလိုလိုပင်ဖြစ်ရသေးသည်။ ကလေးဆီသို့ သွားကြည့်သောအခါ ခင်သည် ကလေးကို အနီးလဲပေးနေသည်ကို တွေ့ရသည်။"

သိန်းဖေမြင့်သည် "ဘိုးဘိုးဘွားဘွား အချစ်ပွား"ရသော မြေးမကလေး အကြောင်း ရေးဖွဲ့သောအခါ သူနှင့်ဇနီးခင်(ကြည်ကြည်)တို့၏ နှစ်ဦးသားမေတ္တာကိုပါ ထည့်သွင်းဖော်ပြသွားသည်။

ကျွန်တော်မှုကား သမီးကြီးခင်စန္ဒာမြင့် လက်မထပ်မီပင် သူ၏မိခင်သည် ကွယ်လွန်ဆုံးပါးခဲ့ပြီဖြစ်သောကြောင့် ကျွန်တော်သည်သာ အဖေ၊ ကျွန်တော်သည်သာ အမေ ဖြစ်ခဲ့ရလေသည်။ ထို့ကြောင့် ယခု မြေးကလေးကို မွေးဖွားသောအခါလည်း ဤဆေးရုံပေါ်၌ ကျွန်တော်သည်သာ အဖေ ,ကျွန်တော်သည်သာ အမေ အဖြစ်မှ ကျွန်တော်သည်သာ ဘိုးဘိုး၊ ကျွန်တော်သည်သာ ဘွားဘွား ဖြစ်နေခဲ့လေပြီ။ ထို့ကြောင့် မြေးကလေးအပေါ်တွင်ထားရှိသော ကျွန်တော်၏မေတ္တာသည် နှစ်ဦးစာအတွက် ဖြစ်သည်ဟု ဆိုနိုင်ပေလိမ့်မည်။

လွန်ခဲ့သော လေးနှစ်ကျော်က ဆေးရုံပေါ်က မြေးကလေး၏ ပုံရိပ်ကို သိန်းဖေမြင့်၏စာကို ဖတ်ရသောအခါ မိမိ၏စိတ်တွင် ပြန်လည်ထင်ဟပ်လာလေသည်။ တကယ်တော့ မြေးကလေးသည် ယခုအခါ မူကြိုတက်လျက်ပင် ရှိနေလေပြီ။ သို့သော် ကျွန်တော့်စိတ်တွင်ကား မကြာလှသေးဟု ထင်မိသည်။ အချိန်တို့သည် မြန်ဆန်လှစွာ လွန်သွားခဲ့လေပြီ။ ကျွန်တော့်အဖို့ မြေးကလေးသည် လွန်ခဲ့သော လေးနှစ်ကာလက မွေးစကလိုပင် ဖြူဖွေးနုနယ်လှစွာသော မျက်နှာကလေးသည်သာ စွဲထင်လျက်ရှိလေသည်။ တကယ်တော့ သူသည်ပင်လျှင် မူလတန်းကျောင်းသို့ စတင်တက်ရောက်တော့မည် မဟုတ်ပါလား။

ဘိုးဘိုးတစ်ယောက်တည်း အချစ်ပွားနေသော မြေးကလေးသည် နောင်ဆယ်စုနှစ် နှစ်စုမျှသော ကာလကို လွန်လေလျှင် ကျွန်တော်သာ အသက်ထင်ရှား ရှိနေဦးမည်ဆိုပါက မြစ်ကလေးတစ်ယောက်ကို အချစ်ပွားနေရဦးမည်လားဟု ထင်မိပေတော့သည်။

မောင်ကောင်းမြင့်




www.burmeseclassic.com

www.burmeseclassic.com

သိုက်နန်းရှင်မြစိမ်းရှင်နှင့်မြစိမ်းတွေးတို့ရဲ့

# ဆန်းကြယ်သောဖြစ်ရပ်များ

## ရီရီမွှေး



www.burmeseclassic.com

www.burmeseclassic.com

# သိုက်နန်းရှင် မြစိမ်းရှင်နှင့် မြစိမ်းထွေးတို့၏ ဆန်းကြယ်သော ဖြစ်ရပ်များ

## ရီရီဌေး

အမှောင်ရိပ်လွှမ်းသည့် ညဉ့် ၉ နာရီခန့်အချိန်တွင် အောင်သိဒ္ဓိ ဘုရားကြီးအနီးမှ အရိပ်သဏ္ဍာန် တစ်ခုသည် တရွေ့ရွေ့နှင့် လမ်းပေါ်သို့ လျှောက်လှမ်းလာသည်။ အနီးအနားသို့ ရောက်သောအခါ အစိမ်းရောင်ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး ဆံပင်ဖားလျားချထားသည့် မိန်းမတစ်ဦး ဖြစ်နေသည်ကို တွေ့လိုက်ရသည်၊ သူမ၏ ထူးခြားချက်မှာ သူမ ရှိထားသည်နှင့် ပတ်ဝန်းကျင် တစ်ခုလုံး မွှေးကြိုင်နေသည်။ သူမ၏အသားအရေမှာ ဖြူဝင်းပြီး အလွန်လှပ ချောမောလှပေသည်။

သူမနောက်သို့ လိုက်ကြည့်လျှင် လမ်းတစ်ဆစ်ချိုး အမှောင်ရိပ်အောက်တွင် သူမ ပျောက်ကွယ်သွားတတ်သည်။

သို့သော် ညဉ့် ၁၂ နာရီခန့်အချိန်တွင် ထိုဘုရားဆီသို့ ပြန်လာတတ်သည်။ သူမ၏ နောက်သို့လိုက်ကြည့်သူ စစ်သားတစ်ဦး၏ ပြောပြချက်အရ ဘုရားအနီးတွင် သူ၏ စေတီရှေ့အောက်မှ ဖြုန်းခနဲ ပျောက်ကွယ်သွားသည်ဟု ဆိုပါသည်။

တချို့သော ဘုရားဖူးများ၏ ပြောပြချက်အရ ညဉ့်၉ နာရီလောက်တွင် သူမရုပ်တုရှိရာ တံခါးမှာ ပွင့်နေတတ်သည်။ ညဉ့် ၁၂ နာရီလောက်တွင် ထိုတံခါးမှာ ပြန်ပိတ်သွားတတ်သည်ဟု ဆို၏။ ထိုထူးဆန်းသော မိန်းကလေးကား ဘုရားဒါယကာမ 'သိုက်နန်းရှင် မြစိမ်းထွေး'ပင် ဖြစ်သည်။ ကျွန်မနှင့် သူမတို့ တိုက်တိုက်ဆိုင်ဆိုင်တွေ့ရသောအခါ . . .

\+ + + + +

ဤကမ္ဘာလောကကြီးတွင် အံ့သြဖွယ်ကောင်းသော သာမန်လူသားတို့၏ ဉာဏ်ဖြင့် လိုက်မမီနိုင်သော အဖြစ်အပျက် များစွာရှိပါသည်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘုရားကြီး၏ မေတ္တသုတ်တော်လာ မေတ္တာပွား နည်း ၁၁ နည်းတွင် "မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ"ဟု မေတ္တာပို့ထားပါသည်။ စာရေးသူငယ်စဉ်က ဤအပုဒ်ကိုရောက်တိုင်း မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေလဲလို့ တွေးမိပါသည်၊ သို့သော် . . ငယ်ရွယ်စဉ်အတွေးဖြစ်၍ အတွေးမှာ မပီပြင်ခဲ့ပေ။

သို့သော်လည်း ဘဝတစ်ကွေ့တွင် အမှတ်တမဲ့မှ အမှတ်တရဖြစ်ခဲ့ဖူးသော အဖြစ်အပျက်ကလေးတစ်ခု ရှိခဲ့ဖူးပါသည်။ ထူးခြားသောအဖြစ်အပျက်ကလေးနှင့် တွေ့ကြုံမှ မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ မှတ်မှတ်ထင်ထင် သိခဲ့ရပါသည်၊ စာရေးသူသည် ဘုရားရှိခိုးပြီးတိုင်း မေတ္တသုတ်တော်လာ မေတ္တာပွားနည်းဖြင့် မေတ္တာပို့ခဲ့ပါသည်၊ ဤမေတ္တာအဟုန်ကြောင့် လေလား မသိ။ မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်သည့် သိုက်နန်းရှင် မြစိမ်းထွေးနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံခဲ့ ဖူးပါသည်။ ဤသို့တွေ့ရသည်မှာ အိပ်မက်လေလား၊ တကယ်လားဟုပင် ထင်ရသော်လည်း အမှန်တကယ်ပင်ဖြစ်ကြောင်း 'အုတ်ချပ်များ'က သက်သေအဖြစ် ထင်ကျန်ရစ်ခဲ့ပါသည်။

ထိုဖြစ်ရပ်မှန်ကို တင်ပြရသော် လွန်ခဲ့သော အနှစ်လေးဆယ်ကျော်ခန့် အချိန်က ဖြစ်ပါသည်။ ထိုအချိန်က အင်းစိန်မြို့သစ် ပေါက်တော ထိပ်တွင်တည်ထားသော အောင်သိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်မှာ ဘုရားငုတ် ၊အဖြစ်သာ ရှိသေးသည်။

ယခုအခါတွင် အောင်သိဒ္ဓိ စေတီတော်မှာ ဆုတောင်းအလွန်ပြည့်ပြီး အဓိဋ္ဌာန်ဝင်သူများမှာ အဓိဋ္ဌာန်အောင်မြင်ကာ အကျိုးကျေးဇူးခံစားရခြင်း၊ အောင်မြင်မှုများ ရရှိခြင်းတို့ကြောင့် ဘုရားဖူးများ၊ အဓိဋ္ဌာန်ပါရမီရှင်များ တစ်နေ့တခြား တိုးတက်စည်ကားနေသည်ကို တွေ့ရှိရပါသည်။

အကြောင်းတရားကြောင့်အကျိုးတရားဖြစ်လာသည့် ဤသို့ထူးခြားလှသည့် စေတီတော်သမိုင်းနှင့် သိုက်နန်းရှင် ညီအစ်မနှစ်ဦးဖြစ်သော မြစိမ်းရှင်နှင့် မြစိမ်းထွေးတို့အကြောင်းကို ပြည့်စုံစွာ သိထားလျှင် ဘုရားဖူးများ ပိုမို ကြည်ညို သဒ္ဓါပွားများနိုင်ပေမည်။ ထူးထူးခြားခြား ဖြစ်ရပ်များနှင့် ဤစေတီတော်၏ ဒါယကာမနှစ်ဦး၏အကြောင်းကို စာရေးသူသိထားသည့် ကိုယ်တွေ့ဖြစ်ရပ်များကို တင်ပြလိုက်ပါသည်။

လွန်ခဲ့သော အနှစ်လေးဆယ်ကျော်ခန့်က စာရေးသူတို့ မိသားစုသည် အင်းစိန် စပယ်ရုံလမ်း၌ နေထိုင်ခဲ့ပါသည်။ ယခု အင်းစိန်မြို့သစ် (က)ရပ်ကွက်နှင့် (ခ)ရပ်ကွက်များမှာ အိမ်စောင့်အစိုးရလက်ထက်၌ ဗိုလ်မှူးကြီးထွန်းစိန် အမှူးပြု၍ မြေကွက်များကို စနစ်တကျ ချထားပေးခဲ့ပါသည်။ မြို့သစ်တည်ခါစဖြစ်၍ အိမ်ခြေများစွာ မရှိသေးပေ။ ဟိုနေရာတစ်ကွက်၊ ဒီနေရာတစ်ကွက် ဆိုသလို နေအိမ်များမှာ ခပ်ကျဲကျဲပင် ရှိပါသေးသည်။ ထိုအိမ်ခြေများ၏ အနောက်ဘက်တွင် ချုံတော၊ မြက်တောများ မင်းမူနေပါသည်။ ထိုနေရာမှ ပေါက်တောဝသို့တိုင်အောင် ချုံတောများ မြက်တောများ ရှိနေပါသည်။ ထိုပေါက်တောဝအနီးတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိပါသည်။ ပေါက်တောဝအနီး၌ရှိသော ဘုန်းကြီးကျောင်းကို အရပ်အခေါ် ခပ်လွယ်လွယ်ပင် ပေါက်တောကျောင်းဟု ခေါ်ကြပါသည်။ ထိုကျောင်း၏ ကျောင်းထိုင်ဆရာတော်မှာ ဦးဓမ္မိက ဖြစ်ပါသည်။ စာရေးသူတို့ မိသားစုသည် အခါကြီးရက်ကြီး ဥပုသ်နေ့များတွင် ဆရာတော်ကြီးထံမှ သီလခံယူကြသဖြင့် ထိုကျောင်းသို့ မကြာခဏ ရောက်တတ်ပါသည်။

ထိုဘုန်းကြီးကျောင်း၏ ပရဝဏ်အတွင်း၌ ဇရပ်ကြီးတစ်ဆောင် ရှိပါသည်။ ထိုစဉ်က ဇရပ်ကြီးမှာ အမိုးများ ပျက်စီးနေသည့်အတွက် စာရေးသူတို့ ဒကာ၊ ဒကာမများ အုပ်စုက အလှူခံပြီး ထိုဇရပ်ကြီးကို အမိုးမိုးကာ သပ်ရပ်စွာ ပြုပြင်နိုင်ခဲ့ကြပါသည်။ ထိုဇရပ်ကြီးအား ပြုပြင်ပြီး နောက်ထပ်ပြုပြင်စရာများကို ပြုပြင်ရန် ကြည့်သောအခါ ကျောင်းပရဝဏ်အတွင်း၌ ယိုယွင်းပျက်စီးနေသော ဘုရားငုတ်တိုကြီးတစ်ခုကို တွေ့ရှိရပါသည်။ ထိုအခါ ဒကာ၊ ဒကာမ အုပ်စုသည် . . .

"ကျွန်မတို့တစ်တွေ ဒီဘုရားကြီးကို ပြန်ပြီးပြုပြင်ကြရင် မကောင်းဘူးလား"

"ကောင်းတာပေါ့"

"ဒါဆို ဆရာတော်ကြီးထံ ခွင့်ပန်ပြီး အလှူခံဌာနတစ်ခုဖွင့်ပြီး အလှူခံကြတာပေါ့"

ဤသို့ဖြင့် ဆရာတော်ကြီးထံ ခွင့်ပန်ကာ အလှူခံဌာနတစ်ခု ဖွင့်ခဲ့ပါသည်။ ထိုစဉ်က ဘုရားကြီး ပြန်လည်တည်ထားရေးအတွက် က ကထပြုလုပ်သူများထဲတွင် မြန်မာမီးရထားဌာန၌ တာဝန်ထမ်းဆောင်နေသော ဦးတင်လှိုင်သည် တက်ကြွစွာ ပါဝင်ခဲ့ပါသည်။ ဆရာတော်ကြီးကလည်း ဦးတင်လှိုင်ကို အလှူခံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခိုင်းခဲ့ပါသည်။ အလှူခံဥက္ကဋ္ဌအဖြစ် လုပ်ဆောင်ခဲ့သူ ဦးတင်လှိုင်သည် ပဲခူးမြို့ ကိုးသိန်းကိုးသန်း ဆရာတော်ကြီး ဘဒ္ဒန္တကေတုမာလာပင် ဖြစ်ပါသည်။ ဆရာတော်ကြီးမှာ ရဟန်းမဝတ်ခင် လူ့ဘဝကပင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ သာသနာနှင့်ပတ်သက်သည့် အဆောက်အအုံများကို ပြုပြင်ခြင်း စသည်ဖြင့် သာသနာပြုနေသူတစ်ဦး ဖြစ်ပါသည်။

ဆရာဦးတင်လှိုင် အပါအဝင် စာရေးသူတို့အုပ်စုသည် အလှူခံဌာန၌ အလှူခံနေစဉ် အသက်သုံးဆယ်အရွယ်ခန့် ရှိမည်ထင်ရသော လွန်စွာလှပတင့်တယ်သော သမီးတစ်ဦး ရောက်ရှိလာပါသည်

www.burmeseclassic.com

သူမသည် ဤဘုရားနှင့် ပတ်သက်သည့် အလှူကိစ္စ၊ လိုအပ်သည့်အချက်များကို မေးမြန်းပါသည်။ သို့သော် သူမသည် ဤသို့မေးမြန်းရသည်မှာ မပြည့်စုံဟု ထင်သဖြင့် –

"ဦးလေး . . ဘုရားကြီး အလှူတိစ္စနဲ့ပတ်သက်ပြီး ဦးလေးနဲ့ ဆွေးနွေးချင်လို့ ဦးလေးရဲ့အိမ်ကို ကျွန်မလာလို့ ရမလား"

"ရပါတယ် ဦးလေးရဲ့အိမ်က ကြေးတိုင်စု (၂)လမ်း၊ အိမ်နံပါတ် (--)ပါ"

"ဟုတ်ကဲ့ ဒါဆို ဒီနေ့ညနေမှာ ဦးလေးအိမ်ကို ကျွန်မလာခဲ့ပါ့မယ်"

"ကောင်းပါပြီ"

ဦးလေးသည် ၎င်း၏အိမ်တွင် တစ်ကိုယ်တည်း နေထိုင်သူဖြစ်သဖြင့်

"တူမရေ . . ညနေကျရင် မင်းခင်ပွန်းပါခေါ်ပြီး ဦးလေးအိမ်ကို လာခဲ့ပါလား"

"ဟုတ်ကဲ့ လာခဲ့ပါ့မယ်။ ဧည့်သည်ကို ဧည့်ခံပေးပါ့မယ်"

"အေး . . . အေး"

ထိုနေ့ညနေတွင် စာရေးသူတို့ ဇနီးမောင်နှံမှာ ဦးလေးနေထိုင်ရာ ကြေးတိုင်စုရှိအိမ်ကလေးသို့ ရောက်ရှိခဲ့ပါသည်။ ထိုအိမ်ကလေးမှာ တစ်ထပ်ပျဉ်ထောင် သွပ်မိုးအိမ်ဖြစ်ပြီး အကျယ်အဝန်းမှာ ၁၅ ပေ × ပေ ၄၀ ခန့် ရှိပါသည်။

ညနေစောင်း အချိန်တွင် . .

"ဦးတင်လှိုင်ရဲ့အိမ် ဟုတ်ပါသလားရှင်"ဟူသော ချိုလွင်သော အသံကလေးနှင့်အတူ နေ့ခင်းက တွေ့ခဲ့ရသည့် မိန်းကလေးကို တွေ့လိုက်ရသည်။

"ဟုတ်ပါတယ် . . အထဲကိုဝင်ပါရှင်"

စာရေးသူက သူမ၏အနီးသို့ သွားကာ အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်ပါသည်။ သူမသည် စာရေးသူ၏အနီးမှကပ်ကာ အိမ်ပေါ်သို့တက်လာပါသည်။ ထိုစဉ် စာရေးသူ၏ နှာခေါင်းထဲတွင် သစ်ခွပန်းပွင့်၏ ရနံ့မျိုးကဲ့သို့ မွှေးရနံ့သင်းသည့် ရနံ့တစ်မျိုးကို ရှူရှိုက်မိပါသည်။ ထိုမွှေးရနံ့ကြောင့် ကျွန်မ၏ရင်ထဲကွင် လန်းဆန်းအေးမြသွားပါသည်။

"အစ်မ ထိုင်ပါ"

"ဟုတ်ကဲ့ပါ"

သူမကို နေရာထိုင်ခင်း ပေးလိုက်ပါသည်။ သည်တော့မှ သူမနှင့် အနီးကပ်၍ သူမကို သေသေချာချာ ကြည့်လိုက်မိပါသည်။ သူမသည် ဆံပင်ကို တစ်ပတ်လျှိုထုံးထားပြီး ဆံမြိတ်ချထားရာ သူမ၏ဆံမြိတ်မှာ ဒူးခေါက်ကွေးအကျော်တွင် ရှိပါသည်။ အသားအရေမှာ ဖြူဝင်းပြီး အလွန်ချောမောလှပသည့် မိန်းမပျိုတစ်ယောက်ဖြစ်သည်။ သူမ၏အလှမှာ မိန်းမချင်းပင် ငေးကြည့်ရသည့် အလွန်ပြေပြစ်ချောမောသော အလှပိုင်ရှင်ဖြစ်မှန်း သိလိုက်ရပါသည်။ သူမ၏ အရပ်အမောင်းမှာ ငါးပေသုံးလက်မခန့် ရှိမည်ဟုထင်ရပြီး၊ ခန္ဓာကိုယ်အချိုးအစားမှာ ခါးသေးရင်ချီ ပဒုမ္မကြာဆိုသကဲ့သို့ အလွန်အချိုးအစား ကျလှပါသည်။ တစ်ခုထူးခြားသည်မှာ သူမ အိမ်အတွင်းသို့ ဝင်လာကတည်းကပင် တစ်အိမ်လုံး မွှေးကြိုင်နေခြင်းပင်ဖြစ်ပါသည်" ကျွန်မသည် သူမကို ကြည့်ရင်းကပင် –

"ဒီအမျိုးသမီးက လှလိုက်တာ။ ဒီလိုအလှပိုင်ရှင်မျိုး တစ်ခါမှ မမြင်ဖူးဘူး။ သူမက နတ်တမျှလှတယ်ဆိုတာ ဒီလိုအလှမျိုးလား မသိဘူး"

ဤသို့ တွေးထင်မိသည်။ ထိုစဉ် သူမက . . .

"ဆရာ . . ကျွန်မက ဒီဘုရားကြီးအတွက် အုတ်လှူချင်လို့ပါ။ အဲဒါ ဆရာတို့အဖွဲ့က လက်ခံမခံ သိချင်လို့ပါ"

"ဩော် . . အုတ်လှူချင်လို့လား။ ဘုရားကြီးပြုပြင်ဖို့အတွက် အဓိကလိုအပ်တာက အုတ်ပါပဲ။ ဒီကတူမက အုတ်လှူမယ်ဆိုရင် ကျွန်တော်တို့အလှူခံအဖွဲ့က ဝမ်းမြောက်ဝမ်းသာစွာနဲ့ လက်ခံပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ။ အလှူခံဌာနမှာ ပြောမလို့ပါပဲ၊ ဒါပေမယ့် ဆရာနဲ့ အေးအေးဆေးဆေး ပြောချင်လို့ပါ"

"ပြောပါ ရပါတယ်"

"ဒါဆိုရင် ဘုရားကြီးအတွက် အုတ်အချပ်ပေါင်း ဘယ်လောက်ကုန်မယ်လို့ ဆရာမှန်းပါသလဲ"

"ကျွန်တော့်အထင်တော့ အုတ်သုံးသောင်းလောက်ဆိုရင် ရပါလိမ့်မယ်"

www.burmeseclassic.com

"ဒါဆိုရင် ကျွန်မလှူပါ့မယ်။ ဒါပေမယ့် ဆရာတို့ကတော့ အုတ်ရှိတဲ့နေရာကို လာယူပါ"

"လာယူဆိုလည်း လာယူပါ့မယ်။ ဘယ်နေရာမှာ လာယူရမလဲ ဆိုတာ ပြောပါ"

ထိုအခါ သူမက မြေပုံတစ်ခုကို ဆွဲပြပါသည်။ သူမရေးဆွဲပြသည့် နေရာမှာ မြေကွက်လပ်ကြီးတစ်ခု ဖြစ်ပါသည်။

"ဆရာ . . . ကျွန်မ မနက်ဖြန် မနက် ၇ နာရီလောက်မှာ အဲဒီနေရာက စောင့်နေပါ့မယ်။ ဆရာနဲ့တကွ အုတ်သယ်မယ့်လူတွေပါ ခေါ်ပြီး လာခဲ့ပါ"

"ကောင်းပါပြီ အဲဒီနေရာကို ဆရာတို့ လာခဲ့ပါ့မယ်"

ထိုသို့ပြောပြီး သူမပြန်သွားပါသည်။ သူမပြန်သွားသောအခါ သူမရေးဆွဲပြသည့် နေရာကိုကြည့်ရင်း များစွာ အံ့ဩခဲ့ရပါသည်။

အဘယ်ကြောင့်ဆိုသော် သူမပြောသောနေရာမှာ လူနေအိမ်ခြေမရှိသော ချုံတော၊ မြက်တောများ ဖုံးလွှမ်းနေသည့် ကွက်လပ်ကြီးတစ်ခု ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

"ငါတူနဲ့ ငါတူမရယ် အဲဒီနေရာမှာ ချုံတော၊ မြက်တောတွေ ဖုံးနေတာ အုတ်တွေက အဲဒီနားမှာ ဘာဖြစ်လို့ သွားထားရတာလဲ မသိဘူး"

"ဟုတ်တယ် ဦးလေးရယ်။ ကျွန်မတို့ကို နောက်သွားတာလား မသိဘူး"

"နောက်တာတော့ မဖြစ်လောက်ပါဘူး။ ဘာပဲဖြစ်ဖြစ် သူချိန်းထားတဲ့ နေရာကို မနက်ဖြန် ၇ နာရီမှာ သွားစောင့်ကြတာပေါ့"

"ဟုတ်ကဲ့ပါ . . ဦးလေးရယ်။ ကျွန်မတို့ မနက်ဖြန်မနက် ၆ နာရီခွဲလောက်မှာ ဦးလေးရဲ့အိမ်ကို လာခဲ့ပါ့မယ်"

"ဦးလေးလည်း အုတ်သယ်ဖို့ လူလေးငါးယောက်လောက် ခေါ်ထားလိုက်မယ်။ ဘုရားကြီးအတွက် အုတ်လှူတာမှန်ပါစေလို့ ဆုတောင်းပါတယ်"

နောက်တစ်နေ့နံနက် ၇ နာရီခန့်တွင် ဦးလေးဦးတင်လှိုင် အပါအဝင် အလှူခံအဖွဲ့နှင့် ကျွန်မတို့အုပ်စုသည် သူမချိန်းထားသည့် နေရာသို့ ရောက်ရှိလာပါသည်။ ထိုနေရာ၌ သူမကို အခန့်သင့်ပင် တွေ့ရပါသည်။ (ထိုနေရာမှာ ကျွန်မစိတ်ထင် ယခု ပိတောက်လမ်းနှင့် အင်ကြင်းလမ်းဆုံအနီးရှိ နေရာဟု ထင်ပါသည်။)

သူမသည် ကျွန်မတို့အုပ်စုကို မြင်သည်နှင့် . . .

"ဆရာတို့လာပါ။ ကျွန်မ ဆရာတို့အလာကို စောင့်နေတာပါ။ ဟောဟိုမှာ အုတ်တွေပါ"

ဟု ပြုံးချိုစွာ စကားဆိုလိုက်ပါသည်။ ထိုအခါ ဦးတင်လှိုင်က . . .

"ငါတူမရဲ့အုတ်တွေ မြင်ရမှပဲ စိတ်အေးသွားတော့တယ်"

ဤသို့ပြောပြီး အုတ်များကို လှမ်းကြည့်လိုက်သောအခါ အုတ်များမှာ ယခုအုတ်များနှင့် မတူဘဲ ရှေးဟောင်းဘုရားများ၌ တွေ့ရှိရသော ရှေးဟောင်းအုတ်အပြားအချပ်ကြီးများ ဖြစ်နေသည်ကို ထူးခြားစွာတွေ့ရှိရပါသည်။ ၎င်းအပြင် မြေပြင်ပေါ်တွင် ပုံထားသော အုတ်ချပ်များကို ခန့်မှန်းကြည့်ရာ အလွန်ဆုံးရှိလှမှ အချပ်နှစ်ထောင်ခန့်လောက်သာ ရှိမည်ထင်ပါသည်။ ထို့ကြောင့် ဦးလေးက ထိုမိန်းကလေးအား . . .

"တူမကြီး ဆရာ့ကိုပြောတုန်းက အုတ်သုံးသောင်းလောက် လှူမယ်ဆို။ အခုဟာ အလွန်ဆုံးရှိလှ အုတ်နှစ်ထောင်လောက်ပဲ ရှိမယ်ထင်တယ်။ ကျန်တဲ့အုတ်တွေ ဘယ်တော့လာယူရမလဲ"

"ဆရာတို့ ဒီအုတ်တွေသယ်ပြီးရင် အောက်မှာ အုတ်တွေ သုံးသောင်းကျော်ရှိပါတယ်။ တူးယူပါ"

"တူးယူပါ"ဟု ပြောလိုက်သည့်အတွက် ကျွန်မတို့အုပ်စုမှာ ပိုမိုအံ့ဩသွားစေပါသည်။ ဦးလေးသည် တစ်စုံတစ်ရာကို သဘောပေါက်သွားသကဲ့သို့ ခေါင်းတဆတ်ဆတ်ညိတ်ရင်း သူမ၏အမည်ကို မေးလိုက်သည်။

"ဒါနဲ့ အုတ်အလှူရှင် နာမည်ကို ဘယ်လိုရေးရမလဲ"

"ကျွန်မတို့ အုတ်အလှူရှင်ထဲ တော့ ညီအစ်မနှစ်ယောက် ရှိပါ တယ်။ အိမ်နာမည်ကတော့ အစ်မကြီးက ချိုချိုပါ၊ ကျွန်မက ညိုညိုပါ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နတ်ကတော်စိန်မျက်ခုံး

[ အခန်းဆက်ဝတ္ထုရှည် ]

(သခင်လမှအဆက်)

**ကျော်မြသန်း**

(၁၀)

အေးက တောင်ပြုံးပွဲမှာ နတ်အနွယ်ဝင်များ၏ သိက္ခာမတင်သော အဖြစ်မျိုးစုံကို ကိုယ်တွေ့မျက်မြင်တွေ့ခဲ့ရသည်များနှင့် အဓိပ္ပာယ်ကင်းမဲ့သောလုပ်ရပ်များကြောင့် သည်အသိုက်အဝန်းကို ဖယ်ခွာဖို့ မောင်မောင့်ကို ပြောပြခဲ့ရ၏။

သည်အသိုက်အဝန်းအကြောင်းလည်း မသိချင်ပါနဲ့တော့။ ကြာရင် မောင့်ဇနီး မင်းကလေးအဆက် ဖြစ်သွားမှာ မောင်မစိုးရိမ်ဘူးလားဟု အမေးပုစ္ဆာ ထုတ်ခဲ့ရ၏။

အစပိုင်းက ထိတိုက်နှင့် ပုလဲတိုက်ကို အားကျမိသလိုလို ရှိခဲ့သော်လည်း နောက်ပိုင်းတွင် အားမကျချင်တော့။ ထိတိုက်လည်း သူ့အကြောင်းနှင့်သူ၊ ပုလဲတိုက်လည်း သူ့အကြောင်းနှင့်သူ။ ကြီးပွားကြပါစေ၊ ချမ်းသာချင်သလောက် ချမ်းသာကြပါစေ။ ဒါတွေကို မက်မက်ထင်ထင် မရှိလိုတော့ပေ။

မောင်မောင်က ထောင်မှူးအလုပ်နှင့်၊ ဒါမှမဟုတ် ရှေ့နေအလုပ်နှင့်။ အေးက စက်ချုပ်သော အလုပ်ကလေးနှင့်။ နှစ်ဝမ်းဝဖို့ နှစ်ခါးလှဖို့ကို သိက္ခာထင်ထင်ကလေးပဲ လုပ်ကိုင်စားသောက်ချင်သည်။ အမအစဆိုတာကလည်း အပြောပဲရှိ၏။

တကယ်က ကိုယ့်ဟာကိုယ်လုပ်လို့ ရနေတာ။ ကိုယ့်ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယနှင့် အောင်မြင်နေတာ။ အမအစလိုချင်ရင် မဖြစ်နိုင်တာထား။ ကိုယ်က အရင်ပေးရဖို့တော့ သေချာသည်။ ဆားနှင့်ပဲစား၍ အေးအေးနေချင်သည့်သဘောကို မောင်မောင့်အား ပြောဖြစ်ခဲ့ရသည်။

အေးပြောသမျှ တောင်ပြုံးအတွေ့အကြုံများကို နားထောင်နေရသည့် ကိုသန့်ဇင်မှာ အံ့သြရသည်ထက် အပြုံးဆောင်ရသည်။

လောကကြီးမှာ ပညာတတ်သည်က တစ်ပိုင်း၊ မှန်ကန်သော အတွေးအခေါ် ဝေဖန်ပိုင်းခြားနိုင်စွမ်းသော အသိဉာဏ်ဖွံ့ဖြိုးသည်က တစ်ပိုင်း။ တစ်နည်းအားဖြင့် ရထားသည့် ပညာအရည်အချင်း လက်မှတ်က ထိပ်ဆုံး၊ အသိဉာဏ်က အောက်ဆုံးဟု ဆိုရမည်သော လူတွေအများကြီးရှိနေသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရဘိသို့ ရှိခဲ့သောကြောင့် ပြုံးမိလိုက်ရသည်။

ချစ်ဇနီးပြောသမျှ ကမောက်ကမ ဖြစ်ရပ်အထွေထွေကို တဝကြီးနားထောင်ပြီးမှ မောင်ထောင်မွေးလေးအကြောင်းကို တစ်လှည့်ဖောက်သည်ပြန်ချလိုက်ရသည်။

"အေးရေ ... မောင်ထောင်မွေးလေးတော့ လုံးတီးနဲ့ တည့်နေပြီကွ။ မြခင်က လုံးတီးထမင်းကို အဝတ်ပါးပါးလေးနဲ့ တိုက်ပြီး နို့မှုန့်နဲ့ နယ်ကျွေးတာ ကိုယ်တို့အကောင်ကြီး သိသိသာသာကို ဖွံ့လာတယ်။ ပါးဆို့ကြီးတွေ ဘာတွေထွက်လို့။ သူ့ကိုမြှူလိုက်ရင် ပြုံးတာပဲ။ တော်တော် အညာအလိုင်း တတ်မယ့်ကောင်ကြီးကွ။ သူ့ကိုမြှူပြီးရင် ချီမှကြိုက်တယ် အေးရဲ့။ မောင်တောင် ရောက်တိုင်း ချီနေရတယ်။ အေး အရင်တစ်ခေါက် ကြည့်တုန်းကနဲ့ တခြားစီဖြစ်နေပြီ"

"မိန်းမထောင်မှာတော့ ဒီကောင်ကြီးက စတားပဲ။ လက်ပေါ်က ဆင်းရတယ်ကို မရှိဘူး။ ထောင်မှူးကြီးတောင် ဒီကောင်ကြီးကို အားကျနေပြီ။ တစ်နေ့ကပဲ နို့မှုန့်အသေးတစ်ဘူးနဲ့ ဘီစကွတ်တွေ ဝယ်ပေးသေးတယ်"

"ဒါပေါ့မောင်ရဲ့။ ခရုမှာ အဆန်နဲ့၊ လူမှာ ကံနဲ့လို့ဆိုတာ။ သူ့ကံလေးနဲ့သူ ဖြစ်လာတာပေါ့။ ဒါနဲ့မောင်ရေ၊ သူ့ကို နာမည်လေး ဘာလေးပေးဖို့ လုပ်ပါဦး။ မောင်ထောင်မွေး၊ မောင်ထောင်မွေးနဲ့ ပညတ်သွားရာ တတ်သတ်ပါဆိုသလို ဖြစ်နေပါဦးမယ်။

www.burmeseclassic.com

"မောင်က မြခင်ကို ဦ့ပါ တယ်ဗျာ။ မြခင်က ကလေး နည်ကို မောင်တို့ပဲ ပေးပါတဲ့။ သူက မွေးမိခင် ပါတဲ့။ မောင်နဲ့ အေးတို့က ကျွေးဖခင်နဲ့ မိခင်မို့ မောင်တို့ကပဲ နာမည်ပေးရ မတဲ့လေ"

"မောင်ကတော့ နာမည်စဉ်းစား ပြီးသား။ အေးလာမှ တိုင်ပင်မလို့"

"မောင် စဉ်းစားထားတဲ့ နာမည် က"

"မောင်ငြိမ်းချမ်း ... လို့"

"ဟင့်အင်း ... ပျော့တယ်"

"ဒါဖြင့် အေးက ..."

"နေ့သင့်နံသင့်တော့ မဟုတ် ဘူးပေါ့မောင်ရယ်။ ရဲကျော်စွာလို့ ပေး ချင်တယ်"

"အေးနာမည်က နန်းဆန်နေ သလားလို့"

ကလေးနာမည်ပေးဖို့အတွက် လင်မယားနှစ်ယောက် အချီအချ စကားစစ်ထိုးပွဲလေးလုပ်ပြီးမှ နှစ်ဦး သဘောတူညီမှုသော နာမည်ကို အတည်ပြုလိုက်ကြသည်။

သူတို့နှစ်ဦး သဘောတူ ရွေး ချယ်လိုက်သည့်နာမည်မှာ ... "မောင်အောင်ကျော်"။

ရိုးသည်။ သို့သော် ခံ့ထည် သည်။ အောင်မြင်ကျော်စောခြင်း အဓိပ္ပာယ်ကို ဆောင်သည်။

မြခင်ကို ပြောပြသည်။ မြခင်က ဘယ်ငြင်းမှာပါ။

"ဆရာကြီးတို့ စေတနာကို မြခင် နားလည်ပြီးသားပါ ဆရာကြီး ရယ်။ မြခင်ကို ပြောစရာ မလိုပါဘူး။ ဆရာကြီးတို့က ဂုဏ်ကျားလို့ နာမည် ပေးရင်တောင် မြခင် လက်ခံမှာပါ ဆရာကြီး"

ဟု တုံ့ပြန်စကားဆိုခဲ့၏။

အေးက နာမည်ရွေးပေးပုံနှင့် မကျေနပ်သေး။ နာမည်ပေး ကင်ပွန်း တပ်မင်္ဂလာအခါလေးပါ လုပ်ပေးဖို့ စေတနာပိုခဲ့ပြန်သည်။

နေ့ကောင်းရက်သာရွေး၊ ကြက် သားဆန်ပြုတ်ကလေး တိုက်ကျွေးပြီး မှ မောင်ထောင်မွေးကလေးကို မောင်အောင်ကျော်လို့ နာမည်ပေးစေ ချင်သည့် ဆန္ဒကို တင်ပြလာသည်။

ကိုသန့်ဇင်ကလည်း သဘောတူ သည်။ ထောင်မှူးကြီးဆီမှာ ခွင့် တောင်းပေးသည်။ ထောင်မှူးကြီးက လည်း ရှောရှောရှူရှူပင် ခွင့်ပြုခဲ့သည်။

ဒါပေသည့် အေး၏ အစီအစဉ် အတိုင်း မလုပ်ဖြစ်။ ပို၍ကောင်းသော အစီအစဉ်တစ်ခု ဖြစ်လာသည်။

စိန်မျက်ခုံးတင်တင်က ရန်ကုန် ပြန်ခါနီး အနှုတ်အဆက် ရောက်လာခဲ့ ရာ စကားစပ်ရင်း မောင်ထောင်မွေး လေးအကြောင်းသို့ ရောက်သွားသည်။

"အောင်မယ် ... ဒီလိုလုပ်လို့ ဘယ်ရမလဲ။ ဒီသားက တင်တင်နဲ့ လည်း ဆိုင်ပါတယ်နော်။ နာမည်က တော့ ကိုကိုထောင်မှူးနဲ့ ညီမတို့ သဘော။ အကျွေးအမွေး အစီအစဉ် ကိုတော့ ကန့်ကွက်ရလိမ့်မယ်။ ဆန် ပြုတ်က 'ဆုတ်ပြန်'ဆိုတဲ့ အဓိပ္ပာယ် ဆောင်တယ်။ တင်တင်ကတော့ မကြိုက်ပေါင်။ ညီမတို့ စေတနာကို တော့ မမတင်က လေးစားပြီးသား နော်။ မမတင်အပေါ် တစ်မျိုးမထင်နဲ့ ဦး။ နက်(စ်)ကော်ဖီနဲ့ ပလိန်းကိတ် ကျွေးပြီး နာမည်ပေးရမယ်။ မိန်းမ ထောင် တစ်ထောင်လုံးအဝ။ ပြီး တော့ ကလေးအတွက် သိုးမွေးအကျ ဦးထုပ်နဲ့ ခြေအိတ်တစ်စုံပါ တင်တင် က တာဝန်ယူတယ်။ ဘယ့်နှယ်ထဲ ညီမ သဘောကျရဲ့လား"

အေးက ပြုံးပြုံးလေးပဲ ခေါင်း ညိတ်လိုက်ရသည်။

စိန်မျက်ခုံးတင်တင် ပြန်သွားမှပဲ လင်မယားနှစ်ယောက် ရင်ထဲတွင် ဖြစ် ပေါ်လာသော မှတ်ချက်ကို ဖွင့်ထုတ် လိုက်သည်။

"မောင်ထောင်မွေး ကလေးကို တော့ မွေးကတည်းက နတ်မပြီ ထင် ပါရဲ့"

* * *

တစ်နေ့တွင် မမျှော်လင့်သော ဧည့်သည်တစ်ယောက် ရောက်လာ သည်။ ဧည့်သည်ရောက်လာချိန်တွင် ကိုသန့်ဇင် အိမ်မှာမရှိ။ ထောင်ထဲမှာ အေးက စက်ချုပ်နေသည်။

ရောက်လာသူမှာ မျက်နှာ သုတ်ပဝါကြီး ခေါင်းပေါင်းလို့။ လူ လွတ်ရောက်လာခြင်း မဟုတ်။ သူ့ ပခုံးပေါ်မှာ အထမ်းအပိုးနှင့်။ ထမ်းပိုး ရှေ့ဘက်မှာ ခြင်းကြီးတစ်လုံး၊ နောက် ဘက်မှာ အထုပ်ကြီး တစ်ထုပ်။

သူက ကိုသန့်ဇင်ကို မေးသည်။ ရုပ်လက္ခဏာ ကြမ်းတမ်းသော်လည်း သူ၏အပြောမှာ ညက်ညောသိမ်မွေ့ သည်။ အမူအရာမှာ ယို့ယို့ကျိုးကျိုး အသွင်ရှိနေသည်။

ပထမတော့ အေးက ရွံ့တွံ့တွံ့ အဖြစ်သား။ သူ့အပြောနှင့် သူ့အ အရာကြောင့်မို့ ရွံ့စိတ်မထင်တော့ နေရာထိုင်ခင်းပေးပြီး လာရင်းကိစ္စ မေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးဆီကို ပစ္စည်းပို့နိုင်းလို့ပါ"

"ဘယ်က ပို့နိုင်းလို့ပါလဲရှင်"

"ကျွန်တော်တို့ရွာက ကိုတလုတ်ကြီးကပါ"

"ဦးသန့်ဇင် မရှိပါဘူး။ ဦးသန့်ဇင် ထောင်ထဲဝင်နေပါတယ်"

"ဒါဖြင့်လည်း ဟောဒီစာနဲ့ ပစ္စည်းတွေ ထားခဲ့ပါ့မယ်"

"စိတ်တော့မရှိပါနဲ့နော်။ ကျွန်မ လက်မခံပါရစေနဲ့။ ဦးသန့်ဇင် ပြန်လာမှပဲ"

"ကျွန်တော်တို့က အဝေးကြီး ပြန်ရမှာမို့ပါ"

"ဒါဖြင့်လည်း ဦးသန့်ဇင်လာရင် ပြောပြလိုက်ပါ့မယ်။ စာလည်း ပေးလိုက်ပါ့မယ်။ ပစ္စည်းတွေတော့ ပြန်ယူသွားဖို့ တောင်းပန်ပါတယ်"

"စားစရာ သောက်စရာတွေပါ။ ဒါတွေ ကျွန်တော် ပြန်ထမ်းသွားရမယ်ဆိုရင် ..."

"ဟုတ်ကဲ့ရှင့်၊ ကျွန်မလည်း အားနာပါတယ်။ ဦးသန့်ဇင်က သူမရှိတုန်း ဘယ်သူက ဘာလာပေးပေး လက်မခံရဘူးလို့ မှာထားလို့ပါ။ စောင့်ချင်သပဆိုလည်း စောင့်ပါ။ နောက်တစ်နာရီလောက်ဆိုရင်တော့ ပြန်လာကောင်းပါတယ်"

ညှိသည်ကြီးက ဘာမှပြန်မပြောသော်လည်း သူ၏မျက်နှာပေါ်မှာ မကျေနပ်ရိပ်ထင်သွားသည်။ အေးတလည်း ရိပ်မိလိုက်ပါသည်။ ဒါပေမယ့် မတတ်နိုင်ပါ။

ညှိသည်ကြီးက စောင့်လည်းမစောင့်ချင်၊ ပစ္စည်းတွေ ပြန်သယ်သွားရမှာလည်း အခက်။ ချီတုံချတုံဖြစ်နေဟန် ရှိသည်။ အေးခမျှာလည်း မျက်နှာအထားရခက်။ ထမ်းပိုးလာသူကို ပြန်ထမ်းသွားပါဟု နောက်ထပ်ပြောရမည်ကို ပါးစပ်ရွံ့နေသည်။

မပြောလို့တော့ မဖြစ်။ ကိုသန့်ဇင် တဖွဖွသတိပေးပြီး မှာထားသောအကြောင်း ရှိနေသည်။ သူမရှိတုန်း ဘယ်သူက ဘာပစ္စည်းလာပေးပေး လက်ခံမယူထားဖို့ ကိုသန့်ဇင်က လေးလေးနက်နက် မှာထားရုံမက အတိတ်ဖြစ်ကြောင်းလေး တစ်ခုကိုပါ နမူနာတင်၍ ပြောပြထားသည်။

အတိတ်ဖြစ်ကြောင်းက ကိုသန့်ဇင် လက်ထက်မှာတော့ မဟုတ်။ ကိုသန့်ဇင်တို့ ထောင်မှူးမဖြစ်ခင် ပဝေသဏီက ဇာတ်ကြောင်း။ သူတို့ ထောင်မှူးသင်တန်း တက်ရတုန်းက သည်ဇာတ်ကြောင်းကို ကြားနာမှတ်သားခဲ့ရဖူးသည်။

ထောင်မှူးနှင့် အကျဉ်းသားဆိုသည်မှာ ကြည်ကြည်ဖြူဖြူ အပေးအယူမျှမျှ အဆွေခင်ပွန်း ဖွဲ့နေကြသူများ မဟုတ်ပေ။ ကျီးနှင့်ခင်တုတ် ရန်ဘက်လုပ်သည်ဆိုသလို အနေအထားမျိုး ရှိကြသူများဖြစ်၏။ ထောင်မှူးဆိုတာက အကျဉ်းသားကို မျက်စိဒေါက်ထောက်ကြည့်ပြီး ထိန်းသိမ်းနေသူများဖြစ်ရာ ပြောစရာဆိုစရာ အပြစ်အနာအဆာများ တစ်ခုမဟုတ်တစ်ခု တွေ့ရစမြဲ၊ တွေ့သောအခါ ပြောရသည်။

အေးအေးသက်သက် ပြောရဆိုရသည် ရှိသလို၊ ဆူပူကြိမ်းမောင်း အော်ငေါက်ဆဲဆိုပြောရသည့် အခါများလည်း ရှိပေသည်။ အခါခပ်သိမ်း နှလုံးမကောင်းနိုင်ပေ။

သူတို့က မတစ်ရာသား၊ လူဆိုး၊ လူမိုက်၊ လူပေ၊ လူတေများ ဖြစ်ကြသည့်အတိုင်း လစ်ရင်လစ်သလို မဟုတ်တာမှန်သမျှ လုပ်ကြသည်။ ထောင်စည်းကမ်းကို သေသေဝပ်ဝပ်လိုက်နာသူ ဆယ်ယောက်ရှိလျှင် ဖောက်ဖျက်သူက ကိုးဆယ်ရှိသည်။ ဆေးလိပ်သောက်တာကအစ ရိုးရိုးမသောက်ချင်၊ နွားလေးစီးပြီးမှ သောက်ချင်သည်။ (ဆေးခြောက်ထည့်ပြီးမှ သောက်ချင်သည်။) လက်သမားရုံက ထုတ်ပေးသော ပေါလစ်ထဲ ဆားခပ်ပြီး အရည်ကျိုကို အရက်အမှတ်ဖြင့် ချဉ်ချဉ်တူးတူး မူးပြီးရော လုပ်ချင်သည်။ သည်လိုအကျင့်ကလေးတွေကအစ မပျောက်ချင်ကြ၊ ဖောက်ချင်ကြသည်။

**တောင်းကို မှောက်ချလိုက်သည်နှင့် တစ်ချိန်တည်း ငယ်သံပါအောင် အော်လိုက်သည့်အသံပါ တစ်ပြိုင်တည်း ထွက်ပေါ်လာခဲ့သည်။ ထောင်မှူးကတော်မှာ အိမ်အောက်သို့ ဘယ်လို ရောက်သွားမှန်းပင် မသိ။**



www.burmeseclassic.com

www.burmeseclassic.com

သည်တော့လည်း ထော် ႑းဆိုတာက မင်းသားဆိုင်းတီးပြီး ႕ ႏးသားကချည်း ကလို့မဖြစ်။ ဘီလူးဆိုင်းတီးပြီးလည်း ဘီလူးကနှင့် ခပ်ကြမ်းကြမ်းကလေး ထွက်ရသည့်အခါလည်း ရှိသည်။ ထိုရောအခါမျိုးတွင် လက်မပါချင်ပေသည့် လက်ရောက်ရသည်။ ဆုမှတ်ရက်ဖြတ်ပြီး တိုက်ပိတ်ဖို့ ပို့ရသည်လည်း ရှိသည်။

တာဝန်အရ လုပ်ရသည့်အပိုင်းကို တာဝန်သဘော မျက်နှာမမူနိုင်ဘဲ အငြိုးတပ်ကြသည်။ အတေးအထောက်ထားကြသည်။ အကျဉ်းသားများမှာ ထောင်မှူးနှင့်တွေ့ရင် နှုတ်ခမ်းလွှာပေါ် အပြုံးဆင်ကြသော်လည်း နှလုံးသားက မပြုံးဘဲ အမုန်းတင်ထားတတ်ကြသည်။

အကျဉ်းသားအများစုမှာ ထောင်ထဲတွင် နေရသည့်အခိုက်တွင်သာ အငြိုးတင် အမုန်းထားကြပြီး ထောင်ပြင်ရောက်သည်နှင့် အငြိုးကုံးကို ဖြေကြသည်။ အတေးအထောက်ကို မေ့ပစ်ကြသည်။ တူးတူးခါးခါး မိုက်စိတ်မွေးသူ တချို့တလေကမူ သူတို့၏ အတေးအထောက် အငြိုးအထင်ကို ထောင်ပြင်ရောက်သည့်တိုင် နှလုံးသားတွင် ကျားကုတ်ကျားခဲ အစွဲထင်ထားတတ်ကြပေ၏။

ရှားရှားပါးပါး အနည်းစုထဲမှ တစ်ယောက်သောသူ၏ တုံ့ပြန်မှုမှာ ရက်စက်ယုတ်မာသော ဇာတ်လမ်းကို ခင်းခဲ့၏။

ထောင်မှူးကိုဘကြည် အပေါ် အငြိုးတင်ခဲ့သည့် အကျဉ်းသားတစ်ဦးက ကိုဘကြည်အိမ်ကို လက်ဆောင်ပစ္စည်းများ တောင်းတစ်တောင်းအပြည့် ပို့ပေးခဲ့၏။ လက်ဆောင်ပစ္စည်းလာပို့သောအချိန်က ထောင်မှူးကိုဘကြည် အိမ်မှာမရှိ။ ထောင်ထဲ ဂျူတီဝင်နေသည်။ အရင့်အရင်က ထောင်လွတ် အကျဉ်းသားအချို့က လက်ဆောင်ပစ္စည်းများ ပေးပို့ခဲ့ဖူးသည့် အစဉ်အလာရှိခဲ့သမို့ ကိုဘကြည် ဇနီးကလည်း ထူးထူးထွေထွေ မမေးတော့ဘဲ ကျေးဇူးတင်စကားပြော၍ ပစ္စည်းများကို လက်ခံထားလိုက်သည်။ လက်ဆောင်လာပို့သူကလည်း ကသုတ်ကရက် ပေးပေးပြောပြော ပြန်သွားခဲ့သည်။ ရုပ်ရည်ပုံသဏ္ဌာန်ကိုပင် သေသေချာချာ ကြည့်မထားမိလိုက်။

တောင်းအပေါ်ယံမှာက ဖက်နှင့်ထုပ်ထားသည့် အထုပ်တွေ ဘောင်နှုတ်ခမ်းသားပေါ်သို့ပင် မောက်တက်နေသည်။

လက်ဆောင်ပစ္စည်း ရသူများမှာ ရလာသော လက်ဆောင်အထုပ်အပိုးများထဲမှာ ဘာတွေပါသည်ကို အလောသုံးဆယ် ကြည့်ချင်သိချင်စိတ် ရှိစမြဲ။ ပေးပို့သူပြန်သွားသည်နှင့် အထုပ်အပိုးများကို ဖြေကြ၊ ကြည့်ကြစမြဲ ရှိတတ်သည့်အတိုင်း ထောင်မှူးကတော်မှာ အထုပ်များကို တစ်ထုပ်ပြီးတစ်ထုပ် ဖြေလိုက်၊ ကြည့်လိုက် အောက်ချလိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေ၏။ အထုပ်များ အောက်သို့ချပြီးသောအခါ အောက်ပိုင်းမှာ အသီးအနှံမျိုးစုံကို တွေ့လိုက်ရ၏။ အသီးအနှံများကို တစ်မျိုးချင်း ရွေးချယ်မနေဘဲ ကြမ်းပြင်ပေါ် တောင်းကို မှောက်ချလိုက်၏။

တောင်းကို မှောက်ချလိုက်သည်နှင့် တစ်ချိန်တည်း ငယ်သံပါအောင် အော်လိုက်သည့်အသံပါ တစ်ပြိုင်တည်း ထွက်ပေါ်လာခဲ့သည်။ ထောင်မှူးကတော်မှာ အိမ်အောက်သို့ ဘယ်လို ရောက်သွားမှန်းပင် မသိ။ အိမ်နီးချင်းများ ပြေးလာပြီး မေးမြန်းသည်ကို ပါးစပ်က မဖြေနိုင်ဘဲ အိမ်ပေါ်ကို လက်ညှိုးထိုးပြပြီး သတိလစ်သွားတော့၏။

အိမ်နီးချင်းများ အိမ်ပေါ်တက်ပြီး ကြည့်လိုက်သောအခါ ကြည့်သူများ၏ ပါးစပ်မှ "အို ... အင် ... ဟာ" အသံများ ထွက်လာပြီး သူတို့၏ကိုယ်များ နောက်ကို ယို့သွားကြသည်။

ဟင်းရွက်ပုံပေါ်မှာ မြွေဟောက်ကြီးတစ်ကောင်ကို ခွေလျက်သား တွေ့လိုက်ကြရ၏။

တောင်းကို မှောက်ချလိုက်မိလို့သာ ထောင်မှူးကတော်မခြာ အသက်နှင့်ကိုယ် မြဲလျက်သား ရှိခဲ့ရသည်။ ဟင်းရွက်များကို တောင်းထဲမှ တစ်မျိုးချင်းသာ နှိုက်ရှင်းလိုက်ရင်တော့ ဘာပြောကောင်း။ ဒုက္ခလှလှကြီးတွေ့ပြီပေါ့ကဲ ... စကောလောက်မှ ဖောက်မနက်။ ပက်စက်လိုက်တဲ့အကြံ။

ဤသို့သော ကြားဖူးနားဝရှိခဲ့သော အတိတ်ဖြစ်ရပ်ကြောင့် ကိုသန့်ဇင်က သူ၏ချစ်ဇနီးအေးကို သေသေချာချာ မှာထားခဲ့၏။

သူမရှိတုန်း ဘယ်သူက ပစ္စည်းလာပေးပေး လက်မခံနဲ့။ ကိုင်လည်း မကြည့်နဲ့။ ယူလာသူနှင့်အတူ ချက်ချင်း ပြန်ပေးရမည်ဟု တဖွဖွ သတိပေးမှာကြားထားခဲ့ခြင်း ဖြစ်ပေသည်။

အခု အိမ်တိုင်ရာရောက် ပစ္စည်းလာပေးပို့သူမှာ ရိုးသားသည့် သွင်ပြင်



www.burmeseclassic.com

www.burmeseclassic.com

သက္ကဏာရှိစေကာမူ အေးက အားနာမှုကို မျက်နှာလွှဲပြီး ပစ္စည်းတွေ ပြန်ယူသွားဖို့သာ ပြောလိုက်ရသည်။

ဧည့်သည်ကြီးမှာ သူထမ်းပိုးလာသော ပစ္စည်းများကို စိတ်ပျက်လက်ပျက်ကြည့်ရင်း ပါးစပ်မှ သက်ပြင်းရှည်ကြီးတစ်ချက်ကို ဝူးခနဲမှုတ်ထုတ်လိုက်ပြီး နောက်ဆုံး အယူခံသည့်အကြည့်ဖြင့် အေးကို လှမ်းကြည့်လိုက်၏။

အေးမှာလည်း ဒုက္ခ။ အစဉ်အမြဲ ပျော့ပျောင်းနေသော သူမ၏မျက်ရိပ်ကို မတင်းချင်ဘဲ တင်းပစ်လိုက်ရ၏။

တော်ပါသေးသည်။ ဧည့်သည်ကြီးက ထမ်းပိုးကိုလျှိုပြီး ပြန်မည်အလုပ် ကိုသန့်ဇင်ပြန်လာသည်ကို လှမ်းတွေ့လိုက်သဖြင့် ဧည့်သည်ကြီးကို ပြန်ထိုင်ခိုင်းလိုက်ရသည်။

ကိုသန့်ဇင်မှာ အေးကိုတစ်လှည့်၊ ဧည့်သည်ကြီးကို တစ်လှည့်ကြည့် ရင်း အေးကမ်းပေးလာသည့်စာကို လှမ်းယူဖတ်ကြည့်လိုက်ပြီး –

“ဩော် ... ကိုတလုတ်ကြီးဆီကကိုး။ ကိုတလုတ်ကြီးနဲ့ဗျာ။ ဒုက္ခရှာတို့ ဘာမှမပေးပါနဲ့လို့ ပြောထားရက်နဲ့ ပို့ဖြစ်အောင် ပို့လိုက်သေးတယ်။ ကဲ ... ကဲ ... ထိုင်ဦးဗျို့။ ထမင်းစားပြီးမှပြန်”

ဒီတော့မှပဲ ဧည့်သည်ကြီးက သူ့ခေါင်းပေါ်က မျက်နှာသုတ်ပဝါကို ချွတ်ပြီး မျက်နှာပေါ်မှာ တင်နေသော ချွေးပေါက်ချွေးစက်များကိုသုတ်ပြီး ဆရာကြီးရောက်လာပေလို့ပဲဗျာ။ နို့မဟုတ်ရင် ရွာအရောက် သူပေးလိုက်တာတွေ ပြန်သယ်ရဦးမှာ ဒုက္ခမှဒုက္ခ”

“ကဲ ... အေးရေ ထမင်းပြင်ပါဦးကွာ”

“ကျွန်တော် ရွာကိုပြန်ဖို့ မော်တော်အချိန်မမီမှာမို့ ထမင်းမစားပါရစေနဲ့ ဆရာကြီး။ ဒီပစ္စည်းတွေ ပြန်ယူမသွားရတာကို ဝမ်းသာလှပါပြီ”

“သက်သက် ဒုက္ခပေးရန်ကောလို့ မထင်ပါနဲ့ဗျာ။ ကျွန်တော် မှာထားလို့ပါ။ ထမင်းမစားရင်တောင် လက်ဖက်ရည်တော့ သောက်သွားပါဦး”

“လက်ဖက်ရည်တွေ ဘာတွေ သောက်လေ့သောက်ထ မရှိလို့ပါ။ ကျွန်တော်ပြန်ဖို့သာ”

“ကဲ ... ကဲ ... ဒါဖြင့်လည်း ပြန် ပြန်။ ကိုတလုတ်ကြီးကို ကျေးဇူးတင်တဲ့အကြောင်းနဲ့ နောက်ထပ် ဘာပစ္စည်းမှ ပို့မပေးနဲ့၊ ပို့ရင် လက်မခံဘူးဆိုတဲ့အကြောင်း ပြန်ပြောလိုက်ဗျာ ဟုတ်လား”

“ဟုတ်ကဲ့ ဆရာကြီး”

ဧည့်သည်ကြီး ပြန်သွားတော့မှပဲ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကားဆိုပွဲ ဆက်ခဲ့ရ၏။

အေးက သူဒုက္ခရောက်နေပုံ အကြောင်း ပြောပြခဲ့ရာ ကိုသန့်ဇင်က တဟားဟားရယ်ပြီး အေး၏ပါးဖောင်းဖောင်းလေးကို မနာမကျင် ဆွဲလိမ်လိုက်ရ၏။

လင်ဖြစ်သူ၏ အမှာစကားကို မြေဝယ်မကျ နားထောင်သော မယားဖြစ်သူ၏ ချစ်ခြင်းအထိမ်းအမှတ် ပြုလိုက်ခြင်းပါတည်း။

* * *

ထမင်းစားသောက်ပြီးမှ ကိုတလုတ်ကြီးပို့လိုက်သော ပစ္စည်းများကို ဖွရ ဆွရသည်။

“မောင်ရေ ကြက်ဥ၊ ဘဲဥတွေက မနည်းပါလား။ တောင်းတစ်လုံးနီးပါးပဲ”

“ကြက်ဥက ဘာဟုတ်သေးလဲ အေးရဲ့။ မောင့်ကို ကိုတလုတ်ကြီးက နွားတစ်ရှဉ်းတောင် ပေးနေတာ”

“ဒါတွေ အေးတို့ နှစ်ယောက်တည်း ဘယ်လိုလုပ်စားပါ့မလဲ”

“အေး ... ထောင်မှူးကြီးအိမ်လည်းပို့၊ ဝါဒါလေးတွေအိမ်ကိုလည်း ဝေပေးလိုက်ပေါ့ကွာ”

“တောင်ပြုံးကအပြန် လက်ဆောင်တွေရတာ နတ်မ ...”

“အမလေးအေးရယ်။ ဒါ နတ်မတာ မဟုတ်ပါဘူး။ စေတနာမတာပါ။ ကိုယ်က စေတနာနဲ့ လုပ်ပေးတယ်။ သူက စေတနာကို တုံ့ပြန်တယ်”

“အေးက နတ်မတယ်လို့ ပြောမလို့ မဟုတ်ပါဘူး မောင်ရဲ့။ နတ်ယုံတဲ့လူဆို ဒါမျိုးက ပြောစရာပေါ့လို့ ပြောမလို့ပါ”

“ဒါ ထားဦးလေ။ မောင်ထောင်မွေးလေး နာမည်ပေးကင်ပွန်းတပ်မင်္ဂလာပွဲကို တနင်္ဂနွေနေ့လုပ်မယ်။ အေးလည်း လာနိုင်အောင် ထောင်မှူးကြီးဆီမှာ ခွင့်တောင်းထားတယ်”

“ဒါဖြင့် ... အေးကျွေးဖို့မွေးဖို့ ပစ္စည်းတွေ ဝယ်လိုက်တော့မယ်နော်။ လူက ဘယ်လောက်လောက်ရှိမလဲ မောင်”

“လူငါးဆယ်စာလောက်ပေါ့ အေးရဲ့။ ပိုရင်လည်း ပိုပါစေပေါ့။ စိန်မျက်ခုံးက ပိုပိုလျှံလျှံကြီး ပေးသွားတာပဲဟာ”

“ဘယ်ဟုတ်မလဲ မောင်ရဲ့၊ ဒီတော့လည်း ကလေးအတွက် ထားရ



www.burmeseclassic.com

www.burmeseclassic.com

တာပေါ့။ မြခင်အမှုက ဘယ်လိုမှန်းမှ မသိတာ''

''အေး ကောင်းသလိုသာလုပ်။ မောင်က စိန်မျက်ခုံးကြားရင် မောင်တို့အပေါ် တစ်မျိုးထင်သွားမှာစိုးလို့''

''မထင်သေးပေါင်။ ဟိုက ကိုကို ထောင်မှူးကို ပိုးနေတာ''

''အပိုင်ယူထားရင် ပိုတောင်ကောင်းသေး။ အေးတို့မောင်တို့မှာ ပုံ့ပါတာမှ မဟုတ်ဘဲ။ သူ့ဆီက အသုံးစရိတ်တောင် ရဦးမှာ''

''အေးနဲ့ မပေါင်းရဘူး ဆိုရင်ကော''

''ဒါတော့ ဘယ်ဖြစ်မလဲ။ နှစ်ယောက်ပေါင်းရမှ''

''စိန်မျက်ခုံးမားက မားဦးချွန်နော်။ တော်ကြာ အူပွင့်သွားမယ်''

အေး၏ ပါးဖောင်းဖောင်းလေးမှာ ကိုသန့်ဇင်၏ ...။

* * *

## (၁၁)

နက်(စ်)ကဖီးနှင့် ပလိန်းကိတ်ကျွေးပြီး ထောင်ထဲမှာမွေးသော ကလေးကို ထောင်ထဲမှာ နာမည်ပေး ကင်ပွန်းတပ်မင်္ဂလာပွဲ လုပ်ဖူးသည့် ရာဇဝင် မရှိစဖူး။

ထောင်မှူးကြီးကိုယ်တိုင် ကြွရောက်အားပေးခဲ့သည်။ အမျိုးသားဆို၍ သူနှင့် ထောင်မှူးကြီး နှစ်ယောက်သာပါသော်လည်း အမျိုးသမီးဝါဒါအပါအဝင် အချုပ်နှင့်ထောင်ကျ အမျိုးသမီး သုံးဆယ့်ခုနစ်ယောက်ပါ မင်္ဂလာပွဲမှာ ပျော်ပျော်ပါးပါးရှိချေ၏။

ကလေးအတွက် ကစားစရာ အရုပ်၊ အဝတ်အထည်နှင့် အခြားလက်ဆောင်ပစ္စည်းများ မပေးနိုင်ကြသော်လည်း သူတို့တစ်ပတ်မှာ တစ်နပ်စားရသော အသားကို မစားဘဲ အသားဖိုးငွေနှင့် ရနိုင်သော ပစ္စည်းတစ်ခု စုပေါင်းလက်ဖွဲ့ခွင့်ပြုဖို့ ထောင်မှူးကြီးဆီမှာ ခွင့်တောင်းခံကြသည်။

သူတို့စေတနာကို မြခင်က ဘယ်လိုမှ လက်မခံ။ တစ်ပတ်မှာတစ်ရက်၊ တစ်ရက်မှာ တစ်နပ်သာစားရသော အသားတုံးလေး တစ်တုံးကို မြခင်ကိုယ်တိုင် ဘယ်လိုမက်မင်ခဲ့ရသည်ကို ကိုယ်ချင်းစာပြီး ငြင်းပယ်ခဲ့ခြင်းဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ မိခင်စိတ်ရှိသော အမျိုးသမီးများ၏ မျက်နှာပေါ်မှာ အပြုံးရိပ်များ လက်လက်ထနေသည်။ သူတို့ကိုကျွေးသော ပလိန်းကိတ်များကို မောင်အောင်ကျော်လေး နောက်နေ့ နောက်နေ့များတွင် စားဖို့အတွက် မောင်အောင်ကျော်လေးကို ပြန်ပေးကြသည့် မြင်ကွင်းမှာ ရင်နင့်စရာလား၊ ဝမ်းသာစရာလားဟု ခွဲခြားအဖြေထုတ်ရန် ခက်သော်လည်း အေး၏မျက်အိမ်ထဲတွင်မူ မျက်ရည်များ လွှမ်းထင်ခဲ့ရသည်။

သားသမီးတွေရှိပါလျက် အမေတစ်ယောက်ကို မပြုစုနိုင်လို့၊ ကိုယ့်ဝမ်းကိုယ်ကျောင်းပြီး ထောင်ထဲရောက်နေရသူ အမေညို့ကြီး သည်ပင်လျှင် မိခင်စိတ် မကုန်ခန်းနိုင်သေးဘဲ အောင်ကျော်လေးကို ပေါင်ပေါ်တင်ပြီး ဆုတောင်းမေတ္တာစာများ ရွတ်ဖတ်သရဇ္ဈာယ်နေသည်မှာ အေးတို့ပြန်သည်အထိ မပြီးဆုံးသေးပေ။

ကိုသန့်ဇင်နှင့် အေးတို့မှာ သောင်းကုန်၊ သိန်းကုန် အလှူကြီးတစ်ခု ပြုလုပ်ရဘိသို့ ကြည်နူးပီတိကို နင့်နင့်ပိုးပိုးကြီး ခံစားလိုက်ရ၏။

မြခင်မှာမူ ဝမ်းသာကြည်နူးမှုနှင့် ဝမ်းနည်းပူဆွေးမှုကို ရောထွေးခံစားနေရ၏။ ထောင်ထဲရောက်နေသည့်တိုင် သားကလေး၏ အမည်ပေးမင်္ဂလာပွဲကို ဖြစ်သည့်နည်းနှင့် ပြုလုပ်နိုင်ခဲ့၏။ စည်ကားသိုက်မြိုက်ခြင်း မရှိစေကာမူ သူ့အတိုင်းအတာနှင့်သူတော့ ကျေနပ်မှုဖြစ်စေခဲ့၏။ ဒါ့အတွက် ဝမ်းသာရသည်။ ကြည်နူးရသည်။ သားကလေးကိုကြည့်ပြီး ပီတိဖြစ်ခဲ့ရသည်။

သို့သော် ...

ထိုမှ ဆယ့်ငါးရက်မြောက်နေ့တွင် သူ၏အမှု စီရင်ချက်ချတော့မည်ဖြစ်ရာ ဘယ်သို့သော အတိုင်းအတာအထိ အပြစ်ဒဏ် ချမှတ်ခံရမည်ကို မသိသေးပေ။ သားကလေးနှင့်အတူ အကျဉ်းထောင်ထဲမှာ နှစ်အတိုင်းအတာနှင့် ဆက်လက်နေထိုင်ရဦးမည်ကို အတွေးစဉ် ရိုက်ခတ်လေတိုင်း ဝမ်းသာကြည်နူးမှုများ လွင့်ပြယ်ပြီး ဝမ်းနည်းပူဆွေးမှုဒဏ်ကို ပြတ်ပြတ်ထင်ထင်ကြီး ခံစားခဲ့ရပြန်၏။

သားကလေးကို ကြည့်ကြည့်ပြီး မျက်ရည်ပေါက်ကြီးငယ် ကျခဲ့ရသည့်အကြိမ်ပေါင်းမှာ မနည်းတော့ပေ။

မြခင်၏ဘဝက ရင်နင့်စရာကောင်းသည်ကို ထားဘိတော့။ သားလေးအဖြစ်က ပို၍ရင်နင့်စရာ ကောင်းနေသည်။ သန္ဓေသားဘဝကတည်းက မိခင်ဖြစ်သူထံမှ အားအင်ပြည့်ဖြိုးစေသော အာဟာရ၏ အထောက်အပံ့ကို မရခဲ့ရှာ။ မြခင်စားရသည့် လုံးတီးထမင်း၊ ပဲရည်ကြဲဟင်းနှင့်

www.burmeseclassic.com

ငါးပိလက်တစ်သစ်မျှသာ ဖြစ်ရာ မည်သို့လျှင် အားအင်ပြည့်ဝစေမည့် အာဟာရ၏ အထောက်အပင့်ကို ရရှိနိုင်ပါမည်နည်း။ အမိဝမ်းက ကျွတ်ပြီးသည့်နောက် ကံကောင်းထောက်မသဖြင့် ထောင်မှူး ဂိုသန့်ဖင်တို့ လင်မယား၏ စေတနာကြောင့်သာ နို့မှုန့်အာဟာရကို မှီဝဲရ၏။ နို့မဟုတ်ရင် လုံးတီးထမင်းနှင့် ပဲရည်ကြည်ဟင်းမှဖြစ်သော နို့ပိန်ကိုသာ ကျားပိန်တွယ်တွယ်ရတော့မည် ဖြစ်ပေသည်။

ထမင်းစားနိုင်သော အရွယ်ကစပြီး ထိုနေ့အထိ လုံးတီးပဲ စားနေရသည်။ ကုသိုလ်၊ အကုသိုလ် လုံးဝမရှိသော အပြစ်အနာအဆာ တင်းမဲ့သည့် ဤကလေးငယ် ပညတ်အမည်ရှင် အောင်ကျော်လေးမှာ လုံးတီးထမင်းစားပြီး ရှည်လျားသော အကျဉ်း၏နေ့များ ဘုမသိ၊ ဘမသိ ဆက်၍ခံရပေဦးမည်။ ကလေးငယ်ကို အစ်မဆီပို့ထားရင် အကျဉ်း၏နေ့များမှ လွတ်ခွင့်ရစေမည်ဖြစ်သော်လည်း သူ၏ရင်ခွင်မှ ဖယ်ခွာထားရမည်ကို စဉ်းစားလိုက်တိုင်း မျက်ရည်ပေါက်ကြီးများသာ ပါးပြင်ပေါ်သို့ စီးကျလာခဲ့၏။

ထိုထိုသောအခါတွင် မြခင်၏ရင်ထဲမှာ စိတ်ရိုင်းလွှမ်းထင်လာသည်။

"တို့သားအမိ နှစ်ယောက်စလုံး"

သည့်သို့သော အတွေးစဉ်ကို ရိုက်ပုတ်ထုတ်လုပ်သည်က အဖန်ငါးရာ ငါးကမ္ဘာသို့ တိုင်အောင်ဆိုသော ခြောက်လုန့်မှုပင် ဖြစ်ပေသည်။

မြခင်တစ်ယောက် အနေနှင့် အဖန်ငါးရာ ငါးကမ္ဘာသို့တိုင်မကအဖန်တစ်ထောင်၊ ဆယ်ကမ္ဘာသို့တိုင် ခံရပါစေမှူ။ ခံရဲသော်လည်း ဘုမသိ

> အသည်းနှင့်အောင်
> ချစ်ခဲ့ရပြီမို့
> နောက်ဆုတ်ဖို့
> အတွေးစဉ်
> ခေါင်းထဲဝင်လာလျှင်
> ချက်ချင်းခါထုတ်ပစ်
> လိုက်သော်လည်း
> လုံးလုံးလျားလျားကြီး
> သူ့အလိုနောက်သို့
> စိုက်လိုက်မတ်တတ်
> လိုက်ခဲ့သည်တော့
> မဟုတ်ပေ။

ဘမသိ အပြစ်မဲ့ သားလေးကိုတော့ မခံစေချင်။

တစ်ခါတစ်ရံ သားနှင့် နှစ်ယောက်တည်း ထောင်ဝိုင်းထဲက ညောင်ပင်ကြီးအောက်မှာထိုင်ပြီး သူတို့သားအမိ၏ ဆိုးရွားလှသော ဘဝဖြစ်စဉ်ကြောင့် မြခင်၏ရင်ထဲမှာ ဘယ်လိုခံစားနေရပုံ၊ ရင်နင့်ရပုံများကို သားဖြစ်သူအား တတွတ်တွတ် ပြောပြနေတတ်၏။ ကလေးငယ်က အမေပြောသည်များကို နားမလည်ရှာပဲ သူ့ကိုမြူနေသည်ဟူသောအမှတ်ဖြင့် ရင်ခွင်ထဲမှ ပြုံးပြနေတတ်သည်။ လှုပ်နေသော မိခင်၏ပါးစပ်ကို ကစားစရာအထင်ဖြင့် လှမ်းကိုင်ဖို့ ကြိုးစားတတ်၏။

ဒီတော့မှ ငါ့သားလေးက ဘာမှနည်းမလည်သေးပါလားဟု အသိအမှတ်ပြန်ဝင်လာပြီး သားအပြုံးကြောင့် မြခင်နှုတ်ခမ်းမှာ အပြုံးရိပ်ထင်သွားရသည်။ ဒါပေသည့် မြခင်၏မျက်လုံးများမှာမူ ငိုနေသည်။

အငိုမျက်လုံး အပြုံးမျက်နှာဆိုသည်မှာ ထိုအချိန်က မြခင်၏မျက်နှာလို့ ဆိုရပေမည်သာ။

မြခင်သည် မင်းသမီးများလို အမူအရာလုပ်တတ်သူ မဟုတ်။ အရင်တုန်းထဲက ပြုံးရင်ထင်ထင်၊ ငိုရင်လုံးလုံး။

သားကိုမွေးပြီးကတည်းက အငိုမျက်လုံး အပြုံးမျက်နှာ ထင်ခဲ့ရသည်။ သားက ရယ်ပြပြုံးပြလျှင် မျက်ရည်စက်လက်နှင့် မြခင်၏နှုတ်ခမ်းမှာ အပြုံးရိပ်ဆင်၍ အားမာန်တွေ ဖြိုးဖြိုးဖျင်းဖျင်း ပြန်ထင်လာရသည်။

"သားကို ပညာတတ်ကြီးတစ်ယောက်ဖြစ်အောင် မေမေ ဘယ်လိုပဲရုန်းကန်ရ၊ ရုန်းကန်ရ ရုန်းကန်ပြီးမွေးမယ် သားလေးရယ်"

ဟု အားတင်း ကြုံးဝါးသံ ပေးတတ်၏။

သည့်သို့ အားမာန်ဝင့်လာသောအခါ အငိုမျက်လုံး မထင်တော့ဘဲ အပြုံးမျက်နှာကြီးသာ ထင်းထင်းဝင်းဝင်း ပေါ်လွင်လျက်ရှိချေ၏။

တောင်စဉ်ရေမရ အတွေးစဉ်မျဉ်းပြိုင်ပေါ်တွင် ပြေးလွှားနေရသူ မြခင်မှာ သားအတွက် အရှုံးမကြီးပမာသို့ ဖြစ်ခဲ့ရချေ၏။

ယခု အမှုဖြစ်ကြောင်းမှာ မြခင်လော်မာ၍ ဖြစ်ရသည်မဟုတ်စေကာမူ လင်သားအပေါ် ငြိတွယ်ခဲ့ရသည့်သံ



www.burmeseclassic.com

www.burmeseclassic.com

ယောဇဉ်ကြောင့် တစ်နွယ်ဝင် တစ်စင်ပါဆိုသည်သို့ ဒုစရိုက်သမားမယားတို့ လျှောက်ရမြဲလမ်းကြောင်းပေါ် လျှောက်ခဲ့ရသည်ဟု ဆိုရမည်သာတည်း။

* * *

ကျားကြီးကျော်ညွန့်နှင့် သမီးရည်းစားဖြစ်ခဲ့စဉ်က ကျားကြီးကို လူဆိုးတစ်ယောက်ဟု လုံးဝမထင်ခဲ့။ ထင်ရအောင်လည်း ကျားကြီးရုပ်က လူဆိုးရုပ်မထင်။ ရှိုးအပြည့်။ အပြောကလည်း ကျမှကျ။ မိန်းကလေးကို မနောကြည်စရာ အပြော၊ အထာ၊ ဟန်ပန်မူရာများ ရင့်မှည့်နေသည်။ ငွေသုံးနိုင်သည်မှာတော့ ပြောစရာမလို။ ဖောဖောသီသီ ရှိပေ၏။ အလုပ်က သဘော်စာရေး။ ဒါက ကျားကြီးအပြော။

ချစ်တာတစ်ခုတည်းကို သိတတ်သော မိန်းကလေးများမှာ ချစ်ရသူ ဘာအလုပ်လုပ်သည်ကို အလေးမမူကြ။ စိတ်လိုလက်ရရှိပါမှ တစ်ခါတစ်ရံ မေးတတ်သည်။ ဘာအလုပ်လုပ်သလဲမေးဖို့ထက် ပြောစရာစကားတွေက များမှများဘိဟာ။ ဖြုတ်တစ်ခဏ တွေ့ရချိန်မှာ ဒါကို အချိန်ကုန်ခံပြီး မမေးတတ်။ မောင်မောင် ပြောတာတွေ နားထောင်ရင်း ပျော်ရလို့ အားလုံးမေ့ရသည်။ ပြောကြမည်။ ပျော်ကြမည်။ ပြီးတော့ ...

ကျားကြီး တစ်ခါတစ်ခါ ပျောက်သွားသည်ကိုလည်း သံသယမဖြစ်မိ။ သဘော်စာရေးဆိုတော့ သဘော်နှင့်ထွက်သွားမည်။ ချစ်မောင်မောင် ပြန်ရောက်မည်ကိုသာ မျှော်ရသည်။ သုံးကြစွဲကြသည့်ငွေ ဘယ်ကရပါလိမ့်ဟုလဲ မစစ်ကြောမိ။ အလုပ်ကိစ္စနှင့်သွားသည်။ အပြန်ငွေပါလာသည်။ ဘာမေးစရာ လိုမှာပ။

ကျားကြီးနှင့်ရပြီးသည့်တိုင် တော်တော်နှင့် မသိ။ သိသည့်အချိန်တွင်လည်း နောက်ဆုတ်၍ မဖြစ်တော့။ အစ်မတွေကလည်း ဝိုင်းပယ်လိုက်ပြီ။

ကျားကြီးသာ အားကိုးရာ၊ အမှီပြုရာ ဖြစ်ခဲ့သည်။ ပေါက်တဲ့နဖူး မထူးတော့။ ပေါက်ချင်သလို ပေါက်ပါစေဟု သဘောမူလိုက်ရသည်။

အသည်းနှင့်အောင် ချစ်ခဲ့ရပြီမို့ နောက်ဆုတ်ဖို့ အတွေးစဉ် ခေါင်းထဲဝင်လာလျှင် ချက်ချင်းခါထုတ်ပစ်လိုက်သော်လည်း လုံးလုံးလျားလျားကြီး သူ့အလှိုနောက်သို့ စိုက်လိုက်မတ်တတ်လိုက်ခဲ့သည်တော့ မဟုတ်ပေ။

ချစ်စခန်းဖွင့်၍ အကြည်အသာရှိသော အချိန်များတွင် ကျားကြီးကို ဒုစရိုက်နယ်မှ ဆွဲထုတ်ဖို့ ကြိုးစားခဲ့၏။ တစ်ခါနှစ်ခါ မဟုတ်။ အခွင့်သာတိုင်း ဖျောင်းဖျနားချခဲ့သော်လည်း အရာမထင်ခဲ့ပေ။

ဈေးတောင်းခေါင်းရွက်ပြီး ရှာကျွေးပါမည်၊ အစ်ကိုကျော် အေးအေးသက်သာ ထိုင်စားနေစမ်းပါဟု ဆိုခဲ့သည့်တိုင် ကျားကြီးက ခေါင်းကိုသာ တွင်တွင်ခါယမ်းခဲ့သည်။ နောက်ပိုင်း ကျားကြီး မိန်းမပွေသည်များကို သိလာသောအခါ မြခင်က ဘာမျှမပြောခဲ့။ သူ့ကိုခွာပြီး တခြား မိန်းမနောက်ကောက်ကောက်ပါအောင် လိုက်သွားလဲ အေးတာပဲဟု သဘောမူခဲ့၏။ဒါပေသည့် ကျားကြီးက မြခင်ကိုတော့ တော်တော်လေး ချစ်သည်။

ကျားကြီးမှာ ချေးကျရာ ပျော်တတ်သည့် ကြက်အသွင်ရှိစေကာ
အိပ်တန်းတက်တော့ မှန်သည်။ သူ
အတက်မှန်သည့် အိပ်တန်းမှာ မြခင်
၏အိပ်တန်း။ ကြက်ဖကြီးက အတောင်
လေးဖြန့်ပြီး ဝေ့လာပြီဆိုမှဖြင့် ကြက်မ
လေးမှာ ကတော်သံပေးပြီး လှည့်ပတ်
ဝေ့ရှောင်သလိုနှင့် ကြက်ဖကြီးအနားသဲ
ရစ်ဝေ့နေသည်သို့ မြခင်မှာလည်း ...

တစ်နေ့ ကျားကြီးက တိုက်ရာပါ
ရွှေထည်အချို့ကို မြခင်ထံပေးလာ
သည်။ မြခင်က မယူပါရစေနဲ့ အစ်ကို
ကျော့်သဘောအတိုင်းလုပ်ပါဟု ခေါင်း
ခါခဲ့၏။ ကျားကြီးက အတင်းပေး
မြခင်က ခေါင်းခါနှင့် လိပ်ခဲတည်း
လည်း ဖြစ်လာကြသည်။ ကျားကြီး
ဒေါသမုန်တိုင်းဆင်လာသည်။ အရက်
ကလည်းမူးနေသမို့ စိတ်လိုက်မာန်ပါ
လုပ်မည်ဖြစ်လာသဖြင့် မြခင်က လက်
ခံယူထားလိုက်ရသည်။ နောက်နေ့
များတွင် သူမပေးဘဲလည်း ကျားကြီး
ပြန်တောင်းမှာပဲ။ ဆူဆူပူပူမဖြစ်ပြီး
ရောသဘောဖြင့် ပစ္စည်းများကိုယူပြီး
သူတစ်ယောက်တည်း သိသောနေရာ
တွင် လုံလုံခြုံခြုံသိမ်းဆည်းထားလိုက်၏။

မိုးလင်းတော့ ကျားကြီးအိမ်က
ထွက်သွားသည်။ မြခင်က ညနေ
ကျားကြီးပြန်လာရင် ချော့မော့ပြီး သူ့
ပစ္စည်းတွေပြန်ပေးမည်ဟု အေးအေးပဲ
နေလိုက်သည်။

ညနေ သုံးနာရီလောက် ကျားကြီး အိမ်ပြန်ရောက်လာသည်။ သို့သော် သူတစ်ယောက်တည်း မဟုတ်။ သူနှင့်အတူ ယူနီဖောင်းဝတ် ရဲများပါပါလာသည်။ လက်ထိတ်တန်းလန်းနှင့် ကျားကြီးက အိမ်ထဲဝင်လာကာသည်းက မြခင်ကို မျက်စိမှိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သည်လောက်တော့လည်း မြခင်က နားလည်သပေါ့။ ရဲတွေက တစ်အိမ်လုံး ရှာဖွေကြသည်။ ကျားကြီးကိုလည်း မြခင်ရှေ့မှာတင် စစ်ဆေးခဲ့ရာ ကျားကြီးက ဘူးခံသည်။ သည်အမှုသူနှင့်မပတ်သက်ဟု ခါးခါးသီးသီး ငြင်းခဲ့သည်။

မြခင်က သူ့ဝှက်ထားသောပစ္စည်းတွေ ထုတ်ပေးလို့ ဘယ်ဖြစ်မှာပ။ ချစ်လင်ဒုက္ခရောက်မည့် ကိစ္စပဲဟာ။ မြခင်ကလည်း ရေငုံနှုတ်ပိတ်လုပ်နေလိုက်သည်။ သည်အနေအထား ရောက်နေမှတော့ တိုးမထူးပြီ။ ကိုယ့်လင်ဘက်က ရပ်တည်ကာကွယ်ရတော့မည်သာ။

ကျားကြီးကို ဆက်စစ်ကြသည်။ ကျားကြီးက အသည်းမာသူမို့ အနာသာခံသည်။ ဘူးကိုမဖွင့်ခဲ့။ သုံးရက်မြောက်နေ့ မြခင်ကိုဖမ်းသည်။ ကျားကြီးက အားလုံးကို ဖော်ပြပြီးကြောင်း ပရိယာယ်ပြု၍ ပစ္စည်းများ ထုတ်ပေးရန် ချော့တစ်ချီ ခြောက်တစ်လှည့် စစ်ဆေးခဲ့၏။

ပစ္စည်းထုတ်ပေးလျှင် ကျားကြီးအမှု ဘယ်လိုသက်သာနိုင်ကြောင်း မက်လုံးပြခဲ့၏။ မြခင်က မငြင်းသာတော့။ ကိုကျော်သက်သာဖို့အတွက် ပစ္စည်းတွေကို ဝှက်ထားသည့်နေရာမှ ထုတ်ဖော်ပေးလိုက်၏။

သည်ဖြစ်ကြောင်းက မြခင်၏ ရိုးသားမှုသဘောကို ငြင်းကွယ်၍မရအောင် ပေါ်လွင်စေခဲ့ရုံမက ခားပြတိုက်ခဲ့သူ လင်နှင့် အလိုတူအလိုပါ အားပေးကူညီမှုဖြင့် စွဲချက်တင်ခံခဲ့ရင်း။

မြခင်အပေါ် ပုဒ်မ ၃၉၅–၁၀၉ ဖြင့် စွဲချက်တင်ခဲ့သည်။ ကျားကြီးသေဆုံးသွားသော်လည်း ကျန်အမှုတွဲများနှင့်အတူ အမှုကို ဆက်လက်စစ်ဆေးခဲ့၏။

ကျားကြီးကျော်ညွန့် ခားပြမှုကျူးလွန်ချိန်တွင် မြခင်မှာ အနီးကပ်ပါဝင်ကျူးလွန်သူ မဟုတ်စေကာမူ တိုက်ရာပါပစ္စည်းများ လက်ခံဝှက်ပေးခြင်းဖြင့် အားပေးကူညီမှုနှင့် ဆက်နွယ်နေသည်ကို မြခင် မငြင်းနိုင်ခဲ့ပေ။

စွဲချက်တင်ထားသော ပုဒ်မနှင့် ပြစ်မှုမြောက်သည့် အင်္ဂါရပ်များနှင့်လည်း ညီညွတ်နေသည်။

မြခင်ကိုယ်တိုင် ဖြောင့်ဆိုထွက်ချက်နှင့် လိုပြသက်သေများ၏ ခိုင်လုံသော အထောက်အထားပြု ထွက်ဆိုချက်များအရ တရားရုံးက မြခင်ကို အပြစ်ပေးရတော့မည် ဖြစ်ပေသည်။ အပြစ်ဒဏ်မှလွတ်မြောက်ရေးမှာ လုံးဝမျှော်လင့်စရာ မရှိတော့ပေ။

သို့စေကာ တစ်ခုသော မျှော်လင့်ချက်ရောင်ခြည်လေးမှာ ရေးရေးပျပျ ထင်နေဆဲရှိချေ၏။ မြခင်၏ ရှေ့နေကြီးကလည်း ဤအချက်ကို အမိအရဆုပ်ကိုင်၍ လျှောက်လဲချက်ပေးခဲ့၏။

"လင်ဖြစ်သူအပေါ် သံယောဇဉ်ငြိတွယ်မှုကြောင့် လက်တွေ့လုပ်ရသည့် အားပေးကူညီမှုသဘော သက်ရောက်သော်လည်း အသိဉာဏ်နုံနည်းသူ မိန်းမသားတစ်ယောက် ဖြစ်နေခြင်း၊ ဒီအရင်က တစ်ကြိမ်တစ်ခါမှ ရာဇဝတ်မှုနှင့် ပတ်သက်ဆက်နွယ်မှု မရှိခဲ့ခြင်း၊ ယခုဖြစ်ပွားခဲ့မှုကို သင်ခန်းစာယူ၍ နောင်တကြီးစွာဖြင့် ဘဝခရီးကို ဆက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုဆိုခြင်းအပေါ် ထောက်ထား၍ ရုံးတော်မှ သက်ညှာခွင့်ပေးပါရန် လျှောက်ထားတင်ပြခဲ့ပေသည်။

"ပြစ်ဒဏ်ကို သတ်မှတ်ရာတွင် တစ်ဦးတစ်ယောက်၏ နောက်ကြောင်းစိတ်ထားနှင့်အတူ ရှေ့ရေးကိုပါ ထည့်သွင်းစဉ်းစားကာ ထိုသူတစ်ဦးသည် အပြစ်ဒဏ်ကျခံပြီးသည့်အခါ၌ သူ၏လူ့ဘောင်အဆောက်အအုံတွင် ပြန်လည်ကောင်းမွန်သော ဘဝသစ်ထူထောင်နိုင်ဖို့ အလေးပေးစဉ်းစားပါရန် (၁၉၆၅ ခု၊ မအေးမြင့် အမှု၊ မြန်မာနိုင်ငံ စီရင်ထုံး)ကို အကိုးအကားပြု လျှောက်လဲခဲ့၏။

အဓိကအားဖြင့် ထောင်ထဲ၌မွေးဖွားခဲ့သော လူမမည်ကလေးနှင့် အတိဒုက္ခရောက်ရှိခံစားနေရပုံကို အားပြု အသနားခံထားခဲ့ပေသည်။

ထိုမှဖြာထွက်လာမည့် မျှော်လင့်ချက် ရောင်ခြည်ကို အားပြုရမည် ဖြစ်သော်လည်း လုံးဝ လွတ်မြောက်ရေးကိုမူ မျှော်လင့်စရာ မရှိပေ။

အမှုစီရင်ဆုံးဖြတ်မည့် တရားရေး အဖွဲ့ဝင်များမှာ ပြည်သူထဲမှ ပြည်သူများသာဖြစ်ရာ နှလုံးသားရေးရာခံစားမှုများ ရှိကြမည်ဖြစ်သော်လည်း ပြစ်မှုကျူးလွန်သည်ဟု ဥပဒေက ဆိုထားရင်းရှိသည်ကို မျက်ကွယ်ပြု၍ နှလုံးသားရေးရာကို ပြောင်းပေး၍ စီရင်ချက်ချရန် မဖြစ်နိုင်သောကြောင့် ပါတည်း။

*(ဆက်လက်ဖော်ပြပါမည်။)*

## ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# အရှင်ပေတ်လက်

# ငရဲရောက်နိုင်သလား

**ချာရီတ္တ**

မတ်လ(တပေါင်းလ)က ပျောက်ဆုံးသွားသော မလေးရှားလေယာဉ် (777)MH 370 နှင့် ပတ်သက်ပြီး ပြောလာလျှင် နေမိဇာတ်တော်ကြီးကို ဥပမာပေးမိပါသည်။

နေမိမင်းကြီးကို သိကြားမင်းပင့်နိုင်း၍ မာတလိနတ်သား သွားပင့်ပါ၏။ နတ်ရထားပေါ်ရောက်မှ မာတလိနတ်သားမေး၍ နတ်ပြည်တိုက်ရိုက်သွားလမ်းနှင့် ငရဲပြည်ဖြတ်သွားရသော လမ်းရှိကြောင်း သိရ၏။ သို့နှင့် နေမိမင်းကြီးက ငရဲပြည်ကို ဖြတ်သန်းသွားရသောလမ်းကို အရင်ပို့နိုင်း၏။ (နေမိဇာတ်တော်တွင် အသေးစိတ် ဖတ်ကြည့်ပါ။) ငရဲဘုံများ ကြည့်မပြီးခင်ပင် သိကြားမင်းက နတ်သားတစ်ပါးလွှတ်ပြီး ထပ်ခေါ်နိုင်းပြန်၏။ နတ်ပြည်ရှိ တရားဟောမည့် ဝေဇယန္တာပြာသာဒ်သို့ လာနေစဉ်ပင် ဖြတ်သန်းရာလမ်းရှိ ဘုံဗိမာန်များအကြောင်းမေးနေ၍ ရှင်းပြနေရပြန်၏။ သိကြားမင်းကမစောင့်နိုင်၍ ထပ်လွှတ်ခေါ်မှ ဆိုက်ရောက်လာပြီး တရားနာကြရ၏။

ငှင်းလေယာဉ်ကြီးသာ ရှာမတွေ့ရှိးမှန်လျှင် နေမိမင်းကြီးကို မာတလိနတ်သား ခေါ်သွား၍ပြသော ငရဲပြည်သို့ ရောက်ရှိဖြတ်ပျံနေရလောက်ပြီ။

ငရဲပြည်၏ သက်တမ်းများမှာ လူ့ပြည်၊ နတ်ပြည်များထက် ရှည်ကြာပါ၏။ လူသားစင်စစ်ဘဝမှ အရှင်လတ်လတ် ငရဲရောက်ပြီး ခံရသူများ ရှိပါ၏။ မြတ်စွာဘုရားရှင်လက်ထက်တော်တွင် နန္ဒိယသူကြွယ်(ကျောင်းဒကာကြီး)၏ ဇနီး ရေဝတီ၊ ရှင်ဒေဝဒတ္တ၊ ယောက္ခမတော် သုပ္ပဗုဒ္ဓ၊ စိဥ္စမာဏ စသည်တို့ ဖြစ်ကြ၏။ ဇာတကတွင် မိတ္တကဝိန္ဒဇာတ်သည်လည်း အရှင်လတ်လတ် ငရဲရောက်သွားသူအကြောင်းပင်။ ဤဘက်ခေတ်တွင်လည်း အမိ၊ အဖ သတ်ပြီး အရှင်လတ်လတ် ငရဲကျသူများအကြောင်း ကြားနေရ၏။ ဒီဗွီဒီဇာတ်ကားများလည်း ထွက်လာ၏။

"ငရဲ"ဟူသော ဝါဟာရမှာ အဘိဓမ္မာအလိုအားဖြင့် "နိရိယ"မှ ဆင်းသက်လာ၏။ ချမ်းသာမရှိ၊ ဆင်းရဲအတိပြီးသော အရပ်ဟူ၏။

ပုဂံကျောက်စာ၌ "ဆိုဝ်ငြယ်"ဟု ရေး၏။ ဆိုးသောငရဲဟူ၏။ အဘိဓမ္မာ (ဘုံပိုင်း)တွင် ၃၁ ဘုံအနက် ကာမ ၁၁ ဘုံထဲ၌ အပါယ်လေးဘုံ ပါ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် တို့တည်း။

လူ့အများနေရာ တောင်ကျွန်း၏ အောက်ဆုံးအထပ်၌ ဆင်းရဲအတိပြီးသော အရပ်ကြီးရှစ်ပါးရှိသည်။ ငရဲကြီးရှစ်ထပ်ဟု ခေါ်၏။

ခေတ်သစ်တူမိဗေဒအားဖြင့် ကမ္ဘာကြီးကို ကျောက်ချပ်လွှာကြီးများဖြင့် ပေါင်းလောမျှော တည်ဆောက်ထား၏။ ငှင်းကျောက်ချပ်လွှာကြီးများအောက်တွင် သံသတ္တုစုံရည်ပူကြီးများ လည်ပတ်စီးဆင်းနေ၏။ သမုဒ္ဒရာကြမ်းပြင် ထွေလာရေး စက်ရုပ်ယာဉ်များ အစွမ်းဖြင့် အပူငွေ့များ ပလုံစီထွက်နေသော မြို့ချောင်းကြီးများကိုတွေ့ခဲ့ကြရ၏။ ခေတ်သိပ္ပံ ရှာဖွေစူးစမ်းမှုများသည် ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံနှင့် နတ်ပြဟ္မာဘုံများကို မတွေ့နိုင်သေးပါ။

မျက်စိဖြင့် မမြင်နိုင်သော အနီ



www.burmeseclassic.com

www.burmeseclassic.com

အောက်ရောင်ခြည်(X-Ray)ကဲ့သို့ အလင်းလွှန်လှိုင်းများ နားဖြင့်မကြားနိုင်သော အသံလွှန်လှိုင်းများအကြောင်းကို တီးခေါက်မိပြီး ဖြစ်၏။ ဇီဝဗေဒဖြင့်လည်း ရောဂါပိုးမျိုးစုံ ပုံသဏ္ဌာန်အဆင့်ဆင့် ပြောင်းလဲပုံအကြောင်းလည်း သိရှိကြပြီးဖြစ်၏။ သို့သော် မျက်စိဖြင့် ဆတ်ဆတ်မမြင်ရ၊ နားဖြင့် ဆတ်ဆတ်မကြားရ၍ မယုံချင်ကြပါ။ ဘာသာမဲ့လူတန်းစား များပြားလာ၏။

ဆရာဟိန်းလတ်ကလည်း သိပ္ပံပညာဖြင့်ရှင်းပြ၍မရနိုင်သော အကြောင်းများ စာအုပ်ရေးသားထား၏။ ငရဲအကြောင်းကို ၁၂၆၃ ခုနှစ်တွင် ဘီးလင်းမြို့နေ စစ်ကဲတော်ကြီး ဦးရွှေနော် စီရင်သော "အာဒိကပ္ပ ကမ္ဘာဦး" ကျမ်းတွင် တွေ့နိုင်ပါသည်။

ငရဲသားတို့သည် အကုသိုလ်ကံနှင့် လျော်သင့်ရာ ကာလအခြားမရှိ၊ စုတိပဋိသန္ဓေ ဖြစ်ကြ၏။ သိဉ္ဇိုင်း၊ ကာလသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ မဟာ အဝီစိ ဟူသော ငရဲကြီးရှစ်ထပ်တို့၌ အသူရကာယ်ဖြစ်သော ငရဲသူတို့သည် ရွှေအဆင်းကဲ့သို့ချည်းနှင်နှင် အသီးသီး များစွာဖြစ်ကြကုန်၏။

ထိုနှင့် တစ်ပြိုင်နက် ဘုံနန်းဗိမာန်၊ ရေကန်၊ ဥယျာဉ်၊ သစ်ပင်နွယ်ကြိမ်၊ တောအုံ ချုံမြက်၊ အိုင်အင်းတောင်ကမ်းပါးနှင့်တကွ ဓား၊ လှံ၊ ခက်ရင်း၊ ရဲတင်းပုဆိန်၊ သံတံကျင်၊ သံန်လျက်၊ သနတည်းဟူသော အသုံးအဆောင်မျိုးစုံ ဖြစ်ပေါ်လာကြ၏။

ငရဲကြီးရှစ်ထပ်တွင် မည်သို့ပင် သတ်ဖြတ်ညှဉ်းဆဲသော်လည်း ကံမကုန်သမျှ အဖန်ဖန် အသက်ရှည်၊ ရှင်၍ ခံကြရသော ငရဲကား "သိဉ္ဇိုင်း" ငရဲတည်း။

သစ်ရွေသကဲ့သို့ တစ်ကိုယ်လုံး ခုတ်ရွေ လှီးဖြတ်ခြင်းခံရသော ကာလသုတ်ငရဲ၊ သံတောင်သံခဲကြီးတို့ဖြင့် အဖန်ဖန် လိမ့်မွှေကြိတ်ခြေ ညှဉ်းဆဲခြင်းခံရသော သင်္ဃာတငရဲ၊ မီးတောက်မီးလျှံတို့ဖြင့် အဖန်ဖန်လောင်ကျွမ်းနှိပ်စက်ခြင်းခံကြရပြီး ကျယ်လောင်စွာ အော်ဟစ်မြည်ကြွေးသော အသံရှိသည့် ရောရုဝငရဲ၊ မီးခိုးမီးအုံတို့ဖြင့် ပိတ်ဖုံးနှိပ်စက်ခံရ၍ ကယ်ပါ၊ ယူပါ ပြင်းစွာအော်မြည်နေရသော မဟာရောရုဝငရဲ၊ သံတံကျင်ကြီးတို့ဖြင့် ထိုးဖောက်ခြင်းကို ခံကြရပြီး တစ်ကိုယ်လုံးမီးလျှံစွဲအောင် သံတွေခဲထဲ၌ အမြဲဖုတ်ကင်ခံနေရသော တာပနငရဲ၊ အလျှံရဲရဲပြောင်နေသော သံတောင်ကြီးပေါ်သို့ ရိုက်နှက်မောင်းတင်ခြင်းခံနေရပြီး မြေထက်စိုက်ထောင်ထားသေ လှံသွားများပေါ်သို့ ဦးခေါင်းပြောင်းပြန်ကျသော မဟာတာပနငရဲ၊ မီးလျှံနှင့် ငရဲသားပါ အကြားမရှိ ပြည့်နှက်ဆင်းရဲနေသော မဟာအဝီစိငရဲတို့ ဖြစ်ကြသည်။

အဝီစိတွင်းဟူ၍ လူတို့သုံးနှုန်းသော တွင်းမှာ နေရရန် မြေနက်နက် လျှောက်လှော်များအောက်မှ တူးယူထားခြင်းပါ။ ထို့ကြောင့် ငရဲပြည်၏ အမည်တူ အဝီစိ(အကြားအလပ်မရှိ)ကို မသုံးသင့်ပါ။ "မြေနက်တွင်း"၊ "ရေပိုက်တွင်း" တူးသည်ဟု သုံးသင့်ပါသည်။

ဒေဝဒူတသုတ်တွင် ငရဲကြီးရှစ်ထပ်၏ တစ်ထပ်တစ်ထပ် အရပ်လေးမျက်နှာတွင် ဥဿဒ္ဒရက် ငရဲငယ်ငါးမျိုးစီခြံရံနေကြောင်း။ ငရဲငယ် ၂၀ ရှိကြောင်းဆို၏။ ထိုငရဲငယ် ငါးမျိုးမှာ -

(၁) ဂူထပုတိက = ဘင်(ချေး) ပုပ်ငရဲ၊ (၂) ကုက္ကုလုဏ = ပြာပူငရဲ၊ (၃) သိမ္ဗလိ = လက်ပံ(ဆူး)တောငရဲ၊ (၄) အသိပတ္တ = သန်လျက်(ဓား)တောငရဲ၊ (၅) ခါရေဒက = ကြိမ်ပိုက်မြစ်ငရဲတို့ ဖြစ်ကြ၏။

ရာဇဂြိုဟ်ပြည်အနီး အောက်မှာပင် လောဟကုမ္ဘီငရဲ ရှိ၏။ ပသေနဒီကောသလမင်းကြီးကိုယ်တိုင် ဒု-သ-န-သောဟု ငရဲသားများအော်သံကို ကြားဖူး၏။ ရာဇဂြိုဟ်ပြည်အနီးက "တပေါဒါ" ခေါ် ရေပူမြစ်သည် ကြိမ်ပိုက်ချောင်းငရဲနှင့် လောဟကုမ္ဘီငရဲ နှစ်ခုအကြားမှ စီးဆင်းလာသည့် မြစ်ဟု ဆိုသည်။

ထို့ကြောင့် ကရင်ပြည်နယ်ရှိ သထုံ-ဘားအံ ကားလမ်းဘေးရှိ ဘုရင့်ညီဂူအနီးမှ ရေပူများ ပန်းထွက်နေသော စမ်းချောင်းကန်ကြီးလည်း ငရဲငယ်နှစ်ခုကြားမှ ဖြတ်သန်းစီးဆင်းလာခြင်း ဖြစ်မည်။ ရေပူများ ပန်းထွက်နေသော ကျောက်ဖျာအောက်နေရာမှ နှစ်နေရာကို စာရေးသူကိုယ်တိုင် ရေငုပ်ကြည့်ဖူး၏။ ၎င်းရေပူထဲတွင် ကြက်ဥနှစ်ထားလျှင် ၁၀ မိနစ်ခန့်ဖြင့် ကျက်နိုင်၏။ အရေပြားရောဂါသည်များ၊ အဆစ်ကိုက်၊ အရိုးကျိုးပေါင်းရောဂါရှိသူများ သက်သာပျောက်ကင်းသည်ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာရေပြင်ပေါ်ရှိ ရေပူစမ်း များ၊ မီးတောင်ရှင်များမှ ပန်းထုတ်သော ပြာမှုန်၊ ရွံ့နွံ၊ ချော်ရည်ပူများသည် ငရဲပြည်မှ တက်လာသလောဟု တွေးတောမိ၏။ မင်းဘူးမြို့အနီး နဂါးပွက်အိုင်မှ ရွံ့နွံများ ပန်းထွက်စီးကျနေခြင်းသည်လည်း ငရဲငယ်များအနီးမှ ဖြတ်သန်းစီးတက်လာသည်ဟု ထင်မိပါသည်။ ၎င်းမြို့နယ်ထဲတွင် ရေနံထင်ပြီး တူးကြရာမှ ရွံ့နွံများသာ ထွက်လာ၍ ရေနံကုမ္ပဏီများ အရှုံးပေါ်ခဲ့ကြ၏။ ၎င်းအပူစွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်ယူရန် ကြိုးပမ်းနေကြကြောင်း ကြားသိရ၏။

မြေပြင်အောက်မှ ရုပ်ကြွင်းလောင်စာ များစွာကို ထုတ်ယူသုံးစွဲခြင်းကြောင့် ကမ္ဘာကြီး ပူနွေးပြီး ရာသီဥတုများ ဖောက်ပြန်လာကြသည်။ စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်ခြင်းတွင် ခက်ခဲလာကြသည်ပီ။ အငတ်ဘေးဆိုက်ခြင်း၏နောက်တွင် လက်နက်ဘေးနှင့် ရောဂါဘယဘေးတို့ ကပ်ပါလာတတ်၏။ လူ့ငရဲသားများဖြစ်သွားနိုင်သည်။ အရှင်လတ်လတ် ငရဲရောက်သလို ဖြစ်သွားနိုင်သည်။

မန်လည်ဆရာတော်ဘုရား၏ မဃဒေဝလင်္ကာစကားအရ ငရဲငယ် ၁၀ မျိုးရှိပြန်သည်။ (၁) သားငါးတို့ကို ကျိုဘသကဲ့သို့ လောဟကုမ္ဘီ(ကြေးနီအိုး)ငရဲ၊ (၂) သင်တုန်းဓားဦးဖျားကဲ့သို့ အဆူးရှိသော လက်ပံငရဲ၊ (၃) သန်လျက်ဖြင့် ဖြတ်သကဲ့သို့သော အသိခနငရဲ၊ (၄) ပွက်ပွက်လျှံဝေ ကြေးနီရေဖြင့် လောင်းသကဲ့သို့သော တမ္ဗောဒကငရဲ၊ (၅) မီးကျီးလျှံသို့ ပူသော အယောဂုဠငရဲ၊ (၆) သံမီးရောင်ထသော ကျောက်တောင်ကဲ့သို့သော သေဃာပဗ္ဗတငရဲ၊ (၇) ဆူပွက်သည့် မြစ်ချောင်းကဲ့သို့သော ဘုသနဒီငရဲ၊ (၈) ရိုးတွင်းခြင်ဆီချဉ်းအောင် အေးသော သီတနဒီငရဲ၊ (၉) ခွေးဘီလူးတို့ ကိုက်ခဲသော ခွေးငရဲ (၁၀) သွေးချောင်းစီးသော ယန္တပါသာငရဲတို့ ဖြစ်ကြ၏။

ဥရောပစာပေတွင် ဒန်တီ၏ ငရဲခန်းသည် ထင်ပေါ်ကျော်ကြားသကဲ့သို့ မြန်မာစာပေတွင် "နေမိငရဲခန်းပျို့" (ရှင်အဂ္ဂသမာဓိ)သည် ထင်ပေါ်ကျော်ကြား၏။ နေမိမဃ္ဃစိုး(နိက္ခမ)ခန်း၊ ငရဲခန်း၊ ဘုံခန်းဟူ၍ ပျို့သုံးစောင်ရှိရာ "ငရဲခန်းက ခြောက်လွန်းသည်၊ ဘုံခန်းက မြှောက်လွန်းသည်"ဟု ဆိုတတ်ကြ၏။ ရည်ရွယ်ရင်းက ငရဲခန်း၌ သတိသံဝေဂရကြစေရန်နှင့် ဘုံခန်း၌ ကုသိုလ်ကောင်းမှုဖြင့် ကောင်းမြတ်ရာသုဂတိသို့ လားကြရန် ဖြစ်ပါသည်။

ငရဲခန်းတွင် ထိတ်လန့်၍ ကြက်သီးမွေးညင်း ထလောက်အောင် ဖွဲ့နွဲ့ထားသည်။ "မျက်ဆန်ခါတုတ် လေ၏တည်း"၊ "အရေခွာဆုတ်လေ၏တည်း"၊ "လွေ့လွေ့သတ်ပုတ် လေ၏တည်း"၊ "ဦးခေါင်းဖြတ်ခုတ် လေ၏တည်း"၊ "ဆင်းရဲအလေ့ အလှောင်းတည်း"၊ "ကြွေးဟစ်ငိုကြွ သောင်းသောင်းတည်း" ဟူသော အရပ်သားစကားများ သုံးနှုန်းထားရာ လူတို့၏စိတ်ကို များစွာ ထိခိုက်စေလေ၏။ သံဝေဂတရားများ ပွားများစေသော စိတ်ကိုနှိုးဆွပြီးမှ -

ထွေထွေပြားပြား၊ မှတ်သားကုန်ပါ၊ လူတကာတို့၊ ဇရာမရဏ၊ အနိစ္စသည်၊ မြဲမတည်တည့်၊ လူ့ပြည်နတ်ရွာ၊ ဗြဟ္မာမလွတ်၊ ဖြစ်ပျက်တတ်၏၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၊ ခန္ဓာဟူသည်၊ အတည်မရ၊ မရဏတည့်။

ဒုက္ခရောက်မည်၊ အမှတ်တည်၍၊ ရွှေပြည်နိဗ္ဗာန်၊ ချမ်းသာမှန်သို့၊ အမှန်ရောက်ကြောင်း၊ ဘုန်းသစ်လောင်း၍၊ ကောင်းကောင်းကျင့်ကုန်၊ ရာ၏တည်း"ဟု သံသရာဝဋ်ဆင်းရဲအပေါင်းမှလွတ်ကင်းကြောင်းကို ညွှန်ပြခဲ့ပါသည်။

နဂါးပွက်အိုင်များကို ကမ္ဘာ့အနှံ့အပြား၌ တွေ့ကြရသည်။ ရွံ့မီးတောင်ဟူ၍လည်း ခေါ်ကြသည်။ မြေအောက်ကျောက်လွှာများကြားရှိ ရေနံများမှ ဖြစ်ပေါ်သည့် ဓာတ်ငွေ့တို့၏ ဖိအားကြောင့် မြေပြင်ပေါ်သို့ ရွံ့များ တိုး

သက်ရောက်မှု တိုင်းသည် ယင်းနှင့် ပမာဏချင်းတူညီပြီး ဦးတည်ချက် ဆန့်ကျင်သော တန်ပြန်သက်ရောက်မှု တစ်ခုစီ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

တက်လာရာမှ ဖြစ်ပေါ်လာသည်။ ဓာတ်ငွေ့များနှင့်အတူ ရွှံ့နှစ်၊ ရေနံနှင့် ရေများလည်း ပါလာတတ်သည်။

မြေပြင်ပေါ်၌ အင်တုံကဲ့သို့ ခွက်ဝင်နေခြင်းတစ်မျိုးနှင့် တောင်ပို့ကဲ့သို့ ကတော့ပုံသဏ္ဍာန် မြေပြင်ပေါ်သို့ ထိုးထွက်နေတတ်ခြင်းဟူ၍ နှစ်မျိုးတွေ့ကြရ၏။ အချို့မှာ မပြတ်ပွက်နေတတ်ပြီး အချို့မှာ ရန်ဖန်ရန်ခါသာ ပွက်တတ်၏။

ရွှံ့များကို အဖတ်လိုက် လေထဲသို့ မှုတ်ထုတ်ပြီး ပြန်ကျလာသော် မကြာမီ ကတော့ပုံသဏ္ဍာန် တောင်ပို့ကြီးဖြစ်လာ၏။ တောင်ပို့အလယ်တည့်တည့်၌ ထိပ်ဝအပေါက်ကြီးဖြစ်နေ၏။ မင်းဘူးခရိုင်တွင် ပေ ၄၀-၅၀ မြင့်၏။ နီးရှာလျှင် ရေတိုက်စား၍ ပျောက်ပျက်သွားလေ့ရှိ၏။ အချို့အိုင်များမှာ အထက်သို့ မှုတ်ထုတ်နိုင်အားမရှိ၍ ရွှံ့ရည်များ ထိပ်ဝမှ ဘေးသို့ ယိုစီးကျနေ၏။ ကာလအတော်ကြာ ငြိမ်နေလိုက်၊ တစ်ဖန် မှုတ်ထုတ်လိုက်၊ ရှင်လိုက်၊ သေလိုက် အခါအခါဖြစ်နေတတ်၏။

တောင်ပို့ပုံ နဂါးဗွက်(ရွှံ့)အိုင်များတွင် စိမ်းပြာရောင်ရှိပြီး ရေနံနှင့် ဓာတ်ငွေ့များ ပါလာတတ်သည်။ ရခိုင်ရိုးမ၏ အရှေ့နှင့်အနောက်ဘက်ဒေသများ၌ အနှံ့အပြားတွေ့ကြရ၏။ မင်းဘူးပြည်နှင့် ဟင်္သာတခရိုင်များ၊ (ရခိုင်ရိုးမအရှေ့) ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်း၊ သံတွဲကျောက်ဖြူခရိုင်များ၊ (ရခိုင်ရိုးမအနောက်)ရှိ ကျွန်းများ၌ တွေ့ကြရသည်။ ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းများတွင် ရှိသော အိုင်များသည် မင်းဘူးခရိုင်ရှိ အိုင်များထက် ကြီးမားကြ၏။ ၎င်းချော်ရည်များထဲတွင် ရေနံ၊ ဆား၊ ဆိုဒီယမ်ဆာလဖိတ်နှင့် ကယ်လစီယမ်ဆာလဖိတ်သတ္တုများ (ဆားများ)ပါလာ၏။ (တရုတ်ကုမ္ပဏီများ တူးပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြင့် ပို့နေပြီ။) အချို့ နဂါးဗွက်အိုင်များမှာ ပြင်းထန်စွာ ပေါက်ကွဲပြီး ဓာတ်ငွေ့များကို မီးလောင်စေသဖြင့် မီးခိုး၊ မီးလျှံများ ထွက်လာတတ်၏။ ပင်လယ်ပြင်အောက်၌လည်း ကျွန်းအသစ်များပေါ်ထွန်းလာတတ်ပြီး လှိုင်းပုတ်၍ ပြန်ပျောက်ကွယ်သွားတတ်၏။ ၁၉၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့က ဘင်္ဂလားပင်လယ်အော်အတွင်း၌ ကျွန်းအသစ်တစ်ခု ပေါ်ထွန်းခဲ့ဖူး၏။ ကက်စပီယမ်ပင်လယ်တွင်း၌လည်း နဂါးဗွက်အိုင်များကြောင့် ကျွန်းအသစ်များ ပေါ်ခဲ့ဖူး၏။ မိုးတွင်းအခါ၌ နဂါးဗွက်အိုင်များ ပို၍လှုပ်ရှားတတ်ကြသည်။

အီတလီလူမျိုး ကဗျာဆရာ ဒန်တီ(၁၂၆၅-၁၃၂၁)က "ဒီဗိုင်းကော်မဒီ" ကဗျာရှည်ကြီးကို ရေးခဲ့သည်။ ငရဲနှင့် ပါဂါထရီဘုံများကို စိတ်ထဲမြင်အောင် ဖော်ပြထားပါသည်။ ဗရင်ဂျီဂိုဏ်း(ခရစ်ယာန်)များက ငရဲအပြင် ပါဂါထရီဘုံ ရှိသေးကြောင်း၊ ထာဝရဘုရားသခင်အား ယုံကြည်အားထားလျက် ပြစ်မှုအငယ်စား ကျူးလွန်သူများသေလျှင် "ပါဂါထရီဘုံ"၌ အပြစ်ဒဏ်ခံရပြီးမှ ကောင်းကင်ဘုံသို့ ရောက်နိုင်ကြောင်း၊ ၎င်းပါဂါထရီဘုံ၌ ခံနေရခိုက် လူ့ဘုံက ကျန်ရစ်သူများက ဆုတောင်းခြင်း၊ ကွယ်လွန်သူအတွက် ချာ့ချ်တက်ခြင်း ပြုလုပ်လျှင် အပြစ်ဒဏ်ခံစားရမှု လျော့ပါးကြောင်း ယုံကြည်ကြ၏။

ငရဲနှင့် မနီးမဝေး "လင်းဗိုး"ခေါ်သောဘုံတွင်လည်း ဘုရားပေါ်မလာမီ... များ နေခဲ့ကြကြောင်း၊ မွေးခါစကလေး များခံသလျှင် ကောင်းကင်၏ ချမ်းသာလည်းမရ၊ ဆင်းရဲလည်း မခံရသော လင်းဗိုးဘုံ ရောက်သည်ဟု ဗရင်ဂျီ (ခရစ်ယာန်)ဂိုဏ်းသည် ယခုထိ လက်ခံထားကြ၏။

ရှေးကရိဝါဒတွင် သေပြီး တမလွန်ဌာနကို "ဟေးဒီး"ဟု ခေါ်ခဲ့ကြသည်။ နောင်မှပေါ်လာသော ခရစ်ယာန်တို့က ဟေးဒီးကို ငရဲဘုံဟု ယူဆခဲ့ကြသည်။ ရဟူဒီများ(အစ္စရေး)ကမူ "ဂီဟင်းနား"ဟု ခေါ်ကြသည်။ ပါးရှင်း(အီရန်)များ၏ ဇိုရိုအက်စတာဝါဒတွင် ဆိုးသွမ်းသူများကို ခေတ္တဒဏ်ခတ်ရာ ငရဲဘုံမှ ကယ်တင်ရှင်ပေါ်လာပြီး ငရဲပျောက်သွားမည်ဟု ယုံကြည်ကြသည်။ ခရစ်ယာန်ဝါဒတွင် ငရဲလားသူများ လွတ်လမ်းမရှိချေ။

နယူတန်၏ တတိယနိယာမသည်လည်း ဘုံခန်းများနှင့် ဆိုင်၏။ "သက်ရောက်မှုတိုင်းသည် ယင်းနှင့်ပမာဏချင်းညီပြီး ဦးတည်ချက်ဆန့်ကျင်သော ဇာန်ပြန်သက်ရောက်မှုတစ်ခုစီ ရှိ၏။"

နယူတန်သည် ရုပ်၊ ဒြပ်၊ ဝတ္ထုပစ္စည်းများပေါ်၌ သီအိုရီ(နိယာမ) ထုတ်ပြထားခဲ့ခြင်းဖြစ်သော်လည်း စိတ်၊ စေတသိက်များအတွက်လည်း မှန်ကန်နေပါသည်။ အဘိဓမ္မာ၌ သင်္ဂဟ



www.burmeseclassic.com

www.burmeseclassic.com

(သဂြိုဟ်)ကို မြန်မာပြန်ထားသော ဒေါက်တာမင်းတင်မွန်၏ "အဘိဓမ္မာ အနှစ်ချုပ်"ကို ဖတ်ကြည့်ပြီးလျှင် နားလည်လာနိုင်ပါသည်။

ဤခေတ်တွင် ယောက်ျားစစ်စစ်ကြီးမှ မိန်းမစိတ်ပေါက်နေခြင်း၊ မိန်းမစစ်စစ်ကြီးက ယောက်ျားစိတ်ပေါက်နေခြင်းများအတွက် ဝိထိပိုင်း၊ ဝိထိမုတ်ပိုင်းများကို လေ့လာကြည့်လျှင် နားလည်ကြပါမည်။ နယူတန်၏ တတိယနိယာမအတိုင်း ဖြစ်နေကြခြင်းပါ။

ဤကမ္ဘာလောကဌ် မှီဝင်းနေထိုင်ကြသော လူမျိုးအသီးသီးတို့တွင် အဆုံးအမအသီးသီးရှိကြ၏။ ထိုအဆုံးအမများသည် ကောင်းသောအမှုပြုသူတို့သည် ချမ်းသာ၏၊ မကောင်းသောအမှုပြုသူတို့သည် ဆင်းရဲ၏။ ကောင်းမှုပြုသူတို့သည် ချမ်းသာသောဘုံဌ် စံရ၍ မကောင်းမှုပြုသူတို့သည် ဆင်းရဲသောဘုံဌ် ခံရသည်။

ဆရာကြီးဦးမြင့်ဆွေ (M.A. လန်ဒန်)ကလည်း မကောင်းမှုအကုသိုလ်သည် "အလေးမာတ်"ဖြစ်၍ သတ္တဝါများကို အောက်အပါယ်လေးဘုံသို့တွန်းချပေး၏။ ကောင်းမှုကုသိုလ်ကံကား "အပေါ့ဓာတ်"ဖြစ်၍ အထက်ဘုံဘဝများသို့ တိုးတင်ပေးပါသည်ဟု ဆိုပြန်သည်။

အပါယ်ငရဲကဲ့သို့ ဆင်းရဲက နှိပ်စက်လွန်းလျှင်လည်း အသိဉာဏ်မထက်မြက်နိုင်။ နတ်ပြည်၊ ဗြဟ္မာ့ပြည်ချမ်းသာကဲ့သို့ လွန်ကဲသည့် ချမ်းသာသုခက "ချော့"ထားလျှင်လည်း အသိဉာဏ်မထက်မြက်နိုင်။ လူ့ပြည်မှာကဲ့သို့ "မဆင်းရဲလွန်း၊ မချမ်းသာလွန်း" ချမ်းသာ၊ ဆင်းရဲ အလယ်အလတ်ရှိနေမှသာ အသိဉာဏ်ထက်မြက်နိုင်သည်။ ထို့ကြောင့် ဉာဏ်ကြီးရှင်ဘုရားသခင်(ဗုဒ္ဓ)သည် ဤလူ့ပြည်၌သာ ပွင့်ပေါ်နိုင်ပြီး သတ္တဝါတို့ကို ၃၁ ဘုံ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်အောင် လုပ်ပေးနိုင်ပါသည်။

လောကီလူသားတို့သည် သက်ရှိ၊ သက်မဲ့ လောကီအာရုံ ကာမဂုဏ်များကို တွေ့ကြုံခံစားကြရာမှ သူတို့၏ စိတ်သန္တာန်၌ ၎င်းအာရုံများကို လွန်စွာတပ်မက်မောခြင်းတဏှာ=လောဘ၊ ရှုံ့ရှာမုန်းတီး အမျက်ထွက်ခြင်း = ဒေါသ၊ အကောင်းအဆိုး၊ အမှားအမှန် အကြောင်းအကျိုး၊ ကံ,ကံ၏အကျိုး၊ မမြဲဆင်းရဲ၊ မနိုင်မြဲမှုများကို မသိမှု အဝိဇ္ဇာ=မောဟစိတ်များသာ ဖြစ်ပေါ်တိုးပွားနေကြသည်။ ထိုအရင်းခံတရားဆိုးသုံးပါး အားကြီးလာသောအခါ ဘဝင်မြင့်၊ ထောင်လွှားမှု = မာန်မာန၊ သူတစ်ပါး ကြီးပွားချမ်းသာခြင်းကို မလိုလား မနာလိုမှု = ဣဿာ၊ ကြီးပွားချမ်းသာချင်လွန်း၍ မစွန့်ကြဲ မပေးမလှူနိုင်ခြင်း = မစ္ဆရိယ၊ မကောင်းမှုများကိုပြုလုပ်ရန်မရှက်မှု = အဟိရိကနှင့် မကြောက်မှု = အနောတ္တပ္ပ၊ မကောင်းမှုများကိုသာ ကြံစည်မှု = မိစ္ဆာဝိတက်၊ ချစ်ခြင်းမေတ္တာကင်းမဲ့ခြင်း၊ သနားခြင်းကရုဏာ ကင်းမဲ့ခြင်း၊ ရက်စက်ခြင်း စသည့် နောက်ဆက်တွဲတရားဆိုးများပါ ကပ်ငြိတိုးပွား အားကောင်းလာကြသည်။

ထို့ကြောင့် သတ်ဖြတ်ခြင်း၊ ခိုး,လု,တိုက်ယူခြင်း၊ ကျား,မ မရှောင်မေထုန်မှီဝဲခြင်း၊ မူးယစ်ဆေးဝါးများသောက်စားရှုသွင်းခြင်း၊ လိမ်ပြောကုန်းတိုက်၊ ဆဲရေးခြင်း၊ ပြိန်ဖျင်း(အပိ)စကားပြောခြင်း၊ မတရားနည်းများဖြင့် အသက်မွေးမြူခြင်း = မိစ္ဆာဇီဝများ ပြုလုပ်ကြကုန်၏။ ထိုသူတို့သေလွတ်သောအခါ အကုသိုလ်ကံက အပြစ်ဒဏ်ပေးသဖြင့် "ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်"သို့ ရောက်ရှိခံစားကြရ၏။

ရှင်အနုရုဒ္ဓါက သေပြီးလူများလူ့ဘုံ၊ နတ်ပြည်ရောက်သူ နည်းကြောင်း မြတ်စွာဘုရားရှင်ကို လျှောက်ထားဖူး၏။ မြတ်စွာဘုရားက မြေကြီးကို လက်မဖြင့်ကော်ပြပြီး လူ့ပြည်၊ နတ်ရွာသို့ ပြန်ရောက်သူမှာ လက်မပေါ်က မြေမှုန့်များလောက်သာရှိပြီး ကမ္ဘာ့မြေမှုန့်လောက်ရှိသော လူများမှာ အပါယ်လေးဘုံသို့သာ ကျရောက်ကြောင်း၊ ဒုစရိုက် ၁၀ ပါးများကြောင့် ပြန်ခံရကြောင်း ဟောကြားပြခဲ့ပါသည်။

ဘဝသံသရာ ရေစီးကြောင်းထဲမှာ မြုပ်လမ်း၊ မျောလမ်းဖြင့်သာ လည်လည်နေကြရကုန်၏။

သို့ဖြစ်၍ လူဖြစ်ခိုက်၊ ဗုဒ္ဓသာသနာတော်နှင့် ကြုံတွေ့နေခိုက်မှာ ကာမဂုဏ်များထဲ၌ နစ်မွန်းမနေကြဘဲ ကုသိုလ်မှုများကို ပြုလုပ်၊ ကမ္မဋ္ဌာန်းဘာဝနာများကို ပွားများအားထုတ်၍ သောတာပန်အရိယာဖြစ်အောင် ကြိုးစားအားထုတ်သင့်လှပေသတည်း။

စာရှု

www.burmeseclassic.com

(ထမင်းတစ်လုပ်အတွက်တိုင်းမြှုပ်ကိုမလိမ်ဝံ့ပါ)




**ဦးသန်းဆွေ**

အယ်(လ်)ရန်နိုင်ဘရားသားဆေးတိုက်၊

အမှတ်(၇)၊ဓိဇဝါလမ်း၊ကြံခင်းစုရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။ ☎ –၀၉–၅၁၂၀၇၈၉၁

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တာတေဦး

## ပါဘာကြီကာ အပျိုမ

ကျွန်တော်၏ ဘဝတွင် ကျေးဇူးရှင်မိဘနှစ်ပါးပြီးလျှင် ရှိသေလေးစား အလေးထားရသည်မှာ ကျွန်တော်၏ ဦးလေးနှင့် ဒေါ်လေးပင်ဖြစ်သည်။ မိဘများ ဆုံးပါးပြီးသွားချိန်တွင် ဦးလေးနှင့် ဒေါ်လေးကသာ ကျွန်တော့်အား တစစ တာဝန်ယူခဲ့ရသည်။

ဦးလေးချစ်သည် ကျွန်တော့်ဖခင်၏ ညီအရင်းဖြစ်ပြီး ဦးလေးချစ်၏ဇနီး ဒေါ်လေးရီကမူ ဦးလေးနှင့်စပ်မှ တော်သော်လည်း ကျွန်တော့်အား တူသားပမာ သဘောထားသည့်စိတ်မှာ ဦးလေးချစ်ထက် မသာခဲ့လျှင်တောင်မှ လျော့လိမ့်မည်တော့ မဟုတ်ပေ။

မိဘနှစ်ပါးထားခဲ့သည့် လုပ်ငန်း များကိုလည်း သူတို့နှစ်ယောက်က အတတ်နိုင်ဆုံး ပံ့ပိုးကူညီပေးခဲ့ကြသည်။ မိဘများဆုံးသည့်အခါ မျက်စိသူငယ် နားသူငယ်နှင့် ကျန်ခဲ့သည့် ကျွန်တော့်ကို အလိမ်အညာ မခံရစေရန် လောကအလယ်တွင် မားမားမတ်မတ် ရပ်တည်နိုင်ရန် ဦးလေးတို့က လိုအပ်သလို ညွှန်ကြားပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဦးလေးနှင့် ဒေါ်လေးတို့က ဖြူးမြို့တွင် နေထိုင်ပြီး ကျွန်တော်က ပဲခူးတွင် ဖြစ်သဖြင့် ခရီးက နီးသည်ဟု မဆိုနိုင်ပါ။ ယခု ဦးလေးနှင့် ဒေါ်လေးက သူတို့ မြစ်ကြီးနားမိုးကောင်းဘက် နှစ်လခန့် သွားဖို့ရှိသဖြင့် သူတို့အိမ်သို့ လာစောင့်ပေးပါရန် အကူအညီတောင်းသည်တွင် ကျွန်တော်ကလည်း ခရီးထွက်ချင်နေသဖြင့် ရေငတ်တုန်း ရေတွင်းထဲကျသကဲ့သို့ ဖြစ်သွားသည်။

သို့နှင့် ကျွန်တော် ပင်စင်လမ်းရှိ ဦးလေးတို့တိုက်သို့ရောက်ပြီး နောက်နေ့တွင် သူတို့နှစ်ယောက် ခရီးထွက်သွားကြသဖြင့် ကျွန်တော်တစ်ယောက်တည်းသာလျှင် အိမ်စောင့်ကျန်ရစ်ပါတော့သည်။ နံနက်အစောစာ ကြက်ဥတစ်လုံးကို ရေနွေးစိမ်သောက်ပြီး ကော်ဖီမစ်တစ်ထုပ် ဖျော်လိုက်ပါသည်။ ပြီးနောက် ခြံထဲသို့ ဆင်းလာခဲ့သည်။

ဦးလေးတို့ခြံသည် တစ်ထပ်တိုက် ရှည်မျောမျောဖြစ်ပြီး ပုံစံက အနောက်တိုင်းဆန်သည်။ ခြံထဲတွင် ပန်းအလှစိုက်ထားသည့် အိုးပေါင်းများစွာရှိသည်။ ဘေးခြံသို့ အသာငဲ့ကြည့်လိုက်ရာ အိမ်တံခါးသော့ပိတ်ထားသည်ကို တွေ့ရ၏။ ထိုခြံထဲရှိ တိုက်လေးသည်လည်း တစ်ထပ်တိုက်လေးပင်ဖြစ်ပြီး ထိုအိမ်ရှေ့ပန်းခြံထဲတွင်လည်း ပန်းအလှစိုက်ထားရာ ဦးလေးတို့ခြံထက်ပင်ပို၍လှပစုံလင်သည်ကို တွေ့ရ၏။ ထိုခြံက ဦးလေးတို့ အိမ်ခေါင်းရင်းတွင်ဖြစ်သည်။

ဦးလေးတို့ ခြေရင်းခြံတွင်တော့ ဖျဉ်ထောင်အိမ်လေးတစ်လုံး ဆောက်ထားသည့်ခြံဖြစ်ကာ နှင်းဆီပန်းခင်းကို တွေ့ရသည်။ နှင်းဆီစိုက်စားသည့် မိသားစု ဖြစ်ပေလိမ့်မည်။ ကျွန်တော်သည် ပတ်ဝန်းကျင်ကို ထိုမျှသာ လေ့လာပြီး အိမ်ထဲပြန်ဝင်ကာ စက်ပေါ်တွင် အဆင်သင့်တွေ့သည့် ဗီဒီယိုကား၊ ဗီစီဒီအချပ် တစ်ချပ်ကို စက်ထဲ ထည့်ဖွင့်လိုက်သည်။

ကားက သရဲကား။ သူငယ်ချင်းတစ်စု ခရီးထွက်ကြရင်းက လမ်းတွင် ကားပျက်သဖြင့် အိမ်ကြီးတစ်လုံးသို့ ရောက်သွားရာ ထိုအိမ်ကြီးမှာ သရဲခြောက်သဖြင့် သူငယ်ချင်းများ သေသူသေ၊ ဒဏ်ရာရသူရ၊ အချို့ ကံကောင်းထောက်မ၍ လွတ်မြောက်သွားပုံ ရိုက်ကူးထားခြင်းဖြစ်သည်။ ဇာတ်လမ်းမှာ မဆန်း၊ ရိုးအီနေပြီ ဖြစ်သော်လည်း ရိုက်ချက်များကောင်းသဖြင့် ကြည့်၍အဆင်ပြေလေသည်။

၊ ညနေခင်းပိုင်းတွင် ဖြူးချောင်းတံတားဘက် လမ်းလျှောက်ကာ လေညင်းခံ အနားယူရင်း အညောင်းဖြေခဲ့သည်။ အိမ်သို့ ပြန်ရောက်သောအခါ ခြံတံခါးဖွင့်ပြီးနောက် ခေါင်းရင်းခြံဘက်မှ အသံကြားသဖြင့် ကြည့်လိုက်ရာ အသားဖြူဖြူ၊ အရပ်ပုပု၊ မျက်လုံးဝိုင်းဝိုင်း၊ နှာတံစင်းစင်းနှင့် ချစ်စရာကောင်မလေးတစ်ယောက်ကို ပန်းပင်များ တူးဆွနေသည်ကို တွေ့လိုက်ရ၏။ အပြာနုရောင် ဝမ်းဆက်လေးနှင့် သူမသည် မျက်စိထဲက မထွက်အောင်ကို လှ၏။

ကျွန်တော့်ထက် ဆယ်နှစ်ခန့်ငယ်နိုင်သည့် ထိုသူငယ်မကို မြင်မြင်ချင်း စိတ်ထဲက ခင်မင်လိုစိတ် ပေါ်လာ၏။ နှုတ်မှ အလိုလို လှမ်းခေါ်လိုက်မိသည်။

"ဟိတ်"

ကောင်မလေးသည် ရုတ်တရက် ပေါ်ထွက်လာသည့် ကျွန်တော့်၏အသံ ကြောင့် လန့်သွားပုံရသည်။ လုပ်လက်စ အလုပ်ကို အသာထားကာ ကျွန်တော့် အား တစ်ချက်စိုက်ကြည့်ပြီး တိုက်ဘေး သို့ ပြေးဝင်သွားလေသည်။

ကျွန်တော် နှစ်မြိုက်စွာပြုံးမိသည်။ ထိုကောင်မလေးသည် ကျွန်တော် အသံပြုလိုက်ရာမှ လူစိမ်းဖြစ်သည့် ကျွန်တော့်ကို ကြောက်ပြီး ဝင်ပြေးသွား ဟန်တူသည်။ ကျွန်တော်လည်း အိမ်ထဲ သို့ ဝင်လာလိုက်သည်။

"ဒီမှာနေတဲ့အခိုက် ခေါင်းရင်းခြံ က ချာတိတ်မကို အသိမိတ်ဆွေဖွဲ့ပြီး နေရမယ်"

ထိုသို့ စိတ်ထဲမှတွေးပြီးနေခဲ့သည်။ ညဘက်အိပ်ရာဝင်သည့်အခါ သူမ မျက်နှာလေးကိုသာ တရစ်ဝဲဝဲ မြင်နေ မိသည်။

နောက်တစ်နေ့ အခွင့်အခါကြုံ တိုင်း ခေါင်းရင်းခြံသို့ စောင်းငဲ့ ရှာဖွေ ကြည့်မိပါသော်လည်း ကောင်မလေး၏ အရိပ်ယောင်ကို မမြင်ရပေ။ သူငယ် ချင်းအိမ်တွေ လျှောက်လည်နေသ သလား၊ အိမ်တွင်းပုန်းနေလေသလား တော့ မသိ။

တယ်လီဖုန်းကိုကြည့်ရင်း အကြံရ သွားသည်။ အိပ်ချိန်းသို့ ခေါင်းရင်းခြံ၏ တယ်လီဖုန်းနံပါတ် လှမ်းမေးလျှင် ရနိုင် ပေလိမ့်မည်။

www.burmeseclassic.com

"ဟယ်လို အိပ်ချိန်းကလား"

ပြောပြောဆိုဆို အိပ်ချိန်းကို ဆက်သွယ်မေးမြန်းသောအခါ ဂဏန်းငါးလုံးကို ပြောပြသည်။ ထိုဂဏန်းများကို ကျွန်တော် လက်ဖြင့် နှိပ်လိုက်သည်။

"ဟယ်လို"

"ဟယ်လို ချာတိတ်လား၊ မင်းကိုယ့်ကို သိလား"

ဟယ်လို ဟူသည့် ချာတိတ်၏ ချစ်စရာအသံကို ကြားလိုက်ရသဖြင့် ကျွန်တော် ပျော်သွားသည်။ အကယ်၍ ထိုအိမ်တွင် အခြားချာတိတ်မများ ရှိခဲ့လျှင်မူ ကျွန်တော်၏ ရှူးသွပ်မှုမှာ ရက်ဖွယ်လိလိဖြစ်သည်။ ကျွန်တော့်ကို သိလားဟု ခပ်တည်တည်မေးလိုက်သည်။

"သိတာပေါ့ သရဲလေ"

"ဘာ ဘာသရဲလဲ"

ကျွန်တော် သူပြောမှ လန့်သွားသည်။ ဘာကိုဆိုလိုပါသနည်း။

"ဖုန်းသရဲပေါ့၊ အိအိဆီကို ဖုန်းဆက်မယ့်လူ မရှိဘူး၊ ခုလိုဆက်တာ ပေါက်ကရပြောမယ့် ဖုန်းသရဲ ဖြစ်မှာပေါ့ ဟုတ်ဘူးလား"

"ဖုန်းသရဲ မဟုတ်ပါဘူးကွာ၊ မင်းတို့ခြေရင်းခြံက ဧည့်သည်ပါ၊ ကိုယ့်နာမည်က နိုင်ဇော်တဲ့ ချာတိတ်နာမည်က အိအိလား"

"ဟုတ်တယ်၊ အခုဖုန်းဆက်တာ ဘာကိစ္စရှိလို့လဲ"

"အိအိကို ခင်ချင်လို့ ကိုယ့်ကို မိတ်ဆွေတစ်ယောက်လို အသိအမှတ်ပြုစေချင်တယ်ကွာ"

"အိအိ ဦးကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုလိုက်ပြီ"

"တကယ်နော်"

"တကယ်"

ကျွန်တော် ဝမ်းသာသွားသည်မှာ ပြောပြ၍ မရအောင်ပင် ဖြစ်သည်။

"အိအိနဲ့ ကိုယ့်အသက်က ဒီလောက် မကွာပါဘူး၊ ဦးလို့ မခေါ်စေချင်ဘူးကွာ ကိုကြီးလို့ပဲ ခေါ်ပါ"

"ကိုကြီး"

အိအိဆိုသည့် ချာတိတ်မသည် ဖုန်းချပစ်လိုက်သည်။ ကျွန်တော်က တော့ ဘာပဲပြောပြော ချာတိတ်မနှင့် ခင်မင်ရင်းနှီးသွားသဖြင့် ပျော်ရွှင်နေမိသည်။

မှောင်ရီပျိုးစတွင် အိအိသည် ခြံထဲဆင်းလာကာ ပန်းပင်လေးများကို လှည့်ပတ်ကြည့်ရှုနေသည်။ ကျွန်တော်သည် သူမကို စောင်းနေသည်ဖြစ်ရာ သူမ ခြံထဲဆင်းလာသည်နှင့် ကျွန်တော်လည်း ခပ်တည်တည်ပင် ခြံထဲဆင်းလာပါသည်။ ခြံထဲရောက်မှ လုမ်းတွေ့သည့် ဟန်နှင့် ခြံစည်းရိုးနား ကပ်သွားလိုက်သည်။

"အိအိ"

"ကိုကြီး"

"အိအိတို့အိမ်က လူကြီးတွေရော မတွေ့ပါလား"

"မတွေ့ဆို ဖေနဲ့ မေက မန္တလေးကို သွားကြတယ်လေ၊ နေပါဦး အိလည်း မေးရဦးမယ်၊ ခါတိုင်း အဲဒီခြံမှာ ဦးလေးကြီးနဲ့ ဒေါ်လေးကြီးပဲ ရှိပါတယ်၊ ကိုကြီးက ဘယ်လိုရောက်လာတာလဲ"

"သူတို့က ကိုကြီးရဲ့ ဦးလေးနဲ့ ဒေါ်လေးလေ သူတို့ခရီးထွက်စရာရှိလို့ ကိုကြီးက ခြံလာစောင့်ပေးရတာ"

"ဪ ဒါဆို ကိုကြီးက ဒရဝမ်ပေါ့"

"ဟုတ်တယ် ဟား ဟား ဟား"

အိအိနှင့် စကားပြောနေရလျှင် အလိုလို ပျော်နေမိသည်။ အသက်လည်း ငယ်ရွယ်လွတ်လပ်သွားသလို ထင်ရသည်။

"မနက်ဖြန်နေ့ခင်း ကိုကြီးတို့ခြံလာလည်ပါလား"

"မလာချင်ပါဘူး၊ လူတွေ မြင်ကုန်မှာပေါ့"

"ဒါဆို ကိုကြီး အဲဒီဘက်လာခဲ့မယ်လေ"

"ဒါလည်း လူတွေမြင်မှာပဲပေါ့"

သည်လိုနှင့် အိအိနှင့် ကျွန်တော် ခင်မင်ခဲ့သည်မှာ တစ်ပတ်ခန့်ကြာခဲ့ပြီဖြစ်သည်။ သည်ကနေ့တော့ အိအိခြံထဲဆင်းတက်သည့်အချိန်ကို သူတို့ခြံထဲ ခိုးဝင်ကာ ကြိုစောင့်နေမိသည်။ သည်နေ့မှ အိအိက တော်တော်နှင့်ထွက်မလာ။ အိအိထွက်လာတော့ ပတ်ဝန်းကျင်တွင် မှောင်နေပြီ။

"အိအိ"

"ဟယ် ကိုကြီး ကြည့်စမ်း ခြံထဲခိုးဝင်နေတယ်၊ သူများတွေ မြင်ကုန်ပါဦးမယ်"

"မမြင်ပါဘူး ကိုကြီး ဘယ်သူမှ မမြင်အောင် ခိုးဝင်ထားတာပါ"

"ကိုကြီးက တော်တော်ကဲတယ်၊ အမြဲတွေ့နေရတာများ ဒီဘက်ခြံထိ လာသေးတယ်"

"အဲဒါ အိအိကို သိပ်ချစ်လို့ပေါ့"

"ရှင်"

"ဟုတ်တယ် အိအိ၊ ကိုကြီး အိအိကို ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

အိအိသည် ရှက်မျက်လွှာ ပဲချ သွားသည်။ နှုတ်သည် ဆွံ့ အသွားသည်။ ကျွန်တော်လည်း ဘာဆက်ပြောရမှန်းမသိ။ ရဲလည်း မရဲဝံ့ပေ။ ထို့ကြောင့်လည်း သည်အချိန်ထိ ချစ်သူရည်းစား မရှိခဲ့တာလား မဆိုနိုင်ပေ။

အိအိသည် ကျွန်တော့်အား တစ်ချက်စိုက်ကြည့်ကာ အိမ်ဘက်သို့ ပြေးထွက်သွားသည်။ အိအိ ကြည့်သွားသည့်အကြည့်ကို သရုပ်ခွဲကြည့်ပါက စက်ဆုတ်မုန်းတီးမှုတော့ မရှိဟု ထင်မိသည်။ ကျွန်တော် အိမ်ထဲသို့ မလိုက်သင့်ဟု ယူဆပြီး အိမ်ဘက်သို့ ပြန်ကူးလာခဲ့သည်။

အိမ်ထဲသို့ ရောက်ပြီးသောအခါ ကျွန်တော့်ကိုယ်ကျွန်တော် ကျေနပ်နေမိသည်။ အိအိသည် ကျွန်တော့်ကို ဝမ်းသာရမည့် အဖြေပဲ ပေးလိမ့်မည်ဟု မျှော်လင့်နေမိသည်။

"ကလင် ကလင်"

မမျှော်လင့်ဘဲ မြည်လာသည့် ဖုန်းသံကြောင့် လန့်သွားရာမှ အိအိထံမှ အဖြေပေးသည့်ဖုန်းထင်ပြီး ဝမ်းသာစွာ ကောက်ကိုင်လိုက်သည်။ သို့သော် အထင်နှင့် အမြင်ကား လွဲမှားနေပေ၏။ ဦးလေးနှင့် ဒေါ်လေးတို့က ကျွန်တော့်အား အဆင်ပြေမှု ရှိ,မရှိ။ ထူးခြားမှု ရှိ,မရှိ မေးမြန်းခြင်း ဖြစ်နေသည်။ ကျွန်တော်က မထူးခြားကြောင်း အဆင်အလွန်ပြေကြောင်းကို ကိုယ့်အစီပွာယ်နှင့်ကိုယ် ဖြေလိုက်သဖြင့် ဦးလေးလည်း သဘောကျ စိတ်အေးသွားပုံရသည်။

နောက်နေ့ ညဦးပိုင်းသို့ ရောက်သောအခါ ကျွန်တော်သည် ခြံထဲလမ်းလျှောက်ရင်းမှ တစ်ဖက်ခြံသို့ အကဲခတ်နေမိသည်။

"ရှူး ရှူး"

ရုတ်တရက် ခေါင်းရင်းခြံမှ အသံကြားသဖြင့် ကြည့်လိုက်ရာ အိအိ ဖြစ်နေသည်။ မည်သည့်အချိန်က ကျွန်တော်မသိအောင် ခြံထဲအသာဆင်းသွားသည် မသိပေ။

"အိအိ ကိုကြီးကို ဒီနေ့အဖြေပေးရမယ်"

"ကိုကြီးကို အိအိ ခင်တယ်၊ ဒီထက် မပိုချင်ပါနဲ့ဗျာ"

"ဟင့်အင်း မရဘူး၊ ကိုကြီး အချစ်ကို အိအိလက်ခံရမယ်၊ ကိုကြီးဘဝမှာ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးပါဘူး အိအိရယ်"

အိအိသည် ကျွန်တော့်ပြောစကားကို နားထောင်ပြီး တွေဝေသွားသည်။ သက်ပြင်းကို လေးတွဲ့စွာချသည်။

"ကိုကြီးအချစ်ကို လက်မခံရင် ကိုကြီး ပဲခူးပြန်တော့မယ်"

အိအိသည် ကျွန်တော့်ကို ငေးငိုင်စွာကြည့်သည်။ သူသည် တစ်ခုခုတို ယတိပြတ် ဆုံးဖြတ်လိုက်ဟန်တူသည်။

"ကိုကြီးကို ချစ်ပါတယ်"

အိအိ အိမ်ဘက်သို့ ပြေးဝင်သွားသည်။ အဝေးရောက်ပြီးမှ တစ်ချက် ပြန်လှည့်ကြည့်ရာ ပြုံးရွှင်နေသည့် ကျွန်တော့်ကို အိအိ မြင်သွားပါလိမ့်မည်။ သည်ကမ္ဘာမှာ ကျွန်တော်သာ လျှင် အပျော်ဆုံး။

ခင်မင်စွာ သံယောဇဉ်တွယ်နေရာမှ ချစ်သူဘဝသို့ ရောက်သွားတော့ သံယောဇဉ်က တိုး၍ရစ်ပတ်သည်။ သူ့ မျက်နှာလေးကို အမြဲမြင်နေချင်သည်။ သူ့အသံလေးကို အမြဲကြားနေချင်သည်။ ချစ်တတ်သူတိုင်း ချစ်ကြသူတိုင်းသည် သို့ပင်ရှိကြမည် ထင်ပါသည်။

ညစဉ်ရက်ဆက် ပုံမှန်တွေ့ဆုံကြသော်လည်း ချစ်သူတို့ဘဝ စည်းတို စောင့်ကြသည်။

"ကိုကြီးတော့ အိအိနဲ့ ဝေးရမှာစိုးတယ်၊ မချစ်ဖူးတော့ အချစ်ရူး ရူးနေပြီ အိအိ"

"မင်းပြောတာကို စဉ်းစားလို့ မရဘူး ဖြစ်သွားတယ် သား၊ အဲဒီခြံက အိအိ ဆိုတာ ဆုံးသွားပြီကွဲ့၊ ဆုံးသွားတာမှ သုံးလလောက်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com

"အိအိလည်း ကိုကြီးလိုပါပဲ၊ နှစ်ဖက်လူကြီးတွေ သဘောမတူကြလို့ လွဲသွားမှာစိုးတယ်၊ ဒါပေမဲ့ ဘာ့တတ်နိုင်မှာလဲ ကိုကြီးရယ်"

"တကယ်ချစ်ရင် စွန့်စားရဲ ရင်ဆိုင်ရဲရတယ် အိအိ"

"စွန့်စားရင်ဆိုင်လို့ မရတဲ့ဘဝ ဆိုရင်ကော ကိုကြီး"

"ချစ်တယ် အိအိရယ် မင်းကို သိပ်ချစ်တယ်"

အိအိကို ကျွန်တော့်ရင်ခွင်ထဲ နစ်မြုပ်သွားမတတ် ထွေးပွေ့ထားလိုက်ပါသည်။

ကျွန်တော်နှင့် အိအိ တွေ့ဆုံသည့်နောက်နေ့တွင် အိအိ၏ မိဘနှစ်ပါးဟုယူဆရသူများ ခရီးထွက်ရာမှ ပြန်လာသည်ကို တွေ့လိုက်ရ၏။ အိအိလည်း မိဘများ ပြန်လာသဖြင့် အလုပ်ရှုပ်နေဟန်တူသည်။ ထွက်လာသည်ကို မတွေ့ရပေ။ အိအိသည် ပလီပလာနှင့် ဘာတွေများ ဘယ်လောက်ထိတာနေသည်လည်း မဆိုနိုင်ပါ။

ကျွန်တော် မတွေ့ရသဖြင့် ဖုန်းဆက်မည်ဟု ကြံလိုက်သေးသည်။ သို့သော် လူကြီးများ ကိုင်လိုက်လျှင်ဟူသည့်အတွေးနှင့် ဆန္ဒကို မျိုသိပ်လိုက်ရသည်။

နောက်နေ့ မနက်မိုးလင်းချိန်တွင် ဦးလေးနှင့် ဒေါ်လေး ပြန်ရောက်လာသည်။ တစ်လခွဲဟူသည့် အချိန်သည် ခဏတာမျှသာ ဖြစ်နေပါလား။

"သား နိုင်ဇော် အိမ်မှာ တစ်ယောက်တည်း ပျင်းနေပြီလား"

"မပျင်းပါဘူး ဦးလေး၊ ကျွန်တော် နေတတ်ပါတယ်"

"ဒေါ်လေး သားအတွက်စိတ်ပူနေတာ၊ သားကို အိမ်စောင့်ခိုင်းထားရတာ သက်သက်ဒုက္ခပေးသလို ဖြစ်နေပြီဆိုပြီးတော့လေ"

"ဦးလေးနဲ့ ဒေါ်လေးတို့ ပြန်ရောက်လာတာ အတော်ပဲ ကျွန်တော်လည်း ဦးလေးတို့ကို ခရီးရောက်မဆိုက်ဝမ်းသာစရာ သတင်းစကား ပြောရဦးမယ်"

ဦးလေး၊ ဒေါ်လေးနှင့် ကျွန်တော်တို့ လက်ဖက်ရည်ဝိုင်းတွင် ထိုင်နေစဉ်စကားပြောနေကြခြင်းပင် ဖြစ်သည်။

"ဘာဝမ်းသာစရာလဲကွ၊ မြန်မြန်ပြော သား"

"ကျွန်တော် ဖြူးလာရင်း ချစ်သူရနေပြီ"

"ဟေ ဟုတ်လား"

"ဘယ်ကလဲသား ဘယ်သူလဲ"

"ဟိုဘက်ခြံက ဒေါ်လေး၊ အိအိနဲ့ ကျွန်တော် ချစ်သူတွေ ဖြစ်နေပြီ"

"ဟေ"

"ဘယ်လိုကွ ဘာ"

"အိအိနဲ့ ကျွန်တော် ချစ်သူဖြစ်နေပြီ နေပါဦး၊ ဦးလေးနဲ့ ဒေါ်လေး မျက်နှာကြည့်ရတာ တအံ့တသြနဲ့ ဘာလဲကိုယ့်တူပြောတာ မယုံဘူးလား အထင်သေးတဲ့ သဘောပေါ့လေ"

ဦးလေးက သက်ပြင်းချသည်။ ဒေါ်လေးက ခေါင်းကို ယမ်းခါပြီး ရှင်းပြသည်။

"မင်းပြောတာကို စဉ်းစားလို့မရဘူး ဖြစ်သွားတယ် သား၊ အဲဒီခြံက အိအိ ဆိုတာ ဆုံးသွားပြီကွဲ့၊ ဆုံးသွားတာမှ သုံးလလောက်ရှိပြီ"

"ဗျာ ဟာ မဟုတ်နိုင်တာ ဒေါ်လေးကလည်း. . ."

"ဟုတ်တယ် သား၊ ဦးလေးတို့က ဘာလို့ မင်းကို ညာရမှာလဲ"

ထိုစဉ် မမျှော်လင့်ဘဲ တစ်ဖက်ခြံမှ အဒေါ်ကြီး အိမ်ထဲသို့ ဝင်လာသည်ကို တွေ့ရသည်။ ကျွန်တော်သည် မျက်စိမျက်နှာပျက်လျက်က ထိုအဒေါ်ကြီး မည်သည့်စကားပြောမည်ကို စောင့်နားထောင်နေမိသည်။

"လာ အစ်မကြီး ကော်ဖီသောက်ပါဦး"

"မသောက်တော့ပါဘူးရှင် ကျေးဇူးတင်ပါတယ်၊ မနက်ဖြန် သမီးလေး အိအိ ဆုံးတာ သုံးလပြည့်ပြီလေ ဒီရက်အမီကို ကျွန်မတို့လင်မယား အရောက်ပြန်ခဲ့ကြရတာ၊ အဲဒါ မနက်ဖြန်မနက်ဘုန်းကြီးဆွမ်းကပ်မလို့ အစ်မကြီးတို့ကိုတရားနာ လာဖိတ်တာပါ"

"ကောင်းပါပြီဗျာ၊ ကျွန်တော်တို့လာခဲ့ပါ့မယ်"

"ဒါဆို ကျွန်မကို ခွင့်ပြုပါဦး ဟိုဘက်အိမ်တွေကို ဖိတ်လိုက်ပါဦးမယ်"

ထိုအဒေါ်ကြီး နှုတ်ဆက်ပြန်သွားသည်ကို ကျွန်တော် မမြင်တော့ပါ။ ကျွန်တော့်ဦးလေးနှင့် ဒေါ်လေးကိုလည်းမမြင်တော့ပါ။ ကျွန်တော့်ခေါင်းသည် ချာချာလည်လျက်ရှိပြီး အိအိနှင့်ကျွန်တော် ဆုံဆည်းခဲ့ပုံများကိုသာ မြင်ယောင်နေပါတော့သည်။ ကျွန်တော့်ဦးလေးနှင့်ဒေါ်လေးကတော့ ကျွန်တော့်ကို ကြည့်နေကြမည်မှာ အသေအချာပင် ဖြစ်တော့သည်။

**တာတေကြီး**

www.burmeseclassic.com

**အဇာတသတ်မင်း၏ခံတပ် (ရာဇဂြိုဟ်မြို့သစ်)**

ဗိဝတာသရက်တောဥယျာဉ်မှ ဆက်လက်ထွက်ခွာခဲ့ရာ ကားလမ်းဘယ်ဘက်ဘေးတွင် ကျောက်တုံးမြင့်မြင့်ကြီးများ ကာရံထားသည့် လေးထောင့်ပန္နက်ကွက် တံတိုင်းကိုတွေ့လိုက်ရ၏။ အဇာတသတ်မင်း၏ နန်းတော်သစ်နေရာဟုသိရသည်။ အဇာတသတ်၏ ခံတပ်ဟုလည်း ခေါ်ကြ၏။ သဘာဝကျောက်တုံးများဖြင့် ဟည်သောက်ထားကာ၊ ထိုအပေါ်မှ အုတ်မြို့ရိုးကို ထပ်ဆင့်ပြုလုပ်ထား၏။ သို့ရာတွင် အုတ်များကိုဖျက်ယူကြသဖြင့် အနည်းငယ်သာ ကျန်ရှိတော့သည်။ မြို့ရိုးထု ၁၅–၁၈ ပေနှင့် အချို့နေရာများတွင် ၁၁ ပေခန့်ပင် မြင့်နေသေးသည်။ ရှေးကမူ ၁၈ တောင်မျှ မြင့်သည်ဟု ကြားဖူးသည်။ ခံတပ်မြို့မှာ တစ်မိုင်ပတ်လည်ရှိ၏။ မြို့၏တောင်ဘက်အထွက် ကားလမ်းအနောက်တွင် ရှေးဟောင်းမြို့တံခါးပေါက်ရှိသည်။ လက်ရှိလူနေရပ်ကွက်မှာ ထိုခံတပ်၏ မြောက်ဘက်တွင် ရှိနေသည်။

# အဇာသတ်သား နှင့် သားချစ်ဖခင်

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး–သု)




အဇာတသတ်ဓာတ်တော်တိုက်



www.burmeseclassic.com

www.burmeseclassic.com



အစာတသတ်နန်းတော်ရာအသစ်


ထိုအချိန်က ရာဇဂြိုဟ်မြို့တွင် မီး ဘေးခဏလောင်ရာ အဇာတသတ်မင်းက မီးလောင်စလောင်သည့်အိမ်ကို မြို့ထဲမှာ ထား၊ မြို့ပြင်ထွက်နေရမည်ဟု အမိန့် တစ်ခုထုတ်ခဲ့၏။ တစ်နေ့ အဇာတသတ် မင်း၏ နန်းတော်မှပင် မီးစတင်လောင်ရာ မင်းလည်း သူ့အမိန့်ကိုသူ ပြန်လေးစား သည့်အနေနှင့် ကတိတည်စွာဖြင့်နန်း တော်ရာအသစ်ကို မြို့ပြင်ထွက်ဆောက် တော်မူခဲ့လေသည်။ (မြန်မာပြည်တွင် လည်း ရခိုင်ဘုရင်တစ်ပါးသည် နန်းတော် တိုင်တွင် ကွမ်းစားပြီး ထုံးတို့မိသူကို ဆက်ညှိုးဖြတ်ပြီး အပြစ်ဒဏ်ပေးမည်ဟု အမိန့်ထုတ်ခဲ့ဖူး၏။ တစ်နေ့တွင် သူကိုယ် တိုင် နန်းတော်တိုင်ကို ထုံးတို့မိသဖြင့် လက်ညှိုးကိုသူ ကိုယ်တိုင် သန်လျက် တော်ဖြင့် ဖြတ်ခဲ့ဖူးသည်ဟူသတတ်)။

## အဇာတသတ်မင်း နန်းဦးစေတီ

နန်းတော်သစ်နေရာနားတွင် နန်းဦး စေတီရှိသည်ဟု ကြားဖူးသော်လည်း ဆင်းမကြည့်ရသဖြင့် မရောက်ခဲ့ရ။ အဇာ တသတ်စေတီတော်ဟုလည်း ခေါ်သည်။ မြို့သစ်၏ အရှေ့တောင်ဘက်တွင် ရှိ သည်။ ဓာတ်တော်ဝေရာမှ အဇာတ သတ်မင်းရခဲ့သော ဓာတ်တော်များကို ထို စေတီတော်တွင် ဌာပနာသွင်းကာ ကိုး ကွယ်ခဲ့မည်ဟု ယူဆရ၏။ စေတီတော်မှာ ကျောက်တုံးများဖြင့် ပန္နက်တည်ထား သော ဖိနပ်တော်သာကျန်တော့သည်။ ယခုအခါ ယင်းအပေါ်တွင် ဘာသာခြားများ က သချိုင်းပြုလုပ်ထား၏။ ဖာဟီယန်ကမူ မြို့သစ်အနောက်ဘက်ရှိ စေတီဟောင်း ကို အဇာတသတ်စေတီဟု ဆိုခဲ့သည်။

နန်းတော်ရာအသစ်ကို ကျော်လွန် လိုက်သည်နှင့် မြန်မာဘုန်းတော်ကြီး ကျောင်းကို ရောက်လေ၏။ ကျောင်းမုခ်ဦး မှာ သီဟသုဓမ္မမဏိဇောတဓရ၊ သဒ္ဓမ္မ ဇောတိကဓဇ ရွှေမြင်တင်ဦးညို ကြီးကြပ် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ကျောင်း အဝင်ဝတွင် လက်ပွေ့ဈေးသည်လေးများ လည်း ဘုရားဖူးများလာမည်ဟု သတင်း ကြားရော့ထင့် အသင့်ကြိုရောက်နေလေ ပြီ။ မြန်မာကျောင်းဝမှကြည့်လျှင် အဇာ တသတ်မင်းနန်းတော်ရာသစ်ကို လမ်း တစ်ဖက်တွင် စီးမြင်ရသည်။

မြန်မာကျောင်းမှာ ကျောင်းဟောင်း တစ်ခုဖြစ်၏။ ထိုကျောင်းတွင် အောင်ချမ်း သာဘုရားဖူးအဖွဲ့ခေါင်းဆောင် ဒေါ်သဇင် မြင့်အောင်၏ အဘိုးများ လှူခဲ့သော ကျောင်း တိုက်လည်းရှိသည်။ ပဲခူးခရိုင်၊ သက္ကလမြို့မှ ဦးပုတ်ကြီး၊ ဒေါ်ကြီး။ ပုသိမ် ခရိုင်။ ကန့်ကြီးဒေါင့်မြို့မှ ဦးရွှေဝင်း၊




မိန္ဒိသာရ ဆွန်ဘဏ္ဍာတိုက် လုထွင်းကျောက်ဂူ



www.burmeseclassic.com

www.burmeseclassic.com



ဗိန္ဒိသာရ ဆွန်ဘဏ္ဍာတိုက် လှုဏ်ကျောက်ဂူ

ဒေါ်ရွှေနှစ်၊ ရန်ကုန်မြို့မှ ဒေါ်နော်၊ ဦးမောင်ကလေး၊ ဒေါ်ကြော့တို့မှ လှူဒါန်း ဆောက်လုပ်ခဲ့သော ကျောင်းများဖြစ်၏။ ရှေးတိုက်ကျောင်းကြီးကို ဝင်လိုက်သည် နှင့် ညာဘက်တွင် ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက်အခန်းကိုမြင်ရ၏။ ဗိုလ်ချုပ် အောင်ဆန်းပုံချိတ်ထားသည်။ အခန်းဝ တွင် ရှေးကမြန်မာများ၏ ရှေးခေတ် ဟောင်း အောက်မေ့ဖွယ်၊ အဖြူအမဲ ဓာတ်ပုံဟောင်းများကို စိတ်ဝင်စားစရာ မြင်ကြရသည်။ မနက်စာကို ထိုကျောင်း တွင်စားပြီး ဆရာတော်အား အလှူငွေ ပေး အပ်ကန်တော့ကြသည်။

ကျောင်းရှေ့တွင် ဈေးခင်းရောင်းချ သည့် လမ်းဘေးဈေးသည်လေးများထံမှ အမှတ်တရ ဆေးရောင်စုံပို့စကတ်များ စု ချုပ်ထားသော စာအုပ်ရှည်လေးကို ဝယ် လိုက်သည်။ နာလန္ဒာ၊ မိဂဒါဝုန်၊ ရာဇ ဂြိုဟ်၊ ဗုဒ္ဓဂယာ၊ ကုသိနာရုံစသည့် နေရာ များမှပုံများအပြင် ကျောက်ရုပ်တုများ ရှိ သည့် ဟိန္ဒူဘုရားကျောင်းများမှ ပုံများ လည်းပါသည်။ ကာမသုတ္တရ ရုပ်ရှင်ကား ကြီးဇာတ်အိမ်တည်ရာ ပန်းပုဆရာလေး ၏ ဟိန္ဒူဘုရားကျောင်းမှ ပန်းပုရုပ်တုပုံ များလည်းပါ၏။

## ဗိန္ဒိသာရမင်း၏ဆွန်ဘဏ္ဍာတိုက်

ကားများ ဆက်လက်ထွက်ခွာခဲ့ ကြသည်။ ဝေဘာရကျောက်တောင် စောင်း၊ အရှေ့ဘက်တောင်ခြေရင်းမှ ကျောက်တောင်ကိုထွင်းပြီး ပြုလုပ်ထား သော ဗိန္ဒိသာရမင်းကြီး၏ ရွှေတိုက်– ဆွန်ဘဏ္ဍာ–သုဝဏ္ဏဘဏ္ဍာတိုက်(Son Bhandar Caves) လှိုဏ်ဂူသို့ရောက်လေ ၏။ ကျောက်သားဂူကြီးတွင် ဝင်ပေါက် လေးထောင့်တိတိရှိရှိ ထွင်းထားသည် ထိုဂူများသည် ဗိန္ဒိသာရမင်း၊ အဇာ သတ်မင်းတို့၏ ဘဏ္ဍာတိုက်များဟု ဗု ဘာသာဝင်များက လက်ခံယုံကြည်ထာ ကြ၏။ ဂျိန်းဘာသာဝင်များကမူ ဂျိ ဘုရားလှိုဏ်ဂူများဟု ဆိုကြ၏။ ဂူထဲတွ လမ်းညွှန်ဘုန်းကြီးမှ တရားဟောသည်



ဗိန္ဒိသာရ ဆွန်ဘဏ္ဍာတိုက် လှုဏ်ကျောက်ဂူ



www.burmeseclassic.com

www.burmeseclassic.com

တိုဂူ၏ အရှေ့ဘက်ကပ်လျက်တွင်လည်း အခြားဂူတစ်ခုရှိသေးရာ အားလုံးပေါင်းကျောက်လိုဏ်ဂူနှစ်ခု ဖြစ်၏။ ကပ်လျက်ဂူမှာ အမိုးပွင့်နေပြီး ဂူ၏ တောင်ဘက်နံရံတွင် ရုပ်တုများရှိသည်။ ရုပ်တုများမှာ ဂျိန်းဘုရား ပဒမပဘူ၊ ပါသနာထနှင့် မဟာဝီရတို့၏ ပုံ ၆ ပုံ ဖြစ်၏။ အက္ခရာများလည်း ရေးထွင်းထားရာ အေဒီ-၃ ရာစုခေတ်ကဟု ခန့်မှန်းရသည်။ မူလဗိမ္ဗိသာရမင်းကြီး ဘဏ္ဍာတိုက်ကို နောင်းခေတ်များတွင် ဂျိန်းဘုန်းကြီးများ ဝင်ရောက်နေထိုင်ခဲ့သည်ဟု ယူဆရ၏။ အနောက်ဘက်ဂူအနီးတွင်လည်း အက်ကြောင်းပေါ်နေ၏။

ယင်းလိုဏ်ဂူကိုပင် ပထမသံဂါယနာ တင်တော်မူခဲ့သည့် စရည်းပင်ပေါက်ရာ သတ္တပဏ္ဏိလိုဏ်ဂူဟု အချို့ကဆိုပြန်သည်။ အထောက်အထား ကမ္ပည်းစာဆိုသေးသော်လည်း ဝေဘာရတောင်နံရံတွင်ရှိခြင်း၊ ဘဏ္ဍာတိုက်ရှေ့ ဥပစာကွက်လပ်မှာပြန့်ပြူးသဖြင့် ရဟန္တာ ၅၀၀ အတွက် မဏ္ဍပ်ဆောက်နိုင်ခြင်းများက ထိုသို့တွေးချင်စရာဖြစ်၏။

××× ×××



ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးအား
ခိုးသူတို့ ရိုက်နှက်နိပ်စက်ရာတောင်

## မြတ်စွာဘုရားအား ဗိမ္ဗိသာရမင်းကြီးကြိုဆိုခဲ့သည့် နေရာလေလား

ဆွန်ဘဏ္ဍာတိုက်မှ တောင်ဘက် ၂ ဖာလုံခန့်တွင် ရာဇဂြိုဟ်သို့ ပထမဆုံးကြွလာသော ဘုရားရှင်အား ဗိမ္ဗိသာရမင်းကြီး ခရီးဦးကြိုဆိုခဲ့ရာဟု ဆိုသောနေရာရှိသည်။ ဒေသခံများက အခုရပ်ဟုခေါ်ကြ၏။

ထိုနေရာမှ တောင်ဘက်တစ်မိုင်ခန့်တွင် ကျောင်းတော်ရာအုတ်ခုံ၊ အုတ်တိုက်ပျက်များလည်း ရှိသည်။ မဟာဘာရတကျမ်းအရကား ဇရာသန္ဓမင်းကြီးနှင့် ဘီမတို့နှစ်ဦး ၇ ရက်တိုင်တိုင် တိုက်ခိုက်ကြပြီး ဇရာသန္ဓမင်းကြီးရှုံးနိမ့်ပြီး အသတ်ခံခဲ့ရသော နေရာဖြစ်၏။ ရဏဘူမိ(ရဏ-စစ်ပွဲ၊ ဘူမိ-မြေပြင်=စစ်မြေပြင်)ဟုခေါ်ကြသည်။ ထိုနေရာသို့လည်း ကိုယ်တို့ ဘုရားဖူးအဖွဲ့မရောက်ခဲ့ရပါ။




ဗိမ္ဗိသာရမင်းကြီးအကျဉ်းချထားခံရသည့် အကျဉ်းထောင်

## ပထမသံဂါယနာတင်ရာ သတ္တပဏ္ဏိလိုဏ်ဂူ

ဘဏ္ဍာတိုက်၏နောက်ဘက် ၂ မိုင်ခန့်အကွာတွင် ပထမသံဂါယနာတင်သည့် ပိပ္ပလိကျောက်လိုဏ်ဂူရှိသည်ဟု လမ်းညွှန်က နှုတ်ထွက်စကားဖြင့်သာ ညွှန်းလေ၏။ ပြောဖော်ရသည်ပဲ တော်သေး၏ဟု တွေးလိုက်မိသည်။

ပိပ္ပလိဂူမှ အထက်ဆက် တက်သွားလျှင် ဝေဘာရတောင်ထိပ်မြေပြန့်သို့ ရောက်မည်။ ယင်းတွင် ဂျိန်းဘုရားကျောင်းနှင့် မဟာဒေဝဟိန္ဒူဘုရားကျောင်းရှိမည်။ ယင်းမှ မြောက်ဘက်အနည်းငယ်ဆင်းသွားလျှင် တောင်ခါးပန်း

www.burmeseclassic.com



ရာဇဂြိုဟ်မြို့မှ မြန်မာဘုန်းတော်ကြီးကျောင်း။

ရှိ သတ္တပဏ္ဏိလိုဏ်ဂူသို့ ရောက်မည်။ ကျိန်းဘာသာစာပေများတွင် ရောဟနိယဂူဟု ခေါ်၏။ ထိုဂူ၌ တရားတော်များကို ၇ လတိုင်တိုင် ရွတ်ဆိုကာ ပထမသင်္ဂါယနာတင်တော်မူခဲ့၏။ ထိုသဘာဝ ကျောက်လိုဏ်ဂူကို ကျိုးကန်းပါးစပ်ပုံဟန် ကျောက်ဖျာကြီးက မိုးထား၏။ ကျောက်ဖျာကြီးအောက်တွင် အတွင်းသို့ဝင်ရန် ပစောက်ပုံ ခွက်ဝင်နေသော လိုဏ်ခေါင်းပေါက် ၆ ခုရှိ၏။ စရည်းပင်ကြီးပေါက်ရာ ဖြစ်သော်လည်း ထိုအပင်ကြီးကား မရှိတော့။ လိုဏ်ဂူရှေ့ ဥပစာမြေကွက်လပ်မှာ ရှေ့ပိုင်း ၂၄ပေ၊ နောက်ပိုင်း ၁၂ပေ ကျယ်မည်။ ထိုမြေကွက်လပ်ပြိုကျသွားသဖြင့် ကျောက်နံရံအစားထိုးပြုလုပ်ထားရ၏။ လိုဏ်ဂူဝတွင် ရွှေမြင်တင်ဦးညိုက ဘုရားရုပ်ပွားတော်တစ်ဆူ ပင့်ဆောင်ပေးထားသည်။ ယင်းနေရာသို့လည်း ခရီးစဉ်မှ ပို့မပေးခဲ့သဖြင့် စာပေထဲပါသမျှသာ ကားစီးရင်း စိတ်မှန်းဖြင့် မြင်ကြည့်ရပါ၏။

xxx xxx

## သံဂါယနာတင်ခြင်းဟူသည်ကား

သံဂါယနာတင်ခြင်းမှာ သဘောတူရာ စုပေါင်းရွတ်ဆိုခြင်းဖြစ်၏။ ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို အရှည်တည်တံ့စေရန် ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်းပင်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး ၃ လ၊ ၄ ရက်အကြာတွင် အဇာတသတ်မင်း၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်မဟာကဿပအမှူးပြုသော ရှင်ဥပါလိ၊ ရှင်အာနန္ဒာတို့ ဦးဆောင်လျက် ရဟန္တာ ၅၀၀ တို့သည် ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်နံရံ၊ စရည်းပင်ရောက်ရာ သတ္တပဏ္ဏိလိုဏ်ဂူ၌ ပထမသင်္ဂါယနာတင်တော်မူခဲ့၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း ၁၀၀ ကြာသောအခါ၊ ဝေသာလီပြည်၊ ဝါလိကာရုံကျောင်းတော်၌ အရှင်မဟာယသအမှူးပြုသော ရဟန္တာမထေရ်ကြီးများသည် ဒုတိယသံဂါယနာတင်တော်မူခဲ့ကြသည်။

သာသနာနှစ် ၂၃၅ခုသို့ရောက်သောအခါ ပါဋလိပုတ်နေပြည်တော်၊ အသောကာရုံကျောင်းတော်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော ရဟန္တာမထေရ်ကြီးများသည် တတိယသင်္ဂါယနာတင်တော်မူခဲ့ကြသည်။

သာသနာနှစ် ၄၅၀ ခုသို့ ရောက်သောအခါ သီဟိုဠ်ကျွန်း၊ မာတုလမြို့အနီးရှိ အာလောကလိုဏ်ဂူ၌ ရဟန္တာမထေရ်ကြီးများ စည်းဝေးတော်မူကြ၍ ပေထက်အက္ခရာဖြင့် စတုတ္ထသင်္ဂါယနာတင်တော်မူကြသည်။

သာသနာနှစ် ၂၄၀၄ ခုတွင် မြန်မာနိုင်ငံ၊ ရတနာပုံ၊ မန္တလေးနေပြည်တော်၌ ပိဋကတ်သုံးပုံပါဠိတော်များကို ကျောက်ထက်အက္ခရာတင်၍ သာသနာနှစ် ၂၄၁၅ ခုတွင် မင်းတုန်းမင်းကြီး၏ မြေနန်းပြာသာဒ်တော်၌ သာသနာပြုဆရာတော်ကြီးများ ၆ လတိုင်တိုင် ပိဋကတ်သုံးပုံကို စုပေါင်းညီညာစွာ ရွတ်ဆို၍ ပဥ္စမသင်္ဂါယနာတင်တော်မူခဲ့ကြသည်။

သာသနာတော်နှစ် ၂၄၉၈ ခုတွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ၅ နိုင်ငံမှ သံဃာတော် ၂၅၀၀ တို့ စုဝေးကာ ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့ကြသည်။

## အဇာတသတ်မင်း၏ဓာတ်တော်တိုက် (သို့မဟုတ်) မဏိယာမတ်

ရာဇဂြိုဟ်မြို့ဟောင်းအတွင်း ကားလမ်းဘေး၊ ဆွန်ဘဏ္ဍာတိုက်၏ အရှေ့မြောက်ဘက်မနီးမဝေး၌ ဗုဒ္ဓဘာသာဝင်တို့အဆိုအရ မူလဓာတ်တော်တိုက်ရှိသော ၏။ ကျိန်းဘာသာဝင်တို့ကမူ မဏိယား ကျိန်းဘုရားကျောင်းဟု ပြောကြ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသော

www.burmeseclassic.com



ရာဇဂြိုဟ်မြန်မာဘုန်းတော်ကြီးကျောင်းမှ
ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်။

အခါ မလ္လာမင်းများက သူတို့နှင့်ထိုက်သဖြင့်သာ ကုသိနာရုံတွင် လာရောက်ပရိနိဗ္ဗာန်ဝင်ခြင်းဖြစ်သည်ဟု ဓာတ်တော်များကို မပေးချင်ခဲ့၊ အခြားမင်းများကလည်း လိုချင်ခဲ့၏။ နောက်ဆုံးတွင် ဓာတ်တော်တောင်းခံလာသော မင်းများကို တက္ကသိုလ်ပညာသင်စဉ်က ဆရာဖြစ်ခဲ့ဖူးသော ဩဇာတိက္ကမရှိသည့် ဒေါဏပုဏ္ဏားကြီးမှ ညီမျှစွာ ဝေပေးခဲ့ရသည်။

ရှင်မဟာကဿပမထေရ်ကြီးက အဇာတသတ်မင်း၏ နောက်၌ဆက်ခံလာမည့် မင်းတို့သည် သာသနာတော်ကို နှောင့်ယှက်ကြမည်။ ဓာတ်တော်တို့ကိုလည်း ဖျက်ဆီးကြမည်ဖြစ်ရာ ဓာတ်တော်တို့ကို သိမ်းဆည်းထားခဲ့ပါက အသောကမင်းကြီးသည် ထုတ်ယူပင့်ဆောင်ပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းအလုံး ပြန့်နှံ့အောင်ဆောင်ရွက်မည်ကို သိတော်မူ၏။ ထို့ကြောင့် ရှင်မဟာကဿပ အစီအစဉ်ဖြင့် ကုသိနာရုံပြည်၊ ပါဝါပြည်တို့၌ ပြန့်ကျဲနေသော ဓာတ်တော်မွေတော်များကို အဇာတသတ်မင်းကြီးက စုပေါင်းသိမ်းဆည်းခဲ့သည်။ ရာဇဂြိုဟ်မြို့ အရှေ့တောင်ထောင့်တွင် အတောင် ၈၀ နက်သောကျင်းကြီးကို တူးစေကာ ပျက်စီးဆောက်ကွယ်ခြင်းမဖြစ်စေရန် မြှုပ်နှံသိုဝှက်ထားခဲ့၏။ လျှို့ဝှက်ဓာတ်တော်တိုက်ကြီးတစ်ခုကို ဆောက်လုပ်စေခဲ့သည်။ ဓာတ်တော်တိုက်အကျယ်မှာ သီဟိုမဟာစေတီ၊ စစ်ကိုင်းကောင်းမှုတော်များတမျှရှိ၏။ အတောင် ၈၀ နက်သည်။ ထိုအပေါ်တွင် ကျောက်စေတီငယ်ကို တည်ထားကိုးကွယ်စေ၏။ ထိုတွင်းမှရရှိသော မြေများကို အုတ်ပြုလုပ်၍ ယင်းအနီးတွင် မဟာသာဝကကြီးများ၏ စေတီအများအပြားကိုလည်း တည်ဆောက်ထားခဲ့၏။

ပြည်သူများကိုမူ ဓာတ်တော် လျှို့ဝှက်မြှုပ်နှံရာဟု မသိစေဘဲ စေတီများတည်သည်ဟုသာ အသိပေးခဲ့၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း ၂၀၀ကျော်အကြာ သာသနာတော်နှစ် ၂၁၈ခု အသောကမင်းကြီးနန်းတက်သောအခါ ထိုအဇာတသတ်မင်း ဓာတ်တော်တိုက်ကို ရှာဖွေတွေ့ရှိကာ ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည်။ တတိယသင်္ဂါယနာတင်အပြီးတွင် ယင်းမှဓာတ်တော်များကိုယူပြီး ဝေငှကာ၊ မဇ္ဈိမဒေသအပြင် သီဟိုဠ်ကျွန်း၊ မြန်မာပြည်စသည့် နေရာအနှံ့အပြားတွင် စေတီပေါင်း ၈၄၀၀၀ တည်ဆောက်ရာ၌ ဌာပနာခဲ့သည်။

ထိုနေရာရှိ ပေ ၂၀ မြင့်သော အုတ်ခုံအပေါ်တွင် မူလက ဂျိန်းဘုရားကျောင်းတစ်ခုလည်း ရှိနေ၏။ ယင်းကို မထိခိုက်စေဘဲ ကျောက်စာဝန် ကန်နင်ဟန်က ၁၈၆၁ ခုနှစ်တွင် အနီးအပါးမှနေ၍ ၂၁ ပေ အနက်ထိ တူးဖော်ခဲ့၏။ ၁၉ ပေ အနက်တွင် လဲလျောင်းနေသော မယ်တော်မာယာပုံ၊ ဗုဒ္ဓဆင်းတုတစ်ဆူ၊ နဂါးခေါင်း ၇ ခုပါသော ဂျိန်းဘုရား ပါသနာထပုံတို့ကို ရရှိခဲ့သည်။ ၁၉၀၅ ခုနှစ်ဖြိုဖျက်တူးဖော်ရာတွင်မူ ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထားသော အုတ်ခုံကို တွေ့ရ၏။ ထိုရုပ်ကြွများမှာ အေဒီ ၅ ရာစုလက်ရာ ပန်းကုံးစွပ်ထားသော သျှီဝလိင်ပုံ၊ လက် ၄ ဖက်ရှိသည့် သရဖူဆောင်းထားသော ဗိဿနိုးပုံ၊ နဂါးထီး၊ နဂါးမ၊ ဂဏေသျှ-မဟာပိန္နဲပုံ၊ ကျားရေကိုဝတ်ပြီးကနေသော သျှီဝပုံများ ဖြစ်၏။ ထို့ပြင် နဂါးပူဇော်ရာတွင်သုံးသော အိုးကွဲများလည်း တွေ့ရသည်။ ထိုအိုးမျိုးကို ယခုခေတ်တိုင် ဘင်္ဂါလီနယ်တွင် နဂါးပူဇော်ရန်သုံးနေကြဆဲ။ ထို့ကြောင့် ယင်းနေရာကို ဂျိန်းတို့ကလည်း မဏိနဂါးမင်းပူဇော်ရာနတ်ကွန်း-မဏိယာမတ် ဂျိန်းဘုရားကျောင်းဟု အတည်ပြုသတ်မှတ်ကြ၏။

မဟာဘာရတကျမ်းတွင် ထိုမဏိနဂါးနှင့် ဆွာစတိကနဂါး(Sivastika-Swastica)တို့က ရန်သူများကို တိုက်ခိုက်ပေးပြီး၊ ပါဠိစာပေများတွင် မဏိမာလာနတ်က ရာဇဂြိုဟ်ကို စောင့်ရှောက်ထားကြောင်း ဖော်ပြထားသည်။

ထိုအဇာတသတ်မင်း ဓာတ်တော်

www.burmeseclassic.com

တိုက်ဆိုသည်ကိုလည်း အပြင်၊ ဘားစီး ရင်းဖြတ်သွားစဉ် အဝေးကြည့် ၁ ကြည့် လိုက်ရသည်။ ထဲထဲဝင်ဝင် မကြည့်ရှု မလေ့လာခဲ့ရပါ။

## သားချစ်–ဖခင်၏မေတ္တာနှင့် အဖသတ်သား၏ရက်စက်မှု

ထိုမဏိယာမတ်ကို ကျော်ဖြတ်ခဲ့ ကာ တောင်ဘက် ၆ ဖာလုံခန့်၊ ဇီဝက ဥယျာဉ်နှင့် မနီးမဝေး လမ်း၏ညာဘက် တွင် ကားရပ်လိုက်၏။ အတွင်းသို့ အနည်း ငယ်လျှောက်ဝင်သွားရာ ဗိမ္ဗိသာရမင်းကြီး ကို အကျဉ်းချထားရာ အကျဉ်းထောင် နေရာဟောင်းကိုတွေ့ရသည်။ ထိုနေရာ ကား ဂိဇ္ဈကုဋ်တောင်နှင့်လည်း မနီးမဝေး ဖြစ်၏။ မင်းကြီးက ဂိဇ္ဈကုဋ်တောင်ပေါ်ရှိ ဘုရားကျောင်းတော်ရာကို လှမ်းဖူးမြော် နိုင်သည့်နေရာတွင် အကျဉ်းချထားပေးရန် ကြို တင်ပြောကြားထားသောကြောင့် ဤနေရာတွင် ဆောက်လုပ်ပေးခြင်းဖြစ်၏ ဟု ဆိုကြသည်။

ထိုအကျဉ်းတိုက်နေရာ ပေ ၂၀၀ ပတ်လည်ကို ရှေးဟောင်းသုတေသန ဌာနမှ လေးထောင့်စပ်စပ် ကျောက်အုတ် ရိုးဖြင့် နံရံလေးဖက်ကာ၍ အသေအချာ ထိန်းသိမ်းထားသည်။ အကျဉ်းတိုက်ကို ကား ကျောက်တုံးများ အခိုင်အမာချကာ အကွက်ချထားသော ပန္နက်ပုံကိုသာမြင်ရ တော့၏။ တစ်နေရာတွင်မူ အောက်ပိုင်း သို့ဆင်း၍ ဝင်သွားလျှင်ရသော မြေ အောက်ခန်းကို မြင်ရသည်။ ထိုနေရာတွင် ၁၈၆၁ ခုနှစ်၊ ကျောက်စာဝန် မစ္စတာ ကန်နင်ဟန်တို့ တူးဖော်စဉ်က သံလက် ထိပ် သံခြေထိပ်၊ သံခြေကျဉ်းများကိုပင် တွေ့ခဲ့သည်။ ယင်းတို့ကို ဗြိတိသျှပြတိုက် များတွင် ပြသထားသည်ဟု သိရ၏။

ထိုအကျဉ်းစခန်းနေရာတွင် (ဗိမ္ဗိ သာရမင်းကြီးအကျဉ်းတိုက်´ထုထည်ကြီး မားသော ကျောက်ဖြင့်ပြုလုပ်ထားသည့် နံရံကြီးများ ရှိလျက်ရှိသော ဤနေရာ သည် အကျဉ်းတိုက်ဖြစ်ဖွယ်ရှိ၏။ ယင်း အကျဉ်းတိုက်၌ အဇာတသတ်ဘုရင် သည် သူ့ခမည်းတော် ဗိမ္ဗိသာရမင်းကြီး အား အကျဉ်းချထားပုံရသည်။ ဤ အကျဉ်းတိုက်အခန်းတစ်ခန်းမှ သံလက် ထိပ် တစ်ခုရရှိသည်)(Bimbisara-Jail: This structure has bcen identified with a jail of 5th century B.C. where King Bimbisara was kept in confinement by his son Ajatshatru. It consists of 200 MTR. Thick stone wall, each arm mearsuring about 60.00 MTRS with circular bastions at corners. During excavation an iron minacle was found from a cell which also supports its identification with a jail.)ဟု အပြာရောင် သံပြားကြီးတွင် အင်္ဂလိပ်၊ ဟိန္ဒူ နှစ်ဘာ သာစာလုံးဖြူများဖြင့် အညွှန်းစာတန်း ရေး ထိုးထားသည်ကိုလည်း မြင်တွေ့ခဲ့ရ၏။

အဖသတ်သားနှင့် အခါပေးဆရာ ရှင်ဒေဝဒတ်တို့ကို သတိရစရာဖြစ်၏။ ဗိမ္ဗိ သာရမင်းကြီးကား မိဘတို့၏သားသမီး အပေါ်ထားသော မေတ္တာတရားကြီးမားပုံ ကို သူမတူအောင် ပြခဲ့သူဖြစ်သည်။

အဇာတသတ်မင်းသားသည် မမွေး ဖွားမီကပင် ဖခင်ကိုသတ်မည့်ရန်သူ (အ+ ဇာတ+သတ္တု = မ+မွေးဖွားခြင်း +ရန်သူ = မမွေးဖွားမီကပင် ရန်သူ)ဖြစ်ခဲ့သည်။ ငယ်ငယ်ကပင် နားထောင်ခဲ့ဖူးသော ဆရာရွှေတိုင်ညွန့်၏“ဝိစိတြ”သီချင်းတွင် “အဇာတောယေဝ၊ ပိတုရညောသတ္တု၊ အဇာတောယေဝ–မမွေးဖွားမီက၊ ပိတု ရညော၊ အဖမင်းမြတ်၏သတ္တု၊ ရန်သူ မည်သတဲ့၊ အဖကိုသာသတ်မည့်သားလို့ ပုဏ္ဏားတော်များ ဟောကြားခဲ့တာ ...

ဖခင်ဘုရင်ကြီးမှာ မကြားလိုပါ ... မကြားလိုပါ”ဟု ပါရှိ၏။ ဗိမ္ဗိသာရမင်း သည် ပညာရှိအမတ်များက မမွေးဖွာ ကပင် ရန်သူဖြစ်ကြောင်း လျှောက်ထ သတိပေးသော်လည်း သားတော်ကို ဖြစ်အောင်မွေးခဲ့လေသည်။ သားတေ လေးငယ်စဉ်က လက်တွင်ခူနာပေါက် မသတီလောက်စရာ ဖြစ်သည့်တိုင် ပေါက်တာတောင် မျိုကာချရှာသည့် ကြီးလည်း ဖြစ်ပေ၏။ အရွယ်ရောက်ထ သောအခါ မင်းဖြစ်လို၍ ထိုအဖကိုသ လေ၏။ ထို့ပြင် မင်းမဖြစ်မီကပင် သူ တစ်ဦးပိုင် ပစ္စည်းများကို သိမ်းပိုက် ကြံစည်ထားရာ ဘုရင်ဖြစ်လာသောအ ထိုပစ္စည်းများကို သိမ်းယူ၏။ ထို့ပြ ပါဠလိရွာမှ အများပိုင်ပစ္စည်းများကိုလည် သိမ်းယူခဲ့သေးသည်။

မင်းကြီးက ချစ်မြတ်နိုးသဖြင့် သာ အားအလိုလိုက်ခဲ့သော်လည်း ထိုချ သောသားသည် သူ့ကို ဤထောင် အကျဉ်းချကာ သတ်ရက်လေသည်။ ဤ နေရာတွင် အဇာတသတ်သည် အဖအ အစာငတ်ရေငတ် ထားခဲ့၏။ မင်းကြီ သည် သားအပေါ် ချစ်ခြင်းမေတ္တာကြီး ထားလျက် သည်းခံနေထိုင်ခဲ့ပေမည် ဝေဒေဟီမိဖုရားကြီးက ခင်ပွန်းလင်မ ကြီးအား သားမသိစိမ့်သောငှာ အစာမျ ကို ခါးပိုက်ထဲမှာ၊ ဆံထုံးအတွင်းမှာ၊ ဖိန ခြေနင်းကြားမှာ၊ အမျိုးမျိုးသို့ဝှက်ကာ ကိုယ်တွင်လိမ်းကျံကာ ကျွေးမွေးပေးခဲ့လိ မည်။ ကိုယ့်စိတ်အာရုံထဲတွင်မူ ဝင်ဦ အဇာတသတ်အဖြစ် သရုပ်ဆောင်သော “ဗိမ္ဗိသာရ”ဇာတ်ကားထဲမှ ဗိမ္ဗိသာရမင် ကြီးအဖြစ် သရုပ်ဆောင်သော မောင်တ မောင်နှင့် ဝေဒေဟီအဖြစ် သရုပ်ဆော သောကြည်ကြည်ဌေးကို ပြန်လည် ယောင်နေမိသည်။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာ

www.burmeseclassic.com

ဘုရားအား အလွန်ကြည်ညိုသည်။ သူ့အားအကျဉ်းချထားစဉ်မှာပင် ထိုမြေအောက်ခန်းလေးမှ ဂိဇ္ဈကုဋ်တောင်ဖက်သို့ လှည့်ကာ ဘုရားရှင်ကိုလှမ်းပြီး ဖူးမြော်လေ့ရှိ၏။ ဂိဇ္ဈကုဋ်တောင်သည် အကျဉ်းခန်း၏ ရှေ့ဘက်တွင်ရှိရာ တောင်ပေါ်တွင် သီတင်းသုံးတော်မူနေသော ဘုရားရှင် အဆင်းအတက်လုပ်ရင်း၊ စကြ်ံလျှောက်နေသည့်အခါ သက်နီးတော်ကို ပယ်လှမ်းမြင်ရသည်။ မင်းကြီးလည်း အကျဉ်းခန်းသံတိုင်ပြတင်းပေါက်မှ လက်အုပ်ချီကာ ဘုရားရှင်ကို ပူဇော်ကန်တော့နိုင်ခဲ့၏။ ဘုရားကိုအာရုံပြုရင်းနေခဲ့သော ဗုဒ္ဓဂုဏာဘာဝနာပီတိကြောင့် အစာမစားရဘဲ အကျဉ်းခံနေရသော်လည်း ချည့်နဲ့မသွား။ ခွန်အားရှိပြီး ကျန်းမာစွာ အသက်ရှင်လျက်ရှိ၏။ အဇာတသတ်မင်းလည်း ခမည်းတော် စင်္ကြံလျှောက်ခွင့်ရသဖြင့် အသက်ရှည်နေသည်ဟုထင်ပြီး မလျှောက်နိုင်အောင် အာဏာပါးကွက်သားများအား ခင်ခြေဖဝါးကို ဓားဖြင့်မွှန်းကာ ဆားသိပ်၊ မီးကင်စေခဲ့လေ၏။

ဗိမ္ဗိသာရမင်းကြီးအမြင်ဖြင့် အကျဉ်းထောင်နေရာမှကြည့်ကြည့်ရာ အမှန်ပင် ဂိဇ္ဈကုဋ်တောင်ကို မြင်ရလေသည်။ မြတ်စွာဘုရား၏ သင်္ကန်းစလေးများကိုပင် မင်းကြီးမြင်ခဲ့ရသည်ဟု လမ်းညွှန်ဘုန်းတော်ကြီးက ပြောပြ၏။

## ဆရာတင်မှားလေသူ အဇာတသတ်မင်းကြီး

ထို့နောက် ကုန်ရှုံးတော့ တစ်ခေါက်၊ သင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်၊ ဆရာတင်မှားတော့ သံသရာတစ်လျှောက်လုံး ပြောင်းဆန်အောင် အနှောက်ခံရပြီး အမောက်ကမဖြစ်ခဲ့ရသော အဇာတသတ်ကိုပြလျက် တရားဟောသည်။ မိမိကိုး ကွယ်အားကိုးရာမှ ဘေးဖြစ်တတ်သည် (*ဇာတ် သရုပ်ဆောဘေယ်*)ဟု သတိချပ်လျက် အားကိုးရာအစစ်ကို တွေ့အောင်ရှာတတ်ဖို့လိုကြောင်း လက်တွေ့အမှားကြီးမှားခဲ့ရသော ထိုမင်းက နမူနာပြဆိုလျက် ရှိ၏။

မြတ်စွာဘုရား ကောသမ္ဗီပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် ဝေပုလ္လတောင်ခြေ၊ ယခုမြန်မာ ကျောင်းအနီးတွင် သီတင်းသုံးသည်။ အိပ်စက်ချိန်လေးမှတစ်ပါး ကျွတ်ထိုက်သူများကို မနားမနေလှည့်လည်တရား ဟောနေသည့် ဘုရားရှင်ကို ကြည်ညိုသူများလာရာ ဒေဝဒတ်က မနာလိုဖြစ်ကာ အနားယူဖို့တိုက်တွန်း၏။

မရသောအခါ ဒေဝဒတ်သည် အဇာတသတ်မင်းထံသွားကာ တန်ခိုးအမျိုးမျိုးဖန်ဆင်းပြပြီး သိမ်းသွင်းစည်းရုံးခဲ့သည်။ မြွေပတ်၍တန်ခိုးပြခြင်းကို မြင်ပြီးနောက် မင်းသည် အထင်တကြီးဖြင့် ဒေဝဒတ်ကို ဆရာတင်ဆည်းကပ်လေတော့၏။ အဇာတသတ်သည် အဖကိုသတ်ကာ မင်းအဖြစ်ရယူနိုင်သကဲ့သို့ သူကလည်း ဘုရားရှင်ကိုသတ်ကာ ဘုရားဖြစ်ဖို့ကြံစည်ခဲ့၏။ မသူတော်ဝါဒကို ယုံကြည်ကာ ဒေဝဒတ်ကျော့ကွင်း အတွင်းသက်ဆင်းမိရာ လွန်ကဲစွာကိုးကွယ်ရင်း အဇာတသတ်သည် ခမည်းတော်ကို သတ်မိခြင်း ပိတုဃာတကကံထိုက်ကာ အဖသတ်သားဘာဝ ရောက်ခဲ့ရ၏။

## စိဝက မကုနိုင်သည့် အဇာတသတ်မင်း၏ရောဂါ

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး ၈ နှစ် လောက်အလိုတွင် ဖြစ်သည်။

ဖခင်ကွယ်လွန်သည့်နေ့မှာပင် အဇာတသတ်မင်းတွင် သားငယ်ကိုဖွားမြင်သည်။ မိမိရင်မှဖြစ်သော သားတော်လေးအပေါ် ကြီးမားသောမေတ္တာစိတ် ဝင်မိသည်၌ မိဘမေတ္တာကို နားလည်သွား၏။ အဇာတသတ်လည်း ချစ်ခြင်းမေတ္တာကြောင့် ဗုဒ္ဓ၏တပည့် ရဟန္တာများကဲ့သို့ မြင့်မြတ်လာစေရန်သားကို ဥဒယဘဒ္ဒ (စိတ်ထားမြတ်သူ)ဟု အမည်ပင်ပေးခဲ့၏။ မင်းကြီးသည် ဖခင်ကိုသတ်မိခြင်းအား နှောင်းသောနောင်တ ကြီးစွာရလျက် အိပ်မပျော်သောရောဂါ စွဲကပ်လာသည်။ သူ့မျက်လုံးတို့ကို လှံချက်ပေါင်း အရာအထောင်တို့ဖြင့် ထိုးဆွသလို ခံစားနေရသည်။ ဘုရားရှင်ကိုသတ်ရန် ကြံစည်နှုံ သံဃာသင်းခွဲမှုများဖြင့် သူ့ဆရာ ဒေဝဒတ် မြေမျိုပြီဟု ကြားရသောအခါတွင်မူ ပူပန်ခြင်းကြီးစွာ ဖြစ်တော့၏။ အဖသတ်ခဲ့ခြင်းကြောင့် ပဉ္စာနန္တရိယကံကြီးထိုက်ကာ မြေမျိုလေဦးမည်လားဟု ကြောင့်ကြစိတ်၊ မိမိကိုလည်း သားတော်အဖိတက ပြန်သတ်လိမ့်မည်ဟု စိုးရိမ်စိတ်တို့ ဖြစ်လာ၏။ အလွန်ကြောက်လန့်ပြီး နေထိုင်မရဖြစ်လာ၏။ သို့ဖြင့် ထိုပရိဒေဝမီးကို ငြိမ်းအေးသွားစေရန် ဆရာဇီဝက၏ အကြံပြုချက်အရ၊ သူ့အကူအညီဖြင့် မင်းပရိသတ်၊ လူပရိသတ်များခြံရံကာ ဘုရားရှင်ရှိရာ သရက်ဥယျာဉ်သို့ အားကိုးတကြီး သွားရောက်တော့၏။ ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး၊ ညစ်မျိုးငါးဝ ကင်းစင်ပသည့် ကုမုဒြာကြာများပွင့်နေသော တန်ဆောင်မုန်းလပြည့်ည။

မြတ်စွာဘုရားသည် ထိုသရက်တောကျောင်း၌ မင်း၏ စိုးရိမ်ပူပန်မှုများကို ပြေပျောက်စေ၏။ သာသနာ့ဝန်ထမ်း ရဟန်းတော်များ သာသနာ့ဘောင်ဝင်ကာ ရဟန်းဖြစ်ရခြင်း၏ လက်တွေ့အကျိုး သံဃာအကျိုးပြ သာမညဖလသုတ်ဒေသနာတော်ကို ဟောကြားတော်မူခဲ့ကာ ချမ်း

www.burmeseclassic.com

သာခြင်း အကျိုးကျေးဇူးများကို ၁၁ ရှုစေသည်။ ထို့ပြင် မင်းကြီးသိလိုသေ ၁ မင်းခစားဘဝနှင့် မင်းပြစ်မင်းဒဏ်မှ လွတ်ကင်းခြင်းစသော အကျိုးတရား ၁၃ ပါးကိုလည်း ရှင်းပြ၏။ တရားဆုံးသော် မင်းကြီးလည်း အဖကိုသတ်မိသောအပြစ်ကို ဝန်ခံပြီး သရဏဂုံဆောက်တည်လျက် ဥပါသကာအဖြစ် ခံယူလေ၏။ စိတ်၏ မငြိမ်းချမ်းခြင်းသည်လည်း အေးငြိမ်းငြိမ်သက်သွား၏။ သို့ဖြင့် မင်းကြီးသည် ထိုညဉ့်၏လုပခြင်းကို (ရမဏီယာဝတ= မွေ့လျော်ဖွယ်ကောင်းသောညဉ့်။ အဘိရူပါဝတ=အလွန်လှသောညဉ့်။ ဒဿနီယာဝတ=ရှုဖွယ်ကောင်းသောညဉ့်။ ပါသာဒိကာဝတ= ကြည်လင်ရွှန်းပသောညဉ့်။ လက္ခဏာဝတ=မေ့မရနိုင်သော ညဉ့်ပါတကား)ဟု စကား ၅ ခွန်းဖြင့် ချီးကျူးလိုက်လေသည်။

## တရားထူးရရန် အပေါင်းအသင်းကောင်းရှိဖို့လို၏

အဇာတသတ်မင်း ကျောင်းတော်မှ ပြန်ကြွသွားသောအခါ မင်းအား ခေါ်ဆောင်လာပေးသော ဆရာဇီဝက၏ မိတ်ဆွေစစ်အဖြစ်ကို နမူနာပြလျက် ဘုရားရှင်က ရဟန်းတော်တို့အား တရားထူးရရန်အတွက် ကလျာဏမိတ္တ(မိတ်ဆွေကောင်း)အရေးကြီးပုံကို မိန့်တော်မူသည်။ ဤမင်းသည် မိမိကိုယ်ကို မိမိကိုယ်တိုင်ပင် ဖျက်ဆီးလိုက်သူဖြစ်၏။ အဖအား မသတ်မိခဲ့ပါလျှင် ဤနေရာတွင်ပင် သောတာပတ္တိဉာဏ်အမြင် ရနိုင်ရာ၏ဟုလည်း ဗုဒ္ဓကမိန့်ဆိုခဲ့သည်။

အဇာတသတ်သည် သောတာပန် မဖြစ်သွားသော်လည်း အကျိုးတော့ မနည်းပါ။ ပုထုဇဉ်များတွင် ဘုရားရှင်ကို အကြည်ညိုဆုံး ပုဂ္ဂိုလ်တစ်ဦးတော့ ဖြစ်သွားခဲ့ကာ၊ စားဝင် အိပ်ပျော်ဖြစ်သွားတော့သည်။ သို့သော် သူ့သားသည်လည်း ဖခင်အဇာတသတ်ကို သတ်ခဲ့ပြန်လေသည်။ သို့ဖြင့် ဖခင်ကိုသတ်ပြီး ဘုရင်ဖြစ်လာသူများသည် မင်းငါးဆက်တိုင်တိုင် အဆက်ဆက်ဓလေ့နှယ် ဖြစ်လာ၏။ အဖသတ်သားမျိုး အုပ်စိုးခဲ့သော ဖင်းဆိုးမင်းညစ်များ၏ နန်းသက်ကို ပဉ္စမမြောက် နာဂဒါသမင်းလက်ထက်တွင်မှ သိသုနာဂအမတ်ကြီးက အဆုံးစီရင်လိုက်နိုင်ခြင်းဖြင့် ပြည်သူများက တွန်းလှန်ပစ်နိုင်ခဲ့၏။ ဗိမ္ဗိသာရမင်းဆက် (အဇာတသတ်၊ ဥဒယဘဒ္ဒ၊ အနုရုဒ္ဓ၊ မုဏ္ဍိက၊ နာဂဒါသ)လည်း ပြတ်သွားလေတော့သည်။ ထူးခြားသော သာသနာပြုမင်းဖြစ်လာသဖြင့် အဇာတသတ်သည် ဖခင်အားသတ်မိခဲ့သည့်ကံကြောင့် အဝီစိငရဲသို့ကား မကျရောက်တော့ချေ။ သီလဝန္တပုဂ္ဂိုလ်များအား ပြစ်မှားနှိပ်စက်သတ်ဖြတ်သူတို့ခံရာ လောဟကုမ္ဘီငရဲသို့သာ ရောက်တော့မည်။ နောက်ထပ် ပါရမီထပ်ဖြည့်သဖြင့် လောဟကုမ္ဘီငရဲ၌(ယနေ့တိုင် နှစ်၆၀၀၀၀မျှ)ခံပြီး၍ လွတ်မြောက်လျှင် (ဝိဇိတာဝီ–ဘွဲ့အမည်ဖြင့်) ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်ဟု မြတ်စွာဘုရားက ဗျာဒိတ်ပေးခဲ့သည်။

## အဖသတ်မင်းအဖြစ်မှ သာသနာတော်ကို စောင့်ရှောက်သူမင်းအဖြစ်သို့

အဇာတသတ်မင်းသည် ဘုရားရှင်သာသနာတော်ကို ထိပါးနှောင့်ယှက်ခဲ့သာမှုများကိုလည်း နှိမ်နင်းဖယ်ရှားကာ ကာကွယ်စောင့်ရှောက်သူ သာသနာ့ဒါယကာကစ်ဦး ဖြစ်လာ၏။ မြတ်စွာဘုရားအားလည်း လွန်စွာ ချစ်ကြည်ညိုသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူကြောင်းကို လျှောက်တင်ပါက မင်းကြီးသည် အလွန် ချစ်သောစိတ်ကြောင့် နှလုံးကွဲမည်စိုး သဖြင့် မလျှောက်တင်မီ မှူးမတ်များက စတုမဓု ပြည့်ရွှေကျင်းအတွင်းသို့ ဖ ယာယ်ဖြင့် ဝင်စေခဲ့လေ၏။ ထိုသို့ လျှောက်တင်သည့်တိုင် မင်းကြီးသည် သည်းအူပြတ်မျှ တစ်ကိုယ်လုံးတုန်လှုပ် လျက် မိန်းမောမေ့မြောသွားသေး၏။ စိမ် ထားသော စတုမဓုတို့ပင် ကျိုက်ကျိုက် ဆူ၍ အငွေ့ခြောင်းခြောင်း ထွက်လေ သည်။ မင်းချင်းတို့လည်း မင်းကြီးအား ချီမ၍အခြား ရွှေကျင်းတစ်ခုသို့ပြောင်း သတိရ၍ တစ်ဖန်လျှောက်ပြန်သော် ရှေ့ နည်းတူ မေ့မြောပြန်၏။ အမှတ်တမဲ့များ ပရိနိဗ္ဗာန်စံဝင်ကြောင်းလျှောက်မိလျှင် မင်း ကြီးသည်နှလုံးကွဲ၍ပင် သေနိုင်လေ သည်။

အဇာတသတ်မင်းသည် ပထမ သင်္ဂါယနာတင်ရာတွင်လည်း အစစအရာ ရာတာဝန်ယူကာ အောင်မြင်အောင် ကြိုးပမ်းခဲ့သူ သာသနာပြု မင်းတစ်ပါး ပင်ဖြစ်၏။ အမှားလုပ်ခဲ့မိသည့်တိုင် အသိ တရားရချိန်တွင် ရသည့်အခိုက်မှစ၍ ပြု ပြင်ခြင်းသည်လည်း ကောင်းသောလုပ် ဆောင်ချက်တစ်ရပ်ပင် ဖြစ်ပါကြောင်း။

**ကိုအေးမြင့်**
**(မဟာဝိဇ္ဇာ၊ ရွှေ–သု)**



www.burmeseclassic.com

www.burmeseclassic.com

# သပြေကိုင်းလေး သုံးကိုင်း

## မြမျက်ရှင်

သင်္ကြန်ရက်တွေ ရောက်တော့မယ်ဆိုရင် ကျွန်မမှာ ဘယ်မှသွားဖို့ အဆင်မပြေတော့ဘူး။ ကားမောင်းသမားကို ခွင့်တစ်ပတ်ပေးလိုက်ရတာ ဖြစ်တဲ့အတွက်ပါ။ ကျွန်မတို့နေတဲ့ မင်္ဂလာဒုံဥယျာဉ်မြို့တော်ဆိုတာ ရွှေဥမင်တောရကျောင်းနဲ့ နီးပါတယ်။ အိမ်မှာ အားချိန်လေးရတိုင်း ကျောင်းကို ထွက်သွားလို့ရနေပါတယ်။ သည်နှစ်မှာတော့ ကားသမားက အိမ်ပိုင်းဝယ်ပြီး ပြောင်းသွားတော့ ကျွန်မတို့နဲ့ အလှမ်းဝေးသွားပါတယ်။ အရင်နှစ်တွေကတော့ ကျွန်မတို့အိမ်ဝင်းထဲမှာ နေတဲ့အတွက် အချိန်မရွေး ကောက်ထသွားလို့ ရနေပါတယ်။ အရင်နှစ်တွေက သင်္ကြန်ရက်မှာ နံနက် ၈ နာရီ ကျောင်းကိုရောက်သွားရင် သင်္ကြန်တွင်း ၁၀ ရက်စခန်းမှာ ဆရာတော်တစ်ပါးတစ်ပါးက တစ်နေ့တစ်ပါး တရားဟောတာ နာကြားရပါတယ်။ ပထမရက်က ယောဆရာတော်ကြီး။ ဒုတိယရက်က ဆရာတော်ဦးဆောကိန္ဒ ဟောပါတယ်။ ကျွန်မရောက်ပြီး ယောဂီတွေ စုပေါင်းတရားထိုင်မယ့်အဆောင်ကြီးမှာ ဆရာတော်ဆီမှ သီလခံယူပြီး တရားနာကြရတယ်။ တရားပြီးချိန်ဟာ ၁၀ နာရီပါ။ ဆွမ်းစားဆောင်မှာ ရဟန်း ယောဂီများ ဆွမ်းစားပြီးချိန်ဟာ ၁၁ နာရီပါ။ တရားထိုင်မယ့် အဆောင်မှာ စုပေါင်းထိုင်ကြပြီး ဦးဇောတိက(မဟာမြိုင်တောရ)ရဲ့ တရားတစ်ခွေ နာယူကြရပါတယ်။ ပြီးတာနဲ့ တရားထိုင်ကြပါတယ်။ တစ်နာရီမှာ တစ်ခါ ၁၅ မိနစ်နားချင်နား။ လမ်းလျှောက်ချင်လျှောက်ရပါတယ်။ ပြီးရင် တစ်နာရီဆက်ထိုင်ရပါတယ်။ ညနေ ၅ နာရီမှာ ပြီးလို့ ကျောင်းမှာနေ ယောဂီများက ကျောင်းမှာ ကျန်ခဲ့ပြီး ကျွန်မက အိမ်ပြန်ပါတယ်။ ပထမနှစ်မှာ အဆင်ပြေခဲ့ပေမယ့် နောက်နှစ်တွေမှာတော့ ကားမောင်းသမားကို သင်္ကြန်တွင်း ခွင့်ပေးလိုက်တဲ့အတွက် ကျောင်းမသွားရတော့ပါဘူး။ သင်္ကြန်တွင်းမှာ အိမ်က ဘုရားဆောင်ဝင်ပြီး ကျောင်းမှာနေတဲ့ ပုံစံအတိုင်းနေဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဓမ္မမိတ်ဆွေ ဦးပန်းကတော့ ကြားကာလအချိန်လေးတွေမှာ ပရိတ်ကြီး ၁၁ သုတ်ထဲက ရွတ်ချင်တဲ့ဆန္ဒရှိတဲ့ ပရိတ်တော်တွေကိုလည်း တစ်နာရီတော့ ရွတ်ပွားပေးပေါ့လို့ အကြံပြုပါတယ်။ တရားမှန်လို့ အချိန်ပြည့်သွားရင် လမ်းလျှောက်ပြီး ပရိတ်ရွတ်ပွားပူဇော်မယ်ဆိုပြီး ကိုယ့်အချိန်ကို ကိုယ်သတ်မှတ်ထားပါတယ်။ သင်္ကြန်မတိုင်ခင် နှစ်ရက်အလိုကတည်းက ဘုရားခန်းမှာ ရှိသမျှ ပန်းအိုးတွေအားလုံး သပြေငုတ်တွေပဲ တင်မယ်ဆိုပြီး ပန်းအိုး ၁၂ အိုးစာ သပြေငုတ်တွေ ဈေးထဲကဝယ်ပြီး တင်ထားပါတယ်။ နေ့ခင်းမှာ နေပူရှိန်ပြင်းလွန်းတော့ ကျွန်မ ဘုရားဆောင်ဝင်လို့ မှန်တံခါးတွေပိတ်ပြီးတာနဲ့ အဲယားကွန်း ဖွင့်ရတော့တာပဲ။ ကျွန်မကတော့ အဲယားကွန်းနဲ့ ဝေးရာမှာ ထိုင်ရပါတယ်။ သဘာဝမဟုတ်တဲ့ အအေးဓာတ်ကို ကျွန်မ မခံချင်ဘူး။ နံနက်ပိုင်း ၆ နာရီမှာ မြတ်စွာဘုရားနှင့် ရဟန္တာပုဂ္ဂိုလ်များကို ဆွမ်းကပ်၊ ဘုရားဝတ်တက်ပါတယ်။ တစ်ချိန်တည်း ဓမ္မစကြာ၊ ပဋ္ဌာနသုတ်တော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ပါတယ်။ နေ့ခင်း ၁၂ နာရီမှာတော့ မဟာဗောဓိမြိုင်၊ သို့မဟုတ် မဟာမြိုင်တောရ၊ သို့မဟုတ် ဓမ္မရံသီဆရာတော် ဦးဆောကိန္ဒ…ဆရာတော်တစ်ပါးပါးရဲ့ တရားခွေကို နာယူပါတယ်၊ တရားမှတ်ပါတယ်။ ပြီးရင် ဓမ္မစက္ကပဝတ္တနသုတ်တော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ပါတယ်။ ညပိုင်းမှာတော့ ၁၀ နာရီမှစလို့ ဓမ္မစကြာ သုံးကြိမ်ရွတ်ဆိုပူဇော်ပြီး ဘုရားဝတ်တက်တယ်။ ပြီးရင် တရားထိုင်ပါတယ်။ ည ၁၁ နာရီမှ

www.burmeseclassic.com

တော့ အိပ်ချိန်ပါ။ နှစ်ဆန်း ၁ ရက်နေ့မှာတော့ နံနက်ပိုင်း ဘုရားရုပ်ပွားတော်များကို အမွှေးနံ့သာနဲ့ ရေသပ္ပာယ်ပြီး…ညနေပိုင်း ၅ နာရီမှာတော့ ဘုန်းတော်ကြီးငါးပါးပင့်လို့ ဘုရားဆောင်မှာ ပရိတ်ရွတ်ပွဲ ကျင်းပပါတယ်။ ညပိုင်းမှာတော့ သင်္ကြန်အကြိုနေ့မှစလို့ နှစ်ဆန်း ၁ ရက်နေ့အထိ စုစုပေါင်း အလှူကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်၊ သီလကုသိုလ်တွေကို စုပေါင်းမေတ္တာပို့၊ အမျှဝေပြီး အိမ်မှာရှိတဲ့ သက်ကြီးဝါကြီးမိခင်ကို စုပေါင်းကန်တော့ကြပါတယ်။

နှစ်ဆန်း ၂ ရက်နေ့ နံနက်ပိုင်း ဆွမ်းတော်ကပ်ပြီး ဘုရားဆောင်ကထွက်လာတဲ့ ကျွန်မကို အိမ်က တူမလေးက -

"အန်တီ၊ ဘုရားပန်းအိုးတွေကို ကြည့်မိလားဟင်"

"ဘုရားဝတ်တက်ပြီးတာနဲ့ ထွက်လာလို့ မကြည့်ဖြစ်ဘူး မသိတာ။ ဘာဖြစ်လို့လဲ"

"လာ…လာ၊ သမီးပြစရာရှိလို့"

ဆိုပြီး တူမ မသီတာက ကျွန်မလက်ကိုဆွဲပြီး ဘုရားဆောင်ထဲ ပြန်ဝင်လာတယ်။ ဘုရားဆောင်ထဲရောက်တဲ့အခါ ကျွန်မတို့ ဘုရားပန်းအိုးတွေနဲ့ ရဟန္တာ၊ အဘဝိဇ္ဇာတွေ တင်ထားတဲ့ ပန်းအိုးရှေ့မှာ ရပ်ပြီး "အဲသည်ပန်းအိုးကို ကြည့်ပါဦး အန်တီ"ဆိုပြီး လက်ညှိုးထိုးပြတယ်။ ကျွန်မ ကြည့်လိုက်တဲ့အခါ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး ဓာတ်ပုံရှေ့က ပန်းအိုးထဲမှာ

"ဟုတ်ပါရဲ့၊ ဘယ်လိုဖြစ်လို့ သပြေပန်းရဲ့ ပင်မအကိုင်းကနေပြီး ကပ်ရက် သပြေပန်းကိုင်းသုံးကိုင်း ပွားပြီးထွက်နေတာပါလိမ့်"

လို့ ကျွန်မပြောလိုက်မိပါတော့တယ်။ သပြေကိုင်းအသစ်လေးတွေဟာ လက်မနှစ်ဆစ်စာ ရှေ့ထွက်ပြီး သပြေရွက်လေးတွေက အညိုနုရောင်လေးတွေ လန်းလန်းဆန်းဆန်းရှိလို့။ ထူးခြားတာက သပြေရွက်လေးတွေမှာ ရေမှုန်လေးတွေ ကပ်နေတာပါပဲ။

"သမီးက ပန်းအိုးရေလဲမလို့ မယူလိုက်တာ အဲသည်လို အကိုင်းအသစ်ထွက်နေတာ တွေ့ရတော့တာပဲ။ သမီးစဉ်းစားကြည့်တာ သင်္ကြန်အကြိုနေ့ကစပြီး တစ်နေ့ကို ဓမ္မစကြာကိုးခေါက် အန်တီရွတ်တယ်လေ။ နှစ်ဆန်း ၁ ရက်နေ့အထိဆိုတော့ ခေါက်ရေတွေ များမှများ။ သမီးတို့ချည်းပဲ ရှိတုန်းက ရိုးရိုးပဲ ဘုရားကန်တော့ဖြစ်တယ်။ ပရိတ်ခွေတွေပဲ ဖွင့်ဖြစ်တာ။ သမီးတို့ ရွတ်ချိန်မရဘူး။ ဓမ္မစကြာတရားတော်က တန်ခိုးကြီးတယ်လို့ သမီးရဲ့အဖေက ပြောပြဘူးတယ်။ သူတို့စစ်တပ်မှာနေတုန်းက စစ်တိုက်ထွက်သွားရင် တပ်ရင်းမိသားစုတွေ လချီပြီး ဓမ္မစကြာရွတ်ဆိုကြတာတဲ့။ တိုက်ပွဲဖြစ်ရင် ဒဏ်ရာရသူ မရှိကြဘူးတဲ့ အန်တီရဲ့။ အခုလည်း ဓမ္မစကြာတန်ခိုးကြောင့် သပြေပန်းကိုင်း အသစ်သုံးကိုင်း ထွက်လာတာပဲ ဖြစ်မှာပါ။ ပန်းအိုးတွေအများကြီးထဲက သည်တစ်အိုးတည်း ထူးထူးခြားခြားထွက်တာ။ ပန်းဝယ်တုန်းကလည်း ပန်းသည်က တစ်ဦးတည်း။ သူ့ပန်းထဲက ပန်းတွေချည်း

ပဲ ဝယ်တာ။ အကိုင်းသစ်ထွက်ရ
တခြားအိုးတွေထဲကလည်း ပြိုင်တ
ထွက်ရမှာပေါ့နော်။ ခုတော့ သည်တ
အိုးတည်း အသစ်ထွက်တာ တွေ
တယ်။ သပြေရွက်လေးတွေမှာ ရေ
မှုန်လေးတွေကပ်လို့၊ ဒါ…ဓမ္မစကြာ
ရွတ်ဆိုပူဇော်တဲ့ အကျိုးပဲလို့ သမီ
တွေးမိတာပဲ"

သီတာဆိုတဲ့ အိမ်အကူမိန်း
ကလေးဟာ ခြောက်တန်းအထိပဲ ပညာ
သင်ခဲ့ရတယ်။ ကျောင်းထွက်ကတည်း
က ကျွန်မတို့အိမ်မှာ မိသားစုလိုပဲ
အလုပ်တွေ ကူလုပ်ဖို့ ရောက်လာတာ
ခုဆိုရင် သူမအသက် ၂၇ နှစ်ထဲ
ရောက်နေပြီ။ သူမရဲ့အသိဉာဏ်မှာ
သည်လောက်လေးပဲ ရှိလို့ သည်လို
အဓိပ္ပာယ်ကောက်ပြီး ပြောသွားတာ
ဖြစ်တယ်။ ကျွန်မကတော့ မဟာစည်
ဆရာတော်ဘုရားကြီး ဟောကြားတော်
မူတဲ့ ဓမ္မစကြာတရားတော်ဆိုတဲ့ စာအုပ်
ကြီးကို ဖတ်ထားပြီးဖြစ်တဲ့အတွက်
ကြီးကျယ်မြင့်မြတ်တော်မူသော ဓမ္မ
စကြာတရားကြီးကို သေးနုတ်သော
လောကီရေးနှင့် ဆက်နွယ်ပြီး အဓိ
မရှာချင်မိပါဘူး။ သို့သော်လည်း သမာ
ရိုးကျမဟုတ်သောအကြောင်းက ကျွန်မ
ရှေ့မှာရှိတဲ့ပန်းအိုးထဲမှာတော့ ပင်စည်
အကိုင်းကြီးကနေ ကပ်ပြီး အကိုင်း
ငယ်သုံးကိုင်း အခက်အရွက် ဝေဝေ
ဆာဆာနှင့် အသစ်ထွက်ပေါ်နေပြီး
ရွက်နုလေးတွေမှာ ရေမှုန်လေးတွေ
ကပ်နေတာကိုပါ မြင်နေရပါတယ်။

ပြုံချက်ရှင်

www.burmeseclassic.com

www.burmeseclassic.com

ဘဝအမောစင်မယ့်

# ပွဲတော်ဝင်မြင်းသည်များ

ဦး ေ က ာ င် း ရှူး

### ရာရှင်ပေးတဲ့အတိုင်းပဲ

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။

ထိုသို့သော ကြာမြင့်ခဲ့သည့် တစ်ခုသောကာလ၌ လှေတော်ရွာ အနောက်ပိုင်းအား မားပြဝင်တိုက် သွားခဲ့သည်။ ထိုသတင်းသည် နောက် တစ်ရက်တွင် လှေတော်ရွာ လက်ဖက် ရည်ဆိုင်၊ အကြော်ဆိုင်တို့၌ ထိပ်တန်း သတင်းတစ်ပုဒ် ဖြစ်သွားခဲ့၏။

ဟိုနေရာမှာလည်း ဓားပြတိုက် သွားသည့်သတင်း၊ သည်နေရာမှာ လည်း ဓားပြတိုက်သွားသည့်သတင်း။

“ဓားပြတွေက အင်အားမနည်း ဘူးတဲ့မောင် ...။ မသကာ ဆယ် ယောက်အောက်လျော့မယ်မထင်ဘူး”

“ဒါပေမယ့်ကွာ ... နောက်ဆုံး တော့ တို့လှေတောသားတွေ စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြန်လည် တိုက်ပွဲဝင်လိုက်တော့ မင့်ဓားပြတွေ ဘာခံနိုင်မှာလဲ၊ လက်နက်ပစ်ပြီး ကိုယ် လွတ်ရုန်းပြေးတဲ့သူကပြေး၊ မပြေးနိုင် လို့ ဗိုင်းအခုတ်ခံရသူက ခံရနဲ့”

ဤတွင် စစ်သားလူထွက် လှေ တောသားတစ်ဦး ပြောလိုက်သည် ကား –

“ဟလိုလေး ... ဓားပြတွေကို ရွာသားတွေ တစ်ယောက်တစ်လက်



www.burmeseclassic.com

www.burmeseclassic.com

ဝင်ခုတ်ကြတာများ အတုံးတုံး အတစ်တစ်နဲ့ မားပြသားအတုံးတွေများ စစ်တပ်ထဲ ရာရှင်ပေးတဲ့အတိုင်းပဲ''

ဟူသတည်း။

□□□

## တာဝတိံသရောက် သိကြားမင်းအတိုင်း

သမဝါယမဆိုင်များ ကောင်းစားစဉ် ခေတ်အခါက ဖြစ်သည်။

သမဆိုင်၌ ရှားပါးကုန်ပစ္စည်းကလေးများ ခွဲတမ်းမလောက်၍ မဲနှိုက်မည်ဆိုလျှင် လူတွေကတရုန်းရုန်း။

ခုလည်း 'စွပ်ကျယ်ရောင်းမည်၊ မဲနှိုက်ရမည်' ဆိုသောသတင်းကြောင့် (စွပ်ကျယ်ရှားပါးသည့်ကာလဖြစ်သည့်အလျောက်) အိမ်ရှင်မများ သမဆိုင်ရှေ့တွင် အုံခဲနေကြလေ၏။ ဤတွင် လှတောသူတစ်ဦးက အသံကျယ်ကျယ်ဖြင့် –

''ဟလိုလေးတော် ... ဟောဒီ သမဝါယမဆိုင်မှာ စွပ်ကျယ်လာဖြစ်ရတာ တာဝတိံသာမှာ သိကြားမင်းဖြစ်ရတဲ့ အတိုင်းပါပဲလား''

ဟူ၍ အရောင်းစာရေးမများကြားအောင် ပြောလိုက်၏။ ဤတွင် အနီးရှိအမျိုးသမီးတစ်ဦးက ပင့်ပေးလိုက်လေ၏။

''နေစမ်းပါဦး။ စွပ်ကျယ်က စွပ်ကျယ်၊ သိကြားမင်းက သိကြားမင်း။ ဘာများဆိုင်လို့လဲ''

''ဆိုင်ပါသော်ကောတော် ... တာဝတိံသာနတ်ပြည်မှာ သိကြားမင်းက တစ်ပါးတည်း နတ်သမီးတွေက ရာနဲ့ချီ၊ ထောင်နဲ့ချီ။ သည်တော့ ဟိုနတ်သမီးကလည်း လိုချင်၊ သည်နတ်သမီးကလည်း လိုချင် ... ကိုင်း ... ဘယ့်ကလောက် အဝေမတည့်ဖြစ်လိုက်မလဲလို့''

စကားဆုံးလေသော် ရယ်သံများ တဝေါဝေါ ထွက်ပေါ်လာလေသတည်း။

□□□

## ပိုးမစားဘူးဆိုသော်လည်း

ခနိများ တင်ဆောင်လာသောကားတစ်စီးသည် လှတောရွာသို့ဝင်လာပြီး အိမ်တစ်အိမ်ရှေ့၌ ထိုးရပ်လိုက်လေ၏။ ထိုအခါ အိမ်ထဲ၌ လှတောသူမိန်းမကြီးတစ်ဦးထွက်လာပြီး–

''သည်တစ်ခါခနိတွေက ကောင်းရဲ့လား''

''ကောင်းလိုက်တာမှ ဒေါ်ကြီးရယ် ... ပြောဖို့တောင်မလိုပါဘူး။ ရေငန်ဝနေတာမို့ ပိုးစားမှာ မပူရဘူး။ တစ်ခါမိုးထားရင် ငါးနှစ်လောက်ကပြန်လို့တောင် လှည့်မကြည့်နဲ့၊ ဆွေးကို မဆွေးဘူး''

''တော်စမ်းပါဟယ် ... ဟုတ်မှလည်း ပြောပါ''

''အပိုမပြောပါဘူး ဒေါ်ကြီးရယ်။ ဒေါ်ကြီးရဲ့အိမ်ကို ကျွန်တော့်ခနိတွေမိုးသာထားစမ်းပါ၊ အဏုမြူဗုံး ပြုတ်ကျတာတောင် ပေါက်မသွားဘူး''

''အလိုလေ ... အပြောကတော့ ကောင်းမှကောင်း၊ မနှစ်ကသိပ်ကောင်း တယ်လို့ပြောတဲ့ မင်းရဲ့ခနိတွေလေ မိုးတောင်မှ မမိုးရသေးဘူး။ ပုံထားတာ၊ နုလွန်းလို့ ဆိတ်တွေစားသွားတာ ခနိတံတွေပဲကျန်တော့တယ်''

''ဟောဗျာ ...''

□□□

## စိဥ္စမာထာတောင် ပြုံးလိမ့်မယ်

လှတောသူတစ်ယောက် ကျွပ်ညပ်လွန်းလှသော ရထားကိုစီးမိသဖြင့် အကြီးအကျယ် စိတ်ညစ်ရပုံကို လက်ဖက်ရည်ကြမ်းဝိုင်း၌ ဖောက်သည်ချနေ၏။

''ငါ့နှယ်အေ ... သက်တမ်းတစ်လျှောက်လုံး သည်ရထားတစ်ခေါက်စီးမိပါမှ ငါးပါးကို မှောက်တော့တာပါပဲအေ ...''

''ဘယ်လိုများ တွေ့ကြုံခဲ့ရလို့လဲ အရီးရဲ့ ... လုပ်စမ်းပါဦး''

''ဖြစ်ပုံများတော့ ပြောမပြောချင်ပေါင်အေ။ ရထားတစ်စင်းလုံးဆိုတာ အပ်ချစရာတောင် မရှိဘူး။ သေးပေါက်ချင်တာတောင် ပေါက်လို့မရ။ မှောင်ခိုတွေကလည်း အိမ်သာကို အိမ်လုပ်ထားတာကလား။ သူတို့မှ နံနံစော်စော်ကို မရှုံ့မရှာတော်။ အချင်းချင်းရန်ဖြစ်တာကလည်း ကုလားသိုက်ထဲကျားဝင်ကိုက်သလိုပဲ။ ခေါင်မိုးပေါ်မှာကလည်း တစ်အုပ်တစ်မကြီး။ ငါ့နှယ့် ရထားပေါ်က ခုန်ချလို့များရရင် ခုန်ချပြီး ကုန်းကြောင်းတောင်ဆင်းလျှောက်ချင်စိတ် ပေါက်လာတယ်။ ဒုက္ခကြီးပုံများ အဝီစိငရဲမှာ စိဥ္စမာထာငရဲခံရတာ ငါ့အဖြစ်ကိုများ တွေ့မြင်ရရင် ပြုံးများပြုံးမလားဘဲ''

ဩော် ... လှတောသူတို့များ နှိုင်းစရာရှားလို့။

□□□

## အထင်တော် မသေးလိုက်ကြပါနဲ့

လှတောနှင့်ပတ်သက်၍ ကလေးတွေဆိုပြီး အထင်သေး၍ မဖြစ်ပါချေ။

www.burmeseclassic.com

လှတောရွာမှ လှတောဖခင်၊ လှတောမိခင်တို့မှ ဆင်းသက်ပြီး လှတောမြေမှာနေ လှတောရေကို သောက်ကြကုန်သော ကလေးများမှာလည်း လှတော၏ ဗီဇသွေးတွေက အပြည့်အဝ စိမ့်ဝင်နေလေသည်။ သူတို့တွေးခေါ် ထင်မြင်ပြောဆိုသမျှသည် လူကြီးတွေထက် မကျော်လျှင်သာ ရှိကောင်းရှိမည်။ လူကြီးတွေနှင့် တန်းတူအဆင့်လောက်ပင် ရှိပါသည်။ လူကြီးတွေပြောဆိုနေကြသော လှတောလေလောက်ကိုတော့ ပျင်းတောင်ပျင်းသေးတယ်ဟုဆိုကာ ထကကြပါလိမ့်မည်။

တစ်နေ့သ၌ လှတောရွာ၌တည်ဆောက်ထားသော ဆေးပေးခန်းရှိရာသို့ မြို့ပြမှ လူကြီးများ ကြည့်ရှုရန်ရောက်ချလာရာ ရွာခံလူကြီးများက လိုက်လံပို့ဆောင်ပေးကြလေ၏။ ထိုအခါတွင် ကလေးမင်းများကလည်း 'နေသာသပ လေညာက'ဟု မခံယူဘဲ 'ငါတို့ရွာက ဆေးခန်းကိစ္စ ငါတို့နဲ့လည်း ပတ်သက်သဟ'ဟူသော စိတ်ဓာတ်ဖြင့် ကလေးမင်းအချင်းချင်းလက်တို့မနေရဘဲ လူကြီးတွေနှင့် မလှမ်းမကမ်းနေ၍ မသိမသာ လိုက်ပါလာကြလေ၏။

ဆေးခန်းသို့ရောက်သော် တာဝန်ရှိလူကြီးတွေက ဆေးခန်းအားလိုက်လံကြည့်ရှုကြလေ၏။

ဤတွင် ကလေးမင်းများမှ တစ်ခန်းထကြလေပြီ။

"ဟလိုလေး ...လေး ... ဆေးခန်းသာဆိုတယ်၊ ဆေးရုံကြီးနဲ့ ဘာခြားလို့လဲ။ နာဠာဂီရိဆင်နဲ့ သူ့ဘော်ဒါတွေ မူးယစ်သောက်စားပြီး ရှေ့ကျွမ်း နောက်ကျွမ်း ထိုးလို့တောင်ရသဟေ့"

ဤသို့ ကလေးမင်းတစ်ယောက်က စ,ထောင်သည်ရှိသော် ကျန်တစ်ယောက်ကလည်း မနေပြီ။ လူကြီးတွေနား အရောက်ကြားအောင် စကားပေါက်ပေါက်ဖောက်ပါလေပြီ။

"အေးကွ ... ဒါပေမယ့် ဆေးခန်းကသာ ကျယ်ချင်တိုင်းကျယ်နေတာပါကွာ ... ဆေးဆိုလို့ လျက်ဆားတစ်ဖုံတောင် ရှိတာမဟုတ်ပါဘူး"

လူကြီးတွေ နားစွင့်ကြလေပြီ။

ကျန်သည့် ကလေးမင်းတစ်ယောက်ကလည်း ခေသူမဟုတ်ကြောင်း စကားသက်သေပြပါလေပြီ။

"ဆေးအတွက်တော့ မပူပါနဲ့ကွာ၊ သမားတော်ကြီးဇီဝကကို လက်ဖက်ရည်ဖိုးပေးပြီး ဆေးမြစ်သွားတူးခိုင်းနေပါပြီ"

လူကြီးတွေ ခေါင်းထောင်လာကြပြီ။

နောက်ကလေးမင်းတစ်ယောက်ကလည်း 'ငါကွ' ဟူသောမာန်ဖြင့်–

"ဒါတင်ဘာကဦးမှာလဲကွာ။ ဒီဆေးခန်းမှာ အမှုထမ်းမယ့် ဆရာဝန်တောင် ခုဆိုမူကြိုကျောင်းကို တက်နေပြီကွ" ...တဲ့။

ဤတွင် လှတောရွာလူကြီးများလည်း ဧည့်သည်တော်တို့အား မျက်နှာပူသည့်အတွက် ကလေးမင်းတို့အား မောင်းထုတ်လိုက်ရလေသတည်း။

◘◘◘

**မယားငယ်ကို လစာပေးတဲ့အတိုင်း**

တစ်ခေတ်တစ်ခါက ပွဲလမ်းသဘင်များ၌ ဘေးပတ်ပတ်လည်တွင် ရိုင်ပတ်ကြီးများ ကာရံပြီး ပိတ်ကားထောင်ရုပ်ရှင်ကို သက်သာသော ငွေကြေးနှုန်းထားနှင့် ပြသလေ့ရှိသည်။

ယခုလည်း လှတောရွာနှင့် မနီးမဝေးရှိ ရွာဘုရားပွဲတွင် သုံးကားပေါင်းမိုးအလင်း ပိတ်ကားထောင်ရုပ်ရှင်ကို အထက်ပါအတိုင်းလာ၍ ပြသသည်။ ဇာတ်ကားတွေက လှတောသားများအကြိုက်။ မင်းသားခင်မောင်ဖင်နှင့် ကြည်ကြည်ဌေးတို့ပါဝင်သည့် မပေဂသဓာ၊ ပြီးတော့ ပြည်တော်ချစ် ဇာတ်ကြမ်းမင်းသားကြီး ရွှေဘ၏ဇာတ်ကားက နှစ်ကားတိတိ။ သျှောင်ကြီးဗွေမောင်မောင်ရွှေနှင့် 'တောကဗိုးရှုပ်'ဆိုသည့် ဇာတ်ကား။ သည်တော့ ရွာခံများသာမက လှတောသားရုပ်ရှင်ဝါသနာအိုးများပါလာရောက် အားပေးပြီဆိုတော့ ရုံပြည့်ရုံလျှံ။

သို့ရာတွင် အဆိုပါ ဇာတ်ကားထုပ်(ဖလင်)များမှာ ဘယ့်ကလောက်တောင် ဖန်တစ်ရာတေအောင် ဖြစ်ခဲ့လေသည်မသိ။ ငါးမိနစ်လောက်ပြရသေး ... ထောက်ဆို ဖလင်က ပြတ်သွားသည်။ ပြန်ဆက်တာက ဆယ်မိနစ်လောက် ကြာသည်။

ဖလင်ပြတ်သည့်အခါ မီးကိုပြန်ဖွင့်ကာ ဖလင်ဆက်ရသည်။ ဆက်ပြီးပြီဆိုတော့မှ တစ်ရုံလုံး မီးပြန်မှိတ်ကာ ပြန်ပြရသည်။ ထိုသို့ ခဏခဏ ပြတ်လိုက်၊ ဆက်လိုက် လုပ်နေလေရာ လှတောသားတစ်ဦးမှာ သည်းမခံနိုင်တော့။ ထို့ကြောင့် –



www.burmeseclassic.com

www.burmeseclassic.com

"ဟမလေးလေး ... ၂ဘာကားကြည့်ချင်လို့လာခဲ့ပ ရုပ်ရှင်ရယ်၊ မင့်ဟာက နည်းနည်းပြလိုက်၊ ပြတ်သွားလိုက်၊ ပြန်ဆက်ပြီး နည်းနည်းလေးပြန်ပြလိုက်နဲ့ မယားငယ်ကို လစာပေးတဲ့ အတိုင်းပါပဲလား။

ဟူ၍ အော်ဟစ် ညည်းတွားလိုက်လေ၏။

□□□

## ကျုပ်မယားသာ ဆိုပါလျှင်

လူတောသားတစ်ယောက်သည် ငွေစကြေးစလေး ပိုလျှံသဖြင့် နွားမပေါက်ကလေးတစ်ကောင်အား သင့်တင့်သောဈေးဖြင့် ဝယ်ကာ နွားခြံတွင်း၌ သီးသန့်ထားမွေးမြူလေ၏။

နွားမပေါက်ကလေးက ထိပ်ကွက်အဖြူ၊ တစ်ကိုယ်လုံး အမွေးနီနီဖြင့် ကြည့်ရှု၍ကောင်းလှသည်။ ထို့ကြောင့်လည်း ဖြတ်သွားဖြတ်လာများက နွားမပေါက်ကလေးကို မြင်လျှင် ဝင်ရောက်ပွတ်သပ်ကာ ချီးမွမ်းခန်းဖွင့်လေ၏။ နွားမကလေးကား အယုအယကို နှစ်သက်သည်ထင့်။ မည်သူပဲ ပွတ်သပ်ပွတ်သပ် မျက်လုံးကလေး မှေးစင်းကာ ငြိမ်သက်နေလေ့ရှိစမြဲ။

"တောက် ... ချောလိုက်တဲ့ နွားမကလေးကွာ။ မျက်လုံးကလေးတွေဆိုရင် အနောဝတတ် ရေအိုင်အတိုင်းပဲ။ ကြည်လဲ့နေလိုက်တာ"

ဟူ၍ ခရီးသွားဟန်လွဲ ချီးမွမ်းသူရှိသလို ရေနွေးကြမ်းသောက်ရင်းလည်း –

"ဟာ ... ကိုရင့်နွားမကလေး လှချက်ကတော့ဗျာ ... နွားလားဥသဘဖတို့နဲ့မှ လိုက်ဖက်မယ့်အလှ"

ဟုပြောဆိုရင်း ပွတ်သပ်ပေးပြန်၏။ နွားမကလေးလည်း မှိန်းနေ၏။

ဤတွင် နွားရှင်လည်း မနေသာတော့။

"ဟလိုလေး ... နွားမဖြစ်လို့ပေါ့ကွာ၊ ကျုပ်မယားသာဆိုရင် အပြောကောင်း၊ အယုယကောင်းတဲ့ လင်ငယ်နောက် လိုက်သွားတာကြာပြီ"

ဟူ၍ ပေါပေါဒိုင်းဒိုင်းကြီး ပြောချလိုက်လေသတည်း။

□□□

## ဖားဖိုကြီးလိုပါပဲလား

လူတောရွာသား ဝက်ကုန်သည် ဦးခွန်းထစ်တစ်ယောက် သူ့တူမောင်ပိန်နှင့်အတူ မန္တလေးဘုရားဖူးထွက်ခဲ့၏။ မန္တလေး၌ ရွာခံ ဦးပဥ္စင်းတစ်ပါး၏ ကျောင်း၌ တည်းခိုခဲ့၏။ နှစ်ပတ်ခန့်ထိတည်းခိုပြီး ပြန်မည်ပြုသော် ခင်မင်မှုသံယောဇဉ်ကြောင့် ဦးပဥ္စင်းခမျာ ပုထုဇဉ်ရဟန်းပီပီ မျက်နှာမကောင်းတော့။

ဤတွင် ဦးခွန်းထစ်ခမျာမှာလည်း မျက်နှာကြီးနီရဲလာပြီး ရှိုက်သံတသဲ့သဲ့ဖြင့် ဝက်ကြီးအီသလိုမျိုး ငိုပါလေတော့၏။ ထိုမြင်ကွင်းကို ကြည့်၍ စိတ်မသက်မသာဖြစ်ရသူမှာ သူ့တူတော်မောင် မောင်ပိန်ပင် ဖြစ်ချေ၏။

"ဦးလေးရာ ... ငိုမှုဖြင့်လည်း ပြောင်ဖွင့်ပြီး ငိုချလိုက်ပါလား။ ခုတော့ ဦးလေးဟာက ဗိုက်ကြီးက ပြားချပ်သွားလိုက်၊ ပြီးတော့ ဖောင်းကားလာလိုက်နဲ့၊ ဦးလေးကိုကြည့်ရတာ ပန်းထိမ်ဆိုင်က ဖားဖိုကြီးအတိုင်း ... ပိန်လိုက်ဖားလိုက်နဲ့ မြင်ရသူ စိတ်မသက်သာတော့ဘူးဗျာ"

ထိုစကားကိုကြားရတော့ ဦးပဥ္စင်းခမျာလည်း မျက်နှာညိုနေရာမှ ပြန်လည် ကြည့်ရှင်သွားလေသတည်း။

□□□

## လူရိုင်းတွေကို ခေါ်သွားချင်တယ်

လူတောသားတစ်ယောက် ရန်ကုန်သို့ရောက်ခိုက် မိတ်ဆွေရန်ကုန်သားက သမ္မတရုံ၌တင်နေသော လူရိုင်းဇာတ်ကားကို ပြသရန် ခေါ်သွားလေ၏။

ရုပ်ရှင်ရုံသို့ရောက်သော် ဦးဇွာရုံ တင်ပိုစတာကြီးကို ငေးမော့ကြည့်၍ကြလေ၏။ ရန်ကုန်သားက –

"တော်တော်ကြမ်းတဲ့ကားဗျ ရုံတင်တာနဲ့ကြုံလို့ ကြည့်ခွင့်ရတာ သည်ကားထဲမှာ သွေးသံရဲရဲနဲ့ အသတ်အဖြတ်တွေက တင်းကြမ်းပဲ မြားပစ်တာ၊ လှံပစ်တာများ တကယ်ကို လက်ဖြောင့်တာ"

ဟူ၍ ဇာတ်ကားကောင်းကြောင်း ချီးမွမ်းခန်းဖွင့်၏။

ဤတွင် လူတောသားလည်း –

"အလိုလေး .. လေး၊ အဲသည်ထဲက လူရိုင်းတွေ ကျုပ်တို့ဆီခေါ်ရရင် ခေါ်သွားချင်သဗျာ။ ဟိုရောက်တာနဲ့ သူတို့ကို အမဲလိုက်ခိုင်းရ ကျုပ်တို့လူတောတစ်ရွာလုံး ဟင်းစား ဘယ်တော့မှ မပြတ်တော့ဘူး"


ဟု ဆိုလိုက်လေသတည်း။

ဦးကောင်းထူ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မြိုင်သာယာမှ အရှေ့နှင့်အနောက်

■ ဘိုဘို(ရွှေကံကူ)

ဤဇာတ်လမ်းဖြစ်ပေါ်ခဲ့သော အချိန်ကာလသည်ကား လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် ၁၉၆၀ ခုနှစ်ဝန်းကျင်က ဖြစ်ပါသည်။ ထိုအချိန်၌ မြေပြန့်ဒေသ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြည်တွင်းရောင်စုံသောင်းကျန်းသူတို့ ချုပ်ငြိမ်းသွား၍ နယ်မြေဒေသများ အေးချမ်းနေပြီ ဖြစ်သော်လည်း ဖဆပလအစိုးရသည် ပြည်တွင်းငြိမ်းချမ်းရေးကို ဆောင်ရွက်နေရချိန်ဖြစ်၍ တိုင်းပြည်စီးပွားရေး တိုးတက်နိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေး ပညာရေး ကျန်းမာရေး အစရှိသည်တို့ကို ထိရောက်စွာ မဆောင်ရွက်နိုင်သေးသော အချိန် နိုင်ငံအတွင်း၌ ပြည်သူတို့၏ ဘဝလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုသာ အလေးပေးရွက်ဆောင်နေရသော အချိန်ကာလဖြစ်ပါသည်။

ကျွန်တော်၏ ဇာတိ မြိုင်သာယာသည်ကား ထိုစဉ်က စစ်ကိုင်းတိုင်း၊ စစ်ကိုင်းခရိုင်၊ ငါန်းဇွန်မြို့နယ်အတွင်း၌ တည်ရှိခဲ့၍ တပ်မတော်အစိုးရလက်ထက်တွင် ပထဝီအနေအထားနှင့် လမ်းပန်းအနေအထားကို မူတည်၍ ငါန်းဇွန်တစ်မြို့နယ်လုံးလိုပါ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်အတွင်းသို့ ရွှေ့ပြောင်းသွတ်သွင်းခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်တို့၏ စာသင်ကျောင်းမှာ ယခုမြိုင်သာယာ စနေ နွားပွဲဈေးနေရာရှိ ကွက်လပ်ကြီးတွင် ဖြစ်ပါသည်။ ကျောင်းသားတစ်ယောက်လျှင် ကျောင်းလခမှာ ဆန်တစ်ပြည်၊ ငွေတစ်မတ်နှုန်းဖြစ်ပါ၏။ ထိုခေတ်ထိုအခါက ထိုမျှသော ပမာဏကိုပင် တတ်နိုင်သူနည်းပါးခြင်းကြောင့် ထိုကျောင်းတွင် စတုတ္ထတန်းအထိ ကျောင်းသားကျောင်းသူ စုစုပေါင်းမှာ ၃၀ မျှပင် မပြည့်တတ်ပါ။

သူငယ်ချင်းများအားလုံးကို မှတ်မိနေပါသေးသည်။ ကျွန်တော်အပါအဝင် ယောက်ျားလေးငါးဦးမှာ နာနီ(ကျော်သန်း)၊ မဂ္ဂဒူး(ကျော်မောင်)၊ မူးသွတ်(သောင်းစိန်)၊ ငွ(လှမြင့်)တို့ဖြစ်၍ မိန်းကလေးနှစ်ဦးမှာ အမာတင်နှင့် မစန်းတို့ ဖြစ်ပါသည်။ ကျွန်တော်တို့ သူငယ်ချင်းများအားလုံးသည် တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုမောင်နှမအရင်းများသဖွယ် ချစ်ချစ်ခင်ခင်နေထိုင်ကြပါသည်။ ပျော်စရာကောင်းလှပါသည်။

ကျွန်တော်တို့ အတန်းများအားလုံးကို ဆရာကြီးသိန်းတစ်ဦးတည်းမှ သင်ကြားပေးပါသည်။ ဆရာကြီးသိန်းသည် ဆေးတံအိုကြီးကို အမြဲဖွာလျက် မြေကရားအိုကြီးအနီးတွင် ချထားပြီး စာသင်လေ့ရှိပါသည်။ ဆရာကြီးကတော် ဒေါ်ရှင်မှာလည်း ဆောင်းရာသီမှလွဲ၍ ဖျင်လုံချည်အမည်းကြီးကို အမြဲရင်လျားလျက် ကွမ်းများအစဉ်အမြဲလျက် ဝါးခြမ်းပြားတစ်ချောင်းဖြင့် အတန်းထဲတွင် ပတ်လျက်ရှိပါ၏။ ကျွန်တော်တို့ အိပ်ငိုက်လျှင် စကားများနေလျှင် ကျွန်တော်တို့နောက်မှ ကြမ်းပြင်ကို ဖြန်းခနဲ ချလိုက်လျှင် ကျွန်တော်တို့ လန့်ဖျပ်၍သွားကြရပါသည်။

ကျွန်တော်တို့သည် ဆရာကတော် ရောင်းချသော ညောင်စေး၊ သဘော်သီးသုပ်တို့ကိုသာ ဝယ်စားကြရပါသည်။ ငါးပြားဖိုးဆိုလျှင် အများကြီးရရှိပါသည်။ ကျွန်တော်တို့သည် ထိုငါးပြားဖိုးနှင့်ပင် အဆာပြေ၍ ဗိုက်ဝပါသည်။ ရံဖန်ရံခါ မိန်းကလေးများနှင့်ရော၍ ထုပ်ဆီးတိုးတမ်း၊ ခြေထောက်များဆင့်၍ အမြင့်ခုန်တမ်း၊ လိပ်ဥဝှက်တမ်းများ ပျော်ရွှင်စွာ ကစားလေ့ရှိကြပါသည်။ တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်သည်ဟူ၍ မရှိ■



www.burmeseclassic.com

www.burmeseclassic.com

ချစ်ချစ်ခင်ခင်ပင် နေထိုင်ခဲ့ကြ ၁ည်။

ကျွန်တော်တို့ မြို့သာယာသည် တစ်ရွာတည်း မဟုတ်ပါ။ နှစ်ရွာ ဖြစ်ပါသည်။ ဤနေရာဒေသသည် မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သည့်အပြင် ကုန်းကမူများ၊ တောတောင်လျှိုမြောင်များ၊ ခင်တန်းများ ပေါ်များလှပြီး စမ်းချောင်းများပါ ပေါ်များလှပါသည်။ ကျွန်တော်တို့ အရှေ့မြို့သာယာသည် ကုန်းမြင့်ထက်တွင် တည်ရှိ၍ အနောက်မြို့သာယာသည် အောက်ချိုင့်လွင်ပြင်တွင် ရှိပါသည်။ ရွာနှစ်ရွာအကြား၌ အကျယ်ပေ ၃၀ ခန့်ရှိ မိုးစပ်တောင်ချောင်းကလေး ရစ်ခွေစီးဆင်းလျက်ရှိပါသည်။ ရေအနက်မှာ ဒူးဆစ်ခန့်သာ ရှိပါသည်။

နှစ်ရွာပေါင်းမှ ဤတစ်ကျောင်းသာရှိ၍ ထိုကျောင်းသား၊ ကျောင်းသူများတွင် အနောက်မြို့သာယာရွာသူ၊ ရွာသားများ ပါဝင်လျက်ရှိပါသည်။

ဤသို့ဖြင့် ကျွန်တော်တို့ ဒုတိယတန်းနှစ်သို့ ရောက်ရှိလာပါသည်။ ထိုနှစ်တွင် အနောက်မြို့သာယာသို့ ထူးဆန်းသော လူတစ်ဦးရောက်ရှိလာပါသည်။ ကိုလူဟု အမည်ရပြီး မျက်နှာပြားပြား၊ ကိုယ်ထည်တောင့်တောင့်၊ အသားဖြူဖြူ၊ နှုတ်ခမ်းမွေးစစနှင့် ကိုလူသည် အနေအထိုင်အေးဆေး၍ စကားပြောကောင်းလှကာ ဗဟုသုတပြည့်စုံကြွယ်ဝကာ ကမ္ဘာ့နိုင်ငံများအကြောင်းကို များစွာပြောနိုင်သူ ဖြစ်၏။ ဘယ်အရပ်၊ ဘယ်ဒေသက ဘယ်လိုဘယ်အကြောင်းနှင့် ရောက်ရှိလာသည်ဟုလည်း မသိရ။ အနောက်မြို့သာယာသို့ အသိအကျွမ်းမရှိဘဲ ဝတ္တုဆန်ဆန် ရောက်ရှိလာ၍ ဘုန်းတော်ကြီးကျောင်းတွင် တည်းခိုနေထိုင်ပါသည်။ ကိုလူ၏ အားနည်းချက်မှာ အရက်ကို နှစ်မြိုက်စွဲလမ်းခြင်းဖြစ်၍ ရွာထဲမှ ဒေါ်ဖွားအိ၏ အရက်ဖိုသို့ နေ့စဉ်အရက်သောက်သွားလေ့ ရှိပါသည်။ ကြာသော် ဒေါ်ဖွားအိ၏သမီး မနီနှင့် အကြောင်းပါသွားပါတော့သည်။ မနီသည် အရပ်ဆိုး၊ အကျည်းတန်၊ အသားမည်းမည်း၊ ဆံပင်ကျဲကျဲ၊ သွားခေါခေါ၊ ပြားချပ်ချပ်၊ ပိန်ရှည်ရှည် ဖြစ်ပါသည်။ မနီနှင့် ကိုလူ ညားသောအခါ အချို့မိန်းကလေးများက မနာလိုသဖြင့် ကိုလူနှင့် မတူဘူး၊ မတန်ဘူးဟု ပြောကြပါသေး၏။ အချို့လူကြီးများကတော့ ကိုလူဟာ သူ့ဘဝရပ်တည်ချက်အတွက် မနီကို ယူလိုက်ခြင်းဖြစ်သည်ဟု ပြောကြပါသည်။

အချို့ကလည်း ကိုလူသည် ဘဝနာကြည်းချက် တစ်ခုခုကြောင့်လည်းကောင်း၊ နိုင်ငံရေးနှင့် လူမှုရေးပြဿနာတစ်ခုခုအတွက်လည်းကောင်း ၎င်း၏ ဇာတိမြို့ရွာကို စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်လာပြီး တောခေါင် ချောင်ကျ၍ မည်သည့်မြို့ကြီးပြကြီးများနှင့်မှ ကူးလူးဆက်ဆံမှု မရှိသော ဤမြို့သာယာသို့ လာရောက်ဇာတ်မြှုပ်နေထိုင်ခြင်း ဖြစ်သည်ဟု ထင်ကြေးပေးကြပါသည်။

ကိုလူကမူ ခပ်အေးအေး၊ ခပ်ပြုံးပြုံးပင်။ အရက်သောက်နိုင်သော်လည်း မူးသည်ဟူ၍ မရှိ။ လူတိုင်းကို ယဉ်ကျေးဖော်ရွေစွာပင် ဆက်ဆံပါသည်။ မနီနှင့် အိမ်ထောင်မကျမီ ဘုန်းတော်ကြီးကျောင်းသို့ရောက်စမှာပင် ဘုန်းတော်ကြီးကျောင်းမှ ကိုရင်များ၊ ကျောင်းသားများ၊ ရွာထဲမှ ကလေးများကို အင်္ဂလိပ်စာ၊ သင်္ချာ၊ မြန်မာစာတို့ကို အခမဲ့ သင်ကြားပြသပေးခဲ့ပါသည်။ ကလေး၏ စရိုက်ကိုလိုက်၍ ဆွဲဆောင်သင်ကြား ပြသပေးသဖြင့် ကလေးများသည် ကျောင်းပျော်၍ စာတတ်ကြပါသည်။ ထိုအခါ ကိုလူအမည်ပျောက်၍ ဆရာလူဟူသော အမည်ရောက်ရှိလာပါသည်။

မနီနှင့် အိမ်ထောင်ကျပြီးသည့်နောက်တွင် ရွာအရှေ့ဘက်ချောင်းစောင်းတွင် တဲကြီးထိုး၍ နေထိုင်ပါသည်။ ကိုလူသည်လည်း အိမ်ထောင်သည်ဖြစ်သွားပြီဖြစ်၍ ကျောင်းသားတစ်ယောက်လျှင် တစ်လ ဆန်တစ်ပြည်၊ ငွေတစ်မတ်နှုန်းဖြင့်ပင် လက်ခံ၍ သင်ကြားပေးပါသည်။ လူတိုင်းကလည်း ဆရာလူဟု ပြောင်းလဲခေါ်ဝေါ်၍လာကြပြီ ဖြစ်ပါသည်။

ချောင်းစောင်းတွင် အိမ်ဆောက်မည်ဟု ပြင်ဆင်လျက်ရှိစဉ် ရွာထဲမှ လူများက "ဆရာလူ၊ ကျုပ်တို့အိမ်ဝိုင်းတွေ ကျယ်ပါတယ်။ လာဆောက်လှည့်ပါ။ ဒီ နေရာက ချောင်းရေလာရင် စိတ်မချရ ဘူး"ဟု ဆိုကြ၍ "အဲဒီအတွက် မပူကြ ပါနှင့်။ ကျုပ်မှာ နည်းလမ်းရှိပါတယ် ချောင်းရေကို မကြောက်ရပါဘူး။ ဒီရွာ မှာ ဒီထက်ကောင်းတဲ့နေရာ မရှိဘူး။ ဒီ နေရာက လေကောင်းလေသန့်ရတယ် ရေလည်းနီးတယ်၊ ဒီထက်အဆင်ပြေတာ ဘယ်နေရာရှိမှာလဲ။ ကြက်မွေးလို့လည်းရ တယ်၊ ဘဲမွေးလို့လည်းရတယ်"ဟု ပြန် လည်ဖြေကြားလျှင် ဆရာလူအား ဘာမှ ထပ်၍မပြောကြတော့သော်လည်း ကွယ် ရာတွင်မူ "ဆရာလူက ဒီချောင်းအကြောင် မသိသေးလို့ ပေါ့သေးသေးထင်နေတာ မိုးရာသီရောက်ရင် သိပါလိမ့်မယ်။ မိုးစပ် တောင်မှာ မိုးညို့လို့ကတော့ ချောင်းထဲ မြင်းဖြတ်ပြေးတောင် မလွတ်ဘူး။ ချောင်း ရေစီးကြောင်းက တစ်နှစ်တစ်ခါ ပြောင်း နေတာ။ ဆရာလူတဲကြီးတော့ ဘယ်နေ့ ချောင်းရေထဲ ပါသွားတယ် ကြားရမလား ပေါ့"ဟု အချင်းချင်း အပြန်အလှန်ပြော ကြပါသည်။

ဆရာလူသည် ၎င်း၏နေအိမ် အထက် ချောင်းကွေ့မှစ၍ ၎င်း၏နေအိ အောက်ဘက်နားအထိ ကျူပင်များ ချောင်းစပ်တစ်လျှောက် လိုက်၍စိုက် သည်။ ရေစပ်ဖြစ်၍ ကျူပင်များမှာ ထွန်းကြီးထွားလွယ်လှရာ မိုးရာသီမ မီမှာပင် ကျူရုံကြီး ဖြစ်လာပါသည်။

ထိုနှစ်က မိုးရာသီချောင်းရေ

www.burmeseclassic.com

ဒါပေမယ့် တကယ့်အမည်ရင်းကတော့ မြစိမ်းရှင်နဲ့ မြစိမ်းထွေးပါ"

"ဩော် မြစိမ်းညီအစ်မကိုး"

ဦးလေးက သည်နာမည်ကြားသောအခါ ကောင်းစွာသဘောပေါက်သွားခဲ့ပြီ။

"ဒါနဲ့ တူမတို့က ဘယ်မှာနေတာလဲ။ နေရပ်ကို ဘယ်လိုရေးရမလဲ"

"ကျွန်မတို့ ပေါက်တောမှာပဲနေတာပါ။ ဒီနေ့မှာ ကိစ္စလေးရှိလို့ ကျွန်မတို့ ခွင့်ပြုပါဦး။ နောက်နေ့မှာလည်း ကျွန်မလာနိုင်မှာ မဟုတ်ဘူး။ ဆရာတို့ပဲ အုတ်တွေဆက်တူးပါ"

"ကောင်းပါပြီ"

နောက်တစ်နေ့တွင် သူမပြောသောနေရာ၌ အုတ်များကို ဆက်တူးရာ အုတ်သုံးသောင်းကျော် ရရှိခဲ့ပါသည်။ ထိုအုတ်ချပ်များ၏ ထူးခြားချက်မှာ မြေကြီးထဲမှ တူးဖော်ရရှိသော်လည်း ညစ်ပေနေခြင်း၊ ရေညှိတွယ်နေခြင်း၊ ကျိုးပဲ့နေခြင်း အလျှင်းမရှိဘဲ သန့်ရှင်းသော အုတ်ကောင်းများကိုသာ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

တချို့ကမူ . . ယင်းနေရာမှာ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်များ အသုံးပြုခဲ့သည့် နေရာတစ်ခုဖြစ်သည်ဟု ဆိုကြသည်။ တချို့မှာမူကား ဂျပန်ခေတ်က ကင်ပေတိုင်တို့၏ ဘန်ကာဟောင်းတစ်ခု ဖြစ်မည်ဟု အမျိုးမျိုးထင်ကြေးပေးခဲ့ကြပါသည်။ မည်သို့ပင် ဆိုစေကာမူ ၎င်းနေရာမှ အုတ်များကို ညွှန်ပြအလှူပေးခဲ့သူမှာ မြစိမ်းရှင်နှင့် မြစိမ်းထွေး ညီအစ်မနှစ်ဦးသာဖြစ်ပြီး အငယ်မ မြစိမ်းထွေးကို ကျွန်မကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရပါသည်။

ဆရာဦးတင်လှိုင် ဦးစီးသောအဖွဲ့သည် ထိုနေရာမှရသော အုတ်များဖြင့် မူလဘုရားငုတ်တိုကြီးကို ခြုံငုံ၍ စေတီတော်အသစ် တည်ခဲ့ပါသည်။ စေတီတော်တည်ရာ အခမ်းအနားတွင် ခုနစ်နေ့ ခုနစ်ရက် သားသမီးများ ပါဝင်ရသဖြင့် တနင်္ဂနွေသားဖြစ်သူ ခင်ပွန်းသည် ဦးအောင်တင်မှာ သပြေခက်များ၊ ထီးကံ့ခွန် ကုက္ကားများ ကိုင်ဆောင်ကာ ရှေ့ဆုံးမှ လှည့်လည်ပူဇော်ခဲ့ပါသည်။ ကျွန်မတို့အုပ်စုက နောက်မှလိုက်ကာ မေတ္တသုတ်များ ရွတ်ဆိုလှည့်လည်ခဲ့ကြပါသည်။ စေတီတော်တည်ထားပြီးစီးသောအခါ ဆရာတော်ကြီးမှ 'အောင်သိဒ္ဓိစေတီတော်'ဟု ဘွဲ့အမည်သမုတ်ခဲ့ပါသည်။ ထို့နောက် ၎င်းဘုရားကြီး၏ အုတ်အလှူရှင်ဖြစ်သော မြစိမ်းရှင်နှင့် မြစိမ်းထွေးတို့ ရုပ်တုထုရန် ပန်းရန်ဆရာကို အပ်ခဲ့ပါသည်။ ပန်းရန်ဆရာမှာ ရုပ်တုမထုမီည၌ အိပ်မက်တစ်ခု မက်ပါသည်။ အိပ်မက်ထဲတွင် သူတို့ရုပ်တုကို ယခုမြင်ရသည့်ရုပ်ပုံအတိုင်း ထုလုပ်ရန် ပြောခဲ့ပါသည်။ ပန်းရန်ဆရာကလည်း ရုပ်တုထုကာနီးတွင် အိပ်မက်ထဲက မြင်ရသည့် ပုံသဏ္ဌာန်အတိုင်း ပုံဆွဲပြီးမှ ရုပ်တုထုလုပ်ခဲ့ပါသည်။

ထိုအုတ် အလှူရှင်များဖြစ်သော မြစိမ်းရှင်နှင့် မြစိမ်းထွေးတို့ ရုပ်တုကို ဘုရားကြီး၏ ရင်ပြင်တော်ပေါ်၌ နန်းဆောင်နှင့်တကွ ထားရှိပါသည်။

"အစ်မရေ . . . မြစိမ်းရှင်နှင့် မြစိမ်းထွေးရုပ်တု ထုပြီးပြီ။ လာကြည့်ပါဦး"

ပန်းရန်ဆရာက ပြောသဖြင့် ကျွန်မ သွားကြည့်ရာ မြစိမ်းရှင် ရုပ်တုကိုမူ သာမန်မျှသာ ကြည့်မိသည်။ မြစိမ်းထွေးရုပ်ထုကို မြင်လိုက်သောအခါ . . .

"ဟာ . . . အရမ်းတူတာပဲ"

ဟုအာမေဋိတ်သံဖြင့် ရေရွတ်မိပါသည်။

"အစ်မက မြစိမ်းထွေးကို မြင်ဖူးတော့ အခုရုပ်တုက မြစိမ်းထွေးနဲ့ တော်တော်တူသလား အစ်မ"

"ဟုတ်ပါတယ် ဆရာကိုမြတ်အေးရယ်။ မြစိမ်းထွေးနဲ့ ချွတ်စွပ်ကို တူလွန်းလို့ အရမ်းအံ့ဩမိတယ်"

ထို့နောက် သည့်ထက်မက အံ့ဩမှုအဖုံဖုံကို ကြားသိခဲ့ရပါသည်။

ထိုဘုရားသို့ သွားရောက်ဖူးမြော်သူများမှာ ဆုတောင်းပြည့်ပြီး နေ့ချင်းညချင်း ဥစ္စာစီးပွားတက်ခြင်း၊ ထီပေါက်ခြင်း၊ အမှုအခင်းမှ လွတ်ကင်းခြင်း၊ အဓိဋ္ဌာန်အောင်ခြင်း စသည်ဖြင့် ထူးထူးခြားခြား ဆုတောင်းပြည့်မှုများကို သိရပါသည်။

နောက်တစ်ခုမှာမူ ကျွန်မ၏ အချစ်တော် မြစိမ်းထွေးအကြောင်းပင်။ ည ၉ နာရီကျော်ခန့်တွင် အိမ်



www.burmeseclassic.com

www.burmeseclassic.com

သမီးတစ်ဦးသည် ဘုရားမှထွက်လာသည်ကိုမြင်ရကြောင်း။ ထိုအမျိုးသမီးမှာ အစိမ်းရောင်ငမ်းဆက် ဝတ်ထားပြီး ဆံပင်ကို ချထားသည်မှာ ဆံပင်တစ်ရပ် လူတစ်ရပ်ဖြစ်ကြောင်း ပြောကြပါသည်။ ထိုအမျိုးသမီးသည် ည ၁၂ နာရီကျော်ခန့်တွင် ပြန်လာပြီး ဘုရားနားတွင် ပျောက်ကွယ်သွားကြောင်း ပြောကြပါသည်။ ထို့နောက် ဂေါပကလူကြီးအား အိပ်မက်ပေးပြီး ရုပ်တုများထားသည့် အဆောင်တံခါးကို သော့မခတ်ရန် ပြောသဖြင့် တံခါးမှာ သော့မခတ်ဘဲ ထားရပါသည်။

ဤဖြစ်စဉ်မှာ လူပြောများသော်လည်း လက်ဆုပ်လက်ကိုင်မပြနိုင်ခဲ့ပေ။ သို့သော် ထိုအဖြစ်အပျက်ကို လက်ဆုပ်လက်ကိုင်ပြနိုင်ရန် အခွင့်အရေးတစ်ရပ် ပေါ်လာပါသည်။ ဤသည်မှာ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ ဖြစ်ပါသည်။ အရေးအခင်းကာလဖြစ်၍ ညမထွက်ရအမိန့် ချမှတ်ထားသဖြင့် ည ၆ နာရီကျော်လျှင် လမ်းပေါ်တွင် လူတစ်ယောက်မှ သွားလာခြင်းမပြုပေ။

ထိုဘုရားအနီး တစ်ဝိုက်တွင် တပ်မတော်မှ စစ်တပ်ချကာ စောင့်ကြပ်နေပါသည်။ ည ၉ နာရီခန့်အချိန်တွင် အစိမ်းရောင်ဝမ်းဆက် ဝတ်ဆင်ထားသော ချောမောလှပသည့် မိန်းမပျိုတစ်ဦးသည် ဘုရားဘက်က ထွက်လာသည်ကို တွေ့လိုက်ရပါသည်။

ထိုအခါ တပ်ကြပ်ကြီးက . .

"ဟေ့ကောင်တွေ ဟိုမှာအမျိုးသမီးတစ်ယောက် ဘုရားဘက်ကထွက်လာတာ တွေ့တယ်မဟုတ်လား"

"ဟုတ်ကဲ့ တွေ့ပါတယ် ဆရာကြီး"

"ညမထွက်ရ အမိန့်ကို ဖီဆန်တာပဲ သွားဖမ်းလာခဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

သို့ဖြင့် တာဝန်ကျ စစ်သားသုံးဦးမှာ ထိုမိန်းကလေးနောက်သို့လိုက်ခဲ့ရာ ထောင့်ချိုးကွေ့ အမှောင်ရိပ်အရောက်တွင် လုံးဝပျောက်ကွယ်သွားခဲ့ပါသည်။ စစ်သားသုံးဦးလည်း မကျေနပ်သဖြင့် ထိုနေရာအနီးတစ်ဝိုက်တွင် နှံ့နှံ့စပ်စပ် ရှာကြပါသည်။ သို့သော်လည်း မည်သို့မျှ ရှာမတွေ့သဖြင့် လက်လျှော့ပြန်ခဲ့ကြသည်။

"ဆရာကြီး အဲဒီမိန်းကလေးဟာ အမှောင်ရိပ်အရောက်မှာ ပျောက်သွားပါတယ်။ ကျွန်တော်တို့လည်း အဲဒီနေရာတစ်ဝိုက်မှာ သေသေချာချာရှာပါတယ်။ မတွေ့တော့ဘူးဆရာကြီး"

"မင်းတို့ တော်တော်ညံ့တဲ့အကောင်တွေ။ မိန်းကလေးတစ်ယောက်တောင် မရှာနိုင်ဘူး သွားကြ . . . သွားကြ"

တပ်ကြပ်ကြီးမှာ မကျေမနပ်ဖြစ်ကာ ကျန်ရစ်ခဲ့ပါသည်။ သို့ဖြင့် သန်းကောင်ကျော်အချိန်တွင် အမှောင်ရိပ်မှ လူတစ်ယောက် လမ်းလျှောက်လာသည့် ပုံသဏ္ဌာန်ကို တွေ့ရသဖြင့် တပ်ကြပ်ကြီးအုပ်စုမှာ စောင့်ကြည့်နေစဉ် —

"ဟော . . စောစောက ထွက်သွားတဲ့ မိန်းကလေးပဲ"

"အေး . . ဟုတ်တယ်၊ ဒါဆိုသူ့နောက်လိုက်ကြည့်မှပဲ"

တပ်ကြပ်ကြီးအုပ်စုမှာ ထူးဆန်းသော မိန်းကလေးကို စောင့်ကြည့်နေစဉ် ဘုရားအနီးသို့အရောက်တွင် ဖြုန်းခနဲ ပျောက်ကွယ်သွားပါတော့သည်။ သည်တော့မှ —

"ဒီရပ်ကွက်ကပြောတဲ့ ဥစ္စာစောင့် မြစိမ်းထွေးဆိုတာ ဖြစ်မယ်။ လူဆိုရင် ဘယ်လိုကိုယ်ပျောက်မလဲ။ အခုတော့ မျက်စိရှေ့တင် ပျောက်သွားတာ။ ဆန်းကြယ်လိုက်တာ"

"ဟုတ်ပါတယ် ဆရာကြီး။ ရပ်ကွက်ထဲက လူတော်တော်များများလည်း မြစိမ်းထွေး ညဘက်ထွက်ထွက်လာတာ တွေ့ကြတယ်၊ ဒါပေမယ့် သူမနဲ့အနီးကိုရောက်ရင် ချက်ချင်းပျောက်သွားတယ်တဲ့"

ဩော် . . . ညဘက်မှာထွက်ပြီး ပြင်ပသို့လျှောက်သွားသည့် သိုက်နန်းရှင် မြစိမ်းထွေးလေးနှင့် ကျွန်မတိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံခဲ့ဖူးပါသည်၊ သူတို့ပြန်ပြောပြမှ မြစိမ်းထွေးအကြောင်းကို ပြည့်စုံစွာ ကြားသိခဲ့ရပါသည်။ ဘဝတစ်ကွေ့မှာ တွေ့ခဲ့သော မြစိမ်းထွေးကို အောက်မေ့သတိရစွာဖြင့် ထူးခြားဆန်းကြယ်သော ဤဇာတ်လမ်းကို ရေးသားလိုက်ရပါသည်။

ဓိုရိုဖြေ



www.burmeseclassic.com

www.burmeseclassic.com

တွင် တောင်ကျရေတို့သည် အမှိုက်များ၊ ဒိုက်များဖြင့် တစ်ဟုန်ထိုး စီးဆင်းလာရာတွင် ပထမရေဦးသည် ကျုရုံများကို ရိုက်ခတ်သော်လည်း အမှိုက်နှင့် ဒိုက်တို့သည် ကျုရုံများတွင် ကပ်ငြိ၍ ချောင်းကျရေတွင် ပါလာသော သဲနှင့် နုံးတို့သည် ထိုဒိုက်များတွင် ထပ်၍တင်ပြန်ရာ ပထမတစ်ရေမှာပင် ထိုနေရာ၌ ကန်သင်းဖို့သကဲ့သို့ ဖြစ်သွား၍ ရေများကျော်မလာတော့ဘဲ ရှိပါသည်။ ထိုနှစ်မိုးတွင်းကုန်သည်နှင့် ထိုနေရာသည် တာဘောင်သဖွယ် ဖြစ်သွားပါသည်။ ထို့ကြောင့် ထိုနေရာကို ခရတိုက်စားရန်၊ ကမ်းပါးပြိုရန် အကြောင်း မရှိတော့ပါ။

ထိုအခါ ရွာသားများက "တော်တော်ဉာဏ်ကောင်းတဲ့ ဆရာလူပဲ၊ ငါတို့ဖြင့် တစ်သက်လုံးနေလာကြတာ ကမ်းပါးပြိုတာကို မကာကွယ်နိုင်ကြဘူး"ဟု ချီးမွမ်းကြပါသည်။ ဆရာလူ၏ ကျောင်းဖွင့်သည်နှင့် အနောက်မြိုင်သာယာမှ ကျောင်းသား၊ ကျောင်းသူများအားလုံး ဆရာကြီးသိန်း၏ကျောင်းမှ ထွက်၍ ဆရာလူ၏ကျောင်းသို့ ရွှေ့ပြောင်းသွားကြပါသည်။ အနောက်မြိုင်သာယာနှင့်နီးသော အောက်မြို့ ထနောင်းပင် စသော ရွာများမှပင် ဆရာလူ၏ကျောင်းသို့ အပ်နှံကြ၍ ကျောင်းသားဦးရေ များပြားကာ ပျော်စရာကောင်းသည်။ စာတတ်သည်။ ကျွန်တော်တို့လည်း ဆရာလူ၏ ကျောင်းသို့ ပြောင်းရွှေ့နေလိုစိတ်များ ဖြစ်ပေါ်နေမိကြပါသည်။

ဆရာကြီးသိန်းသည် အရိုက်ကြမ်းသည့်အပြင် ဆရာကြီးကတော်ကိုလည်း ကြောက်ရ၍ ကလေးသဘာဝ ထိုကျောင်းမှာ မနေလိုခြင်းလည်း ဖြစ်ပါသည်၊ ထိုသို့ဖြင့် ဒုတိယတန်းနှစ်ကုန်ခါနီးသို့ ရောက်ရှိလာချိန်တွင် မမျှော်လင့်ဘဲ ဆရာကြီးသိန်းသည် ရုတ်တရက် လေဖြတ်သွားပါသည်။ ထိုအခါ ကျောင်းပိတ်လိုက်ရသည်။ ထိုအခါ ဆရာသိန်းသည် ကျောင်းသားမိဘများကို ခေါ်ယူ၍ မိမိသည် ယခုနှစ်တွင် စာသင်ကြားနိုင်ခြင်း ရှိမည်မဟုတ်တော့၍ ကလေးများကို ဆရာလူ၏ ကျောင်းသို့ ပြောင်းရွှေ့အပ်နှံကြရန် ပြောကြားပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ကျောင်းသားများအားလုံး ဆရာကြီးသိန်းကို ကျောင်းထွက်နှုတ်ဆက်သည့်အနေဖြင့် သွားရောက်ကန်တော့ကြပါသည်။ ဆရာကြီးသိန်းသည် လျှာလေးအာလေးဖြင့် "ငါ့တပည့်တွေ ဉာဏ်ပညာ ထူးချွန်ထက်မြက်ကြပါစေ၊ ကြီးပွားတိုးတက်ကြပါစေ" ဟု ဆုများပေးရာ ကျွန်တော်တို့အားလုံး ဝမ်းနည်းလွန်း၍ ငိုကြွေးမိကြပါသည်။

ကျောင်းဖွင့်သည်နှင့် ကျွန်တော်တို့အားလုံး ဆရာလူ၏ ကျောင်းသို့ ရောက်ရှိသွားကြပါသည်။ အနောက်မြိုင်သာယာမှ သူငယ်ချင်းများနှင့် ပြန်လည်ဆုံတွေ့ရ၍ ပျော်ရွှင်မိပါသည်။ ကျောင်းတက်သည်နှင့် ဆရာလူရောက်ရှိလာပါသည်။

"မင်္ဂလာပါ ဆရာလူ"

"အေး ... မင်္ဂလာပါပဲကွာ။ အေး ... မင်္ဂလာဆိုတာ ပါးစပ်ကတွင် ဆိုရုံနှင့် တကယ်မင်္ဂလာမဖြစ်ဘူးကွ။ မင်္ဂလာဖြစ်အောင်နေမှ မင်္ဂလာဖြစ်မယ်။ မင်းတို့က ကျောင်းသားတွေဆိုတော့ မင်းတို့ရဲ့ မင်္ဂလာက စာတော်ရမယ်၊ စာတတ်ရမယ်၊ တော်အောင်တတ်အောင် ကြိုးစားရမယ်။ ငါကတော့ ကျောင်းဆရာဆိုတော့ မင်းတို့ကို တော်အောင်၊ တတ်အောင် သင်ကြားပေးနိုင်ရမယ်၊ ဒါမှ မင်းတို့နဲ့ ငါနဲ့ နေ့စဉ် နှုတ်ဆက်တဲ့အခါ အပြန်အလှန် တကယ့်မင်္ဂလာအစစ်နဲ့ မင်္ဂလာပါလို့ နှုတ်ဆက်နိုင်ကြမှာ။ အဲဒီတော့ မင်းတို့အလုပ်က ဘာလဲ၊ မသိလျှင်မေးရမယ်၊ မတတ်လျှင်သင်ရမယ်။ သိပြီ၊ တတ်ပြီဆိုရင် မမေ့မလျော့အောင်၊ ကျွမ်းကျင်ပိုင်နိုင်အောင် အထပ်ထပ်အခါခါ ကျက်မှတ်လေ့ကျင့်ရမယ်ကွ။ မင်းတို့ ငါ့ကို ကြောက်ဖို့မလိုဘူး။ မသိလျှင်မေး။ မင်းတို့ဘယ်လောက်မေးမေး ငါစိတ်မဆိုးဘူး။ မရိုက်ဘူး။ မသိမှာ၊ မတတ်မှာကိုပဲ မင်းတို့ကြောက်ရမယ် ... ကြားရဲ့လား"

"ကြားပါတယ် ဆရာလူ"

ကျွန်တော်တို့အားလုံး ဆရာလူကို သဘောကျ၍သွားကြသဖြင့် အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ အဓိပ္ပာယ်ဖြင့် ပြုံးပြနေမိကြပါသည်။ ဆရာလူ စာသင်သည်မှာလည်း ရှင်းလင်းပြတ်သားလှသည့်အပြင် စာသင်သည်နှင့် မတူပါ။ မရောက်ဖူးသော ဒေသတစ်ခုသို့ လေ့လာရေးခရီး ထွက်ကြရသကဲ့သို့ ငြီးငွေ့မှုမရှိ၊ စိတ်ဝင်စားဖွယ်အတိ ဖြစ်ကြရကာ စာသင်ချိန် မည်သို့ကုန်ဆုံးလိုက်မှန်းပင် မသိလိုက်ကြရ။ ပျော်ရွှင်ဖွယ်ကောင်းလှသည့်အပြင် သင်ခန်းစာများကိုလည်း မပင်မပန်း ခေါင်းထဲတွင် စွဲသွားအောင် မှတ်မိ၍သွားပါသည်။ သို့သော် ဆရာလူ၏ အားနည်းချက်မှာ အရက်ကို ညနေတိုင် သောက်တတ်ခြင်းဖြစ်၍ စာသင်ချိန်မှာပင် အရက်သောက်ထားသည် ဖြစ်ရာ ဣန္ဒြေပျက်အောင် မူးမနေသော်လည်း နှုတ်သွက်လျှာသွက် ရှိလှပါ၏။ ကျောင်းဆင်းချိန်ရောက်လျှင် "မင်္ဂလာပါ" ဟူ၍ အပြန်အလှန်နှုတ်ဆက်ပြီးလျှင်

"ကဲ ... အားလုံးလိုက်ဆိုကြဟေ့"

ဟု ဆိုကာ –

"ဆရာလူ၊ ဆရာလူ .. အရက်သောက်တဲ့ ဆရာလူ၊ ဆရာလူက အရက်တွေမူး ဘယ်သူ့ကမှ မကြောက်ဘူး"

ထိုသို့ ရှေ့မှ အသံနေအသံထားဖြင့် ချပေးပါသည်၊ ကျွန်တော်တို့ကျောင်းသားများက ဟိန်း၍နေအောင် သံပြိုင်လိုက်ကာ အော်၍ဆိုကြပါသည်။ ငါးခေါက်မျှ ရှေ့မှချပေးပြီးနောက်တွင် ကျွန်တော်တို့ကို အလွတ်ဆိုစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာလူ၊ ဆရာလူ ..အရက်သောက်တဲ့ ဆရာလူ။ ဆရာလူက အရက်တွေမူး ဘယ်သူကမှ မကြောက်ဘူး"

"ဟား ...ဟား ...ဟား။ ငါ့တပည့်တွေက တော်တယ်ဟေ့။ ကဲ ...ဒါလောက်ဆို ရပါပြီကွာ။ မင်းတို့ပြန်နိုင်ပါပြီ"

ဟု ဆိုလျှင် ကျွန်တော်တို့သည် 'ဟေး'ခနဲ သံပြိုင်အော်ကြပြီး ကျောင်းထဲမှ အလုအယက် တိုးဝှေ့ထွက်ကြသောအခါ –

"ဟေ့ ...ဟေ့၊ ကျောင်းသားတွေဆိုတာ ခြံထဲက နွားတွေထွက်သလို ပရမ်းပတာမထွက်ရဘူးကွ။ တစ်ယောက်ချင်း တန်းစီထွက်ကြရတယ်။ ဒါမှ မင်္ဂလာရှိမှာပေါ့"

ဟု ပြောပါသည်။ ကျောင်းဆင်းလျှင် စနစ်တကျ တန်းစီ၍ ငြိမ်သက်စွာ ထွက်ခွာကြပါတော့သည်။

တစ်နေ့တွင် ကျွန်တော်တို့ကျောင်းသားများကိုခေါ်၍ –

"ယောက်ျားလေးတွေဆိုတာ ဘောလုံးကန်ရတယ်ကွ။ ဘောလုံးကန်တဲ့အခါမှာ အားကစားစိတ်ဓာတ် မွေးကြရမယ်။ တစ်ကိုယ်ကောင်းမဆန်ရဘူး။ စည်းလုံးညီညွတ်ပြီး အားလုံးကြိုးစားကြရင် အောင်မြင်မှုရရှိမယ်"

ဟု ဆို၍ ဘောလုံးကန်နည်းကို စနစ်တကျ သင်ကြားပြသပေးပါသည်။

"တစ်ဖက် ပြိုင်ဘက်အသင်းကို မညစ်ရဘူး။ မှန်ကန်တဲ့နည်းလမ်းနဲ့ အနိုင်ရအောင် ကြိုးစားရမယ်။ အရည်အချင်းနဲ့ စွမ်းရည်ပြည့်ဝသာလွန်နေကြရမယ်။ ညစ်ပတ်ပြီး မသမာတဲ့နည်းနဲ့ အနိုင်ယူရင် တစ်ပွဲတလေသာ အနိုင်ရလိမ့်မယ်။ ပွဲကြည့်ပရိသတ်ရဲ့ အားပေးမှုနဲ့ မေတ္တာကိုလည်း မရနိုင်ဘူး။ အရည်အချင်းနဲ့ နိုင်မှသာ အမြဲတမ်း အနိုင်ရလိမ့်မယ်"

ဟု ဆုံးမပါသည်။

မကြာမီ ရွှေဘုံသာကျောင်း၏ အနောက်ဘက်တွင် ဘောလုံးကွင်းကြီး ဖော်ထုတ်ပါသည်။ ဆရာလူသည် လူငယ်လူရွယ်များကို နည်းပြအဖြစ် ဆောင်ရွက်ကာ စိတ်ရှည်လက်ရှည် သင်ကြားပြသပေးပါသည်။ ထို့နောက် အရှေ့မြို့သာယာတွင်လည်း ဘောလုံးအသင်း တည်ထောင်စေကာ လာရောက်ပြသပေးပါသည်။ မကြာမီ မြို့သာယာတစ်နယ်လုံးရှိ ကျေးရွာများတွင်မှာပါ ဘောလုံးအသင်းများ ပေါ်ပေါက်၍လာပါသည်။ လူငယ်လူရွယ်ထုအကြားတွင် အားကစားစိတ်ဓာတ်များ နိုးကြားတက်ကြွ၍လာပါသည်။ ဆရာလူ၏ စွမ်းဆောင်မှုကြောင့် အရှေ့မြို့သာယာမှ မြို့မလူငယ်အသင်းဆိုလျှင် ငါန်းဇွန်မြို့နယ်ပြိုင်ပွဲမှာပင် ဝင်ရောက်ပိုလ်စွဲခဲ့ရသည့်အပြင် ကိုနေဝင်းဆိုလျှင် စစ်ကိုင်းတိုင်းလက်ရွေးစင် ဘောလုံးသမားအဆင့်အထိပင် တက်လှမ်းနိုင်ခဲ့ကြပါသည်။

ဆရာလူ၏ ကျောင်းကို တက်ရောက်ရသည်မှာ ကျွန်တော်တို့ ပျော်ရွှင်ကြရပါသည်။ ဆရာလူသည် စာသင်ချိန်တွင် စာသင်၊ ကစားချိန်တွင် ကစားစေပြီး တစ်ခါတစ်ရံတွင် ကမ္ဘာ့သူရဲကောင်းများနှင့် မြန်မာနိုင်ငံ သူရဲကောင်းများအကြောင်းကို ပြောပြလေ့ရှိရာ ကျွန်တော်တို့မှာ နားထောင်၍ မဝနိုင်အောင် ရှိကြရပါသည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်းကို မကြာမကြာပြောလေ့ရှိပြီး ထိုသို့ပြောသည့်အခါတိုင်း –

"ဗိုလ်ချုပ်အောင်ဆန်းရဲ့ အကြောင်းကို မကြာမကြာ ပြောပြရတာက ဗိုလ်ချုပ်အောင်ဆန်းဟာ မင်းတို့ရဲ့ခေတ်နဲ့ အနီးဆုံးဆိုတော့ မင်းတို့မျက်စိထဲမှာ ထင်လွယ်မြင်လွယ်မယ်။ ပြီးတော့ ပုံပြင်မဆန်ဘူး။ မင်းတို့ အတုယူစရာတွေ အများကြီးရှိနိုင်တယ်"

ဟု ပြောပါသည်။

ဆရာလူသည် ငွေရေးကြေးရေး အဓိကမထားပါ။ ကျောင်းလခကို ဆ[...] တစ်ပြည်၊ ငွေတစ်မတ်သာ သတ်မှတ်ထားရှိသော်လည်း မည်သူ့ကိုမျှ လခနှင့်ပတ်သက်၍ ပေးသည်ဖြစ်စေ၊ မပေး[...] သည်ဖြစ်စေ ထိုအကြောင်းအရာနှင့်ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မပြော[...] ဖနီးမနီကိုလည်း မပြောစေရပါ။ အရှေ့[...] ရွာမှ ပြောင်းလာသော ကျောင်းသား[...] ဟောင်းများနှင့် ကျောင်းသားသစ်များ၏ လစာများကို ဆရာလူမှ လက်မခံပါ[...] ဆရာကြီးသိန်းထံသို့သာ ကျောင်းသား[...] မိဘများကိုယ်တိုင် သွားရောက်ပေးပို့စေပါသည်။ ထိုအခါ ရွာသားများက "ဆရာကြီးသိန်းတော့ လေဖြတ်ပြီး စာမသင်နိုင်တော့လို့ စားရေးတော့ ဒုက္ခရောက်ပြီထင်ထားတာ၊ တော်ပါသေးရဲ့။ အခုတော့ ကိုယ်တိုင် ကျောင်းဖွင့်တုန်းကထက် တောင် ပိုရသေး"ဟု ပြောကြပါသည်။ ကျွန်တော်တို့လည်း ကျောင်းသွားရသည်မှာ ပျော်ရွှင်ပါသည်။

ဤသို့ဖြင့် တစ်မိုးကုန်ဆုံး၍ ဆောင်းဦးရာသီသို့ ရောက်ရှိ၍လာပါသည်။ ထိုနေ့က ဆရာလူသည် ရွာသား လေး–ငါးဦးခန့်နှင့် စကားပြောလျက် ရှိပါသည်။

"ဒီကနေ့ ခင်ဗျားတို့ကို ခေါ်ရတာကတော့ ဒီသဲသောင်ပြင်ကြီးကနေ ငွေ[...] အောင်လုပ်ဖို့ရာ ပြောပြမလို့"

"ဆရာလူက ဘယ်လိုလုပ်တုံးဗျ"

"ဒီအပေါ်မှာ ကြက်သွန်၊ မုန်ညင်း[...] ပန်းမုန်လာ၊ နံနံ၊ ငရုတ် စိုက်မယ်လေ[...] ဗျာ"

"ဟာ ...မဖြစ်နိုင်တာဗျာ။ ဘယ်[...] လို မြေဆီမြေသြဇာမှမရှိတဲ့ သဲထဲမှာ[...] ဘယ်လိုလုပ် အပင်ပေါက်နိုင်မှာလဲဗျ"

ဟု ရွာသားများက ပြောပြောဆို[...] ရယ်မောကြပါသည်။ ထိုအခါ ဆရာလူ[...] ရှင်းပြပါသည်။ ရွာသားများသည် [...] ညိတ်လက်ခံလိုက်ကြသော်လည်း [...]



www.burmeseclassic.com

www.burmeseclassic.com

ကျဟန်မတူပါ။ အပြန်တွင်

"ဆရာလူ အကြံအစည်ကောင်းပါတယ်ကွာ။ တော်ပါတယ်ကွာ။ ကိုင်းတောင်သူလုပ်ငန်းတော့ ဘာနားလည်မှာတုံးကွာ"

"ဟုတ်တယ်ကွ။ သူပြောသလိုသာ သဲပြင်ပေါ်မှာ စိုက်လို့ရမယ်ဆိုရင် ရှေးကတည်းက စိုက်ခဲ့ကြမှာပေါ့ကွာ"

"ဘယ်တုန်းကမှ ဘယ်သူမှမလုပ်ခဲ့တာ ငါတို့တော့ အရှုံးထင်ကြတော့မှာပဲ"

ဟု ပြောဆိုသွားကြပါသည်။

သို့သော် ရွာသားတို့သည် ဆရာလူကို မလွန်ဆန်လိုသဖြင့် နောက်တစ်နေ့တွင် လှည်းလေး–ငါးစီးဖြင့် တစ်နေကုန် နောက်ချေးများတိုက်၍ သောင်ပြင်ပေါ်တွင် လေးကွက်ကျားပုံကြပြီး နောက်တစ်နေ့တွင် ထွန်များဖြင့် သောင်ပြင်ပေါ် မောင်းကြပါသည်။ ထို့နောက် သောင်ပြင်၏ ထောင့်များတွင် လက်ယက်တွင်းများ တူးစေပါသည်။ သောင်များ လေးကွက်ညီ ဖော်စေပါသည်။ သဲပေါ်တွင်ဖြစ်၍ ရေတွင်းတူးခြင်း၊ ဘောင်ဖော်ခြင်းတို့မှာလည်း လွယ်ကူလျင်မြန်စွာပင် ပြီးစီးသွားပါသည်။ သို့သော် ရေတွင်းမှာမူ သဲများဖြစ်၍ ပြိုလွယ်သောကြောင့် တောင်ရိုးဝါးများဖြင့် ခွေရက်လုပ်၍ ချစေပါသည်။ ကျွန်တော်တို့ဒေသတွင် တောင်ရိုးဝါးများ ပေါများလှသဖြင့် အဆင်ပြေလှပါသည်။

ရေတွင်းများတွင် မောင်းများပါဆင်လိုက်သဖြင့် ရေငင်ရသည်မှာ လွယ်ကူလှပါသည်။ တစ်ပတ်ခန့် ဘောင်လိုင်းများအကြား မြောင်းများအတွင်းသို့ ရေငင်၍ လောင်းစေ၍ တစ်နေရာတွင် ပျိုးခင်းပြုလုပ်ထားရှိစေလိုက်ပါသည်။ မကြာမီ ပျိုးခင်းများ ညို့၍တက်လာပါသည်။ ပျိုးသက် တစ်လခန့်အရတွင် ဘောင်များပေါ်၌ ကြိုးတန်း၍စိုက်ပျိုးစေပါသည်။ မကြာမကြာ လိုင်းများအတွင်းသို့ ရေသွင်းစေပါသည်။ သဲများဖြစ်၍ ဘောင်များပေါ် ရေလိုက်၍လောင်းစရာ မလိုပါ။ အောက်ခြေမှာ ရေသွင်းလိုက်သည်နှင့် သဲများက စုပ်ယူသဖြင့် ဘောင်များအားလုံး အစိုဓာတ်လွှမ်းသွားပါသည်။ ကြက်သွန်ပင်များသည် ကြီးထွားနှုန်းလျင်မြန်လှပါ၏။ မျက်စိအောက်မှာပင် တစ်နေ့တခြား တရိပ်ရိပ်တက်၍လာပါသည်။ ကျွန်တော်တို့သည် ကြက်သွန်ပင်များကို မမြင်ဖူးသဖြင့် အထူးအဆန်းဖြစ်ကာ ကြည့်မဝနိုင်အောင် ရှိပါသည်။

ဖူးတံများထွက်၍ အပွင့်များ ပွင့်လာသောအခါ ပို၍လှပပါသည်။ ထိုအခါ ရွာသူရွာသားတို့သည်လည်း ကြက်သွန်ခင်းကို လာရောက်ဝိုင်းဝန်းကြည့်ရှုကာ အံ့သြမဆုံး ဖြစ်နေကြပါသည်။

"ဖိုးနီနဲ့ ဘိုသိုးတို့တော့ ပွပြီပော့"

"မယုံတစ်ဝက် ယုံတစ်ဝက်၊ မစိုက်ချင် စိုက်ချင်နဲ့ ဆရာလူကိုအားနာလို့ စိုက်ရတဲ့ကောင်တွေ အခုတော့ လေချွန် (ပျော်ရွှင်)နေကြပြီ"

"ငါတို့လည်း လာမယ့်နှစ် စိုက်မှပဲ။ တစ်ခဏကလေးနဲ့ ငွေရလွယ်လိုက်တာ။ ဒီကောင်တွေ မယားတွေတော့ နားတောင်းဆင်နိုင်ပြီ"

ဟူ၍ တစ်ယောက်တစ်မျိုး ပြောဆိုကြပါသည်။ အရှေ့မြို့သာယာမှ လူများလည်း လာရောက်ကြည့်ရှု၍ အားကျနေကြပါသည်။

ကြက်သွန်များဖော်ချိန်၌ အထွက်နှုန်းကောင်းလှသဖြင့် လှည်းပေါ်တွင် ရိုင် (ဖျာရှည်)များပတ်၍ တင်ကြရပါသည်။ ကြက်သွန်စိုက်သူများက ဆရာလူအား ကျေးဇူးတင်လှသဖြင့် ကြက်သွန်ဥများ ပေးကြရာ ဆရာလူသည် ကျွန်တော်တို့ ကျောင်းသားများအား ကြီးငယ်မဟူ အညီအမျှခွဲပေးရာ ကျောင်းသားတစ်ဦးလျှင် တစ်ပိဿာခန့်ပင် ရရှိကြပါသည်။

ဤသို့ဖြင့် တစ်နှစ် တစ်ရာသီ ကုန်ဆုံး၍ တစ်ဆောင်းသစ်လာခဲ့ပြန်ပါသည်။ ထိုအချိန်မှာပင် သောင်လုပွဲများ စတင်ပေါ်ပေါက်လာပါတော့သည်။ ချောင်းရေစီးကြောင်းသည်လည်း တစ်နှစ်တစ်ကြိမ်ပြောင်းလဲလျက်ရှိရာ အရှေ့မြို့သာယာနှင့် အနောက်မြို့သာယာ၏ နယ်နိမိတ်ကို ရေပြင်ဖြင့် ရှေးယခင်ကတည်းက သတ်မှတ်ခဲ့ကြသော်လည်း ထိုစဉ်က အသုံးမဝင်သော သဲသောင်ပြင်များဖြစ်၍ မည်သူကမှ အလိုမရှိကြသဖြင့် မည်သည့်ပြဿနာမှ မပေါ်ခဲ့သော်လည်း ယခု သဲသောင်ပြင်များသည် တန်ဖိုးရှိသော ကြက်သွန်စိုက်ပျိုးမြေများဖြစ်လာ၍ ယာသမားတိုင်းက အလိုရှိလျက်နေရာ ရေစီးကြောင်းပြောင်းလဲခြင်းကို လက်မခံကြတော့ဘဲ သူ့ရွာဘက်က၊ ငါ့ရွာဘက်က ဟူ၍ အငြင်းပွားကာ ပဋိပက္ခအသွင်ဆောင်လာပြီး နောက်ဆုံးတွင် အခြေအနေတင်းမာလာကာ ရိုက်ပွဲများဖြစ်ပွားသည်အထိ ဆိုးရွား၍ လာပါတော့သည်။

လူကြီးချင်း၊ ရွာချင်း ဖြစ်ကြသောအခါ ထိုရန်ပွဲသည် ကျွန်တော်တို့ကလေးများထံသို့ပါ ကူးစက်လာ၍ ကျွန်တော်တို့ ကျောင်းသားများပါ စိတ်ဝမ်းကွဲလာရပြီး ကျောင်းပိတ်လိုက်ရသည်အထိ ဖြစ်လာပါသည်။ လူကျူးလူရိုက်၊ ခွေးကျူးခွေးရိုက်ဟု မြို့သာယာ နှစ်ရွာသည် အရှေ့နှင့်အနောက် ဆန့်ကျင်ဘက်လုံးလုံး ဖြစ်သွားခဲ့ရပါတော့သည်။

ဆရာလူသည်လည်း ရွာနှစ်ရွာမှ လူကြီးများကို သွားရောက်တွေ့ဆုံ၍ ရှင်းပြ ကြားစေ့ပေးသော်လည်း စေ့စပ်ဖျန်ဖြေ၍ မရသဖြင့် အကြီးအကျယ် စိတ်ဓာတ်ကျဆင်းလျက်ရှိကာ –

"ခင်ဗျားတို့ သူ့ဘက်၊ ကိုယ့်ဘက် ခွဲမနေကြပါနဲ့။ ချောင်းရိုးတစ်ရိုးလုံး ရွာနှစ်ရွာ တစ်လှည့်စီ အလှည့်ကျလုပ်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောရှာလည်း မရ။

"နှစ်ရှာ စုပေါင်းပြီး လုပ်ကြပါ။ ပြီးမှ အညီအမျှ ခွဲဝေယူကြပါ"

ဟု ဆိုသော်လည်း လက်မခံကြသဖြင့် ဆရာလူ လက်မှိုင်ချရပါတော့သည်။

ကျွန်တော်တို့လည်း ကျောင်းမသွားရသဖြင့် ပျင်းရိလျက်ရှိပါသည်။ ထိုအချိန်မှာပင် ရွာနှစ်ရွာစလုံးတွင် အဖျားအနာများ ထူပြောလာပြီး အသေအပျောက်များပါရှိလာရာ လူတို့ ထိတ်လန့်တုန်လှုပ်စပြုလာကြပါ၏။ နှစ်ရွာတစ်ရွာအဖြစ် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရာ ကျွန်တော့် ဦးကြီးဦးကံအေးဆိုလျှင် အနောက်ရွာသူ ဒေါ်အေးကြွယ်နှင့် အကြောင်းပါလျက်ရှိသည့်နည်းတူ ထိုသို့ အရှေ့ရွာ၊ အနောက်ရွာ အပြန်အလှန် အကြောင်းပါသူများလည်း ရှိနေရာ ဆွေမျိုးသားချင်းများ ရှိနေကြသော်လည်း သောင်လုသော ပဋိပက္ခကြောင့် သာရေး နာရေးရှိသော်မှ မသွားရဲ မလာရဲ ဖြစ်နေကြရကာ အခက်တွေ့လျက်နေကြရပါသည်။

ထိုအချိန်မှာပင် ရွာနှစ်ရွာ၏မြောက်ဘက် ချောင်းရိုးတစ်ဖက်တစ်ချက်စီတွင် ရှိသော သချိုင်းများအတွင်းမှ ထူးဆန်းကြောက်မက်ဖွယ်များ ပေါ်ပေါက်၍လာပါသည်။ လသာသော သန်းခေါင်ယံညများတွင် မီးလုံးကြီးများ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

"အဲဒါ သရဲမီးပဲ"

"ဒါကြောင့် ရွာသားတွေ နာဖျားပြီး သေကျေပျက်စီးနေကြရတာ"

ဟု လူကြီးများက ပြောပါသည်။ ကြောက်ရွံ့ထိတ်လန့်၍ နေကြရပါသည်။

ရွာမှလူများက နတ်ကတော်အမေသိန်းကို သွားရောက်မေးမြန်းသောအခါ ခေါ်စာပစ်ကြရမည်ဟု ဟောသဖြင့် တစ်ရွာလုံး တစ်အိမ်မကျန် နေဝင်မိုးချုပ်တွင် ရွာအနောက် စည်းရိုးအပြင်သို့ ခေါ်စာများ သွား၍ ပစ်ကြပါသည်။ သို့သော် သရဲမီးများက ကွယ်ပျောက်မသွားပါ။ လသာသော ညများ၌ ပေါ်ပေါက်လျက်ပင် ရှိနေပါသေးသည်။

နောက်ဆုံးတွင်တော့ ရွာသားတို့သည် ကြံရာမရဘဲ အစစအရာရာ ဗဟုသုတ ပြည့်စုံနှံ့စပ်သော ဆရာလူထံသို့ သွားရောက်မေးမြန်းကြရပါတော့သည်။

"ခင်ဗျားတို့ ကျုပ်ပြောတာကို ယုံကြည်မယ်၊ လိုက်နာမယ်ဆိုရင် ... ဒီအကြောင်းအရာရဲ့ အဖြစ်မှန်ကို ပြောပြမယ်။ နို့မို့ရင်တော့ ကျုပ်လည်း လေကုန်အာညောင်းပဲရှိမှာမို့ မပြောတော့ဘူး"

ဟု ဈေးကိုင် တောင်းဆိုလိုက်ပါသည်။

"ဆရာလူကို ယုံကြည်အားကိုးလို့ လာခဲ့ကြတာပါ ဆရာလူရယ်။ ဆရာလူ ခိုင်းတာ လုပ်ပါ့မယ်။ ဆရာလူပြောတာ လိုက်နာပါ့မယ်"

ဟု ရွာသားများက ဝိုင်း၍ ဝန်ခံကတိပြုကြပါသည်။ ထိုအခါမှ ဆရာလူသည် လေးနက်တည်ငြိမ်စွာဖြင့် –

"တကယ်တော့ ညညမှာ မြင်တွေ့နေရတဲ့ မီးလုံးတွေဟာ သရဲမီး မဟုတ်ဘူးဗျ။ ချောင်းစောင့်နတ်က မြို့သာယာ နှစ်ရွာ မညီမညွတ်၊ မသင့်မတင့်ဖြစ်နေကြလို့ စိတ်ဆိုးနေတာ။ အဲဒါကိုသိအောင်လို့ မီးလုံးတွေ ပြနေတာ"

ထိုအခါ ရွာသားများမှ –

"ဒါဆိုရင် ချောင်းစောင့်နတ်ကြီး ကျေနပ်သွားအောင်၊ စိတ်ပြေအောင် ဘာတွေ တင်ရ ပသရမယ်ဆိုတာ မေးပေးပါဦး။ ဘာမဆိုတင်ပါ့မယ်"

ဟု ဆိုကြလျှင် –

"အဲဒါတွေ ဘာမှမလိုအပ်ဘူး။ ချောင်းစောင့်နတ်ကြီး မြင်လိုတွေ့လိုတာက ခင်ဗျားတို့ မြို့သာယာနှစ်ရွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ နေထိုင်ကြတာကိုပဲ တွေ့မြင်ချင်တာ။ အဲဒါဆိုရင် ချောင်းစောင့်နတ်မင်းကြီးက ခင်ဗျားတို့နှစ်ရွာစလုံးကို စောင့်ရှောက်ပါလိမ့်မယ်။ ထဲ ... ခင်ဗျားတို့ မေးလို့ ကျုပ်ကတော့ ပြောပြီးပြီ။ လိုက်နာတာ၊ မလိုက်နာတာကတော့ ခင်ဗျားတို့အပိုင်းပဲ။ ခင်ဗျားတို့လည်း အချိန်ရှိတုန်း ပြန်ပြီး တိုင်ပင်ချေကြ။ သွားကြတော့ ..."

ဟူ၍ ဆရာလူမှ ရွာသားများကို ပြန်လွှတ်လိုက်ပါသည်။

ထိုအကြောင်းအရာသည် ရွာနှစ်ရွာအတွင်းသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပါသည်။

"ဒါ ဖြစ်နိုင်တယ်။ မြတ်စွာဘုရားလက်ထက်တုန်းကတောင် ဆွေတော်မျိုးတော်တွေအချင်းချင်း နှစ်နိုင်ငံ ရေလုတဲ့ပြဿနာနဲ့ စစ်ခင်းမလိုဖြစ်ခဲ့ကြပေတာပဲ။ တကယ်ဆို ခလယ်က ချောင်းဖြတ်စီးနေလို့သာ နှစ်ရွာဖြစ်နေရတာ။ အမှန်တော့ တစ်ရွာတည်းပါပဲ။ ဆရာလူပြောသလို ငါတို့တစ်တွေ သင့်သင့်တင့်တင့် နေကြရင်ကောင်းမယ်။ အခု တို့တစ်တွေ မသင့်တင့်ကြတော့ ကျောင်းသားတွေလည်း နစ်နာတယ်။ ရွာသူရွာသားတွေလည်း စိတ်ဆင်းရဲနေကြရတယ်"

ဟု ဦးကြီးရီစိန်မှ ပြောပါသည်။

ညနေပိုင်းတွင် အရှေ့ရွာသူကြီး ဘကြီးအောင်ကြီးနှင့် အနောက်ရွာသူကြီး ဦးချစ်ဆွေတို့ တွေ့ဆုံဆွေးနွေးကြပါသည်။ သောင်ပြင်အရေးကိစ္စကို တိုင်ပင်ဆွေးနွေးကြပြီး –

"ကျုပ်တို့ဘက်က မှားခဲ့တာတွေ လွန်ခဲ့တာတွေအတွက် တစ်ရွာလုံးကိုယ်စား ကျုပ်ကပဲ တောင်းပန်ပါတယ် သူကြီး"

"ကျုပ်တို့ရွာဘက်ကလည်း မှား... တာပါပဲဗျာ။ အဲဒီအတွက် အားလုံး... ကိုယ်စား ကျုပ်ကလည်း ပြန်တောင်း... ပါတယ်။ ကျုပ်တို့ဘက်က ကျေ... တယ်"

www.burmeseclassic.com

"ကျုပ်တို့ဘက်ကလည်း ကျေအေးပါတယ်ဗျာ။ ဘယ်လိုမှ မအောက်မေ့တော့ပါဘူး"

ဟု အပြန်အလှန်ပြောကြားကြပါသည်။ ဒါဆိုလည်း ရာသီရှိတုန်း မနက်ဖြန် ရွာနှစ်ရွာ ပေါင်းစည်းပြီး စုပေါင်းထွန်ယက်ကြတာပေါ့။ ဒီနှစ်ထွက်သမျှကြက်သွန်တွေကိုလည်း ဆရာလူ စာသင်ခန်း တိုးချဲ့ဖို့ လှူလိုက်ကြရအောင်လား။ ဘယ်လိုသဘောရသလဲ"

ဟု သူကြီးဘကြီးအောင်ကြီးမှ ပြောလိုက်ပါသည်။

"စိတ်ကူးချင်းတူလိုက်တာဗျာ။ ကျုပ်လည်း အဲဒီလိုပြောဖို့ရာ တွေးနေတာပဲဗျ"

ဟူ၍ သူကြီးဦးချစ်ဆွေမှ ပြောပါသည်။

အရှေ့မြိုင်သာယာနှင့် အနောက်မြိုင်သာယာ သူကြီးနှစ်ဦး၏ တွေ့ဆုံဆွေးနွေးပွဲမှာ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါသည်။ ရလဒ်ကောင်းများ ထွက်ပေါ်ခဲ့၍ နှစ်ရွာလုံး ဝမ်းသာပျော်ရွှင်လျက်ရှိကြပါသည်။ မနက်ဖြန်တွင် ကျောင်းပြန်လည်ဖွင့်လှစ်တော့မည်ဆို၍ ကျွန်တော်တို့လည်း ပျော်ရွှင်၍နေကြပါသည်။

ညနေပိုင်းတွင် သူကြီးသည် မောင်းထု၍ ရွာသားများကို စုဝေးစေပြီး မနက်ဖြန် လှည်းနွားရှိသော အိမ်ထောင်စုများက လှည်းနွား၊ ထွန်၊ နောက်ချေး ယူဆောင်ခဲ့ကြရမည်။ လှည်းနွားမရှိသူများက ဓား၊ ပေါက်ပြား၊ တောင်းများယူဆောင်၍ လာကြရမည်။ သူကြီးအိမ်ရှေ့လမ်းတွင် စုဝေးစေပြီးမှ ချောင်းထဲသို့ စုရုံးသွားကြရမည်ဟု ပြောကြားပါသည်။

နံနက်စောစောကြီး ရွာတောင်ဖျားဦးသာကျမ်းအိမ်မှာ ဓာတ်စက်ဖွင့်သံကြားရပါသည်၊ တစ်ရွာလုံး နိုးထလာ၍ ခေါ်သံ၊ အော်သံ၊ မေးသံ၊ ထူးသံ၊ ပြောသံ၊ ဆိုသံတို့ဖြင့် ဆူညံ၍လာပါသည်၊ ကျွန်တော်တို့လည်း ကျောင်းမတက်ရသည်မှာ ကြာပြီဖြစ်၍ ယနေ့ ပထမဦးဆုံးကျောင်းတက်ကြရမည်ဖြစ်သောကြောင့် နိုးကြားတက်ကြွ၍ နေကြပါသည်။ ခါတိုင်းနေ့ထက် စောစောစီးစီးပင် ကျွန်တော်တို့အားလုံး မတိုင်ပင်ကြဘဲ အိမ်မှထွက်လာခဲ့ကြပါတော့သည်။

ချောင်းရိုးဝဲယာ သောင်ခုံများတွင် လူများ ဖွေးလျက်ရှိပါသည်။ အချို့ကလည်း တေးသီချင်းများ သီဆိုလျက် ရှိကြသည်။ နောက်ချေးချသည့် လှည်းကချ၊ ထွန်သူများကထွန်၊ ရေတွင်းတူးသူကတူး၊ ခွေရက်သူကရက်၊ ဘောင်ဖော်သူများကဘောင်ဖော်၍ ပျော်ရွှင်စွာ လုပ်အားပေး၍နေကြသည်မှာ ကြည့်နူးဖွယ်ကောင်းလှပါသည်။ ချောင်းရိုးဘေး သနပ်ပင်တွင် လော်စပီကာကြီး ချိတ်၍ ဦးသာကျမ်း၏ ဓာတ်စက်မှ ပြည်လှဖေ၏ နတ်သျှင်နောင် သီချင်းကို ဖွင့်လျက်ရှိပါသည်။

ကျောင်းသို့ ရောက်သောအခါ အနောက်ရွာမှ ကျောင်းသား၊ ကျောင်းသူများသည် ကျွန်တော်တို့ကဲ့သို့ ဝီရိယထားကာ ရောက်နှင့်နေသည်ကို တွေ့ရပါသည်။

"ဟေး ... သူငယ်ချင်းတို့"

ကျွန်တော်က အနောက်ရွာသားများကို ဝမ်းသာအားရ နှုတ်ဆက်လိုက်ရာ

"ဟာ ... အေးမင်းစံကြီး၊ မတွေ့ရတာကြာပြီ။ ဝမ်းသာလိုက်တာ။ ဘောလုံးမကန်ရတာ ကြာပြီဟေ့"

ဟု ပြောကြပါသည်။ ကျွန်တော်တို့ ကျောင်းကလေးမှ လှမ်းမြင်နေရပါသည်။ အရှေ့ရွာ၊ အနောက်ရွာ ကာလသားများ၊ အပျိုမလေးများပါဝင်ကြရာ အချင်းချင်း အပြန်အလှန် နောက်ပြောင်ကျီစယ်လျက် ပျော်ရွှင်၍ နေကြပါသည်။ နေမွန်းတည့်ချိန်တွင် အသံချဲ့စက်မှ –

"အရှေ့မြိုင်သာယာနှင့် အနောက်မြိုင်သာယာမှ လုပ်အားပေး ရွာသူရွာသားများခင်ဗျား။ ကောက်ညှင်းပေါင်းနှင့် ဘူးသီးကြော်များ စားသုံးရင်း အနားယူကြပါရန် ကြေညာအပ်ပါတယ်"

ဟု ဘကြီးကျော်အေးမှ ကြေညာပါသည်။ လုပ်အားပေးနေကြသူများလည်း လုပ်လက်စ အလုပ်များကို ရပ်နား၍ သနပ်ပင်ကြီး၏ အရိပ်ဆီသို့ တပျော်တပါးကြီး ထွက်ခွာသွားကြပါသည်။

ထိုအချိန်တွင် ကျွန်တော်တို့လည်း နေ့လယ်စာစားရန် ကျောင်းဆင်းတော့မည်ဖြစ်၍ သံချောင်းခေါက်သံထွက်ပေါ်လာရာ စာအုပ်များ၊ ကျောက်သင်ပုန်းများကို သိမ်းဆည်းပြီး ဆရာလူကို နှုတ်ဆက်ရန် မတ်တတ်ရပ်လိုက်ကြပါသည်။

"တပည့်တို့ ... အခုမြင်တွေ့နေရတာကို သမဝါယမစံနစ်လို့ ခေါ်တယ်ကွ။ မျှတစွာ ဝီရိယလုပ်အား စိုက်ထုတ်ခြင်းပေါ့ကွာ။ ရရှိလာတဲ့ အကျိုးအမြတ်ကိုလည်း အညီအမျှ ခွဲဝေခံစားရတဲ့ စနစ်ပေါ့။ အဲဒီတော့ ပင်ပန်းမှုလည်း မရှိသလို၊ အောင်မြင်မှုလည်း ရရှိတာပေါ့ကွာ။ တို့နိုင်ငံမှာ မကြာခင် လက်ဝါးကြီးအုပ်အရင်းရှင်စနစ် ကျဆုံးပြီး သမဝါယမပြည်သူပိုင်ခေတ်ကို ရောက်လာတော့မယ်။ ကဲ ... ကဲ ... မင်္ဂလာပါကွာ"

ဟု နှုတ်ဆက်စကား စာသင်တန်းကို ရုပ်သိမ်းလိုက်ပါသည်။

ကျွန်တော်သည် ထိုစဉ်က ဆရာလူ၏ စကားများကို သိပ်ပြီးနားမလည်ပါ။ အရွယ်ရောက်လာသောအခါမှ ထိုစဉ်က ဖျော်လှန်ရေးကောင်စီ ဗိုလ်ချုပ်ကြီးနေဝင်း အစိုးရတက်လာခဲ့ပြီး နိုင်ငံခြားသားများ ပိုင်ဆိုင်သော စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းကြီးများကို ပြည်သူပိုင်သိမ်းလိုက်ပြီး သမဝါယမစနစ်ကို ဖော်ဆောင်ကျင့်သုံးမည့်အကြောင်းကို ကြိုတင်ဟောကိန်းထုတ် ပြောကြားခြင်းဖြစ်ကြောင်း သိရှိနားလည်ခဲ့ရပါတော့သည်။

အထက်ပါ ဇာတ်ကြောင်းကို ပြန်



www.burmeseclassic.com

www.burmeseclassic.com

ကောက်ရလျှင် ထိုညမှစ၍ ချောင်းရိုး အောက်ဘက်ဆီမှ သရဲမီးထွက်ပေါ်ခြင်း များလည်း ကွယ်ပျောက်၍သွားသဖြင့် အားလုံးအံ့သြဝမ်းသာဖြစ်ကြရပါသည်။ အဖျားအနာများလည်း တဖြည်းဖြည်း လျော့နည်းလာ၍ ပိုပြီးအံ့သြဝမ်းသာကြရ ပါသည်။

ထိုနှစ် ကြက်သွန်များသိမ်းချိန်၌ ကြက်သွန်ဥများ တောင်ပုံရာပုံရရှိပါသည်။ ရိတ်သိမ်းချိန်တွင်လည်း နှစ်ရွာစလုံးမှ လုပ်အားပေးများဖြင့် တပျော်တပါးပင် ဖြစ်ပါသည်။ သဲပေါ်တွင် စိုက်ပျိုးထားရှိ ခြင်းဖြစ်၍ နုတ်ရသည်မှာလည်း လွယ်ကူ ပြီး ဆေးကြောရသည်မှာလည်း လွယ်ကူ လှပါသည်။ ဦးသာချမ်း၏ ဓာတ်စက်ဖွင့် ပါသေးသည်။ ညနေစောင်း၍ ကြက်သွန် များ ရေဆေး၊ စုပုံပြီး လှည်းများပေါ်သို့ တင်ဆောင်နေသော အချိန်တွင် ဆရာလူ သည် ဓာတ်စက်ရှိရာသို့ ထွက်ခွာသွားပါ သည်။ ထိုအချိန်၌ သောင်ပြင်အနှံ့ ချောင်းရိုးတစ်လျှောက်တွင် လုပ်အားပေး များသာမက ရွာလုံးကျွတ်မျှ လာရောက် ကြည့်ရှုကြခြင်းဖြစ်၍ လူစုံတက်စုံ ရှိနေ ပါသည်။ ထိုအချိန်တွင် ဘကြီးကျော်အေး ၏အသံ ဓာတ်စက်မှ ထွက်ပေါ်လာပါ သည်။

"လုပ်အားပေးများနှင့်တကွ အရှေ့ မြိုင်သာယာ၊ အနောက်မြိုင်သာယာမှ ရွာ သူရွာသားများ အားလုံးတို့ . . . ဆရာလူမှ စကားအနည်းငယ်ပြောဆိုစရာရှိ၍ ခေတ္တ နားစိုက်ထောင်ပေးကြပါရန် မေတ္တာရပ်ခံ ပါတယ်ခင်ဗျား"

ထိုကြေညာသံ ထွက်ပေါ်လာ သည်နှင့် ရွာသားတို့သည် လှုပ်လှုပ်ရှား ရှားဖြစ်သွားကြပြီး ရောက်ရှိသောနေရာ မှာပင် လုပ်လက်စအလုပ်တို့ကို ရပ်နား လိုက်ပြီး ထိုင်ချလိုက်ကြကာ သနပ်ပင် ကြီးဘက်သို့ မျက်နှာမူ၍ နားစိုက်၍ ထောင်ကြပါသည်။ ကျွန်တော်တို့လည်း ငြိမ်သက်၍ နေလိုက်ကြပါသည်။

"အရှေ့မြိုင်သာယာနှင့် အနောက် မြိုင်သာယာမှ ရွာသူရွာသားတို့ခင်ဗျား။ ပထမဆုံး ဒွာသူရွာသားအားလုံးကို ကျေး ဇူးတင်ကြောင်း ပြောလိုပါတယ်။ စည်းလုံး ညီညာ အောင်ကြောင်းဖြာ ဆိုသလိုပါပဲ။ အခု ရွာနှစ်ရွာ ချစ်ချစ်ခင်ခင် ညီညွတ်ကြ တော့ အောင်မြင်မှုဆိုတဲ့ အသီးအပွင့် တွေကို ရရှိခံစားကြရတာဟာ လက်တွေ့ ပါပဲ။ အခုလို မိုက်နှင့် ပြောရတာကတော့ ရွာသူရွာသားတွေကို တောင်းပန်စရာရှိ လို့ပါပဲ။ အဲဒါကတော့ ချောင်းရိုးထဲက သရဲမီးကိစ္စပါ။ သရဲမီးကို ကျွန်တော်ပြု လုပ်ဖန်တီးတာတော့ မဟုတ်ပါဘူး။ သဘာဝတရားရဲ့ လျှို့ဝှက်ချက်တစ်ခုပါပဲ။ နုန်းမြေနဲ့ ကျောက်တီးမြေဖြူစေးတွေ ရှိ တတ်တဲ့နေရာတွေမှာ မိုးရေကြောင့် ရေ အိုင်ငယ်ကလေးတွေ ဖြစ်နေတဲ့အခါ လကာလည်းသာမယ်၊ ဆီးနှင်းကလည်း ကျနေမယ်ဆိုရင် အဲဒီရေအိုင်ထဲက ရေကို ဖားကြောင့်ပဲဖြစ်ဖြစ်၊ ပုစွန်ကြောင့်ပဲဖြစ် ဖြစ် လှိုင်းဂယက်ထစေရင် လရောင် အလင်းပြန်မှုကြောင့် ရေရဲ့အရိပ်တွေနှင့် အဝေးကကြည့်ရင် မီးလုံးတွေ တက်နေ တယ်လို့ ထင်ရလေ့ရှိပါတယ်။ ခါတိုင်းနှစ် တွေမှာ မတွေ့ရတာက ဆောင်းရာသီမှာ အဲဒီရေချိုင့်တွေထဲ ရေမရှိလို့ပါ။ ဒီနှစ်က နောက်မိုးတစ်မိုးက ရာသီလွန်ရွာချလိုက် တာကြောင့် အဲဒီချိုင့်တွေထဲ ဆောင်း ရာသီမှာ ရေတွေရောက်နေရတာ ဖြစ်ပါ တယ်။ ဘာလို့ အဖျားအနာ ထူပြောကြ ရတာလဲဆိုရင် ရာသီလွန်မိုးကြောင့်ပါပဲ။ ဘာကြောင့် ပထမဆုံးနေ့ညမှာပဲ သရဲမီး ပျောက်သွားသလဲဆိုရင် အဲဒီနေ့ညမှာ အဲဒီရေအိုင်တွေထဲကို အမှိုက်တွေသွား သွန်ပြီး ရေပြင်ကို ဖုံးအုပ်လိုက်လို့ပါ။ တကယ်တော့ ရေချိုင့်ကလေးတွေဟာ အနက်တစ်ထွာ၊ အကျယ်တစ်တောင် လောက်သာရှိတဲ့ ရေအိုင်ကလေးတွေပါ။ ဒီလိုထွက်ပေါ်ခြင်းဟာ သက်တံနဲ့ ပုံစံတူ ပေမဲ့ ဒါကတော့ နုန်းမြေနှင့် ကျောက်တီးမြေ အမျိုးအစားတွေမှာမှ အနယ်ထိုင်ပြီး ဖြစ် လေ့ရှိတာမို့ ဖြစ်ခဲတတ်ပါတယ်။ ချောင်း စောင့်နတ်က လုပ်တာလည်း မဟုတ်ပါ ဘူး။ ကျုပ်ဟာ အချိန်ကိုက်ဖြစ်ပေါ်လာတဲ့ ဒီအကွက်ကို အသုံးပြုပြီး ရွာနှစ်ရွာသင့် မြတ်ရေးအတွက် အသုံးချပြီး လိမ်ညာ ပြောမိပါတယ်။ အဲဒီအတွက် တောင်းပန် ပါတယ်။ ကျုပ်ပြောလိုတာကတော့ ဒါပါပဲ ခင်ဗျာ"

ဟု ဆိုကာ ဆရာလူ၏စကား ပြီး ဆုံးသွားလျှင် ရုတ်တရက် ရွာသူရွာသား များအားလုံး မှင်တက်မိကာ ငြိမ်နေကြ ပြီး အတန်ကြာမှ –

"ဆရာလူကို ခွင့်လွှတ်ပါတယ်။ ကျုပ်တို့ အပြစ်မယူပါဘူး။ ကျေနပ်ပါ တယ်"ဟု နေရာအနှံ့မှ ရွာသားများ၏ အသံများ ထွက်ပေါ်လာပါသည်။

ဤနှစ်တွင် ကြက်သွန်တို့ များပြား လှသဖြင့် ဆရာလူက ကျောင်းဆောက် ရန် ဤမျှမလိုအပ်ပါဟုဆိုကာ ရွာသား များကို ထက်ဝက်ခွဲပြီး ဝေငှယူစေပါ သည်။

ထိုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း ရွာနှစ် ရွာ စုပေါင်း၍ စိုက်ပျိုးကြကာ အညီအမျှ ခွဲဝေယူခဲ့ကြသည်မှာ ဤယနေ့တိုင် ဖြစ် ပါ၏။ နှစ်စဉ် ဆောင်းရာသီရောက်တိုင်း ရွာနှစ်ရွာကြား ချောင်းရိုးတစ်လျှောက်တွင် ညိုမှိုင်းမှောင်လျက်ရှိသော ကြက်သွန်စိုက် ခင်းကို တစ်မျှော်တစ်ခေါ် လှပစွာ မြင် တွေ့နေကြရမြဲ ဖြစ်ပါ၏။

(ဆရာလူနှင့်တကွ ထိုခေတ်ထို အခါက ရှေးလူကြီးများကို အောက်မေ့ တသစွာဖြင့် ဂါရဝပြုရင်း ဤဝတ္ထုကို ရေးသားတင်ဆက်ရခြင်း ဖြစ်ပါသည်။ စာရေးသူ)

ဘိုဘို(ရွှေကျင်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေပြန်လှူသွားသည့် ဆေးမြစ်

■ ခင်မောင်အေး(မန္တလေး)

အရှေ့ဆီမှ နေဝန်းနီနီက မပြူ့တပြူ့ ထွက်ပေါ်လာချေလေပြီ။ အိပ်တန်းမှ ဆင်းလာကြသည့် ငှက်ကျေးသာရကာများသည်လည်း သံသာချိုတေး အော်မြည်ဟစ်ကြွေးနေကြလေသည်။ ထိုအချိန်တွင် အနုရာဓမြို့အလုံးနိုးကြားထကြွလျက် အသီးသီး အသကအသက ကိုယ်စီလှုပ်ရှားလျက် လုပ်ငန်းခွင်များရှိရာသို့ ဦးတည်သွားလာနေချေပြီ။ အနုရာဓမြို့အတွင်းသို့ ဝင်ရောက်လျက် အရပ်ရှစ်မျက်နှာ လှည့်လည်ကာ အစာရှာဖွေ စားသောက်နေရသော တစ္ဆေမကြီးတစ်ဦးသည် သားငယ်တစ္ဆေငယ်နှစ်ယောက်ကို လက်ဆွဲ၍ ထွက်လာခဲ့၏။ သည့်နောက် တစ္ဆေမကြီးသည် သားငယ်နှစ်ဦးကို ထူပါရာမကျောင်းတိုက် အုတ်တံတိုင်းအနီးတွင် ထားရှိခဲ့ပြီး အနုရာဓမြို့အတွင်းသို့ ပြုလုပ်နေကျအတိုင်း အစာရှာဖွေရန် ဝင်ရောက်သွားလေသည်။

ထူးထူးခြားခြား သည်ကနေ့မှာ ပွဲလမ်းသဘင်လည်း မရှိပါဘဲနှင့် အစာကို လွယ်လွယ်ကူကူ ရှာဖွေ၍မရနိုင်ဖြစ်ရ၏။ သည်တစ်နေရာမှ ဟိုတစ်နေရာ၊ ဟိုနေရာမှ သည်နေရာ ပြေးကာသွားကာ သွားလာလှုပ်ရှား ရှာဖွေနေသော်လည်း အစာကို မရနိုင်ဖြစ်နေချေသည်။ အချိန်တွေလည်း ကုန်လှပြီ။ နေသည်း အတော်ပင် မြင့်ပြီ။ တစ္ဆေမကြီးကဲ့သို့ အစာရှာဖွေနေကြသည့် အသူရကာယ်ဘုံသား တစ္ဆေ၊ သရဲ၊ မှင်စာများနှင့် ပြိတ္တာများသည်လည်း အရပ်လေးမျက်နှာအနှံ့ များပြားလှသဖြင့် အစာကလွယ်ကူစွာ ရှာမရနိုင်ဖြစ်နေရ၏။

အနုရာဓမြို့ အပြင်ဘက် ထူပါရာမကျောင်းတိုက် အုတ်တံတိုင်းအနီးတွင် အရိပ်ခိုကာ မိခင်တစ္ဆေမကြီး ပြန်အလာကိုစောင့်မျှော်နေကြသော တစ္ဆေလေးနှစ်ဦးသည်လည်း အတော်ကြီးပင်မွတ်သိပ်ဆာလောင်နေကြပြီ ဖြစ်ပေသည်။ ထိုအချိန်တွင် ထူပါရာမကျောင်းတိုက်အတွင်းမှ အရှင်ပိဏ္ဍပါတိကမထေရ်သည် မြို့တွင်းသို့ ဝင်ရောက်၍ ဆွမ်းခံကြွရန် ထွက်လာခဲ့သည်။ ရဟန်းကိုတွေ့မြင်ကြရသော တစ္ဆေငယ်နှစ်ဦးက အရှင်ပိဏ္ဍပါတိကမထေရ် ရှေ့မှောက်သို့ သွားရောက်လျက် ကိုယ်ထင်ပြလိုက်ပြီး...

"အရှင်သူမြတ်ဘုရား။ တပည့်တော်တို့နှစ်ယောက် လျှောက်ထားပါရစေဘုရား။ တပည့်တော်တို့၏ မိခင်တစ္ဆေမကြီးသည် မြို့အတွင်းသို့ သွားရောက်လျက် အစာရှာဖွေနေသည်မှာ အတော်ကြာနေပါပြီ။ တပည့်တော်တို့လည်း ယခုအချိန်အထိတိုင် အစာမစားရသေး၍ ဆာလောင်နေကြပါပြီ။ မိခင်ပြန်လာပါဟု သူမ၏သားငယ်နှစ်ယောက်က မှာလိုက်ပါကြောင်း ပြောပြပေးပါ အရှင်မြတ်ဘုရား"

ဟု လျှောက်ထားကြသည်။

ထိုအခါ အရှင်ပိဏ္ဍပါတိကမထေရ်က တစ္ဆေငယ်လေးနှစ်ဦးအား ဤသို့မေးမြန်း၏။

"သင်တို့နှစ်ဦး၏ မိခင်တစ္ဆေမကြီးကို ငါလည်း တစ်ကြိမ်တစ်ခါမျှ မမြင်စဖူး။ သိလည်းမသိဖူးခဲ့ပါ။ သို့ဖြစ်၍ ငါက သင်တို့၏မိခင်ကို ဘယ်လိုမြင်နိုင်ပါ့မတုံး"

တစ္ဆေငယ်လေးနှစ်ဦးက မထေရ်အား ဆေးမြစ်တစ်ခုကို ထုတ်ပေးပြီး သူတို့၏မိခင် တစ္ဆေမကြီး၏ ပုံပန်းသဏ္ဌာန်ကိုလည်း အသေအချာ ပြောပြလိုက်လေသည်။ သည့်အပြင် ယခု သူတို့ကပေးလိုက်သော ဆေးမြစ်အစွမ်းကြောင့် တစ္ဆေမကြီးကို မြင်နိုင်လိမ့်မည်ဖြစ်ပါကြောင်း ပြောပြလိုက်ကြ၏။

အရှင်ပိဏ္ဍပါတိက မထေရ်လည်း တစ္ဆေလေးနှစ်ဦးပေးလိုက်သည့် ဆေးမြစ်ကိုကိုင်ဆောင်ပြီး မြို့တွင်းသို့ ဆွမ်းခံကြွရန် ဝင်ရောက်ခဲ့လေသည်။ ဤသို့ ဆွမ်းခံလျက် ဝင်လာနေစဉ်အခိုက် မြို့တွင်းလမ်းတစ်လျှောက် ငါးစိမ်းတန်း၊ အသားဈေးတန်း၊ ကြက်၊ ဘဲ၊ ဝက်ရောင်းချသော ဈေးတန်းများတစ်ဝိုက်တွင်လည်းကောင်း၊ အရိုးအရွဲ အပုပ်အစပ်များ၊ အမှိုက်သရိုက်၊ အညစ်အကြေးများ စွန့်ပစ်ရာ အမှုက်ပုံတို့တွင်



www.burmeseclassic.com

www.burmeseclassic.com

ယက်ဖယ်နိုက်ထုတ် ရှာဖွေစားသောက် နေကြသည့် သရဲ တစ္ဆေ မှင်စာ ပြိတ္တာများစွာတို့ကို မြင်တွေ့ရ၏။ မထေရ်သည် တစ္ဆေလေးနှစ်ဦး မှာကြားလိုက်သည့် အမှတ်အသားအတိုင်း သူတို့၏မိခင် တစ္ဆေမကြီးကို လိုက်လံကြည့်ရှုရှာဖွေသည့်အခါ မြို့လယ်အိမ်တစ်အိမ်၏ နောက်ဘက်တွင် တွင်းတူးမြှုပ်နှံထားသည့် မီးဖွားပြီးစ ကိုယ်ဝန်သည်တစ်ဦး၏ ကလေးငယ်မီးဖွားရာမှ ထွက်ရှိလာသော အချင်း၊ အညစ်အကြေးများ၊ အရိအရွဲများ၊ သွေးများ ချင်းချင်းနီရဲသော အပိုင်းအစများကို ယက်ဖယ်ရှာဖွေဖော်ယူလာသည့် တစ္ဆေမကြီးကို မြင်လိုက်ရလေသည်။ တစ္ဆေမကြီးသည် ရှာဖွေရရှိလာသော အညစ်အကြေးများကို သယ်ယူလာရင်း အရှင်ပိဏ္ဍပါတိက၏ အပါးသို့ ရောက်ရှိလာ၏။ အရှင်ပိဏ္ဍပါတိကသည် တစ္ဆေမကြီး၏အပါးသို့ သွားရောက်ကာ သားတစ္ဆေကလေးနှစ်ယောက်၏ အမှာစကားကို ပြောကြားလိုက်သည်။

"တစ္ဆေမကြီး…ထုပါရာမကျောင်းတိုက်၏ အပြင်ဘက် အုတ်တံတိုင်းအနီးတွင် တစ္ဆေမကြီး၏သား တစ္ဆေကလေးနှစ်ယောက်ကို တွေ့ရှိခဲ့ရပါသည်။ သူတို့က တော်တော်ဆာလောင်မွတ်သိပ်နေကြပါပြီ။ မိခင်တစ္ဆေမကြီး အမြန်ပြန်လာပါဟု မှာကြားလိုက်ပါသည်။ သို့ဖြစ်၍ တစ္ဆေမကြီး အမြန်ပြန်ပါတော့"

အရှင်ပိဏ္ဍပါတိကက ယင်းသို့မိန့်လိုက်သဖြင့် တစ္ဆေမကြီး ရုတ်တရက် လန့်ဖျပ် တုန်လှုပ်သွားသည်။

"ဟင်…ဟုတ်ပါရဲ့။ ကျွန်တော်မျိုးမ အစာရှာဖွေရာတွင် အလားတူရှာဖွေနေကြသူတွေ များလှ၍ နှောင့်နှေး ကြန့်ကြာနေခြင်း ဖြစ်ပါသည်။ ယခု သူတို့အတွက် အစာရှာဖွေရရှိပြီဖြစ်ပါသောကြောင့် ပြန်ပါတော့မည်။ ဒါထက် တစ်ခုမေးပါရစေဦး အရှင်ဘုရား…။ ကျွန်တော်မျိုးမအား အရှင်မည်ကဲ့သို့ မြင်တွေ့ရပါသလဲဘုရား"

တစ္ဆေမကြီးက အရှင်ပိဏ္ဍပါတိကမထေရ်အား မေးလိုက်လေသည်။

"ကျွန်ုပ်အား သင်၏သားငယ် တစ္ဆေကလေးနှစ်ဦးက ဆေးမြစ်တစ်ခု ပေးလိုက်ပါသည်။ သင့်ကို ကျွန်ုပ်မြင်ရခြင်းမှာ ဤဆေးဖြစ်၏ အစွမ်းကြောင့်ပင် ဖြစ်ပါလိမ့်မည် ထင်ပါ၏"

အရှင်ပိဏ္ဍပါတိကမထေရ်၏ ဖြေကြားချက်ကို ကြားလိုက်ရသည့် တစ္ဆေမကြီးသည် ပြူးတူးပျာတာ ကယောင်ချောက်ချား ဖြစ်သွားသည်။ သူမ၏ စိတ်တွင်းမှလည်း မဆင်မခြင် မစဉ်းမစားဘဲ ဆေးမြစ်ကို ရဟန္တာမထေရ်မြတ်အားပေးလိုက်ကြသော သားတစ္ဆေကလေးနှစ်ယောက်ကိုလည်း ကျိန်ဆဲလိုက်မိသည်။ သည့်အပြင်လည်း သားတစ္ဆေနှစ်ယောက် မထေရ်မြတ်အား ပေးလိုက်သည့် ဆေးမြစ်ကို တစ်နည်းတစ်ဖုံပြန်ယူမှပဲဟု တွေးတောကြံစည်မိလေသည်။ သို့ဖြစ်၍ မထေရ်မြတ်အား မေးမြန်းလျှောက်ထားလိုက်သည်။

"အရှင်မြတ်ဘုရား။ ကျွန်တော်မျိုးမကို တစ္ဆေလေးတွေ ပေးလိုက်တယ်ဆိုတဲ့ ဆေးမြစ်ကို ပြစမ်းပါဦး အရှင်ဘုရား"

အရှင်ပိဏ္ဍပါတိသည် မြတ်ဘုရား၏သားတော် အဘိညာဉ်ရ ရဟန္တာဖြစ်သည်။ သူတော်စင်တစ်ဦးပီပီ ထွေလီကာလီ စိတ်ကူးမရှိ၊ တောင်တောင်အီအီ မတွေးတော။ လက်အတွင်းမှ ကိုင်ဆောင်လာသည့် ဆေးမြစ်ကို လက်ဖဝါးဖြန့်၍ ပြသလိုက်၏။

တစ္ဆေမကြီးသည် မဆွကာပင် ကြိုတင်ကြံစည် စိတ်ကူးထားသည်ဖြစ်ရာ မထေရ်က လက်ဖဝါးကို ဖြန့်၍ ပြလိုက်သည်နှင့် တစ်ပြိုင်နက် ဆေးမြစ်ကို ဖတ်ခနဲ လုယူလိုက်ပြီး ရုတ်ချည်းထွက်ပြေးပျောက်ကွယ်သွားလေသည်။ တစ္ဆေမကြီးက ဆေးမြစ်ကို လုယူသွားသည့်အခါ၌ကား အရှင်ပိဏ္ဍပါတိကမထေရ်သည် တစ္ဆေမကြီးကိုလည်းကောင်း၊ ခပ်စောစောကကဲ့သို့ လှုပ်ရှားသွားလာလျက်ရှိသည့် သရဲ၊ တစ္ဆေနှင့် ပြိတ္တာများကို မတွေ့မမြင်ရတော့။

အရှင်ပိဏ္ဍပါတိမထေရ်သည် မိမိလုပ်ရိုးလုပ်စဉ် နိစ္စဓူဝလုပ်နေကျအတိုင်း အနုရာဓမြို့အတွင်းသို့ ဆွမ်းခံရန် ဆက်လက်ထွက်လာခဲ့လေသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေးသုံးပါးကို အနုလုံ ပဋိလုံ ပွားများလျက် ခပ်သွက်သွက် လျှောက်လှမ်းလာလိုက်သည်။ နေမွန်းမတည့်မီ ထုပါရာမကျောင်းတိုက်ကြီးဆီ ရောက်အောင်ပြန်ရဦးမည်မဟုတ်ပါလား။

## ခင်မောင်အေး(မန္တလေး)

*ကျမ်းကိုး* ။

မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊

စူဠကုလဒါယိသုတ်"

တက္ကသိုလ်ရှင်သီရိ(မွေ့စရိယ၊ ဘီအေ)၏ ပြိတ္တာလောက ဖြစ်ရပ်ဆန်းများ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာပြည်မှာ ငွေတွေချည်း

ဖိုးကျော့

ကျွန်တော်တို့ ပင်လယ်နားမွေး။ ပင်လယ်နားကြီး၊ ပင်လယ်နားပျော်လူတွေအတွက် အမှိုက်သရိုက်ကစပြီး ငွေကြေးပိုက်ဆံ ရနေကြသည်မှာ ဆယ်စုနှစ် သုံးခုခန့် ရှိပြီ။

ယခင့်ယခင်က ပင်လယ်လှိုင်းလုံးကြီးများနှင့် မျောပါလာသော ကျောက်ကြိုး၊ ကျောက်မွှတ်၊ ကျောက်ပွင့်၊ ကျောက်ခက်ဆိုလျှင် ပင်လယ်နား သဲသောင်ခုံတွေမှာ မြင်မကောင်း။ ရှုမကောင်းလောက်အောင်ကို တောင်ပုံယာပုံ ပြန့်ကျဲနေသည်။

သားငါးရှာမရသော တစ်နေ့တလေတွင် အနည်းငယ် ကောက်ပြုတ်၊ သုပ်တို့ မြှုပ်စားရုံကလွဲပြီး မက်မက်မောမော ဘယ်လူမှ မရှိကြ။ ဤသည်မှာ ယခင်နှစ်ပေါင်း သုံးဆယ်ကျော်လောက်က ဖြစ်သည်။

ယခု ထိုသို့မဟုတ်ပြီ။ ပင်လယ်နားနေ၊ ပင်လယ်နားပျော်သူများသည် ကျောက်ခက်တစ်ခက်၊ ကျောက်ပွင့်တစ်ပွင့်ကအစ ပိုက်ဆံရမှန်းသိလာကြသဖြင့် ကလေးသူငယ်များပါမကျန် မိုးပင်မလင်းသေး ပင်လယ်ကမ်းခြေ



www.burmeseclassic.com

www.burmeseclassic.com

နား ရောက်သွားကြပြီ။ ကျောက်ပွင့်၊ ကျောက်ခဲ၊ ကျောက်မှတ်တွေကို သူဦး၊ ငါဦး လုကောက်၍ စုနေကြပြီ။

အကြောင်းဘယ်က ဘယ်လို စလာသည်မသိ။ မြို့ပြ ကို အရောက် အပေါက်ရှိတတ်သော ဦးမြစိန် ဆိုသူ နှင့် မြို့ပေါ်ကပါလာသော ညွှန့်သည် တစ်ယောက်သည် ကျောက်ကြိုး၊ ကျောက်ပွင့်၊ ကျောက်ခဲ၊ ကျောက် မှတ်ပါ ဝယ်သည်က စလေသည်။

ယခင်က မည်သူမျှ တန်ဖိုး မထားသော ပင်လယ်နားက ကျောက် ကြိုး၊ ကျောက်ပွင့်၊ ကျောက်ခဲ၊ ကျောက်မှတ်တွေမှာ တစ်ပိဿာ တစ် ဆယ်မှ ငါးဆယ်၊ တစ်ရာထိ ဖြစ်သွား သည်။ ထို့နောက် ပင်လယ်ကမ်းခြေ တွင် အနှစ်နှစ် အလလက ပစ်ထား ကြသော ခရုခွံ၊ ပေါင်းခွံ၊ ကနုကမာခွံ များကို ဦးမြင့်စိန်နှင့်အဖွဲ့က လိုက်ဝယ် ကြရာ ပင်လယ်ကမ်းခြေတစ်လျှောက် ရှိ ရွာတွေမှာ ကလေးသူငယ်များ ကစားစရာပင် ခရုခွံ၊ ပေါင်းခွံ မကျန် တော့သလောက် ဖြစ်သွားသည်။

ဤသည်နှင့် မပြီးသေး။ တစ် ဆင့်တက်လာပြန်သည်မှာ ပင်လယ် နားတွင် တောထ အလေ့ကျပေါက် နေသော ပင်လယ်ကြက်သွန်ဥ၊ စံပန်း သီး၊ စလူသီး၊ ကလိန်သီးများပါ ဝယ် လာကြပြန်၏။ ကျောက်ကြိုး၊ ကျောက် မှတ်ကစသော အဝယ်ဇာတ်လမ်း မပြီးသေး။

ပင်လယ်နားနေသူများ လုံးဝ စားရကောင်းမှန်းမသိသော ရေခူနှင့် သားငါးပုစွန်၊ ကဏန်းပေါင်ကောင်၊ သဲပလုပ်ကအစ ဝယ်လာကြပြန်၏။ ပင်လယ်ထဲက ရေသတ္တဝါတွေ ကုန် သလောက်ဖြစ်သွားသောအခါ ... တောတောင်ရေမြေထဲက ကုက္ကိုစေ့၊ မန်ကျည်းစေ့ကအစ အစေ့အဆန်၊ အရွက်အသီး၊ အပွင့်အပင် ပဋ္ဌငါးပါး အကုန်လိုက်ဝယ်ကြပြန်၏။ တိရစ္ဆာန် များဆိုလျှင် ပုတ်သင်ညို၊ ကင်းလိပ် ချော ကင်းခြေများ၊ ကင်းမလက်မည်း ကစပြီး၊ တောတိရစ္ဆာန်ဆင်ကြီးများ၊ ကျားကြီး၊ ဝက်ဝံကြီးများအဆုံး ခြေ သေး၊ လက်သေး၊ အမွေးအမှင်၊ အူ သိမ်အူမ၊ သည်းခြေ၊ ကပ္ပိအိတ်ပါ မကျန် ဦးမြစိန်တို့အဖွဲ့က လိုက်ဝယ် နေကြ၏။ ဤသို့ မြန်မာပြည်မှာ ငွေ တွေချည်းဖြစ်လာသည်မှာ ဈေးကွက် စီးပွားရေးကြောင့်ဟု ဦးမြစိန်က ရွာသူ ရွာသားတွေကို ရှင်းပြ၏။

သည်လိုနှင့် ယခုတစ်ခါ ...။

***   ***

"အဘိုး ... အဘိုး၊ ဦးမြစိန် တို့အဖွဲ့က တောက်တဲ့ဝယ်နေကြပြန် ပြီတဲ့"

ရွာမြောက်ဖျားက ပြေးလာပြီး အမောတကောပြောလိုက်သော မြေး ငမောင်၏ စကားကြောင့် အိမ်ရှေ့တွင် မိုးနီးဖြာနေသော ဦးလုံး ပါးစပ် အဟောင်းသား ဖြစ်သွား၏။ မယုံ သင်္ကာသံနှင့်လည်း သူ့မြေးကို ထပ် မေး၏။

"ဟေ ... ဟုတ်ရဲ့လာ ငါ့မြေး"

"အို ... ဘိုးဘိုးကလည်း၊ ဟုတ်ပါတယ်ဆိုမှ။ တစ်ရွာလုံးကလူ တွေ တောက်တဲ့ဖမ်းဖို့ လုပ်နေကြပြီ"

"ဗုဒ္ဓေါ ..."

ဦးလုံးသည် အံ့ဩစွာနှင့် သူ့ မြေးကို ငေးကြည့်နေစဉ် ရွာမြောက် ဖျားဘက်က လျှောက်လာနေသော သူ့တူ လှဆောင်ကို မြင်သဖြင့် သူ့ မြေးငယ်ပြောတာ ဟုတ်မဟုတ် လှမ်း မေးရပြန်၏။

"ဟေ့ ... လှဆောင်၊ မြစိန်တို့ အဖွဲ့က တောက်တဲ့ဝယ်နေကြပြန်ပြီ ဆိုကွ"

"ဟုတ်တယ် ဘကြီး။ တောက် တဲ့တစ်ကောင် ငါးရာပေးမယ်ပြော တယ်။ အသေးလေးတွေတော့ မယူ ဘူးပြောတယ်"

"ဟေ ... တောက်တဲ့များ ဒီ ကောင်တွေ ဘာလုပ်ကြမလို့ပါလိမ့် နော်။ ဟုတ်မှဟုတ်ပါရဲ့လား ... လှဆောင်ရာ"

"ဟာ ... ဘကြီးကလည်း မဟုတ်ဘဲနဲ့တော့ ငွေတွေအလဟဿ အကုန်ခံပြီး အရူးမို့ ဝယ်မလားဗျ အရင်ကလည်း သူဝယ်တဲ့ ကျောက် ကြိုး၊ ကျောက်မှတ်၊ စံပန်းသီး၊ ဇလူ သီး၊ သစ်ကလိန်သီးတွေကို ဟိုဘက် ကမ်းမှာ ဈေးသိပ်ကောင်းတယ်တဲ့ ဘကြီးတို့၊ ကျွန်တော်တို့သာ မသိကြ တာ။ ခုလည်း ဦးမြစိန်ကြီးက ဒီမှာ တစ်ကောင် ငါးရာပေးဝယ်ပြီး ဟို ဘက်ကမ်းမှာ ဘယ်နှထောင်နဲ့ သွား ရောင်းမလဲမှ မသိတာ။ သူ့ဘာသာ သူ ဟိုဘက်ကမ်းမှာ ဘယ်နှထောင် နဲ့ရောင်းရောင်း လောလောဆယ် ကျွန်တော်တို့ တောက်တဲ့တစ်ကောင် ငါးရာရဖို့ အရေးကြီးတယ်။ အဲဒါ ကြောင့် ခု တောက်တဲ့ဖမ်းဖို့ ကျွန် တော်ပြန်လာတာ"

"အေးလကွာ။ တောက်တဲ့တစ် ကောင် ငါးရာဆိုတော့လည်း ..."

ဟုပြောကာ ဦးလုံးသည် နီးဖြာ



www.burmeseclassic.com

www.burmeseclassic.com

နေရာက ချက်ချင်းထလိုက်၏။

ယခင့်ယခင်က သူတောက်တဲ့တွေ့ဖူးထားသော၊ တောက်တဲ့မြည်သံကြားဖူးထားသော နေရာများကို သူများမဦးအောင် မြန်မြန်ပြေးမှ ဖြစ်တော့မည်။

ဦးလုံးတို့တစ်ရွာလုံးရှိ ယောက်ျားမိန်းမ၊ ကလေးသူငယ်များကပါ တောက်တဲ့လိုက်ဖမ်းကြသောအခါ တစ်ရက်၊ နှစ်ရက်အတွင်းမှာပင် ရွာနားဝန်းကျင်၌ တောက်တဲ့တွေ ရှားပါးသွားသည်။

ညောင်ပင်ခေါင်း၊ သစ်ပင်ခေါင်း၊ ဇရပ်အိုး၊ ဇရပ်ပျက်၊ ကျောင်းအိုး၊ ကျောင်းပျက်၊ စေတီအိုး၊ စေတီပျက်မကျန် တောက်တဲ့ရှာသူ၊ တောက်တဲ့ဖမ်းသူတွေနှင့် တစ်ရွာလုံး၊ တစ်နယ်လုံး ရှုပ်ယှက်ခတ်နေကြသည်။

သူတို့၏ တောက်တဲ့အရှင်ဖမ်းနည်းမှာလည်း လွယ်လွယ်လေးပင်။ တစ်လံနှစ်လံ့ရှည်သော ဝါးခြမ်းပြား သုံးလေးပြား၊ ဆေးရွက်ကြီးတစ်ထွေး၊ သို့မဟုတ် ဆေးပြင်းလိပ်တို တစ်ပိုင်း– နှစ်ပိုင်း၊ တောက်တဲ့ထည့်ရန် အသွားအရှင်ပါသော ငါးရှဉ့်ဖမ်းမြှုံးလေးတစ်လုံးဆိုလျှင် တောက်တဲ့ဖမ်း၍ ရပြီ။

ပထမဦးဆုံး တောက်တဲ့တစ်ကောင်ကို တွေ့အောင်ရှာရသည်။ တောက်တဲ့တစ်ကောင်တွေ့ပြီဆိုလျှင် ဆေးရွက်ကြီး၊ သို့မဟုတ် ဆေးပြင်းလိပ်တိုကို ပါးစပ်ထဲ ထည့်ဝါးရ၏။ ဝါးခြမ်းပြားကို ထိပ်ခွဲပြီး ဆေးဝါးဖတ်ကို ညှပ်ကာ တောက်တဲ့ကို မြင်သာအောင် ပြရ၏။

ဝါးခြမ်းပြားထိပ်က ဆေးဝါးဖတ်ကို အစာထင်ပြီး တောက်တဲ့သည် လူများခေါ်ရာကို တွားသွားလိုက်ပါလာသည်။ လူက တောက်တဲ့ပါးစပ်နား ဆေးဝါးဖတ် ဝါးခြမ်းပြားကို ထိုးပေးလိုက်သောအခါ တောက်တဲ့က ဆေးဝါးဖတ်ကို ထိုးဟပ် ဝါးမျိုပစ်လိုက်သည်။

ဆေးဝါးဖတ်ကို အစာထင်ပြီး ထိုးဟပ်ဝါးမျိုပစ်လိုက်သော တောက်တဲ့မှာ ငါးမိနစ်ပင်မကြာ ဆေးရွက်ကြီးမူးပြီး အောက်ကို ပြုတ်ကျလာ၏။ သာမန်အားဖြင့် တောက်တဲ့၏ ခြေလက်တို့မှာ တစ်ခုခု၊ တစ်နေရာရာကို ကပ်ထားလျှင် လုံးဝခွာမရလောက်အောင် ခိုင်မြဲသော်လည်း ဆေးဝါးဖတ်မူးနေသော တောက်တဲ့မှာ ဆေးမူးပြီး အောက်ကို ပြုတ်ကျလာသည်အထိ မူးနေတုန်းပင် ဖြစ်သည်။ သို့သော် နောက်ထပ် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ကြာလျှင် အမူးပြေ၍ အကောင်းပကတိ ပြန်ဖြစ်သွား၏။

ဆေးမူးပြီး အောက်တွင် စန့်စန့်ကြီးဖြစ်နေသော တောက်တဲ့ကို လူတွေက မြှုံးထဲ ကောက်ထည့်လိုက်ရုံသာ။ သည်လိုနှင့် ဦးလုံးတို့ တစ်ရွာလုံးနှင့် သူတို့ပတ်ဝန်းကျင် ရွာနီးနားကပါ တောက်တဲ့တစ်ကောင်ကို ငါးရာနှုန်းနှင့် ရောင်းချကြရန် ဟိုဘက်ကမ်းပြန်သွားသော ဦးမြစိန်တို့အဖွဲ့ကို စောင့်နေကြသည်။

ဦးမြစိန်တို့ တောက်တဲ့ဝယ်အဖွဲ့ ပြန်ရောက်လာ၏။ သို့သော် အကြီးကောင်တွေကသာ ငါးရာပေးပြီး၊ အငယ်ကောင်တွေကို ကြီးစဉ်ငယ်လိုက် လေးရာ၊ သုံးရာ၊ နှစ်ရာ ဈေးဖြတ်၍ ဝယ်ကြ၏။

ဦးလုံးက ဦးမြစိန်အား –

"ဟေ့ကောင် မြစိန်၊ မင်းတို့ ဒီတောက်တဲ့တွေကို ဘာလုပ်ဖို့လဲ။ တရုတ်တွေ စားလို့လား"

ဟု မေးကြည့်၏။

"ဘကြီးကလည်း ဒီလောက် ဆေးဖက်ဝင်တဲ့ တောက်တဲ့ကို ဘယ်စားမလဲဗျ။ ဆေးဖော်တာပေါ့"

"ဟေ ... ဘယ်လိုဆေးတွေ ဖော်ကြလဲကွ"

"ဘယ်လိုဆေးမျိုး ဖော်ကြတာလဲတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော်သိတာ တစ်ခုကတော့ မှိုတောက်၊ မျှစ်တောက်၊ တညင်းသီးတောက်တာကအစ ဘာအစားမှားလို့ တောက်တောက် အဆိပ်တောက်ရင် တောက်တဲ့ကို ပြာချပြီး သောက်ရင် အဆိပ်တောက်တာတွေ ပျောက်တယ်တဲ့။ တောက်တာတွေဟူသမျှ တည့်တဲ့သဘောပဲ ဘကြီးရာ။ အဲဒါကြောင့် သူ့နာမည်ကိုက တောက်တဲ့ဆိုမှုတ်လား"

"ဟေ ... ဟုတ်လား။ မင်းပြောမှ ငါတို့ကြားဖူးပါတယ်ကွာ။ ဒါဆို တောက်တဲ့က သိပ်ဆေးဖက်ဝင်တဲ့ အကောင်ပါလား"

"ဟုတ်တာပေါ့ ဘကြီးရာ။ ကျွန်တော်တို့ မသိကြလို့သာ။ သိသာသိကြရင် ကျွန်တော်တို့မြန်မာပြည်မှာ ငွေတွေချည်းပါဆို"

"အေးဟ ..."

တောက်တဲ့က ဆေးဖက်ဝင်သည်ဆိုသဖြင့် ဦးလုံးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

**မိုးကျော်**



www.burmeseclassic.com

www.burmeseclassic.com

# သူတော်မောင်မောင် နှင့် သူ၏မိတ်ဆွေများ

■ ဝဏ္ဏလင်းထက်

တစ်ခုသော အင်္ဂါနေ့၏ နံနက် ၁၀ နာရီ ...။

မောင်သာအေး၊ မောင်အေးဆွေ၊ မောင်လှမော် ဟူသော အသက် ၂၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ လူငယ်သုံးယောက်တို့သည် ဆူးလေစေတီတော်၏ တောင်ဘက်တန်ဆောင်းတွင် ဘုရားဝတ်ပြုလျက်ရှိကြသည်။ ပြီးလျှင် ထိုတန်ဆောင်းမှပင် သူတော်မောင်မောင်ဟူသော ပုဂ္ဂိုလ်ကြီးကို စောင့်မျှော်လျက် ရှိလေသည်။ ဆယ့်ငါးမိနစ်ခန့် အကြာတွင် ယင်းတို့မျှော်နေသော ပုဂ္ဂိုလ်ကြီးနှင့် မျက်နှာစိမ်းအမျိုးသားကြီးတစ်ယောက် တောင်ဘက်စောင်းတန်း လှေကားထစ်များမှ တက်လာသည်ကို တွေ့ကြရလေသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ သူတော်မောင်မောင်နှင့် သက်တူရွယ်တူ ၅၀ ကျော် ၆၀ နှစ်အတွင်းဟု ခန့်မှန်းရသည်။ ထိုလူငယ်တို့နှင့် သူတော်မောင်မောင်တို့မှာ ဤစေတီတော်၏ ဤတန်ဆောင်းမှာပင် ဓမ္မမိတ်ဆွေများအဖြစ် အမှတ်မထင် တွေ့မြင်ခင်မင်ခဲ့ကြသည်မှာ နှစ်များပင် မနည်းလှတော့ပေ။ အသက်အရွယ် မတူကြသော်လည်း ဓမ္မမိတ်ဆွေများပီပီ အပြန်အလှန် လေးစားကြည်ညို ချစ်ခင်တွယ်တာကြသူချင်း ဖြစ်ချေသည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့် ပမာတည်း ...။

ပုဂ္ဂိုလ်များ ရင်ပြင်တော်သို့ ရောက်သော် လူငယ်တို့က ခရီးဦးကြိုဆိုခဲ့ကြသည်။ ထိုပုဂ္ဂိုလ်တို့က အပြုံးဖြင့် တုံ့ပြန်မှု ပြုခဲ့သည်။ ယင်းတို့နှစ်ဦးသည် ကောဏာဂါမနဘုရားရုပ်ပွားတော်မြတ် ရှေ့ထံဝယ် ရှိသေလေး မြတ်စွာ ရှိခိုးကန်တော့ကြသည်။ ပြီးလျှင် သူတော်မောင်မောင်က လူစိမ်းပုဂ္ဂိုလ်ကို မေးဆတ်ပြကာ –

"ဒါက ဦးရဲ့ ငယ်သူငယ်ချင်းကိုသာယာကွ။ သူက ရွှေပေါက်ကံမှာနေတာ။ ဘုရားကိုးဆူဆရာ ဖိုးသာယာဆိုရင် အဲဒီနယ်မှာ မသိသူ အရှားသားကွ။ သူက စာပေဝါသနာရှင်ဟေ့။ စာလေးဘာလေးလည်း ရေးတယ်ဟ။ နိုက်နိုက်ချွတ်ချွတ်သိချင်၊ စပ်စုချင်တဲ့ မင်းတို့အတွက် အားကိုးရမယ့်သူပဲကွ။ ဒါကြောင့် မင်းတို့နဲ့ မိတ်ဆက်ပေးဖို့ တစ်ခါတည်း ခေါ်လာတာဟေ့"

ထိုအခါ မောင်သာအေးက –

"ဦးလေးသူတော်ရဲ့ ငယ်သူငယ်ချင်းဆိုတော့ ကျွန်တော်တို့အတွက်လည်း မိတ်ကောင်းဆွေ
ကောင်း ဖြစ်မှာပါ။ ဦးလေးသူတော်
ကျွန်တော်တို့က အပတ်စဉ် အင်္ဂါနေ့
ဒါမှမဟုတ် သောကြာရဲ့ မနက် ၁
နာရီမှာ ဒီနေရာမှာ တွေ့ကြတယ်
ဓမ္မစကားတွေ ဆွေးနွေးကြတယ်
မသိတာကို ကျွန်တော်တို့က မေး
တယ်။ ဦးလေးသူတော်က ဖြေနိုင်တာ
ကို ဖြေတာပေါ့။ မဖြေနိုင်ရင်တော့
စာတွေရှာဖတ်၊ လေ့လာပြီး နောက်
တစ်ခါဆုံတွေ့ချိန်မှာ ပညာပေးတာ
ပါ။ ဦးလေးသူတော်ပေးတဲ့ အသိ
အလိမ္မာတွေ ကျွန်တော်တို့ အများကြီး
ရခဲ့ကြပါပြီ။ ခုလည်း ဦးလေးသာယာ
လို စာပေသမားနဲ့ တွေ့ရပြန်တော့
ကျွန်တော်တို့အတွက် ကုသိုလ်ထူး
တယ်ဆိုရမှာပဲ"

ပုဂ္ဂိုလ်ကြီးနှစ်ဦးက တစ်
ယောက်မျက်နှာ တစ်ယောက်ကြည့်
ပြုံးကြသည်။ ခဏမျှအကြာတွင်
မောင်လှမော်က –

"ဦးလေးသူတော်နဲ့ မတွေ့ရ
ရက်တွေကလည်း ကြာခဲ့တာနဲ့အ
မေးစရာတွေကလည်း တစ်ပုံကြီး
နေပြီ။ ဦးလေး စက်ဘ်ပူကို
သွားခဲ့တဲ့ ရက်ပေါင်းသုံးဆယ်လော



www.burmeseclassic.com

www.burmeseclassic.com

အတွင်း ကျွန်တော်တို့အားလုံးက သတိရနေခဲ့ကြရတာ။ ပြည့်ပအတွေ့အကြုံများကိုတော့ နောက်မှမေးမယ်။ ခုတော့ ရန်သူမျိုးငါးပါးကို သေသေချာချာ သိချင်နေပါတယ်။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူရယ်လို့တော့ သိထားပါတယ်။ အများလည်း သည်လိုသိသူတွေ ရှိကြပါတယ်။ ဒါပေမယ့် အဘိဓမ္မာနည်းအရ ရန်သူမျိုးငါးပါးရဲ့ အနက်အဓိပ္ပာယ်ဖော်ပြချက်ကို ရှင်းရှင်းလင်းလင်း သိသူကနည်းပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မသိရသေးပါဘူး။ ဒါကို ရှင်းလင်းပြဆိုနိုင်တဲ့ လူပုဂ္ဂိုလ်နဲ့ကလည်း တွေ့ခွင့်မကြုံခဲ့သေးလို့ တတ်နိုင်ရင် ရှင်းပြပေးစေချင်ပါတယ်ခင်ဗျာ”

ထိုစဉ် သူတော်မောင်မောင်က စီးကရက်ကို မီးညှိရှိုက်ဖွာရင်း ဖိုးသာယာသို့ မျက်စိစွေကာ ကြည့်လိုက်သည်။ ကလေးတို့၏ အမေးကို ဖြေလိုက်ဟူသော အဓိပ္ပာယ်ပင်တည်း။ ထို့ကြောင့် ဘုရားကိုးသူဆရာ ဖိုးသာယာက –

“မင်းတို့လို လူငယ်လူရွယ်တွေ ခုခေတ်ခုအခါမှာ ရှားသားကွဲ့။ ဒီလို ဘာသာတရားကို လေ့လာအားထုတ်တာကို ဦးတို့ကဖြင့် ကြိုဆိုသကွဲ့။ မင်းမေးတဲ့ ရန်သူမျိုးငါးပါးအဓိပ္ပာယ်ကို ဦးလေးတောင် သိတာဘာကြာသေးလို့လဲ။ ဦးရဲ့မိတ်ဆွေ စာရေးဆရာမကြီး မြမ္မာ့ဝေ(ကျူမငေး) ပြောပြမှ သိခဲ့၊ မှတ်ခဲ့ရတာကွဲ့။ ကဲ ... ကဲ ... သေသေချာချာ မှတ်ကြ။ မင်းတို့လို မသိနားမလည်တဲ့လူတွေကို ခွင့်ကြုံရင် ရှင်းပြနိုင်ဖို့ အလွတ်ကျက်မှတ်ထားတာကလား”

လူငယ်သုံးယောက်တို့က မှတ်စုကိုယ်စီဖြင့် ရေးမှတ်ယူကြသည်။ ဖိုးသာယာကဆက်၍ ...

“မင်းတို့၊ ငါတို့ အပါအဝင် အများသိထားနှင့်ကြတဲ့ ရန်သူမျိုးငါးပါးကိုတော့ ထပ်ပြီးရှင်းပြဖို့ မလိုတော့တာမို့ အဘိဓမ္မာနည်းနဲ့ ရန်သူမျိုးငါးပါးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုပဲ ပြောပြတော့မယ်ကွဲ့။ ရေဆိုတဲ့ ရန်သူရဲ့ အရင်းခံသဘောဟာ ‘အာသဝေါတရား’ လေးပါးကို အခြေခံတယ်ကွဲ့။ အဲဒီလေးပါးကိုခွဲလိုက်ရင် ကမ္မ–ကာမဩ ယိုစီးခြင်း၊ ဘဝါသဝဆိုတဲ့ ဘဝဩ ယိုစီးခြင်း၊ ဒိဋ္ဌာသဝဆိုတဲ့ အယူဩ ယိုစီးခြင်း၊ အဝိဇ္ဇာသဝဆိုတဲ့ မသိမှုဩ ယိုစီးခြင်းတွေပဲ ဖြစ်တယ်။ လူတွေရဲ့ ခန္ဓာမှာ စွဲကပ်ငြိတွယ်ပြီး သံသရာဝဲဩဃမှာ နစ်မြုပ်စေခဲ့လို့ အဲဒီ အာသဝေါလေးပါးဟာ ရေနဲ့တူတယ်လို့ အဓိပ္ပာယ်ဖွင့်ထားတာကွဲ့။ နောက်တစ်ခုက မီး။ သူ့ရဲ့အရင်းခံသဘောက ‘တစ်ဆယ့်နဲ့တစ်ပါးသော မီး’ကို အခြေခံတာကွဲ့။ တပ်မက်တွယ်တာတဲ့ ရာဂမီး၊ အမျက်ထွက်တတ်တဲ့ ဒေါသမီး၊ အမြင်မှန်ကို မရနိုင်တဲ့ မောဟမီး၊ ပဋိသန္ဓေနေရတဲ့ ဇာတိမီး၊ အိုမင်းရင့်ရော်တတ်တဲ့ ဇရာမီး၊ သေကျေပျက်စီးရတဲ့ မရဏမီး၊ ပူဆွေးရတဲ့ သောကမီး၊ ငိုကြွေးရတဲ့ ပရိဒေဝမီး၊ ကိုယ်ဆင်းရဲရတဲ့ ဒုက္ခမီး၊ စိတ်ဆင်းရဲရတဲ့ ဒေါမနဿမီး၊ သက်ကြီးရှိုက်ငင်ဖြစ်ရတဲ့ ဥပါယာသမီးတွေတဲ့ကွဲ့”

ဖိုးသာယာက ခေတ္တမျှ နားသည်။ လူငယ်သုံးယောက်တို့က အချင်းချင်း မမိလိုက်သည်များ၊ မရှင်းသည်များ ပြန်ညှိကြသည်။ ဖိုးသာယာက

“အားလုံးမိအောင် မှတ်ယူနိုင်တယ်ဆိုရင် ဆက်ပြောမယ်။ တတိယရန်သူဖြစ်တဲ့ မင်းပဲ။ အဘိဓမ္မာကို ဖော်ညွှန်းတဲ့ ရန်သူမင်းဆိုတာက မင်းတို့၊ ငါတို့အပါအဝင် အများသူငါတို့ ပေါင်းသင်းရန်မသင့်တဲ့ တို့ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုတောင် ချမ်းသာခွင့်မပေးတဲ့ သေမင်းကို ဆိုလိုတာကွဲ့။ သေမင်းဟာ ချစ်ခြင်း၊မုန်းခြင်းမရှိ၊ သူငါပုဂ္ဂိုလ် ခွဲခြားမှုမရှိ၊ အသက်အရွယ်မကြည့် ခေါ်ယူလေ့ရှိတာကြောင့် သေမင်းရန်သူမည်တဲ့ ‘မင်း’သာ ဖြစ်တယ်။ သက်တမ်းကုန်လို့ သေမင်းပြည်သို့ခေါ်ခြင်း အာယုက္ခယ၊ ကံအစွမ်းကုန်၍ သေမင်းပြည်သို့ခေါ်ခြင်း ကမ္မက္ခယနဲ့ အဲဒီကံနှစ်မျိုးစလုံးကုန်လို့ သေမင်းပြည်သို့ခေါ်ခြင်း ဥဘယက္ခယ၊ ကံတစ်ပါးဖြတ်၍ သေချိန်မတန်ဘဲနှင့် သေမင်းပြည်သို့ခေါ်ခြင်း ဥပစ္ဆေဒကတဲ့။ ဒီအထိ ရှင်းတယ်၊ နားလည်ကြတယ်ဆိုရင် ဆက်ပြောပြမယ်။

ခိုးသူဆိုတဲ့ ရန်သူဟာ တခြားမဟုတ်ပေဘူး။ မင်းတို့၊ ငါတို့ ခန္ဓာရှိနေတဲ့၊ တစ်နည်းအားဖြင့် လူတွေရဲ့ ခန္ဓာမှာရှိနေတဲ့ မျက်စိ၊ နား၊ နှာလျှာ၊ ကိုယ်၊ စိတ် တို့ဟာ ခိုးယူခံစားနေတဲ့ အာရုံငါးပါးကို ဆိုလိုတာကွဲ့။ ဒါတွေကတော့ အဆင်းရဲ့အာရုံဖြစ်တဲ့ ရူပါရုံ၊ အသံရဲ့အာရုံဖြစ်တဲ့ သဒ္ဒါရုံ၊ အနံ့ရဲ့အာရုံဖြစ်တဲ့ ဂန္ဓာရုံ၊ အရသာရဲ့ အာရုံဖြစ်တဲ့ ရသာရုံနဲ့ အတွေ့အထိရဲ့ အာရုံဖြစ်တဲ့ ဖောဋ္ဌဗ္ဗာရုံတွေဟာ ခိုးသူတွေလို့ခေါ်တယ်။ လူတွေရဲ့ ကိုယ်ရော အစိတ်အပိုင်းတွေက ခိုးယူခံစား[illegible] ပြုလုပ်နေတာကြောင့် ရန်[illegible]

www.burmeseclassic.com

တဲ့ ခိုးသူလို့ သတ်မှတ်ထားဝ ကွဲ့။

အေး ... ခုနောက်ဆုံး၊ တော့ မချစ်မနှစ်သက်တဲ့သူအကြောင်း ပြောမယ်။ အဲဒါက ဘာလဲဆိုတော့ မင်းတို့ ငါတို့ရဲ့ ခန္ဓာငါးပါးနဲ့ ရုပ်နာမ်နှစ်ပါးကို ဆိုလိုတာကွဲ့။ ခန္ဓာမှာသာ ချစ်ခြင်း၊ မုန်းခြင်းက ဖြစ်ပေါ်လေ့ရှိတာမို့ ရုပ်နာမ်နှစ်ပါးနဲ့ ခန္ဓာငါးပါးကို မချစ်မနှစ်သက်သူလို့ ဆိုခဲ့တာပဲ။ ခန္ဓာငါးပါးကို ကြည့်ရင် ရူပက္ခန္ဓာဆိုတဲ့ ဖောက်ပြန်ပျက်စီးတတ်သည့်သဘော၊ ဝေဒနက္ခန္ဓာဆိုတဲ့ ကောင်းသည်၊ မကောင်းသည်ကို ခံစားတတ်သည့်သဘော ...၊ သညက္ခန္ဓာဆိုတဲ့ မှတ်သားတတ်သည့်သဘော၊ သင်္ခါရက္ခန္ဓာဆိုတဲ့ ပြုပြင်စီမံတိုက်တွန်းနှိုးဆော်တတ်သည့်သဘောနဲ့ ဝိညာဏက္ခန္ဓာဆိုတဲ့ ကြံစည်တွေးတော စဉ်းစားတတ်တဲ့သဘောဆိုပြီး ရုပ်နဲ့နာမ်တို့ကလည်း တစ်ဦးရဲ့သဘောကို တစ်ဦးက မလိုက်လျောဘဲ အကွဲကွဲအပြားပြားနဲ့ ချစ်ခင်နှစ်သက်ခြင်းမရှိ ကျောခိုင်းလို့သာ နေတတ်ကြတာ။ ဒါ့ကြောင့် အမျိုးမျိုးဝေဒနာတွေ ဖြစ်ရတယ်။ ဒါကြောင့်လည်း မချစ်မနှစ်သက်သောသူမှာ ခန္ဓာငါးပါးနှင့် ရုပ်နာမ်နှစ်ပါးဖြစ်တယ်တဲ့ကွဲ့''

ဖိုးသာယာက စကားလက်စသတ်ပြီးလျှင် ကွမ်းယာထုပ်မှ ကွမ်းတစ်ယာကိုထုတ်၍ စားလေ၏။ လူငယ်တို့က သူတို့၏ လက်များကို ခါခြင်း၊ လက်ဆစ်များကို ချိုးကြခြင်းဖြင့် အညောင်းအညာဖြေကြသည်။ ကွမ်းတစ်ယာညက်လေလျှင် ဖိုးသာယာက ကွမ်းတံတွေးကို အမှိုက်ပုံးတွင် ထွေးစွန့်လိုက်သည်။ သူတော်မောင်မောင်က ပတ်ဝန်းကျင်အား မျက်စိဝေ့ကြည့်လိုက်ကာ –

"တို့တစ်တွေလည်း စကားတွေကောင်းလိုက်ကြတာ ဘုရားဖူးတွေတောင် အဖတ်များလာပြီဆိုတာ ခုမှသတိထားမိတယ်။ လွတ်လွတ်လပ်လပ် ပြောကြဆိုကြရအောင် ဟိုတစ်ခါတို့ထိုင်ခဲ့ကြတဲ့ မဟာဗန္ဓုလပန်းခြံထဲက ခုံတန်းရှည်ကို သွားကြစို့''

ဟု ဆိုကာ အားလုံးတို့သည် ထိုနေရာသို့ ထွက်ခွာခဲ့ကြလေသည်။ ပန်းခြံအတွင်း ပန်းအလှပင်များ ဝိုင်းရံထားသော ရေကန်ငယ်နားရှိ သစ်ပင်ကြီး၏ အရိပ်အောက် ခုံတန်းရှည်တွင် ထိုင်ကြသည်။ သူတော်မောင်မောင်က စီးကရက်သောက်သည်။ ဖိုးသာယာက ကွမ်းဝါးသည်။ လူမော်တို့က နေကြာစေ့စားသူကစားသည်၊ ရေသန့်ပုလင်းမော့သူက မော့သည်။ ပတ်ဝန်းကျင် စက်တပ်ယာဉ်ကြီးယာဉ်ငယ်တို့ ဖြတ်သန်းသွားလာသံကြောင့် ဆူသံညံသံမှအပ အမြင်ရှင်းသည်။ လွတ်လွတ်လပ်လပ် စကားစမြည်ပြော၍ အဆင်ပြေသည်။ သူတော်မောင်မောင်က စီးကရက်တိုကိုမြေတွင် ထိုးခြေကာ စွန့်ပစ်လိုက်သည်။ ဖိုးသာယာက ကွမ်းကိုထွေးလိုက်သည်။ ထိုစဉ် မောင်အေးဆွေဆိုသော စာပေဝါသနာရှင်က –

"ကျွန်တော် သိချင်တာလေးကို တင်ပြဆွေးနွေး မေးမြန်းပါရစေဦး။ ကျွန်တော် စာဖတ်၊ စာရေး ဝါသနာကြီးတာ အဘသူတော်အသိပဲ မဟုတ်လား။ ကျောင်းကလည်း ပြီးတော့မယ်၊ စာပေလောကကို ကျောင်းပြီးတာနဲ့ ဝင်တော့မှာမို့ ဟာသစာပေကို လေ့လာနေပြီး၊ ဟာသစာပေတွေပဲ ရေးဖို့ ဆုံးဖြတ်ထားတယ်။ ဟာသစာပေနဲ့ ပတ်သက်လို့ နည်းပေးလမ်းပြပေးစေချင်ပါတယ်''

ထိုအခါ သူတော်မောင်မောင်က ဖိုးသာယာကို စိုက်ကြည့်ကာ –

"ဒီကလေးကတော့ စာရေးဆရာ ဖြစ်ချင်စိတ် လွန်ကဲတဲ့ ကလေးဗျ။ ကျုပ်ကိုတွေ့တိုင်း စာအကြောင်းပေအကြောင်းချည်း မေးတော့၊ ဆွေးနွေးတော့တာ။ ခုလည်း ကိုသာယာ မျက်မြင်နားကြားတဲ့အတိုင်းပဲ''

ဖိုးသာယာနှင့် ကျန်လူငယ်တို့က ပြုံး၍ကြည့်နေကြသည်။ သူတော်မောင်မောင်က ဆက်၍ –

"ဦးလည်း ခပ်ငယ်ငယ်က ဟာသစာရေးဆရာ ဖြစ်ချင်စိတ် ပြင်းပြခဲ့ဖူးတယ်။ ရှုးရှုးမှူးမှူးကို လေ့လာအားထုတ်ခဲ့ဖူးတယ်။ ဒါပေမယ့် စာပေဘက်မှာ ပါရမီနည်းခဲ့တယ်ကွ။ နောက်ဘဝမှာ အကျော်ဇေယျ စာရေးဆရာဖြစ်ဖို့ ပါရမီကို ကြံတဲ့နေရာမှာ ဖြည့်နေခဲ့ရတာ။ ခုလည်း ခွင့်ကြုံပြန်ပြီမို့ မှတ်သားထားခဲ့သမျှ မှတ်မိသရွေ့ ဖော်ပြမယ်ကွဲ့။ ဟာသစာပေ (HUMOUR) ဆိုတဲ့အောက်မှာ အပိုင်းကြီး လေးပိုင်း ခွဲခြားထားတယ်။ ဒါတွေက ဖဝနုဉာဏ်နဲ့ စီကာပတ်ကုံးပြောတတ်တဲ့ အာဝဇ္ဇန်း(WIT) ရယ်၊ သရော်တဲ့စာ (SATIRE) ရယ်၊ အမြီးအမောက်မတည့်တဲ့ လူ့အဖြစ်အပျက် (BURLESQUE) ရယ်၊ စာပြောင်စာပျက် (PARODY) တို့ ဖြစ်တယ်။ အဲဒီ လေးခုရဲ့အောက်မှာမှ မထိတထိ ရယ်သွမ်းသွေးခြင်း (DRY HOMOUR) တို့၊ မဖြစ်နိုင်တာကို ဖြစ်နိုင်သလို

www.burmeseclassic.com

ပြောင်ချော်ရေးသားခြင်း (FARCE) တို့နဲ့ ကျွန်တာတွေလည်း ရှိသေးတယ်။ ပြောရရင် အများကြီးမို့ နောက်တစ်ခါတွေ့ချိန်မှာ ဖယားနဲ့ ရှင်းပြပေးမယ်။ ခုလောလောဆယ်မှာတော့ မိန်းမတို့ရဲ့ စိတ်အပြောင်းအလဲ မြန်တတ်ပုံ၊ အညှာလွယ်ပုံကို သရော်စာရေးထားတဲ့ ဟာသအမျိုးအစား ပုံပြင်တစ်ခု သတိရမိတယ်။ ပြောပြမယ်။ တစ်နေ့မှာ ခရီးသည် ယောကျ်ားတစ်ဦးက သုသာန်တစ်ခုနားက ဖြတ်အသွားမှာ မိန်းမတစ်ယောက်က အုတ်ဂူတစ်ခုရဲ့အနားမှာ ဒူးကလေးတုပ်ပြီး ယပ်တောင်နဲ့ ခပ်နေတာ တွေ့တယ်တဲ့။ ခရီးသည်က အကျိုးအကြောင်းမေးတယ်။ မိန်းမက ဖြေတယ်။ ကွယ်လွန်သွားတဲ့ သူ့ယောကျ်ားရဲ့အုတ်ဂူကို အင်္ဂတေမြန်မြန်ခြောက်စေဖို့ ယပ်ခပ်ပေးနေတာပါတဲ့။ ခရီးသည်က အဲဒီမိန်းမရဲ့ ယောကျ်ားအပေါ် ထားရှိတဲ့ သံယောဇဉ်နဲ့ မေတ္တာကို ချီးကျူးမိတယ်တဲ့။ ဒါပေမယ့် သိပ်မကြာလိုက်ခင်မှာပဲ အဲဒီမိန်းမက ဒီလို ဆက်ပြောတယ်ဆိုပဲကွ။ ကျွန်မ သွားလေသူကို ကတိပြုလိုက်တယ်လေ။ ရှင့်အုတ်ဂူ မခြောက်မချင်း နောက်ထပ်အိမ်ထောင် မပြုပါဘူးလို့။ အဲဒါ ခုတော့ မိုးတွေကလည်းရွာနေလေတော့ ..."

ဟုဆိုကာ စကားလက်စမသတ်တော့ဘဲ စီးကရက်ကိုထုတ်၍ မီးညှိရှိုက်ဖွာနေလေတော့သည်။ မရယ်မပြုံး စီးကရက်သောက်နေသည့် သူတော်မောင်မောင်ကို ငေးရင်းက ပုံပြင်၏ သဘောကို တဖြည်းဖြည်းသဘောပေါက်ကာ သံပြိုင်ရယ်မောကြလေတော့သည်။ အပြီးအရယ် ရပ်ကြလေသော် မောင်သာအေးက မောင်အေးဆွေအား -

"မင်းက ဟာသစာရေးဆရာ ဖြစ်ဖို့ လေ့လာထားတယ်ဆိုတော့ ရယ်စရာမောစရာလေး ပြောဦးလေကွာ"

သူတော်မောင်မောင်နှင့် ဖိုးသာယာတို့သည် တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန်ကြည့်ရင်း မောင်အေးဆွေ၏ အရည်အချင်းကို အကဲခတ်ရန် ငံ့လင့်လျက်ရှိကြသည်။ ကျွန်လူငယ်တို့ကလည်း မောင်အေးဆွေ ရွတ်ဆိုပြောပြမည့် ဟာသကဗျာ၊ စာတို့ကို နားစွင့်ရင်း ပြုံးနေကြသည်။ မောင်အေးဆွေက ရေသန့်ဘူးမှ ရေကို တစ်ငုံမျှ မော့သောက်လိုက်ပြီးလျှင်

"ကျွန်တော် အခုရွတ်ဆိုပြမယ့် ဟာသကို သည်းခံနားထောင်ပေးကြစေချင်ပါတယ်။ ရယ်စရာပေမယ့် နည်းနည်းပါးပါး အညှီအဟောက်နံ့ ပါနေလို့ပါခင်ဗျ"

ဟု စကားပလ္လင်ခံကာ -

"မြန်မာနိုင်ငံမှာ ပထမဆုံး သတင်းစာဆရာကြီးဖြစ်တဲ့ ဖိုးဇဗီရက ယဉ်ယဉ်ကျေးကျေးကလေးနဲ့ ရတနာပုံသတင်းစာထဲမှာ တောသားက တောသူကို မတရားလုပ်ဖြားသတင်းကို ခုလိုရေးသားဖော်ပြတယ်တဲ့။ ငါငယ်ငယ်ခိုက်ကယ်က၊ မိုက်မိတယ် စောကြွေရယ်၊ ဒွေးဖိန်ရဲ့တူ သောမြတ်ကယ်နဲ့၊ သနပ်ကန်တောင်ယာထဲမှာ၊ ကျွဲကျောင်းရတယ်။ အိုလေးအဝေး တကြော့တမော့၊ အကျွန်ကန်တော့ပါရဲ့၊ အပေါ့လေးများ၊ သည့်တွင်သွားရင်ဖြင့်၊ တောဖျားက နတ်ဖမ်းစားတတ်သည်ဟု၊ သောမြတ်သူက ပြောသောအခါ၊ တောထဲမှာ စောကြွေရယ်၊ တကယ် ငါယုံမိသေး၊ တကြော့တမော့ အကျွန်ကန်တော့ပါရဲ့၊ အပေါ့ပေါက်ရန် အိမ်ကိုပြန်လျှင်၊ နှင့်ထံတွင်တဲ့ ငါ့ဟာကို ဆိတ်စာထည့်လိုက်ပါရစေတဲ့၊ တကယ်အေးရယ်၊ သောမြတ်နှစ်ခါတွယ်လို့၊ သက်နှစ်ဆယ်အရွယ်ရှိခါမှ၊ ငါသိတယ်လေး ...တဲ့ဗျာ"

ဟုဆိုကာ ယင်းကိုယ်တိုင်ပင် မျက်ရည်များ ဝဲလာသည်ထိ ရယ်မောခဲ့လေသည်။ ကျွန်သူတို့မှာလည်း လက်ခုပ်လက်ဝါး သြဘာသံပြုရင်း ရယ်ကြလေတော့သည်။ အရယ်အမောရပ်ကြလေသော် သူတော်မောင်မောင်က -

"တစ်ဖက်သား စိတ်ပါဝင်စားလာအောင် ဆွဲဆောင်သိမ်းသွင်း ဟောပြောရေးသားတတ်တဲ့သူတွေ တော်တော်များများ ရှိကြပေမယ့် လူတစ်ဦးတစ်ယောက်ကို ရယ်မောလာအောင် ဟောပြောရေးသားနိုင်တဲ့သူက ရှာမှရှားပဲ။ မောင်အေးဆွေ လေ့လာအားထုတ်မှုဟာ ဟာသစာရေးဆရာကောင်းတစ်ယောက် ဖြစ်လာမယ့် လက္ခဏာပဲပေ့ါ။ အကော်ဖေ့ ဟာသစာရေးဆရာတစ်ယောက်အဖြစ် ထွန်းပေါက်ပါစေလို့ ဦးက ဆုတောင်းပေးတယ်ကွ"

ထိုစဉ် ဖိုးသာယာက -

"ကိုသူတော်ရေ ...၁၁ နာရီထိုးတော့မယ်ဗျ။ မိတ်ဆွေတွေဆီသွားဖို့ နီးပြီနော်"

"နောက်မိနစ်သုံးဆယ်လောက် အချိန်ရပါသေးတယ်။ ကလေးတွေကို ဉာဏ်စမ်းတဲ့အနေနဲ့ ဟာသကဗျာလေးတစ်ပိုဒ် ပြောပြလိုက်ဦးမယ်။ ကဲ



www.burmeseclassic.com

www.burmeseclassic.com

...မင်းတို့က လိုက်ရေးမှတ်ကြ ပြီးရင် အနက်အဓိပ္ပာယ်ကို ပြန်ပြောပြကြရအောင်''

လူငယ်တို့က ပြူးစစဖြင့် မှတ်စုများ အဆင်သင့်ဖွင့်ကြလေသည်။ သူတော်မောင်မောင်က ချောင်းတစ်ချက် ဟန့်လိုက်ပြီးလျှင် အောက်ပါအတိုင်း ရွတ်ပြလေသည်။

''အနာဒိသော၊ အာဒိသော နှင့် ရာဂေါဝါဒနေ၊ ထွာထွာရေတို့ကို၊ ကေပါစင်း၊ ရှေပါစင်း၊ ကုန်သိမ်းခပ် ဘေင်းအပေးကို၊ အရေးဝပ်ကွကြင်းအောင်၊ သဘင်းရောချာပနစ်ဖြင့် မြာ တဖစ်ဘန်မတြာအောင်၊ စန်အမြာပေး လိုက်သည်၊ သဌင်းမေးအေဖူးနှင့်၊ မအွန်းဖူး သမင်းရီးငဲ့ပြင်၊ သမားသီး ဘုတဖေင်းကို ကုဖေမှောင်း၊ သဘား ထော၍၊ ဟိုက်လောမည်၊ ပြိုက်လောမည်တဲ့''

သူတော်မောင်မောင် ရွတ်ပြပြီးနောက် လူငယ်တို့က ခေါင်းကို တွင်တွင်ခါကြသည်။ တဗျင်းဗျင်းဖြင့် ဆံပင်ကြား လက်ထိုး၍ ကုတ်ကြသည်။ ဖိုးသာယာသည်လည်း ... မောင်သာအေး ရေးမှတ်ထားသောစာကို ယူကြည့်ကာ မျက်နှာသုန်မှုန်သွားသည်။ ခေါင်းကိုခါသည်။ သူတော်မောင်မောင်ကို လှမ်း၍ကြည့်လိုက်သည်။ သူတော်မောင်မောင်က –

''ဗျို့ ... ကိုသာယာရေ၊ ကျုပ်တို့အဖော်တွေ မျှော်နေလောက်ပြီ။ သွားကြစို့ရဲ့''

ဟုဆိုကာ လွယ်အိတ်ကို လွယ်လိုက်သည်။ ဖိုးသာယာက သူ့ခါးပတ်အိတ်ကို နေသားတကျ ပြန်ပတ်လိုက်သည်။ သူတော်မောင်မောင်က စ၍ ထသည်နှင့် မောင်သာအေးက –

''ဦးလေးသူတော် ကျွန်တော်တို့ ဉာဏ်မမီဘူးခင်ဗျ။ အချိန်တိုအတွင်းမှာပဲ သိချင်စိတ်က စောနေလို့ ရှင်းပြပါခင်ဗျား''

ထိုအခါ သူတော်မောင်မောင်က –

''စီးကရက်တစ်လိပ်သောက်မယ်။ ကုန်တဲ့အချိန်ထိ မင်းတို့စဉ်းစားကြ''

ဟု ဆိုကာ စီးကရက်ကို မီးညှိရှိုက်ဖွာလေသည်။ ဖိုးသာယာက ကွမ်းထုပ်ကို ထုတ်၍ စားသည်။ ကွမ်းတစ်ယာညက်၊ စီးကရက်ကုန်သည့်ထိ မဖြေနိုင်သည့် လူငယ်လေးများကို ကြည့်ကာ သူတော်မောင်မောင်က

''အဲဒီ မေတ္တာစာဟာသကဗျာကို ဦးအောင်ဆိုတဲ့ စာဆိုက စကားလိမ်နဲ့ ရေးထားခဲ့တာ။ ငါဖတ်ဖူးတာကြာပေမယ့် ကဗျာစာအဖွဲ့အနွဲ့နဲ့ အနက်အဓိပ္ပာယ် ရည်ရွယ်ချက်တွေကို ကြိုက်လို့ ခုထိတိုင် မှတ်မိနေတာကွ။ ဖတ်ခဲ့ရဖူးတဲ့ စာအုပ်နာမည်တော့ မမှတ်မိတော့ဘူး။ ကဲ ... အချိန်လည်း သိပ်မကျန်တော့ မြန်မြန်လေးသာ လိုက်မှတ်ကြပေတော့ဟေ့။ အဲဒီ စကားလိမ် ဟာသကဗျာရဲ့ အဓိပ္ပာယ်က 'အနောဒိဿညြဒိဿနှင့် ရောဂါဝေဒနာ ထွေထွေရာတို့ကို ကင်းပါစေ၊ ရှင်းပါစေ။ ခပ်သိမ်းကုန် ဘေးအပေါင်းကို အရပ်ဝေးတွင်တြအောင် သဘောရင်းချစ်ပန္နာဖြင့်၊ မေတ္တာစာ ဘာမကျန်အောင် စာအမြန်ပေးလိုက်သည်။ သူဌေးမင်းဦးဖေနှင့် မဦးဖွန်း သမီးရင်းငှဲ့ပြင် သမီးသားပေါင်းတစ်စုကို ကောင်းစေမှုသဘောထား၍ ဟောလိုက်မည်၊ ပြောလိုက်မည်တဲ့ကွ''

ဟု ရွတ်ဆိုပြလိုက်လေလျှင် လူငယ်သုံးယောက်တို့က မတိုင်ပင်ထားကြပါဘဲလျက် –

''ဒီလိုဆိုတော့လည်း လွယ်လွယ်လေးပါလား အဘသူတော်ရယ်''

ဟု သံပြိုင်ပြောမိရက်သား ဖြစ်သွားလေတော့သည်။ သူတော်မောင်မောင်နှင့် ဖိုးသာယာတို့က ပြုံး၍ကြည့်နေကြသည်။ သူတော်မောင်မောင်က စတင်၍ –

''ကဲ ... ဒီနေ့ စကားဝိုင်းကဖြင့် ဘာသာရေးရော၊ စာပေဆိုင်ရာတွေရော စုံစေ့တကာပဲဟေ့။ မိတ်သစ်ဆွေသစ်လည်းတိုး၊ ကုသိုလ်လည်းရ ဗဟုသုတလည်း ပြည့်ကြရပြီမို့ ဒီနေ့ ဒီတင် နားကြဦးစို့ရဲ့။ တို့မိတ်ဆွေတွေကလည်း မျှော်နေကြမှာမို့ နောက်တစ်ပတ် သောကြာနေ့ကျမှ ထပ်တွေ့ကြသေးတာပေါ့''

ဟု ဆိုကာ ခရီးစလေသည်။ သူတော်မောင်မောင်နှင့် ဖိုးသာယာတို့အား မောင်သာအေးတို့က လိုက်ပို့ဆောင်ပေးကြလေသည်။ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းဆုံတွင် အသီးသီးလမ်းခွဲကြလေသည်။ လူငယ်တို့က မြောက်ဘက်သို့ ဦးတည်ထွက်ခွာခဲ့ကြသည်။ သူတော်မောင်မောင်နှင့် ဘုရားကိုးဆူ ဆရာဖိုးသာယာတို့ကမူ သူတို့၏ မိတ်ဆွေများ ဆုံစည်းရာ ဖင်မင်းမောင် လက်ဖက်ရည်ဆိုင်သို့ ဆက်လက်ထွက်ခွာသွားကြပါတော့သည်။

ဝဏ္ဏမောင်းထ



www.burmeseclassic.com

www.burmeseclassic.com

# အမေရိကန်စစ်ဘက်ကို စုံးမှော်ပညာသည်များ လွှဲပြောင်းယူ။

# WITCHES TAKE OVER U.S. MILITARY

**သန်းဝင်း(ဘက်)**

အမေရိကန် စစ်ဘက်ရေးရာများကို စုံးမှော်ပညာသည်များက လွှဲပြောင်းယူလိုက်ပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်ရေးရာများကို နှိုက်နှိုက်ချွတ်ချွတ် စမ်းသိရှိထားသူတစ်ဦးက ပြောကြားခဲ့သည်။

ပင်လယ်ကွေ့စစ်ပွဲ၏ သဲကန္တာရမုန်တိုင်း စစ်ဆင်ရေးတွင် မှော်အတတ်ပညာများမှာ အဓိကအခန်းက ပါဝင်ခဲ့သည်ဟူ၏။ ယင်းသို့သော ပါဝင်မှုအကြောင်းရင်းကြောင့်ပင် ဟေတီနိုင်ငံတွင် ဗူဒူးစုံးပညာသည်များ ကြီးစိုးနေသည့် အစိုးရမှာ ပြန်လည်တိုက်ခိုက်မှုတစ်စုံတစ်ရာ မပြုလုပ်ဘဲ အမေရိကန်တပ်များ တက်ရောက်သိမ်းပိုက်ရန် ခွင့်ပြုခဲ့ပေကြောင်းကို အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားရှိပေ၏။

"အမေရိကန် မှော်ပညာသည်တွေက သိပ်ကို စွမ်းအားထက်မြက်လှပြီး တတိယကမ္ဘာနိုင်ငံတွေမှာလည်း မှော်ပညာသည်တွေက အထူးပေါ်များတဲ့နိုင်ငံတွေဖြစ်နေကြပါတယ်။ သူတို့ဟာ စွမ်းအားအထူးထက်မြက်လှတဲ့ ကျွန်တော်တို့ရဲ့ မှော်ပညာသည်တွေကို ကျွန်တော်တို့ရဲ့ ခေတ်မီလေယာဉ်တွေနဲ့ အခြားသောလက်နက်ဆန်းတွေထက် ပိုပြီးကြောက်ရွံ့သူများ ဖြစ်ကြပါတယ်"ဟု မှော်ပညာဆိုင်ရာ အထူးကျွမ်းကျင်သူ ကယ်လီဘန်း(ဒ)က ပြောပြခဲ့လေ၏။

## အောက်လမ်းမှော်ပညာ

အမေရိကန်တပ်မတော် ကြည်းရေလေတပ်ဖွဲ့တိုင်းတွင် စုန်းပညာသည်အဖွဲ့အစည်းများ အသီးသီးဖွဲ့စည်းထားသည်။ သောကြာနေ့ ညတိုင်းတွင် ထုံးတမ်းစဉ်လာအရ ကိုးကွယ်ပသမှုများကို ခရစ်ယာန်ဘာသာဝင်များ တနင်္ဂနွေနေ့နံနက်တိုင်း ဘုရားကျောင်းသွား သွား



●A BRITISH WITCHES coven performs a cursing ceremony. Sim[illegible] U.S. covens use magic to help arm[illegible]



www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့ ပြုလုပ်မြဲပြုလုပ်လျက်ရှိသည်။

ပင်လယ်ကွေ့စစ်ပွဲတွင် ဆာဒမ်ဟူစိန်အား ဦးတည်တိုက်ခိုက်ခဲ့သည့် အလွန်တာရာအောင်မြင်လှသော ရော့ကက်ဖြင့် တိုက်ခိုက်ခဲ့သည်မှာ ရေဒါဖြင့် ထိန်းသိမ်းတိုက်ခိုက်ခြင်း မဟုတ်မှုဘဲ မှော်အတတ်ပညာ ပါဝင်နေပေါ် ညှို့ချက်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟူ၏။

ထို့ပြင် နောက်ဆုံးအခန်းများပါ တိုက်ပွဲအသွင် ဟောတီနိုင်ငံ ဗူဒူးပညာသည်များနှင့် အမေရိကန် အထူးတပ်ဖွဲ့၊ မှော်အောက်လမ်းတပ်ဖွဲ့များနှင့် စီးချင်းထိုးတိုက်ခိုက်မှုများအရ ဟောတီကျွန်းသားတို့မှာ ကျွန်တော်တို့နှင့် ဖက်ပြိုင်တိုက်ခိုက်ရန် ယှဉ်နိုင်သူများ မဟုတ်သည်ကို မျက်ဝါးထင်ထင် သိရှိလာရသည်ဟု ကယ်လီတန်း(ဒ)က ပြောဆိုခဲ့သည်။

## လေကြောင်းတိုက်ခိုက်မှုများ

ပင်လယ်ကွေ့စစ်ပွဲတွင် ဘက်ဒက်မြို့တော်အား လေကြောင်းမှ အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့မှုများသည်လည်း မောင်းသူများမပါဘဲ မှော်ပညာသည်စုန်းများက လုံခြုံသည့်အကွာအဝေးတွင်ရှိသည့် နေရာတစ်ခုမှ ညွှန်ကြားတိုက်ခိုက်ခြင်းသာဖြစ်သည်ဟု ကယ်လီဘန်း(ဒ)က အခိုင်အမာပြောသည်။

၎င်းကပင် ဆက်လက်၍ ပြောဆိုသည်မှာ -

"ဂါထာမန္တရား အကျိုးသက်ရောက်မှုတွေကြောင့် အီရတ်တပ်မတော်တပ်သားတွေဟာ တင့်ကားတွေ၊ ဘန်ကာတွေနဲ့ ကျင်းတွေထဲ ကိုယ်လက်လှုပ်ရှားမှုတစ်စုံတစ်ရာ မပြုလုပ်နိုင်ဘဲ ဖြစ်နေတုန်း အမေရိကန်တပ်တွေက သူတို့ကို ချီတက်တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပါတယ်။

ထောင်ပေါင်းများစွာရှိတဲ့ အီရတ်တပ်မတော်သားတွေဟာ အစုလိုက်အပြုံလိုက် လက်နက်ချခဲ့ပါတယ်။ အကြောင်းရင်းကတော့ အမေရိကန်တပ်ဖွဲ့တွေရဲ့ စုန်းမှော်ပညာသည် အဖွဲ့တွေဟာ ကမ်းလွန်ရှိ သင်္ဘောကြီးတွေရဲ့အပေါ်ကနေရော၊ ပြီးတော့ ကွပ်ကဲမှုဌာနချုပ်တွေရှိတဲ့ ဆော်ဒီအာရေးဗီးယားနဲ့ အစ္စရေးနိုင်ငံမှာရှိတဲ့ ဌာနချုပ်တွေကနေပြီး ရန်သူတွေရဲ့ စိတ်ဓာတ်တွေကို ထိန်းချုပ်နိုင်မှုကြောင့်ပဲ ဖြစ်ပါတယ်"

သံတမန်ရေးရာ အဖွဲ့ဝင်များသည် ဟောတီနိုင်ငံ စစ်ဘက်ဆိုင်ရာ အကြီးအကဲများအား သူတို့အနေဖြင့် အမေရိကန်တပ်မတော်၏ ခေတ်မီအစွမ်းထက်လှသည့် လက်နက်များ။ အတတ်ပညာများနှင့် အသိပညာများကို မည်သို့မျှ ယှဉ်ပြိုင်နိုင်စွမ်းမရှိကြောင်းကို ဖျောင်းဖျလျက်ရှိနေစဉ် အမေရိကန် အထူးတပ်ဖွဲ့၏ မှော်ပညာသည်အဖွဲ့က ကပ်ဟေကီယန်မြို့အနီး သူတို့ရဲ့ မှော်ပညာသည်များက ဗူဒူးစုံးဆရာများအား ထိတ်လန့်လာအောင် အစွမ်းပြလျက်ရှိနေကြောင်း ဆိုသည်။

"အမေရိကန် မှော်ပညာသည်တွေဟာ အမိုက်သည်ကားတွေကို သူတို့ရဲ့မှော်ပညာ အညှို့စိတ်တွေနဲ့ မိုင် ၁၀၀ လောက်ဝေးတဲ့ ဒေသကနေပြီး လေထဲက ဆွဲယူလာခဲ့ရင်း ပို့အော်ပရင်(စ)ရှိ သမ္မတရဲ့ နန်းတော်အတွင်းမှာရှိတဲ့ ဥယျာဉ်ပေါ်ကို ကျရောက်စေခဲ့ပါတယ်"

ဟူ၍ ယင်းဖြစ်ရပ် မှော်ပညာစွမ်းသရုပ်ပြနိုင်မှုကို မျက်ဝါးထင်ထင် မြင်ခဲ့ရသူ ပ-ယ်လီယက်ဂေးလော့(ဒ) ဆိုသူက ပြောကြားခဲ့သည်။

"ဟောတီဗူဒူး ပညာသည်တွေဟာလည်း တန်ပြန်တိုက်ခိုက်မှုတစ်ခုကို ဆင်နွှဲပြီး အထူးတပ်ဖွဲ့ဝင်တွေကို တိုက်ခိုက်ခဲ့ရာမှာ ဇော်(မ)ဘီ ဖုတ်ကောင်တွေကို အသုံးပြုခဲ့ကြတယ်။ ဒါပေမယ့် အမေရိကန်ပညာသည်တွေ အလွယ်တကူ အေးဆေးစွာနဲ့ ဇော်(မ)ဘီ ဖုတ်ကောင်တွေကို လိပ်ပြာများအဖြစ် ပြောင်းလွဲစေနိုင်ခဲ့ပါတယ်"

ဟု ထပ်လောင်းပြောဆိုခဲ့သည်။

အမေရိကန် စစ်ဘက်အား မှော်ပညာသည်များက လွှဲယူလိုက်ရသည့် ဖြစ်ရပ်မှာ ဗီယက်နမ်စစ်ပွဲဖြစ်နေစဉ်ကပင် စတင်ခဲ့ခြင်းဖြစ်ကြောင်း။ ယင်း ဗီယက်နမ်စစ်ပွဲကာလတွင် ဗီယက်နမ်စုံးပညာသည်များသည် မိမိတို့တပ်မတော်၏ ခေတ်မီလှသည့် လက်နက်များထက် စွမ်းပကားအင်အားကြီးမားသာလွန်ကြောင်းကို သာဓကပြသနိုင်ခဲ့ကြောင်း ပြောဆိုခဲ့သေးသည်။

**သန်းဝင်း(ဘထ်)**

*Ref; SUN - NOV 29, 1994.*


*'WITCHES TAKE OVER U.S. MILITARY'*




www.burmeseclassic.com

www.burmeseclassic.com




## သီပေါကိုလတ် ၏

အရှေ့ဆီက ကြာဖြူတစ်ပွင့် (သို့မဟုတ်) မိုင်းဖုန်းဆရာတော်

(ဒုတိယအကြိမ်)

**(မိုင်းဖုန်းဆရာတော်အကြောင်း ဓာတ်ပုံများနှင့်တကွ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်)**

**ထွက်ပြီ**

---

သီပေါဟော်နန်း နှင့် ဟော်ဝင်နွယ်အလွမ်း (ဒုတိယအကြိမ်)

**(သီပေါဟော်နန်း အတွင်းရေးနှင့် ရှမ်းစော်ဘွားများအကြောင်း ဖော်ပြထားသည်)**

**ထွက်ပြီ**

---

ပါရမီရှင် မိုင်းမောဝ်ကေရီ စောမွန်လှ (တတိယအကြိမ်)

**(ရှမ်းမင်းသမီး စောမွန်လှ၏ ဘဝဇာတ်ကြောင်း ဖော်ပြထားသည်)**


**ထွက်ပြီ**

**ဖြန့်ချိရေး – မိုင်းမောဝ်ကေရီစာပေ၊ ဦးလှမောင်လတ်၊ သီပေါမြို့၊ ဖုန်း–၀၉–၄၀၃၇၀၀၈၉၇**

www.burmeseclassic.com

www.burmeseclassic.com

# အရိုးပြာ
# တွန့်လေသော်
# မကွေးညိုစိမ့်




www.burmeseclassic.com

www.burmeseclassic.com

# အရိုးပြာ တွန့်လေသော်

မကြွေးညိုစိမ့်

[ ယခင်လမှအဆက် ]

(၆)

ဦးပဥ္စင်းအောင်၏ ကျောင်းမှာ ကျောင်းတော်ရာဘုရား၏ အနောက်ဘက်တွင် ရှိ၏။

ကျောင်းတော်ရာ ဘုရား၏ တောင်ဘက်မှ ပွင့်ဖြူမြို့သို့သွားသော ဖြတ်လမ်း၏ဘေးတွင်ရှိပြီး စပါးစိုက်သော စပါးခင်းကြီးအလယ်တွင်ရှိသဖြင့် ကျောင်းသို့သွားသည့်လမ်း သတ်သတ်မရှိပါ။

လမ်းကန်သင်းရိုးပေါ်မှ ရွှံ့ဗွက်များကိုနင်းပြီး သွားရသဖြင့် မောင်စံမောင်းသည် ညီငယ်မောင်စံသောင်းအား မိမိ၏ပခုံးပေါ်သို့တင်ပြီး ထမ်း၍ သွားရ၏။ ကျောင်းဝသို့ရောက်သော် ဆရာတော် ဦးပဥ္စင်းအောင်အသင့်ဆီးကြို စောင့်မျှော်နေသည်ကို တွေ့ရှိရ၍ အံ့ဩနေ၏။

"တကာစံမောင်း . . . မင်းတို့ ငါ့ဆီလာမယ်ဆိုတာသိလို့ ကြိုနေတာပဲကွ"

"တင့်ပါ့ဘုရား တပည့်တော်လည်း ဆရာတော်စောင့်နေတာတွေ့လို့ အံ့ဩနေတာပါ ဘုရား"

"အေး . . အေး၊ ခြေလက်ဆေးကြောပြီး ဘုရားခန်းကို လာခဲ့ဟေ့"

ဆရာတော်က ပြောပြောဆိုဆိုဖြင့် ဘုန်းကြီးကျောင်းပေါ်ရှိ ဘုရားခန်းသို့ ကြိုတင်၍ ထွက်သွား၏။

ခြေထောက်တွင် ပေနေသော ရွှံ့များကို ရေနှင့်ဆေးပြီး ၎င်းရေများကို အဝတ်ဖြင့်သုတ်ပြီးနောက် ဘုရားခန်းသို့ ညီအစ်ကိုနှစ်ယောက် ဝင်၍ လိုက်သွား၏။

"ကိုင်း . . . ကိုင်း . . ထိုင်ကြ။ လာရင်းကိစ္စကို ပြောပြစမ်းပါဦး တကာရဲ့"

မောင်စံမောင်း ဘုရားခန်းသို့ ရောက်သော် ဘုရားကိုဦးချပြီး ဆရာတော်ဘုရားကိုလည်း ဦးချလိုက်၏။

ထို့နောက်မှ ဆရာတော်၏ အမေးစကားကို ဖြေလေ၏။

"တင်ပါ့ဘုရား။ ညတုန်းက တပည့်တော်ရဲ့ အဖေ၊ အမေနဲ့ ညီမလေးတို့ ဓားပြတိုက်ခံရပြီး လူတွေလည်း သတ်သွားခဲ့ပါတယ် ဘုရား။ ပစ္စည်းတွေလည်းအကုန်ယူသွားပါတယ်"

"ကြွေးဟောင်းရှိလို့ ပေးဆပ်ရတယ် သဘောထားပြီး တရားနဲ့ဖြေပါ တကာ။ ပစ္စည်းသခါရ လူသခါရပဲ မဟုတ်လားကွယ့်"

"တင်ပါ့ဘုရား။ တပည့်တော် အဲဒီလိုပဲသဘောပိုက်ပေမယ့် တပည့်တော် ခံစားနေရတာက ဟောဒီက ညီငယ် စကားမပြောနိုင်ဘဲ ဆွံ့အသွားလို့ပါ ဘုရား"

"ဖျားနာပြီး ဖြစ်သွားတာလားကွယ့်။ အဖျားကြီးသွားရင်လည်း အဲသလို ဖြစ်တတ်တာပဲ"

"လုံးဝ မဖျားဘူးဇဲ့ ဘုရား။ တပည့်တော်အထင်တော့ သေနတ်သံတွေကြားပြီး အကြောက်လွန်ပြီး ဖြစ်သွားသလားလို့ပါ ဘုရား"

"အဲသလိုဆိုရင်တော့ . . မရိုးသားလှဘူး ဘကာ။ အပမှီမမှီ စစ်ဆေးကြည့်ရလိမ့်မယ်"

"တင်ပါ့ဘုရား စစ်ဆေးကြည့်ပေးစေလိုပါတယ်"

မောင်စံမောင်းက စစ်ဆေးကြည့်ခိုင်းသဖြင့် ဆရာတော်က မိမိလုပ်ဆောင်ရမည့် ကိစ္စအဝဝတို့ကို စတင်ဆောင်ရွက်လေတော့၏။




www.burmeseclassic.com

www.burmeseclassic.com

ဝထမတွင် ကွမ်းရွက်သုံးရွက်ကို ယူလိုက်၏။

ထို့နောက် ထိုကွမ်းရွက်များပေါ်သို့ အောက်တွင် ဖော်ပြထားသော (နေလ)အင်းကွက်ကို ရေးဆွဲလိုက်၏။



နေလအင်းကွက်

ထိုသို့ နေလအင်းကွက်ချထားသော ကွမ်းရွက်များအား အရည်ညှစ်လိုက်ပြီး အဖန်ပန်းကန်(လက်ဖက်ရည်သောက် ပန်းကန်လုံး)သို့ ထည့်ထားလိုက်၏။

"တကာလေး မောင်စံသောင်း ပက်လက်လှန်ပြီး အိပ်လိုက်ပါကွယ်"

ဆရာတော်က မောင်စံသောင်းအား ဖေးကူမပြီး ပက်လက်လှန်ခိုင်း၏။ မောင်စံသောင်း ပက်လက်အနေအထားသို့ ရောက်ရှိသွားသော အခါတွင် အောက်ပါအတိုင်း ခိုင်းစေတော့၏။

"မောင်စံသောင်း၊ ခြေထောက်နှစ်ချောင်းကို အထက်မြှောက်လိုက်စမ်း"

မောင်စံသောင်းက ဆရာတော်စေခိုင်းသည့်အတိုင်း ခြေနှစ်ချောင်းကို မိုးသို့ထောင်၍ မြှောက်ပြ၏။

"ခြေနှစ်ချောင်းလုံး အောက်ပြန်ချပြီး ညာဘက်ခြေထောက် တစ်ချောင်းတည်း မြှောက်လိုက်စမ်း"

မောင်စံသောင်းက ညာခြေမြှောက်ပြ၏။

"ညာခြေပြန်ချပြီး ဘယ်ခြေမြှောက်စမ်း"


မောင်စံသောင်းက ဆရာတော်ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း လုပ်ပြ၏။


"ကိုင်း . . . မောင်စံမောင်း မင်းမြင်တဲ့အတိုင်း အကုန်လုပ်ပြနိုင်တယ်"

"အခုချိန်က စပြီး မောင်စံသောင်းကို သရဲတစ္ဆေ မြေဖုတ်ဘီလူးထဲက ဘယ်ကောင်ဖြစ်မယ် မသိဘူး။ ဘုန်းကြီးခေါ်ပြီး အပူးခိုင်းတော့မယ်"

"တင်ပါ့ဘုရား"

**မှိုင်းခံစက္ကူပေါ်တွင် ရေးဆွဲရမည့် အပ–ဝင်ထွက်စေသော အင်းကွက်**







ဆရာတော်သည် ပက်လက်အနေအထားရှိနေသော မောင်စံသောင်း၏ မျက်လုံးထဲသို့ စေ့စေ့ကညှစ်ထားသော (ကွမ်းရွက်) အရည်များကို တစ်စက်ချင်း နည်းနည်းစီ ထည့်လိုက်၏။

နှုတ်တော်မှလည်း 'နေလ' ဂါထာကို တိုးတိုးညင်းညင်း ရွတ်ဆိုနေသည်။

"အရဟံ ဗဟိ-အန္တ-ဓယံ-သုဇတံ၊ အမိတံ ဝိရဇံ လတိတံ အတုယံ၊
စရဏံတိ-ဘဝူပ-သမံယမထံ၊
သုခဒံ သရဏံ ပဏမာမိ ဇိနံ။"


နေလဂါထာတော်(ခ) ဂုဏ်တော် ၁၃ ပါး ဘုရားရှိခိုး ဂါထာတော်ကြီးကို စည်းစနစ်ကျကျ ရွတ်ဖတ်ပြီးနောက် အောက်ပါအတိုင်း မောင်စံသောင်းအား ဆောင်ရွက်စေ၏။

"ငါဘုန်းဘုန်းရဲ့ တန်ခိုးတော်



www.burmeseclassic.com

www.burmeseclassic.com



အာဏာတော်နဲ့ ခိုင်းတာမဟုတ်ဘူး။ ဘုရားတန်ခိုး၊ တရားတန်ခိုး၊ သံဃာတန်ခိုးတော်များနဲ့ ခိုင်းတာဖြစ်တယ်။ ငါဘုန်းဘုန်းပြောသလို လိုက်လုပ်စမ်း"

"ညာခြေတစ်ချောင်း မြှောက်စမ်း"

"ဝူး . . . ဝူး . . . ဝူး"

မောင်စံသောင်းက ခေါင်းကို သွင်သွင်ခါအောင် ယမ်းပြပြီး ခြေထောက်ကို အားနှင့်ခွန်နှင့် မြှောက်နေ၏။ ပါးစပ်မှလည်း တဝူးဝူး အော်မြည်နေသည်။ လုံးဝ မြှောက်လို့မရ။

ခြေထောက် တဆတ်ဆတ် တုန်ခါနေသည်။

မျက်လုံးထဲမှ မျက်ရည်များ ယိုစီးကျလာပြီး နဖူးမှ ချွေးများလည်း တဖြိုက်ဖြိုက်ကျနေ၏။ စံသောင်းကို ဒုက္ခပေးနေသူ ဝင်ရောက်ပူးကပ်ကြောင်းကို ပြခြင်းဖြစ်၏။

ထို့နောက် ဆရာတော်သည် 'နေလ'အင်းကွက်ကြီးကို အောက်ပါအတိုင်းရေးဆွဲပြီး မောင်စံသောင်း၏ နဖူးပေါ်သို့ ကပ်လိုက်၏။

ထို့နောက် ဘုရားကျောင်းဆောင်ပေါ်မှ ဆေးကြိမ်လုံးကိုယူပြီး မောင်စံသောင်း၏ နဖူးမှ ခြေဖျားတိုင် တုတ်ဖြင့်သပ်ချနေပြီး အစဉ်မပြတ် မိန့်ဆိုနေ၏။

"ကိုင်း . . . အနှောင့်အယှက်ပေးနေတဲ့ မကောင်းဆိုးဝါးကောင် ထွက်တော့ . . . ထွက်တော့"

ဟု မိန့်ဆိုလိုက်၏။

စံသောင်း၏ ခြေနှစ်ချောင်းမှာ တစ်ချောင်းနှင့်တစ်ချောင်း တဖြောင်းဖြောင်းရိုက်နေပြီး ခေါင်းသာယမ်းနေ၏။

"ဖြောင်း . . ဖြောင်း . . ဖြောင်း"

"ဝူး . . . ဝူး . . . ဝူး"

"တကာ မောင်စံသောင်းရေ၊ အနှောင့်အယှက်ပေးနေတဲ့ ပုဂ္ဂိုလ်က နည်းနည်းနောနော အကောင်တော့ မဟုတ်ပေဘူး။

ဘုန်းကြီး ပြင်းပြင်းထန်ထန် လုပ်လိုက်ရင်တော့ ဖြစ်တယ်။ ဒါပေမယ့် တကာရဲ့ မိသားစုထဲက ဖြစ်နေရင် မကောင်းပေဘူး။ ဘုန်းကြီး သူ ဘာအလိုရှိသလဲ မေးကြည့်ဦးမယ်"

"တင်ပါ့ဘုရား"

ဆရာတော်သည် အောက်ပါ အင်းကွက်များကိုချပြီး ရေစိမ်ထ



www.burmeseclassic.com

www.burmeseclassic.com

အင်းတွက်များကို မောင်စံမော င်း၏ ဝမ်းထဲသို့ ဝင်သွားအောင် လုံးခြေပြီး တိုက်လိုက်၏။

"တကာ မောင်စံမောင်းရေ၊ တော်တော်တော့ ထူးဆန်းလှသကွ။ တော်တော်တန်တန် အပကောင်တွေက ဒီအင်းကိုကြောက်ကြသကွ"

"ဒီအပကောင်က လျှောလျှောရှုရှု သောက်တယ်ဆိုတော့ မင်းရဲ့ ဆွေမျိုးသားချင်းထဲက ဖြစ်မယ်ထင်တယ်။ ဘုန်းကြီး မေးကြည့်ဦးမယ်"

"ဟဲ့ . . . နင်ဘယ်သူလဲ"

"ဝူး . . . ဝူး . . . ဝူး"

"ငါတို့သိအောင် ပီပီသသ ပြောစမ်း။ ဒီထက်ပိုပြီး အနှောင့်အယှက်ပေးနေရင် နင်ဒုက္ခရောက်သွားအောင် ငါလုပ်လိုက်တော့မယ်"

"ကျုပ်က ငြိမ်းမယ်။ ကျုပ်သားလေး စကားပြောတတ်လို့ မြင်သမျှ ပြောလိုက်ရင် ဟိုကောင်စိန်ကတုံး သတ်မှာကြောက်လို့ ဒီလိုလုပ်ထားတာ။ ဘာအန္တရာယ်မှ မရှိဘူး"

"မေမေ . . အို . . . အမေရယ်၊ အဖြစ်ဆိုးလှချည့်လား"

"ဟဲ့ . . . စံမောင်း၊ နင် သတိထား။ အဲဒီကျေးဇူးကန်းတဲ့အကောင် နင်တို့နားမှာပဲ ရှိသေးတယ်။ နင့်ညီကို မြင်သမျှ မပြောစေနဲ့။ နင်လည်း သတိထား"

"ငါတို့အတွက် နင် ကလဲ့စားချေပေးပါ။ ငါတို့ ဘဝကူးကောင်းအောင် ရွာကိုရောက်ရင် ဘုန်းကြီးဆွမ်းကျွေးပြီး အမျှဝေပေးပါ။ ကိုင်း . . . ငါသွားပြီ"

"အား"

အသံနက်ကြီးဖြင့် မောင်စံသောင်းက အော်လိုက်သည်။

အနားတွင် အစ်ကိုဖြစ်သူ စံမောင်းကို တွေ့သောအခါ အားရဝမ်းသာ အော်ဟစ်ပြီး ထ၍ဖက်တော့လေ၏။

"အစ်ကို . . အစ်ကို"

"အေး . . ညီလေး သတိထား၊ ဘာမှမကြောက်နဲ့။ အစ်ကိုတစ်ယောက်လုံးရှိတယ်၊ မင်း မြင်တွေ့သမျှ အစ်ကို့ကို ပြောပြစမ်း"

စံမောင်းက မေးသောအခါ စိန်ကတုံးတို့ သုံးယောက် အိမ်ပေါ် ရောက်လာသည်မှစ၍ လူသတ်ပြီး ပစ္စည်းများ ယူသွားပုံ။

အမေက စိန်ကတုံးအသံကို မှတ်မိပြီး စိန်ကတုံးနှင့် တစ်ယောက်တစ်ခွန်း စကားများကြရာမှ ပစ်သတ်သွားပုံများနှင့် မိမိကကြောက်၍ အော်လိုက်သောအခါ အသံလုံးဝ မထွက်တော့ကြောင်း ပြောပြလေတော့သတည်း။

* * *

(၇)

ဆရာတော် ဦးပဥ္စင်းအောင် ဦးစီးလိုက်ပါလာသော မောင်စံမောင်းတို့ညီ အစ်ကိုနှစ်ယောက် စီးလာသည့် လှေကလေးသည် ကျောင်းတော်ရာဘုရား၏ အရှေ့ဘက် ငါးကျွေးသောဆိပ်ကမ်းမှ စတင်ရွက်လွှင့်ကာ ရေနံချောင်းမြို့သို့ လှေဦးတည်ကာ ထွက်လာကြ၏။

ထိုသို့ ရေနံချောင်းမြို့သို့ ဦးတည်ထားပါမှ လှေသည် ဧရာဝတီမြစ်ရေစီးကြောင်းအတိုင်း မျောပါပြီး ဒေါင်းနေချောင်းနှင့် ဧရာဝတီမြစ်တို့ ဆုံစည်းရာဖြစ်သော ကရင်မကျီးခြေထောက်ရွာသို့ ရောက်မည်ဖြစ်၏။

ဧရာဝတီမြစ်၏ အကျယ်မှာ လေးမိုင်မျှ ရှိသော်လည်း လေတိုက်နှုန်းကောင်း၍ လည်းကောင်း၊ ရေစီးသန်၍ လည်းကောင်း တစ်နာရီခွဲအကြာတွင် စံမောင်းတို့ သွားချင်သော ကရင်မကျီးခြေထောက်ရွာသို့ရောက်ကြ၏။

ဤသို့မရောက်မီစပ်ကြား လှေပေါ်တွင် မောင်စံမောင်းက ညီငယ် မောင်စံသောင်းကို စကားမပြော တတ်ချင်ယောင် ဆောင်ခိုင်းခဲ့၏။

စံသောင်း စကားပြောနိုင်မှု သိသွားလျှင် မိမိတို့ ညီအစ်ကိုနှစ် ယောက်စလုံး၏ အသက်အန္တရာယ် နေသေးကြောင်း ပြောဆိုသင်ပြထား ရာ ကောင်းစွာ နားလည်သဘော ပေါက်ကြောင်း မောင်စံသောင်းက ပြောပြ၏။

ဒေါင်းချောင်းနှင့် ဧရာဝတီ အဆုံ ကရင်မကျီးခြေထောက် ဆိပ်ကမ်းသို့ရောက်သော် လှေ ဆိုက်ကပ်လိုက်ပြီး ထိုရွာမှ လှည်း တစ်စီးကိုငှားကာ ဒေါင်းနေချော ရိုးအတိုင်း ဂျုတ်ကုန်းရွာသို့ ပြန် ခဲ့လေရာ နေ့လယ် ၁ နာရီတွင်



www.burmeseclassic.com

www.burmeseclassic.com

သို့ ရောက်လေ၏။

ရွာသို့ရောက်သော် အလောင်းကို မီးရှို့ရန် အဆင်သင့် ပြုပြင်ထားသည်ကို တွေ့ရ၏။

ကားတာယာ အစုတ်များကို အောက်မှခံထားလျက် ၎င်း၏အပေါ်မှ ထင်းခြောက်များ တင်ထား၏။

ထင်းအခြောက်များ၏ အပေါ်မှ သနပ်ခါးတုံးများ တင်ထားပြီး ထိုသနပ်ခါးတုံးများအပေါ်တွင် ကောက်ရိုးများ ထားကာ၊ ကောက်ရိုးများအပေါ်မှ သင်ဖြူးဖျာကို ခင်ထားပြီး သင်ဖြူးဖျာပေါ်မှာ အလောင်းသုံးလောင်းကို တင်ထား၏။

ထိုသို့ စီစဉ်ထားသည်မှာ ရွာနှင့်ဝေးသော ဒေါင်းနေချောင်း သောင်ပြင်ပေါ်တွင် ပြုလုပ်ထားခြင်းဖြစ်သည်။

သံဃာတော်ငါးပါးက ဦးသာခွေး၏မိသားစုအတွက် သရဏဂုံများ တင်ပေး၏။

ထို့နောက် ရေနံဆီလောင်းပြီး မီးရှို့လိုက်သည်။

ကားတာရာ မီးလောင်ရာတွင် မီးခိုးလုံးများ မည်းတက်လာ၏။ ကားတာယာမီးစွဲပြီးနောက် ထင်းများကို စွဲ၏။ ထိုမှတစ်ဆင့် သနပ်ခါးတုံးများကို မီးလောင်ပြီး လူသေအလောင်းများကို မီးစွဲလောင်လေ၏။

လူသေအလောင်းများ မီးလောင်သောအခါ လူအဆီညှော်နံ့က တော်တော်ဆိုး၏။

အလောင်းများ ထကြွမလာအောင် အလွန်တုတ်ခိုင်သော သနပ်ခါးတုံးများဖြင့် ဖိထား၏။

လူသေအလောင်းများကို မီးစွဲလောင်သောအခါ မီးခိုးအမည်းများ ကောင်းကင်ပေါ်သို့ တက်လာ၏။

ဦးသာခွေး၏ မီးခိုး၊ ဒေါ်ငြိမ်းမယ်၏ မီးခိုးနှင့် မနှင်းနုတို့ မီးခိုးများသည် သီးခြားစီ အပေါ်သို့တက်သွား၏။

မီးသဂြိုဟ်သော မီးတောက်ကြီး၏ ပတ်ဝန်းကျင်သည် လွန်စွာပူပြင်းလှ၏။ ထိုမီးအပူ၏ ဘေးတွင်ရှိသော လေအေးများသည် မီးအပူရှိရာသို့ လေးဘက်လေးနံမှ အစားဝင်ရောက်တိုက်ခတ်လိုက်လေရာ . . .

ကောင်းကင်သို့ မြင့်တက်နေသော ဦးသာခွေးတို့၏ မီးခိုးများမှာ လေဆင်နှာမောင်းအဖြစ်သို့ ပြောင်းလဲသွားပြီး မောင်စံမောင်း၊ မောင်စံသောင်း၊ မောင်ဂျော်ကာနှင့် စိန်ကတုံးတို့လေးယောက်ရှိရာသို့ ထိုးစိုက်၍ ဆင်းလာ၏။

ထူးဆန်းစွာ ထိုးဆင်းလာသော မီးခိုးတန်းကြီးကြောင့် လာရောက်စပ်စုနေကြသော ရွာသားများမှာ အံ့ဩထိတ်လန့်၍ သွားကြ၏။

ဦးသာခွေးတို့၏ မီးခိုးတန်းအဖျားပိုင်းက ပထမ မောင်စံမောင်းတို့ ညီအစ်ကိုထံ စိုက်စိုက်မြိုက်မြိုက်ရောက်လာပြီးနောက် မောင်စံမောင်းတို့နှင့်ထိတော့မည့်အချိန်တွင် မောင်စံမောင်း၏ ညာဘက်တွင် ကပ်လျက်ရပ်နေသော လူသတ်ကောင် ဓားပြစိန်ကတုံးကို ထွေးလုံးရစ်ပတ်၍ ဖြတ်သန်းသွားလေ၏။

"ဟာ . . . မီးခိုးတန်းကြီးက ထူးဆန်းလှချည်လားကွ"

"ဟုတ်တယ်ဟေ့၊ တော်တော်ထူးဆန်းတာပဲကွ"

"အရိုးပြာ ဖြစ်သွားတာတောင် သူ့သားနှစ်ယောက်ကို နှုတ်ဆက်သွားတယ်ဟေ့"

"အေးကွာ။ စဉ်းစားမရတာက အရိုးပြာတန်းက စိန်ကတုံးကို ရစ်ပတ်သွားတယ်ဟေ့"ဟု အံ့ဩစွာ ပြောကြလေ၏။

စိန်ကတုံး၏ တစ်ကိုယ်လုံး မည်းတူသွား၏။ လူစင်စစ်က သရဲတစ္ဆေတစ်ကောင်နှင့် တူသွားလေတော့သည်။ လာရောက် ကြည့်ရှုနေသူများက အရိုးပြာက တရားခံကို ဖော်ထုတ်သွားသည်ကို မသိကြ။

"အရိုးပြာ တွန်သွားခြင်း"ဖြစ်၏။

မီးညွန့်ကျိုး၍ အားလုံးပြာဖြစ်သောအခါ ရွှေရောင်ကြေးအိုးဖြင့် လူသေအရိုးပြာများကိုထည့်ပြီး အသင့်လုပ်ထားသော မိမိတို့၏ အိမ်ဝိုင်းထဲမှ အုတ်ဂူများဆီသို့ ယူလာ၏။

"ကိုဂျော်ကာ ကျုပ်ပြောတဲ့အတိုင်း ဂူတွေကို လုပ်ထားရဲ့လား"

"လုပ်ထားပါတယ် မောင်စံမောင်း"

"ညာဘက်ဂူက ဦးသာခွေးအတွက်၊ အလယ်က မနှင်းနုအတွက်၊ ဘယ်ဘက်ဂူက . . ဒေါ်ငြိမ်းမယ်အတွက် လုပ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ပြီးတော့ကော"

"မနှင်းနုရဲ့ အောက်မှာတော့ အရှည်ရှစ်ပေ၊ အနက်သုံးတောင်၊ အကျယ်နှစ်တောင် တူးထားပါတယ်"

"အောက်ခံ သံကွန်ကရစ်အခင်းရဲ့ထိပ်ဝကို နှီးပြာနဲ့ သံဆန်ခါကွက် ရိုက်ပြီး အပေါ်က ဘိလပ်မြေပါးပါး ကပ်ထားပါတယ်"

"လိုက်လာတဲ့ လူတွေ မသိလောက်ဘူး မဟုတ်လား"

"မသိပါဘူး။ ကျုပ်ကိုယ်တိုင် တစ်ယောက်တည်း တစ်ညလုံး လုပ်ထားတာ ဘယ်သူမှ မသိပါဘူး"

စံမောင်းနှင့်ဂျော်ကာ တီးတိုးပြောသွားသောစကားများကို ကိုယ့်စကားနှင့်ကိုယ် တစ်ယောက်တစ်ပေါက် ဆူညံစွာပြောဆို၍ လိုက်လာကြသော ပရိသတ်များ မကြားလိုက်ကြပေ။

အရိုးပြာများ ဂူသွင်းပြီးသောအခါ ရွာသူရွာသားများ ပြန်သွားကြ၏။

"မောင်စံမောင်းရေ။ ငါတော့ မနက်ဖြန် မန္တလေးကို သွားရမယ်ကွ။ ဒီမှာ လက်မှတ်တောင်ဝယ်ပြီးပြီ"

စိန်ကတုံးက ရဲတံခွန်ကားလက်မှတ်ကို စံမောင်းအား ထုတ်ပြ၏။

"ဟကောင်ရ၊ ကိုယ့်ရဲ့ကျေးဇူးရှင်တွေရဲ့ ရက်လည်ဆွမ်းကလေးတောင် စားမသွားတော့ဘူးလား"

သူကြီးက စိန်ကတုံး၏ လက်ထဲမှ မကွေး-မန္တလေး ကားလက်မှတ်ကို ယူကြည့်ပြီး မေးလိုက်၏။

"မန္တလေးပွဲရုံက ငွေက မနက်ဖြန်ချိန်းထားတာမို့ သွားရမှာ သူကြီးရဲ့။ ကျုပ်နောက်ကျသွားလို့ ကျုပ်ကိုပေးမယ့်ငွေ တခြားတစ်ယောက်ကို ပေးလိုက်ရင် သွားရောဗျ။ ဒါကြောင့် မဖြစ်မနေ ကျုပ်သွားရမှာ"

"အေးပါ ကိုစိန်ကတုံးရယ်။ အလုပ်ပြီးလို့ ရက်မှီရင်လည်း ပြန်ခဲ့ပေါ့ဗျာ"

မောင်စံမောင်းက နှုတ်ချိုစကားဆို၏။ ဤသို့ဖြင့် မောင်စိန်ကတုံးနှင့် သူကြီးတို့နှစ်ယောက် အိမ်သို့ ပြန်သွားကြလေတော့၏။

* * *

## (၈)

မြင်းနှစ်ကောင်။

လူနှစ်ယောက်။

ညောင်ခြေထောက် ပင်ကြီးအောက်မှာ ရောက်နေ၏။ ပင်စည်အကိုင်းအလက်များမှ နွယ်များ မြေသို့ထိုးစိုက်နေပြီး ပင်စည်ပြန်ဖြစ်နေသဖြင့် ညောင်ပင်ကြီးမှာ အန္တရာယ်ကင်းရန် ဝါးထောက်ပြီး ယတြာချေထားသကဲ့သို့ ဖြစ်နေ၏။

စိန်ကတုံးတစ်ယောက် ဒီလမ်းမှလာမည်ဖြစ်၏။ ထို့ကြောင့် စံမောင်းနှင့် ဂျော်ကာတို့ ဤညောင်ခြေထောက် (ညောင်ကြုတ်)ပင်ကြီးအောက်မှ စောင့်နေခြင်းဖြစ်၏။

ဂျတ်ကုန်းရွာနှင့် ဒေါင်းနေရွာတို့၏ လူသွားလမ်းမှာ ဤလမ်းတစ်လမ်းသာရှိ၏။

လှည်းလမ်းက ဝေးနေ၏။

လူဖြတ်လမ်းက နီးနေ၏။

ရွာသူရွာသားအားလုံး ပစ္စည်းမပါလျှင် ဤလမ်းမှသာ လာကြသွားကြ၏။

ရဲတံခွန် မကွေး-မန္တလေးကားက ညနေ ၆ နာရီတွင် မကွေးမှ ထွက်မည်။

ဒေါင်းနေရွာသို့ ၆ နာရီခွဲတွင် ရောက်မည်။ စိန်ကတုံးတစ်ယောက် ရွာမှ ၅ နာရီခွဲတွင် ထွက်လာမည်။ ထို့ကြောင့် ကြို၍စောင့်နေခြင်းဖြစ်၏။

"ဒုတ် . . ."

"အား . . ."

"မင်း . . . မင်းတို့ ဘယ်သူ"

"ဖောင်း . . . ဖောင်း"

"အား . . ."

စိန်ကတုံး ညောင်ခြေထောက်ပင်အရောက် ပုန်းနေရာမှ စံမောင်းထွက်လာပြီး ၎င်း၏နောက်စေ့သို့ တုတ်ဖြင့် ခပ်ဆတ်ဆတ်ကလေး ရိုက်ချလိုက်ရာ ရှေ့သို့ ဟပ်ထိုးလဲကျသွား၏။

လဲကျရာမှ ပြန်လည်ခုခံကြရန် ကြံရွယ်စဉ် စံမောင်းက တုတ်ဖြင့် နှစ်ချက်ဆင့်ရိုက်ချလိုက်ရာ သတိမေ့သွားတော့၏။

ဂုန်နီအိတ်ထဲသို့ သတိမေ့နေသော စိန်ကတုံးကိုထည့်ပြီး မြင်းပေါ်တင်ကာ နှစ်ယောက်သား ရွာသို့ပြန်သယ်လာ၏။

ရွာသို့ပြန်ရောက်တော့ မှောင်နေပြီ။ စံမောင်း၏အိမ်က ရွာ

www.burmeseclassic.com

တောင်ပိုင်း ထွက်ပေါက်တွင်ရှိရာ မည်သူမှ မသိရှိလိုက်ဘဲ အိမ်သို့ပြန် ရောက်ကြလေ၏။

စိန်ကတုံးကို အိမ်အပေါ်ထပ် ဦးသာခွေးတို့ သေသောနေရာသို့ ယူ သွား၏။ ထို့နောက်သော် စိန်ကတုံး တို ဂုန်နီအိတ်ထဲမှ ထုတ်လိုက်၏။ ထို့နောက် လက်ပြန်ကြိုးတုပ်လိုက် ၏။

"ဖြော . . . ဖြော"

"ဖလူး . . . ဖလူး . . . ဖလူး"

သတိမေ့နေသော စိန်ကတုံး တို ရေဖြင့်လောင်း၍ သတိရအောင် လုပ်လိုက်သည်။

"မင်း . . . မင်းတို့"

"ဟား . . . ဟား၊ ကိုစိန်ကတုံး ခင်ဗျားအလှည့်ရောက်တော့ ခင်ဗျား ကြောက်နေပြီလားဗျ"

"မှားမယ် စံမောင်း။ ငါ ငါဘာ မှမလုပ်ပါဘူး။ မင်းမိသားစုကို ငါ မသတ်ပါဘူး"

"ဒါဖြင့် ဒီပစ္စည်းတွေကို ခင်ဗျား ဘယ်ကရတာတုံး"

စိန်ကတုံး လွယ်အိတ်ကို သွန် ချပြီး ပြလိုက်၏။

ဓားပြတိုက်စဉ်က ပစ္စည်းများ အားလုံး ထွက်ကျလာသည်။

အမှန်တော့ မန္တလေးအထွက် ဘီး ချောက်မြို့၊ ကျောက်ပန်းတောင်း နှင့် ရေနံချောင်းမြို့ သုံးမြို့ဆိုင် ခမ်းဆုံတွင်ရှိသော 'ငွေးချို'ရွာသို့ ဓားပြများနှင့် အချိန်းအဆက် ထားထား၍ ပစ္စည်းများ ခွဲယူကြရန် သွားခြင်းဖြစ်၏။

"ငါ . . . ငါ . . . ငါမှားသွား တယ် စံမောင်းရယ်။ ငါ့အသက်ကို ဒီတစ်ခါတော့ ချမ်းသာပေးပါ"

ငြင်းမရတော့သဖြင့် စိန်ကတုံး အသနားခံ၏။

"ကောင်းပြီ။ တစ်ချိန်က ခင်ဗျား က ကျုပ်တို့လယ်တွေယာတွေကို ကူ လုပ်ပေးလို့ ခွင့်လွှတ်လိုက်မယ်"

"အေးပါ စံမောင်းရယ်။ မင်း ကို ကျေးဇူးတင်ပါတယ်"

"တစ်ခုတော့ ခင်ဗျား ကျုပ်တို့ ကို ကူညီရမယ်"

"ဘာလဲပြောပါ။ ငါ့အသက်နဲ့ ရင်းပြီး ကူညီပါ့မယ်"

"ခင်ဗျား တကတိတည်ပါတယ် နော်"

"တည်ပါတယ်ကွ . . . ငါဘာ လုပ်ပေးရမလဲပြောပါ"

"ခင်ဗျားနဲ့ပေါင်းပြီး ကျုပ်မိဘ တွေကို သတ်သွားတဲ့ လူတွေကို လက်စားချေပေးရမယ်"

"ဟာ . . . စိန်လိုက် စံမောင်း ဒီကိစ္စကလွယ်ပါတယ်။ ငါလုပ်ပေး ပါ့မယ်"

"ကောင်းပြီ အဲဒီလူတွေက ဘယ် သူတွေလဲ . . ပြော"

"အဲဒီကိစ္စမှာ မင်းကိုယ်တိုင် ဝင်မပါနဲ့ စံမောင်း။ အားလုံးငါ့တာ ဝန်ထား။ ငါ ကြည့်ရှင်းလိုက်မယ်"

"မဟုတ်သေးဘူး ကိုစိန်ကတုံး ရဲ့။ ကျုပ်မိသားစုကို လူမဆန်ဘဲ ပစ္စည်းလည်းယူ၊ လူလည်းသတ်သွား တဲ့သူတွေကို ကျုပ်လက်နဲ့ ကျုပ် ကိုယ်တိုင်သတ်ပြီး လက်စားချေချင် တယ်ဗျ။ ဒါကြောင့် ဘယ်ရွာက ကောင်တွေလဲ ပြောစမ်းပါ"

"အေး . . . ဒါလည်း ဟုတ်ပေ သား:ပဲ'။ ကျစ်ဆံပွေးရွာသား နွားခိုး အောင်ထူးနဲ့ အောင်မူး ညီအစ်ကို ရယ်၊ တမို့အုန်းတွဲရွာက ဓားပြတော ကျော်နဲ့ ဆားတိုင်ကန်ရွာက ဟန်မြ ရယ်ပါ"

"ခင်ဗျားကောဆို ငါးယောက် ပေါ့နော်"

"အင်း . . အေး . . အဲဒါက"

"ဒုတ် . . ."

"ဝုန်း . . ."

"အောင်မယ်လေးဗျ . . ."ဟု ပင်မအော်နိုင်ဘဲ စိန်ကတုံး၏ ခေါင်း နှင့်ကိုယ် အိုးစားကွဲသွားသည်။

စိန်ကတုံး၏ခေါင်းက ကြမ်း ပြင်ပေါ်သို့ ကျရောက်လိမ့်ဆင်းသွား ရှာလေတော့သတည်း။


*(ဆက်လက်ဖော်ပြပါမည်။)*

● မကြွေးညိုစိမ့်



www.burmeseclassic.com

www.burmeseclassic.com



# ကမ္မဋ္ဌာန်းလေးမျိုးထဲက

# ရပ်ကမ္မဋ္ဌာန်း

ကျိုက်ထော်-မြင့်မြတ်ကျော်(ဘီအေ)

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သတိပဋ္ဌာန်ပါဠိတော်မှာ အားထုတ်နည်း၊ ရှုမှတ်နည်းလေးမျိုး သင်ကြားတော်မူသည်။ ၎င်းတို့မှာ ရပ်မှတ်၊ လဲလျောင်းမှတ်၊ သွားမှတ်တို့ ဖြစ်ပါသည်။ ၎င်းကို ဣရိယာပထပဗ္ဗဟု ခေါ်ပါသည်။

၁။ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ– သွားရင် သွားတာသိ။

၂။ ဌိတောဝါ ဌိတောမီတိ ပဇာနာတိ– ရပ်ရင် ရပ်တာသိ။

၃။ နိသိန္နောဝါ နိသိန္နောမီတိ ပဇာနာတိ– ထိုင်နေရင် ထိုင်တာသိ။

၄။ သယာနောဝါ သယာနောမီတိ ပဇာနာတိ– လဲလျောင်းရင် လဲလျောင်းတာသိ။

ဘုရားက ဣရိယာ ပထပဗ္ဗမှာ ကမ္မဋ္ဌာန်းတရားအားထုတ်နည်း လေးနည်းအခြေခံထားတာ ဘုရားဟောသွားတယ်။ မြန်မာပြည်မှာ ကမ္မဋ္ဌာန်းတိုက်ပေါင်း များစွာရှိသည်။ ကမ္မဋ္ဌာန်းတိုက်ပေါင်း များစွာရှိသည့်အနက် ရပ်ကမ္မဋ္ဌာန်းပြသည့် ကမ္မဋ္ဌာန်းတိုက် သုံးခုပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁) မွန်ပြည်နယ် မုဒုံအနီး တော်ကူးဆရာတော်ဘုရားကြီးလည်း ရုပ်ကမ္မဋ္ဌာန်းပြတော်မူသည်။

(၂) စစ်ကိုင်းတိုင်း မင်းကွန်းအထက်နား အိုက်နိုင်ရွာ ပင်ကုက္ကိုရိပ်သာ ဆရာတော်ဘုရားကြီးလည်း ရုပ်ကမ္မဋ္ဌာန်း ပြတော်မူသည်။

(၃) တန့်ကြည်တောင် ရန်အောင်ချမ်းသာ ဆရာတော်ဘုရားကြီးလည်း ရုပ်ကမ္မဋ္ဌာန်း ပြတော်မူသည်။

မြတ်စွာဘုရား ဖြစ်တော်မူပြီးနောက် တစ်နေရာမှာ ခုနစ်ရက်၊ ခုနစ်ရက် ခုနစ်ဌာနနေတယ်။ အဲဒီခုနစ်ဌာနနေတဲ့အထဲမှာ ခုနစ်ရက်လုံးလုံး ရုပ်တဲ့ဌာနပါတယ်၊ ခုနစ်ရက်လုံးလုံး ဗောဓိပင်ကို စိန်းစိန်းကြီးကြည့်နေပြီး ရုပ်နေတယ်။ ခုနစ်ရက်လုံးလုံး လမ်းလျှောက်နေတယ်။ စင်္ကမသတ္တာဟလို့ ခေါ်တယ်။ ထိုင်တာငါးနေရာရှိတယ်။ ဣရိယာပုဒ်လေးပါးမှာ ခုနစ်ရက်လုံးလုံး ရုပ်တာ၊ လမ်းလျှောက်တာ၊ ခုနစ်ရက်လုံးလုံး ထိုင်တာ ပါတယ်။ ထိုင်တာက ငါးနေရာပါတယ်။

သတ္တ သတ္တ နဝ တာလီသ (၇ × ၇= ၄၉ရက်) ကြာတယ်။ ရုပ်ကမ္မဋ္ဌာန်းကိုပြရတာ တာဝန်ကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ကမ္မဋ္ဌာန်းဟာ ထိုင်ကမ္မဋ္ဌာန်းထက် အရေးကြီးတယ်။ ရုပ်ကမ္မဋ္ဌာန်းကို မှတ်လိုက်ပြီဆိုလျှင် ကမ္မဋ္ဌာန်းပေးဆရာတော်မှာ တာဝန်ရှိတယ်။ အဲဒီပုဂ္ဂိုလ်ကို အထူးဂရုစိုက်ရတယ်။ ထိုင်နေရင်းနဲ့ ခေါင်းကလေး ငိုက်ကျသွားရင်၊ နဖူးကလေးက အောက်ကိုအသာကလေး ကျသွားတာ၊ 'ဒိုက်'ဆို ရုပ်နေရင်းနဲ့ လဲသွားရင် ဒုက္ခဖြစ်သွားမှာမို့ ရုပ်ကမ္မဋ္ဌာန်းယောဂီကို ကမ္မဋ္ဌာန်းဆရာနဲ့ ယောဂီထိန်းက အထူးဂရုစိုက်ရတာ။ တာဝန်ကြီးလို့ ကမ္မဋ္ဌာန်းဆရာတွေက ရုပ်ကမ္မဋ္ဌာန်းကို မပြကြဘူး။ ရုပ်ကမ္မဋ္ဌာန်းက မရုပ်တတ်သေးခင် တစ်ကြိမ်၊ နှစ်ကြိမ်သာ ယောဂီက စိုးရိမ်ရတာ။ ရုပ်တတ်သွားရင် ယောဂီက ရုပ်ကမ္မဋ္ဌာန်းကို အလွန်သဘောကျတာ။

ရုပ်ကမ္မဋ္ဌာန်းကိုရုပ်တဲ့အခါ လက်ကရှေ့မှာထားလည်းရတယ်။ နောက်မှာထားလည်း ရတယ်။ ဘေးမှာထားလည်း ရတယ်။ ခြေဖဝါးနှစ်ခုကို ပူးမထားရဘူး။ ခန္ဓာအိမ်အပေါ်ပိုင်းကို ဟန်ချက်ညီအောင် ထိန်းထားဖို့အတွက် ခြေနှစ်ဖက်ကို ပူးလည်းမထားရဘူး၊ ကားလည်းမထားရဘူး။

ခြေဖဝါးကနေ ခေါင်းတိုင်အောင် တောင့်တောင့်စန့်စန့် မတ်မတ်ကြီးနေနိုင်တာ ဘယ်သူ့သတ္တိလည်းဆိုရင် ဝါယောသတ္တိ။ လေရှိလို့ ရုပ်နေနိုင်တာ။ လေမရှိရင် ရုပ်လို့မရဘူး။ လေရဲ့သဘောက တောင့်တောင့်မတ်မတ်ကြီး ရုပ်နေနိုင်တယ်။ ဒါ ဝါယောဓာတ်ရဲ့သဘော။ ဝါယောဓာတ်ရဲ့လက္ခဏာ။ အဲဒါကို စိုက်ကြည့်လိုက်ပါ။ ပညတ်က တင်ထားရတယ်။ စိတ်က ရုပ်တယ်၊ ရုပ်တယ်လို့မှတ်ရတယ်။ မှတ်နည်းကတော့ မှတ်ချင်သလောက်မှတ်ပါ။ ဆယ်ချက်–ဆယ့်ငါးချက်မှတ်ပါ။ တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ် ကြိုက်သလောက်မှတ်။ ကာလမပါဘူး။ လေပဲမှတ်။ နှာသီးဝက လေပဲမှတ်။ ဝင်လေထွက်လေကိုမှတ်ပါ။ မှတ်ရင်းနဲ့ပဲ ကြာလာရင် ခြေဖဝါးက ပူလာတယ်။ ပူတယ်၊ ပူတယ်လို့ မှတ်ရတယ်။ မမှတ်နိုင်ရင် သူ့ကိုဥပေက္ခာပြုပြီး နှာသီးဝကလေကိုပဲမှတ်။ ကြာလာရင် ခြေသလုံးက တောင့်လာရင် တောင့်လာတယ်လို့မှတ်ရမယ်။ သူ့သဘောသူဆောင်တယ်လို့ မှတ်ရမယ်။ နှာသီးဝက လေကိုပဲ ပြန်မှတ်။ ဒူးခေါင်းတောင့်ရင် တောင့်တယ်၊ တောင့်တယ်လို့မှတ်။ သူ့သဘောသူဆောင်တာ အနတ္တပဲမှတ်။

တစ်ခါတစ်ရံ တစ်ကိုယ်လုံး သိမ့်သိမ့်၊ သိမ့်သိမ့်နဲ့ တုန်လာတယ်။ အပေါ်ရေလေးတွေ တုန်လာတတ်တယ်။ အကြောလေးတွေ တုန်လာတတ်တယ်။ အကြောကလေးတွေ တဆတ်ဆတ်နဲ့တုန်တယ်။ တုန်ရင်တုန်တယ်လို့မှတ်။ တစ်ခါတလေ အုံ့ညြွှယ်ကောင်းလောက်အော ႏ ယိမ်းယိုင်ပြီး လှုပ်ရှားတတ်ကယ်။

## ဝါယောသဘာဝ

**ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတစ်လီ**
**ယိမ်းယိုင်လှုပ်ရှား၊ ရွေ့သွားတတ်သည်**
**သူ့လိုရာသက်၊ တွန်းလျက်ဆောင်သည်**
**ဝါယောဓာတ် သိမှတ်၊ မြတ်ယောဂီ။**

တစ်ကိုယ်လုံး ခန္ဓာကိုယ်ကြီးဟာ တောင့်တင်းပြီး ယိမ်းယိုင်ပြီးတော့ ဖျိုးဖျိုးဖျင်းဖျင်း ဖြစ်လာတတ်တယ်။ သစ်ပင်လေတိုက်သလိုပဲ အုံ့ညြစ်ရာ။ တားလို့မရဘူး။ ဒါယောဂီက လုပ်တာမဟုတ်ဘူး။ သူ့ဟာသူ ဥတုဓ

www.burmeseclassic.com

ဝါယောက သူ့ဟာသူဖြစ်လာတာ။ ကိုရင်လေးတစ်ပါးက တရားမှတ်ရင်း သူ့ဟာသူ ဖျဉ်းဖျဉ်းနဲ့ တစ်ခါတည်း ခေါင်းလာရိုက်တာ။ ဒါ ဝါယောဓာတ်က သူ့ဟာသူ ဆွဲဆောင်ပြီး သူ့ဟာသူ လှုပ်ရှားနေတာ။ အဲဒါ အနတ္တလို့ခေါ်တယ်။ တားလို့မရဘူး။ မိမိကြိုက်သလို မလုပ်ရဘူး။ ရုပ်တွေကလည်း သူ့ဟာသူ ဖောက်ပြန်နေတာ။ အဲ့ဒါ ဝိပဿနာဉာဏ် ရောက်လာတာ။ ဒီခန္ဓာကိုယ်ကြီးက ငါဘာမှလုပ်လို့မရဘူး။ သူ့သဘောသူဆောင်နေပါလား ဆိုတာကို သိလာတယ်။ တစ်ခါတလေလည်း သည်းမခံနိုင်အောင် ဆင်းရဲတယ်။ အဲ့ဒီအခါ ပြင်ချင်လာတယ်။ ပြင်ချင်တဲ့စိတ်ပေါ်တာ။ တရားမှတ်လို့ မကောင်းသေးဘူး။ တရားမှတ်လို့ ကောင်းလာရင် ပြင်ချင်တဲ့စိတ် မပေါ်ဘူး။

ပြင်ချင်ရင် ခြေထောက်ကို တစ်ဖက်စီ စလှုပ်ရတယ်။ ညာခြေထောက်ကလေးစပြီး လှုပ်ရတယ်။ ပြင်တယ် ပြင်တယ်၊ လှုပ်တယ် လှုပ်တယ်လို့ မှတ်ရတယ်။ ညာခြေထောက် ပြေသွားတော့မှ ဘယ်ခြေထောက်လေး ပြင်ရတယ်။ ပြင်တယ် ပြင်တယ်၊ လှုပ်တယ်လို့ မှတ်ရတယ်။ အားလုံးပြေသွားပြီဆိုမှ ထိုင်ချင်တဲ့စိတ်ပေါ်ရင် ထိုင်ချင်တယ် ထိုင်ချင်တယ်လို့ မှတ်ရမယ်။ မျက်လုံးက ဖွင့်မကြည့်ရဘူး။ ရုပ်တုန်းကပါလာတဲ့ ဖျဉ်းဖျဉ်းဆိုတဲ့ ဝေဒနာကလေးကိုလည်း အနည်းငယ်မှတ်လိုက်ဦး။ မှတ်ပြီးရင် တစ်ခါတည်း လေ(လေရှူသံ)ကိုပဲမှတ်တော့။ ရုပ်နေရာကနေ အထိုင်ကိုပြောင်းချင်ရင် ဒီလိုပြောင်းရတယ်။

ထိုင်တာ နာရီဝက်လောက်ကြာရင် ထိုင်ရာက ရပ်ချင်ပြန်တယ်။ ပထမဆုံး ထိုင်ဣရိယာပုဒ်ကို ဖျက်ရတယ်။ ဖျက်တယ် ဖျက်တယ် ပြင်တယ် ပြင်တယ်လို့မှတ်ပြီးမှ ရပ်ချင်တယ် ရပ်ချင်တယ်လို့ မှတ်ပြီး ရပ်တယ် ရပ်တယ်ဆိုပြီး ပြင်ရပ်သွားတယ်။

ရပ်ကမ္မဋ္ဌာန်းသည် ရောဂါလေးမျိုးကို ပျောက်စေသောအကျိုးကို ရပါသည်။ ရပ်ကမ္မဋ္ဌာန်းကို မှတ်သည့်အခါ အရပ်၊ အထိုင် ပြောင်းလဲ၍ ကောင်းကောင်း ကျွမ်းကျွမ်းကျင်ကျင် မှတ်တတ်သွားပြီး မှတ်နည်းသိသွားသည့်အခါ ရောဂါလေးမျိုး ပျောက်ပါသည်။ ၎င်းမှာ ....

၁။ လေဖြတ်ရောဂါကို ကာကွယ်တယ်။ လေဖြတ်ချင်တဲ့ အနေအထားကနေ လွတ်ထွက်သွားတယ်။ လေမဖြတ်တော့ဘူး။

၂။ သွက်ချာပါဒခေါ်တဲ့ လေငန်းရောဂါကို ကာကွယ်တယ်။ လေငန်းရောဂါစွဲချင်တဲ့ ပုဂ္ဂိုလ်၊ ဒီရပ်ကမ္မဋ္ဌာ မှတ်ရင် မစွဲတော့ဘူး။ လေငန်းရောဂါဖြစ်ချင်တဲ့ပုဂ္ဂို မဖြစ်တော့ဘူး။

၃။ ဒူးခေါင်းတွေပျော့ပြီး နုံးနေတယ်။ လမ်းမသွာ ချင်ဘူး။ မသန်ဘူး။ အောက်ပိုင်းတွေချည့်ပြီးတော့ အော ပိုင်းတွေပျော့တယ်။ အောက်ပိုင်းတွေ ချည့်တယ်ဆို ရောဂါ လုံးဝပျောက်သွားတယ်။

၄။ ခြေသလုံးတွေ အေးစက်ပြီး စစ်စစ်နဲ့ ကို တတ်တဲ့၊ ညောင်းတတ်တဲ့ ဒူလာပါဒရက်ရောဂါ အ သားတွေ ဖြစ်တတ်တယ်။ အမျိုးသမီးတွေလည်း သလုံးတွေကျင်ပြီး စစ်စစ်နဲ့ကိုက်တာ။ မီးယပ်ထုံ၊ မီးယ ကျင်၊ မီးယပ်ကိုက်ရောဂါ။ ရပ်ကမ္မဋ္ဌာန်းသာ ပိုင်ပိုင်နိုင် လည်းရပ်ပြီးရင် ရောဂါတွေ မရှိတော့ဘူး။ ပျောက် ရပ်ကမ္မဋ္ဌာန်းက ရောဂါလေးမျိုးကို ပျောက်စေတယ်။

"သဗ္ဗေ ဓမ္မာ အနတ္တာ"

သဗ္ဗေ–ခပ်သိမ်းကုန်သော၊ ဓမ္မာ–တရားတို့သ အနတ္တာ–အတ္တမဟုတ် (ဝါ) ကိုယ့်အလိုကျမဟုတ်။

တရားဆိုတာ အာရုံနဲ့ မှတ်စိတ် တည့်သွာ အတွေးလွတ်သွားမှ ကောင်းတာ။ တွေးနေသမျှကာ ပတ်လုံး ဘယ်ဣရိယာပုဒ်မှ မကောင်းဘူး။ ထိုင်လည် မကောင်းဘူး၊ ရပ်လည်း မကောင်းဘူး၊ လဲလျောင်းလည် မကောင်းဘူး။ လမ်းလျှောက်လည်း မကောင်းဘူ အတွေးလွတ်သွားမှ တရားကကောင်းတာ။ အတွေးလွ ဖို့ဆိုတာ တစ်ရက်၊ နှစ်ရက်၊ သုံးရက်နဲ့လည်း မလွတ် သာမန်ပုဂ္ဂိုလ်ကို ပြောတာ။ ဝိသေသပုဂ္ဂိုလ်ကျတေ တစ်ရက်တည်းနဲ့လည်း လွတ်တယ်။

ယောဂီများ ရပ်ကမ္မဋ္ဌာန်းကို ကြိုးစားအားထု နိုင်ရန်အတွက် ရှာဖွေ၍ တင်ပြလိုက်ရပါသည်။

**ကျိုက်ထော်–မြင့်မြတ်ကျော်(ဘိ**

*မှတ်ချက်*

၁။ တန့်ကြည်တောင်ဆရာတော်ကြီး ဟောကြာ
အဓိဋ္ဌာန်ဒေသနာဟောစဉ်တရားတော် (ဒု–

၂။ တန့်ကြည်တောင်ဆရာတော်၏ ဘာ
တော်။



www.burmeseclassic.com

www.burmeseclassic.com

# ထီးဖြူလှူ၍

## အေးချမ်းသော ဘဝအရိပ်အောက်မှာ

□ နှင်းအဥ္စလီ

လူတို့သည် လှုပ်ရှားရုန်းကန်နေသော ဘဝများ၌ ပူပင်သောကများကို ရင်ဆိုင်ကြရပါသည်။ စီးပွားရေးအပူ၊ ငွေကြေးအပူ၊ အိမ်ထောင်ရေးအပူ၊ သားသမီးအပူ၊ လူမှုရေးအပူ၊ အလုပ်အကိုင်အပူများကို ရင်ဆိုင်ကြသောအချိန်၌ ထီးဖြူ ၁၀ လက်လှူ၍ အေးချမ်းသော ဘဝအရိပ်အောက်တွင် ရှိနေပါမည်။

စနေနေ့ မနက် ဗိုလ်တထောင်ဘုရား၏ စနေထောင့်တွင် ထီးဖြူ ၁၀ လက် လှူဒါန်းပါ။

“နေ့သား/သမီး နာမည် ----- ထီးဖြူလှူ၍ အေးချမ်းသောဘဝကို ရပါစေ”ဟု ဆုတောင်းပါ။

နေ့သား/သမီးအလိုက် ဖော်ပြထားသော နှစ်များတွင်သာ ထီးဖြူလှူဒါန်းပါ။

**တနင်္ဂနွေ** ။ ၁၁ နှစ်၊ ၁၂ နှစ်၊ ၁၉ နှစ်၊ ၂၀ နှစ်၊ ၂၇ နှစ်၊ ၂၈ နှစ်၊ ၃၅ နှစ်၊ ၃၆ နှစ်၊ ၄၃ နှစ်၊ ၄၄ နှစ်၊ ၅၉ နှစ်၊ ၆၀ နှစ်၊ ၆၇ နှစ်၊ ၆၈ နှစ်၊ ၇၅ နှစ်၊ ၇၆ နှစ်၊ ၈၃ နှစ်၊ ၈၄ နှစ်။

**တနင်္လာ** ။ ၁၀ နှစ်၊ ၁၁ နှစ်၊ ၁၈ နှစ်၊ ၁၉ နှစ်၊ ၂၆ နှစ်၊ ၂၇ နှစ်၊ ၃၄ နှစ်၊ ၃၅ နှစ်၊ ၄၂ နှစ်၊ ၄၃ နှစ်၊ ၅၀ နှစ်၊ ၅၁ နှစ်၊ ၅၈ နှစ်၊ ၅၉ နှစ်၊ ၆၆ နှစ်၊ ၆၇ နှစ်၊ ၇၄ နှစ်၊ ၇၅ နှစ်၊ ၈၂ နှစ်၊ ၈၃ နှစ်။

**အင်္ဂါ** ။ ၉ နှစ်၊ ၁၀ နှစ်၊ ၁၇ နှစ်၊ ၁၈ နှစ်၊ ၃၃ နှစ်၊ ၃၄ နှစ်၊ ၄၁ နှစ်၊ ၄၂ နှစ်၊ ၄၉ နှစ်၊ ၅၀ နှစ်၊ ၅၇ နှစ်၊ ၅၈ နှစ်၊ ၆၅ နှစ်၊ ၆၆ နှစ်၊ ၇၃ နှစ်၊ ၇၄ နှစ်၊ ၈၁ နှစ်၊ ၈၂ နှစ်။

**ဗုဒ္ဓဟူး** ။ ၈ နှစ်၊ ၉ နှစ်၊ ၁၆ နှစ်၊ ၁၇ နှစ်၊ ၂၄ နှစ်၊ ၂၅ နှစ်၊ ၃၂ နှစ်၊ ၃၃ နှစ်၊ ၄၀ နှစ်၊ ၄၁ နှစ်၊ ၄၈ နှစ်၊ ၄၉ နှစ်၊ ၅၆ နှစ်၊ ၅၇ နှစ်၊ ၆၄ နှစ်၊ ၆၅ နှစ်၊ ၇၂ နှစ်၊ ၇၃ နှစ်၊ ၈၀ နှစ်၊ ၈၁ နှစ်။

**ကြာသပတေး** ။ ၆ နှစ်၊ ၇ နှစ်၊ ၁၄ နှစ်၊ ၁၅ နှစ်၊ ၂၂ နှစ်၊ ၂၃ နှစ်၊ ၃၀ နှစ်၊ ၃၁ နှစ်၊ ၃၈ နှစ်၊ ၃၉ နှစ်၊ ၄၆ နှစ်၊ ၄၇ နှစ်၊ ၅၄ နှစ်၊ ၅၅ နှစ်၊ ၆၂ နှစ်၊ ၆၃ နှစ်၊ ၇၀ နှစ်၊ ၇၁ နှစ်၊ ၇၈ နှစ်၊ ၇၉ နှစ်၊ ၈၆ နှစ်၊ ၈၇ နှစ်။

**သောကြာ** ။ ၄ နှစ်၊ ၅ နှစ်၊ ၁၂ နှစ်၊ ၁၃ နှစ်၊ ၂၀ နှစ်၊ ၂၁ နှစ်၊ ၂၈ နှစ်၊ ၂၉ နှစ်၊ ၃၆ နှစ်၊ ၃၇ နှစ်၊ ၄၄ နှစ်၊ ၄၅ နှစ်၊ ၅၂ နှစ်၊ ၅၃ နှစ်၊ ၆၀ နှစ်၊ ၆၁ နှစ်၊ ၆၈ နှစ်၊ ၆၉ နှစ်၊ ၇၆ နှစ်၊ ၇၇ နှစ်။

**စနေ** ။ ၇ နှစ်၊ ၈ နှစ်၊ ၁၅ နှစ်၊ ၁၆ နှစ်၊ ၂၃ နှစ်၊ ၂၄ နှစ်၊ ၃၁ နှစ်၊ ၃၂ နှစ်၊ ၃၉ နှစ်၊ ၄၀ နှစ်၊ ၄၇ နှစ်၊ ၄၈ နှစ်၊ ၅၅ နှစ်၊ ၅၆ နှစ်၊ ၆၃ နှစ်၊ ၆၄ နှစ်၊ ၇၁ နှစ်၊ ၇၂ နှစ်၊ ၇၉ နှစ်၊ ၈၀ နှစ်။

**ရာဟု** ။ ၅ နှစ်၊ ၆ နှစ်၊ ၁၃ နှစ်၊ ၁၄ နှစ်၊ ၂၁ နှစ်၊ ၂၂ နှစ်၊ ၂၉ နှစ်၊ ၃၀ နှစ်၊ ၃၇ နှစ်၊ ၃၈ နှစ်၊ ၄၅ နှစ်၊ ၄၆ နှစ်၊ ၅၃ နှစ်၊ ၅၄ နှစ်၊ ၆၁ နှစ်၊ ၆၂ နှစ်၊ ၆၉ နှစ်၊ ၇၀ နှစ်။

**နှင်းအဥ္စလီ**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ကြောင့်တော့ မသေစေနဲ့

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

"ဆရာမင်းသိခ်ရဲ့ စာတွေကို ကျွန်တော်သိပ်ကြိုက်တယ်။ ဒါပေမယ့် တချို့ဖော်ပြချက်တွေက သိပ်ပြီးသဘာဝမကျဘူး။ ယုတ္တိမတန်တာတွေ ပါနေတယ်။ အဲဒီအချက်မျိုးတွေကို ပြင်လိုက်ရင် သိပ်ကောင်းသွားမှာပါ"

၁၉၇၃ ခုနှစ်တွင် ဖြစ်၏။ ရောဝတီတိုင်း၊ ညောင်တုန်းမြို့သို့ စာပေဟောပြောပွဲအတွက် သင်္ဘောဖြင့်သွားရောက်ကြစဉ်ဖြစ်၏။ ထိုအဖွဲ့တွင် ဆရာမင်းသိခ်၊ ချစ်ဦးညို၊ သာယာဝတီ စမ်းစမ်းနွဲ့နှင့် ကျွန်တော်မနုဿကျော်ဝင်းတို့ပါဝင်ကြ၏။ ထိုခေတ်ထိုကာလက ရောဝတီတိုင်းရှိ မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့ကြီးပြကြီးများသို့ခရီးသွားလျှင် ရေကြောင်းခရီးကိုသာ အားထားနေကြရ၏။ သင်္ဘော၊ သို့မဟုတ် မော်တော်စီးကြရ၏။ ရန်ကုန်-ညောင်တုန်းကားလမ်း ဖော်လုပ်ထားသော်လည်း မော်တော်ကားဖြင့် သွားလာ၍ မဖြစ်နိုင်လောက်အောင် အခြေအနေဆိုးသောကြောင့် ခရီးသွားလာသူများသည် ရေယာဉ်များကိုသာ အားထားခဲ့ကြရ၏။ ယခု ကျွန်တော်တို့အဖွဲ့သည်လည်း ရန်ကုန်ကြည့်မြင်တိုင် ဆိပ်ကမ်းမှ ည ၈ နာရီထွက်သော သင်္ဘောဖြင့် ညောင်တုန်းမြို့သို့ လိုက်ပါလာခဲ့ခြင်းဖြစ်၏။ မိမိတို့ စာရေးဆရာအချင်းချင်း စာပေဟောပြောပွဲတစ်ခုအတွက် သင်္ဘောပေါ်တွင် ဆုံစည်းကြခိုက် လက်ဖက်ရည်ဝိုင်းတစ်ခုကို ဖြစ်သလိုစီစဉ်ပြီး စကားစမြည်ပြောရင်း လိုက်ပါလာခဲ့ကြ၏။ မိမိတို့စကားဝိုင်း အရှိန်ရနေစဉ် လူစိမ်းတစ်ဦးက လာ၍ရောပြီး သူသည် အင်းစိန်စီအိုင်ဒီမှ ဒုရဲအုပ်တစ်ဦးဖြစ်ကြောင်း၊ သူ့နာမည်ကိုပြောပြီး မိမိသည် စာပေဝါသနာထုံသူဖြစ်ကြောင်း၊ ဆရာမင်းသိခ်၏စာတွေကို အလွန်ကြိုက်နှစ်သက်ကြောင်း ပြောကာ ဤစာ၏အဆက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဝေဖန်ချက်ပေးလေ၏။ ထိုအခါ ဆရာမင်းသိခ်သည် . . .

"ခင်ဗျားက ဘယ်လိုအချက်မျိုးကို သဘာဝမကျဘူး၊ ယုတ္တိမရှိဘူးလို့ ပြောချင်တာလဲ"ဟု မေး၏။

"ဥပမာပြရရင် ဆားပုလင်းနှင်းမောင်က ပုလိပ်မင်းကြီး မစ္စတာရုပ်တဲဝမ်ရဲ့ အခန်းထဲကို ခွင့်မတောင်း၊ အလေးမပြုဘဲ ဝင်တယ်။ သူယူလာတဲ့ ခရီးဆောင်အိတ်ကို မစ္စတာရုပ်တဲဝမ်ရဲ့ စားပွဲပေါ်မှာ ဘုံးခနဲပစ်ချလိုက်တယ်။ ပြီးတော့ မင်းကြီးရဲ့ စားပွဲရှေ့က ကုလားထိုင်ပေါ်မှာ ခြေတင်ပလ္လင်ချိတ်ပြီး ထိုင်တယ်။ သူ့ရဲ့ စီးကရက်ဗူးထဲက ဂလေစီယာ စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိဖွာရှိုက်လိုက်တယ်ဆိုတဲ့ ပမာမခန့် အပြုအမူမျိုးတွေ ပြုလုပ်ပြတယ်ဆိုတာဟာ လုံးဝသဘာဝမကျဘူး။ ယုတ္တိမတန်ဘူး။ ဆားပုလင်းလို နယ်ထိန်းအဆင့်လောက်မပြောနဲ့ အဆင့်မြင့် ပုလိပ်အရာရှိကြီးတွေတောင် မင်းကြီးရဲ့ အခန်းထဲကို ခွင့်ပြုချက်မရဘဲ ဝင်လို့မရဘူးခင်ဗျ။ ခင်းကြီးက ထိုင်ပါလို့ မပြောမချင်း သူ့ရှေ့က ကုလားထိုင်မှာ ထိုင်ခွင့်ရတာ မဟုတ်ဘူးဗျ။ အဲဒီလိုသဘာဝမကျ ယုတ္တိမတန်တဲ့ အချက်မျိုးတွေကို ပြုပြင်ရေးသားလို့ ကျွန်တော်က စေတနာနဲ့ အကြံပြုတာပါခင်ဗျာ"

ထိုသူ့စကားအဆုံး၌ ဆရာမင်းသိခ်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး . . .

"ဒီမှာမိတ်ဆွေ၊ ကျွန်တော်ရေးတာက ဝတ္ထုဗျ။ ဝတ္ထုကို ဝတ္ထုလိုပဲ ဖတ်ပါ၊ မြင်ပါ၊ ခံစားပါ။ ဒါမှဝတ္ထုဖတ်ရကျိုးနပ်မယ်။ တကယ်သဘာဝကျကျ ယုတ္တိရှိရှိ ရေးချင်တိုင်းရေးလို့ မဖြစ်နိုင်တာတွေ အများကြီးရှိတယ်။ ကျုပ်ရဲ့ ဝတ္ထုတွေကို ဒီဘက်ခေတ်အနေနဲ့ နောက်ကြောင်းမခံဘဲ ကိုလိုနီနယ်ချဲ့ခေတ်ကို နောက်ကြောင်းခံထားတာကိုက အဓိပ္ပာယ်ရှိတယ်လေ။ ကျုပ်က မျက်မှောက်ခေတ်ကို နောက်ခံ

www.burmeseclassic.com

ကာလသတ်မှတ်ပြီး ရေး ၁ဲ့ဆိုပါတော့ဗျာ။ သဘာဝကျနေအောင် ရဲ့ တချို့လာဘ်စားတာတို့၊ သူခိုး၊ ဓားပြ၊ ခါးပိုက်နှိုက်၊ ပြည့်တန်ဆာခေါင်းတွေဆီက ဆတ်ကြေးလက်ခံယူနေတာတို့အကြောင်းတွေကို ထည့်ရေးလို့ ဖြစ်မလား၊ ရမလား။ စာပေစိစစ်ရေးကရော ခွင့်ပြုမလား။ ခင်ဗျားလိုရဲ့အရာရှိတွေကရော ကြိုက်မလားဗျ။ ဒါ့ကြောင့် ကျုပ်ရဲ့ဝတ္ထုကို ဝတ္ထုလိုပဲ သဘောထားပြီး ဖတ်စေချင်တယ်။ မကြိုက်ရင်တော့ မဖတ်နဲ့ပေါ့ဗျာ"

အထက်ပါအတိုင်း တဲ့တိုးကြီးပြောချလိုက်လေရာ အဆိုပါရဲအရာရှိဆိုသူမှာ ရှူးသလို၊ ပေါသလိုလုပ်ပြီး စကားပိုင်းမှထ၍ လစ်ပြေးလေတော့၏။ ပွဲဆက်များခဲ့ကြသော ချစ်ဦးညိုနှင့် စမ်းစမ်းနွဲ့(သာယာဝတီ)တို့မှာ သူတို့၏နေရာအသီးသီး၌ လဲလျောင်းရင်း အနားယူနေကြလေပြီ။ မျက်စိကြောင်နေသူ ဆရာမင်းသိခ်နှင့် ကျွန်တော်သာ ငုတ်တုတ်ထိုင်ရင်း လက်ဖက်ရည်ကို တစိမ့်စိမ့်အရသာခံ၍သောက်နေမိကြ၏။ ထိုစဉ် ကျွန်တော်က -

"ဆရာရေးတဲ့ ပုဏ္ဏားဘကွန်းလုံးချင်းဝတ္ထုထဲက ဒဿနတွေ အကြောင်း မော်ဘီခြံထဲမှာ ကျွန်တော် အတော်များများ ဆွေးနွေးခဲ့ပြီးပြီနော်။ အဲဒီဝတ္ထုထဲက ကျွန်တော်သိပ်သဘောကျတဲ့ ဒဿနတစ်ခု ကျန်နေသေးတာမို့ ဆွေးနွေးပါရစေ"

"ဘယ်ဒဿနလဲဗျ"

"ပုဏ္ဏားဘကွန်း ဆိပ်ကြီးခနောင်တိုမှာ လူယုတ်မာစက်သူဌေး ဦးကျော်ဝင်းရဲ့ ချောက်ချမှုကြောင့် အရိုက်ခံခဲ့ရတယ်။ ရန်ကုန်ဆေးရုံကြီးမှာ အတွင်းလူနာအဖြစ် ကုသမှုခံခဲ့ရတယ်။ ဆေးရုံက ဆင်းမယ့်နေ့မှာ သူ့မိတ်ဆွေကြီး ကြေးကူးဆစ်ရောက်လာပြီး ပြောတဲ့စကားထဲက ဒဿနပါ။ ကျွန်တော်က ပုဏ္ဏားဘကွန်းဝတ္ထုကို သိပ်ကြိုက်ပြီး အကြိမ်ကြိမ်ဖတ်လို့ အလွတ်လိုရနေတယ်။ အဲဒီဇာတ်ဝင်ခန်းလေးကို အသေးစိတ်ပြန်ပြီး ရွတ်ပြမယ်နော်"

ဟု ပြောဆိုကာ အဆိုပါဇာတ်ဝင်ခန်းကို အောက်ပါအတိုင်း အသေးစိတ်ပြန်၍ ရွတ်ဆိုပြ၏။

× × ×

"မင်းကို ငါအခုပြောမှာ ပုံမဟုတ်ဘူးကွ"

"ပုံမဟုတ်ရင် ဘာလဲဗျ"

"ကိုအန်လို့ ခေါ်တယ်။ တရုတ်လိုပြောတာ။ 'ကို'ဆိုတာက အများနဲ့သက်ဆိုင်တဲ့အဓိပ္ပာယ်။ 'အန်'ဆိုတာက မှတ်တမ်းစာလို့ အဓိပ္ပာယ်ရတယ်။ အများနဲ့ဆိုင်တဲ့ မှတ်သားထားဖို့ကောင်းတဲ့ အကြောင်းအရာတွေပေါ့ကွာ။ ဂျပန်လိုတော့ မွန်ဒိုလို့ခေါ်တယ်။ ဒီဟာတွေက ပုံမဟုတ်ဘူး။ ဉာဏ်ပညာပွင့်လင်းအောင်လုပ်တဲ့အရာတွေသာ ဖြစ်တယ်။ တစ်ခုကိုတစ်ပြားနဲ့ ဒါမျိုးတွေနားထောင်ခွင့်ရတာ မင်းအနေနဲ့ အများကြီးကံကောင်းပါတယ်။ အေးလေ...ငါကတော့ ဘာမှမစားချင်ဘူး။ ဒါပေမယ့် မင်းကိုတော့ စကားတစ်ခုလောက် ပြောချင်တယ်။ အဲဒါကတော့ သတ္တဝါရယ်လို့ဖြစ်လာရင် သေတော့ သေမှာပဲပေါ့ကွာ။ ဒါပေမယ့် သူဟာသူ သေချင်ရင်သေပေစေ၊ ကိုယ့်ကြောင့်တော့ မသေစေ နဲ့။ ကိုယ့်ကြောင့်မသေစေနဲ့ဆိုတာ က ကိုယ့်ရဲ့ သတိချွတ်ယွင်းမှု ကိုယ့်ရဲ့ဉာဏ်ပညာနည်းမှုကြောင့် မသေစေနဲ့လို့ ပြောတာ။ ကဲ... သွားပေတော့။ ငါလည်း ဘိန်းခန်းကို သွားတော့မယ်"

ဟုဆိုကာ ထွက်၍သွားလေ တော့၏။

ကျွန်ုပ်လည်း ဆေးရုံကြီးမှထွက် လာခဲ့လေ၏။ တစ်လမ်းလုံးလည်း ကြေးကူးဆစ်ပြောသွားသော ကိုယ့်ကြောင့်တော့ မသေစေနဲ့ဆိုသည့် စကားကို စဉ်းစားလာမိလေ၏။

သရက်တောကျောင်းတိုက် အနီး လူပြတ်သောနေရာသို့ရောက် လျှင် မလှမ်းမကမ်းနေရာ၌ ထိုင်၍နေ သော လူတစ်ယောက်ကို တွေ့ရလေ ၏။ ထိုသူသည် ကျွန်ုပ်ကိုတွေ့လျှင် တွေ့ချင်း ထ၍ ကျွန်ုပ်ထံသို့ လာပြီး လျှင်...

"ဘယ်လိုလဲ ကိုဘကွန်း။ ဆေး ရုံကဆင်းခဲ့ပြီလား"

ဟု နှုတ်ဆက်လေ၏။ ကျွန်ုပ် လည်း ထိုသူကို မြင်ဖူးသလိုလိုတော့ ရှိသည်ဟု အောက်မေ့ကာ သေသေ ချာချာကြည့်မိသေး၏။ သို့ရာတွင် မည်သည့်နေရာ၌ တွေ့မြင်ဖူးကြောင်း အမှတ်မရသဖြင့်...

"ဟုတ်ကဲ့ ဆင်းခဲ့ပါပြီ"

ဟု အလိုက်သင့်ဖြေလိုက်ရာ ထိုသူသည် ရှေ့သို့တိုးလာပြီးလျှင်

"ဆင်းခဲ့ရလည်း ပြန်ပြီးတက်ရ ဦးတော့။ ဒီတစ်ခါတက်ရင်တော့ မဆင်းရတော့ဘူး"

www.burmeseclassic.com

ဟု ဆိုလေ၏။ ကျွန်ုပ်သည် ထိုသူ၏စကားသည် အနည်းငယ်ဆန်းနေသဖြင့် စဉ်းစားလိုက်ရင်း "သူဟာသူ သေချင်သေပေစေ၊ ကိုယ့်ကြောင့်တော့ မသေစေနဲ့"ဟူသော ကြေးကူးဆစ်၏စကားကို သတိရလိုက်သဖြင့် ထိုသူအား သတိကြီးစွာထားပြီးလျှင်

"ခင်ဗျား ဘယ်သူလဲ"ဟု မေးလိုက်လေ၏။

"ကျုပ်က မြယဉ်ကို တကယ်ချစ်နေတဲ့ ကျောမွဲ ငကျွဲလေဗျာ။ ဟဲ . . . ဟဲ"

ဟုဆိုကာ ရှေ့သို့တိုး၍လာလေ၏။ ထိုအခါ၌ ကျွန်ုပ်သည် ကြေးကူးဆစ်၏စကားအတိုင်း သတိကြီးစွာထား၍ ထိုသူကို အကဲခတ်လိုက်ပြီးနောက် . . .

"ဩော် . . . ဒါကြောင့် မြယဉ်လည်း ပါခဲ့တာကိုး"ဟု ကျွန်ုပ်က ပြောလိုက်ပြီးလျှင် ထိုသူ၏ပခုံးပေါ်မှ ကျော်၍ ထိုသူ၏နောက်ဆီသို့ ကြည့်လိုက်ရာ ထိုသူလည်း ကျွန်ုပ်ပြောလိုက်သည်ကို အမှန်တကယ်ဟု မှတ်ထင်ကာ နောက်သို့ လှည့်၍ကြည့်လိုက်မိလေ၏။ ထိုအခိုက်တွင် ကျွန်ုပ်သည် ရတောင့်ရခဲသော အခွင့်အရေးကို လက်လွှတ်မခံတော့ဘဲ ကျွန်ုပ်၌ရှိသမျှသော ခွန်အားတို့ကို ဖျစ်ညှစ်စုရုံး၍ ထိုသူ၏နားသယ်ကို လက်သီးဖြင့် တအားထိုးချလိုက်ရာ ထိုသူသည် လမ်းသားမြောင်းအတွင်းသို့ ထိုး၍ကျသွားလေ၏။ ကျွန်ုပ်လည်း အပေါ်မှနေ၍ ခြေထောက်ဖြင့် ဆောင့်နင့်လိုက်ပြီး သူ၏ဆံပင်ကိုကိုင်ကာ မြောင်းဘောင်နှင့် မျက်နှာကို ခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်၏။

"မင်း ဘယ်သူလဲ"ဟု ကျွန်ုပ်က မေးသော်လည်း ထိုသူက မပြောပေ။ ကျွန်ုပ်လည်း ထပ်မံ၍ရိုက်ပြန်ရာ ထိုသူ၏မျက်နှာ၌ သွေးခြင်းခြင်းနီလေတော့၏။

"မင်း ဘယ်သူလဲမပြောရင် အသေသတ်ရမှာပဲ" ဟု ဆိုလိုက်မှပင်

"ငကျွဲပါ"

"မင်း ငါ့ကို ဘာလုပ်မလို့လဲ"

"သတ်မလို့။ မြယဉ်ကို ပန်းကောင်းအညွန့်ချိုးလုပ်သွားလို့ သတ်မလို့လာခဲ့တာ"

"ငါ ဒီလိုကောင်စားမျိုးမဟုတ်ဘူး။ မြယဉ်ကိုမေးကြည့်ဦး ခွေးမသား"

ဟုဆိုကာ ထိုနေရာမှ ထွက်ခဲ့လေ၏။

× × ×

"ခြုံပြီးပြောရရင်တော့ ကြေးကူးဆစ် သတိပေးခဲ့တဲ့ ကိုယ့်ကြောင့်တော့ မသေစနဲ့ဆိုတဲ့ စကားကို မှန်မှန်ကန်ကန်ဆင်ခြင်ပြီး ထိထိရောက်ရောက် အသုံးချတတ်ခဲ့လို့ ဘဝကွန်းတစ်ယောက် သေဘေးက လွတ်မြောက်ခဲ့ရတယ်ပေါ့ခင်ဗျာ။ ဒီဝတ္ထုကို ဆရာပဲဖန်တီးရေးသားခဲ့တာမို့ ကျွန်တော့်ထက် ဆရာက ပိုပြီးသိမှာပါ။ မှတ်မိမှာပါ။ ကျွန်တော် အဓိကပြောချင်တာကတော့ 'သတ္တဝါရယ်လို့ ဖြစ်လာရင် သေတော့သေမှာပဲပေါ့ကွာ။ ဒါပေမယ့်သူဟာသူ သေချင်သေပစေ၊ ကိုယ့်ကြောင့်တော့ မသေစေနဲ့။ ကိုယ့်ကြောင့်မသေစေနဲ့ဆိုတာက ကိုယ့်ရဲ့ သတိချွတ်ယွင်းမှု၊ ကိုယ့်ရဲ့ ဉာဏ်ပညာနည်းမှုကြောင့် မသေစေနဲ့လို့ ပြောတာဆိုတဲ့ ဒဿနဆန်ဆန် သတိပေးစကားဟာ သိပ်ပြီးတန်ဖိုးရှိတယ်ဆိုတာပါပဲ"

"လောကမှာ အဲဒီလို အဖိုးတန်စကားမျိုးကို သတိမမှုမိလို့ အသက်ဆုံးရှုံးခဲ့ရတာ အများကြီးပါ။ ကျွန်တော်တို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုပဲ သာဓကထားပြီး ပြောပါရစေ။ ဗိုလ်ချုပ်ဟာ သူ့ကိုယ်သူ သိပ်ပြီးယုံကြည်စိတ်ချသလို ပြည်သူတွေအားလုံးကိုလည်း ယုံကြည်စိတ်ချတယ်။ တိုင်းပြည်လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမဖက်ဆောင်ရွက်နေသူမို့သူမှာ ရန်သူမရှိဘူးလို့ လေးလေးနက်နက် ယုံကြည်ထားသူဖြစ်တယ်။ ဒါကြောင့်လည်း သူသွားလာမယ့်နေရာတွေ၊ အစည်းအဝေးပြုလုပ်တဲ့ နေရာတွေမှာ လက်နက်ကိုင်အစောင့် လုံးဝမထားစေခဲ့ဘူး။ သူနဲ့လုပ်ဖော်ကိုင်ဘက်တွေ၊ သူ့အစိုးရအဖွဲ့ထဲက ဝန်ကြီးတွေက သတင်းရလို့ လုံခြုံရေးကိစ္စ တင်းတင်းကျပ်ကျပ်ဆောင်ရွက်ဖို့ သတိပေးတင်ပြတာကိုတောင် ကျွန်တော်တို့က ပြည်သူတွေအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး လုပ်ပေးနေတာပဲ။ ကျွန်တော်တို့ကို အသက်အန္တရာယ်ပြုလို့ကတော့ ပြည်သူတွေက ဘယ်ခံနေပါ့မလဲဆိုပြီး အမြဲပြောဆိုလေ့ရှိတယ်။ သူနေထိုင်တဲ့ တာဝါလိန်းလမ်းက အိမ်မှာလည်း ဘာလက်နက်မှ ဆောင်မထားဘူး။ လက်နက်ကိုင်အစောင့်လည်း တစ်ယောက်မှ မထားခဲ့ဘူးလို့သိရတယ်"

"ဒါပေမယ့် ဗိုလ်ချုပ် မေ့တွေး

www.burmeseclassic.com

တော ဆောင်ခြင်းမိတာက သုံးလုံးထွက် ထား မြတ်စွာဘုရားကိုတောင်မှ ဒေဝဒတ်လို ရန်သူမျိုး ရှိခဲ့တယ်။ အသက်အန္တရာယ်ကျရောက်အောင် လုပ်ကြံမှုမျိုးတွေ ရှိခဲ့တယ်ဆိုတာပါပဲ။ ငါ့မှာရော ရန်သူမရှိဘူးလား။ ဘာပဲဖြစ်ဖြစ် လုံခြုံရေးသတိ အမြဲထားရှိတာဟာ စိတ်အချရဆုံးပဲဆိုတဲ့ ဆင်ခြင်မှုမျိုးရှိပြီး ကြိုတင်ကာကွယ်မှုမျိုးတွေ ပြုလုပ်ခဲ့ရင် ဗိုလ်ချုပ်ကျဆုံးခဲ့ရမှာမဟုတ်ဘူးလို့ ကျွန်တော် ယုံကြည်တယ်"

ကျွန်တော်က ကျွန်တော့်အမြင်ကို ပြောပြရာ ဆရာမင်းသိခ်က သူလည်း ဤသို့သုံးသပ်မိရကြောင်းနှင့် အများကလည်း ထိုသို့ပင် သုံးသပ်ခဲ့ကြကြောင်း ပြောပြ၏။ ထို့နောက် သူကပင်ဆက်၍...

"ကိုယ့်ကြောင့် သေကြရတဲ့ လူအဖိုးတန်တွေ သမိုင်းစဉ်အဆက်ဆက်မှာလည်း ရှိခဲ့တယ်လေ။ ဂရိ(ခ်) ရှင်ဘုရင် တစ်ပါးဖြစ်တဲ့ အလက်ဇန္ဒာသည် ဂရိတ်ဆိုရင့် လက်ရုံးရည်နှလုံးရည်နဲ့ ပြည့်စုံပြီး စစ်တိုက်တာ တော်လွန်းလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ကေရာဇ်ဘုရင် ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် ညဘက် ဧည့်ခံပွဲကြီးတစ်ခုမှာ ခါတိုင်းထက် ဝိုင်တစ်ခွက် ပိုသောက်လိုက်မိလို့ အဲဒီဧည့်ခံပွဲကအပြန်မှာ အရက်မူးလွန်ပြီး စစ်ရထားပေါ်က လိမ့်ကျသေဆုံးခဲ့ရတယ်။ အဲဒါလည်း ကိုယ့်ကြောင့်သေရတဲ့ သေခြင်းမျိုးပဲဗျ။ စစ်ကြိုခေတ်ကာလတုန်းက မြန်မာရုပ်ရှင်စတန့်မင်းသား ရဲခေါင်ချစ်ဆွေကြီးဆိုတာ သိပ်ပြီးနာမည်ကြီးခဲ့တာ ခင်ဗျားလည်း အသိပဲ။ စွန့်စားခန်းတွေမှာ လူစားမထိုးဘဲ ကိုယ်တိုင် စွန့်စွန့်စားစားလုပ်ဆောင်ပြီး ရုပ်ရှင်ရိုက်ကူးခဲ့တာကြောင့် သိပ်ပြီးနာမည်ကြီးတာ ကျော်ကြားခဲ့ရတာပေါ့။ ဥပမာ စက်လှေရဲ့ ရွက်တိုင်ထိပ်ဖျားကနေ ခုန်ချတာ၊ တကယ့်မိကျောင်းနဲ့ ရေထဲမှာ လုံးသတ်တာ၊ မီးပုံးပျံစီးတာမျိုးတွေဟာ တကယ့်သက်စွန့်ဆံဖျား ရိုက်ကွင်းမျိုးတွေပဲဗျ။ အဲ...ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ တော်လှန်ရေးရဲဘော်အဖြစ် မျိုးချစ်စိတ်နဲ့ ပါဝင်ခဲ့တဲ့ မင်းသားရဲခေါင်ချစ်ဆွေကြီးဟာ ကိုယ့်ကြောင့်ပဲ သေရရှာတယ်ဗျာ"

"နယ်ချဲ့ပုလိပ်တွေရဲ့ အခန်းတစ်ခုထဲကို ရုပ်ရှင်ထဲမှာလို ဒိုင်ဗင်ထိုးပြီး ဝင်လိုက်တာ ရန်သူပစ်လိုက်တဲ့ လက်ပစ်ဗုံးဒဏ်ကြောင့် မင်းသားချစ်ဆွေ မရှုမလှ ကျဆုံးခဲ့ရရှာပါတယ်။ ဒါက ရုပ်ရှင်ရိုက်နေတာမဟုတ်ဘဲ တကယ်စစ်တိုက်နေတယ်ဆိုတာကို မင်းသားချစ်ဆွေကြီး စဉ်းစားဆင်ခြင်မိခဲ့ရင် အခုလို အသေဆိုးမျိုးနဲ့ သေဆုံးခဲ့ရရှာမှာ မဟုတ်ဘူး။ နောက်တစ်ဦး ရှိသေးတယ်။ ဆရာကြီး ပီမိုးနင်းရဲ့သား ရုပ်ရှင်မင်းသား ကျော်စိုးပါပဲ။ သူ့ခေတ်မှာ နာမည်စရခါစအချိန် ဖခင်ဆရာကြီး ပီမိုးနင်းကတောင် သူ့သားကျော်စိုးရဲ့ အောင်မြင်မှုအတွက် အားတက်ပြီး ရှေ့ရောက် သူ့သားလုပ်စာကို ထိုင်စားပြီး အေးအေးဆေးဆေးနေတော့မယ်လို့ စိတ်ကူးနေတဲ့အချိန်မှာ မင်းသားကျော်စိုးခမျာ ရေတိမ်နစ်သွားခဲ့ရရှာတယ်။ ကိုယ့်ကြောင့်သေရတဲ့ သေခြင်းမျိုးပါပဲ။ သူနဲ့ ရည်းစားလုဘက်ဖြစ်ခဲ့ပြီး ဓားမြှောင်တစ်ချောင်းနဲ့ သူ့ကိုရန်ရှာဖို့လာနေတဲ့ ရန်သူဆီကို လက်နက်ဘာမှမပါဘဲ ထိုးတိုက်သွားပြီး ရင်ဆိုင်တဲ့အတွက် ရန်သူ့ဓားချက်နဲ့ အသက်ထွက်ခဲ့ရရှာတာ ဖြစ်တယ်"

ဆရာမင်းသိခ်နှင့် ကျွန်တော်တို့ ဆွေးနွေးပြောဆိုနေကြသည်ကို မလှမ်းမကမ်းမှ စိတ်ဝင်စားစွာ နားထောင်နေသူ အသက်ခုနစ်ဆယ်ကျော်အရွယ် သက်ကြီးပုဂ္ဂိုလ် ခရီးသည်အမျိုးသားကြီးတစ်ဦးက...

"တယ်ပြီး အဖိုးတန်တဲ့ စကားတွေပါလား။ အိမ်း...အဘကလည်း မင်းတို့ပြောနေတဲ့ ကိုယ့်ကြောင့်တော့ မသေစေနဲ့ဆိုတာကို ဖြည့်စွက်ပေးပါရစေဦး။ လူတွေတော်တော်များများ ကိုယ့်ကြောင့်သေကြရတာတွေမှာ အစားနဲ့လည်းပတ်သက်ကြတယ်။ အစားမတော်တစ်လုတ်ဆိုတဲ့ စကားပုံအတိုင်းပေါ့လေ။ အိမ်း...အဘပါးလိုက်ချင်တဲ့ အစားအသောက်ဆိုင်ရာ လက်ဆောင်စကားကတော့ အစားအသောက်နဲ့ပတ်သက်လာရင် စားကောင်းတိုင်းလည်းမစားနဲ့။ ကိုယ်နဲ့မတည့်တာလည်း မစားနဲ့။ အားနာလို့ လည်းမစားနဲ့။ နမြောလို့လည်း မစားနဲ့။ မဆာပဲနဲ့ မစားချင်ပဲနဲ့လည်း မစားနဲ့ဆိုတာပါပဲ။ အစားအသောက်နဲ့ပတ်သက်လို့ အဲဒီ အဆိုအမိန့်အတိုင်းလိုက်နာရင် ကိုယ့်ကြောင့်တော့ မသေရတော့ဘူးပေါ့ကွာ"

ဟူသော စကားဖြင့် ကြားဖြတ်ဝင်၍ ပြောကာ ကျွန်တော်တို့၏ စကားကြောကိုပါ ဆက်၍မျှောသွားစေခဲ့လေသည်။

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

www.burmeseclassic.com



# လက်ရေးစင်းပါအုတ်များသက်သေ သုဝဏ္ဏဘူမိ

■ ပါမောက္ခမင်းဓာတု

မွန်ပြည်နယ်၊ ဘီလင်းမြို့နယ်ရှိ ဝင်းက ရေးဟောင်း သုတေသနနယ်မြေအတွင်းမှ ကေလာသတောင်ခြေတွင် တည်ရှိသော ဒုတိယသုဝဏ္ဏဘူမိနိုင်ငံတော်၏ နေပြည်တော် ကေလာသမြို့ရိုးများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရပံ့ပိုးမှုဖြင့် တူးဖော်မှုများ ပြုလုပ်ရာမှ လက်ရေးစင်းရာပါသည့် အုတ်များဖြင့် ပြုလုပ်ထားသည့် မြို့ရိုးများ တွေ့ရှိရကြောင်း မေလ ၂၃ ရက်ထုတ် နေ့စဉ်ထုတ် အချို့သောသတင်းစာများတွင် ဖတ်ရှုလိုက်ရပါသည်။

လက်ရေးစင်းပါအုတ်များသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ခန့်က မြန်မာနိုင်ငံတစ်ဝန်း ပြုလူမျိုးများ အသုံးပြုခဲ့သည့် အုတ်များဖြစ်ကြပါသည်။ ပြုဒင်္ဂါးများ ပြုပုတီးစေ့များကဲ့သို့ပင် လက်ရေးစင်းပါ အုတ်များသည် ပြုလူမျိုးများ၏ ယဉ်ကျေးမှုကို ဖော်ညွှန်းသော ပစ္စည်းများပင် ဖြစ်ကြပါသည်ဟုဆိုလျှင် မည်သူမျှ မငြင်းနိုင်ပါ။

သုဝဏ္ဏဘူမိနိုင်ငံတော်သည် ယခု မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများဖြင့် ဖွဲ့စည်း



www.burmeseclassic.com

www.burmeseclassic.com

ထားခြင်းဖြစ်ပါသည်။ သုဝဏ္ဏဘူမိဟူသည် သာကီဝင်တို့၏ ပါဠိဘာသာစကားဖြစ်ပြီး ကောင်းသောအဆင်းရှိသည့် မြေဟု အဓိပ္ပာယ်ထွက်ပါ၏။ အိန္ဒိယပြည် အရှေ့တောင်ပိုင်းဒေသ တစ်ခုမှာ ထိုအမည်ဖြင့် တိုင်းနိုင်ငံရှိခဲ့ဖူးပါသည်။

ယခု မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးများဖြင့် ဖွဲ့စည်းခဲ့သော သုဝဏ္ဏဘူမိနိုင်ငံတော်အား စတင်တည်ထောင်ခဲ့သူမှာ အခြားမဟုတ်ပါ။ ကျိုက်ထီးရိုးရသေ့ကြီး၏ မွေးစားသားတော် တိဿဓမ္မသီဟရာဇာ မဟာဒွတ္တပေါင်မင်းကြီး ဖြစ်ပြီး၊ ကျိုက်ထီးရိုးစေတီအနီးကျောက်ဖြစ်နေသော မိဖုရားကြီး ရွှေနန်းကျင်၏ ကြင်ရာတော်လည်း ဖြစ်ပါသည်။ သုဝဏ္ဏဘူမိနိုင်ငံတော်တည်ထောင်သည့် ကာလမှာ BC-၅၈၁ တွင်ဖြစ်၍ ဂေါတမမြတ်စွာဘုရားမပွင့်မီ နှစ်ပေါင်း ၄၀ ခန့်တွင် ဖြစ်ပါ၏။

သုဝဏ္ဏဘူမိဘုရင်ကြီး တိဿဓမ္မသီဟရာဇာမဟာဒွတ္တပေါင်သည် ကျိုက်ထီးရိုးစေတီနှင့် သထုံရွှေစာရံစေတီတို့ကို တည်ထားသော သာသနာ့ဒါယကာ မင်းကြီးလည်း ဖြစ်ပါသည်။ မွေးစားဖခမည်းတော် တိဿရသေ့ကြီး၏ ဆန္ဒအတိုင်း ကျိုက်ထီးရိုးစေတီကို တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါ၏။

သုဝဏ္ဏဘူမိသည် မြို့တော်အမည် မဟုတ်ပါ။ တိုင်းနိုင်ငံ၏ အမည်သာဖြစ်ပါ၏။ သုဝဏ္ဏဘူမိနိုင်ငံ၏ မြို့တော်အမည်မှာ သုဓမ္မဝတီဟုခေါ်ပြီး၊ တည်နေရာမှာ ယခု သထုံမြို့ကွက်ကြီး ဖြစ်ပါသည်။ နန်းတော်တည်ရှိခဲ့သော နေရာမှာ ယခုအခါ သုဓမ္မာကုန်းဟုပင် အမည်တွင်လျက်ရှိပါသေးသည်။

သုဝဏ္ဏဘူမိနိုင်ငံ၏မြို့တော် သုဓမ္မဝတီတွင် တိဿဓမ္မသီဟရာဇာမဟာဒွတ္တပေါင်မင်းကြီး စိုးစံပြီးနောက် မင်းပေါင်း ခုနစ်ဆက်စိုးစံပြီး BC-၃၃၄ ခုနှစ်တွင် ကေလာသတောင်ခြေသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ထိုစဉ်က သုဝဏ္ဏဘူမိပြည့်ရှင် ဘုရင်ကြီးမှာ စူဠသီရိမာသောကမင်းကြီး ဖြစ်ပါ၏။ ထို့ကြောင့် ယခုတူးဖော်တွေ့ရှိနေသော လက်ရေးစင်းပါအုတ်များဖြင့် တည်ဆောက်ထားသည့် ကေလာသမြို့ရိုးဟောင်းကြီးမှာ သုဝဏ္ဏဘူမိနိုင်ငံတော်၏ ဒုတိယမြို့တော်ကြီး နေရာမျှသာ ဖြစ်ပါ၏။

ကေလာသမြို့တော်ကြီးတွင် စူဠသီရိမာသောကမင်းကြီး စိုးစံပြီးနောက်ပိုင်း မင်းပေါင်း ကိုးဆက်မျှ ဆက်လက်စိုးစံပြီး BC-၉၃ ခုနှစ် ယုဂန္ဓရာဇာမင်းလက်ထက်တွင် ကေလာသတောင်ခြေမှ မူလသုဓမ္မာဝတီမြို့တော်ဟောင်းနေရာသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ရာ ကေလာသမြို့တော်သက်တမ်းမှာ ၂၄၁ နှစ်မျှ တာရှည်ခဲ့ပါ၏။ သုဝဏ္ဏဘူမိနိုင်ငံ၊ ကေလာသမြို့တော် သက်တမ်းအတွင်း ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းဝင် အဖြစ်အပျက်ကြီးတစ်ရပ် ပေါ်ပေါက်ခဲ့ပါသည်။ ၎င်းမှာ ကေလာသမြို့သစ်တည်ပြီး ၂၇ နှစ်အကြာ စူဠသီရိမာသောကမင်းကြီးလက်ထက် BC-၃၀၈ ခုနှစ်တွင် မဇ္ဈိမဒေသမှ ဗုဒ္ဓသာသနာပြု အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ဦးဆောင်သော ရဟန္တာအရှင်မြတ်များ ကေလာသမြို့တော်သို့ ရောက်ရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

ရှင်မဟာဗုဒ္ဓဃောသကျေးဇူးတော်ကြောင့် သီဟိုဠ်မှ ပါဠိပိဋကတ်တော်များ ရောက်ရှိလာခဲ့သော ဒေသမှာ ကေလာသမြို့တော်မဟုတ်တော့ပါ။ သုဓမ္မဝတီမြို့တော်သို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ရောက်ရှိလာသော ကာလမှာ AD-၃၉၇ ခုနှစ်တွင် ဖြစ်ပါ၏။ ထိုပိဋကတ်တော်များကို သထုံရွှေစာရံစေတီတော် ရင်ပြင်တွင် ပိဋကတ်တိုက်စေတီ တည်၍ ထားရှိခဲ့ပါသည်။ ထိုစဉ်က ပိဋကတ်တိုက်စေတီ၏ အောက်ခြေအုတ်တိုက်မှာ ယခုကဲ့သို့ အပိတ်မဟုတ်ပါ။ အပွင့်ဖြစ်ပြီး ဝင်ထွက်ပေါက်များ ရှိခဲ့ပါလိမ့်မည်။

မြတ်စွာဘုရားဟောကြားတော်မူသော ပိဋကတ်တော်သည် ပါဠိဘာသာဖြစ်၍ အလွန်နက်နဲသောကြောင့် မြန်မာဘာသာပြန် ထုတ်ပေးတော်မူပါဟု မင်းနှင့်ပြည်သူတို့၏ တောင်းပန်မှုကြောင့် အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်က ပါဠိဘာသာမှ မြန်မာပြန်ထုတ်ပေးခဲ့ပါသည်။ ထို့ကြောင့် သုဓမ္မဝတီမြို့ကို စာထုတ်မြို့ဟု တွင်လာခဲ့ပါ၏။ ထိုအချက်ကို ထောက်ရှု၍ သာသနာအစ သထုံကဟူသည့် ဆိုရိုးသာမက မြန်မာစာအစ သထုံကဟူ၍လည်း ဆိုရပါလိမ့်မည်။ သထုံတွင် မြန်မာစာသုံးစွဲနေမှုသည် ပုဂံမြစေတီကျောက်စာထက် နှစ်ပေါင်း ၆၀၀ ခန့်စောနေပါသည်။

စာရေးဆရာ မန်းသင့်နောင်(ကော့ကရိတ်)ရေးသား ပြုစုထားသော "ရှေးဟောင်းသမိုင်းဝင် သုံးဆယ့်သုံးဆူစေတီတော်"စာအုပ် စာမျက်နှာ-၆၉ တွင် အောက်ပါအတိုင်း



www.burmeseclassic.com

www.burmeseclassic.com

သားတော်နှစ်ပါးနှင့် မုတ္တမမိဖုရားတို့မှာ နောက်ပါအခြွေအရံများနှင့် လွတ်မြောက်ခဲ့ကြပါ၏။ မနူဟာမင်း၏သားတော်နှစ်ပါးမှာ သထုံမြို့အရှေ့ဘက် ၁၁ မိုင်ခန့်အကွာ ဒုံသမိမြစ်ကိုဖြတ်ကျော်ပြီး ဂူတစ်ဂူတွင် တိမ်းရှောင်စံမြန်းတော်မူကြသဖြင့် ထိုဂူကို ယခုအခါ ဘုရင်ညီနောင်ဂူအဖြစ် ခေါ်ဝေါ်လျက်ရှိပါသည်။

ဖတ်ရှုရပါသည်။

"ထူးထူးခြားခြား ကရင်ပြည်နယ်တွင် စေတီတော် ၃၃ ဆူ တည်ထားကိုးကွယ်ရာ၌ ကော့ကရိတ်မြို့နယ်၊ သုံးဆယ့်သုံးဆူရွာနှင့် ဖားအံမြို့နယ်၊ လွန်းညရွာတွင် နှစ်နေရာရှိသည်။ မြန်မာဗျည်း ၃၃ လုံးကို ရည်ညွှန်းပူဇော်ခြင်း ဖြစ်သည်ဟုလည်း အချို့က ဆိုကြပါသည်။"

အထက်ပါ စေတီများသည် သုဝဏ္ဏဘူမိနိုင်ငံတော်အတွင်း ကျရောက်တည်ရှိခဲ့ပါသည်။ ရှေးမြန်မာစကားတွင် စာတစ်လုံး ဘုရားတစ်ဆူဟူ၍ ရှိနေရာ အထက်ပါစေတီများ တည်ထားပြီးနောက် ပေါ်ပေါက်လာခဲ့သော စကားဖြစ်ပါသည်။ ထိုစေတီများ၏ သမိုင်းနှင့် သက်တမ်းကို ရှာဖွေခြင်း၊ သိပ္ပံနည်းဖြင့် ထိုစေတီများရှိ အုတ်ချပ်တို့၏ သက်တမ်းကို တိုင်းတာကြည့်ခြင်းဖြင့် မြန်မာစာပေ၏ အစကို သိရှိနိုင်ကြပါလိမ့်မည်။

ပြူအုတ်များဖြစ်သော လက်ရေးစင်းပါသည့် အုတ်များဖြင့် တည်ဆောက်ထားခဲ့သည့် ကေလာသမြို့တော် မြို့ရိုးဟောင်းကြီးများနှင့် ဆက်စပ်နိုင်သည့် သုဝဏ္ဏဘူမိနိုင်ငံတော်တစ်ဝန်း တွေ့ရှိချက်အချို့ကို တင်ပြလိုပါသည်။ စာရေးဆရာ မန်းသင့်နောင်(ကော့ကရိတ်)၏ "ရှေးဟောင်းသမိုင်းဝင် သုံးဆယ့်သုံးဆူစေတီတော်" စာအုပ်တွင် တောင်ကလေး ပရိယတ္တိသာသနာ့အေးရိပ်သာ ဆရာတော် ဖူးကျိုက်ပညာသာမိက အမှာစာရေးသားပေးရာ၌ အောက်ပါအတိုင်း အကျယ်တဝင့် ရေးသားထားတော်မူကြောင်း တွေ့ရှိရပါ၏။

"ယနေ့ကရင်ပြည်နယ်တွင် ရှေးခေတ်သုံး ဒင်္ဂါးများ အများအပြား တွေ့ရှိရသည်။

(၁) ဒင်္ဂါးအမျိုးအစားမှာ
- သီရိဝစ္ဆ - အိမ်မွန်၊
- သင်္ခ - ခရုကောင်းခြင်းနိမိတ်နှင့် ပလ္လင်ပုံ တစ်မျိုး။

(၂) ဒင်္ဂါးအမျိုးအစားမှာ
- သီရိဝစ္ဆ - အိမ်မွန်၊
- ဝဇြ - တရားမျှတခြင်းနှင့် ပလ္လင်ပုံတစ်မျိုး။

(၃) ဒင်္ဂါးအမျိုးအစားမှာ
- သီရိဝစ္ဆ - အိမ်မွန်၊
- စေတီယ - လေးစားကြည်ညိုခြင်းနှင့် ပလ္လင်ပုံ တစ်မျိုး။

(၄) ဒင်္ဂါးအမျိုးအစားမှာ
- သီရိဝစ္ဆ - အိမ်မွန်၊
- သွတ္တိက - လွှမ်းမိုးခြင်းနှင့် တက်နေပုံ တစ်မျိုး။

ဤလေးမျိုးသော ရှေးခေတ်ဒင်္ဂါးတို့သည် ကရင်ပြည်နယ်အတွင်း၌ အနှံ့အပြား ပြန့်နှံ့လျက်ရှိသည်။ ရှေးခေတ်ဦးက ကရင်လူမျိုးတို့သည် မိမိတို့ သားသမီးထွန်းကားလာသောအခါ ဤရှေးခေတ်ဒင်္ဂါးများကို အပေါက်ကလေးဖောက်၍ လည်(လည်ပင်း)တွင်လည်းကောင်း၊ လက်ကောက်ဝတ်တွင်လည်းကောင်း၊ ခြေချင်းဝတ်တွင်လည်းကောင်း ဆွဲချည်ပေးလေ့ရှိသည်။"

"အထူးသဖြင့် ကရင်တိုင်းရင်းသားများ လက်ထဲတွင် ရှေးခေတ်ဒင်္ဂါးများ သုံးစွဲလျက်ရှိပေသည်။ ပြူဒင်္ဂါးများ မြင်တွေ့ရသည့်အများဆုံးဒေသမှာ ဖာပွန်မြို့နယ်ပင် ဖြစ်သည်။ ယနေ့ထက်တိုင် တောင်ပေါ်ကရင်တိုင်းရင်းသားများသည် ပြူဒင်္ဂါးများကို လည်တွင်ဆွဲထားဆဲ ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

အထက်ပါကဲ့သို့ ရှေးခေတ် သုဝဏ္ဏဘူမိနယ်မြေ ယခု ကရင်ပြည်နယ်အတွင်းရှိ ပြူဒင်္ဂါးများနှင့် ပတ်သက်၍ ဖော်ပြပြီး တစ်နေရာ၌ လက်ရေးစင်းပါ ပြူအုတ်များနှင့် ပတ်သက်၍လည်း ဘားအံမြို့နယ်၊ ရေကျော်ရွာ၊ ကားလမ်းဘေးတွင် လက်ရေးစင်းအုတ်သားအမျိုးမျိုးဖြင့် တည်ဆောက်ထားသည့် ရှေးခေတ်အဆောက်အဦဟောင်းနေရာ တွေ့ရှိနိုင်ကြောင်း ရေးသားထားတော်မူခဲ့ပါသေးသည်။

စာရေးဆရာ မန်းသင့်နောင်(ကော့ကရိတ်)ကိုယ်တိုင်ကလည်း ၎င်း၏စာအုပ် စာမျက်နှာ-၉၈ တွင် ကော့ကရိတ်မြို့နယ် သုံးဆယ့်သုံးဆူရွာ ဘုန်းတော်ကြီးကျောင်း တောင်ဘက်ရှိ ဘုရားကုန်းခေါ် ကုန်းနေရာ၌ရှိသော လက်ရေးစင်းပါ ပြူအုတ်ချပ်ကြီးများအကြောင်း အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။

"ဘုရားကုန်းအမည်ပေးထားသော ကုန်းတော်တွင် အုတ်ပုံများ၊ မြေ၌တစ်ပိုင်းတစ်စ ပေါ်နေသော အုတ်ချပ်ကြီးများကို နေရာများစွာ၌ တွေ့ရှိရသည်။ ထိုအုတ်ချပ်ကြီးများတွင် လက်ရေးစင်းအမှတ်အသားနှင့် အတွင်း၌ ချော်ဖြစ်နေသော အုတ်ချပ်များလည်း အများအပြားတွေ့ရသည်။ လက်ရေးစင်းအမှတ်အသားပါသော အုတ်ချပ်ကြီးများမှာ အလျား ၁၈ လက်မ၊ အနံ ၉ လက်မနှင့် ထုမှာ ၂ လက်မခွဲမှ ၃ လက်မအထိ ရှိသည်။ အများဆုံးတွေ့ရှိရသော လက်ရွေးစင်း အမှတ်အသားများမှာ အလျားလိုက် မျဉ်းကြောင်းနှစ်ကြောင်း၊ သုံးကြောင်းနှင့် အလျားအနံကို ဖြတ်သော ကြက်ခြေခတ်မျဉ်းကြောင်းများ ဖြစ်သည်။ အချို့သော အုတ်ချပ်ကြီးများတွင် ထိပ်ဖျားနှစ်ဖက်၌ လခြမ်းပုံသဏ္ဌာန် မျဉ်းကြောင်းနှစ်ကြောင်းနှင့်သုံးကြောင်းရှိသည်ကို တွေ့ရှိရသည်။"

"ဤဘုရားကုန်းတော်၌ တွေ့ရှိရသော လက်ရေးစင်းအမှတ်အသားများအရ နောင်ထပ်ပွဲလိုဏ်ဂူတော်နှင့် နောင်တမံမြို့ဟောင်းနေရာတို့၌ တွေ့ရှိသော လက်ရေးစင်းအုတ်များနှင့် တူညီလျက်ရှိကြသည်။ ထို့အတူ ဖားအံမြို့ လှာကဒေါင်ရွာထိပ်၊ ရေကျော်အရပ်တွင် တွေ့ရှိရသော လက်ရေးစင်းအမှတ်အသားပါ အုတ်ချပ်ကြီး ၂၂ မျိုးအနက် အချို့မှာ လက်ရေးစင်းအမှတ်အသားများနှင့် အရွယ်အစားများ တူညီလျက်ရှိကြသည်။ အလားတူ ကရင်ပြည်နယ်

**ရှေးခေတ်ဦးက ကရင်လူမျိုးတို့သည် မိမိတို့ သားသမီးထွန်းကားလာသောအခါ ဤရှေးခေတ်ဒင်္ဂါးများကို အပေါက်ကလေးဖောက်၍ လည်(လည်ပင်း)တွင်လည်းကောင်း၊ လက်ကောက်ဝတ်တွင်လည်းကောင်း၊ ခြေချင်းဝတ်တွင်လည်းကောင်း ဆွဲချည်ပေးလေ့ရှိသည်။**

အတွင်း တွေ့ရှိရသော လက်ရေးစင်း အမှတ်အသားပါ အုတ်ချပ်ကြီးများ အချို့နှင့်လည်း တူညီကြသည်။"

အထက်ပါ အုတ်ချပ်ကြီးများသည် ရှေးခေတ်သုဝဏ္ဏဘူမိနိုင်ငံတော်၏ ပြူယဉ်ကျေးမှုများကို ဖွင့်ဟဖော်ကျူးလျက်ရှိပါသည်။ စာရေးသူ လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်က ကရင်ပြည်နယ်၊ မြိုင်ကြီးငူဒေသသို့ အလည်အပတ်ရောက်ရှိခဲ့ရာတွင် မြိုင်ကြီးငူဆရာတော် ကျောင်းဝင်းအတွင်း၌ ရှေးခေတ်ပြူမင်းတစ်ပါး ထီးနန်းစိုးစံခဲ့ရာ နေရာကို တွေ့ရှိခဲ့ရပါသည်။ ပြူမင်းရုပ်တုနှင့် အသုံးအဆောင်ပစ္စည်းအချို့ပါ ပြသထားရာ လွန်စွာအံ့ဩမိခဲ့ပါသည်။ ဤမျှ ချောင်ကျသောနေရာတွင် အဘယ်ကြောင့် ပြူမင်းတစ်ပါး စိုးစံရသည်ကို တွေး၍မရခဲ့ပါ။

ခန့်မှန်းရသည်မှာ အဆိုပါ ပြူမင်းဆိုသူမှာ သုဝဏ္ဏဘူမိပြည့်ရှင် သထုံမနူဟာမင်းကြီး၏ သားတော်အငယ်ဖြစ်ပါလိမ့်မည်။ ကေလာသမြို့တော်မှ သုဓမ္မဝတီမြို့တော်ဟောင်းကို BC-၉၃ ခုနှစ်တွင် ယုဂန္ဓရာဇာမင်းလက်ထက် ပြန်ပြောင်းကာ ထီးနန်းစိုးစံခဲ့ရာ မင်းဆက် ၃၅ ဆက်မြောက် မနူဟာမင်းလက်ထက် AD-၁၁၁၂ ခုနှစ်တွင် ပုဂံအနော်ရထာကို စစ်ရှုံးသဖြင့် သုဝဏ္ဏဘူမိတိုင်းပြည် ပျက်သုံးခဲ့ရပါသည်။ မနူဟာမင်းလက်ထက်တွင် သုဓမ္မဝတီမြို့တော်ကို

www.burmeseclassic.com

သုခုမ်ဟု ခေါ်တွင်လျက်ရှိကြောင်းကို မနုဟာမင်း၏ ဘွဲ့တော်ကိုကြည့်ခြင်းဖြင့် သိရပါသည်။ မနုဟာမင်း၏ ဘွဲ့တော်အပြည့်အစုံမှာ သီရိတြိဘဝနာဒိတျပဝရသုဓမ္မရာဇာ မည်သော သုခုမ်မင်းကြီး ဖြစ်ပါ၏။ သုခုမ်ကို ပုဂံသားများက သထုံဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြပါသည်။ မနုဟာမင်းနှင့် မိဖုရားခေါင်ကြီး ပုဂံသို့ ပါတော်မူသောအခါ သားတော်နှစ်ပါးနှင့် မုတ္တာမမိဖုရားတို့မှာ နောက်ပါအခြွေအရံများနှင့် လွတ်မြောက်ခဲ့ကြပါ၏။ မနုဟာမင်း၏ သားတော်နှစ်ပါးမှာ သထုံမြို့အရှေ့ဘက် ၁၁ မိုင်ခန့်အကွာ ဒုံသမိမြစ်ကိုဖြတ်ကျော်ပြီး ဂူတစ်ဂူတွင် တိမ်းရှောင်စံမြန်းတော်မူကြသဖြင့် ထိုဂူကို ယခုအခါ ဘုရင်ညီနောင်ဂူအဖြစ် ခေါ်ဝေါ်လျက်ရှိပါသည်။

မုတ္တာမမိဖုရားမှာ သထုံမြို့အရှေ့ဘက် မိုင် ၂၀ ခန့် အကွာ သံလွင်မြစ်အနီးရှိ ကော့ဂွန်းဂူတွင် တိမ်းရှောင်စံမြန်းတော်မူခဲ့ပါသည်။ ကာလအတန်ကြာသောအခါ သတင်းပေါက်ကြားမှုဖြစ်ပြီး သားတော်နှစ်ပါး တိမ်းရှောင်စံမြန်းရာဂူကို ပုဂံတပ်များက တိုက်ခိုက်ကြရာ သားတော်အကြီးဖြစ်သူ ကျဆုံးသွားပြီး သားတော်အငယ် လွတ်မြောက်သွားခဲ့ပါသည်။ အဆိုပါ သားတော်အငယ်မှာ သံလွင်မြစ်ကို ဖြတ်ကျော်ပြီး အလွန်ဝေးကွာပြီး ချောင်ကျလှသော မြိုင်ကြီးငူအရပ်သို့ တိမ်းရှောင်သွားပြီး ထိုအရပ်၌ပင် အသက်ထက်ဆုံးနေထိုင်သွားဟန်ရှိသည်။ အတိအကျသိရှိရန် သုတေသနပြုလုပ်ဖို့ လိုအပ်ပါလိမ့်မည်။

မုတ္တာမမိဖုရားမှာလည်း ကော့ဂွန်းဂူတွင် ဆက်လက်မစံမြန်းရဲတော့ဘဲ သံလွင်မြစ်ကိုဖြတ်ကျော်ပြီး ဖားအံမြို့မှ မိုင် ၂၀ ခန့်အကွာ တောအလွန်နက်သော စပါးစေ့တောင်တွင် စံမြန်းနေထိုင်ရာမှ ထီးဟန်နန်းဟန်များကို တဖြည်းဖြည်းစွန့်လွှတ်ပြီး သာမန်အရပ်သူအဖြစ် ပြောင်းလဲသွားခဲ့ပါသည်။ မထင်မရှား သာမညအရပ်သူအဖြစ် မုတ္တာမမိဖုရားကြီး ကူးပြောင်းခဲ့ရာ စပါးစေ့တောင်ကို ယခုအခါ သာမညတောင်ဟု အမည်တွင်လျက်ရှိပါ၏။

လက်ရေးစင်းပါ အုတ်များသက်သေ သုဝဏ္ဏမြေတွင် အပါအဝင်ဖြစ်သော ကရင်ပြည်နယ်တွင် ပြူဒင်္ဂါးများနှင့် ပြူအသုံးအဆောင်ပစ္စည်းများ ပုံနှံ့လျက်ရှိသဖြင့် သုတေသနပြုလုပ်မည့် သမိုင်းပညာရှင်များ လိုအပ်လျက်ရှိသည်။

ထိုပစ္စည်းများနှင့် ပတ်သက်၍ စာရေးဆရာ မန်းသင့်နောင် (ကော့ကရိတ်)၏ "ရှေးဟောင်းသမိုင်းဝင် သုံးဆယ့်သုံးဆူစေတီတော်"စာအုပ်တွင် အမှာစာရေးသားချီးမြှင့်တော်မူသော တောင်ကလေးပရိယတ္တိသာသနာ့အေးရိပ်သာ ဆရာတော် ဖူးကျိုက်ပညာသာမိက အမှာစာတစ်နေရာတွင် "ဤများမြောင်လှသည့် ရှေးဟောင်းပစ္စည်းတို့သည် အဘယ်ကြောင့် ကရင်ပြည်နယ်တွင် တင်ကျန်၍ ရှိနေရပါသနည်းဟု စဉ်းစားရန်ဖြစ်သည်။ သမိုင်းတင်သော ခေတ်ဦးကာလက သမိုင်းပညာရှင်တို့သည် ဤကရင်ပြည်နယ်ဒေသသို့ မရောက်ဖူးခဲ့ကြသည်လော၊ သို့မဟုတ် သမိုင်းအမှန်ကို မတင်ပေးနိုင်ကြသလော"ဟု ရေးသားထားတော်မူပါသေး၏။

လက်ရေးစင်းပါအုတ်များသက်သေ သုဝဏ္ဏမြေတွင် အပါအဝင်ဖြစ်သော မွန်ပြည်နယ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ခန့်က ပြူအသုံးအဆောင်ပစ္စည်းများ မမျှော်လင့်ဘဲ မြေအောက်မှ ပေါ်ထွက်ခဲ့ပြီး ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်အနည်းငယ်က မော်လမြိုင်မြို့တွင်လည်းကောင်း၊ မကြာသေးမီကာလက ကျိုက်ထိုမြို့တွင်လည်းကောင်း ပေါ်ထွက်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖတ်ရှုခဲ့ရပါသည်။ ယခုအခါ ၎င်းပစ္စည်းများကို သက်ဆိုင်ရာပြတိုက်များတွင် ပြသထားသည်ဟု ယူဆမိပါ၏။ နောက်ထပ်လည်း အများအပြားပေါ်ထွက်လာဦးမှာ မလွဲပါပေ။

လက်ရေးစင်းပါအုတ်များသက်သေ သုဝဏ္ဏမြေတွင် အမြဲအဝင်ဖြစ်သော တနင်္သာရီတိုင်းဒေသကြီးတွင်လည်း ရှေးခေတ် ပြူအသုံးအဆောင်ပစ္စည်းများ တွေ့ရှိရကြောင်းကို စာရေးဆရာ မောင်သန်းဆွေ(ထားဝယ်)၏ ရေးသားချက်များ၊ ဟောပြောဆွေးနွေးချက်များတွင် တွေ့မြင်နိုင်ကြပါလိမ့်မည်။


အထက်ဖော်ပြပါအချက်များ ကိုးကား၍ လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ခန့်က ထင်ပေါ်ပေါက်ခဲ့ပြီး လွန်ခဲ့သောနှစ် ၉၀၀ ခန့်က ပျက်သုဉ်းခဲ့သော သုဝဏ္ဏဘူမိနိုင်ငံတော်ကြီး၏ သမိုင်းအမှန်ကို တင်ပြပေးနိုင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း…။

ပါမောက္ခမင်းဓာတု



www.burmeseclassic.com

www.burmeseclassic.com



# အဆုံးအဖြတ်ပေးသွားသော စာအလေးနှစ်စောင်

တက္ကသိုလ်သခ်

စာရေးဆရာတို့မည်သည် အမှန်တရားကို မြတ်နိုး တန်ဖိုးထားသည်။ မဟုတ်တာ၊ မမှန်တာတွေ့လျှင်၊ သိလျှင် ရင်ထဲကို ရောက်သွားသည်။ ပြီးလျှင် တစ်စုံတစ်ခုကို ပြန်လည် တုံ့ပြန်ရန် လက်မနေးတတ်ပေ။ အချို့က စာပေအနုပညာရှင် တို့သည် Sensitive ဖြစ်သည်ဟု ဆိုကြသည်။ ဆိုလိုသည် မှာ စာပေအနုပညာရှင်တို့သည် ထိလွယ်ရှလွယ်ကြသူများ ဖြစ် သည်။ တစ်နည်းဆိုရလျှင် စိတ်ခံစားမှုလွယ်သူများဟုလည်း ဆိုနိုင်သည်။

ကျွန်တော့်ဘဝတွင် စာရေးခြင်းအတတ်ပညာကြောင့် ကျွန်တော်ဖြစ်စေလို၊ တင်ပြလိုသော အကြောင်းအချက်များကို သက်ဆိုင်သူ ပုဂ္ဂိုလ်ကြီးနှစ်ဦးထံ စာရေးသားတင်ပြခဲ့သဖြင့် ကျွန်တော့်ဆန္ဒပြည့်ဝခဲ့သည်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးများက အမှန်တရားကို သိရှိပြီး ကျွန်တော့်လိုအင်ကို အထိ အလျောက် ဖြည့်ဆည်းပေးခဲ့သည်။

ဤလိုအဖြစ်မျိုး ကျွန်တော့်ဘဝတွင် နှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့သည်။ ကျွန်တော့်ဘဝအတွက် မမေ့နိုင်သော အမှတ် များဟုလည်း ဆိုနိုင်သည်။

ကျွန်တော် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

တွဲဖက်အတွင်းရေးမှူး(၁)အဖြစ် အချိန်ပြည့် တာဝန်ထမ်းဆောင်စဉ်က ဖြစ်သည်။ ကျွန်တော်သည် စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ ကျန်နေ့များတွင် စာပေရုံးသို့ နံနက် ၁၁ နာရီရောက်ပြီး ညနေ ၄ နာရီခွဲ၊ တစ်ခါတစ်ရံ ၅ နာရီမှ ရုံးဆင်းတက်သည်။ ဤသို့ တာဝန်ထမ်းဆောင်သဖြင့် လစာ၊ ရိက္ခာ၊ သောက်ပုံကြေး ရရှိခြင်းမရှိပါ။ ခရီးစရိတ်အဖြစ် ရုံးတက်သည့်နေ့တွင် ငွေတစ်ထောင်ချီးမြှင့်သည်။ ယင်းချီးမြှင့်ငွေမှတစ်ပါး အခြားမရှိပေ။

အဖွဲ့ကြီးနှင့် ပတ်သက်သည့်လုပ်ငန်းများက များမြောင်လှသည်။ ငွေစာရင်းမှအစ ရုံးလုပ်ငန်းများဖြစ်သည့် စာဝင်၊ စာထွက် မှန်သမျှကို တာဝန်ခံဆောင်ရွက်ရ၏။ ရုံးအဖွဲ့သားများ၏ ရုံးလုပ်ငန်းမကျွမ်းကျင်မှုကြောင့် ကိုယ်တိုင်အစည်းအဝေးမှတ်တမ်းကအစ ရေးရသည်။ လစဉ် အစည်းအဝေးများကို ဖိတ်ကြားရသည်။ အရေးပေါ် အစည်းအဝေးကို ခေါ်ယူပေးရသည်။

ထို့အပြင် မြို့နယ်မှ တင်ပြလာသော အကြောင်းကိစ္စအမျိုးမျိုးကို တာဝန်ခံဖြေရှင်း ဆောင်ရွက်ရသည်။ မိမိမဖြေရှင်းနိုင်သည်များကို အထက်သို့တင်ပြ၍ နာခံဆောင်ရွက်ရသည်။ စာပေအဖွဲ့ကြီးသည် လူမှုရေးအဖွဲ့ကြီးဟုသာ ဆိုသော်လည်း၊ ရုံးဌာနခွဲတစ်ခုထက်ပင် အလုပ်က များလှသည်။ ပြဿနာပေါင်းစုံကိုလည်း ဖြေရှင်းရသည်။

မိမိက ဌာနဆိုင်ရာတွင် နှစ်ပေါင်းများစွာ ရုံးတာဝန်ထမ်းဆောင်ခဲ့သူဖြစ်၍ မိမိ၏ ဦးဆောင်လုပ်ကိုင်မှုကို စာပေအဖွဲ့ရုံးရှိ ဝန်ထမ်းများ အပြည့်အဝ ခံယူဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် ပြောဆိုတင်ပြရသည်များ ရှိသည်။ အားမလို၊ အားမရဖြစ်ရသည်များလည်း ရှိ၏။ ဤသည်ကို အမှုဆောင်အချို့က အကောင်းမမြင်နိုင်ကြ။ မိမိအပေါ် အပြစ်လိုမြင်လာကြသည်။ အတိုက်အခိုက်များ ရှိလာသည်။

ဗေဒင်လက္ခဏာဆရာတစ်ဦးက ကျွန်တော့်အား ဟောဖူးသည်။ "ဆရာ့လက္ခဏာက အတိုက်အခိုက်များတတ်တယ်။ ဒါပေမယ့် ဒီအတိုက်အခိုက်တွေကို ဆရာ ကျော်လွှားပြီး အောင်မြင်မှုရမှာပါ"ဟု ပြောဖူးသည်။ ဗေဒင်လက္ခဏာဆရာ၏ဟောပြောချက် သွေးထွက်အောင်မှန်သည်ဟု ဆိုရမည်။

ကျွန်တော့်ကို မလိုလားသူအချို့ ပေါင်းပြီး ကျွန်တော့်အား တာဝန်မှရုပ်စဲရန်အထိ ကြိုးစားကြသည်။ သက်ဆိုင်သူအထက်ပုဂ္ဂိုလ်ကြီးထံ စာဖြင့်တင်ပြရန် ပြင်ဆင်လာကြသည်။ ဤသည်ကို ကျွန်တော့်အပေါ် စေတနာထားသူတစ်ဦးက ပြောပြသဖြင့် ကျွန်တော်သိရသည်။ ကျွန်တော်ဘာလုပ်ရမည်နည်း။ သည်အတိုင်း ခေါင်းငုံ့ခံပြီး နေရမည်လား။ သို့မဟုတ် တစ်ခုခုဆောင်ရွက်ရမည်လား။ ကျွန်တော် အလေးအနက်စဉ်းစားရတော့၏။ သည်ကိစ္စအတွက် ကျွန်တော် မတရားလုပ်ကြံခံရမည်ကို စိတ်ခံစားချက်က နှိုးဆော်သတိပေးနေသည်။ တစ်ခုခုလုပ်ရန်လည်း အားပေးတိုက်တွန်းသကဲ့သို့ရှိသည်။

ထိုနေ့ နံနက် ၄ နာရီတွင် ကျွန်တော် အိပ်ရာမှထသည်။ မျက်နှာသန့်စင်ပြီး ဘုရားရှိခိုးသည်။ ဆုလည်းတောင်းသည်။ "ယခု တပည့်တော် အထက်လူကြီးထံ တင်ပြမည့်အကြောင်းအချက်များသည် အားလုံးအမှန်ချည်း ဖြစ်ပါသည်။ ဤမှန်ကန်သော အချက်ကြောင့် တပည့်တော်၏ဆန္ဒ ပြည့်ဝပါစေ"ဟု ဆုတောင်းမိသည်။

အထက်လူကြီးထံ တင်ပြမည့် စာကို နံနက် ၄ နာရီခန့်မှစ၍ ရေးခဲ့ရာ နံနက် ၆ နာရီမှ ပြီးသည်။ ၎င်းစာကို ကွန်ပျူတာစာစီပြီး ပို့လိုက်သည်။ စာက တန်းတန်းမတ်မတ်ပင် သက်ဆိုင်ရာသို့ ရောက်သွားသည်။ ကျွန်တော့်စာရောက်သွားပြီး တစ်ပတ်ခန့်ကြာမှသာ အဖွဲ့ကတင်သည့် စာရောက်သွားသည်။ ကျွန်တော့်အကျင့်က မိမိဆောင်ရွက်လိုက်သည့်ကိစ္စတစ်ခု မပြီးခုံမချင်း အခြေအနေကို မပြတ်လေ့လာသည်။ စုံစမ်းသည်။ မေ့မေ့ပျောက်ပျောက်မထား။ ယခုလည်း အခြေအနေကို ကျွန်တော်လေ့လာသိရှိထားသဖြင့် စိတ်အေးရသည်။ ထို့အပြင် အဆိုပါ အထက်လူကြီးမှာ အခြားသူမဟုတ်။ သူ့လက်အောက်တွင် လေးနှစ်ကျော်မျှ အနစ်နာ၊ အပင်ပန်းခံကာ ကျွန်တော်အလုပ်လုပ်ခဲ့ဖူးသည်။ ရင်းနှီးကျွမ်းဝင်မှုလည်းရှိသည်။ ကျွန်တော်၏ စိတ်ဓာတ်ရေးရာနှင့် အကျင့်စာရိတ္တကိုလည်း သူကောင်းကောင်းသိသည်။ သို့ကြောင့်လည်း ကျွန်တော် အသက် ၆၀ ကျော်သည့်တိုင်အောင် ကျွန်တော့်အား ယုံကြည်စွာ တာဝန်ပေးခဲ့ခြင်း ဖြစ်ပါ၏။

လိုရင်းဆိုရလျှင် ကျွန်တော် သူ့ထံပို့လိုက်သည့် စာကြောင့်လည်းကောင်း၊ သူ့လက်အောက်တွင် တာဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ခဲ့သောကြောင့်လ ... ကောင်း ကျွန်တော့်ကိစ္စကို တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ ထားလိုက်သည်။ ဤသို့ဖြင့် ကျွန်တော့်တင်ပြချက်ဆန္ဒ ပြည့်ဝသွားလေသည်။ ကျွန်တော်ကား ပိုနေမြဲ ကျားနေမြဲ။ မည်သို့မျှ မထူးခြား။ ကျွန်တော့်ဆုတောင်း ပြည့်ခဲ့သည်ဟုသာ မှတ်ချက်ပြုလိုပါ၏။

ဒုတိယအကြိမ်က ဤသို့ဖြစ်၏။ ကျွန်တော် ဦးစီးဌာန ရုံးချုပ်တွင် ၁၆ နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစား ယူခဲ့သည်။ အငြိမ်းစာဘဝတွင်လည်း ဌာနနှင့် သက်ဆိုင်သည့် အလုပ်များကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်ခဲ့၏။ ဌာနဆိုင်ရာ ဝန်ထမ်းဘဝတွင်လည်း မနိမ့်မကပ်တဲ့ တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သည်။

အငြိမ်းစားဘဝတွင် ကျွန်တော် စာနယ်ဇင်းများတွင် ရေးသားခဲ့သည့် ဆောင်းပါးများကို စုပေါင်း၍ လုံးချင်းစာအုပ် ထုတ်ရန် ဆန္ဒရှိခဲ့၏။ ကံအားလျော်စွာ စာပေထုတ်ဝေသူ မိတ်ဆွေတစ်ဦး၏ စာပေစေတနာကြောင့် စာမူအဆင့်မှ စာအုပ်အဖြစ် ထွက်ပေါ်ခဲ့၏။

ကျွန်တော်သည် ဆောင်းပါးအရေးများသော်လည်း လုံးချင်းစာအုပ်ကိုမူ ထုတ်ခဲသည်။ အဘယ့်ကြောင့်ဆိုသော် အရင်းအနှီးအတွက် မစွန့်စားရဲသောကြောင့် ဖြစ်ပါ၏။ သို့ဖြစ်၍ သက်ဆိုင်ရာဌာနသို့ စာအုပ်များ တစ်ကြိမ်တစ်ခါမျှ မရောင်းချခဲ့ဖူးပါ။

ယခု ကျွန်တော်ထုတ်ဝေသည့် စာအုပ်မှာ စာဖတ်သူအတွက် အထိုက်အလျောက် အကျိုးပြုလိမ့်မည်ဟု ယုံကြည်သဖြင့် သက်ဆိုင်ရာဌာန စာကြည့်တိုက်များအတွက် ရောင်းချရန် စာအုပ်တင်ပြခဲ့သည်။ စာအုပ်ဝယ်ရန် ကနဦးစိစစ်ရသည့် ဝန်ထမ်းမှာ တစ်ချိန်က ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် ဖြစ်သဖြင့် သူ့ထံ နှစ်ကြိမ်နှစ်ခါ ဖုန်းဆက်အကူအညီတောင်းခဲ့၏။ သူကလည်း ကူညီပေးမည်ဟု ဆိုသည်။ ထို့မျှသာမက ဦးစီးဌာန အကြီးအမှူးထံသို့လည်း စာဖြင့်လည်းကောင်း၊ ဖုန်းဆက်၍လည်းကောင်း အကူအညီတောင်းခဲ့၏။ ဦးစီးဌာနအကြီးအမှူးဆိုသူမှာ ကျွန်တော်နှင့် တစ်ချိန်က လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့ပြီး ကျွန်တော် ဌာနအတွက် မည်မျှ ကြိုးပမ်းအလုပ်လုပ်ခဲ့သည်ကို သိသူဖြစ်သည်။

နောက်ဆုံးတွင် ဆယ်လခန့်ကြာသည့်တိုင် ကျွန်တော့်စာအုပ်ကို ဝယ်မဝယ် အကျိုးအကြောင်း ဘာမျှမသိရဘဲ ငြိမ်နေခဲ့သည်။ ဤသို့ဖြင့် တစ်ချိန်က ကျွန်တော့်တပည့်ဖြစ်ခဲ့ဖူးသူ ဝန်ထမ်းငယ်တစ်ဦးက ကျွန်တော့်စာအုပ်ကို မဝယ်ရန် ဆုံးဖြတ်လိုက်ကြောင်း သတင်းကို ကျွန်တော့်ထံ ဖုန်းဆက်ပြောသည်။ ထိုသတင်းကြောင့် ကျွန်တော် အနည်းငယ် စိတ်ထိခိုက်သွားသည်။ ဌာနမှ အငြိမ်းစားဝန်ထမ်းတစ်ဦး၏ စာအုပ်ကို ဘာ့ကြောင့်မဝယ်သနည်းဟူသော အမေးကို ကိုယ့်ကိုယ်ကို ပြန်မေးကြည့်မိသည်။

တစ်နေ့ ရေးဖော်တစ်ဦးနှင့် တွေ့ရာ သူရေးသည့် စာအုပ်ကို ကျွန်တော့်အား လက်ဆောင်ပေးရင်း သူ့စာအုပ်ကို သက်ဆိုင်ရာဌာနက ဝယ်လိုက်ကြောင်းပြောသဖြင့် ကျွန်တော် ပို၍ခံစားလိုက်ရသည်။ စိတ်နုသည်ပဲပြောပြော၊ Sensitive ဖြစ်သည်ဟုပဲဆိုချင်ဆို ကျွန်တော့်စာအုပ်ကိစ္စအတွက် အိပ်၍ပင် မပျော်အောင် ဖြစ်သွားသည်။ ကျွန်တော် တစ်ညလုံး စဉ်းစားပြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ "အထက်ပုဂ္ဂိုလ်ကြီးထံ စာရေး၍ တင်ပြရန်"ဟူ၍ ဖြစ်သည်။ ကျွန်တော့်စာအုပ် ထုတ်ပေးသူအားလည်း ကျွန်တော်ဆောင်ရွက်မည့် ကိစ္စကို အသိပေးလိုက်သည်။

ဤသို့ဖြင့် ကျွန်တော့်ခံစားချက် အပြည့်အစုံကို ကွန်ပျူတာစာစီပြီး အထက်ပုဂ္ဂိုလ်ကြီးထံ ပို့လိုက်သည်။ ထိုသို့ စာပို့ပြီး တစ်လခန့်ကြာသောအခါ ကျွန်တော်နှင့် ထုတ်ဝေသူတို့တွေ့ကြရာ ကျွန်တော့်စာအုပ်တစ်ရာနှင့် သူ့စာအုပ်တစ်ရာတို့ကို ဝယ်ကြောင်းပြောပြသဖြင့် သိလိုက်ရ၏။ သက်ဆိုင်ရာ အထက်ပုဂ္ဂိုလ်ကြီးထံ ကျွန်တော်ရေးလိုက်သည့်စာ ရောက်ရှိသွားသဖြင့် အထက်ပုဂ္ဂိုလ်ကြီး၏ ညွှန်ကြားချက်အရ ကျွန်တော့်စာအုပ် ဝယ်ဖြစ်သွားသည်ဟုပင် ယုံကြည်လိုက်ပါသည်။

ဤအဖြစ်အပျက်လေးကြောင့် ကျွန်တော် သင်ခန်းစာတစ်ရပ် ရရှိခဲ့၏။ "လောကမှာ လူတို့သည် လူတစ်ယောက်၏ ရှေးဖြစ်ဟောင်းအကြောင်း ကောင်းသည်၊ ဆိုးသည်ကို မကြည့်ဘဲ မမှန်မကန်၊ မမျှမတ ဆောင်ရွက်တတ်ပါလား"ဟူ၍ပင် ဖြစ်ပါ၏။

■ တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com

# ခလုတ်မထိ၊ ဆူးမငြိနိုင်သော ဂါထာ

□ နှင်းအဥ္စလီ

လူတို့သည် အလုပ်လုပ်ကိုင်ရာတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်းကောင်း၊ ပညာရေးတွင်လည်းကောင်း၊ လူမှုပတ်ဝန်းကျင်တွင်လည်းကောင်း အဆင်ချောမွေ့ပြီး ခလုတ်မထိ၊ ဆူးမငြိနိုင်သော ဂါထာတော်ကို ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ်ကြည့်ပါ။

တနင်္လာနေ့မနက် အရှေ့အရပ်ကို မျက်နှာမူ၍ ၁၅ ခေါက် ရွတ်ဖတ်ပါ။

"နေသား/သမီး နာမည် —— အလုပ်၊ စီးပွားရေး လူမှုပတ်ဝန်းကျင်တွင် အဆင်ချောမွေ့ပြီး ခလုတ်မထိ ဆူးမငြိ ပါစေနှင့်"ဟု ဆုတောင်းပါ။

နေသား/သမီးအလိုက် ဖော်ပြထားသော နှစ်များတွင်သာ ရွတ်ဖတ်ပါ။

"ပါသာဏာ သက္ခရာ စေဝ၊
ကထလာ ခါဏုကဏ္ဍကာ။
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊
ဂစ္ဆန္တေ လောကနာယကေ။
ဓေတေန သစ္စဝဇ္ဇေန၊
ဂမန် မေသမိဇ္ဈတု။"

တနင်္ဂနွေသားသမီး ။ ၁၀ နှစ်၊ ၁၈ နှစ်၊ ၂၆ နှစ်၊ ၃၄ နှစ်၊ ၄၂ နှစ်၊ ၅၀ နှစ်၊ ၅၈ နှစ်၊ ၆၆ နှစ်၊ ၇၄ နှစ်၊ ၈၂ နှစ်၊ ၉၀ နှစ်။

တနင်္လာသားသမီး ။ ၉ နှစ်၊ ၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၁ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်၊ ၆၅ နှစ်၊ ၇၅ နှစ်၊ ၈၁ နှစ်၊ ၈၉ နှစ်။

အင်္ဂါသားသမီး ။ ၈ နှစ်၊ ၁၆ နှစ်၊ ၂၄ နှစ်၊ ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၅၆ နှစ်၊ ၆၄ နှစ်၊ ၇၂ နှစ်၊ ၈၀ နှစ်၊ ၈၈ နှစ်။

ဗုဒ္ဓဟူးသားသမီး ။ ၇ နှစ်၊ ၁၅ နှစ်၊ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၃ နှစ်၊ ၇၁ နှစ်၊ ၇၉ နှစ်၊ ၈၇ နှစ်။

ကြာသပတေးသားသမီး ။ ၅ နှစ်၊ ၁၃ နှစ်၊ ၂၁ နှစ်၊ ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၅ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်၊ ၆၉ နှစ်၊ ၇၇ နှစ်၊ ၈၅ နှစ်။

သောကြာသားသမီး ။ ၃ နှစ်၊ ၁၁ နှစ်၊ ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်၊ ၆၇ နှစ်၊ ၇၅ နှစ်၊ ၈၃ နှစ်။

စနေသားသမီး ။ ၆ နှစ်၊ ၁၄ နှစ်၊ ၂၂ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်၊ ၇၀ နှစ်၊ ၇၈ နှစ်၊ ၈၆ နှစ်။

ရာဟုသားသမီး ။ ၄ နှစ်၊ ၁၂ နှစ်၊ ၂၀ နှစ်၊ ၂၈ နှစ်၊ ၃၆ နှစ်၊ ၄၄ နှစ်၊ ၅၂ နှစ်၊ ၆၀ နှစ်၊ ၆၈ နှစ်၊ ၇၆ နှစ်၊ ၈၄ နှစ်။

နှင်းအဥ္စလီ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



**ယခင်လမှအဆက်**

"နင့် အစ်ကိုကျောက်ခဲလာပြီ"

စပယ်ဖြူက ပြောလိုက်သောအခါ မြနှင်းနွယ် ကျွန်ပ်အား ကြည့်မြင်သွားသည်နှင့် တစ်ပြိုင်နက် အိမ်ခန်းထဲသို့ လှစ်ကနဲ ပြေးဝင်သွားလေ၏။

အထုပ်အပိုးတွေ အကုန်လုံးပါလား။ ကားလည်းရောက်နေပြီ၊ အဘတို့ ဘယ်ကိုပြောင်းကြမလို့လဲ"

ကျွန်ပ်က ရောက်မဆိုက် မေးလိုက်၏။

"ကိုယ့်ညီမ ကိုယ်ပဲ မေးကြည့်တော့"

စပယ်ဖြူက အငေါ်တူးတူးဖြင့် ပြောလိုက်၏။

"ညီမလေးရော"

"ကိုကျောက်ခဲရောက်လာလို့ အိမ်ထဲဝင်သွားပြီ"

"ညီမလေး . . . အစ်ကိုကျောက်ခဲရောက်လာပြီ။ ထွက်လာခဲ့"

အသံတိတ်နေ၏။

"ညီမလေး ထွက်မလာရင် အစ်ကိုကျောက်ခဲ လာခဲ့မယ်နော်"

"မလာနဲ့၊ စပယ်တို့ တစ်မျိုးထင်သွားရင် မကောင်းဘူး အစ်ကိုကျောက်ခဲ"

ပြောပြောဆိုဆို မြနှင်းနွယ် အိမ်ခန်းထဲမှ ထွက်လာခဲ့၏။

"ညီမလေး ဘယ်မှမသွားရဘူး။ ညီမလေးရော၊ အဘရော အစ်ကိုကျောက်ခဲတို့နဲ့ လာနေရမယ်။ ညီမလေးက အစ်ကိုကျောက်ခဲရဲ့ ညီမလေး"

"နွယ်ကလည်း အစ်ကိုကျောက်ခဲကို နွယ်ရဲ့ အစ်ကိုလို့ပါပဲ။ ဒါပေမယ့် အခုအချိန်ကစပြီး နွယ်ပြော တာကို အစ်ကိုကျောက်ခဲ နားထောင်ရမယ်၊ နားမထောင်ရင် နွယ် တခြားကို ပြောင်းပြေးမှာ။ အစ်ကိုကျောက်ခဲလိုက်လာရင် နွယ်က ကိုယ့်ကိုယ်ကို အဆုံးစီရင်မှာ"

"နားထောင်ပါ့မယ်။ ဒါပေမဲ့ ညီမက အစ်ကို့စကားနားထောင်ရမှာ၊ အစ်ကိုက ညီမစကား နားထောင်ရမယ်လို့ မကြားဖူးပါဘူး"

"အခု ညီမက အစ်ကိုကျောက်ခဲရဲ့ စကား နားထောင်လိုက်ပြီလေ၊ ဘယ်မှ မသွားတော့ဘူး။ အစ်ကိုကျောက်ခဲက တစ်လှည့် ညီမလေးစကား နားထောင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီ။ ပြောတော့"

"အစ်ကိုကျောက်ခဲ မမမိုးတို့အိမ်မှာ နှစ်ပတ်နေရမယ်။ ပြီးရင် အစ်ကိုကျောက်ခဲရော မမမိုးရော ညီမလေးဆီမှာ လာနေရမယ်။ ညီမလေးတို့အိမ်မှာနေတုန်း ညီမလေးရဲ့စကားကို နားထောင်ပြီးနေရမယ်။ ကတိပေးလား။ ဟိုမှာကားရှိနေတုန်းပဲနော်။ ကတိမပေးရင် အခု ပစ္စည်းတွေအကုန် ကားပေါ်တင်လိုက်မယ်။ စပယ် ပစ္စည်းတွေသယ်တော့"

ပြောပြောဆိုဆို မြနှင်းနွယ်သည် အထုပ်များကို စသယ်လေ၏။

"ကတိပေးပါတယ်ဗျာ၊ ကတိပေးပါတယ်။ ဘယ်မှမသွားနဲ့၊ ကိုယ့်ကိုယ်ကိုလည်း အဆုံးမစီရင်နဲ့"

ထိုအခါကျမှ မြနှင်းနွယ်သည် သယ်လက်စ အထုပ်များကိုထားပြီး အိမ်ပေါ်မှဆင်းကာ ကားသမားကို စကားသွားပြောလေ၏။ ငွေအချို့ပေးလိုက်၏။ ကားသမားလည်း ကားမောင်းထွက်သွားလေ၏။

"ညည်းတို့မောင်နှမ ပြေလည်သွားကြပြီမဟုတ်လား။ ကျုပ်မှာတော့ ပင်ပန်းလိုက်တာ၊ ပြီးတော့လည်း ဘာမှမဟုတ်ဘူး။ ကျုပ် အလုပ်တွေရှိသေးတယ်။ ကျုပ်ပြန်မယ်"

"စိတ်မရှိပါနဲ့ကွာ"

စပယ်ဖြူက အိမ်ပေါ်မှ ဆင်းကာ ထွက်သွားလေ၏။

ကျွန်ုပ်နှင့် မြနှင်းနွယ်တို့မှာ ပြုံးကြည့်ရင်း ကျန်ရစ်လေ၏။

"အစ်ကိုကျောက်ခဲပေးလိုက်တဲ့ စာအုပ်ကို ဖတ်ကြည့်မိလို့သာပေါ့။ နို့မဟုတ်ရင် ညီမကို အစ်ကိုကျောက်ခဲ ထားလို့တောင်မရဘူး"

"စာအုပ်ထဲမှာ ဘာတွေရေးထားလို့လဲ"

"အချိန်မကျသေးဘဲ မသိချင်နဲ့ဦး။ အစ်ကိုကျောက်ခဲရဲ့ ဆရာသခင်က ညီမလေးအတွက်ပဲ ရေးခဲ့တာ။ တစ်ချိန်ချိန်တော့ သိလာမှာပါ။ လောကကြီးဟာ တော်တော်ဆန်းကြယ်တယ်ဆိုတာ အခုမှသိရတယ်။ ညီမလေးနဲ့ အစ်ကိုကျောက်ခဲတို့ တွေ့ဆုံရမယ့်အကြောင်းရှိလို့ လာတွေ့ဆုံကြရတာ။ အစ်ကိုကျောက်ခဲရဲ့ မမမိုးတို့ ညားကြတယ်ဆိုတာကလည်း အကြောင်းရှိလို့ ညားကြတာပဲ"

"ညီမလေးက စာအုပ်ဖတ်ထားတဲ့သူဆိုတော့ အကုန်သိနေပြီ။ ညီမလေးက စာအုပ်ထဲကအတိုင်း လုပ်မှာ။ အစ်ကိုကျောက်ခဲ နားထောင်ရမယ်။ ညီမလေးရဲ့ စကားဟာ အစ်ကိုကျောက်ခဲရဲ့ ဆရာသခင်စကားပဲလို့ မှတ်လိုက်"

ကျွန်ုပ်လည်း မြနှင်းနွယ်၏ စကားကို ဘာမသိ ညာမသိနှင့် ခေါင်းညိတ်လိုက်၏။

## စာစု(၁၄)

### (၁)

ကျွန်ုပ်၏ ကျင်းကြဲထားသော စရဏအားနှင့် မေတ္တာကမ္မဋ္ဌာန်းကြောင့်လားမသိ၊ သစ်များ အတော်အသယ်လိုက်လေ၏။ ကျော်ကျော်ထံမှ ရထားသော သစ်ကား-သုံးစီးတိုက်မှာ နှစ်ရက်အတွင်း ကုန်လေ၏။ အိမ်ဆောက်သမားများက အိမ်တစ်လုံးစာ သစ်အပြည့်မှာကြလေ၏။ ကျွန်ုပ်၏ အလုပ်သမားများမှာ မလုံလောက်တော့ဘဲ နောက်ထပ်အလုပ်သမားများ ထပ်ခေါ်ထည့်ကာ နေ့ဆိုင်းညဆိုင်း လုပ်ရသည့်အထိဖြစ်လေ၏။

ဤသို့ဆိုလျှင် မကြာခင်မှာပင် ကျွန်ုပ်သည် မာလီကြီး၏ ပတ္တမြားကို ပြန်ရွေးယူနိုင်ပေတော့မည်။ ဤကြားထဲ ကျွန်ုပ်၏ သစ်စက်လုပ်ငန်းက တစ်ဟုန်ထိုးထောင်တက်လာရာ မုပွန်ဘက်မှ သစ်စက်တစ်လုံးသည် လုပ်ငန်းသိမ်းမသွက်သောကြောင့် ကျွန်ုပ်ထံလာ၍ ရောင်းချလေ၏။ ကျွန်ုပ်ကလည်း ဈေးသက်သာ၍ ဝယ်ယူထားလိုက်၏။ သစ်စက်နှစ်လုံးမှ တစ်နေ့ဝင်ငွေသည် တစ်သိန်းနီးပါးကပ်နေ၏။ ဤသို့ရှိစဉ် ညတစ်ညတွင် ခပ်ချောချောကိုယ်လုံးကိုယ်ထည်ပြည့်ပြည့်နှင့် အမျိုးသမီးတစ်ဦး ကျွန်ုပ်၏ ရုံးခန်းသို့ ဝင်လာခဲ့လေ၏။

ရုံးခန်းထဲ၌ ကျွန်ုပ်တစ်ဦးတည်းရှိသောကြောင့် ဤအမျိုးသမီး မည်သည့်အကြံဖြင့် လာသည်ကို စဉ်းစား၏။ အမျိုးသမီး၏ ပုံစံမှာ သိပ်မဟုတ်လှသောကြောင့် ကျွန်ုပ် လက်တို့လက်တောင်းခိုင်းသော ဖိုးအေးနှင့် ဦးကျော်စွာတို့အား အနားသို့ခေါ်ထားလိုက်ရ၏။

www.burmeseclassic.com

"ကျွန်မနာမည် စန်းစန်းရီပါ"

ထိုအမျိုးသမီးက စတင်မိတ်ဆက်လေ၏။

"အချိန်မတော်ကြီး ကျွန်တော့်ဆီရောက်လာတာ၊ ကျွန်တော်ဘာကူညီဆောင်ရွက်ပေးရမလဲ"

အမျိုးသမီးမှာ ဘေးနားမှ ဖိုးအေးနှင့် ဦးကျော်စွာတို့ကို ကြည့်လေ၏။

"ကျွန်မရဲ့ အခက်အခဲကို တကယ်ပဲကူညီမှာလား"

"ကျွန်တော် စကားနှစ်ခွန်း မပြောဘူး မစန်းစန်းရီ။ ကျွန်တော်လူဖြစ်လာတာ သူတစ်ပါးကို ကူညီဖို့ လူဖြစ်လာတာပါ။ ပေဘာဒီက အဘကျော်စွာကိုပဲ မေးကြည့်ပါ"

"မမေးတော့ပါဘူး"

"မောင်ကျောက်ခဲကို ယုံပါ။ မောင်ကျောက်ခဲက ကူညီတတ်ပါတယ်။ တစ်နေ့တုန်းကတောင် ဒီရပ်ကွက်ထဲမှာ လူတစ်ယောက်သေတယ်။ ဆင်းရဲတော့ အလှူအတန်းလုပ်ဖို့ နေနေသာသာ အသုဘချဖို့တောင် စရိတ်မဖြစ်နိုင်ဘူး။ အဲ့ဒါကို မောင်ကျောက်ခဲ အားလုံးတာဝန်ယူဆောင်ရွက်ပေးတယ်။ ကလေးမ အခက်အခဲရှိတာသာ ပြောပါ"

"ဒါ. . .ကိုဗညားဦး မဟုတ်လား။ ဒီသစ်စက်ရှင်ဟာ ကိုကျောက်ခဲ မဟုတ် ပါဘူး။ ဘယ်လိုဖြစ်တာလဲ၊ ကျွန်မကို ပြောတာက သစ်စက်ပိုင်ရှင်ဟာ ဗညားဦးတဲ့"

"ကျောက်ခဲလည်း ကျွန်တော်ပဲ၊ ဗညားဦးလည်း ကျွန်တော်ပါပဲ"

"ပထမဦးဆုံး ပြောချင်တာက ကျွန်မဟာ အမေတစ်ခု သမီးတစ်ခုနဲ့ နေပါတယ်။ အမေကျန်းမာရေးမကောင်းတော့ ကျွန်မငွေလိုတယ်လေ။ ကျွန်မနဲ့ ဒီသစ်စက်မှာ မန်နေဂျာလုပ်တဲ့ ကိုလှဖေက အိမ်နီးနားချင်းတွေ၊ ကိုလှဖေ ဆက်သွယ်ပေးလို့ ကိုကျော်ကျော်ဆီ ရောက်တယ်။ ကိုကျော်ကျော်ဆီမှာ ကျွန်မရဲ့ခန္ဓာကိုယ်နဲ့ ငွေလဲလှယ်ခဲ့ရတယ်။ ဘယ်တတ်နိုင်ပါ့မလဲ။ အမေရဲ့ ကျန်းမာရေးအတွက်ကို။ အမေတော့ ကျန်းမာရေးကောင်းသွားတယ်။ အခုထက်ထိ ကျန်းမာရေး ကောင်းတုန်းပဲ။ အမေ ကျန်းမာရေးကောင်းသွားလို့ ကျွန်မ ကျေနပ်တယ်။

အခုအချိန်ထိ ကိုကျော်ကျော် ဆန္ဒရှိရင် ကျွန်မအလိုဖြည့်ပေးနေရတုန်းပဲ။ အခု ကိုကျော်ကျော်က ကိုဗညားဦးကို ဖျက်ဆီးဖို့လွှတ်လိုက်တာ။ အဲ့ဒီလို ဖျက်ဆီးနိုင်ရင် ကျွန်မကို ငွေ ၅၀၀၀ဝိ/-အထိ ပေးမယ်တဲ့။ ကျွန်မ ဒီအလုပ်မျိုး တစ်ခါမှ မလုပ်ဖူးပါဘူး။ အကယ်၍ ကိုဗညားဦးကို ဖျက်ဆီးလို့ရရင် ကိုဗညားဦးက ကျွန်မကို ဗလက္ကာရ်ပြုမှုပါတယ်ဆိုပြီး တိုင်ရမယ်တဲ့။ ကိုဗညားဦး နာမည်ပျက်၊ သိက္ခာကျ၊ အချုပ်ထဲရောက်အောင် သူလုပ်မယ်တဲ့"

"ဩော် . . .ရန်သူတော်ကြီးက အခဲမကျေသေးဘဲကိုး"

"ကိုဗညားဦးမျက်နှာကိုမြင်တော့ ကျွန်မ မလုပ်ရက်တော့ဘူး။ ကိုဗညားဦးဟာ တည်ကြည်တဲ့ယောကျ်ားတစ်ယောက်ဖြစ်တယ်လို့ ကျွန်မစိတ်ထဲမှာ ယူဆမိတယ်။ ကျွန်မရဲ့ အခက်အခဲကိုလည်း အကူအညီတောင်းရင် ရလိမ့်မယ်လို့ ယုံကြည်တယ်။

စန်းစန်းရီက သူမ၏ အဖြစ်အပျက်ကို ပြောပြလိုက်၏။

ကျွန်တော် သဘောပေါက်ပါပြီ။ မစန်းစန်းရီဟာ ရုပ်ရည်ရှိပါတယ်။ အနေအထိုင်တတ်ရင် လင်ကောင်းတစ်ယောက်ရနိုင်ပါတယ်။ နောက်ဆို ကျော်ကျော်ရဲ့စက်ကွင်းကလည်း လွတ်ကင်းပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကျွန်တော်စီစဉ်ပေးပါ့မယ်။ မစန်းစန်းရီ ကုန်စုံဆိုင်လေးတည်ပြီး မရောင်းနိုင်ဘူးလား"

"ရောင်းနိုင်ပါတယ်ရှင်၊ ကိုကျော်ကျော်ကို အားကိုးနေသမျှ အခုလို အကုသိုလ်နဲ့ မကင်းတဲ့ သူတစ်ပါးလင်သားဖျက်ဆီးတာမျိုး လုပ်နေရပါဦးမယ်။ ကျွန်မကလည်း မိန်းမကောင်းတစ်ဦးလို နေချင်ပါတယ်"

"ဒါဆိုရင် အခုအချိန်လည်း မတော်တော့ဘူး။ မစန်းစန်းရီပြန်ရဲ့ပါ့မလား"

"ကျွန်မအဖို့တော့ မထူးပါဘူး ပြန်ရဲပါတယ်"

"လောလောဆယ် ဆိုင်တည်ဖို့ ငွေတစ်သောင်းယူသွား။ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

လိုရင်လည်း လာပြော။ ကျွန်တော်လည်းရောက်လာပါဦးမယ်။ မစန်းစန်းရီမှာ ငွေပါသွားတော့ အန္တရာယ်ရှိနိုင်တယ်။ မစန်းစန်းရီရဲ့ အမေလည်း မျှော်နေလိမ့်မယ်။ အဘပဲလိုက်ပို့ပေးလိုက်ပါ။

"ကျေးဇူးကြီးလှပါတယ် ကိုဗညားရယ်"

"မိတ်ကျေးဇူး သိတတ်တဲ့သူဆိုတာ ဘယ်ဘဝရောက်နေနေ ကယ်တင်မယ့်သူ၊ ကူညီမယ့်သူ တစ်နေ့နေ့ပေါ်တတ်ပါတယ်။ အခုလက်ငင်းကူညီမယ့်သူပေါ်ပြီမဟုတ်လား။ မစန်းစန်းရီပြန်တော့ အဘလိုက်ပို့ပေးလိုက်ပါ။

ဦးကျော်စွာက မစန်းစန်းရီကို အတူလိုက်ပို့ရန် ထွက်ခွာသွားကြလေ၏။

ဩော် . . . လောကမှာ ငါ့ထက် ဒုက္ခရောက်တဲ့သူ ရှိသေးပါလားဟု တွေးမိလေ၏။

ကိုယ်တစ်ယောက်တည်း ဒုက္ခရောက်လှသည်ဟု မထင်နှင့်၊ ကိုယ့်ထက် ဒုက္ခရောက်သူများစွာ ရှိသေးသည်ဟု သိပါဟူသော ဖြေသိမ့်ရာ တစ်ချက်ကို မှတ်သားလိုက်မိရလေ၏။

(၂)

လာကြပါခင်ဗျား။ ကိုဗညားနဲ့လည်း ကျွန်တော် မဆုံတာကြာပြီ။ အခု ကိုဗညား ကျွန်တော်ရဲ့အိမ်ကို လာမှပဲ ဆုံတော့တယ်။ ကျွန်တော်ကလည်း စီးပွားရေးကို လုံးပန်းနေရတော့ မအားဘူးလေ။ ရှေ့နေကြီးလည်း ပါတာကိုး။ ကိစ္စအထူးရှိလို့လား"

ကျော်ကျော်က သိုးရေခြုံကာ ကျွန်တော်တို့ကို ခရီးဦးကြိုပြုလေ၏။

"လာရင်းကိစ္စကတော့ ကိုကျော်ကျော်ကို အကြွေးလာဆပ်တာပါ"

ကျွန်ုပ်က ဖိုးအေးကို ငွေများ စားပွဲပေါ်တင်လိုက်ရန်ပြော၏။ ဖိုးအေးက ဖျင်အိတ်ကို စည်း၍ထည့်လာသော ငွေများအား စားပွဲပေါ်သွန်ချကာ ထပ်၍စီထားလေ၏။ ကျော်ကျော်က ငွေကိုမြင်သောအခါ မျက်နှာဝင်းလက်သွားလေ၏။

"ကိုကျော်ကျော်ဆီက အကြွေးငါးသိန်းတင်နေတယ်။ စာချုပ်ထဲမှာ အဲဒါရဲ့နှစ်ဆ ဆယ်သိန်းကို ဆပ်နိုင်ရင် အပေါင်တင်ထားတဲ့ ပစ္စည်းများကို ကျွန်တော်ပြန်ရမယ်လို့ဆိုတယ်။ အခု ကျွန်တော် ငွေဆယ်သိန်းလာဆပ်ပါတယ်။ ပြည့်မပြည့် ကိုကျော်ကျော်ရေကြည့်လိုက်ပါဦး"

"ကျွန်ုပ်က ကျော်ကျော်ကို ပြောလိုက်လေ၏။

"ရေကြည့်စရာ မလိုပါဘူး"

ထိုအခါ ရှေ့နေကြီး ဦးကျော်မောင်က စာချုပ်တစ်ခုကို ချပြီးလျှင်

"ဒီစာချုပ်မှာ ကိုကျော်ကျော် လက်မှတ်ထိုးပေးပါ"ဟု ပြောလိုက်လေ၏။ ကျော်ကျော်ကလည်း ချက်ချင်းပင် လက်မှတ်ထိုးပေးလိုက်လေ၏။

ထိုစဉ် အမျိုးသမီးတစ်ယောက်က လက်ဖက်ရည်နှင့် မုန့်များကို လာချပေးလေ၏။

"သုံးဆောင်ကြပါဦးခင်ဗျား။ ဒါက ကျွန်တော့်ရဲ့ညီမလေးပါ။ အခုစီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကို တက်နေပါတယ်"

ကျော်ကျော်၏ ညီမဆိုသူမှာ ဖြူဖြူချောချောလေးဖြစ်၏။ အကယ်၍များ စန်းစန်းရီလိုအဖြစ်မျိုး ကျော်ကျော်၏ ညီမကြုံခဲ့ရလျှင် အစ်ကိုဖြစ်သူ ကျော်ကျော်အနေဖြင့် မည်သို့နေမည် မသိချေ။

"ဟုတ်ကဲ့၊ ကျွန်မနာမည် ခင်နှင်းဝေလို့ခေါ်ပါတယ်။ နောင်လည်း ကိုဗညားလာနိုင်ပါတယ်။ ကိုဗညားရဲ့ သတင်းတွေအားလုံး ကျွန်မတို့ကြားနေရပါတယ်။ သစ်စက်လုပ်ငန်းကို အောင်မြင်အောင်လုပ်တာတို့၊ သူတစ်ပါးကို ကူညီတတ်တာတို့၊ ကိုကျော်ကိုလည်း ကိုဗညားကို အတုယူစေချင်လိုက်တာ၊ ကိုဗညားကို ကြားဖူးပေမယ့် အခုမှ လူကိုယ်တိုင် တွေ့ဖူးရတာ ဝမ်းသာပါတယ်"

ခင်နှင်းဝေက ထိုသို့ ပြောလိုက်သောအခါ

"ကျွန်တော့်ညီမကတော့ ပွင့်ပွင့်လင်းလင်းသမားပဲ။ သူမကျေနပ်ရင် မကျေနပ်ဘူး ပြောတတ်တယ်"

ကျွန်ုပ်နှင့် ဦးကျော်မောင်တို့က လက်ဖက်ရည်ကို သုံးဆောင်ရင်းစကား

www.burmeseclassic.com

ကောင်းနေကြလေ၏။ အတန်ကြာ စကားကောင်းကြပြီးနောက် နှုတ်ဆက်၍ပြန်ကြလေ၏။

ဤညမှာ လုပ်ငန်းလက်စမသတ်သေးသောကြောင့် ကျွန်ုပ်နှင့် အလုပ်သမားအချို့မှာ မပြန်ဖြစ်သေးဘဲ ရှိနေ၏။ ကျွန်ုပ်မှာ စန်းစန်းရီဆီသို့ တစ်ခေါက်သာရောက်ပြီးနောက် ထပ်မရောက်ရှိပေ။

ကျွန်ုပ်သည် စာရင်းဇယား တစ်ခုကို ပြုလုပ်နေစဉ် မီးဖို့ မီးဟူသောအသံကိုကြား၍ ထွက်ကြည့်ရာ လူတွေ့မြန်၍ မီးမှာ သိပ်ကြီးကြီးမားမားလောင်ခြင်းမရှိသေးဘဲ သစ်စက်အမိုးကို မီးစွဲစပြုနေသည်ကို တွေ့ရ၏။ ကျွန်ုပ်မှာ လုပ်လက်စအလုပ်ကို ပစ်ထားပြီး ထိုမီးစွဲရာသို့ ပြေးထွက်ကာ အလုပ်သမားများကို လောဆော်ရလေ၏။

ခေါင်မိုးမှစ၍စွဲသော မီးဖြစ်သောကြောင့် ကျွန်ုပ်သည် ရိုးရိုးမီးမဟုတ်ဘဲ ရှို့မီးဖြစ်လိမ့်မည်ဟု ယူဆသောကြောင့် မီးရှို့သောတရားခံကို သစ်စက်ဝင်းထဲမှာ ပိုင်းရှာခိုင်းကာ မီးကိုလည်း ငြိမ်းသတ်နိုင်းရလေ၏။ မီးမှာ အားမကောင်းသေးသောကြောင့်လည်းကောင်း၊ ကျွန်ုပ်၏ အလုပ်သမားများမှာ အလုပ်ကြမ်းသမားကြီးများဖြစ်၍ အားခွန်ဗလကောင်းသောကြောင့်လည်းကောင်း မီးမှာမကြာမီငြိမ်းသွားကြလေ၏။

သစ်စက်ဝင်းထဲမှ မည်သူမျှထွက်သွားခြင်းမရှိသောကြောင့် မီးရှို့သောတရားခံသည် ဤသစ်စက်ဝင်းအတွင်းမှာပင် ရှိရဦးမည်ဟု ယူဆကာ တွေ့အောင်ရှာခိုင်း၏။ သစ်လုံးများ သစ်ပုံများမှစ၍ တစ်ဝင်းလုံး ပိုက်စိပ်တိုက်ရှာသော်လည်း မတွေ့ရပေ။ မကြာမီ သစ်စက်အနောက်ချောင်းထဲတွင် ပုန်းနေသော ရွှံ့အလိမ်းလိမ်းနှင့် လူတစ်ယောက်ကို ကျွန်ုပ်၏အလုပ်သမားနှစ်ယောက်က ဖမ်းချုပ်ခေါ်ဆောင်လာခဲ့၏။

"ဒီမှာ မီးရှို့တဲ့ကောင်ဆရာ။ ကျွန်တော်စိတ်မထိန်းနိုင်လို့ နှစ်ချက်လောက်ပိတ်ကျင်းခဲ့တယ်။ ချောင်းထဲမှာသွားပြီး ပုန်းနေတာ"

ကျွန်ုပ်ကြည့်လိုက်သောအခါ ထိုသူမှာ ရွှံ့အလိမ်းလိမ်းဖြင့်ပေရေနေသည်ကိုတွေ့ရ၏။

"အစ်ကိုက ရွှံ့တွေပေနေတယ်။ အေးမှာပေါ့။ ရော့ ကျွန်တော့်အဝတ်အစားတွေယူ။ ရေမိုးသန့်စင်ပြီး ဝတ်လာခဲ့ နွေးနွေးထွေးထွေး ရှိသွားအောင်"

ကျွန်ုပ်က ဘာမှမပြောဘဲ ထိုသူကိုယ်လက်သန့်ရှင်းရန် ပြောလိုက်ရာ ထိုသူမှာ အံ့သြသလို ကျွန်ုပ်အားကြည့်ပြီး ရေသွားချိုးလေ၏။ ရေချိုးအဝတ်အစားလဲလှယ်ပြီး ကျွန်ုပ်၏ သစ်စက်အလုပ်သမားနှစ်ယောက်နှင့်အတူ ပြန်လာလေ၏။

"အေးအေးဆေးဆေး ထိုင်ပါ။ ကိုဖိုးအေး ဒီက ကိုယ့်လူနည်းနည်း နွေးသွားအောင် ကော်ဖီပူပူလေးတစ်ခွက် လုပ်ပေးပါ"

ကျွန်ုပ်က ဓါတ်ဘူးထဲမှ ရေနွေးကြမ်းတစ်ခွက် ငှဲ့ထည့်လိုက်ပြီးလျှင်

"အစ်ကို အချမ်းပြေသွားအောင် သောက်လိုက်။ ဆေးလိပ်သောက်တတ်ရင် အဲ့ဒီမှာ ဝလေးလုံးဆေးပေါ့လိပ်ရှိတယ်။ ကွမ်းစားတတ်ရင်လည်းစား" ဟု ပြောလိုက်လေ၏။

ထိုသူမှာ အတော် ဆေးလိပ်သောက်ချင်ပုံရ၏။ ဆေးလိပ်တစ်လိပ်ကိုယူလိုက်၏။ ကျွန်ုပ်က မီးခြစ်ကို ခြစ်ပြီးကိုယ်တိုင် မီးညှိပေးလိုက်ရာ ထိုသူက ဆေးလိပ်ကို အားရပါးရ ဖွာရှိုက်နေလေ၏။ ထိုအချိန်မှာ ဖိုးအေးကလည်း အငွေ့တထောင်းထောင်းထနေသော ကော်ဖီကို လာချပေး၏။

"ကျွန်တော့်ကို ပုလိပ်လက်ထဲအပ်မှာမဟုတ်လား"

ထိုသူက စကားပြောလာ၏။

"မအပ်ပါဘူးဗျာ။ မီးကသိပ်လောင်တာမှမဟုတ်ဘဲ။ အမိုးတစ်ပိုင်းလောက်ပဲလောင်တာ၊ မိုးလင်းရင် အသစ်ပြန်မိုးလိုက်တာပေါ့။ အမိုးကလည်း ဒီနှစ်ပြန်မိုးရမှာပဲ။ ကိစ္စမရှိပါဘူး"

"ကျွန်တော်မှားပြီ"

"ဘာတွေမှားလို့လဲဗျ။ ကျွန်တော်အစ်ကို့ကို ပုလိပ်လက်ထဲအပ်ရင် ပုလိပ်တွေရဲ့ အထုအထောင်းလည်း ခံရမယ်။ ထောင်လည်းကျမယ်။ အစ်ကိုထောင်ထဲရောက်နေတဲ့အချိန်မှာ အစ်ကို့ရဲ့ မိသားစုစားဝတ်နေရေး အခက်အခဲရှိမယ်"



www.burmeseclassic.com

www.burmeseclassic.com

တချို့ ကျွန်တော်ငေ ့ဖူးတယ်။ ယောက်ျားထောင်ထဲရောပြ၂တော့ ကျွန်နေတဲ့မိန်းမက လုပ်ကိုင်မစားတတ်တာနဲ့ နောက်လင်ယူတာတွေ"

ကျွန်ပ်၏စကားက ထိုသူကို ထိသွားဟန်တူ၏။

"ဟုတ်တယ်။ ကျွန်တော့်မိန်းမက ဘာမှမလုပ်စားတတ်ဘူး။ ကိုကျော်ကျော်က ကျွန်တော်ရှိနေတာတောင် ကျွန်တော့်မိန်းမကို ပြိတီတီလုပ်နေတာ၊ ကျွန်တော်ထောင်ထဲရောက်ရင် ကျော်ကျော်နဲ့ ကျွန်တော့်မိန်းမနဲ့ ရှုပ်တော့မှာပဲ။ ကျွန်တော့်ကို ပုလိပ်လက်ထဲတော့ မအပ်ပါနဲ့ဗျာ"

"ကျွန်တော်ပြောပြီးပြီပဲ။ အစ်ကို့ကို ပုလိပ်လက်ထဲ မအပ်ပါဘူးလို့၊ အစ်ကို စိတ်ချမ်းချမ်းသာသာနဲ့ နေပါ"

ကျွန်တော်ဖွင့်ပြောပါ့မယ်။ ကျွန်တော်က ကိုကျော်ကျော်ရဲ့ သစ်စက် အလုပ်သမားပါ။ ဒီကဆရာရဲ့သစ်စက်ကို မီးရှို့ပေးရင် ငွေ ၅၀၀၀ိ/- ပေးမယ်ဆိုလို့ ကျွန်တော်လုပ်မိတာပါ။ ငွေ ၅၀၀၀ိ/- ဆိုတာ ကျွန်တော်တို့အဖို့တော်ရုံရှာလို့လွယ်တဲ့ငွေ မဟုတ်တာရော၊ ကိုကျော်ကျော်ရဲ့ အရေးပေးမှုကိုလည်း ရအောင်ဆိုပြီး ပြုလုပ်မိတာပါ"

"ဒီလိုပဲပေါ့ အစ်ကိုရာ၊ ကိုယ်အဆင်ပြေဖို့အတွက် လုပ်မိတာပဲ။ ဒါဟာဖြစ်တတ်ပါတယ်"

ကျွန်ပ်က အံဆွဲထဲမှ ငွေ ၅၀၀၀ိ/- ကိုယူကာ "ရော့ အစ်ကို၊ ကိုကျော်ကျော်ပေးမယ်ဆိုတဲ့ ငွေကို ကျွန်တော်ပေးလိုက်မယ်။ အစ်ကိုရဲ့မိသားစုကို ပြေလည်အောင်လုပ်ပါ" ဟု ပြောရင်းပေးလိုက်လေ၏။

"ကျွန်တော်တော့ သူတော်ကောင်းကို ပြစ်မှားမိပြီ"ဟု မျက်ရည်ဝဲဝဲဖြင့် ပြောကာ ကျွန်ပ်အား ထိုင်ချ၍ကန်တော့ရန် လုပ်လေ၏။

ကျွန်ပ်က ထိုသူကို ဆွဲထူမကာ

"မလုပ်ပါနဲ့ အစ်ကိုရာ ကျွန်တော်ကအသက်ငယ်ပါတယ်။ ငရဲတွေကြီးနေပါဦးမယ်"ဟု ဆိုကာ ထူမ၍ ကုလားထိုင်မှာ ပြန်ထိုင်စေ၏။

"ကျွန်တော် ကိုကျော်ကျော်ရဲ့ သစ်စက်ကနေ ထွက်လိုက်ပါတော့မယ်။ ဆရာရဲ့ သစ်စက်မှာပဲ လာလုပ်ပါ့မယ်"

"အဲ့ဒီလိုမလုပ်ပါနဲ့။ အခုကိစ္စမှာ ဒီကအစ်ကို ဒီမှာမီးရှို့တာကို ဖမ်းမိတယ်ဆိုတဲ့အကြောင်း လူသိခံလို့မရဘူး။ လူသိခံရင် ဒါဟာ ကိုကျော်ကျော်ရဲ့ လုပ်ကြံမှုလို့ သိသွားရင် ကိုကျော်ကျော်လည်း အပြစ်မကင်းဘူး။ သိက္ခာကျလိမ့်မယ်။ ဒီတော့ ပိုနေမြဲ ကျားနေမြဲပဲကောင်းပါတယ်။ အခက်အခဲရှိရင် ကျွန်တော့်ဆီကိုလာပါ။ ကိုကျော်ကျော်ရဲ့ လှုပ်ရှားမှုတွေ ကျွန်တော့်ဆီ သတင်းပို့ပေးပါ။ ကိုကျော်ကျော်က ဒီအတိုင်းနေမှာမဟုတ်ဘူး။ နောက်ထပ်တစ်မျိုးပြီး တစ်မျိုးကြံစည်ဦးမှာပဲ၊ အဲ့ဒါဆိုရင် ကျွန်တော့်ကို ပြန်ကူညီရာ ရောက်ပါတယ်"

ကျွန်ပ်က အရေ့ကို တွေးမျှော်၍ ပြောလိုက်လေ၏။

ကျွန်ပ်သည် ကိုယ့်ကိုယ်ကိုလွန်စွာ အံ့ဩနေပိလေ၏။ ကျွန်ပ်၏ခေါင်းထဲမှ ခက်ခက်ခဲခဲ မစဉ်းစားရဘဲ ကျွန်ပ်လုပ်သမျှတို့မှာ မှန်ကန်ချောမွေ့နေသည်ကို တွေ့ရလေ၏။ ယင်းမှာ ထိုသို့ဆုံးဖြတ်လုပ်ကိုင်ရန်အတွက် ဆရာသခင်များက ကျွန်ပ်အား မနောဖြင့် ပြုမှုလုပ်ဆောင်စေသကဲ့သို့ ဖြစ်နေ၏။

ကျွန်ပ်အား ဦးစွာ စန်းစန်းရီဆိုသော မပျက်တစ်ပျက် မိန်းကလေးတစ်ဦးနှင့် ကျွန်ပ်၏ ဂုဏ်သိက္ခာနှင့် ဘဝပျက်အောင် ကျော်ကျော်က ကြံစည်ခဲ့၏။ ယခုတစ်ဖန် သစ်စက်လည်း မီးလောင်ဆုံးရှုံး၊ ကျွန်ပ်လည်းမီးပေါ့ဆမှုဖြင့် ရုံးရောက်ဂါတ်ရောက်အမှုများ ရှုပ်ရန် ကြံစည်ပြန်လေ၏။

ထိုသို့ကြံစည်သမျှမှာ အောင်မြင်မှုမရဘဲ သူလွှတ်လိုက်သော သူများမှာ ကျွန်ပ်၏ လူများဖြစ်သွားအောင် ပြန်စည်းရုံးလိုက်နိုင်လေ၏။ ဤသည်မှာလည်း သူတစ်ထူး ဒုက္ခရောက်မှာနှင့် စာရင် ထို ဒုက္ခကို ကျွန်ပ်ကသာ ခံလိုက်မည်ဟူသော ကျွန်ပ်၏ အခံမေတ္တာစာတ်စွမ်းအားကြောင့်လည်း ဖြစ်နိုင်၏။

ဆရာသခင်က ကျွန်ပ်ကို ပြောဖူးလေ၏။

တောတောင်ထဲမှာ မေတ္တာကမ္ဘာန်းကျင့်စဉ်ကို ကျင့်နေရုံဖြင့် အမိ၏



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာစွမ်းအား ပြည့်မပြည့်မသိနိုင်ပေ။ မေတ္တာ၏ အခြေခံမှာ ခန္တီတရားသည်း ခံမှုဖြစ်၏။ ဤသို့ ခန္တီပြည့်ဝမှုရှိမရှိဆို သည်ကို ရုပ်ထွေးလှသော လူ့လောက ထဲဝင်ဆံ့မှသိနိုင်သည်။ ထိုသူများက မိမိအား မကောင်းကြံစည်မှုများကို မေတ္တာဖြင့် ခွင့်လွှတ်သည်းခံတတ်ဖို့လို သည်။ ယင်းမှာ လူ့လောကသို့ ဝင် ရောက်မှုဖြစ်မည်။ ထို့ကြောင့် မေမြမိုး နှင့် လူ့လောကထဲသို့ လွှတ်သွင်းလိုက် ခြင်းဖြစ်သည်ဟု ဆရာသခင်ကဆို၏။ ဤသည်မှာလည်း ကျင့်စဉ်လမ်းစဉ်တစ် ခုဖြစ်ကြောင်း ကျွန်ုပ် ယခုမှ သဘော ပေါက်မိလေ၏။

"ကျွန်တော့်နာမည် ငလုံးလို့ခေါ်ပါ တယ်။ နာမည်ရင်းကတော့ မြသန်းလို့ ခေါ်ပါတယ်။ ဆရာအလိုရှိတဲ့အခါ ကျွန် တော့်ကို အချိန်မရွေးခေါ်ပါ။ ကျွန်တော် သွားခွင့်ပြုပါဦး"

"လူ့ဘဝဆိုတာ တိုတိုလေးပါ ကို လုံးရာ၊ အတတ်နိုင်ဆုံး မကောင်းမှုတွေ ကို မလုပ်မိစေနဲ့ ကိုယ့်စိတ်ကို ဖြူစင် အောင်ထားပါ။ အခု ကျွန်တော်ပေး လိုက်တဲ့ ငွေကို အရင်းအနှီးလုပ်ပြီး ကိုလုံးရဲ့ မိန်းမကို အရောင်းအဝယ်လုပ် နိုင်းရင် လူတစ်လုံး သူတစ်လုံးဖြစ်လာ မှာပါ။ အတိတ်ဘဝက အကြောင်း မကောင်းလို့ အခုဘဝမှာ ဆင်းရဲရတာ၊ အခုဘဝမှာ မကောင်းတာတွေဆက်လုပ် နေမယ်ဆိုရင် နောင်ဆိုရင် ကိုလုံးကို

ပုလိပ်လက်ထဲအပ်လိုက်ပြီ။ ထောင်က ထွက်လာရင်ကော ကိုယ်ကနာမည်ပျက် နဲ့ဆိုတော့ ဘယ်သူကခေါ်ချင်ပြောချင် အရေးလုပ်ချင်ပါတော့မလဲ၊ ကျွန်တော်နဲ့ တွေ့လို့သာပေါ့ ကိုလုံးရာ အခုလဲဝတ် ထားတဲ့အဝတ်အစားတွေလည်း ပြန်မပို့ နဲ့တော့၊ ကျွန်တော်က ကိုလုံးကို လက် ဆောင်ပေးလိုက်တယ်လို့ပဲ မှတ်ပါ။ ကဲ ကဲ သွားတော့ကိုလုံး"

"ဟုတ်ကဲ့၊ ကျွန်တော် နောက်ဆို ဒီလိုအလုပ်မျိုး မလုပ်တော့ပါဘူး"

ကိုလုံးထွက်သွားသောအခါ

"ဩော်···လူ့လောကကြီး တယ် လည်းရှုပ်ထွေး၊ တယ်လည်း ပြဿနာ များပါလား"ဟု ကျွန်ုပ်ရေရွတ်လိုက်မိ လေတော့၏။

## စာစု(၁၅)

## တတိယမြောက်ဆရာသခင်

(၁)

ကျွန်ုပ်နှင့် မေမြမိုးတို့သည် ကျွန်ုပ် ကမြနှင်းနွယ်အား ကတိပေးထားသည့် အတိုင်း မြနှင်းနွယ်တို့အိမ်သို့ ပြောင်း လာကြလေ၏။

"အစ်ကိုကျော်ကဲ့ခဲ လာတယ်နော် ကတိတည်သားပဲ။ မမမိုးလည်း လိုက် လာတယ်။ ဝမ်းသာလိုက်တာ"

ကျွန်ုပ်တို့ကို တွေ့သည်နှင့် မြနှင်း နွယ်က ဆင်းကြို၏။ ကျွန်ုပ်တို့အိမ်ပေါ် သို့ ရောက်သောအခါ မြနှင်းနွယ်က

ပစ္စည်းများကို နေရာချ၏။ မေမြမိုးမှာ ကျွန်ုပ်နှင့်ရသော ကိုယ်ဝန်မပေါ့မပါးနှင့် ဖြစ်လေ၏။ ထိုသို့ရောက်ရှိပြီး ညအိပ် သောအခါ မေမြမိုးက မြနှင်းနွယ်နှင့် အတူအိပ်ရပြီး ကျွန်ုပ်ကမူ အဘကျော် စွာနှင့်အတူ အိပ်ရလေ၏။

ဤအတွက် မေမြမိုးက မကျေနပ် ချေ။

မြနှင်းနွယ်သည် စားသောက်သော အခါတွင်လည်း ကျွန်ုပ်တစ်ဦးတည်းကို သာ ကျွေးလေ၏။ မြနှင်းနွယ်ကိုယ်တိုင် ထမင်းပွဲပြင်ဆင်၍ အနားမှစောင့်ကာ ကျွေးလေ၏။

"မမမိုးက နောက်မှ နွယ်နဲ့တူတူ စားမယ်နော်"

မေမြမိုးမှာ ပြန်ပြောရလည်းခက် ဖြင့် မခံချိမခံသာဖြစ်ရလေ၏။

မြနှင်းနွယ်သည် ကျွန်ုပ်၏ အဝတ် အစားများရော၊ မေမြမိုး၏အဝတ်အစား များပါ လျှော်ဖွတ်ပေးလေ၏။ မြနှင်း နွယ်တို့၏ အိမ်၌နေစဉ်တစ်လျှောက်မှာ မေမြမိုးသည် မည်သည့်အလုပ်ကိုမျှ မလုပ်ရဘဲ လူပိုတစ်ယောက်ဖြစ်နေ၏။

မိမိ၏လင်ယောက်ျားကို ပြုစုခွင့်မရ သည့်အပြင် ယုယကြင်နာခွင့်လည်း ဆုံးရှုံးလေ၏။

မေမြမိုးက ကျွန်ုပ်ပြန်လာသည်ကို ဆီးကြိုလျှင်လည်း

နေ···နေ မမမိုး၊ နွယ်သွားကြို လိုက်မယ်ဟုဆိုကာ အလျင်ဦးအောင် ဆင်းကြိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မေမြမိုးအဖို့ ကျွန်မနှင့် စကားတစ်ခွန်းစနှစ်ခွန်းစပြောလျှင် ကြားမှဝင်ဖြတ်ကာ ဝင်ရောက်ပြောဆိုလေ၏။

ဤသို့ဖြင့် တစ်နေ့တစ်ရက်လည်း မဟုတ် နေ့စဉ် နေ့တိုင်း ဤသို့ဖြစ်နေသည့်အပြင် တစ်ခါတစ်ရံ ကျွန်မ်ကို အပြင်သို့ခေါ်ထုတ်သွားတတ်လေ၏။ ဤသို့ မြနှင်းနွယ်နှင့် ကျွန်ုပ်တို့နှစ်ယောက်တည်း အပြင်သို့ထွက်သွားလျှင် မေမြမိုးမှာ ဆံတစ်ပင်တင်း ချစ်ခြင်း . . . ဟူသော စကားနှင့်အညီ အူနကျွဲခတ်သကဲ့သို့ ခံစားရလေ၏။

မေမြမိုး မည်သို့ခံစားနေရသည်ကို မိန်းမအချင်းချင်း သိတန်ကောင်းသော်လည်း မြနှင်းနွယ်မှာ ဂရုမစိုက်သလို အရေးမလုပ်သံလိုနေ၏။ ဦးကျော်စွာက မြနှင်းနွယ် ပြုမူနေပုံသဘာဝမကျသောကြောင့် ကျွန်ုပ်၏ကွယ်ရာ၌ အနေအထိုင်ဆင်ခြင်ဖို့ ပြောလေ၏။

"ထိုအခါ နွယ်ရဲ့ကိစ္စ နွယ်သိပါတယ်အဘ"ဟုဆိုကာ ပြုပြင်နေထိုင်ခြင်းမရှိဘဲ အရင်ကထက် ကျွန်ုပ်နှင့်တပူးတွဲတွဲ နေလေ၏။

တစ်နေ့ မေမြမိုး ပေါက်ကွဲလေ၏။

"နွယ် . . . ကိုယ့်ကိုနှိပ်စက်နေတာလား"

မေမြမိုးက မေးလိုက်၏။

"နွယ် . . . မမမိုးကို ဘာတွေနှိပ်စက်နေလို့လဲ၊ မမမိုးရဲ့ဝေယျာဝစ္စတွေအကုန်ညီမလေး လုပ်ပေးနေတာပဲ"

"မဟုတ်ဘူး . . . မမမိုး မီးဖိုချောင်မှာ ဝိုင်းကူလုပ်တော့လည်း နွယ်ကပေးမလုပ်ဘူး။ တံမြက်စည်းလှဲတာကအစ မမပုံးကို လုပ်ခွင့်မပြုဘူး။ ဒါဟာ မမမိုးကို အထီးကျန်ဆန်အောင် လုပ်နေတာပဲ"

မေမြမိုးက သူမ၏ရင်၌သိုအောင်းနေသော ခံစားချက်ကို ဖွင့်ထုတ်သည်။

"ဒါက နွယ်အနေနဲ့ တမင်လုပ်နေတာတွေ မဟုတ်ပါဘူး။ နွယ်က အိမ်ရှင်ဖြစ်တော့ အစစအရာရာ အိမ်ရှင်တာဝန်ကျေချင်လို့ပါ။ ဧည့်သည်ကို အိမ်ရဲ့ဝေယျာဝစ္စလုပ်နိုင်းလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဒါဆိုရင် မိုးနဲ့ကိုဗညားဟာ အကြင်လင်မယားတွေဖြစ်လျက်နဲ့ ဘာကြောင့် တစ်နေရာစီ ခွဲအိပ်နိုင်းရတာလဲ"

"ဒါလား။ ဒီအိမ်မှာ ကိုးကွယ်ထားတဲ့ ရိုးရာနတ်က မကြိုက်လို့ပါ။ ဒီအိမ်သားမဟုတ်တဲ့ သူစိမ်းလင်မယားဆိုရင် ဒီအိမ်မှာ အတူအိပ်ခွင့်မပြုဘူး"

မေမြမိုး၏ ခံစားတင်ပြချက်များကို နွယ်က တစ်ချက်ချင်းပြန်လည် ချေပ၏။ သူမ၏ ချေပချက်များမှာ လုပ်ကြံပြောဆိုချက်များဖြစ်ကြောင်းသိနေလျက် ယုတ္တိတန်သော ချေပချက်များဖြစ်သည်မို့ပြောရခက်နေ၏။

"ဒါဆိုရင် မိုးက ကိုဗညားရဲ့နားကို သီခွင့်တောင်မရဘဲ မင်းသာတစ်ချိန်လုံး ကိုဗညားနဲ့ တတွဲတွဲ ဟိုသွားဒီလာ လုပ်တာတွေကရော မိုးအနေနဲ့ ဘယ်လို . . . လည်ရမလဲ။ မိုးရဲ့နေရာမှာ ဝင်ခံစား . . . ကြည့်စမ်းပါ"

ကျွန်ုပ်မှာ မိန်းကလေးနှစ်ယောက် . . . အချီအချပြောနေသော စကားများကို . . . ကြားနေရ၏။ သို့သော်လည်း သူတို့ . . . ကြားမှာ စကားတစ်ခွန်းမျှဝင်မပြောဘဲ . . . ငြိမ်နေမိ၏။

"ဒါကလည်း အလုပ်ကိစ္စတွေနဲ့ . . . သွားလာပြောဆိုတာပါ"

မြနှင်းနွယ်က ပြန်လည်ချေပ . . . စကား ပြောလိုက်လေ၏။

"ဩော် . . . ဟုတ်လား၊ ဒီမှာနွယ် . . . မိုးဟာ တရားဝင် လင်ယောကျ်ားကို . . . တောင် ပိုင်ခွင့်မဲ့နေသလိုပဲ။ မိုးသိပ် . . . မိုး၊ ကိုဗညားကို ဆုံးရှုံးတော့မယ်လို့ . . . မိုးထင်တယ်"

ကျွန်ုပ်အဖို့တော့ မေမြမိုးပြော . . . သည်မှာ မှန်သင့်သလောက် မှန် . . . သည်ဟုထင်၏။

"အခုအချိန်မှာတော့ မမမိုးအနေ . . . ကိုကျောက်ခဲအပေါ်တွယ်တာမှုသံယော . . . ဇဉ်တွေ သိပ်လွန်ကဲနေလို့ ခံစားနေ . . . တာပါ။ မမမိုး စဉ်းစားကြည့်ပါ။ အကယ် . . . ၍များ ကိုကျောက်ခဲဟာ အကြောင်း . . . တစ်ခုခုကြောင့် မမမိုးကို ထားချန် . . . မယ်ဆိုရင် ရုတ်တရက် မမမိုးခံစား . . . မှာ မဟုတ်ဘူး။ မမမိုးမှာ နလုံး . . . သေလိမ့်မယ်။ အဲ့ဒီလိုမဟုတ်ဘဲ . . . ကျောက်ခဲသေသွားမယ်ဆိုရင်ရော . . .



www.burmeseclassic.com

www.burmeseclassic.com

ခံစားနိုင်ပါ့မလား။ ကျေးဇူးရှင်ကြီးလို့ မြည်တမ်းပြီး မစားနိုင်မအိပ်နိုင်နဲ့ မမရဲ့ စိတ်ကို မမညှဉ်းဆဲလိမ့်မယ်။ အဲ့ဒီစိတ်နဲ့ မမလုံးပါးပါးလိမ့်မယ်။ အခုကတည်းက မမရဲ့စိတ်ကို မမထိန်းနိုင်အောင် နွယ် လေ့ကျင့်ပေးနေတာပါ။

မမမိုး မသိသေးတာတွေရှိနေ တယ်။ အဲ့ဒါကို နွယ်ကသိနေတယ်။ နွယ်တစ်ယောက်တည်းပဲသိပြီး ကျန်တဲ့ သူတွေက မသိကြတော့ ခက်တာပဲ မမမိုးရယ်၊ ဘယ်သူ့ကိုမှလည်း ပေးသိ ခွင့်မရတော့ မမမိုး ထင်ချင်သလိုသာ ထင်တော့၊ နွယ့်ရဲ့စေတနာကို မသိသေး တဲ့အတွက် ဒီလိုပြောတာ နွယ်ခွင့်လွှတ် ပါတယ်။

မြနှင်းနွယ်က မဖော်တစ်ဝက် ဖော် တစ်ဝက် စကားကို ပြောလေ၏။ ကျွန်ုပ် ကတော့ အနည်းငယ် ရိပ်စားမိနေပြီ။ ဆရာသခင်သည် အချိန်တန်သောအခါ သူ့ကို စွန့်ခွာခဲ့သည်။ မာလီကြီးသည် လည်း အချိန်တန်လျှင် မေမြမိုးတို့ကို စွန့်ခွာကောင်း စွန့်ခွာရလိမ့်မည်။ ဒါကို မြနှင်းနွယ် ကြိုသိနေပုံရလေ၏။

"အဟင်း . . . ခံစားတတ်အောင် လေ့ကျင့်ပေးနေတာတဲ့လား။ ရပါတယ် နွယ်၊ မိုးရဲ့စိတ်ကို အတတ်နိုင်ဆုံး ဖြေ နိုင်အောင် ကြိုးစားပါ့မယ်။ နွယ်နဲ့ ကို ဗညားကို ခွင့်လွှတ်ပေးနိုင်အောင် ကြိုး စားပါ့မယ်"

"မမက မမရဲ့ လက်ထဲက ကို ကျောက်ခဲကို နွယ်လုယူနေတယ် ထင် နေလို့လား"

"ထင်နေတာ မဟုတ်ဘူးနွယ်၊ မြင် နေတာ၊ ဒါပေမယ့် ဗညားကို ဒီကိစ္စမှာ ဆုံးဖြတ်ခိုင်းရမယ်။ ဗညားဟာ နွယ်နဲ့ မိုးရဲ့ကြားမှာ ဘယ်သူ့ဘက်က သံယော ဇဉ်ပိုတယ်ဆိုတာ သိဖို့လိုတယ်။ ကဲ . . . ဗညား။ မိုး ဒီနေ့ပဲ အိမ်ပြန်တော့မယ်။ ဗညား မိုးနဲ့ပြန်လိုက်ခဲ့မလား၊ နွယ်နဲ့ နေခဲ့မလားဆိုတာပြောပါ"

မိန်းမနှစ်ယောက်၏ မြားဦးက ကျွန်ုပ်ထံသို့ လှည့်လာလေပြီ။ ရုတ်တ ရက် ကျွန်ုပ် မည်သို့ပြန်ဖြေရမှန်းမသိ အောင် ဖြစ်နေ၏။

မေမြမိုးက ထိုသို့ခပ်တင်းတင်း ခပ် ပြတ်ပြတ်မေးလိုက်သောအခါ ...င်း နွယ်သည် ကျွန်ုပ်အား မျက်နှ...ငယ် လေးဖြင့် ကြည့်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်ကို မေမြမိုးနှင့် ပြန်လိုက်မသွား စေလိုသော သဘောကို မြင်တွေ့နေရ ၏။ ဆရာသခင်က စာအုပ်လေးကို မြ နှင်းနွယ်အားပေးခိုင်းခဲ့သည်မှာအကြောင်း ရှိမည်။ ထိုစာအုပ်ပါလမ်းညွှန်ချက်အရ မြနှင်းနွယ် ပြုမူဆောင်ရွက်ခြင်းဖြစ် ကောင်းဖြစ်နိုင်သည်။

"မိုး . . . ဗညားမိုးအပေါ် ဘယ်တော့ မှ သစ္စာမဖောက်ပါဘူး။ ကျုပ်ရဲ့ကိုယ် ကျင့်သိက္ခာကို မိုးစိတ်ချလက်ချနဲ့ ယုံ ကြည်ပါ။ အခုတော့ မိုးနဲ့ကိုယ် ပြန်မ လိုက်သေးဘူး။ နောက်တော့ ကိုယ် မိုး ဆီပြန်လာပါ့မယ်"

မြနှင်းနွယ်၏ မျက်နှာမှာ ဝင်း လက်သွား၏

မေမြမိုးမှာမူ မထင်မှတ်ထားသော ကျွန်ုပ်ဆီမှ စကားကိုကြားလိုက်ရသော ကြောင့် မိုးကြိုးပစ်ခံရသလို ဖြစ်သွား၏။ ရုတ်တရက် ဘာမှမပြောနိုင်ဘဲကျောက် ...ပ်တစ်ရုပ်လို ငြိမ်သက်နေ၏။ ပြီးမှ အင့်ကနဲ ငိုချလိုက်လေ၏။

"မမမိုး မငိုပါနဲ့နော်၊ မမမိုးငိုရင် နွယ်ပါငိုမိလိမ့်မယ်။ မမမိုး ဘာဖြစ်ချင် သလဲပြောပါ"

"ငိုပါရစေနွယ်၊ မိမိုးငိုပါရစေ၊ ညီမ လေးရယ်။ မိမိုးရဲ့ရင်ထဲက ခံစားရတာ တွေ ကိုဗညားကို တွယ်တာရတာတွေ အားလုံး မျက်ရည်နဲ့အတူ သွန်ထုတ်ပါ ရစေ။ အဲ့ဒီလို သွန်ထုတ်ပြီးရင် ဗညား ကို မမမိုးက ညီ...သက်ထဲ လွှဲ ပြောင်းပေးခဲ့မှာပါ...ယ်။ မမမိုး...စ် ယောက်တည်းပြန်ပ...မယ်။ မမမိုးက ဗညားနဲ့ ရေစက်ဒီလောက်...ပါခဲ့တာကို။ ဒါပေမယ့် ဗညားရဲ့ကိုယ်စား ဗညားရဲ့ ချင်သွေးကို မမမိုး ပိုင်ဆိုင်ခွင့်ရမှာမို့ မမမိုး ကျေနပ်လိုက်ပါ့မယ်"

မေမြမိုးက အားပါးတရ အတန် ကြာငိုလိုက်၏။ ပြီးလျှင် မျက်ရည်သုတ် ၏။ ထို့နောက် ကျွန်ုပ်ကို ကန်တော့၏။

ရှေ့လဆက်ရန်

ဘုန်းပွင့်ဝေ



www.burmeseclassic.com

www.burmeseclassic.com



# တစ်ထောင်တန်ဂါထာ

ကိုကိုလှ(ကဗျာမြေ)

မရှိုးနိုင်၊ မအီနိုင်သော ဇနီးသည်၏ မွေးရပ်မြေသို့ ခရီးတစ်ပတ်ထွက်ရန် အကြောင်းက ဖန်လာသည်။ မသွား၍လည်း မဖြစ်သော သာရေးဆိုက အကြောင်းပြချက်များစွာနှင့် ရှောင်တိမ်းနေ၍ရသည်။ ယခုတော့ ဇနီးသည်၏ မိခင်ကြီးအသက် ၈၀ ၏ နာရေးကိစ္စဟု သိရသည်။ ထိုနာရေးတွင်လည်း ဇနီးသည် ညီကိုမောင်ဖွား စုံစုံလင်လင်ရောက်ကြမည်။ အထောင်အလက်စုံလင်သောအချိန်သို့ ရောက်ကြသည့် သားသမီးများက သျှောင်နောက်ဆံထုံးပါ ဆိုရိုးစကားအတိုင်း မိခင်ကြီး၏ ရင်ခွင်တံခါးဖွင့် ၍ အသီးသီးခွဲထွက်သွားကြသည်။ ဝေးလံခေါင်းပါး ကွဲကွာခြင်း အနေဝေးခြင်းတော့ မဟုတ်၊ တစ်နေ့ခရီးမျှသာ၊ အတွာအဝေး ခပ်လှမ်းလှမ်းများတွင်သာ နေကြသည့် သားသမီးများမို့ သွားချည်လာချည် လုပ်နိုင်ကြသည်။

ထိုသို့ ခပ်ဝေးဝေး နေရသည်မှာလည်း ဇနီးသည်၏ မွေးချင်းအငယ်ဆုံး သမီးအပျိုကြီးက ယခုသေသည်အထိ ကျွေးမွေးစောင့်ရှောက်ထားသည်။ ကျောင်းဆရာမပီပီ စည်းကမ်းသည်လည်း ကြီးပါ၏၊ စနစ်တလည်း ကျ[illegible]ါသည်။ မြင်မြင်သမျှ သူ့တပည့်မှတ်ကာ ဆုံးမပြဝါဒစကား အမြဲဆိုလေ့ရှိသည်။ သူနားမလည်သည်က သူ့ထက်အသက်ကြီးသူများ၊ သူ့ထက်ပညာတတ်များဟု သူမသိ။ ယုတ်စွအဆုံး တူတွေတူမတွေကို ဆုံးမလျှင်လည်း "မင်းတို့ အမေ၊ အဖေတွေကို ငါက လမ်းညွှန်ပေးနေတာ"တဲ့လေ။ အဲသည်တော့ ထိုအိမ်မျိုး၊ နေရာမျိုးကို အမျိုးလှ ရှောင်ရှားတာ မမှားပါဘူး။ ယခုတော့ နာရေးမို့ မြန်မာ့မီးရထား (ရန်ကုန်-မော်လမြိုင် အထူးအမြန်)ဖြင့် မိသားစုငါးဦး ခရီးထွက်ခဲ့ရသည်။ အထူးဆိုသော ဝေါဟာရစကားသုံး၍ သတ်မှတ်ထားသော်လည်း အတော်ကလေးစိတ်မကောင်းစရာ၊ အမိနိုင်ငံ၏ ဂုဏ်သိက္ခာ ကျဆင်းမည်ကိုလည်း ရှက်မိသည်။ ယနေ့ ရန်ကုန်တိုင်း ဒေသကြီးတွင် မော်တော်ယာဉ်(ခရီးသွား)ကြီးများ၏ အထူးယာဉ်အဖြစ် သတ်မှတ်ထားသည့် ခရီးစရိတ် အထူးပေးရသော်လည်း ခရီးသွားရသည့် စီးပွား

www.burmeseclassic.com

ရသည့်အခါ ကျပ်သိပ်မွန်းသိပ်ခံရသည့်ဒဏ်၊ ယာဉ်နောက်လိုက်များ၏ ချိုးဖဲ့သော စကားလုံးကြီးများကလည်း ကြောက်ရွံ့မုန်းဖွယ်ရာဒဏ်များ နေ့စဉ်နှင့်အမျှ ခံစားကြုံတွေ့နေရသည်။ မသွား၍လည်း မဖြစ်။ ဝမ်းရေး ငါးထွာအတွက် အလုပ်ဆိုသော အလုပ်စခန်းဆီသို့ နေ့စဉ် သွားလာလှုပ်ရှားနေရသည်။ ယခုလည်း အထူးအမြန်ရ ထား (မော်လမြိုင်)ကို စီးသွားရသည်နှင့်လည်း ဆန်ကောထဲ ဇီးဖြူသီးထည့်လှိမ့်သလို ဘယ်ညာ ယိမ်းတိယိမ်းနွဲ့ ပါလေရဲ့။ သည့်ထက် အဆိုးရွားဆုံးသည် ခရီးမဆုံးသေး ရေအိမ်၌ ရေလုံးဝ မလာ။ ခရီးတစ်ခေါက်မက သွားတိုင်း အမြဲတမ်းကြုံရသည့်ဘဝ။ အတိတ်ဘဝက ရေလှူဒါန်းမှု နည်းခဲ့၍လား မသိ၊ နိုင်ငံခြားသားများဆိုလျှင် အတော်ကလေး မျက်စိပျက်မျက်နှာပျက် တွေ့ခဲ့ရသည်။ ထားပါလေ။ အခုတော့ မြန်မာ့မီးရထားအနေနဲ့ ဇလီဖားတုံးအသစ်၊ သံလမ်းများ အသစ်လဲလှယ်နေပါပြီ။ ရထားတွဲများလည်း နိုင်ငံခြားမှ ရောက်ရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါပြီ။ နောက် ခရီးစဉ်များတွင်တော့ အားလုံး အဆင်ပြေချောမွေ့သွားမည်ဟု တစ်ထစ်ချ ယုံကြည်မိပါသည်။

□□□

အမျိုးလှ မိသားစုနားရေးအိမ် ဝင်လိုက်သည်နှင့် ကြိုရောက်နေကြသော ဇနီးသည် ညီအစ်ကို မောင်နှမများက အားရဝမ်းသာဖြင့် ကြိုကြသည်။

"မမကြီးနဲ့ ကိုကိုကြီးမိသားစု ရောက်ပြီဟေ့"ဟု ပြောပြောဆိုဆို ခရီးဆောင်ပစ္စည်းများ သယ်ယူပေးသူကပေး၊ အိမ်ပေါ် ဆွဲတင်သူက တင်နှင့် ဆွေမျိုး မောင်နှမများတော့လည်း တစ်မျိုးကြည်နူးစရာပင်။ ကွယ်လွန်သူ မိခင် ယောက္ခမကြီးအလောင်းကိုတော့ ရွာခလေ့အတိုင်း ချက်ချင်းမြေမြှုပ်ရသည်မို့ ကန်တော့ချင်လျှင် သင်္ချိုင်းသို့ သွားရောက်ကန်တော့ရသည်။ ရွာခလေ့မို့ အပြစ်မဆိုသာ။ ဇနီးနှင့်အတူ မိခင်ယောက္ခမ မြေပုံသို့ သွားရောက်ကန်တော့ပြီးမှ ဆွေမျိုးသားချင်းများနှင့် အေးအေးလူလူ ရှေးဟောင်းနှောင်းဖြစ်များ စကားဆိုခွင့်ရလေသည်။

"အစ်ကိုကြီး ကြည့်ရတာ စိတ်ချမ်းသာတယ် တင်တယ်။ ဝလို့လုလို့ ပါလား"

"ဟာ ငါ့ယောက်ဖက မြှောက်နေပြန်ပြီ။ မင်းတို့အစ်မကြီးက လိုအပ်တာ ဖြည့်စုနေလို့ပေါ့ကွာ"

"အလကားဟေ့ . . . ငါ့ကိုဖားလျားပြီးပြောနေတာ။ သူ့အလုပ်နဲ့သူ မနိုင့်တနိုင်လုပ်နေရင်းနဲ့ ဝနေတာဟေ့"

"မမကြီးကလည်း အစ်ကိုကြီးက ဘယ်လို မနိုင့်တနိုင်လုပ်နေတာလဲ"

"အလုပ်က ခြောက်နာရီမှ ဆင်းရတယ်။ အလုပ်ဆင်းတာနဲ့ ဘုရားတက်၊ အဓိဋ္ဌာန်ပုတီးဝင်စိပ်တဲ့အလုပ်က နေ့စဉ်ပဲပေါ့။ အိမ်အလုပ်ကို ဘာကိုမှ မကူဘူး။ ငါ့ေ◌ ဆိုင်ကို ငါနဲ့ ကလေးတွေပဲ ရောင်းနေရတယ်"

"အို . . . မမကြီးကလည်း၊ ကိုကြီးက အရက်ဆိုင်သွားတာမှ မဟုတ်တာ။ မမကြီး ဈေးရောင်းကောင်းအောင်၊ စီးပွားတက်အောင် လုပ်ပေးတာပဲ"

"အေး . . . အေး . . . နင်တို့ယောက်ဖဘက်က ထောက်ခံကြ၊ ထောက်ခံကြ၊ ငါဘာမှ မပြောတော့ဘူး"

ပြောပြောဆိုဆို စကားဝိုင်းမှ ထွက်သွားသည်ကို အားလုံးက ရယ်မောလျက် ကျန်ရစ်ခဲ့ကြသည်။

"အစ်ကိုကြီး"

"ဘာလဲ ဆရာမကြီးရဲ့"

"အစ်ကိုကြီးနော် . . . ညီမက ဆရာမကြီး မဖြစ်သေးဘူး။ ဆရာမကြီးလို့ မခေါ်နဲ့။ ရာထူးမတက်လို့ စိတ်ညစ်နေတဲ့အထဲ"

"အောင်မယ်လေး ခင်မရယ်။ နင်ဟာလေ အားလုံးကို ဆရာလုပ်ဖို့တော့တတ်တယ်။ နင် ဒါလေးတောင် မသိဘူးလား"

"ဘာများလဲ အစ်ကိုကြီး"

"ဟိုမှာလေ နင်တို့ရဲ့ခေါင်းရင်း ဘုရားစင်အောက်မှာ ချိတ်ထားတဲ့ ပြက္ခဒိန်လေးမှာ ဂါထာလေးတစ်ပုဒ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"အဲသည့်ဂါထာက ဘာဂါထာမျိုးလဲ"

"သဗ္ဗဇယ မင်္ဂလဂါထာလည်း ခေါ်တယ်။ ဒိဝါတပတိ ဂါထာလို့လည်း ခေါ်တယ်"

"အဲသည့်ဂါထာရဲ့ အစွမ်းနဲ့ ဘယ်တုန်းက ပေါ်ပေါက်ခဲ့တာလဲဆိုတာ အစ်ကိုကြီး ကြုံကြိုက်တုန်း ရှင်းပြပေးပါဦး"

"သီဟိုဠ်ကျွန်း ဘာတိကမင်းလက်ထက် ပညာရှိအမတ်တစ်ဦးဟာ မင်းတရားကြီးက ပိဋကတ်သုံးပုံထဲက ရတနာသုံးပါးလုံးပါတဲ့ ဇယမင်္ဂလာ ဆောင်ခြင်းဂါထာတစ်ပုဒ်ကို ရွတ်ဆိုခိုင်းတော့ အဲသည့် ဒိဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်တယ်လေ။ မင်းတရားကြီးကလည်း ပညာရှိအမတ်ကို ဆုတော်ငွေ တစ်ထောင် ဆုချလိုက်တယ်"

"အဲသည့်ဂါထာက နေ့စဉ်ရွတ်ဖတ်ပူဇော်မယ်ဆိုရင် အရာခပ်သိမ်း လောကီလောကုတ္တရာ ကျက်သရေ မင်္ဂလာ တိုးတက်စေနိုင်တယ်။ ဦးစွာ စီးပွားတိုးတက်ပြီး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပြီး အရာရာကို အောင်မြင်တယ်။ အထူးသဖြင့် ညီမလေးတို့ အစိုးရဝန်ထမ်းတွေ အလိုချင်ဆုံးရာထူးတိုးဖို့အရေး၊ အထက်လူကြီး မျက်နှာသာပေး မြှောက်စားပေးခြင်းကိုခံစားရတဲ့ ဂါထာဟောင်းတစ်ပုဒ်ပေါ့။ ဟိုပြက္ခဒိန်လေးကို ဖြုတ်လိုက်"

ခယ်မလေး ကျောင်းဆရာမသည် ဘုရားစင်အောက် ချိတ်ဆွဲထားသော ပြက္ခဒိန် အညိုရင့်ရင့်ကလေးကိုဖြုတ်ကာ ရှေ့သို့တိုးပေးပြီး . . .

"ကဲ့ . . . အဲသည့်ဂါထာကို အစ်ကိုကြီး ဆိုပြမယ်"

ဒိဝါတပတိ အာဒိစ္စော ရတ္တိမာတာတိ စန္ဒိမာ။

သန္နဒ္ဓေါ ခတ္တိယောတပတိ၊ ဈာယီတပတိ ဗြာဟ္မဏော။

အထ သဗ္ဗမယောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ" . . . တဲ့။

"အစ်ကိုကြီး အဲဒါတော့ အမေ ရွတ်နေတာကြားဖူးတယ်။ ညီမလေး တော့ တစ်ခါမှမရွတ်ဖူးဘူး။ ဂါထာရဲ့ အနက်အဓိပ္ပာယ်ကိုကော ပြောပြနိုင်မလား"

"ဟာ . . . ဒီဆရာမ အပျိုကြီး ကတော့ ငါ့ကိုတော့ ရေနွေးကြမ်း မပေးဘူး။ ငါမောလှပြီဟ"

"ဟာ . . ကန်တော့ ကန်တော့။ ဟဲ့ . . . တူတော်မောင်တွေ၊ သွားသွား . . ရေနွေးကြမ်းဗန်း အမြန်ယူခဲ့။ အစ်ကိုကြီးရယ် စိတ်မဆိုးပါနဲ့နော်။ ရောက်တုန်းလေးမှာ အားတိုးရတာပါ"

"အဲဒါနဲ့ပဲ ငါ ကျေနပ်ပြောပြရတော့မှာပေါ့။ ဂါထာရဲ့ အနက်အဓိပ္ပာယ်က ရောင်ခြည်တစ်ထောင် အလင်းဆောင်နေသော နေမင်းသည် နေ့အခါ၌ ထွန်းလင်းတောက်ပပြီး၊ လမင်းကြီးသည်လည်း ညဥ့်အခါ၌သာလျှင် ဆီးနှင်းမြူတိမ် သူရိန်မင်းခိုးညစ်မျိုး ငါးဝကင်းစင်မှသာလျှင် ထွန်းလင်းတောက်ပနိုင်ပြီး ရေမြေသနင်း ပြည့်ရှင်မင်းသည်လည်း မင်းဂမြောက်တန်ဆာကို ဝတ်ဆင်မှသာလျှင် မင်းတို့ကျက်သရေ ထွန်းလင်းတောက်ပနိုင်ပေပြီး ကိလေသာကုန်ခန်းသည့် ရဟန္တာအရှင်မြတ်သည်ပင်လျှင် အာရုမ္မဏူ လက္ခဏူဟု နှစ်ဆူဈာန်မြတ် သမာပတ်တို့ ဝင်စား ၍ နေမှသာလျှင် ရဟန်းတို့ ကျက်သရေ ထွန်းလင်းတောက်ပနိုင်ပေ၏။ ထိုမှတစ်ပါး မြတ်စွာဘုရားရှင်သည်သာလျှင် နေ့ရောညဥ့်ပါ အခါခပ်သိမ်း ပညာသီလ ဂုဏ်ဓမ္မနှင့် ငါးမျိုးသော အာနုဘော်တို့ဖြင့် စိန်ရွှေမြရောင် နေလရောင်ထက် အခေါင်တက်၍ ပြောင်လျက်ထိန်ဝေ ထွန်းလင်းတောက်ပနိုင်ပါပေ၏"တဲ့။ ကဲ . . . ဆရာမလေးရေ သည်ထက်တော့ တိတိကျကျမပြောနိုင်တော့ဘူး။ ဒီကနေ့ကစပြီး အဓိအမွေလို တစ်မျိုး၊ ကိုယ့်အကျိုးစီးပွားအတွက် နေ့စဉ်နှင့်အမျှ ဤဂါထာကို ရွတ်ဖတ်ပေတော့၊ တစ်ခုတော့ရှိတယ်။ ကျောင်းအုပ်ဆရာမကြီးတို့ ပညာရေးဝန်ကြီးတို့ ဖြစ်ရင်တော့ အစ်ကိုကြီးကို ကျေးဇူးဆပ်ပေါ့"

"တတိပေးပါတယ် အစ်ကိုကြီးရယ်"

ကျောင်းဆရာမ ခယ်မလေး၏ ပျော်ရွှင်မှုအပြုံးမျက်နှာကို အားလုံး မြင်လိုက်ရ၍ ကြည်နူးပီတိ ဖြစ်မိရ တော့သည်။

ကိုကိုလှ(ကမာခြေ)



www.burmeseclassic.com

www.burmeseclassic.com

# ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ် လနတ်တော်

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

နတ်တော်လသို့ ရောက်ခဲ့ပြီ။

ရှေးစာဆိုတော်များက နတ်တော်လနှင့် စပ်လျဉ်း၍ 'ဂမုန်းအင်နှင့်၊ သဇင်ပွင့်ပေါ်၊ လနတ်တော်'ဟူ၍ စာပန်းချီ ဖွဲ့နွဲ့ခဲ့ကြသည်။ နတ်တော်လသို့ ရောက်ပြီဆိုပါက လယ်ယာဦးကြီးတို့ ဝမ်းသာရွှင်လန်းကြလေ၏။ အကြောင်းမူ ကောက်သစ်တို့ပေါ်ပြီဖြစ်သော ရာသီကာလသို့ ရောက်ရှိခြင်းကြောင့်ပင်။

ရာသီအားဖြင့် ဓနုရာသီ၊ စန်းယှဉ်သည့်နက္ခတ်မှာ မိဂသီဖြစ်၏။ နတ်တော်လကား နတ်ကိုပူဇော်ပသသောလ ဖြစ်သည့်အတွက် နတ်လ (သို့မဟုတ်) နတ်တော်လဟု ခေါ်ဆိုကြခြင်း ဖြစ်လေသည်။ အပူဇော်ခံနတ်များမှာ မဟာပိန္နဲနှင့် အချို့နတ်များ ဖြစ်ကြပေ၏။ ဝေါဟာရလီနတ္ထကျမ်း၌ အပူဇော်ခံနတ်ကို နှစ်မျိုးပြထားပေသည်။ ၎င်းတို့ကို ကောက်နုတ်တင်ပြရလျှင် ...

၁။ မဟာပိန္နဲ ... စသော သကတ္တကျမ်းလာ နတ်ကြီးများကို ပူဇော်ခြင်းဖြစ်၏။

ထိုနတ်ပူဇော်နည်းများကို အကျယ်သိလိုပါက သာလွန်မင်းလက်ထက် 'ယော်ရမန္ဒ'စသော နတ်ကြီးငါးပါး ပူဇော်စာတမ်း၊ ဘိုးတော်မင်းတရားလက်ထက် နတ်ကြီးငါးပါး ပူဇော်စာတမ်း၊ သီပေါမင်းလက်ထက် နတ်ကြီး ၁၅ ပါး ပူဇော်စာတမ်းများကို လေ့လာကြည့်ရှုနိုင်ပါသည်။

နတ်ပူဇော်ခြင်းမှာ မြန်မာ့ရိုးရာထဲ၌ ပါဝင်နေသော်လည်း စင်စစ်အားဖြင့် ဟိန္ဒူ၊ ဗြဟ္မဏ ပုဏ္ဏားတို့က မင်းကေရာဇ်များ၏ အကျိုးစီးပွားအတွက် သီးသန့်ရည်ရွယ်တာ ပူဇော်ပွဲစီမံခြင်းသာဖြစ်ကြောင်း သဘောပေါက်သင့်ပေသည်။ နတ်တော်လနှင့်ပတ်သက်၍ ဘိုးတော်ဘုရားလက်ထက်က 'အဂ္ဂမဟာ ရာဇဂုရု ဗြဟ္မဏ'ပုဏ္ဏားဆရာကြီးက မဟာပိန္နဲနတ်မင်းကို နတ်တော်လ၌ ပူဇော်ကြခြင်းမှာ 'ရာဇမတ္တဏ်ကျမ်း'ထွက်နှင့် မကိုက်ညီသည့်အတွက် တန်ဆောင်မုန်းလ၌ ကျင်းပစေရန် အမိန့်တော်ထုတ်ပေးရန် လျှောက်ထားခဲ့ဖူးသည် ဆို၏။

ထိုအခါ ဘုရင်မင်းမြတ်က ၎င်းအမိန့်ကို ပြင်ဆင်ထုတ်ပြန်ရန် သက်ဆိုင်ရာသို့ လွှဲအပ်သဖြင့် သက္ကရာဇ် ၁၁၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့တွင် နားခံတော်၊ 'ဇယသင်္ခယာ'က ထိုအမိန့်ကို ထုတ်ပြန်ခဲ့ရသည်။ ထိုကဲ့သို့ ဘုရင့်အမိန့်ကို ကြေညာထုတ်ပြန်ပါသော်လည်း လူထု၏ဆန္ဒက 'နတ်တော်လ'ကိုသာ စွဲလမ်းနေကြသဖြင့် အမိန့်တော်နှင့် လူထု၏ဆန္ဒတို့ တလွဲတချော်ဖြစ်နေသည်မှာ ယနေ့ကာလတိုင်အောင် ဖြစ်ပါသည်။ ရာဇမတ္တဏ်ကျမ်းကို ကြည့်ရှုလျှင် မဟာပိန္နဲဟူ၍ ရှာမတွေ့ဘဲ 'သကန္တနတ်'ဟုသာ တွေ့ရသည်။ သကန္တနတ် ပရိယာယ် ၁၈ ပါးတွင် 'ကတ္တိကေယနတ်'ဟု ခေါ်နိုင်သည့်အတွက် ၎င်းနတ်မှာ မဟာပိန္နဲနတ်၏ ညီဖြစ်ကြောင်း သိရ၏။ အဆိုပါကိစ္စမှာ ဟိန္ဒူ၊ ဗြဟ္မဏပုဏ္ဏားတို့ ကိစ္စဖြစ်၍ ချန်လှပ်ထားပါမည်။

၂။ ဒုတိယအဆိုကား ပုပ္ပားနတ်ကို လူအများ ကိုးကွယ်သည့်လမှာ နတ်တော်လဖြစ်သည်ဟု ဆို၏။ ပုဂံရာဇဝင် ရွှေစည်းခုံသမိုင်းအရ ပုဂံပြည်တွင် မြန်မာသက္ကရာဇ် ၂၂၆ ခုနှစ်က နန်းတက်သော 'သေည်လည်ကြောင်မင်း' လက်ထက်က အထက်အညာ တကောင်းမှ အမြင်ကတူး

www.burmeseclassic.com

နတ်၍ ရောဂတီမြစ်ရေငါ ၊ မျှောလိုက်သော စကားပင်မှ နတ်မောင်နှမအား ပုပ္ပားပေါင်၌ထားပြီး ကျွဲဖြူ၊ ဆိတ်ဖြူ၊ နွားဖြူနှင့် သေရည်အရက်များကို တင်လှူပူဇော်ပသခဲ့ကြ၏။ ထိုအခါ နတ်မောင်နှမတို့ ဝမ်းသာကြည်နူးကြသဖြင့် ဘုရင်နှင့် စကားပြောကြသည်ဟု အဆိုရှိခဲ့ဖူး၏။ ပုဂံသမိုင်းဟောင်းအရ ပုဂံမြို့၌ ဆိပ်ကမ်းမရှိ။ ညောင်ဦး၌သာ ဆိပ်ကမ်းရှိသည်။ ထိုမှတစ်ပါး သေည်လည်ကြောင်မင်းမှာ ဘုရင်အဖြစ်သို့ ရောက်ရှိသော်လည်း မြို့ရိုးတံခါးများ တည်ဆောက်ခြင်းမရှိ။ နန်းတော်သာလျှင် တည်ဆောက်၍ နန်းစံသည်ဟု သိရပေ၏။

ရှေးက နတ်သံပေါင်း၌ –

"စကားပင်ကို၊ နတ်ငင်ပစ်၍၊ မြစ်လယ်ကြောကို၊ မျှောသောအခါလည်း၊ ဖာသံ့သောင်တင်၊ ပိန်ညင်း၊ စင်ရော်၊ အတောင်ခင်းလို့၊ လေချင်းပီအောင်၊ ညီညီငယ် လော်သည်၊ ပျော်ပျော်ရေကြောင်း စုန်ခဲ့တယ်၊ ရိမဒ်သာ စည်၊ ထီးကြွင်နန်းနှင့်၊ မြို့နန်းတည်မည့်၊ ရွှေပြည်ပုဂံ၊ မင်းငါး ကျိပ်ငါ၊ ကနက်ထူ၍၊ ရိုပ်ဖြူလွှားလို့၊ ပျော်ပါးစံမည့်၊ နိုင်ငံ နဖူး၊ ဆိပ်ကမ်းသာသည့်၊ ရွာညောင်ဦးမှာ၊ စူးစူးဝင်လို့၊ တို့ဆိုက်တယ် ..."

ဟူ၍ တွေ့ရှိရပါသည်။ ပုပ္ပားနတ်တော်မောင်နှမသည် ပုဂံသို့ ရေက်လာသည်မဟုတ်။ ညောင်ဦးမှာ ဆိုက်ကပ်ကြောင်း သိရပါသည်။ သီရိပစ္စယာ ပုဂံမြို့တည်သည်မှာ ၃၄၇ ဟု သိရပါသည်။ ပုပ္ပားနတ်ကို ပူဇော်ကြကုန်သည့် ပုဂံပြည်သူပြည်သားတို့သည် နတ်တော်လသို့ ရောက်ရှိပြီဆိုပါက အိမ်များ၌ ကျွဲခေါင်း၊ နွားခေါင်းများ ချိတ်ဆွဲလျက် ပူဇော်သမှု ပြုခဲ့ကြ၏။ ယခုအခါ နတ်အုန်းသီးများကို ဆွဲသော ရိုးရာဓလေ့ ဖြစ်ပေါ်လာခဲ့ပါသည်။ ပုပ္ပားမောင်နှမတို့အား ကျွဲ၊ နွားများသတ်၍ ပူဇော်ခြင်းမှ ရပ်စဲပြောင်းလဲပစ်ခဲ့သော မင်းမှာ ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးပင် ဖြစ်ပါသည်။ တိရစ္ဆာန်များကိုသတ်ဖြတ်၍ ပူဇော်သောဓလေ့ ကွယ်ပျောက်ခဲ့ခြင်းမှာ သက္ကရာဇ် ၉၁၈ ခုနှစ်က ဖြစ်၏။ ထိုအချိန်က စတင်လျက် သက်သတ်လွတ်အာဟာရဘောဇဉ်များဖြင့်သာ ပူဇော်ခဲ့ကြ၏။

နတ်တော်လရာသီတွင် နတ်ပူဇော်ပွဲမှတစ်ပါး ဆင်ဖမ်းပွဲများ ပြုလေ့ရှိကြောင်း မှတ်တမ်းဟောင်းများ၌ လေ့လာတွေ့ရှိရသည်။ အဆိုပါ ဆင်ဖမ်းပွဲများအကြောင်းကို 'ဝရသေတဂီရိ ဆင်တော်မော်ကွန်း' နှင့် 'ရွှေစာတိုင်မော်ကွန်း' တို့တွင် လေ့လာဖတ်ရှုနိုင်ပါသည်။ နတ်တော်လနှင့်ပတ်သက်၍ မြန်မာ့ရိုးရာပွဲများကို ဘိုးတော်မင်းတရား လက်ထက်မှစ၍ အတော်အတန်ပြုပြင်ပြောင်းလဲခဲ့ပြီး ထိုရာသီ၌ နတ်ကဲ့သို့ မြင့်မြတ်သော စာဆိုပညာရှိများအား ချီးမြှင့်ပူဇော်ခဲ့ကြ၏။ ဘွဲ့နှင်းသဘင်များ ကျင်းပခဲ့ကြ၏။ ရှေးစာဆိုပုဂ္ဂိုလ်ကြီးများသည် ရာသီတစ်ခု၏ အကြောင်းအရာ မှတ်သားဖွယ် သုတအဖြာဖြာတို့ကို အလုံးစုံပါအောင် သိမ်းကျုံး၍ တင်ပြတတ်သည်ဖြစ်ပေရာ နတ်တော်လအကြောင်းအရာနှင့် စပ်လျဉ်းပြီး ရာသီခွင်ဖြစ်စဉ်အပေါင်းအား ဖွဲ့နွဲ့စပ်ဆိုထားသော လွမ်းချင်းကဗျာတစ်ပုဒ်အား တင်ပြလိုပါသည်။ အဆိုပါ လွမ်းချင်းကဗျာ၏ လက်ရာရှင်မှာ ကုန်းဘောင်ခေတ် စာဆိုတော်ကြီး လက်ဝဲသုန္ဒရဘွဲ့ခံ မဟာအတုလမင်းကြီး ဖြစ်ပါသည်။

ရှုလေတိုင်းကိုတဲ့
ဝေမှိုင်းငွဲ့ ဖြာဖြာ
လေညှင်းငယ်လာသည်
ဖော်မပါ တူမစုံလို့
လွှာခြုံ အေးပြန်တော့တယ်လေး။
ဆယ့်နှစ်ဖြာငယ်
ရာသီဝနေ၊ ရွှေဟသာလည်း
တာရာပြုလို့၊ ဇေယပြဟ္မာ
ပောမန္တာမို့၊ မဟာပိန္နဲ
နတ်မင်းပွဲမှာ ...
ကျွေးမြပူဇော်၊ လနတ်တော်ကို
ရှုမျှော်တိမ်ဆီ၊ မိဂသီလည်း
ခါညီမွှန်းလယ်
တွန်းရောင်ခြည် ခြယ်သောခါ
နတ်ရွှေဝ ဥကင်မှာ
ဂမုန်းအင်,သဇင်မင်းက
သင်းလှတယ်လေး ..."။

■ တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com

## ချမ်းမြေ့ရွှင်ပျော် သာစုခေါ်

# ဆုတောင်းပတ္ထနာ

● ညွှန့်ဟံ(ကြူတော) ●

လောကီ,လောကုတ္တရာ နှစ်ဖြာသော အရေးအရာကိစ္စများစွာတွင် ဗုဒ္ဓဘာသာဝင်တို့ ဆုတောင်းဆုယူပြုကြမြဲတာ ရှိကြလေသည်။ အရွယ်နှင့်အသိ၊ လုပ်ငန်းနှင့်စေတနာ၊ သက်ရောက်မှုသဒ္ဓါတရား၊ ပစ္စုပ္ပန်နှင့် အနာဂတ်စသည်တို့ အကျုံးဝင်၏။ ကြုံရဆဲဒုက္ခ၊ မျှော်လင့်ချက်အထွေထွေ စသည်တို့နှင့်လည်း ဆက်စပ်တတ်၏။ တန်ခိုးကြီးဘုရားစေတီ ခြေတော်ရင်းဝယ် ဝပ်စင်းပူဇော်ရင်း ဆုတောင်းမှုလည်း ပါဝင်၏။ ပြုခဲ့သည့်စေတနာ၊ ဒါနသီလအကျိုး ခံစားရမှု ဝေဒနာတို့ကို အကြောင်းပြု၍ ဆန္ဒလိုအင် ပြည့်ဝစိမ့်သောဌာ တောင့်တခြင်းများစွာဖြင့် ဆုတောင်းပတ္ထနာပြုသည်။ မိမိနှင့် ဝေနေယျအများအတွက် ရည်စူးမှုလည်း ပါဝင်ပေ၏။ မှန်မြတ်သော ဆုတောင်းဖြင့် လမ်းကြောင်းသင့်မြတ်ထင်ဟပ်သည့် အကျိုးရချင်ကြသည်ချည်း ဖြစ်လေသည်။ လူတိုင်းကိုယ်စီ ဆန္ဒပြည့်ဝ နှလုံးလှစေဖို့ ရည်ညွှန်းကာ ကိုးကွယ်ဆည်းကပ်မှု တစ်ခုခုပြုရင်း ကျင့်သုံးကြပေသည်။ ဆုတောင်းတိုင်းသာ ပြည့်ဝဖို့လည်း မဖြစ်နိုင်။ ကုသိုလ်၊ အကုသိုလ်၊ ကံဉာဏ်ဝီရိယ၊ စိတ်ထားစေတနာကောင်း ယုံကြည်သက်ဝင်မှု၊ စစ်မှန်သောမေတ္တာ၊ သန့်ရှင်းစင်ကြယ်သော စေတနာအကျိုးပေး၍ တည်မှီပေသည်။ ကောင်းကျိုးရလဒ် လိုအပ်ချက်ကို မိမိ၏ မှန်ကန်သော သဒ္ဓါစိတ်ဖြင့် ကြံစည်ပြုမှု အားထုတ် လုံ့လပြုခဲ့ခြင်းကတစ်ဆင့် ဆုတောင်းမှုလေ့များပြားကြောင်း ဖြစ်ရပ်အထွေထွေ စာပေမှတ်တမ်း လက်တွေ့သာဓကများတွင် တွေ့ကြရပေသည်။

စာရေးသူသည် မနီးမဝေး မြောရုံတစ်ခုကအပြန် စီးနင်းရန်ခက်ခဲချိန်တွင် လူငယ်တစ်ဦး မအားမလပ်သည့်ကြားက ဆိုက်ကားဖြင့် ပို့ဆောင်ပေးသည်။ သူသည် မြောရုံဘာသာရေး လုပ်ငန်းဆောင်ရွက်စဉ် စာရေးသူ၏ အခြေအနေကို သိသဖြင့် ပို့ဆောင်ဖြစ်၏။ မလွန်ဆန်လှူအသင်းအတွက် ကြိုးပမ်းနေစဉ်ဖြစ်သည်။ သွားရင်းလာရင်း စကားစမြည်ပြောဖြစ်သည်။ အသက်နှစ်ဆယ်ကျော်အရွယ် လူငယ်လေး၏ဘဝအကြောင်း မကောင်းလှသည်များသာ ဖြစ်၏။ သူသည် အသက်ငါးဆယ်အရွယ် မိခင်နှင့် အတူနေကာ ဆိုက်ကားနင်းကျွေးကြောင်း၊ အုံနာခအသုံးစရိတ်များနုတ်ပြီး နေ့စဉ် မိခင်ကို ရသမျှငွေအပ်နှံကြောင်း၊ ဆင်းရဲလှသည့် ရပ်ကွက်မှ လာရောက်အလုပ်လုပ်ပြီး အဘိုးထံမှရလိုက်သော အမွေ သိန်းနှစ်ဆယ်ကို မိခင်နှင့်မသက်ဆိုင်ဟု ယူဆသဖြင့် အဘိုးကို ပြန်ပေးခဲ့သည်ဟု ဆို၏။ စာရေးသူကလည်း စူးစမ်းမေးမြန်းဖြစ်သည်။

သူ၏ဖခင်သည် နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်ကြောင်း၊ သာမန်ရာထူးဖြစ်သော်လည်း ငွေကြေးလာဘ်ရွှင် ဌာနတွင်ရကောင်းဖြစ်သဖြင့် မိသားစုစားသောက်နေထိုင်ရေး အဆင်ပြေခဲ့ကြောင်း၊ သို့ရာတွင် အနေမလျော်မသင့်တော်သည့် နောက်ထပ်ဇနီးမယားယူခဲ့ကြောင်း၊ သို့ဖြင့် အိမ်ထောင်ရေးပြိုကွဲခဲ့ကြောင်း၊ မိခင်က သူ့ကို ရှာဖွေပြုစုခဲ့ကြောင်း၊ အရွယ်ရောက်လာချိန်တွင် မိခင်ကိုလုပ်ကျွေးရင်း မြောရုံကိစ္စ၊ မလွန်ဆန်လှူအသင်းကိစ္စများတွင် လုပ်အားပေးဒါနတတ်စွမ်းသမျှ ပါဝင်ကြောင်း၊ ပြုခဲ့သည့်ကုသိုလ်ကြောင့် နောက်ဘဝတွင် မိခင်နှင့်ဖခင်တို့ ပြန်လည်ပေါင်းစည်းကြစေလိုကြောင်း ပြောပြပေသည်။ စာရေးသူ အတော်ပင်ခံစားရမိ၏။ ထူးခြားသည့် ဆယ်ကျော်သက်လေး၏ ဆုတောင်းဖြစ်၏။ မသေချာသော်လည်း မှန်မြတ်မှုကို တွေ့ရ၏။ သာစုအကြိမ်ကြိမ်ခေါ်မိပေသည်။

ဗုဒ္ဓဘာသာဝင်များသည် ဘုရားလောင်း ဆန္ဒနှင့် ဆင်မင်းဇာတ်ကို ယဉ်ပါးကြသည်။ ကျောင်းသင်စာပေတွင် စလေဆရာဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ သရုပ်ဖော်လင်္

www.burmeseclassic.com

စွမ်းပြ အရေးအသားက ဂေ ကြားစေခဲ့၏။ ဆဒ္ဒန်ဆင်မင်း၊ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ ..ပါး၏ ချစ်ခြင်းမေတ္တာဇာတ်လမ်းဖြစ်၏။ သို့ရာတွင် အထင်မှားခဲ့သော စူဠသုဘဒ္ဒါဆင်မသည် ဆဒ္ဒန်ဆင်မင်းကို ကလဲ့စားချေရန် ပစ္စေကဗုဒ္ဓကို ကြာညွန့်ပန်း ဆက်ကပ်လှူဒါန်းကာ ဆုတောင်းခဲ့ပေ၏။ ဆုတောင်းသည့်အတိုင်း ရင်ကွဲနာကျသေဆုံးကာ မင်းမိဖုရားဖြစ်ခဲ့၏။ မိဖုရားဘဝတွင် ဘဝဟောင်းက ခင်ပွန်းကို လက်စားချေလိုသဖြင့် ဆင်မင်း၏အစွယ်ကိုရဖို့ မုဆိုးသောနုတ္တိုရ်ကို စေလွှတ်၏။ အစွယ်လည်းရခဲ့၏။ ဆုတောင်းလည်း ပြည့်ပါ၏။ သို့သော် မှားခဲ့သော ဆုတောင်းအတွက် ယူကျုံးမရဖြစ်ခဲ့ရလေသည်။

ဗုဒ္ဓဘာသာဝင်များ သာဓုခေါ်ဖို့ခက်ခဲသည့် ဆုတောင်းမျိုးဖြစ်၏။ **အမျှဝေလျှင် သာဓုခေါ်သည့် မြန်မာလူမျိုး**ဟု ကင်ပွန်းတပ်ကြပါသည်။ သို့သော် မှားယွင်းသော ဆုတောင်း၊ အာဃာတတရားလွှမ်းခြုံသော ဆုတောင်းသံကို ကောင်းချီးမပေးသင့်ဟုထင်၏။ လောကီရေး၌ သာဓကတစ်ခုပင် ရှိ၏။ လွတ်လပ်မှ အမျှဝေပါဟု ဆိုကြသည်။ လွတ်လပ်ပြီးအမျှဝေခဲ့သဖြင့် သာဓုအကြိမ်ကြိမ်ပင် ခေါ်ရမည်ဖြစ်လေသည်။

စာရေးသူတို့သည် မြန်မာစာပေ၏ အရင်းအမြစ်ဖြစ်သော ပုရပိုက်ကျောက်စာများစွာကို လေ့လာ၏။ ကျောက်စာတိုင်းလိုလိုသည် အလှူဒါနနှင့် ဆက်ပေ၏။ အလှူတစ်ခုခုအတွက် ရေးထိုးသူ၊ ရေးထိုးချိန်ကာလ၊ အကြောင်းအရာ၊ ရေးထိုးသည့် ရည်ရွယ်ချက် ပါဝင်လေ့ရှိ၏။ ထို့ပြင် ထူးခြားစွာ **ကျိန်စာနှင့် ဆုတောင်း** တွေ့ရပေသည်။ သူ၏ အလှူကို ဖျက်ဆီးပါက အပါယ်ငရဲကျခံစားရအောင် ပျစ်ပျစ်နှစ်နှစ်လိပ်ပတ်လည်လည် အားရအောင် ကျိန်စာတိုက်၏။ ဆုတောင်းမှုကို အသေအချာပြု၏။ ထင်ရှားသော ရာဇကုမာရ် ကျောက်စာကို ကြည့်ပါ။ ဘဒ္ဒကမ္ဘာတွင်ပွင့်မည့် အရိမေတ္တယျ ဘုရားကို မဖူးရပါစေနှင့်ဟု သူ့အလှူကို ဖျက်ဆီးသူကို ကျိန်စာတိုက်၏။ အလှူဒါနအတွက် နိဗ္ဗာန်ဆုကိုတောင်းပေသည်။ ကျောက်စာတိုင်းတွေ့ရသည့် ဓလေ့ဖြစ်ပါ၏။

စာရေးသူ တည်းဖြတ်ထုတ်ဝေခဲ့ဖူးသော စာမူတစ်ခုရှိ၏။ ဆရာမကြီး ရွှေဘိုမိမိကြီး၏ **ပေစာထုပ်ကျိုးပေါ်မှ ဆုတောင်းစာများ** ဟူ၍ ဖြစ်၏။ ပေစာပုရပိုက်ခေတ်တွင် အလှူရှင်တို့ မှတ်တမ်းတင်ကြသည်။ မှတ်တမ်းတင်ခြင်းနှင့် အတူ ပေစာကိုထုပ်သည့် ကြိုးပေါ်၌ ဆုတောင်းစာအမျိုးမျိုး မော်ကွန်းတင်ထား၏။ နောင်လာနောက်သားတို့ ပတ္တအနုမောဒနာ ပြုစရာဖြစ်လေသည်။ စာရေးသူ စိတ်ဝင်စားမိသည့် အကြောင်းရပ်တစ်ခု ရှိပေသည်။ လွန်ခဲ့သည့်နှစ်သုံးရာကျော်က နံရံဆေးပန်းချီလက်ရာများဟုဆိုသော အင်းဝခေတ် တိလောကဂုရုလိုဏ်ဂူအကြောင်း ဆက်စပ်တင်ပြပေးသော ဆရာကြီး ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၏ ရေးဖွဲ့မှုဖြစ်၏။ ထိုနေရာတွင် စေတီတစ်ဆူရှိပေသည်။ နောက်ကြောင်းသမိုင်းက စိတ်ဝင်စားဖွယ် ဖြစ်ရပေ၏။

တစ်ခါက ရဟန်းပျိုတစ်ပါးသည် ပျို့ရွယ်သောစိတ်၊ ငယ်ရွယ်သောစိတ်ဖြင့် ရဟန်းအဖြစ်မှ လူထွက်ချင်စိတ်ဖြစ်ပေါ်၏။ အကြိမ်ကြိမ်စဉ်းစားပြီးမှ လူထွက်ရန် ဆုံးဖြတ်၏။ လူမထွက်မီ နောက်ဆုံးအနေဖြင့် စေတီဘုရားကို ရှိခိုးရန် စီစဉ်၏။ ယင်းအချိန်တွင် တစ်ဖက်က မိန်းမပျိုတစ်ဦး၏ ဆုတောင်းသံကို ကြားရပေသည်။ ယခုကဲ့သို့ ဆွမ်း၊ ရေချမ်းဖြင့် ပူဇော်သက္ကာယပြုသဖြင့် ဆင်းရဲနှင့် ငရဲ ကင်းဝေးရပါစေလို၏။ ထို့ပြင် ဖြစ်လေရာဘဝတွင် ရဟန်းလူထွက်မယားမဖြစ်ပါရစေနှင့်ဟု ဆုတောင်းသံဖြစ်ပေသည်။ ထိုအသံကြားသည်နှင့် လူထွက်မည့်ဆဲဆဲ ရဟန်းပျို စိတ်ပြောင်းသွား၏။ အသုံးမကျလှသည့် ဘုန်းကြီးလူထွက်က အထင်သေးစရာဖြစ်ကြောင်း အတွေးဝင်လာသည်။ ထို့ကြောင့် ရဟန်းအဖြစ်ဆက်လက်သီတင်းသုံးရင်း စာပေလိုက်စား၏။ ပေါက်မြောက်ကျော်ကြားကာ အမိုးအကာ သင့်တင့်ရုံ အဆောက်အအုံဖြင့် ရဟန်းတော်များကို စာဝါချ၏။ ထိုအခြေအနေကို သာလွန်မင်းတရားကြီး တိုင်းခန်းလှည့်ရင်း သိမြင်သဖြင့် သာသနိကအဆောက်အအုံ ဆောက်လုပ်လှူဒါန်းကာ ဘွဲ့မည်ရည် ဆက်ကပ်၏။ စာပေသမိုင်းနှင့် သာသနာသမိုင်းတွင် ကျော်ကြားသေသည်။ ဆုတောင်းသံတစ်ခု အမှတ်မထင် ကြားရသည်မှ အကျိုးထူးရခြင်းဖြစ်လေသည်။


ရုပ်ရှာထဲ နေ့စဉ်နှင့်အမျှ ကြားရသည့်ဆုတောင်းတွေက အကျိုးပွားစေသင့်၏။ ဆုတောင်းမမှားသင့်။ ဗုဒ္ဓဘာသာ၏ အနှစ်သာရ လင်းလက်ဖြာသော ချမ်းမြေ့ပျော်ရွှင် သာဓုခေါ်ရမည့် ဆုတောင်းပတ္တနာ ပဓာနကျမှုကို သတိပြုသင့်ပေသည်။

ညွန့်ဟံ(ကြူးတာ)



www.burmeseclassic.com

www.burmeseclassic.com



■ နတ်ထီးလှိုင်

# ဘုရားဖူးသွားခြင်းအကျိုး

ဘုရားဖူးသွားခြင်းများ ခေတ်စားနေပါ၏။ ပြည်တွင်းဘုရားဖူး၊ ပြည်ပဘုရားဖူးဟူ၍ ခရီးစဉ်မျိုးစုံ ရှိနေပါသည်။ ဘုရားဖူးခရီးစဉ် ကြီးကြပ်ပေးသောအဖွဲ့များလည်း အစီအရီပင်။ ပန်းဆိုးတန်း(အထက်)လမ်းမကြီးဘေးတွင် ဗီနိုင်း ဆိုင်းဘုတ်မျိုးစုံနှင့်(အေဂျင်စီ)မျိုးစုံ တွေ့နိုင်ပါ၏။

ဘုရားဖူးသွားခြင်းကို မြတ်စွာဘုရား သက်တော်ထင်ရှားကပင် ရဟန်းတော်များ ဝါကျွတ်တိုင်း စတင်လေ့ရှိခဲ့ပါသည်။ ယခု ဘုရားဖူးသွားကြသူများမှာ ဥပါသကာ၊ ဥပါသကီ (လူဒါယကာ/မ)များသာ ဦးဆောင်နေကြပါ၏။ အချို့ တရားဟောဆရာတော်များကလည်း ခန္ဓာကိုယ်ထဲက တရားကို ရှာပြီး ဘုရားဖူးကြရန် ဟောတတ်၏။ အချို့ကလည်း ပရိနိဗ္ဗာန်စံပြီး ဘုရားရှင်နှင်က သက်တော်ထင်ရှားဘုရားကို ထပ်တူပြုအာရုံယူတတ်လျှင် ကောင်းကျိုးအတူတူဟု မိန့်ကြသည်။

ဘုရားဖူးသွားခြင်းသည် ခရီးထွက်ခြင်းပင်။ ဒေသန္တရဗဟုသုတနှင့် မိတ်ဆွေများ တိုးပွားစေပါသည်။ စာရေးသူ၏ ဘုရားဖူးခရီးစဉ်အချို့ကို ရေးပြသွားပါမည်။

ကျေးဖူးတော်ရှင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးက သူ့အတွင်းနေဓာတ်ရင်းဝင် တပည့်များကို ဘုရားဖူးဟု မသုံးစေဘဲ ဂန္ဓာရီအထွက်စခန်းစဉ်ဟု သုံးစေပါသည်။ ထိုသို့ လွှတ်ခါနီးတိုင်း ငွေကြေးခရီးစရိတ် မပေးပါ။ သူ့ထက်သာမည် ထင်သည့် ဆရာ၊ သူ့နေရာထက်ကောင်းမည်ထင်သည့် နေရာတွင် တပည့်ခံပြီး နေထိုင်လိုက်ပါ။ ပြန်လာခွင့်တောင်းစရာပင် မလိုကြောင်း မိန့်ကြားဩဝါဒပေးလေ့ရှိပါ၏။ ၉ ရက်၊ ၁၅ ရက်၊ ၁၈ ရက်၊ ၂၇ ရက်၊ ၃၆ ရက်၊ ၁၀၈ ရက်ထိ နဝင်း ကိုက်လွှတ်လေ့ရှိ၏။

စာရေးသူလည်း ရှင်သာမဏေဝတ်နှင့်ပင် သွားခဲ့ဖူးပါ၏။ လွန်ခဲ့သော ၂၇ နှစ်ခန့်က ဖြစ်သည်။ ကျိုက်ထီးရိုးဆံတော်ရှင်သို့ ခြေလျင်သွားဖူးစေသည်။ မြစိမ်း၊ ရသေ့တောင်၊ စွန်တောင်တန်းအတိုင်း ကုန်းကြောင်းဆင်းခဲ့ဖူးသည်။ ကျိုက်ထိုမှ မြသပိတ်တောင်၊ ဝင်းက၊ ကျောက်လုံးကြီးရွာထိ ကွင်းလမ်းအတိုင်းလျှောက်ခဲ့ပါသည်။

မြသပိတ်ဆံတော်ရှင် စေတီတော်ကြီး ပြိုကျနေသည်ကို ပြန်လည်ပြုပြင် တည်ဆောက်ရေး ကုသိုလ်များ။ ပဋ္ဌာန်းပူဇော်ခြင်းများ ရယူခဲ့ပါသည်။ ယင်းမှ ကျိုက္ခမီသို့ ဆက်စေပြန်သည်။ ဝင်ခဲ့သောနေရာများကို ဘာပစ္စည်းကျန်ကျန် ပြန်ဝင်မယူစေဘဲ ရှေ့သို့သာ ဆက်စေပါသည်။

နိဗ္ဗာန်ခရီးကို ပလိဗောဓ(ကြောင့်ကြ၊ တောင့်တမှု)များကို လျှော့ချသွားစေခြင်းပါ။ ရောက်လေရာရာ မေတ္တာပို့အမျှဝေပါ။ ပွားများအားထုတ်ရမှာ အရပ်နဝင်း ဂုဏ်တော်ပုတီးနှင့် ကမ္မဋ္ဌာန်းဘာဝနာ။ အရာရာမမေ့သ ဘာ ဓမ္မ၊ ဒါသစရိယာဆရာဟုလည်း နှုတ်တိုက်သင်ကြားပေးလိုက်ပါသည်။

လမ်းလျှောက်နေသည်ကိုမြင်သော ကားဆရာအချို့က ခေါ်တင်၍ ခရီးကြုံလိုက်ခဲ့ရသည်များပါသည်။ ဆွမ်း၊ ကွမ်း၊ နဝကမ္မအတွက် လှူလိုက်သူများလည်း မရှားပါ။ ကျိုက္ခမီ ဆင်ပုန်းတောရသို့ နှစ်ညအိပ်ဝင်ခဲ့စဉ်က ဆွမ်းခံလိုက်ကြည့်သေး၏။ ထူးခြားမှုအချို့မှာ ငါးသုံးလီ ဒကာ/မ အချို့ အိပ်မက်ရပြီး လာကြိုကြခြင်းပါ။ စေတီစောင့်နတ်နှင့် ကမ္မဇိဒ္ဓိနတ်အချို့၏ တိုက်တွန်းမှုကြောင့်ဟု ထင်ပါသည်။

ထူးဆန်းသော ဂမုန်းပင်အချို့ ပုတီးစိပ်၊ ဆင်းတုတော်၊ ရဟန္တာပုံတော်ရှေးဟောင်းပစ္စည်းအချို့ကိုလည်း ဆရာတော်ကြီးထံ ကပ်လှူပေးရန် လှူကြုံပါးခြင်းများလည်း ရှိပါ



www.burmeseclassic.com

www.burmeseclassic.com

သေးသည်။ ဆရာတော်ကြီးက ထိုထူးဆန်းပစ္စည်းများကို မြသပိတ်ဆံတော်စေတီ ဌာပနာခန်းနှင့် ကံကော်ကျောင်းတိုက်၊ ကန်တော်မင်္ဂလာကျောင်းတော်များတွင် သေချာထားရှိပါ၏။

သုံးနှစ်ခန့်ကြာပြီးနောက် ငွဲကပင်ဆံတော်ဖူး လွှတ်ခဲ့သေး၏။ နောက်ကိုးနှစ်ခန့်တွင် ပြည့်ဝင်ပြည့်ထွက်ဟုဆိုကာ ရွှေဆံတော်(ပြည်မြို့)သို့ လွှတ်ပါ၏။ ရွှေဆံတော်စေတီ ဘိုးဘိုးအောင်တိုက်ရှေ့တွင် တစ်ညတာ သမထ၊ ဘာဝနာ အလုပ်လုပ်ပြီး ပြန်ခဲ့ကြပါသည်။ ၎င်းဘုရားဖူးကုသိုလ်အားများဖြင့် သုဝဏ္ဏဘူမိ ဆံတော်ရှင်စေတီယ သာသနာတော်ကြီးကို ပြုစုပျိုးထောင်လာခဲ့ပါသည်။

အင်းဝမြို့ဟောင်းရှိ "လောကဒုသသမာန်အောင်" စေတီတော် ထီးတော်တင်ပွဲသို့လည်း ဆရာတော် မကြွဘဲ လွှတ်လိုက်ပါသေးသည်။ ဆရာတော်ကြီးက သူကိုယ်တိုင် ပန္နက်ရိုက် စတင်ပြုပြင်ရသော စေတီများကိုသာ ထီးတော်ကိုယ်တိုင်တင်လှူရန် အဓိဋ္ဌာန်ရှိပါသည်။

အင်းဝမြို့ဟောင်း(တံတားဦး)မှ မိုးညှင်းသမ္ဗုဒ္ဓေဖူး၊ စစ်ကိုင်း ဆွမ်းဦးပုညရှင်၊ ကောင်းမှုတော်စေတီများ ဖူးမြော်ခဲ့ပါ၏။ ငါးရုံမင်းတောင်၊ မန္တလေးတောင်၊ ချမ်းသာကြီး၊ ချမ်းသာရ၊ ရွှေကျီးမြင်၊ မဟာမြတ်မုနိဘုရားများဖူးပြီး ပုပ္ပားသို့ ဆက်ခဲ့သည်။ ည ၇ နာရီခန့် ပုပ္ပားတောင်ကလပ်ရောက်ခဲ့၏။ နာရီဝက်ခန့်သာ ဖူးမြော်ပြီး ပုဂံသို့ ဆက်ခဲ့သည်။ ဗူးဘုရားတွင် ညကျိန်းခဲ့သည်။ ပုဂံရွှေစည်းခုံ၊ အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီးများ ဖူးမြော်ခဲ့သည်။

ကားမောင်းလိုက်ပို့ပေးသော (ဘားအံ)ကိုဖေစန်းနှင့် (အုန်းန)ကိုလင်းတို့အားလည်း ကျေးဇူးတင်ပါသည်။ ယင်းမှ ရွှေနတ်တောင်တွင် ညကျိန်းပြီးမှ ပြည်ရွှေဆံတော်ဝင်ဖူးပြီး ဌာနချုပ်သို့ ပြန်ခဲ့ပါ၏။ ဆရာတော်တို့ ဖာပွန်ရွှေဆံတော်၊ ရွှေအံတော်စေတီများ ထီးတော်တင်ပွဲ ကြွရောက်ရန် ရှိသောကြောင့်ပါ။ လွန်ခဲ့သော နှစ်နှစ်ကလည်း စကျင်ကျောက်စာတော်များ ပင့်ဆောင်ရင်း ကျောက်ကာ(ရွှေဂူနီဘုရား)ထိ ရောက်ခဲ့၏။ ဗောဓိတစ်ထောင်နှင့် ကံတလူသို့လည်း အပြန်ဝင်ခဲ့ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၃ ကလည်း မော်တင်စွန်းဘုရားဖူးခဲ့ပါသည်။ ကားလမ်းပေါက်နေ၍ ရာသီမရွေး ပုသိမ်မှ သွားရောက်နိုင်ပါပြီ။ သို့သော် လိုင်းကားနှစ်စီးသာ ရှိသေးပြီး အခဆင်မသင့်၍ ရုပ်ပြေးရေယာဉ်ဖြင့် သွားဖူးပါသည်။ ပုသိမ်မှ ည ၈ နာရီထွက်ပြီး နံနက် ၄ နာရီခန့်တွင် ရောက်ထား ဆိုင်ကယ်ငှားရန် မိုးလင်းအောင် စောင့်ရသည်။ ခမောင်း မော်သို့ တံတားဆောက်ပြီးနေသော်လည်း ချဉ်းကပ်လမ်းမှာ ခင်းနေဆဲဖြစ်သည်။

မော်တင်စွန်းဆံတော်ရှင်စေတီကို နှစ် ၃၀ ကျော်မှ ပြန်လည်ဖူးမြော်ရခြင်းပါ။ မှန်စီသင်္ကန်းမဟုတ်တော့ပါ အင်္ဂတေသင်္ကန်းပေါ်တွင် ရွှေဆေးသင်္ကန်း ကပ်ထား လေဒဏ်ကြောင့် မဏ္ဍိုင်စောင်းနေသည်ကို ပြုပြင်ရန် ငြမ်း ဆင်ထား၏။ စေတီရင်ပြင်တွင် ဘုရားဖူးဝတ်ပြုခြင်း၊ သမထ ဘာဝနာ၊ မေတ္တာဘာဝနာ ပွားများပြီးသော် ဂေါပကရုံး ဓမ္မာရုံ သို့ အလှူငွေသွားလှူ၏။

တပေါင်းလ မော်တင်စွန်းဘုရားပွဲတော်အကြောင်း ကောင်းစွာသိလိုက်ရ၏။ ပွဲတော်ဖြစ်မြောက်ရေးကို ခရိုင် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်၊ ရပ်ကျေးအဆင့်ဆင့် စီမံကွပ်ကဲ ကြောင်း။ ပွဲတော်ကြီး အလှူငွေစာရင်းသာ ဂေါပကအဖွဲ့များ သိရကြောင်း။ ဘဏ်တွင် သိန်း ၁၂၀ ခန့် စာရင်းရှိကြောင်း၊ ယခု ငြမ်းဆင်ခကို ဂေါပကအဖွဲ့က စိုက်ပေးထားရကြောင်း၊ စာရေးတစ်ဦးခန့်ထားကြောင်း သိရ၏။

စာရေး ရေးပေးသော စာရင်းမှာ -

ဂေါပက အလှူခံရငွေများထဲမှ မြတ်မော်တင် ဆံတော်ရှင်တောင်တော် ဘုရားဖူးများ အလွယ်တကူ သန့်စင် ခန်းဝင်နိုင်ရန်အတွက် အိမ်သာ လေးခန်းတွဲအတွက် ကုန်ကျ ငွေ ၁၂ သိန်း (တစ်ဆယ့်နှစ်သိန်း)ကျပ်၊ ဘုရားနယ်မြေ တိုးချဲ့ရန် မြေကွက်ဝယ် ၁၂ သိန်း (တစ်ဆယ့်နှစ်သိန်း)ကျပ် ထီးတော်တက်ကြည့်ရန် ငြမ်းဆင်ခပေး ၇၃၈,၅၀၀ (ခုနှစ် သိန်းသုံးသောင်းရှစ်ထောင့်ငါးရာ)ကျပ်။

မြတ်မော်တင်ဆံတော်ရှင်စေတီကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတက နေ့ဆွမ်းပင့်ကပ်၍လည်း ဘုဉ်းပေးခဲ့ရပါ၏ သက္ကာတော် ၂၆ ဝါရ လင်္ကာပေသလ ဆရာတော်တစ်ပါးပါ

ဆိုင်ကယ်တက္ကစီကို အသွားအပြန်၊ ရုပ်ပြေးသင်္ဘော လက်မှတ် အသွားအပြန်ဖြင့် ပုသိမ် မော်တင်စွန်းဘုရား အကျိုးကား စိတ်ထားတတ်လျှင် မြတ်သည်ဟူ၍သာ ■


■နတ်ထီးလှိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးတော်ဖြူ၏ လက်တွေ့ကျောက်အမြုတေ



ပုသိမ်မင်းလွင်

၁၃၇၆ ခု၊ တပို့တွဲလပြည့်နေ့ နံနက်ခင်းအချိန်၌ ငပုတောမြို့နယ်ခွဲ၊ ဟိုင်းကြီးကျွန်း ကျောက်ချောင်းသံကြိုး လမ်းကျေးရွာရှိ ခမောက်မော်ဆိပ်ကမ်း ဆောက်လုပ်ပြီးစီးလုပြီဖြစ်သော တံတား သစ်ကြီးမှ မြတ်မော်တင်ဆံတော်ရှင် တည်ရှိရာ မိုင်တိုင်အမှတ်(၂-၃)ရှိ ရွာ၏အနောက်ဘက် ထန်းတောညိုညို ပြာရီဝိုးတဝါး နံနက်စောစော နှင်းမှုန် များကြား ဇေယျာသိဒ္ဓိတောင်ကုန်းပေါ်မှ မင်္ဂလာအပေါင်းနှင့် ခညောင်းလှစွာ သော အသံချဲ့စက်သံနှင့် ဂေါပက သာသနာ့အကျိုးဆောင်များ၏ နိဗ္ဗာန် အကျိုးမျှော်ကိုးနှိုးဆော်သံများနှင့်အတူ အိုးစည်၊ ဒိုးပတ်သံတို့သည်လည်း ရွာ ဦးထိပ်ဖျား ကိုးမြို့ရှင်နတ်ကွန်းရှိရာ မလေးရှားပိတောက်ပင်ကြီးနှင့် မကြာ သေးမီကာလမှ ရွာဦးရှိ "မင်္ဂလာပါ ကြိုဆိုပါ၏"ဟူသော မြို့ရွာ၏ ကျက် သရေဆောင် ဆိုင်းဘုတ်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအကျိုး ဆောင် လူကြီးများ၊ ရပ်မိရပ်ဖများနှင့် လူငယ်များ အားလုံးပါဝင်ကြလျက် အားတက်သရော စိတ်ရောကိုယ်ပါ ပါဝင်လုပ်အားပေးခဲ့ကြသလို အောင် သိဒ္ဓိစေတီတော်မြတ်ကြီးအား တည် ထားကိုးကွယ်ပူဇော်မည် ဖြစ်သော တောင်ကုန်းအလှူရှင် ဦးမောင်ဆင် အော။ ဦးသန်းကြွယ်နှင့် ဒေါ်ခင် စောဝင်း။ သားသမီးမြေးများဖြစ်သော ကိုတေဇာ၊ ကိုမောင်တူး မိသားစုတို့ ကပါ အားပါးတရ ဝမ်းပန်းတသာ လိုက်လံပျူငှာ ညီညွတ်ခြင်း၏ အားကို ပြလျက် ရေတွင်းရေကန်များ တူးဖော် ကြရန် ပုသိမ်မြို့မှ ဘဒ္ဒန္တနန္ဒိယ ဦး ဆောင်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ သာသနာ့ဓဇ၊ ဓမ္မာစရိယ အမျိုးသား ပထမကျော် ကမ္မဋ္ဌာနာစရိယ ဂျပန် ပြည်မှအပြန်ကြုံကြိုက်နေပြီး ကုသိုလ် လုပ်အားပေး ရှင်းလင်းနိုင်ကြရန်အလို့ ငှာ နိဗ္ဗာန်ဆော်များ နှိုးဆော်လိုက် သည်ဆိုလျှင် အမျိုးသား၊ အမျိုးသမီး ကြီး/ငယ်မဟူ စုစုရုံးရုံး ရောက်ရှိလာ ကြပြီး အကျွေးအမွေး၊ အလှူဒါနရှင် များ၊ ရွာဦးရှိ စရပ်နေရာ၌ တွေ့လိုက် ကြရသည်။ မနက်စောစော နှင်းမှုန် များကြား အသံချဲ့စက်ဆရာ ကိုဇော် ကြီးကလည်း ရေတွင်းပေါင်း ရှစ်သောင်း လေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်း လေးထောင် စသည့် အလှူရှင်များ စေတနာသဒ္ဓါ ဖိတ်ယိုမည့် ... ဒသီချင်း တစ်ပုဒ်နှင့် ထပ်တူ မြန်မာပြည်သိန်း ဝ.န်၏ တို့ရွာလေး ပြောင်းလဲနေပါပြီ ဟူသော တေးသံကား ပျံ့လွင့်လျက် ရှိနေပါတော့သည်။

ထိုအခါ၌ ကျောက်တုံးကျောက် ဆောင်ကြီးများနှင့် ကာဆီးလျက်ရှိနေ သော စမ်းချောင်း၏ တစ်ဖက်တွင် စစ်ပင်ကြီးနှင့် ထန်းပင်နှစ်ပင် ပေါက် လျက် အုပ်ဆိုင်းပြီး လုပ်အားပေး ရောက်လာကြသော လူငယ်များ တောင် ပေါ်သို့တက်ရန် အရောက်တွင် အဆို ပါ စမ်းချောင်းရှိ ကျောက်တုံးကြီးပေါ်၌ တင်ပျဉ်ခွေထိုင် ယောဂီအကျီလက် ရှည်၊ သျှောင်တစောင်းနှင့် ရှာန်ဝင်နေ သော ပုဂ္ဂိုလ်ကို ထူးထူးကဲကဲမြင်တွေ့ လိုက်ကြရတော့ ဦးခိုက်ပြီး ဖိုးကုလား လေးနှင့် ကိုမြင့်နိုင်တို့မှ ါလာသော မုန့်များ၊ အချိုရည်ဘူးများ သွားရောက် လှူဒါန်းလိုက်သည်ဆိုလျှင် သူ၏ရှေ့ တည့်တည့်၌ နက်မှောင်နေသော သပိတ်တစ်လုံးချထားပြီး ၎င်းသပိတ် ပေါ်ရှိ ပစ္စည်းလေးတစ်ခုအား လုပ် အားပေးရန်ပါလာသော မောင်ရန်အေး အား လှမ်းပြီးပေးလိုက်ကာ မင်းတို့ အားလုံး ကျန်းမာချမ်းသာ ဘေးဘယာ ကင်းဝေးပြီး အခုလှူဒါန်းလိုက်ကြရ သည့် အလှူပွဲတော်ကြီးသည်လည်း တစ်ချိန်တစ်ခါတွင် ထူးတူးခြားခြား



www.burmeseclassic.com

www.burmeseclassic.com

စည်ကားသိုက်မြိုက်ပြီး အန္တရာယ်ကင်းဘေးကင်းရန်ကွာ ဖြစ်ကြပြီး ရွာသူရွာသား၊ နယ်သူနယ်သားများပါမကျန် ကောင်းမှုကုသိုလ်၏ ကျေးဇူးကြောင့် ထူးကဲသော ဂုဏ်ကျေးဇူးများ ရကြပါလိမ့်မည်။ ငါကလည်း တခြားလူမဟုတ်၊ အထက်ဆရာကြီးများနှင့် တစ်ချိန်က နေခဲ့ဖူးသော ဝိဇ္ဇာဇော်ဂျီ၊ တပသီတို့နှင့် သိုက်နန်းရှင်များကပါ ကူညီစောင့်ရှောက်ပေးဖို့ ငါ့ကိုတာဝန်ပေးလိုက်လို့ လာရခြင်းဖြစ်တယ်။ ငါသည် အဘဘိုးမင်းခေါင်နှင့်အတူ ထွက်ရပ်ပေါက်ခဲ့သော "အဘဘိုးတော်ဖြူ"ဖြစ်ကြောင်း။ မင်းတို့အားလုံးအတွက်လည်း လိုအပ်လျှင်သုံးနိုင်ရန် ကျောက်အမြုတေ ဩဇာသီးဓာတ်လုံးဖြစ်ကြောင်း၊ ရိုရိုသေသေ၊ စိတ်ချလက်ချ၊ ယုံယုံကြည်ကြည်သုံးက လိုတရပစ္စည်းဖြစ်တယ်။ ဘိုးတော်၊ မယ်တော်၊ ဘောစောင့်နတ်၊ တောင်စောင့်နတ်၊ စတုမဟာရာဇ်နတ်မင်းကြီးများ၊ သိုက်နန်းရှင် တစ်ချိန်က ဖြစ်ခဲ့သော ဒီပါရုံအဆက် မြတ်မော်တင်ဆံတော်ရှင် ဘုရားကြီးတောင်နှင့် တစ်ဆက်တည်းဖြစ်နေခဲ့သော မြန်နန်းရှင်သိုက်၏နွယ်ဖွားဖြစ်သော ဒီပုတတ်စာအမည်မှည့်ခေါ် ဇေယျာသိဒ္ဓိတောင်ကုန်းအား ပြီးမြောက်အောင်မြင်သည်အထိ စောင့်ရှောက်ဖို့ လွှတ်လိုက်ကြောင်း ပြောပြပြီး အဆိုပါ ကျောက်အမြုတေ ပေါက်ပေါက်ပွင့်သဏ္ဌာန်ဩဇာသီးအလုံးကြီးခန့်အရွယ်ရှိပြီး အခက်အခဲဟူသရွေ့ရှိပါက ၎င်းကိုရေဆေးပြီး လိုရာဆုတောင်း၊ ဆန္ဒအားလုံး ပြီးပြည့်စုံလိမ့်မည်ဖြစ်ကြောင်း ပြောပြီး လက်ထဲသို့ပေးလိုက်သည်။

အားလုံးကလည်း သူပြောသည့် စကားသံများကို နားစွင့်နေရာမှ ရှိခိုးဦးခိုက်ပြီး မျက်လုံးများမိတ်လျက်ပြီးသား ဖြစ်သွားရာမှ ပြန်အဖွင့်လိုက်တွင် လုံးဝ လုံးဝ ရှာမတွေ့လိုက်ကြရတော့ဘဲ ကိုအုန်းကြည်လေး၏ လက်ထဲ၌ကား အဆိုပါ အမြုတေ ကျောက်တုံးလေးကား ကိုင်လျက်သား။ သူပြောသောစကားများထဲမှ မှတ်မိလိုက်သည်မှာ မင်းတို့အခက်အခဲရှိခဲ့ရင် လိုရာတွင် သုံးဟူသော စကားဖြစ်ပါတော့သည်။

သို့နှင့် တောင်အောက်သို့ ပြန်ဆင်းလာခဲ့ရာ ခဏအကြာတွင် လုပ်အားလာပေးသည့် မသန်းမြင့်ဆိုသူ အမျိုးသမီးမှာ အောင့်လို့၊ အောင့်လို့ ဆိုပြီး ထူမရ၊ ထမရ ဖြစ်နေချိန် ဆေးဝါးကလည်း အလွယ်တကူ ရှာမရဖြစ်နေ၍ ကိုအုန်းကြည်လေး၏ လက်ထဲမှ ကျောက်အမြုတေ ဩဇာသီးပေါက်ပေါက်ပွင့်အလုံးလေးအား ဖလားထဲ ရေစိမ်၍ ကပ္ပာကယာပင် ဂေါပကလူကြီးဖြစ်သော ဦးအောင်ထွန်းသိန်းမှ ရောဂါခံစားနေရသော ဝေဒနာသည်အား အဘဘိုးတော်၏ ဆေးဖြစ်၍ လက်တွေ့ပျောက်ကင်းပါစေသားဟု ဆိုပြီး ရေစိမ်တိုက်လိုက်ရာ မိမွေးတိုင်း၊ ဖမွေးတိုင်း အကောင်းပကတိ ဖြစ်သွားသည်။ အားလုံးကလည်း အံ့သြသွားကြကာ ဆရာကြီး ဦးမောင်ဆန်းရွှေအား ထိုအမြုတေကျောက်တုံးလေးကိုလှမ်းပေးပြီး ဆေးဝါးအဖြစ် အောင့်ကျပ်၊ မျက်စိတိမ်သလ္လာစွဲသူများ၊ မိန်းမ မီးမဖွားနိုင်သူများ၊ အစိမ်းသရဲကပ်သူများ အားလုံးကို ရေစိမ်ပြီး ထိုရာဆုတောင်း၍ တိုက်ကျွေးပက်ဖျန်းလိုက်ပါက ကောင်းမွန်သွားကြောင်း လက်တွေ့အသုံးချနေကြောင်း။ အခကြေးငွေမယူဘဲ ယုံယုံကြည်ကြည် လေးလေးစားစားနှင့် ကုသခံယူနေကြကြောင်း။ အုတ်အော်သောင်းတင်း ဟိုးလေးတကျော်ကျော် ထင်ရှားစွာဖြင့် လူအများကုသခံယူနေကြကြောင်း မဂ္ဂဇင်းမှတစ်ဆင့် လူအများ သိရှိရလေအောင် နှိုးဆော်ရေးသားလိုက်ရပါကြောင်း။

ဆေးဝါးများ ကုသခံယူလိုပြီး လိုအင်ဆန္ဒအဝဝအတွက် အဓိဋ္ဌာန်ပြုအောင်ဆုယူနိုင်ကြဖို့ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်ခွဲ၊ ဟိုင်းကြီးကျွန်းတံတားကြီးမှ ဖြတ်ကျော်၍ မြတ်မော်တင်ဆံတော်ရှင်တည်ရှိရာသွားသည့် ကားလမ်းမိုင်တိုင်အမှတ်(၂-၃)အနီး ဆုတောင်းပြည့်စေတီတည်ထားပူဇော်ခံမည့် ဇေယျာသိဒ္ဓိတောင်ပေါ်ရှိ ဂေါပကလူကြီးများ၊ သာသနာ့အကျိုးဆောင်လူကြီးမင်းများတို့ထံသို့ ဆက်သွယ်၍ ဗီဇိတဒါန ခံယူနိုင်ကြရန်နှင့် စေတီတော်ကြီးအားလည်း တတ်နိုင်သလို အုတ်၊ သဲ၊ ဘိလပ်မြေ၊ ငွေကြေးစသည်တို့အား လှူဒါန်းလိုပါကလည်း သံကြိုးလမ်း၊ ကျောက်ချောင်း မမ္မဝိဇရာမကျောင်းတိုက် ဆရာတော်ဦးဉာဏိန္ဒရထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်ကိုး၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပုသိမ်မင်းလွင်

www.burmeseclassic.com



# ထူးဆန်းစွာ ကြွလာတော် မူသော ဗုဒ္ဓ ရုပ်ပွားတော်

အချိန်သည်ကား လွန်ခဲ့သော ၃၂ နှစ်တာ တာလကပင် ဖြစ်ပါသည်။ စာရေးသူ၏ ဖခင်ကြီးသည် စနေနေ့ ညနေတိုင်း ရွှေတိဂုံဘုရားသို့ ရပ်ကွက်တွင်းရှိ ခမ္မမိတ်ဆွေများ၊ လူငယ်ကလေးများနှင့်အတူ ဘုရားဝတ်ပြုရန် သွားလေ့ရှိပါသည်။ ရပ်ကွက်ရှိ ဓမ္မမိတ်ဆွေများကလည်း အလှူည့်ကျစီ ဆွမ်းဟင်းများ၊ သစ်သီးများ လှူဒါန်းကြပါသည်။

ည ၉း၀၀ နာရီမှစ၍ ဘုရားဝတ်တက်ကြပြီး ည ၁၂း၀၀ နာရီအချိန်တွင် ညစာစားသောက်ပြီး တရားထိုင်သူထိုင်၊ ပုတီးစိပ်သူစိပ်၊ တရားဆွေးနွေးသူ တချို့က

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)



www.burmeseclassic.com

www.burmeseclassic.com

လည်း ဘာသာရေးတရားများ ဆွေးနွေးကြသလို လူငယ်တချို့ကလည်း ကျားထိုးကြပေသည်။ ထို့နောက် ခေတ္တမျှ အိပ်ကြပြီးနောက် နံနက် အရုဏ်တက်ချိန် ၄း၃၀ နာရီ အချိန်တွင် ပြန်လည်ထကြပြီး ဘုရားရှင်အား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းပြုလုပ်၍ ဘုရားဝတ်တက်ကြပါသည်။ နံနက် ၆း၃၀ နာရီအချိန်တွင် ဘုရားပေါ်မှ ဆင်းပြီး ကန်ပတ်လမ်းအတိုင်း လမ်းလျှောက်၍ အိမ်ပြန်လေ့ရှိပါသည်။

ဝတ်အဖွဲ့မှာ စနေ အရုဏ်ဝတ်အဖွဲ့ဖြစ်၍ တောင်ဘက်မုခ်နှင့် ရခိုင်တန်ဆောင်းနှင့် ဘောချင်းကပ်တန်ဆောင်း ဖြစ်ပါသည်။ ထိုစဉ်က ည ၁၀း၀၀ နာရီမှ ၄း၀၀ နာရီအတွင်း မည်သူမျှ ဘုရားပေါ်မတက်ရဘဲ ဘုရားတံခါး ပိတ်ထားလေ့ရှိပါသည်။

တစ်ညတွင် စာရေးသူ၏ ဖခင်ကြီးသည် ကြာသပတေးထောင့်၌ ပုတီးစိပ်နေပါသည်။ ဖခင်ကြီးနှင့် ရင်းနှီးသော ဘုရားပုလိပ်နှစ်ဦးလည်း ဖခင်ကြီး ပုတီးစိပ်နေသည့် နောက်ဘက်တွင် ကျားထိုးနေကြပါသည်။

ဖခင်ကြီး ပုတီးစိပ်ပြီးချိန်တွင် ဘေးမှ ခြေသံလိုလိုကြား၍ စောင်းငဲ့၍ကြည့်လိုက်ရာ ယောဂီဝတ် ရသေ့တစ်ပါးအား ရပ်နေသောအနေအထားဖြင့် တွေ့လိုက်ရပါသည်။ ယောဂီရောင်လုံချည်၏ အောက်နား၌ ဖြူဖွေးနူးညံ့သော ခြေဖဝါးတစ်စုံကို တွေ့မြင်လိုက်ရပါသည်။

"ဒကာကြီး . . . ပုတီးစိပ်တာ၊ တရားထိုင်တာ လောကီအတွက်လား၊ လောကုတ္တရာအတွက်လား"

ဟု မေးလိုက်ရာ ဖခင်ကြီးက –

"လောကုတ္တရာအတွက်ပါ ဘုရား"

ဟု တစ်ခွန်းတည်းသောစကားကို ပြန်ဖြေ၍ မျက်စိပြန်မှိတ်ကာ သတ္တဝါအပေါင်းကို မေတ္တာပို့ အမျှပေးဝေသည်။ ထို့နောက် မျက်စိဖွင့်၍ ဘေးသို့ လှည့်ကြည့်လိုက်ရာ ရသေ့မှာ မရှိတော့ပါ၍ နောက်နားတွင် ကျားထိုးနေသော ဘုရားပုလိပ်နှစ်ဦးအား မေးကြည့်ရာ မည်သူတစ်ဦးတစ်ယောက်မျှ အနားသို့မလာကြောင်း ပြန်ဖြေလိုက်ပါသည်။

သို့နှင့် ဖခင်ကြီးသည် ဘုရားပုလိပ်နှစ်ဦးအား အကျိုးအကြောင်းပြောပြပြီး ၎င်းတို့နှင့်အတူ ဘုရားကြိုဘုရားကြား ရှာပါသော်လည်း မတွေ့ရတော့ပါ၍ နံနက် အရုဏ်ဝတ်ပြု ကိစ္စများပြီးနောက် အိမ်သို့ ပြန်လာခဲ့ပါသည်။

အိမ်သို့ရောက်သော် အိမ်သားများအား ပြန်လည်ပြောပြပြီးနောက် မေ့မေ့လျော့လျော့ နေခဲ့ပါသည်။

ဤသို့ဖြင့်နေထိုင်လာခဲ့ရာ တစ်နေ့တွင် ဖခင်ကြီးနှင့် ညီအစ်ကိုတမျှ ခင်မင်ရင်းနှီးသော ဓမ္မမိတ်ဆွေတစ်ဦး၏ နေအိမ်သို့ ဆွမ်းကျွေးသွားစားစဉ် ဓမ္မမိတ်ဆွေကြီးက ရသေ့ကြီးတစ်ပါးနှင့် မိတ်ဆက်ပေးပါသည်။ ၎င်းရသေ့ကြီးမှာ အသက်အားဖြင့် ငယ်ရွယ်သည်ဟု ထင်ရပါသော်လည်း အသက် ၁၀၀ ပင် ရှိသည်ဟု သိရှိရပါသည်။ အသားအရေမှာ ဖြူဖွေးနူးညံ့ပြီး သျှောင်ထုံးထားပါသည်။ အမှတ်မထင်ဘဲ ရသေ့ကြီး၏ ခြေဖဝါးကို လှမ်းကြည့်မိလိုက်ရာ ဘုရားပေါ်တွင် တွေ့မြင်ခဲ့ရသော ခြေဖဝါးနှင့် ဆင်တူဖြစ်နေသည်ကို သတိရ၍ အိမ်ရှင်ဓမ္မမိတ်ဆွေအား ပြောပြပါသည်။

ဤအကြောင်းအရာအား ဖခင်ကြီးသည် စိတ်ထဲတွင် ဘဝင်မကျဖြစ်ပြီး ဘရသေ့အား မေးမြန်းကြည်ရာ ဘရသေ့က –

"ခုပဲ မင်းနဲ့အဘတို့ အကြောင်းဆက်လို့ တွေ့ကြပြီပဲ။ ဘာမေးဖို့ လိုသေးလဲ"

ဟု ပြောလိုက်၍ ဖခင်ကြီးလည်း ဘဝင်ကျသွားပြီး ဘရသေ့အား ရိုသေစွာ ရှိခိုးလိုက်ပါသည်။ ထိုနေ့မှစ၍ ဘရသေ့နှင့် ဖခင်ကြီး တစ်စတစ်စနှင့် ပိုမိုရင်းနှီးလာပါသည်။ ဘရသေ့ရှိရာသို့ ဖခင်ကြီးသွားလေ့ရှိသလို ဖခင်ကြီးနေအိမ်သို့လည်း ဘရသေ့ ရောက်လာစမြဲပင်ဖြစ်ပါသည်။ ရောက်လာတိုင်းလည်း တရားအကြောင်းများ ဆွေးနွေးတိုင်ပင် နှီးနှောခြင်းဖြင့် အချိန်ကုန်စေပါသည်။

တစ်နေ့တွင် ဖခင်ကြီးအား "ငါ့သား . . . မင်းတို့ ပုဂ္ဂိုလ်တွေက ဘုရားတစ်ဆူ ကိုးကွယ်ဖို့အတွက် စိုက်ပြုထူ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတစ်ဆူ ပင့်ပေးမည်ဟု ပြောပါသည်။ ဖခင်ကြီးက လည်း ဘုရားတစ်ဆူ ပင့်ပေးမည်ဟု ပြောခြင်းကို မိမိ စိတ်ဝယ် ဘုရားဈေးက ဝယ်ပေးမှာလား၊ ဒါမှမဟုတ် ဘရသေ့ရဲ့ ကိုးကွယ်သော ဘုရားတစ်ဆူကိုပင် ပေးမည် လားဟု ထင်မှတ်မိပါသည်။

သုံးရက်ခန့်ကြာသောအခါ ဘရသေ့က မနက် ဖြန် သောကြာနေ့ နံနက် ၃ နာရီမှာ မင်းတို့အိမ်ကို ဘုရားကြွလာလိမ့်မယ်။ အဲဒါ လိုအပ်တဲ့ ပန်း၊ နံ့သာ၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ အပ်ချည်လုံး စသည်တို့ အဆင်သင့် ပြင်ဆင်ထားကြဟု ဖခင်ကြီးနှင့် အိမ်သား များကို မှာကြားပါသည်။

စာရေးသူတို့ ဘုရားကျောင်းဆောင်ရှေ့ဝယ် စားပွဲကြီးတစ်လုံးခင်းပြီး ပန်းများကို အစည်းလိုက် ပုံးထဲ တွင်ထည့်၍ ထောင်ထားပြီး ဘုရားရေသပ္ပာယ်ရန် ဒန် အိုးကြီးတစ်လုံးဖြင့် ရေအပြည့် ထည့်ထားပါသည်။

ထို့နောက် ဘရသေ့သည် ၎င်းပစ္စည်းများအား အပ်ချည်ကြိုးဖြင့် ရာဇမတ်ကာသလို ချည်နှောင်ပြီး အိမ် ရှိ လူကုန်အားလုံး အောက်ထပ်သို့ ဆင်းစေပါသည်။ ဖခင်ကြီးမှာလည်း အိမ်ပေါ်တွင် လူတစ်ဦးတစ်ယောက်မှ မရှိစေရန် စစ်ဆေးပြီး ၎င်းကိုယ်တိုင်လည်း အိမ်အောက် ထပ်သို့ဆင်းသည့် လှေကားအောက်ဆုံးအဆင့်မှ ပိတ်၍ ထိုင်နေပါသည်။

ဧည့်သည်များကလည်း ဘုရားပင့်လာမည်ဖြစ် ၍ အောက်ထပ်တွင် စုဝေးကာ စောင့်ကြိုနေကြပါသည်။ အားလုံးက လမ်းရှိရာဘက်သို့သာ မျှော်ကြည့်နေကြပါသည်။

ထိုစဉ် စာရေးသူ၏ မောင်အငယ်ဆုံး (ယခု ဆောင်းပါးရေးရန်အတွက် လိုအပ်ချက်များအား အသေး စိတ်ပြောပြပေးသူ)မှာ ဗိုက်တွင် အနာစိမ်းပေါက်နေ၍ ဘရသေ့က မိချောင်းကွမ်းဖတ်ကိုဝါး၍ အုံပေးနေပါသည်။

အိမ်သားများအားလုံး အောက်ထပ်သို့ရောက်၍ နာရီဝက်ခန့် ကြာသောအခါ အိမ်ပေါ်ထပ်မှ တဝုန်းဝုန်း ဖြင့် လှုပ်ရှားသံများ၊ ရေလောင်းသံများ ကြားရသဖြင့် ဘရသေ့က သိုက်နန်းရှင်တွေ ဘုရားပင့်လာကြပြီ ထင် တယ်ဟု ပြောနေစဉ် အိမ်ပေါ်ထပ်မှ အောက်ထပ်သို့ ကွမ်းသီးလုံးများဖြင့်ပစ်ပေါက်ရာ ခေါင်းပင်ထိမိ၍ အား လုံးက အံ့သြလျက်ရှိနေကြပါသည်။

ဘရသေ့လည်း အိမ်ပေါ်သို့ ရှေးဦးစွာ တစ် ယောက်တည်း အရင်ဆုံးတက်ကြည့်လိုက်ပြီး အောက် ထပ်သို့ လှမ်းခေါ်လျက် –

"ဘုရားကြွလာပြီ၊ လာကြဟေ့၊ လာကြဟေ့"ဟု ပြောလိုက်သဖြင့် ဖခင်ကြီးမှာ လှေကားအောက်ဆုံးထစ် မှ အပေါ်ဆုံးသို့ရောက်အောင် ခုန်ပျံကျော်လွှားလျက်

"အဘရေ . . . ရွှေတုံးကြီး ထင်တယ်"

ဟု ပြောလိုက်ပါသည်။ အောက်ထပ်ရှိ လူကုန် အားလုံးလည်း အိမ်ပေါ်သို့ ရောက်ရှိလာပါသည်။

ဘရသေ့ကြီးနှင့် အိမ်ရှိလူကုန်အားလုံး ဘုရားကြီး အား အနီးကပ်သွားရောက်ဖူးမြော်ကြည့်ကြပါသည်။ (ဘုရားကြီး၏ ပုံတော်အား ပူးတွဲဖော်ပြလိုက်ပါသည်။)

စာရေးသူတို့ အပေါ်ထပ်တစ်ထပ်လုံး မွှေးကြိုင် ပြီး ဘုရားရှင်အား ရေသပ္ပာယ်ထားကြသဖြင့် ရေများရွှဲစို နေခြင်း၊ အစည်းလိုက် ထောင်ထားသော ပန်းတို့မှာ လည်း ဘုရားရှင်အား ပန်းမွေ့ရာ ခင်းထားသို့လည်း ကောင်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့မှာလည်း အသီး သီးထွန်းလင်းလျက်ရှိသည်ကို ထူးခြားစွာ တွေ့မြင်လိုက် ရပါသည်။ တစ်သက်တွင် တစ်ခါမှမကြုံဖူး၊ ထူးဆန်း အံ့ဖွယ် တွေ့ရှိလိုက်ရပါသည်။

ဘုရားကြီးကြွလာပြီး ညနေတိုင်း နေဝင်ဆည်း ဆာအချိန်တွင် သိုက်နန်းရှင်များ လာရောက်၍ ဘုရား ဖူးကြပါသည်။ သူတို့လာပါက လက်ကောက်သံများ တချွင်ချွင်ဖြင့် ကြားရပါသည်။ ထိုအခါ ဘရသေ့က

"ငါ့သမီးတွေ လာကြတယ်။ နေရာဖယ်ပေးလိုက် ကြပါ။ သမီးတို့ကလည်း ဘုရားဝတ်ပြုပြီးရင် အေးအေး ချမ်းချမ်း ပြန်ကြပါ။ အိမ်သားတွေကို မနှောင့်ယှက်ကြပါ နဲ့"ဟု ပြောပါသည်။

ဘုရားကြီးကြွပြီး ဘုရားကြီးအား အနေကဇာ တင်ပြီး တစ်လတိတိ ညစဉ်ဝတ်တက်ခြင်း၊ အလှူပေး



www.burmeseclassic.com

www.burmeseclassic.com

ခြင်းများ ပြုလုပ်ကြပါသည် ထိုစဉ်က -

ဖခင်ကြီး၏ ပြုံးနေသော ပုံသဏ္ဍာန်ကို ယခုတိုင် မြင်နေဆဲ ဖြစ်ပါသည်။

ဘုရားကြီး၏ ညာဏ်တော်မှာ ၁၈ လက်မခန့်ရှိ၍ ဘုရားကြီး၏ပုံတော်မှာ ဒက္ခိဏာသာခါ ပုံတော်ဖြစ်ပါသည်။ ဦးခေါင်းထက်၌ နှစ်လက်မခန့် အမြင့်ရှိ မတ်ရပ်ရုပ်ပွားတော်တစ်ဆူ၊ ပခုံးထက်၌ နှစ်ဆူ၊ ဒူးခေါင်းတော်ပေါ်၌ နှစ်ဆူ၊ စု စုပေါင်း မတ်ရပ်ရုပ်ပွားတော် ငါးဆူရှိပါ၍ ဤဘဒ္ဒကမ္ဘာပေါ်၌ ပွင့်တော်မူမည့် ငါးဆူကုန်သော ဘုရားရှင်တို့အားရည်မှန်း၍ ထုလုပ်ထားသောလက္ခဏာ ဖြစ်ဟန်ရှိပါသည်။

ဘုရားကြီး၏ပုံတော်မှာ တင်ပလ္လင်ခွေ ထိုင်တော်မူဟန်ဖြစ်၍ အမြင့်မှာ ၁၂ လက်မခန့် ရှိပါသည်။ ဘုရားနှင့်တစ်ဆက်တည်း အောက်၌ လေးလက်မအမြင့်ရှိ ပလ္လင်ပါရှိ၍ ၎င်းပလ္လင်ကို သုံးပိုင်းပိုင်း၍ထုထားပါသည်။

ဒူးခေါင်းတော်နှစ်ဖက် အောက်ဘက်ပလ္လင်ပေါ်၌ လောကကြီးကို စောင့်ကြပ်တော်မူသော ခရုသင်းကိုင်၍ ရေစင်သွန်းလောင်းနေသည့် လောကပါလ နတ်မင်းကြီးများ တစ်ဖက်တစ်ချက်စီတွင် ပါရှိပါသည်။

ပလ္လင်ရှေ့တည့်တည့် ပထမအဆင့်၌ ဗြဟ္မာမင်းရုပ်တုကိုလည်းကောင်း၊ ဒုတိယအဆင့်တွင် သိကြားမင်းရုပ်တုကိုလည်းကောင်း၊ တတိယအဆင့်တွင် ဘုရားရှင်တို့အား စောင့်ရှောက်တော်မူသည့် ဘိုးဘိုးကြီးပုံ ပါရှိပါသည်။

ပထမအဆင့် ဗြဟ္မာမင်း၏ ဘေးတစ်ဖက်စီ၌ နေမင်းနှင့် လမင်းကို ကိုယ်စားပြုသည့် ဥဒေါင်းရုပ်နှင့် ယုန်ရုပ်တို့သည် စက်ဝိုင်းတစ်ခုစီအတွင်း၌ ပါရှိပါသည်။

ဒုတိယအဆင့်တွင် သိကြားမင်း၏ ဘေးတစ်ဖက်စီတွင် တောင်သမုဒ္ဒရာအတွင်း၌ သီတင်းသုံး စံမြန်းတော်မူသည့် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး၏ ရုပ်ပွားတော်တစ်ဆူစီ ပါရှိပါသည်။

တတိယအဆင့်တွင် ဘိုးဘိုးကြီးရုပ်တု၏ တစ်ဖက်တစ်ချက်စီတွင် ခရုသင်းနှင့် ဘုရားရှင် နုစဉ်အခါ ဘဝ ဖြစ်တော်မူသည့် ငုံးမင်းရုပ်ပုံတော် တစ်ခုစီ ပါရှိပါသည်။

ဘုရားကြီး၏ သက်န်းတော်ပေါ်၌ ဓမ္မစကြာ တရားဟောတော်မူသည့်ပုံသဏ္ဍာန် တင်ပလ္လင်ခွေထိုင်နေတော်မူသည့် ရုပ်ပွားတော်ပေါင်း ၁၈၀ ခန့် ပါရှိပါသည်။

နားတော်နှစ်ဖက်တို့တွင် အရှင်လှုပ်၍ရသော နားပန်တော်တစ်ခုစီ ပါရှိပါသည်။ ဘုရားကြီး၏ မျက်နှာတော်မှာ အလွန်ပင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ဆုတောင်းပြည့်သော ဘုရားကြီးတစ်ဆူ ဖြစ်ပါသည်။ လပြည့်နေ့တိုင်း နို့ပါသော အာဟာရကိုးမျိုး ဆက်ကပ်လှူဒါန်းရပါသည်။

ဘုရားကြီး၏ဖြစ်စဉ်အား ရေးမည်ဟုကြံစည်တိုင်း ယနေ့ခေတ်အနေအထားအရ ယုံကြည်နိုင်စရာအကြောင်းမရှိပါ၍ ရေးရန် မဝံ့ပါသော်လည်း စာရေးသူမိသားစု၏ တကယ့်ဖြစ်ရပ်မှန် ဘုရားသမိုင်းဖြစ်ပါ၍ စာဖတ်ပရိသတ်များ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဘုရားကြီး၏ပုံတော်နှင့်အတူ ရေးသားဖော်ပြလိုက်ပါသည်။

ဘုရားကြီးကြွပြီးနောက် အနေကဇာတင်မြှောက်ပြီး တစ်လတိတိ ညစဉ် ဝတ်ရွတ်ခြင်း၊ အလှူအတန်းများ ပြုလုပ်ခဲ့ပါသည်။

သုံးနှစ်ခန့်ကြာသော် ဘရသေ့ရော၊ ဖခင်ကြီးပါ ကွယ်လွန်ခဲ့ပါသည်။ မိဘနှစ်ပါးစလုံး ကွယ်လွန်ပြီးနောက် ဘုရားကြီးအား ညီမလေးများနေအိမ်တွင် ယနေ့တိုင် ပူဇော်လျက်ရှိပါကြောင်း တင်ပြလိုက်ပါသည်။

*မှတ်ချက်။*

ဘုရားကြီး၏ ဖြစ်စဉ်ရေးရန် အကြံပြုပြီး ဘုရားကြီး၏ ရုပ်ပွားတော်မှ ဖြစ်စဉ်များအား အသေးစိတ် ဖော်ပြပေးသော မောင်ငယ် ကိုသင်းအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။


*မေတ္တာများစွာဖြင့် ...*

ရှယ်လီသိန်းမောင်
(စိန်မိုက်ကယ်)



www.burmeseclassic.com

www.burmeseclassic.com



# သင့်အား ငါပေးအပ်သည်

**သက်လူ**

**လူသား၏ ဘဝတာနှင့် အသုံးဝင်ပုံများ**

မိုးစွေငှက်အတွက် နံနက်ခင်း၊ ဖီးကွက်အတွက် ညဥ့်၏အရိပ်၊ ပျားအတွက် ပျားရည်။ လင်းတငှက်အတွက် အသေကောင်။ ဤသို့ပင်လျှင် နုလုံးသားအတွက် ဘဝသည် တန်ဖိုးရှိ၏။ ထွန်းလင်းတောက်ပ၏။ မျက်စိများကိုကား မကျိန်းစေတတ်။ မှုန်ပျ၏။ စိတ်မချမ်းသာမှုကိုကား မပေး။ ချိုမြိန်၏။ သို့သော် မအီစေတတ်။ ပျက်ပြား၏။ သို့သော် မတားမြစ်။ သို့တိုင်အောင် မည်သူသည် သူ၏တန်ဖိုးအမှန်ကို သိပါသနည်း။ ဘဝကို ထိုက်ထိုက်တန်တန် တန်ဖိုးထားတတ်ဖို့ သင်ယူလော့။ ထိုသို့သင်ယူပြီဆိုလျှင် သင်သည် ပညာ၏အထွတ်အထိပ် ထုပိကာနှင့် နီးလာချေပြီ။ ဘဝထက်ပို၍ တန်ဘိုးရှိသောအခြားအရာသည် မရှိဟူ၍ လူမိုက်ကဲ့သို့ မထင်မှတ်ပါလင့်။ အယောင်ဆောင် ပညာရှိကဲ့သို့လည်း ဘဝကိုအသုံးမကျ အရာမဝင်ဟု မယုံကြည်ပါလင့်။ ဘဝကို ဘဝအတွက် မချစ်ခင်ပါလင့်။ အခြားသူများအပေါ် ကောင်းကျိုးပြုနိုင်ခြင်းအတွက်သာလျှင် ချစ်ခင်ပါလော့။

ထိုဟာကို သင့်အား ရွှေကလည်း ဝယ်မပေးနိုင်။ စိန်တွင်းများကလည်း သင့်ဘဝ၏ ကုန်ဆုံးသွားချိန်များကို ပြန်ဝယ်မပေးနိုင်။ နောက်လာမည့် အချိန်ပိုင်းကို ကောင်းမှုအတွက်အသုံးချပါလော့။ မွေးဖွားလာခဲ့ရခြင်းကား အကောင်းဆုံးဖြစ်သည်ဟု မဆိုပါလင့်။ ကျွန်ုပ်သာ မွေးဖွားမလာခဲ့လျှင် မကောင်းမှုသည် အဘယ်မှာရှိပါအံ့နည်းဟု သင်၏ဖန်ဆင်းရှင်ကို ဝံ့ဝံ့စားစား မမေးမြန်းပါလင့်။ ကောင်းမှုသည် သင်၏စွမ်းအား၌ ရှိချေသည်။ ကောင်းမှုမရှိခြင်းကား ဆိုးဝါးမှုပင်ဖြစ်၏။ သို့ပြီးကား သင်၏ မေးခွန်းသည် တရားမျှတမှန်ကန်မှုရှိသည် ဆိုလျှင် ရှုလော့။ သင်သည် သင့်ကိုယ်သင်

www.burmeseclassic.com

ပြစ်တင်စီရင်နေခြင်းတည်း။

ငါးစာထဲတွင် ချိတ်သည် မြှုပ်နှံထား၏ဟုသိလျှင် ငါးသည် ငါးစာကို မျိုပါလေမည်လော။ ကျော့ကွင်းသည် သူ့အတွက် စီမံထားသည်ဟုသိလျှင် ခြင်္သေ့သည် ဝင်ပါလေမည်လော။ ဤသို့ပင်လျှင် လူသည် အသက်ရှင်နေလို သည်ဆိုလျှင် ဗိဇ္ဇာဥ်သည် ဤရှဲ့စေး ခန္ဓာကိုယ်တွင်းသို့ ဝင်မည်မဟုတ်ချေ။ ဂရုဏာရှင် ဘုရားသခင်ကလည်း သူ့အား ဖန်ဆင်းထားလိမ့်မည်မဟုတ်။ ထိုသို့ဖြစ်၍ သင်သည် အဖန်ဖန်တလဲလဲ အသက်ရှင်နေရသည်ကို သိပါလော့။ သူကြိုတင်မမြင်မိသော လှောင်အိမ်ထဲတွင် အပိတ်လှောင်ခံရသော ငှက်ငယ်သည် လှောင်အိမ်နံရံများဖြင့် သူ၏ကိုယ်ကို စုတ်ပြတ်အောင် မပြုလုပ်ဘိသကဲ့သို့ သက်ရောက်နေသောအခြေအနေမှ အကျိုးမဲ့စွာ ထွက်ပြေးရန် မကြိုးစားပါလင့်။ သို့သော် ဤဟာသည် သင့်အား ဝေစုခွဲ၍ ပေးထားသည်ကို သိပြီး ကျေနပ်နေပါလော့။

ဘဝ၏ခရီးလမ်းသည် မညီညာပါသော်လည်း အားလုံးသည် သင့်အား ဒုက္ခပေးသည် မဟုတ်ချေ။ ကျရောက်သော အခြေအနေအားလုံးနှင့် လိုက်လျောညီထွေ ရှိပါစေလော့။ မကောင်းသည့်အသွင်သဏ္ဌာန် အနည်းဆုံးပေါ်ပေါက်နေသည့် အခြေအနေတွင် အကြီးမားဆုံးသော အန္တရာယ်ကို သတိပြုလော့။ သင်၏အိပ်ရာသည် ကောက်ရိုးဖြင့် ခင်းကျင်းထားသည်ဆိုလျှင် သင်သည် အန္တရာယ်ကင်းစွာ အိပ်စက်ရ၏။ သို့သော် သင်သည် နှင်းဆီပန်းများပေါ်တွင် လဲလျောင်းရသည်ဆိုသော် ဆူးများကို သတိပြုလော့။ မြင့်မြတ်သော သေဆုံးမှုသည် ဆိုးဝါးစွာ အသက်ရှင်နေရခြင်းထက် ပို၍ကောင်းမွန်သည်။ ဘဝကို နေနိုင်သလောက်နေရန်မဟုတ်ဘဲ နေသင့်သလောက်နေနိုင်ရန် ကြိုးစားပါလော့။ သင်၏ အသက်ရှင်နေခြင်းသည် သင်သေဆုံးမှုထက် အခြားသူများအတွက် ပို၍တန်ဖိုးရှိသည်ဆိုလျှင် သင့်ဘဝကို ထိန်းသိမ်းစောင့်ရှောက်ထားရမည်မှာ သင့်တာဝန်ဖြစ်ချေသည်။ သူမိုက်ကဲ့သို့ သင့်ဘဝတာ တိုတောင်းသည်ကို မညည်းညူပါလင့်။ သင့်ဘဝနှင့်အတူ သင့်သောကများလည်း တိုတောင်းသည်ကို အမှတ်ရပါလော့။

သင့်ဘဝတာထဲမှ အသုံးမကျသော အစိတ်အပိုင်းများကို ဖယ်ထုတ်လိုက်လျှင် ဘာကျန်ပါသနည်း။ ကလေးသူငယ် ဘဝတာနှင့် သူငယ်ပြန်သော ဘဝတာကို ဖယ်ပစ်လော့။ အိပ်စက်သည့်အချိန်၊ တွေးတောမှုကင်းသည့် ကာလ၊ အနာရောဂါ ကပ်ငြိချိန်များကို ဖယ်ရှားပစ်လော့။ ထိုအခါတွင် ဤမျှများပြားသော နှစ်များ၌ သင်သည် တကယ်နေထိုင်သော ကာလသည် အဘယ်မျှနည်းပါးပါသနည်း။ သင့်အား ဆုလာဘ်မင်္ဂလာသဖွယ် အသက်ကိုပေးသောသူသည် ဆုလာဘ်မင်္ဂလာတစ်ပါးပင် ဖြစ်စေခြင်းငှာ အသက်ကိုတိုးတောင်းစေ၏။ အသက်ပို၍ရှည်ခြင်းက သင့်အား ဘာအကျိုးကျေးဇူးကို ဆောင်ကြဉ်းပေးပါအံ့နည်း။ ဒုစရိုက်မှုများအတွက် နောက်ထပ် အခွင့်အလမ်းများကို သင်လိုလားပါသလော။ သုစရိုက်ပြုသူများအတွက်လည်း သူတို့၏ ဘဝတာကို တိုင်းတာပြဋ္ဌာန်းပေးလေသော ဘုရားသခင်သည် ဘဝ၏ အကျိုးကျေး... အပေါ် ကျေနပ်နေပြီ မဟုတ်ပါလော...

အို... ဝမ်းနည်းမှု၏သားငယ်... အဘယ်အကျိုးကြောင့် အသက်ပို၍ ရှည်ချင်ပါသနည်း။ အသက်ရှည်ရှည် စားသောက်ရန်၊ ကမ္ဘာလောကကြီးကို ကြည့်ရှုရန်အတွက်များကြောင့်လော... ဤအရာအားလုံးကို သင်ပြုခဲ့ပြီးပြီ။ အထပ်ထပ်ပြုလွန်းသဖြင့် ငြီးငွေ့စရာ မဟုတ်ပါလော။ လွန်လွန်းနေပြီကော မဟုတ်ပါလော။ သင်၏ပညာနှင့် အရည်အချင်းကို တိုးတက်လိုပါသေးသလော။ အလို... သင် ဘာကိုသိရန် လိုပါသေးသနည်း။ မည်သူက သင့်အား သင်ကြားပေးပါလေအံ့နည်း။ သင့်တွင်ရှိသော အနည်းအကျဉ်းကလေးကိုပင် သင်သည် မကောင်းသဖြင့် အသုံးပြုခဲ့၏။ ထို့ကြောင့် နောက်ထပ်ပို၍ မပေးသည်ကို ညည်းညူရန် မဝံ့စားပါလေလင့်။ မိမိတွင် ပညာမရှိခြင်းအတွက် မကျေနပ်မှု ဖြစ်မနေပါလင့်။ သေခြင်းနှင့်အတူ အခွင့်အလမ်းသည် ပျက်စီး၍မသွားချေ။ ယခုကာလတွင် ရိုးသားဖြောင့်မတ်ပါစေ။ နောင်ကာလတွင် သင်သည် ပညာဉာဏ် ရင့်သန်လာမည်တည်း။

သင့်သခင်ထက် အဘယ်ကြောင့် ခုနစ်ဆပို၍ ဘဝတာရှိရပါသနည်းဟု ကျီးကန်းကို မမေးပါလင့်။ ငါ၏မျိုးဆက် အနှစ်တစ်ရာတိုင်အောင် ကြည့်မြင်နိုင်သော မျက်စိသည် အဘယ်ကြောင့် သင့်တွင်ရှိရပါသနည်းဟုလည်း ဒရယ်ကိုမမေးပါလင့်။ ဘဝကို အလွဲသုံးစားပြုရာတွင် သင်နှင့်သူတို့သည် နှိုင်းစာနိုင်ပါသလော။ သူတို့



www.burmeseclassic.com

www.burmeseclassic.com

သည် စည်းကမ်းမဲ့ကြပါသလော။ သူတို့သည် ရက်စက်ကြပါသလော။ သူတို့သည် ကျေးဇူးမသိတတ်ကြပါသလော။ ဘဝ၏ အပြစ်ကင်းစင်မှုနှင့် ကျင့်ကြံပြုမူပုံတို့၏ ရိုးသားမှုသည် ကောင်းမွန်သော အရွယ်အိုဘဝသို့ သွားရာလမ်းများဖြစ်သည်ကို သူတို့ထံမှပင် သင်ယူပါဦးလော့။ ဘဝကို သူတို့ထက်ပို၍ ကောင်းစွာအသုံးချရန် သင်သိထားပါသလော။ သို့ဖြစ်လျှင် နည်းပါးသော ဘဝတာသည်ပင် သင့်အတွက် လုံလောက်နေချေပြီ။ သူ၏ ကြမ်းကြုတ်စွာ ဖိနှိပ်မှုသည် တစ်ခဏမျှသာ ခံမည်ကိုသိလျက်နှင့် ကမ္ဘာကို ကျေးကျွန်ပြုလုပ်ဝံ့သော လူသားသည် အကယ်၍သာ ထာဝရအသက်ရှင်နေမည်ဆိုလျှင် ဘာကိုဦးတည် ပြုလုပ်လေအံ့နည်း။

သင့်တွင် ဘဝတာသည် အလုံအလောက်ရှိ၏။ သို့သော် သင်ဂရုမစိုက်ချေ။ အို ... လူသား၊ သင့်တွင် မရှိသည်မဟုတ်။ သို့သော် သင်သည် အသုံးအဖြုန်းကြီးသူပါတကား။ သင့်တွင် လိုသည်ထက်ပို၍ ရှိနေဘိသကဲ့သို့ ပေါ့ပေါ့ဆဆပင် လွှင့်ပစ်နေချေသည်။ ပေါများခြင်းသည် ချမ်းသာစေခြင်းမဟုတ်ဘဲ ခြိုးခြံခြင်းကသာလျှင် ချမ်းသာစေခြင်းဖြစ်သည်ကို သိပါလေလော့။ ပညာရှိသည် ဘဝတာ၏ ပထမဆုံးကာလက စ၍ ဆက်လက်အသက်ရှင်ခဲ့သည်။ သူမိုက်သည်ကား နေထိုင်ခြင်းကို အမြဲတစေပင် အစပြုလျက်ရှိတော့သည်။ ချမ်းသာခြင်းကို အလျှင်ရယူပြီးမှ ဥစ္စာဓနကို အသုံးချရန် စဉ်းစားသည့်အမှုကို နောက်မပြုပါလင့်။ လက်ငင်းကာလ ပစ္စုပ္ပန်ကို ဂရုမထားသူသည် မိမိတွင်ရှိသမျှကို လွှင့်ပစ်သူပင် ဖြစ်ချေ၏။ လာနေသည်ကိုပင် မသိလိုက်နိုင်မီ မြားတံသည် စစ်သည်၏ နှလုံးသားကို ဖောက်ထွက်သွားဘိသကဲ့သို့ သူ့တွင် ဘဝရှိမှန်းကို မသိသေးမီပင် ဘဝသည် ကုန်ဆုံးသွားချေအံ့။ သို့ပါ၍ လူကတောင့်တရပါသော ဘဝဆိုသည်မှာ အဘယ်နည်း။ လူက တပ်မက်ရပါသော အသက်သည် အဘယ်နည်း။

မာယာ၏ပြကွင်းတစ်ခု မဟုတ်ပါသလော။ အမှတ်မဲ့ ဖြစ်ပွါးမှုကလေးများကို လိုက်လံဆည်းပူးနေခြင်း မဟုတ်ပါသလော။ အစတွင် မသိနားမလည်မှုရှိ၍ အလယ်တွင် နာကျင်မှုရှိကာ အဆုံးတွင် ဝမ်းနည်းပူဆွေးခြင်း ရှိလေသည်။ ရေလှိုင်းတစ်ခုသည် အခြားတစ်ခုကိုတွန်း၍ မကြာမီ နှစ်ခုစလုံးသည် နောက်ကလာသော တစ်ခုထဲတွင် ရောထွေးယှက်ဝင်ရဘိသကဲ့သို့ လူ၏ဘဝတာတွင်လည်း မကောင်းမှုတို့သည် ဆင့်ကဲဆက်ခံကြတော့သည်။ ကြီးမားသည့် အရာရှိသော ပစ္စုပ္ပန်ကာလသည် ငယ်ရွယ်သည့် အရာရှိသော အတိတ်ကာလကိုပါ ဝါးမျိုပစ်လိုက်၏။ ငါတို့၏ ကြောက်လန့်ဖွယ်ရာများသည် မကောင်းခြင်းများ စင်စစ်ဖြစ်ပေ၏။ ငါတို့၏မျှော်လင့်ချက်များကား မဖြစ်နိုင်လောက်စရာများကို မျှော်ကြည့်နေကြခြင်းဖြစ်သည်။

လူမိုက်သည် သေမျိုးဖြစ်သည့် သတ္တဝါကဲ့သို့ ကြောက်ရွံ့တတ်ပြီး ထာဝရမသေဘဲနေသည့် သတ္တဝါကဲ့သို့ အလိုရမ္မက်ရှိသည်။ ငါတို့နှင့်အတူတူ ကျန်ရစ်စေလိုသော ဘဝ၏အစိတ်အပိုင်းသည် မည်သည့်အစိတ်အပိုင်း ဖြစ်ပါသနည်း။ လူငယ်လူရွယ် အစိတ်အပိုင်းလော။ ဒေါသပေါက်ကွဲခြင်း၊ ကာမဂုဏ်ကြူးခြင်း၊ ဆင်ကန်းတောတိုးလုပ်ခြင်းတို့နှင့် ချစ်ကျွမ်းဝင်နိုင်ပါသေးသလော။ အသက်အရွယ်ကြီးရင့်သည့် အစိတ်အပိုင်းလော။ သို့ဆိုလျှင် ငါတို့သည် ချွတ်ယွင်းမှုအဖြစ် အနာအဆာများကို နှစ်သက်ချေသည်တကား။ ဖြူဖွေးသော ဆံပင်များကို ရှိသေသည်။ အသက်တာရှည်ခြင်းကို ကိုင်းရှိုင်းသည်ဟု ဆိုကြ၏။ အရည်အချင်းကောင်းဟူသည် ထိုဟာများ မပါဘဲနှင့် လူရွယ်လူလတ်ဘဝတွင် ရှိသေထိုက်မှုကို ဆင့်ပေါင်းပေးနိုင်၏။ အသက်အရွယ်သည် နဖူးမှာထက် ဝိညာဉ်မှာ အရေးအကြောင်းများကို ပို၍ထင်ဟပ်စေ၏။

ကာမဂုဏ်ကို မုန်းတီးသည့် အရွယ်ဆို၍ အသက်အရွယ်ကြီးရင့်ခြင်းကို ရှိသေလေးစားခြင်း ဖြစ်ပါသလော။ ဤစကားတွင် မည်သို့သော မှန်ကန်မှုသည် ရှိနေပါသနည်း။ အသက်အရွယ် အိုမင်းကြီးရင့်ခြင်းက ပျော်ရွှင်မှုကို စက်ဆုပ်မုန်းတီးခြင်း မဟုတ်ဘဲ ပျော်ရွှင်မှုကသာ အသက်အရွယ်ကြီးရင့်ခြင်းကို မထေမဲ့မြင် စက်ဆုပ်ခြင်း ဖြစ်သောကြောင့်ပင်တည်း။ သင်၏ ငယ်ရွယ်စဉ်ဘဝတွင် ကောင်းရာကောင်းမှုကို ပြုလော့။ ဤသို့ဖြင့် သင်၏အသက် အရွယ်ကြီးရင့်သည့် ဘဝတာ၌ ရှိသေလေးမြတ်ခြင်းကို ခံယူရပေလိမ့်မည်။

---

သက်လုံ

---



www.burmeseclassic.com

www.burmeseclassic.com



# အင်္ဂုလိမာလ ဘုရားရှင်အဖြေ

အမှတ်(၁)

ဒေါက်တာသန်းမှိုင်းလင်း

ဂေါတမမြတ်စွာဘုရားရှင်သည် နံနက်မိုးသောက်ယံအချိန် ကျွတ်ထိုက်သော သတ္တဝါဝေနေယျစို့ကို ချေချွတ်တော်မူရန် ဗုဒ္ဓစက္ခုဖြင့် ရှုကြည့်တော်မူရာ အင်္ဂုလိမာလဘီလူးအား မြင်တော်မူပါသည်။ ထို့ကြောင့် အင်္ဂုလိမာလဘီလူးဗိမာန်သို့ မြတ်စွာဘုရားရှင် ကြွရောက်ကာ သီတင်းသုံးတော်မူပါသည်။

ထိုအခါ အင်္ဂုလိမာလဘီလူးက နတ်သဘင်အစည်းအဝေး တက်ရောက်နေခိုက်ဖြစ်၍ သူ၏ဗိမာန်မှာ မရှိပါ။ မြတ်စွာဘုရားရှင်သည် အင်္ဂုလိမာလဘီလူး၏ အခြံအရံများကို တရားဟောတော်မူ၍ ဗိမာန်မှာ သီတင်းသုံးတော်မူပါသည်။ အင်္ဂုလိမာလပြန်ရောက်လာသော် ဒေါသအမျက်ခြောင်းခြောင်းထွက်၍ မြတ်စွာဘုရားရှင်အား သူ၏ဗိမာန်မှ ကြွသွားတော်မူရန် သူ၏တွေ့ဆုံ



www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုးဖြင့် နှောင့်ယှက်တော်မူပါသည်။ မြတ်စွာဘုရားရှင်အား နှိပ်စက်၍မရပါ။ နောက်ဆုံး အာဠဝကသည် အခြားတစ်နည်းဖြင့် စမ်းသပ်လို၍ "ငါ့ရှင် ဤဗိမာန်မှ ထွက်တော်မူပါ"ဟူ၍ လျှောက်၏။ ဘုရားရှင်လည်း အာဠဝကအလိုကျ ဗိမာန်အတွင်းမှထွက်ကြွတော်မူ၏။ တစ်ဖန် ဘီလူးက "ငါ့ရှင် ဗိမာန်တွင်းသို့ ပြန်ပြီးဝင်ဦး"ဟု လျှောက်ပြန်ပါသည်။ ဘုရားရှင်ကလည်း ဘီလူးအလိုကျ ပြန်ပြီးဗိမာန်တွင်းသို့ ဝင်ပြန်ပါ၏။ ဤသို့ဖြင့် သုံးလေးကြိမ်လောက်ရောက်သော် ဘီလူး၏ သန္တာန်မှာ ဒေါသများ လျော့ပါးလာရပါတော့သည်။ ထိုအခါ မြတ်စွာဘုရားရှင်အား အခြားတစ်နည်းဖြင့် နှိပ်စက်မည်ဟု ကြံစည်ပြန်၏။

အာဠဝကဘီလူးတွင် ကဿပဘုရားရှင်လက်ထက်ကတည်းက ဘိုးဘွားအစဉ်အဆက် ဆောင်ယူထားသော ကဿပဘုရားရှင်၏ အမေး ၁၃ ချက်အပေါ် အဖြေ ၁၃ ချက် ရှိခဲ့ပါသည်။ သို့သော် ယခုအခါ ဘီလူးကြီးမှာ အမေး ၁၃ ချက်ကိုသာ မှတ်မိပြီး အဖြေ ၁၃ ချက်ကို မေ့လျော့နေလေသည်။ ဘီလူးကြီးကလည်း ဤအမေး ၁၃ ချက်ကို ၎င်း၏ဗိမာန်ပေါ်မှ တံခိုးဖြင့် ဖြတ်၍ကြွသွားတော်မူကြသော ရသေ့များအား ပင့်ဆောင်ပြီး မေးခွန်း ၁၃ ချက်၏အဖြေကို မေးလေ့ရှိပါသည်။ မဖြေနိုင်သော ရသေ့တန်ခိုးရှင်များအား နှိပ်စက်ပြီးမှ ပြန်လွှတ်လေ့ရှိပါသည်။ ဤအမေး ၁၃ ချက်အား ဂေါတမဘုရားရှင်အား မေးအံ့ဟု ကြံစည်ခဲ့ပါသည်။

အာဠဝကက ဘုရားရှင်အား မေးခွန်း(၁) လောကမှာ အကောင်းဆုံးဥစ္စာကား အဘယ်နည်းဟုမေးပါသည်။ ဘုရားရှင်က . . . "သဒ္ဓါတရားသည် အကောင်းဆုံးပဲ"ဟု ဖြေတော်မူခဲ့ပါသည်။

စိန်၊ ရွှေ၊ ငွေ ကျောက်သံပတ္တမြားတို့သည် တန်ဖိုးရှိလှပါသည်။ ၎င်းတို့မှာ ရန်သူမျိုးငါးပါးနှင့် တွေ့ပါက မတည်မြဲချေ။

၎င်းစိန်၊ ရွှေ၊ ငွေ၊ ပတ္တမြားပိုင်ရှင်က ဘဝတစ်ခုအဆုံးသတ်သွားသော် ၎င်းပစ္စည်းများအား ထားခဲ့ရမည် အမှန်ပင်ဖြစ်သည်။ ငွေများရှိနေပါကလည်း အချိန်မရွေး အန္တရာယ်ကို ဖိတ်ခေါ်လျက်ရှိပါသည်။ "မရှိတောင့်တ၊ ရှိကြောင့်ကြ" ပင် ဖြစ်သည်။ အမြဲတစေ ပူပန်နေရမှာဖြစ်သည်။ ပိုင်ဆိုင်ထားသော ပစ္စည်းက လူကိုနှိပ်စက်နေပါသည်။ ထို့ကြောင့် ဤပိုင်ဆိုင်မှုများကို ဘုရားရှင်က အကောင်းဆုံးဟု မဟောခဲ့ပါ။ မိမိပိုင်ဆိုင်သော ပစ္စည်းကြောင့် နောင်ဘဝမှာ ငရဲကျ၊ ပြိတ္တာဖြစ်၊ ချမ်းသာမှုကို အနည်းငယ်ပေးပြီး ဆင်းရဲမှုကိုသာ များများပေးလေသည်။ ထို့ကြောင့် မြတ်စွာဘုရားက သဒ္ဓါတရားသာအမြတ်ဆုံးဟု ဟောခဲ့ခြင်းဖြစ်ပါသည်။ သဒ္ဓါတရားသာ မရှိခဲ့ပါက ဒါန၊ သီလ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်းတရားများကို အားမထုတ်နိုင်ပေ။ သဒ္ဓါရှိပါက ဒါနကောင်းမှုလုပ်ကြပါသည်။ ဘဝမှာ ချမ်းသာသော အိမ်ကိုရောက်ဖို့ရန်အတွက် ဒါနတရားက အရောက်ပို့လိုက်ခြင်းပင်ဖြစ်သည်။ သဒ္ဓါကိုအခြေခံလိုက်ခြင်းပင်ဖြစ်သည်။ သဒ္ဓါအခြေခံကြောင့် ဇောတိကသူဌေး၊ ဇဋိလသူဌေး၊ ပုဏ္ဏသူဌေးတို့ ဖြစ်လာရသည်။ ပုဏ္ဏသူဌေးဆိုလျှင် ၎င်းထွန်သော မြေကြီးခဲအားလုံး ရွှေတုံးရွှေခဲတွေ ဖြစ်ရပါသည်။ သဒ္ဓါပါဖို့သာ လိုပါသည်။ သူခိုးလည်း ခိုးယူလို့မရပါ။ သံသရာမှာ သဒ္ဓါပါသွားမှသာလျှင် လူဖြစ်ပါကလည်း လူ့အထက်တန်း၊ နတ်ဖြစ်ပါကလည်း နတ်အထက်တန်းသို့ ရောက်ရှိကြမှာ ဖြစ်ပါသည်။ သဒ္ဓါသာရှိပါက စိန်၊ ရွှေ၊ ငွေ၊ တိုက်၊ ကား စသည့် ဥစ္စာများအားလုံး ရမှာ ဖြစ်ပါသည်။ ကံရှိသောပုဂ္ဂိုလ်များ အောင်မြင်မှုရခြင်းမှာ အခြေခံသဒ္ဓါတရားကြောင့်ပင်ဖြစ်ပါသည်။ ကုသိုလ်ပြုလုပ်ဖို့ စိတ်ဝင်စားတာကလည်း သဒ္ဓါကြောင့်ပင် ဖြစ်ပါသည်။

သဒ္ဓါရှိလာသောအခါ လှူဒါန်းကြသည်။ ကုသိုလ်အပေါ်မှာ စိတ်ဝင်စားကြသည်။ တရားနာချင်လာပါမည်။ သူတော်ကောင်းကို ဆည်းကပ်ချင်လာမည်ဖြစ်ပါသည်။ လှူချင်၊ တန်းချင်၊ ပေးကမ်းချင်လာပါလိမ့်မည်။ သဒ္ဓါတရားကို မပျက်စေပါနှင့်။ အောင်မြင်မှု၊ ကြီးပွားမှု၊ ချမ်းသာမှုအပေါင်းတို့၏ အခြေခံအကြောင်းမှာ သဒ္ဓါတရားပင် ဖြစ်ပါတော့သည်။

သတ္တဝါဟူသမျှ တရားရ၊ ချမ်းမြသာယာရှိကြပါစေ။

ဒေါက်တာသန်းမြိုင်းလင်း


**မှီငြမ်း**

**ဆရာတော်အရှင်နန္ဒမာလာဘိဝံသ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဒန္တပူရ ကေရီသခင်မလေး ပေါမမာလာ

(အခန်းဆက်ဝတ္ထုရှည်)

◆ မောင်ယဉ်မွန်(မောဝ်နေခြည်)

ယခင်လမှအဆက်

• တံငါရွာချစ်ဇာတ်လမ်း •

သခင်မလေး ပေါမမာလာတို့အဖွဲ့သည် သိတာပူရီမြို့ကို ခရီးထွက်လာခဲ့ကြသော်လည်း မြို့ကြီးတွေမှာ မြို့စောင့်တပ်များ စစ်လားဆေးလားလုပ်လျှင် တစ်ခုမဟုတ်တစ်ခု ပြဿနာတက်လာနိုင်သဖြင့် သိတာပူရီမြို့သို့ မသွားတော့။ သိတာပူရီမြို့၏ အရှေ့တောင်ယွန်းယွန်း သိတာပူရီမြစ်ကမ်းဘေးမှ သိတာဂါမဆိုသော တံငါရွာကလေးဆီသို့ လာခဲ့ကြသည်။

တပ်မှူးလေးနန္ဒအဖွဲ့သည် ရှေ့မှသွားနှင့်ပြီး ဘိုးသတ္တနှင့် ဒန္တကုမာရတို့အဖွဲ့က ဆင်များ၊ မြင်းများဖြင့် နောက်မှလိုက်လာခဲ့ကြသည်။

သိတာဂါမရွာသည် ညှော်အဝင်အထွက်များသောရွာ ဖြစ်သောကြောင့် သူတို့အား သံသယမျက်လုံးများဖြင့် မည်သူကမျှ ကြည့်မနေပါ။ ငါးခြောက်၊ ငါးပိ၊ ပုစွန်၊ ပုလဲစသော ရေထွက်ပစ္စည်းများ လာရောက်ဝယ်သူမည်သူများဟုသာ ယူဆကြသည်။

ထိုရွာလေးတွင် နေထိုင်ကြသောသူများမှာ ဆင်းရဲကြသော်လည်း သဒ္ဓါတရား အားကောင်းသူများ ဖြစ်ကြပါသည်။ ဘိုးသတ္တတို့အဖွဲ့သားများ အလည်အပတ်သွားလျှင် အနည်းဆုံး ငါးခြောက်ဖုတ်နှင့် ရေနွေးကြမ်းလောက်တော့ ကျွေးမွေးညှော်ခဲ့ကြသည်။

တပ်မှူးနန္ဒ၏ ရဲမက်များသည် တံငါများနှင့် ရင်းနှီးအောင် ငါးဖမ်းသွားရာမှာ လိုက်ပါ၍သွားကြသလို ဘိုးသတ္တနှင့် ဦးစိတ္တတို့သည် ရပ်မိရပ်ဖများနှင့် ဘာသာရေး၊ လူမှုရေး ဆွေးနွေးရင်း တစ်ခါတစ်ခါ မသိမသာ သီဟိုဠ်ကျွန်းအကြောင်း ဆွေးနွေးဖြစ်သည်။ သို့သော် တံငါများသည် ဘယ်အချိန် ဘာငါးတွေမြူးသည် ဘာငါးတွေ ဘယ်အချိန် ဥချ၍ ဘယ်အချိန် ပေါက်သည်ဆိုတာလောက်သာလျှင် ပြောနိုင်ပါသည်။ သီဟိုဠ်ကျွန်းသို့ လှေကြုံ၊ သင်္ဘောကြုံ မရှိခဲ့လျှင် ကိုယ်တိုင် လှေသင်္ဘောတည်ဆောက်၍ သွားသင့်လျှင် သွားရပေမည်။

တပ်မှူးလေးနန္ဒနှင့် ကိုဝဏ္ဏတို့သည် တစ်ခါတစ်ခါ ဒူးလေးကိုင်၍ အမဲလိုက်ထွက်ကြသည်။ ထိုသို့ အမဲလိုက်ထွက်လျှင် ဘိုးသတ္တ၏ ကျားသစ်ကြီးကို ခေါ်လိုကြသော်လည်း ဘိုးသတ္တက မပေးပါ။ သူ၏ကျားကြီးကို လှောင်အိမ်ထဲမှာ ထည့်၍ထားသည်။ ထိုသို့ မထားလို့မဖြစ်ပါ။ တောရိုင်းသတ္တဝါဆိုသည်မှာ အရိုင်းစိတ်ဝင်လာလျှင် သခင်ကိုပင် ပြန်၍ ရန်ရှာတတ်သည်။

သဘောကောင်းသော သိတာဂါမ ရွာသားများသည် ပေါမမာလာတို့အတွက်ဟုဆိုကာ ပုလဲ၊ ကနုကမာ၊ ခရုလှလှလေးများ ယူလာ၍ မကြာမကြာပေးကြသည်။ မူယာနှင့်သုဇာညီမနှစ်ယောက်ကလည်း ပေးလာသမျှ လက်ဆောင်များကို ကြိုးလေးများဖြင့်သီကုံး၍ သခင်မလေး ပေါမမာလာအား ဆက်သကြသည်။

သခင်မလေး ပေါမမာလာသည် ပုလဲရတနာ လည်ဆွဲလေးဆွဲလိုက်လျှင် အလှတွင် အယဉ်ဆင့်သွားသည်ဟု ဆိုရပေမည်။ သူ၏ ဖြူဖွေးသေးသွယ်သော ကိုယ်လုံးကိုယ်ထည်လေးပေါ်မှာ နံ့သာရောင်



www.burmeseclassic.com

www.burmeseclassic.com

ရင်ဖုံးအကျႌခါးရှည်နှင့် သေ ၂ပ်စွာ ထုံးထားသော ဆံထုံးထက်မှာ ကနုက မာ ပန်းခိုင်လေးပန်လျက် ပုလဲပုတီးကို လည်မှာဆွဲ၍ ပြုံးပြုံးရွှင်ရွှင် မျက်နှာ တော်လေးကိုမြင်လိုက်သည့်အခါ မူယာ နှင့် သူဇာတို့မှာ ပျော်မဆုံးနိုင်ပေ။

ဟေမမာလာသည် ရွှေနန်းထက် မှာ မွေးဖွားလာခဲ့သော်လည်း မာန် မာန မရှိ၊ လောဘ၊ ဒေါသ၊ မောဟ နည်းပါးသူတစ်ဦး ဖြစ်သည်။ မျက်နှာ မြင် ချစ်ခင်ပါစေဆိုသော သူများတွင် ဟေမမာလာတစ်ယောက်လည်း အပါ အဝင်ဟု ဆိုရပေမည်။ ဟေမမာလာ ကို တွေ့မြင်သူမှန်သမျှတို့သည် ရင်းနှီး ချစ်ခင်ကြသည်။ အပြောအဆိုမှာ နူးညံ့သိမ်မွေ့သလို ချိုသာသော အသံ ပိုင်ရှင်တစ်ဦးလည်း ဖြစ်ပါသည်။ တစ် ခုတော့ရှိသည်။ ဟေမမာလာသည် လမ်းခရီးတွင် သူ့ကိုယ်သူ နန်းတွင်း သူတစ်ဦးနှင့်မတူအောင် အထူးဂရုပြု နေရသည်။

ကုန်သည်တစ်ဦး၏သမီး၊ သူဌေး တစ်ဦး၏သမီးဟု အထင်ခံရလျှင် အကြောင်းမဟုတ်သော်လည်း ဘုရင့် သမီးတော်တစ်ဦးဟု အထင်ခံရသည် ဆိုပါက နောက်ဆက်တွဲပြဿနာများ ပေါ်လာနိုင်သည်။ "ဘယ်တိုင်းပြည် ကလဲ"၊ "ဘယ်ဘုရင့်သမီးတော်လဲ"၊ "ခု ဘယ်တိုင်းပြည်ကို သွားမှာလဲ" စသည်ဖြင့် စပ်စပ်စုစုလုပ်လာနိုင်သည်။

ဒန္တကုမာရ မင်းသားလေးက တော့ အနေအထိုင် ပြောရန်မလို။ လူ များစုနှင့် ရောရောနှောနှော နေထိုင် တတ်သည်။ မည်သို့ပင် ရောရောနှော နှောနေထိုင်သော်လည်း တပ်မှူးလေး နန္ဒနှင့် ကိုဝဏ္ဏတို့ အမဲလိုက်ရန် တော သို့ဝင်လျှင် ဒန္တကုမာရမင်းသားလေး ကို လုံးဝခေါ်သွားခြင်းမရှိပေ။ မင်း သားလေး တောတွင်းမှာ တစ်စုံတစ် ရာ ဖြစ်မည်စိုးရသည်။

ယနေ့ တပ်မှူးလေးနှင့် ကိုဝဏ္ဏ တို့ သီတာဂါမနှင့် မဝေးလှသောနေ ရာတွင် ပျားအုံများတွေ့ထားသဖြင့် ပျားဖွပ်သွားရန် ရေပုံးလွတ်များနှင့် တည်းအိမ်မှ ထွက်မည်အပြုတွင် –

"ကိုဝဏ္ဏ ဘယ်သွားမှာလဲ"ဟု သူဇာက မေးသည်။

"ဘယ်သွားသွား နင်နဲ့ဘာဆိုင် လဲ"ဟု ပြန်ပြောသည်။

"အစ်ကိုကလည်း၊ သူဇာတို့ ဒီအိမ်ထဲမှာချည်းနေရတာ ကြာရင် သေကော့မယ်။ ပျင်းလှပြီ။ အစ်ကိုတို့ နောက် အပျင်းပြေလိုက်ခဲ့မယ်နော်"

"ဟုတ်ရှာမှာပါ ကိုဝဏ္ဏရယ်။ ခုသွားမှာက အဝေးမှမဟုတ်တာ။ ခေါ်ခဲ့ပါ ဗျာ"

ဟု တပ်မှူးလေးနန္ဒကပါ ဝင် ရောက်ပြောသဖြင့် –

"နင်လိုက်ချင်ရင် နင့်မမ မူယာ ကိုလည်းခေါ်ခဲ့"

ဟု ဝဏ္ဏကပြောသဖြင့် သူဇာ နှင့်မူယာတို့သည် သခင်မလေးထံ ခွင့် ပန်၍ ကိုဝဏ္ဏတို့နှင့် လိုက်ခဲ့ကြသည်။

သူဇာသည် သီတာဂါမရွာတွင် နေ့ရက်ကြာကြာ နေလာရသဖြင့် ယခု လို တောထဲတောင်ထဲ လိုက်လာရ သည်မှာ ပျော်စရာဟု အစပိုင်းတွင် ထင်ခဲ့သော်လည်း တောနက်လာ သဖြင့် ဝါးရုံပင်များကြားမှ တိုးဝှေ့ လျက် ကျောက်လွှာ ကျောက်ချပ်တွေ ကြား ခက်ခက်ခဲခဲသွားရသဖြင့် တစ် ကိုယ်လုံး ချွေးတွေစိုစိုရွှဲလျက် မော ဟိုက်လို့ လာတော့သည်။

"အစ်ကိုဝဏ္ဏ မရောက်သေးဘူး လား။ ရေဆာလှပြီ" ဟု သူဇာကပြော လျှင် ကိုဝဏ္ဏက –

"နင်တို့ကို ဒါကြောင့် မခေါ်ချင် တာ။ ဇွဲကိုမရှိဘူး"

"ကိုဝဏ္ဏရယ်၊ သူတို့က မိန်းမ သားတွေဆိုတော့ မောရှာမှာပေါ့။ ခဏလောက် နားပေးလိုက်ပါဗျာ"

ဟု တပ်မှူးလေးက ပြောလိုက် လေ၏။ ကိုဝဏ္ဏသည် သူဇာအား တစ်ချက်စိုက်၍ကြည့်လိုက်ပြီး –

"ကိုင်း . . . ဒီမှာ ခဏထိုင်နား ကြ"ဟု ပြောလိုက်သည်။

တပ်မှူးလေးနန္ဒသည် ဓားတစ် ချောင်း ခါးမှာထိုး၍ အုန်းပင်တစ်ပင် ပေါ်သို့ ပေါ့ပါးစွာတက်သွားပြီး အုန်း ခိုင်များကို ဓားဖြင့် တစ်ဖြောင်းဖြောင်း ခုတ်ချလိုက်တော့သည်။

"သူဇာ . . . ရေဆာတယ်ဆို၊ အုန်းရည်တွေသောက်"

ဟုဆိုကာ လက်တွင်းမှ ဓားကို ပါပစ်ချ၍ ပေးလိုက်သည်။

"ဟုတ်ကဲ့ ကိုနန္ဒ"

ဟုဆိုကာ သူဇာသည် အုန်းသီး များကို အခိုင်လိုက်ဆွဲယူလာပြီး ဓား ဖြင့် အုန်းသီး၏ခေါင်းပိုင်းထိပ်ဖွင့်၍



www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးပြီးတစ်လုံး သောက်တော့သည်။

"မမမှုယာ သောက်လေ။ ချိုတယ် မမရဲ့"

ဟုပြောရင်း သူ့မမကို ခွဲပြီးသား အုန်းသီးကိုလှမ်းပေးပြီး နောက်ထပ်တစ်လုံးပြီးတစ်လုံး ခွဲနေရင်း –

"အား . . . ဓားထိပြီ"

သူဇာသည် အုန်းသီးကို လက်တစ်ဖက်ဖြင့်ကိုင်၍ ဓားကိုမြှောက်ကာ ခုတ်လိုက်ရာ ဓားချက်လွဲချော်၍ သူ၏လက်မကို ဓားထိသွားခြင်းဖြစ်သည်။

"နင်ဟာလေ . . . အရာရာနဲ့ အကြောင်းကြောင်း"

ဟု ကိုဝဏ္ဏကဆူသည်။

တပ်မှူးလေးနန္ဒသည် အုန်းပင်ပေါ်မှ ဆင်းလာပြီး သူဇာ၏လက်မှ အနာကို ဆေးဖက်ဝင်အရွက်များ ခူး၍ သတ္တုရည်ရအောင်ခြေကာ –

"သူဇာ . . . ဘယ်မှာလဲ နင့်အနာ၊ ဆေးထည့်ပေးမယ်"

ဟုဆိုကာ သူဇာ၏လက်မှ ဓားဒဏ်ရာအား ဆေးထည့်ပေးလိုက်လျှင် –

"အားပါးပါး . . . စပ် စပ်တယ်"

ဟုဆိုကာ လက်ကို ပြန်၍ရုပ်လိုက်သည်။ ထိုအခါ တပ်မှူးလေးက

"ဟဲ့ . . . သူဇာ၊ ဆေးဆိုတာ အနည်းနဲ့အများတော့ စပ်မှာပေါ့။ ဒါမှပျောက်သွားမှာ။ ပေး . . . ပေး နင့်လက်"

ဟုဆိုကာ နန္ဒက သူဇာ၏လက်ကိုဆွဲယူ၍ ဆေးထည့်ပေးလိုက်ပါတော့သည်။

သူဇာသည် သူမ၏လက်ကို တပ်မှူးလေးက ဆွဲယူလိုက်သဖြင့် ရင်တုန်၊ အသည်းတုန်ဖြစ်လျက် အနာနာတာတွေ၊ ဆေးထည့်လို့ စပ်တာတွေ မေ့ပျောက်ကာ ရင်ခုန်သံတွေ တဒုန်းဒုန်း တဒိုင်းဒိုင်း ဆူညံနေသည်ဟု ထင်ရပါသည်။ မိန်းမပျိုတစ်ဦးအား ယောကျ်ားပျိုတစ်ဦးက မိမိလက်ကို ဆွဲကိုင်ထားသဖြင့် ရှက်စိတ်ဝင်လာပြီး မျက်နှာတစ်ခုလုံးမှာလည်း နီရဲ၍နေသည်။

တပ်မှူးလေးသည် သူ၏အကျီလက်မောင်းနေရာကို ဆွဲဖြဲသံကြားမှ သူဇာ သတိတရားတွေ အသိတွေဝင်လာကာ ကိုဝဏ္ဏရှိရာသို့ ကြည့်လိုက်တော့ ကိုဝဏ္ဏတို့ ထသွားပြီဆိုတာ သိလိုက်ရသည်။

"တိုင်း . . ဒါလေးနဲ့ စည်းထားရအောင်။ ဒါမှ သွေးမထွက်မှာ"

ဟုဆိုကာ လက်ကိုဆွဲယူ၍ အနာကို အဝတ်နှင့် စည်းပေးနေပါသည်။ သူဇာ ကိုနန္ဒမျက်နှာကို ကြည့်လိုက်တော့ သူ့မှာ ဘာခံစားမှုမှ မတွေ့ရ။ သူဇာ သက်ပြင်းချလိုက်မိတော့သည်။ သူတို့ ကိုဝဏ္ဏနောက်သို့ ခတ်သုတ်သုတ်လိုက်လာကြသည်။ အတော်လေးသွားမှ ကိုဝဏ္ဏကို လှမ်း၍မြင်လိုက်ရသည်။ ကိုဝဏ္ဏသည် ပိန္နဲပင်ကြီးပေါ်သို့တက်ရန် ဝါးကိုခုတ်၍ ရင်းထောင်အဖြစ် ပြုလုပ်နေ၏။

"မှုယာ . . . ရေပုံးနဲ့ကြိုးယူခဲ့။ ကိုနန္ဒ . . ခင်ဗျားပျားဖွပ်ဝှံ့ရင် ဟိုသရက်ပင်က ပျားအုံကို တက်ဖွပ်ပေါ့။ သူဇာနဲ့မှုယာ . . . ငါတို့က သစ်ပင်တွေပေါ်တက်ပြီး ပျားဖွပ်ရမှာနော်။ နင်တို့နှစ်ယောက် ငြိမ်ငြိမ်ကာလေးနေကြ။ လှုပ်လှုပ်လုပ်တာနဲ့ ပျားတုပ်ခံရပြီလို့မှတ်"

ကိုဝဏ္ဏသည် ပြောပြောဆိုဆို မှုယာလက်တွင်းမှ ရေပုံးအလွတ်တစ်လုံးကိုယူ၍ ပိန္နဲပင်ကြီးပေါ်သို့ တက်သွားသည်။ အပေါ်ရောက်သည်နှင့် ဆေးရွက်ကြီးများကို မီးရှို့လိုက်ရာ ပျားအုံကြီးတစ်ခုလုံး မီးခိုးများ ဖုံးသွားတော့သည်။ ပျားတို့သည် မီးခိုးလုံးကြီးဒဏ် မခံနိုင်သဖြင့် အပေါ်သို့ ပျံ၍တက်သွားကြပြီး မီးခိုးလွတ်ရာမှ ပြန်လည်ဆင်းလာကြပြီး ရန်သူကို လိုက်ရှာကြသည်။ သူဇာသည် ပျားတွေအုပ်စုလိုက် သူတို့ထံဦးတည်၍လာနေသည်ကို ကြည့်၍ –

"မမသူဇာ . . . ကြောက်တယ်။ သူဇာ့ဆီက သွေးနံ့ရလို့ ပျားတွေတန်းလာနေကြပြီ။ သူဇာကြောက်ဘယ်။ ကြောက်တယ်"

သူဇာသည် ပျားများလိုက်လာသဖြင့် ပြေးမိပြေးရာ စွပ်ပြေးတော့သည်။

"သူဇာ . . . အဝတ်ကိုခြုံပြီး မြေမှာဝပ်နေလိုက်"

ဟု မှုယာကအော်သည်။ သို့သော် မရတော့ပါ။ ပျားများသည် တဝီဝီပျံသန်း၍ အုပ်စုလိုက်ကြီး သူဇာနောက်လိုက်နေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အစော်ကြီး ပြေးမိသောအခါ နန္ဒနှင့်ထိပ်တိုက်တိုး၍ နန္ဒက သူမလက်ကိုဆွဲကာ တွန်းလှဲလိုက်ပြီး သူမ၏ကိုယ်အပေါ်မှ ဖိထားလိုက်တော့သည်။

မောဟိုက်နေသော သူဇာသည် လေးလံလှသော နန္ဒ၏ ကိုယ်ကြီးအောက်တွင် ပိပြား၍ မလှုပ်ရှားနိုင်တော့ပေ။ နန္ဒသည် သူဇာအား တင်းကျပ်စွာ ဖက်ထားကြောင်းကိုတော့ သူဇာကောင်းကောင်းသိနေသည်။ ပျားတွေကို အ ကြောင်းပြ၍ သူ့အား ဖက်ထားတာလား ဘာလားတော့ သူမ မသိပေ။ သို့သော် သူဇာပျော်နေသည်။ တပ်မှူးလေးနန္ဒအား သူစိတ်ဝင်စားခဲ့သည်မှာ ကြာပါပြီ။ တစ်နေ့ချစ်ခွင့်တောင်းလာမည်ဟုလည်း ကြိုတင်တွက်ထားခဲ့သည်။ သို့သော် အလုပ်များသော တပ်မှူးလေးသည် သူမနှင့် ဘယ်သောအခါမှ ကြာကြာအေးအေးဆေးဆေး မတွေ့ရပါ။ ခုတော့ သူဇာ သူ့ရင်ခွင်ထဲ ရောက်နေပါပြီ။

"တပ်မှူးလေးရယ် . . . သူဇာ တပ်မှူးလေးကို ဒီလိုပြုမူတဲ့အတွက် လုံးဝစိတ်မဆိုးပါဘူး"ဟုလည်း စိတ်တွင်းမှ ရေရွတ်နေမိသည်။

"သူဇာ ထတော့၊ ပျားတွေမရှိတော့ဘူး"

တပ်မှူးလေးက သူဇာအား လက်ကမ်း၍ပေးကာ ထတော့ဆိုမှ သူဇာလူးလဲထလိုက်ရသည်။ အချိန်မည်မျှကြာသွားသည် မသိ။ ပျားတွေကတော့ သူတို့အနီးတွင် မရှိတော့ပေ။ သူဇာ တပ်မှူးလေး၏ မျက်နှာကို မကြည့်ရဲပါ။ ရှက်စိတ်နှင့် ကြောက်စိတ်များ ရောနှော၍နေသည်။

"သူဇာ . . . ညီမလေး ပြန်ကြစို့လေ၊ လာတော့"

မူယာ၏အသံကြားမှ ကိုဝဏ္ဏနှင့် မမမူယာတို့ကို သတိရလာကာ အသံလာရာသို့ ပြေးထွက်ခဲ့ပါတော့သည်။

"သူဇာ . . . သူဇာ၊ ကိုနန္ဒ ဘယ်မှာလဲ"

မူယာသည် သူမအား ပြေး၍ ဖက်လိုက်သော သူဇာအား စိုးရိမ်တကြီး မေးသည်။ ကိုဝဏ္ဏသည် ပျားရည်ပုံးကြီးအား လက်မှဆွဲပြီး သူတို့အနီးသို့ ရောက်လာပြီး –

"ကိုဝဏ္ဏ ကိုနန္ဒကို ခေါ်ကြည့်ပါဦး။ သူတစ်ခုခု ဖြစ်နေပါ့မယ်"

ကိုဝဏ္ဏသည် ဟိုဟိုဒီဒီ ကြည့်၍ မမြင်သဖြင့် ပျားရည်ပုံးကို မြေမှာချပြီး လက်နှစ်ဖက်ကို ကတော့လုပ်၍

"ကိုနန္ဒ . . . ဗျို့ . . . ကိုနန္ဒ လာတော့ဗျို့ ပြန်ကြမယ်"

"လာပါပြီ ကိုဝဏ္ဏ။ ကျွန်တော် ဒီမှာရှိပါတယ်"

ဝါးရုံပင်အကွယ်မှ ဘွားခနဲပေါ်လာသော ကိုနန္ဒကိုမြင်လိုက်ရတော့ မူယာလန့်သွားသည်။

"ကိုဝဏ္ဏ . . . ကိုဝဏ္ဏ ဟိုမှာလာနေတာ ကိုနန္ဒဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ညီမလေးရယ်။ ကိုနန္ဒဟာ ညီမလေးသူဇာကို ကိုက်မလို့ လိုက်နေတဲ့ ပျားတွေကို ညီမလေး သူဇာကိုယ်စား သူအကိုက်ခံလိုက်တာ ကိုဝဏ္ဏ ပိန္နဲပင်ပေါ်ကနေ မြင်နေရပါတယ်"

"ဟင် . . ."

သူဇာ၏အသံ။

"ဖြစ်မှဖြစ်ရလေ ကိုဝဏ္ဏရယ်" မူယာ့အသံ။

"ကိုနန္ဒ ခင်ဗျား မျက်စိပေါက်တွေ ပိတ်နေပြီ၊ တစ်ကိုယ်လုံးလည်း ပျားအဆိပ်ကြောင့် ရောင်ကိုင်းလို့နေပြီ။ လမ်းလျှောက်လို့ ရပါ့မလား"

ဟု ကိုဝဏ္ဏက ပြောသည်။

"ရအောင် လျှောက်ရမှာပေါ့ဗျာ။ မျက်စိပေါက်တွေတော့ ပိတ်နေလို့ အောက်ကို သိပ်မမြင်ရဘူး"

"မူယာ တစ်လံလောက် ဝါးလုံးတစ်လုံးခုတ်ပြီး ကိုနန္ဒကို ရှေ့က ဆွဲခေါ်ခဲ့။ သူဇာ နင်ကော ပျားတုပ်ခံရသေးလား"

"ဟင့်အင်း၊ မခံရပါဘူး"

"နင့်ကို ပျားတုပ်မခံရအောင် ကိုနန္ဒဝင်ကယ်လို့ ဒီလိုဖြစ်ရတာ။ မူယာနဲ့ နင် ကိုနန္ဒကို စောင့်ခေါ်ခဲ့။ ဖေဖေမျှော်နေလိမ့်မယ်၊ ငါသွားနှင့်ပြီ"

ကိုဝဏ္ဏသည် ပြောပြောဆိုဆို ပျားရည်ပုံးကြီးဆွဲ၍ ထွက်သွားသည်။ သူဇာသည် ကိုဝဏ္ဏမရှိတော့မှ ကိုနန္ဒအား သေချာကြည့်လိုက်မိသည်။

"ဖြစ်မှဖြစ်ရလေ ကိုနန္ဒရယ်။ ဒါသူဇာ့ကြောင့် ဖြစ်ရတာပါ"

"ရပါတယ် သူဇာ၊ မကြာခင် ပျောက်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"မိသူဇာ ခုမှသဲပြမနေနဲ့။ ဖေဖေ မျှော်နေတော့မယ်။ သွားကြစို့။ ကိုနန္ဒ ဒီဝါးဖျားကို ကိုင်လိုက်ခဲ့ပါ။ သူဇာ ကိုနန္ဒကို ဖေးမပြီး ဘေးကလိုက်ခဲ့"

မူယာသည် သူဇာအား အမိန့်ပေးပြီးတာနှင့် ဝါးတောင်ဝှေးဆွဲကာ တစ်လှမ်းခြင်း တစ်လှမ်းခြင်း ရှေ့မှ သွားသည်။ သူဇာကတော့ ကိုနန္ဒ၏ လက်တစ်ဖက်ကိုကိုင်၍ –

"ရှေ့မှာကျင်း၊ ဇနှ့မှာသင်္ဂုံ. ရှေ့မှာမြောင်း၊ ရှေ့မှာခလုပ်"

ဟု တတွတ်တွတ်ပြော၍ ပေါ့က် ပါလာခဲ့သည်။ ပျော်စရာနေ့ကလေး တစ်နေ့ ဖြစ်လေမလားဟု တွေးထင်ကာ တောထဲလိုက်လာခဲ့သော မူယာနှင့်သူဇာ ခုတော့ ပျားတုပ်ခံရသော တပ်မှူးလေးနန္ဒအားဆွဲ၍ တွဲ၍ဖေးမရင်း သီတာဂါမသို့ ပြန်ခဲ့ကြရတော့သည်။

"မိသူဇာ နင်ဟာလေ အမြဲတမ်း ပြဿနာကိုမီးထွန်းရှာတဲ့ မိန်းကလေး ပါလား"

သူဇာတို့ အိမ်ရောက်တာနှင့် ဦးစိတ္တက ဆီး၍ဆူသည်။

"ကြည့်ပါဦးဗျာ ကျုပ်သမီးလေး မိသူဇာကြောင့် ကျုပ်တို့တပ်မှူးလေး ပျားဆိပ်တွေတက်ပြီး ရောင်လို့ကိုင်းလို့ ဘိုးသက္ကာ ကြည့်လုပ်ပါဦး"

"မပူပါနဲ့ ဖိုးစိတ္တာရယ်။ ကျုပ်မန်းမှုတ်ပေးလိုက်ရင် ခဏနဲ့ အဆိပ်တွေ လျှော့ကျသွားမှာပါ။ မောင်ဝဏ္ဏ ဆီးဖြူသီးငါးလုံး ခူးခဲ့ပါဟေ့"

ကိုဝဏ္ဏ ဆီးဖြူသီးများ ယူလာပြီး ဘိုးသက္ကာလက်သို့ ထည့်ပေးလိုက်သည်။ ဘိုးသက္ကာသည် ဆီးဖြူသီးငါးလုံးကို ရေဆေး၍ ရေခွက်တစ်လုံးတွင် ရေနှင့်ဆီးဖြူသီး ရောထည့်ပြီးလျှင် ခန္ဓသုတ်ပရိတ်တော်ကို တတွတ်တွတ် ရွတ်ဆိုသည်။

"ဦ . . . ဘုရားဆေး၊ တရားဆေး၊ သံဃာတော် အရှင်မြတ်ဆေး ဤဆေးသောက်တာနဲ့ ပျားဆိပ်တို့ ယည ပ်န်းကြာရွက်ပေါ်တွင် ရေမတင် သိသာဘဲသို့ လျှော့ကျပျောက်ကင်းပါ စေသား"

ဘုဆိုကာ ရေကိုသောက်စေ၍ ဆီးဖြူသီးကို စားစေသည်။

ဆေးတိုက်ပြီးလျှင် တပ်မှူးလေးအား အိပ်စေ၍ စောင်ထူထူ ခြုံပေးလိုက်သည်။

ညသို့ရောက်သည်နှင့် အရောင်လျော့ကျသွားသည်။ သို့သော် အဖျားဝင်လာသဖြင့် ကိုနန္ဒတစ်ကိုယ်လုံး နတ်ပူးသလို တုန်နေတော့သည်။

"သူဇာ . . . သူဇာ"

"ရှင် . . . ကိုနန္ဒ"

"နောက်မှာပျားတွေ . . ဝပ်ချလိုက်"

ကိုနန္ဒဖျားနေသဖြင့် ကယောင်ကတမ်းပြောနေသည်မှန်း ခုမှ သူဇာ သိလိုက်သဖြင့် စောစောက "ရှင် . . ကိုနန္ဒ"ဟု ထူးမိလိုက်သည်ကို ဘေးလူများကြားသွားလေမလားဟု တောင်တောင်အီအီ ကြည့်မိသည်။ သို့သော် ဘယ်သူမှမရှိလို့ တော်ပါသေး၏။ နေ့ဘက်မှာ အလုပ်လုပ်ကြရသဖြင့် ညဘက်တွင် တစ်နေ့တာ မောပန်းသမျှ အတိုးချ၍အိပ်နေကြသဖြင့် ဘယ်သူမှ မကြားခြင်းဖြစ်သည်။ ကိုဝဏ္ဏဆိုလျှင် အိပ်မောကျကာ ဟောက်လို့ပင် နေသေးတော့၏။

"သူဇာ မောင်ကြီးချမ်းတယ်။ ဖက်ဖက်ထားစမ်းပါကွယ်"

သူဇာ လန့်သွားသည်။ သူ တကယ်ကော ဖျားတာဟုတ်ပါရဲ့လားဟု နဖူးကို စမ်းကြည့်သည်။

"ပူနေလိုက်တာ လွန်ပါရော လား။ ချွေးလည်းမထွက်ဘူး"

ဟု တွေးနေမိသည်။

"သူဇာ မောင်ကြီးကို ဖိထားပါကွယ်။ မောင်ကြီး ချမ်း . . ချမ်းလှပြီ"

သူဇာ ဘာလုပ်ရမှန်းမသိ။ သူ့ကို ဖိပေးတာက အရေးမဟုတ်။ တစ်ယောက်ယောက် မြင်သွားလျှင် ဒုက္ခ။

"သူဇာ မောင်ကြီး မင်းကိုချစ်တယ်ကွယ်"

ခက်ပဲ ခက်ရချေပြီ။ သူအဖျားမကျမချင်း ဒီလိုယောင်ယမ်း ပြောနေပါက အဖေတို့၊ အစ်ကိုတို့ သိသွားကော့မည်။

"သူဇာ မောင်ကြီးကို ဖက်ထားပါနော်။ ချမ်းလွန်းလို့ပါကွယ်"

သူဇာ တောင့်၍မခံနိုင်တော့ပါ။ တပ်မှူးလေး၏ စောင်ခြုံအတွင်းသို့ မိသူဇာတစ်ယောက် ဝင်ရောက်သွားတော့သည်။

ပူနွေးနေသော သူ့လက်ကြီးများဖြင့် သူဇာအား ဖက်ထားသည်။ သူဇာ မရုန်းမဖယ်ပါ။ အေးစက်နေ



www.burmeseclassic.com

www.burmeseclassic.com

သော မိသူဇာမှာ တပ်မှူးလေးနန္ဒ၏ ကိုယ်ပူရှိန်ကြောင့် နွေးထွေးလာကာ အိပ်ပျော်၍သွားတော့သည်။ တပ်မှူးလေး၏ တိုးတိုးလေးခေါ်နေသော "သူဇာ . . သူဇာ . . မင်းကို မောင်ကြီးချစ်တယ်"ဆိုသော အသံတွေကိုလည်း သူမကြားတော့ပေ။

* * * * *

## • ကန်စီပူရသို့ •

တပ်မှူးလေးနန္ဒသည် သူ၏ရဲမက်များနှင့်အတူ ကန်စီပူရသို့ ခရီးထွက်ခဲ့သည်။ သူနှင့်အတူ သီတာဂါမမှ သီဟနှင့်သူရဆိုသူ လူငယ်နှစ်ဦးလည်း လိုက်ပါလာခဲ့သည်။

သီဟနှင့်သူရသည် ပင်လယ်ပြင်ကိုအမှီပြု၍ အသက်မွေးရသူများဖြစ်သဖြင့် ပင်လယ်အကြောင်း ကောင်းကောင်းကြီး သိနေသူများဖြစ်သည်။ တပ်မှူးလေးနန္ဒသည် သီဟိုဠ်ကျွန်းသို့သွားလျှင်ပင် လယ်ကြီးဖြတ်ကူးရန်မှာ သီဟနှင့် သူရတို့၏ စွမ်းရည်များကို အသုံးပြုနိုင်ရန် များစွာလိုအပ်ပေသည်။ ထို့ကြောင့် သူတို့နှစ်ဦးအား လိုက်ပါရန်စည်းရုံး၍ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တပ်မှူးလေးနန္ဒသည် ခရီးထွက်၍လာသော်လည်း ကျန်းမာရေးက ကောင်းလှသည်တော့ မဟုတ်ပေ။ သီတာဂါမတွင် ဆက်လက်နေပါက သူနှင့်သူဇာအကြောင်း သခင်လေးဒန္တကုမာရနှင့် သခင်မလေးတို့ သိသွားမည်ကို စိုးရွံ့၍နေမိသည်။

နန္ဒ ဖျားဆိပ်တက်၍ ဖျားသောညက ကယောင်ကတမ်းတွေပြောပြီး အိပ်ပျော်သွားသည်။ တစ်ကိုယ်လုံး ချွေးတွေစိုရွှဲနေသည့်အတွက် လန့်နိုးလာသည်နှင့် သူ့ကိုဖက်၍ အိပ်ပျော်နေသော သူဇာကို တွေ့လိုက်ရသဖြင့် ထိတ်လန့်သွားပြီး အိပ်ရာမှ လူးလဲထကာ သူဇာလေးမနိုးမီ အဝတ်အစားလဲကာ ဘိုးသက္ကတဲသို့သွား၍ ရေနွေးကြမ်းသောက်ရင်း မိုးလင်းသည်ထိ စကားပြောနေလိုက်ရသည်။

ထို့နောက်နေ့များမှာတော့ သူဇာလေးက သူ့ကို အတွေ့မခံတော့ပေ။ ရှက်၍ရှောင်နေသည်လား၊ ဒေါသဖြစ်၍ ရှောင်နေသည်လား၊ စိတ်နာ၍ ရှောင်နေသည်လား ဝေခွဲမရပေ။

သူဇာနှင့်တွေ့ပြီး မေးကြည့်မည်ဟု စိတ်ကူးသော်လည်း သတ္တိမရှိပါ။ စစ်ပွဲမှာ ရဲရင့်စွာ ရန်သူများနှင့် ရင်ဆိုင်ရဲသော်လည်း ဘာမဟုတ်သည့် သာမန်အရပ်သားတစ်ဦးကို သူရင်မဆိုင်ဝံ့။

ဇမ္ဗူသပြေပင်ကြီးအောက်မှာ သူတို့စခန်းချ ရပ်နားကြသည်။ တပ်သားရဲမက်များကို တဲတန်းများ ပြုလုပ်ရန် စေခိုင်းပြီး သီတာဂါမသို့ ရဲမက်နှစ်ဦးလွှတ်၍ အကြိုတော်ထောက်ခိုင်းလိုက်သည်။

ခုချိန်ထိတော့ နယ်မြေက အေးချမ်းနေသည်။ ဤလမ်းသည် မုဆိုးများအသုံးပြုသော တောလမ်းဖြစ်သည့်အတွက် လူသွားလူလာ၊ လမ်းသွားလမ်းလာ မရှိသလောက် ရှားပါးသည်။ တောကောင်ထူထပ်၍ ကျောက်တောင် ချောက်ကမ်းပါးတွေ များလှသဖြင့် ဤလမ်းမှာ ဘယ်ကုန်သည်မှ မလာကြ။

တစ်ခါတစ်ခါ ဆင်ဖမ်းသော ကျုံးများကို တွေ့ရသလို ဆင်ဖမ်းအဖွဲ့များနေသော တဲစခန်းများကိုလည်း တွေ့ရတတ်သည်။

ဇမ္ဗူသပြေစခန်းသို့ သခင်လေးနှင့် သခင်မတို့အဖွဲ့ ရောက်လာသည်။ သခင်မလေးတို့ ဇမ္ဗူသပြေစခန်းရောက်လာသောအခါ သူဇာသည် ဆင်ပေါ်မှဆင်း၍ သခင်မအပါးမှ လိုက်လာသည်။ သခင်မလေးက နန္ဒရှိရာသို့ လှမ်းကြွလာသည်နှင့် သူဇာသည် သခင်မလေးအတွက် သီးသန့်ဆောက်ထားသော စံနန်းပေါ်သို့ တက်သွားပြီး မဆင်းလာတော့ပေ။ ထိုစခန်းမှာလည်း ကြာကြာမနေ၊ ရှေ့သို့ ခရီးဆက်ခဲ့ကြသည်။

သုံးယူဇနာလောက် ရောက်ကြလျှင် သရက်တောကြီးတစ်တော တွေ့သဖြင့် စခန်းချရပ်နား၍ သခင်မလေးတို့အား အကြိုတော် ထောက်ခိုင်းရပြန်သည်။ သီတာပူရီနှင့် ကန်စီပူရသည် ယူဇနာပေါင်း မြောက်မြားစွာ ဝေးကွာလှသဖြင့် လနှင့်ချီ၍ သွားကြရပေဦးမည်။ ရိက္ခာအတွက် ဆန်နှင့်ဂျုံ ပါလာသဖြင့် တော်ပါသေးသည်။ ဟင်းကမရှားပါ။ တောကောင်များပေါသည်။ ရဲမက်များသည် စခန်းတစ်ခုရပ်နားတိုင်း အမဲပစ်ထွက်၍ ရသော အကောင်များအား အမဲခြောက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရန် နေပူမှာလှန်းကာ ရိက္ခာ စုကြသည်။ သခင်မလေးတို့ သရက်တောသို့ရောက်ရှိလာကြသောအခါ တပ်မှူးလေးနန္ဒသည် ခရီးမဆက်သေး။ တစ်ရက်နှစ်ရက် နားဦးမည်ဟုဆိုကာ ထိုစခန်းတွင် ဆက်လက်နေသည်။

"ဖိုးစိတ္တ . . သီတာဂါမနဲ့ ကန်စီပူရလမ်းမှာ စခန်းတွေကို နာမည်ပေးထားရင် မှတ်လို့လွယ်မယ်ဗျ"

ထိုညက ဘိုးသက္ကနှင့် ဦးစိတ္တတို့ ရေနွေးကြမ်းသောက်ရင်း စကားလက်ဆုံကျနေခြင်းဖြစ်သည်။

"ကောင်းပါရဲ့ဗျာ။ ပြီးခဲ့တဲ့စခန်းက သပြေပင်ကြီးအောက် နားခဲ့တာဆိုတော့ ဇမ္ဗူစခန်းလို့ နာမည်ပေးလိုက်ဗျာ"

"ဟုတ်ပြီ။ ဒါဆို ခုရောက်နေတဲ့စခန်းက သရက်ဖြူပင်တွေပေါတော့ သဟကာရစခန်းပေါ့ဗျာ"

သဟကာရစခန်းတွင် တစ်ညမျှသာ နားခဲ့ရပါသည်။ ထိုစခန်းသည် ရှေးက ရွာတည်ခဲ့ဖူးသော ရွာဟောင်းကုန်းဖြစ်သည်။ သရက်ဖြူဥယျာဉ်ကြီးသည် ရှေးက သုသာန်နေရာဖြစ်သည့်အတွက် ထိုညက တစ်ညလုံး မအိပ်ခဲ့ရပေ။

ညဦးပိုင်းတွင် ဘိုးသက္ကနှင့် ဦးစိတ္တတို့ ဘုရားရှိခိုး အမျှဝေကြသည်။ မိမိတို့နေရာတွင်းသို့ ရန်သူမျိုးငါးပါးမှအစ မကောင်းသောဘေး၊ မကောင်းသောရန်၊ မကောင်းသော ဥပဒ် မဝင်ရောက်နိုင်ရန် စည်းချ၍ အိပ်ကြသည်။

သို့သော် အိပ်၍ပျော်စမှာပင် တဝုန်းဝုန်းသံများ ထွက်ပေါ်လာသည်။

"ဖိုးစိတ္တ ဘာသံတွေလဲဗျ"

"သရက်ပင်လဲတဲ့အသံ ထင်တာပါပဲဗျာ"

ညသည် ပြန်လည် တိတ်ဆိတ်သွားပြန်သည်။ လဆန်းရက်မို့ လကွေးကွေးလေးကလည်း အနောက်ကျွန်းသို့ ဝင်ရောက်ပျောက်ကွယ်လုပေပြီ။ တပ်မှူးလေးတို့ တဲဘက်ဆီမှ တိုးတိုးပြောနေသံတော့ ကြားနေရသည်။ သခင်မလေးတို့ တဲဘက်ဆီကတော့ တုတ်တုတ်မျှမလှုပ်။

"ဝေါ . . . ဝေါ"ဆိုသော ဆင်ရိုင်းအော်သံကြီး ပေါ်လာပြန်ပါသည်။

"တပ်မှူးလေးနန္ဒ၊ မီးဖိုထဲကို ဝါးဆစ်ပိတ်တွေထည့်ပါ။ ဆင်တွေလာနေပြီ"ဟု ဝဏ္ဏက သတိပေးသည်။

တပ်မှူးလေးတို့တဲဘက်မှ ထင်းမီးရောင်လင်းလာပြီး မကြာမီ တဖုန်းဖုန်း တဖောင်းဖောင်း မြည်သံများ ထွက်ပေါ်လာပါတော့သည်။

"ဟတ္ထိတွေဟာ မီးရောင်နဲ့ ဖုန်းဖုန်းဒိုင်းဒိုင်း ဖြောင်းဖြောင်းဆိုတဲ့ အသံတွေကြားရင် သူတို့ အားကြီးကြောက်တယ်ဗျ"

ဟု ဦးစိတ္တက ရှင်းပြသည်။

ထိုအချိန်တွင် တဲတစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်ထိ လှုပ်ယမ်းသွားပြန်သည်။ ခေတ္တမျှကြာသော် တော်လဲသံကြီးလို ဟိန်း၍ ဂျိုးဂျိုးဂျိမ်းဂျိမ်း အသံများပေါ်လာသည်။ လူနာညည်းညူသံကြီးမျိုးတွေလည်း ဟိုမှဒီမှ ပေါ်လာသည်။

"ဘိုးဘိုးသက္က၊ သမီးတို့ကို လာခေါ်ပါဦး။ သမီးတို့ကြောက်တယ်"

သုဇာ၏အသံဖြစ်သည်။

"ကဲ ဖိုးစိတ္တရေ . . . ကလေးမလေးတွေ သွားခေါ်ကြဦးစို့"

ဟုဆိုကာ နှစ်ယောက်သား သခင်မလေးတို့ အဆောင်တော်ဘက်သို့ ထွက်လာခဲ့ကြသည်။

"ကိုင်း . . သမီးတို့ မြန်မြန်ဆင်းခဲ့ကြပေတော့"

သခင်မလေးနှင့် သုဇာ၊ မုဿာတို့ မြေပြင်ခြေတင်လိုက်သည်နှင့် ပြင်းထန်သော မြေလျှင်ကြီး လှုပ်ယမ်းနေပြန်သည်။

"ဘိုးဘိုး သမီးတို့ကြောက်တယ်"

ဟု သုဇာက ဘိုးသက္ကလက်မောင်းအား ကိုင်၍ပြောသည်။

"ကဲ . . . မြန်မြန်လေးပြေးစို့"

ဟုဆိုကာ ဘိုးသက္ကတို့သည် သူတို့တဲဘက်သို့ ပြေးလာကြသည်။

တဲသို့ရောက်ပြီး မကြာမီ ဗုဒ္ဓေါ ကျားအော်သံတွေ တဝေါင်းဝေါင်း ကြားနေရပြန်တော့သည်။

"ဖိုးစိတ္တ . . . ကျုပ် မေတ္တသုတ်ပရိတ် ရွတ်လိုက်ဦးမယ်။ ခင်ဗျား ကလေးမလေးတွေ မကြောက်အောင် အားပေးထားပေတော့"

ဟုဆိုကာ ဘိုးသက္ကသည် ဘုရားကျောင်းဆောင်ရှေ့မှာထိုင်၍ မေတ္တသုတ်ပရိတ်တော်ကို ရွတ်ဆိုနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် မဟာသခေါ် သာကျွဲအုပ်ကြီးသည် သူတို့တဲများအနီးမှ ဖြတ်ပြေးကြသည်။ ရန်သူလိုက်လို့ ကြောက်ကြောက်လန့်လန့် ပြေးနေသော ကျွဲအုပ်ကြီးအား ကြည့်၍နေခိုက် နောက်မှ ဂဝဇခေါ် နွားနောက်အုပ်ကြီး ပြေးလိုက်လာပြန်သည်။ တဖုန်းဖုန်း၊ တဒေါင်းဒေါင်း၊ တဖြောင်းဖြောင်း၊ တဝုန်းဝုန်းအသံများသည် တစ်တောလုံး တစ်တောင်လုံး ဆူလို့ညံလို့ နေတော့သည်။

"မီးများများ ထည့်ကြပါဟေ့"

ဝဏ္ဏက လှမ်း၍အော်ပြောသည်။ မုဆိုးလေးဝဏ္ဏကိုယ်တိုင် တောထဲတောင်ထဲ နေလာခဲ့သော်လည်း ဤမျှလောက် တစ်ခါမျှ တောခြောက်ခံရဖူးခြင်း ရှိဟန်မတူပေ။

တပ်မှူးနန္ဒ၏ ရဲမက်များသည် ဒူးလေးကို အသင့်ကိုင်၍ မည်းမည်းမြင်ရာ မြားနှင့်ပစ်ကြသည်။

သီဟနဲ့ သူရကတော့ ပင်လယ်ပြင်မှာ ဘာရန်သူကိုမှ အမှုမထားခဲ့သော်လည်း တောတောင်အတွေ့အကြုံမရှိသူများ ဖြစ်ကြသဖြင့် အကြောက်လွန်ကာ စောင်ခေါင်းမြီးခြုံလျက် ကွေးနေကြတော့သည်။

ခေတ္တကြာလျှင် ဂဏီခေါ် စိုင်အုပ်ကြီး ပြေးဝင်၍ လာပြန်ပါသည်။ တဖြောင်းဖြောင်း အသံများနှင့် ဖြတ်၍ပြေးသော စိုင်အုပ်ကြီးနောက်မှ သီဟခေါ် ခြင်္သေ့အုပ်ကြီးက တဝေါဝေါအသံတွေနှင့် ဟိန်းဟောက်၍ လိုက်ပါသွားတော့သည်။

"အဘစိတ္တ . . . သမီးတို့ ဘာလုပ်ကြမလဲ။ အားလုံးကြောက်လန့်နေကြပြီ"

ဦးစိတ္တ ခေတ္တစဉ်းစားပြီး –

"ဝဏ္ဏ . . သခင်လေးကိုခေါ်ပြီး ဒီကိုလာခဲ့ကြဟေ့"

ဟု ခေါ်လိုက်သည်။ ဒန္တကုမာရ ရောက်ရှိလာသည်နှင့် –

"သခင်မလေး မြတ်စွာဘုရားရှင် စွယ်တော်ခေတ္တပေးပါ"

ဟု ပြောလိုက်ရာ ဟေမမာလာသည် သူမ၏ ဆံကေသာကိုဖြေ၍ စွယ်တော်ကြုတ်ကို ယူလိုက်ပါသည်။

ထိုအချိန်တွင် မိုးချုန်းသံကြီး မြည်ဟည်း၍ လျှပ်စီးများ ဝင်းဝင်းလက်လက် လင်းလာ၍ မျက်စိများ ပြာသွားကြသည်။

ခြောက်သွယ်သော ရောင်ခြည်တော် လင်းဖြာ၍သွားသည်နှင့် အားလုံးသောသူတို့သည် လက်အုပ်ချီလျက် –

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"သံဃံ သရဏံ ဂစ္ဆာမိ"

တောတစ်ခုလုံး ဆူညံနေသော အသံများ တိတ်ဆိတ်ငြိမ်သက်၍ သွားပါပြီ။ တစ်မိုးလုံး မှောင်နေရာမှ ကြယ်ရောင်များလင်းလို့လာပြီး မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကြောင့် ကမ္ဘာသူကမ္ဘာသားတို့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေဟု ဘိုးသက္က ဆုတောင်း မေတ္တာဝေ၍ နေပါတော့သည်။

ကြောက်လန့်နေကြသောသူများ မှာလည်း မြတ်ဗုဒ္ဓ၏ဂုဏ်တော်၊ ကျေးဇူးတော် အနန္တတို့ကြောင့် ကြည်လင်ဝင်းပလျက် နံနက်သို့ ရောက်သည်နှင့် သူတို့တဲများအနီးမှ မြားမှန်ထားသော အရိုးစုများကို တွေ့ရှိကြရပေသည်။ နာနာဘာဝ အရိုးစုများသည် တစ်ချိန်က ရွာပျက်ကြီး သချိုင်းမြေမှထ၍ သူတို့အဖွဲ့ မနေနိုင်ရန် ခြောက်လှန့်ခဲ့ခြင်း ဖြစ်ပေသည်။

တစ်ညလုံး တဝုန်းဝုန်းလဲကျနေသော သရက်ဖြူပင်များမှာ အားလုံး ပကတိ ငြိမ်သက်စွာရှိနေလျက်ပါ၊ မည်သည့်သစ်ပင် လဲနေတာကိုမျှ မမြင်တွေ့ရပေ။

"တောကြီးရင် တောကြမ်းရင် ဒီလိုခြောက်တတ်တာပါပဲ"

ဟု ဘိုးသက္က ကပြောသည်။

"ခင်ဗျား ပရိတ်ရွတ်တာတော် မရပါလား"ဟု ဘိုးသက္ကအားကြည့်၍ ဦးစိတ္တက ဆိုလိုက်ရာ –

"ကျုပ်က မေတ္တသုတ် ပရိတ်ရွတ်တာဗျ။ ဘုရားရှင် လက်ထက်တော်က သျှားတောမှာသွားပြီး တရားအားထုတ်နေကြတဲ့ ရဟန်းတွေကို တောခြောက်လို့ ဘုရားရှင်ထံ ရောက်လာတယ်။ ဘုရားရှင်က ဒီမေတ္တသုတ်ပရိတ်ကို ရွတ်ခိုင်းတာနဲ့ နောင် တောမခြောက်တော့ဘူးတဲ့"

"ရဟန်းတော်များ ရွတ်တော့ တောမခြောက်တော့ဘူး ဆိုပေမယ့် ခင်ဗျား ညကရွတ်တာ ဘာမှမထူးပါလား"

"ဒါကတော့ ဘယ်ရှုမလဲဗျာ။

www.burmeseclassic.com

ရ ဟန်းတော်တွေက သီလအား ကောင်းကောင်းနဲ့ ရွတ်တာဆိုတော့ ဘယ်ပြိတ္တာ ခံနိုင်မှာလဲ။ ကျုပ်တို့မှာက သီလဆိုလို့ ငါးပါးသီလတောင် ကျိုးချင်သလို ဖြစ်ဖြစ်သွားတယ် မဟုတ်လား”

ဒီလိုနှင့် သဟာကာရ စခန်းလေးကို စွန့်ခွာပြီး ခရီးဆက်ခဲ့ကြရသည်။

သူတို့အဖွဲ့ ခရီးဆက်ခဲ့ကြရာ နာဂခေါ် ကုံကော်ပင်စခန်း၊ ဥဒ္ဒါလကာခေါ် ငုပင်စခန်း၊ အမ္ဗခေါ် သရက်ပင်စခန်း၊ ပိယင်္ဂုခေါ် သျှိသျှားပင်စခန်း၊ မမွေယျခေါ် စကားပင်စခန်းများကို ကျော်လွန်၍ ကန်စီပူရမြို့အရှေ့တောင်ယွန်းယွန်း ချောင်းကြီးတစ်ခု၏ ကမ်းခြေမှာရှိသော ကန်စီဂါမရွာတွင် ရပ်နားကြပါသည်။ ကန်စီပူရမြို့နှင့် ကန်စီဂါမရွာသည် နှစ်ကောသမျှသာလျှင် ဝေးကွာသဖြင့် ကန်စီပူရမြို့သို့သွားရောက်၍ ဈေးဝယ်လို့ရသည်။

တပ်မှူးလေးနှင့် ကိုဝဏ္ဏတို့မှာ မကြာမကြာ ဈေးဝယ်ထွက်ကြရသည်။ ဈေးဝယ်သွားလျှင် ရွာထဲမှ မြင်းရထားငှား၍ ပစ္စည်းများ တင်ကြရသည်။ ရှေ့ဆက်ရမည့်ခရီးသည် ဝေးကွာ၍ မြို့ကြီးများလည်း မရှိတော့သဖြင့် ဆန်၊ ဆီ၊ ဂျုံစသော ကုန်ကြမ်းများကို ပိုပိုမိုမို ဝယ်ယူထားကြရသည်။

မနူရကိုဒီရွာမှနေ၍ သီဟိုဠ်ကျွန်းသို့ သွားကြရမည်ဟု ခရီးစဉ်ဆွဲထားသော်လည်း မနူရကိုဒီရွာရောက်ဖို့ရာ အတော်သွားရပေဦးမည်။ သီဟိုဠ်ကျွန်း မရောက်မီ ပင်လယ်ကြီးထဲမှာ မည်မျှကြာဦးမည် မသိ။ မရောက်မချင်း ခရီးနှင်ကြရပေမည်။

ပစ္စည်းများ ပြည့်စုံလုံလောက်စွာ ဝယ်ယူပြီး ခရီးဆက်ခဲ့ကြပြန်ပါသည်။ သတ္တပဏ္ဏိခေါ် စရည်းပင်စခန်း၊ ကေတကခေါ် ဆပ်သွားပင်စခန်း၊ မုဒလိန္ဒခေါ် ကျည်းပင်စခန်း၊ ဥပတိဘဒ္ဒခေါ် ငုဖြူပင်စခန်း၊ သိန္ဓုဝါရိတခေါ် ရေညှိနဲ့ပင်စခန်း၊ ဘဝိနိမာလခေါ် ဆင်နှာမောင်းပင်စခန်းများ ဖြတ်ကျော်၍ မနူရကိုဒီရွာသို့ ရောက်လာခဲ့ကြသည်။

မနူရကိုဒီရွာသည် မြို့တစ်မြို့ဟု ထင်မှတ်လောက်အောင် စည်ကားပေသည်။ မနူရကိုဒီရွာလေးသည် သီဟိုဠ်ကျွန်းသို့သွားသူများ၏ နားခိုရာ ကွန်းထောက်စခန်းကြီးလည်း ဖြစ်သည်။

ထိုရွာတွင် တိုင်းတစ်ပါးသားများလည်းရှိသည်။ မကောင်းမှု ဒုစရိုက်သမား ပေါင်းစုံရှိသည်။ တံငါများ၊ ကုန်သည်များမှအစ ပင်လယ်ဓားပြများလည်း ထိုရွာတွင် လာရောက်အနားယူကြသည်။

ထိုသို့ စည်ကားလှသော မနူရကိုဒီရွာလေးသို့ ကန်စီပူရ၊ သီတာပူရိတို့လို မြို့ကြီးများမှ လာရောက်၍ မုန့်ဆိုင်၊ လက်ဖက်ရည်၊ နွားနို့ဆိုင်၊ ထမင်းဆိုင်၊ အထည်ဆိုင်ကြီးများ ဖွင့်ကြသည်။ ထိုရွာမှာ ကြာကြာနေလျှင် အဖွဲ့သားတွေ စိတ်လေသွားနိုင်သဖြင့် အမြန်ခရီးထွက်ကြရန် စီစဉ်ကြရပါသည်။

ဟေမမာလာ သခင်မလေးသည် ခရီးပန်းလာသဖြင့် ကောင်းမွန်စွာ အနားယူ၍ ပင်လယ်လေကောင်း လေသန့်ရနိုင်သောနေရာတွင် နေစေလိုသည်ဟု ဘိုးသက္က အကြံပေးသဖြင့် ပင်လယ်အနီးတွင် တဲနန်းဆောက်လုပ်၍ အဖွဲ့သားများ ရွှေ့ပြောင်းခဲ့ကြသည်။ အုန်းပင်များ ပတ်လည်ဝိုင်းနေသော အုန်းခြံကြီးမို့ အရိပ်အာဝါသကောင်းသည်။ ခြံပိုင်ရှင်မှာ ငှက်များကို ချစ်တတ်သူဖြစ်သောကြောင့် ငှက်တွေကို အလှမွေးထားသည်။

သူမွေးမြူထားသော ငှက်တို့မှာ ဟံသခေါ် ဟင်္သာငှက်၊ ကောဉ္စခေါ် ကြိုးကြာငှက်၊ မယူရခေါ် ဥဒေါင်းငှက်၊ စက္ကဝါကခေါ် စက္ကဝါက်ငှက်၊ ကုက္ကုဟခေါ် ဥဘုတ်ငှက်၊ ကာဠကောကိလခေါ် ဥဩငှက်၊ စိတြကောလိလခေါ် ဥဩပြောက်ငှက်၊ သိခဏ္ဍီခေါ် ဥဒေါင်းစိမ်းပြာငှက်၊ ဇီဝကခေါ် ဇီဝဇိုးငှက်တို့ ဖြစ်သည်။

ဟေမမာလာ မင်းသမီးလေးသည် ငှက်တွေကို အစာကျွေးလိုက်၊ လမ်းလျှောက်ထွက်လိုက်နှင့် လုပ်ရသဖြင့် မကြာမီအချိန်အတွင်း ကျန်းမာ၍လာသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

■ **မောင်ယဉ်မွန်(မောင်နေခြည်)**



www.burmeseclassic.com

www.burmeseclassic.com

# ကြံစည်တိုင်းအောင်

# ဆောင်ရမည့်အရုပ်

✦ တက်လူမျိုးသစ်

စီးပွားရေးကိစ္စ ဖြစ်စေ၊ လူမှုရေးကိစ္စဖြစ်စေ အဆင်ပြေအောင်မြင်မှုရရှိဖို့ဆိုသည်မှာ ကြိုတင်ကြံစည်မှုတွေရှိဖို့ လိုအပ်မည်သာဖြစ်သည်။ သည့်အတွက် လုပ်ရည်ကိုင်ရည် အရည်အသွေးတွေ မရှိမဖြစ်။ ထို့အတူ ... လောကီပညာရပ်များကလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်သည်သာပင်။ ပမာအားဖြင့် ကြံစည်တိုင်း အောင်မြင်ရလေအောင် မိမိတို့နေ့နံ၏ ဩရန်းအသားကို သက်ဆိုင်ရာအရုပ် ထုလုပ်ပြီး ဆောင်ထားဖို့ပင် ဖြစ်၏။

၁။ **တနင်္ဂနွေဖွားအတွက်** စိန်ပန်းသားကို **မြင်းရုပ်** ထုလုပ်ဆောင်ပါ။

၂။ **တနင်္လာဖွားအတွက်** လောက်သေသားကို **သိမ်းငှက်ရုပ်** ထုလုပ်ဆောင်ပါ။

၃။ **အင်္ဂါဖွားအတွက်** ပိတောက်သားကို **နဂါးရုပ်** ထုလုပ်ဆောင်ပ။

၄။ **ဗုဒ္ဓဟူးဖွားအတွက်** သစ်အယ်သားကို **သိုးရုပ်**ထုလုပ်ဆောင်ပါ။

၅။ **ကြာသပတေးဖွားအတွက်** ဒန်းကြီးသားကို **ဘုရားရုပ်ပွားတော်** ထုလုပ်ဆောင်ပါ။

၆။ **သောကြာဖွားအတွက်** ဩဇာသားကို **စင်ရော်ရုပ်** ထုလုပ်ဆောင်ပါ။

၇။ **စနေဖွားအတွက်** ၁ရေသားကို **ယောက်မရုပ်** ထုလုပ်ဆောင်ပါ။

ဆောင်ရမည့် အရုပ်ကို ထုလုပ်ပြီးစီးပါက မွေးနေ့ရက်၌ အိမ်ကဘုရားထံ ဆွမ်းပွဲ ၉ ပွဲ၊ ပန်း ၉ ပွင့်၊ အမွှေးတိုင် ၉ တိုင်တို့အား ဆက်ကပ်ပူဇော်ပါ။ ထုလုပ်ထားသော အဆောင်ရုပ်အား နှံ့သာရည်စိမ်ပေးပါ။ ဂုဏ်တော်ကိုးပါးကို ကိုးခေါက်တိတိ ရွတ်ဖတ်သရဇ္ဈာယ်ပြီးဆောင်ထားပါက ကြံစည်စိတ်ကူးသမျှ အောင်မြင်ထမြောက်လိမ့်မည်ဖြစ်ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

**တက်လူမျိုးသစ်**

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

**ဒေါက်တာစောယုနွယ်**



တကယ်ဆိုတော့…

မိမိဘဝ၏ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည့်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မမှုတာပါပဲ။ ပြည့်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည့်ဖုံးကားကို သုံးစခဲ့သော ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာ များမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း ကစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံ ပေါ်မှာ ဒိုးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ ပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်…

အမှတ်(၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သောခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူအဖို့လည်း ဤကာလမှာ လုပ်ငန်းတိုးချဲ့ဖို့ မကြိုးစားပါ နှင့်ဦး။ ဝန်ထမ်းတွေအဖို့လည်း လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ် မယ်၊ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေရင်း များနှင့် လမ်းခွဲရတတ်တယ်။ မိသားစုအတွင်းမှာလည်း တစ်ယောက်နှင့် တစ်ယောက် အယူအဆကွဲလွဲခြင်း၊ အကြောင်းအရာတစ်ခုခုကို မဖော်ပြနိုင်ဘဲ စိတ်များ ရှုပ်ထွေးနေတတ်တယ်။ ဤကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာနှင့်၊ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်တယ်။ အိမ်ထောင်ဘက် ကျန်းမာရေး ညံ့လိမ့်မယ်။ ဆေးရုံ၊ ဆေးခန်းသို့ သွားရတတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ မိမိကိုယ်တိုင်လည်း ကျန်းမာရေးညံ့တတ်တယ်။ ဖြစ်လျှင် ရုတ်တရက် ဖြစ်တတ်တယ်။ ကျောဒုက္ခပေးခြင်း၊ ကျောက်ရောဂါရခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်း စေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွှန့်၊ ထန်း(၇)ညွှန့်၊ ကြက်လျှာ အစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၅၆၊ ၅၇၊ ၇၁၊ ၇၅

### အထူးသတိပြုရန်

အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်း မပြုလုပ်ပါနှင့်။
အပျော်ခရီး မသွားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထောပတ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲ့တတ်ပါတယ်။ လုပ်သမျှ လုပ်ငန်းတွေလည်း အဆင်မပြေမှုလေးတွေ ကြုံရတတ်တယ်။ အလုပ်အပြောင်းအလဲ မလုပ်ပါနှင့်ဦး။ အထက်လူကြီး၏ ငြိုငြင်မှုကို ခံရတတ်တယ်။ မနာလိုသူများ၏ ပြစ်တင်ပြောဆိုခြင်း ခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါလျှင် ပိုပြီးဝရုစိုက်ပါ။ အလုပ်အကိုင်တွင် ငွေကြေးဝင်တာ ညှဲ့ပေမယ့် စုတ်တောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေးကံကောင်းခြင်း၊ ယောကျ်ားလေး ဖြစ်လျှင် ဇနီးကောင်းရခြင်းမျိုး ကြုံရတတ်တယ်။ သားသမီးရတနာများ ထွန်းတားတတ်တယ်။ ပြည်ပနဲ့ အဆက်အသွယ်ကောင်းရရှိပြီး အောင်မြင်မှုများ ရရှိတတ်ပါတယ်။ မြေတစ်ကွက်လည်း ဝင်တတ်ပါတယ်။ မြေကောင်း မြေသန့် ဖြစ်ပါတယ်။ မြေကွက်နဲ့ ပတ်သက်ပြီး ငွေဝင်ကိန်း ရှိပါတယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ပတ်သက်တဲ့ ဝေဒနာ ခံစားရတတ်တယ်။ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ မကြာခဏ ကြွက်တက်ခြင်း၊ ခြေသည်း၊ လက်သည်းပုပ်ခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့် (၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှဲ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှဲ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၅၂၊ ၅၃၊ ၃၄၊ ၃၅

### အထူးသတိပြုရန်

ယခုကာလတွင် ရွှေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမခံခြင်းများ လုံးဝမပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိအိမ်၏ညှော်ခန်းတွင် ပစ်တိုင်းထောင် အရုပ်(၂)ရုပ် ချိတ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စပ်တူလုပ်ငန်းတစ်ခု လုပ်ရတတ်တယ်။ ဆိုင်သစ်ဖွင့်မယ်ဆိုလျှင် ယခုအချိန်ဟာ အကောင်းဆုံးပါပဲ။ လက်ရှိလုပ်ငန်းအပြင် နောက်ထပ်လုပ်ငန်းတစ်ခုကို ပြောင်းချင်စိတ် ဖြစ်နေမယ်။ ငွေအရင်းအနှီးများစွာနှင့် မသေချာတဲ့ အလုပ်ကို မလုပ်ပါနှင့်ဦး။ မိသားစုထဲမှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံ၌ မွေးဖွားပါ။ စိတ်ထင်ရာ တဇွတ်ထိုးလုပ်ရင် ရှိတာတွေကုန်ပြီး ဆုံးရှုံးမှုတွေ ဖြစ်ပေါ်တတ်တယ်။ အပျို လူပျိုတွေအဖို့ ချစ်သူရည်းစား ရတတ်တဲ့ ကာလဖြစ်ပါတယ်။ ယခုကာလတွင် သင်သည် တပေါင်းလ၊ ကဆုန်လများ ပါနေရင်တော့ ငွေရတတ်ပါတယ်။ စက်ပစ္စည်းတစ်ခု ဝင်တတ်တယ်။ သေသေချာချာ ဂရုစိုက်ပြီးဝယ်ပါ။ အိမ်ကို ပြုပြင်ရခြင်း၊ အိမ်အဖီဆွဲခြင်းမျိုး ပြုလုပ်ရတတ်တယ်။ စာချုပ်စာတမ်း လက်မှတ်ထိုးဖို့ ကိစ္စရှိလျှင် နောက်ဆုတ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာ၊ ဆီးချုပ်၊ လေချုပ် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၃၊ ၁၆၊ ၆၁

### အထူးသတိပြုရန်

ကားမောင်းကြမ်းခြင်း ဆင်ခြင်ပါ။ ငွေပေး ငွေယူ လုပ်ရာတွင် စိစစ်ပြီးမှ ပြုလုပ်ပါ။ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများကို မိမိမှ တာဝန်ယူ လုပ်ဆောင်ပေးခြင်းကို ရှောင်ရှားပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်(သို့မဟုတ်)ရုံးခန်းတွင် သဲထည့်ထားသောအိုးအတွင်း အုန်းလက်(၆)လက်ထည့်ပြီး တင်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ကြံရွယ်ထားရင် ဒီအချိန်ဟာ အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ စက်ပစ္စည်းအသစ်များ ဝင်တတ်ပါတယ်။ စိန်ထည်ပစ္စည်းလည်း ဝင်တတ်တယ်။ မိမိနေအိမ်ကို ဘေးမှာတိုးချဲ့ခြင်း၊ အခန်းဖွဲ့ခြင်း၊ အသေးစား ပြင်ဆင်မှုတွေ ပြုလုပ်ရတတ်ပါတယ်။ ယခုကာလတွင် မိမိပိုင်ပစ္စည်းတွေကို ထုခွဲရောင်းချပြီး လုပ်ငန်းအသစ် ကြီးကြီးမားမား စရန် မကောင်းသေးပါ။ ငွေတွေကလည်း ဝင်လာစရာရှိတာ မဝင်ဘဲနဲ့ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေတတ်ပါတယ်။ လုပ်ငန်းအသစ်ပြောင်းပြီးလုပ်ဖို့ စိတ်ကူးထားရင်တော့ ရေတိုလုပ်ငန်း ဒါမှမဟုတ် စပ်တူလုပ်ငန်းဆိုရင် အောင်မြင်မှု ရတတ်ပါတယ်။ ငယ်ရွယ်သူတွေအဖို့ ပညာရေးနဲ့ ပတ်သက်ပြီး အထစ်အငေါ့ ဖြစ်တတ်ပါတယ်။ မြေကိစ္စ၊ အမွေကိစ္စများကတော့ ယခုကာလတွင် ခွဲဝေခြင်း၊ အမှုဖြစ်ခြင်းမျိုး မပြုလုပ်ပါနှင့်။ မသွားချင်ဘဲနဲ့ ခရီးဝေးတစ်ခု သွားရတတ်တယ်။ ကားပွတ်တိုက်မိတတ်တယ်။ ဘိုးတော်တု၊ ဆရာတုတွေ ရောက်လာတတ်တယ်။ သင်သည် အမျိုးသမီးဖြစ်လျှင်တော့ အစွပ်အစွဲတွေ ကြုံရတတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့် (၁၅)ညွန့်၊ ကုက္ကားအဖြူ (၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၄၊ ၁၈၊ ၃၁၊ ၃၆

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်အနီးအနား၌ အိမ်အသစ်ဆောက်ခြင်း၊ သွားလာနေရင်း အိုးစည်ဗိုင်းများ တီးမှုတ်နေသော နိမိတ်တွေ့ပါက အကြံအစည်များ အောင်မြင်တတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ထမင်းဆီဆမ်းကို ဆွမ်းအုပ်ဖြင့်ထည့်၍ ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဗေဒင်ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သော ကာလလည်းဖြစ်ပါတယ်။ သိကြားမ, လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်ပါတယ်။ ခရီးဝေးများ သွားရတတ်တယ်။ ၎င်းခရီးများသည် စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့ရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပညာကောင်းရမယ်။အဖိုးတန် စက်ပစ္စည်းများလည်း ဝင်လိမ့်မယ်။ ရပ်ဝေးမှစာများ၊ အဆက်အသွယ်များ ရလာမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြွမ်းခြင်းများ ကြုံလိမ့်မယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်း၊ ရင်းနှီးသူအား လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ကြုံရတတ်တယ်။ မြေကိစ္စ၊ အိမ်မွေကိစ္စများ စကားပြောရတတ်သော်လည်း အောင်မြင်မှု ရပါလိမ့်မယ်။ စပ်တူရှယ်ယာ လုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင်အောင်မြင်မယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာတတ်တယ်။ ဆုံးပြီလို့ထင်တဲ့ ငွေတွေလည်း ပြန်ရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကိုယ်တိုင်လည်း နှလုံးနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ လေနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ဒူး၊ နား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်ဖြူ (၉)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၁၁၊ ၃၃၊ ၁၃၊ ၃၁

### အထူးသတိပြုရန်

လာမည့် မွေးလ၊ မွေးရက်အထိ အသုဘ မပို့ရ။ နာရေး မသွားရ။ အထူးသတိပြုပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း ပဲပေါက်စိ ၈ လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ စီးပွားတက်ခြင်း၊ ပစ္စည်းဥစ္စာ အမွေအနှစ်များ ရရှိတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရမယ်။ ထိုပေါက်သလို ငွေများ အစုလိုက် အပုံလိုက် ဝင်လာတတ်ပါတယ်။ ခရီးအကျိုးပေးသောတာလ ဖြစ်သောကြောင့် မကြာခဏ ခရီးသွားရပါလိမ့်မယ်။ အတူနေ မိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေး ကြုံရတတ်တယ်။ ကံကောင်းေ ာတာလ ဖြစ်ပေမယ့်လည်း ငွေနှင့်ပတ်သက်ပြီး အနည်းငယ် ပြဿနာေ ါ် နိုင်တယ်၊ ကိုယ့်ဆီဝင်တဲ့ငွေတွေဟာ မတည်မမြဲ ဖြစ်တတ်ပါတယ်။ စာရွက်စာတမ်းတိစ္စနှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ အမှုထမ်း၊ အရာထမ်းတွေ ဖြစ်နေရင်တော့ မိမိတို ဝစ်စား၊ တိုင်စာ ရောက်ရှိလာတတ်ပါတယ်။ လက်ရှိအလုပ်အကိုင်တို စိတ်မဝင်စားခြင်း၊ ပြောင်းလိုစိတ်ပေါ်ခြင်းမျိုး မကြာခဏ ဖြစ်ပေါ်လာတတ်တယ်။ မိမိအိမ်၏ အရှေ့အရပ်၊ အနောက်အရပ်မှာရှိသော ထိဆိုင်များတွင် ထိထိုးပေးပါ။ သင်သည် ယခုကာလတွင် ဝါခေါင်လ၊ ကဆုန်လနှင့် တန်ဆောင်မုန်းလများ ပါနေရင်တော့ ထိုလများမှာ ကျိန်းသေ ငွေဝင်ပါလိမ့်မယ်။ အပျို လူပျိုတွေ အဖို့ ကြင်သူကြင်ဖက် တွေ့မယ့်တာလ ဖြစ်ပါတယ်။ ကိုယ့်ကို လာကမ်းလှမ်းတဲ့အထဲမှာ တနင်္လာသားသမီး၊ စနေသားသမီးတွေ ပါတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးအကြောနှင့် ပတ်သက်တာတွေ ဖြစ်တတ်တယ်၊ သင်သည် မိန်းကလေး ဖြစ်နေရင်တော့ သွေးသားနဲ့ပတ်သတ်တဲ့ ဝေဒနာ၊ အလုံးအကျိတ်ဖြစ်တဲ့ ဝေဒနာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကံ့ကော်(၂)ညွန့်၊ ဆီးညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ တနင်္ဂဒန်ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

### အထူးသတိပြုရန်

ယခုကာလတွင် ခိုင်မာသော စီးပွားရေးတစ်ခု တည်ထောင်လိုက်ပါ။ လက်ရှိအခြေအနေမှ အဆပေါင်းများစွာ စီးပွားတက်လာလိမ့်မယ်။ အရက်သေစာ လုံးဝမသောက်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကျောက်ကျောနှစ်တုံးနှင့် နန်းကြီးသုပ် နှစ်ပွဲ လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဗေဒင်ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမူအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံ မလိုက်ပါနှင့်၊ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေဝင်နည်းပေမယ့် ဒီကာလမှာ ငွေအနည်းငယ် ဝင်တတ်ပါသေးတယ်။ ဒါပေမဲ့ စုလို့ဆောင်းလို့ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ပြန်ဝင်မယ်။ ခွဲခွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းများနဲ့ ပြန်လည်တွေ့ဆုံတတ်တယ်။ အိမ်မှာ လူလွတ်များရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှ ခွဲထွက်သွားခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်ပေါ်တတ်တယ်။ အိမ်ထောင်ရှိသူ ဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေကြီးစွာ ဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သားတွေ ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေဖြစ်မယ်။ နာရေးကိစ္စကိုအကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့်၊ အစာအိမ်နှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၄၂၊ ၄၆၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် မြောက်အရပ်သို့ ရေလမ်းခရီး မသွားရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးပေးတဲ့ကာလဖြစ်လို့ ဝီရိယစိုက်ထုတ်ပါက ချမ်းသာသုခ ရပါလိမ့်မယ်။ အတိုက်အခံ အပြိုင်အဆိုင်တွေတော့ ရှိနေတတ်တယ်။ ဒါပေမဲ့ အောင်မြင်ပါလိမ့်မယ်။ ဆွေမျိုးအပေါင်းအသင်းတွေကိုလည်း ကိုယ်က အများဆုံး ကူညီပေးနိုင်တဲ့သူ ဖြစ်လိမ့်မယ်။ အိမ်နေရာ ပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ ဝန်ထမ်းတွေအဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သော ကာလဖြစ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ စကားပြောများတတ်သောကြောင့် ယခုကာလတွင် နှုတ်စောင့်စည်းနေခြင်းသည် အကောင်းဆုံး ဖြစ်ပါတယ်။ ယခုကာလတွင် လုပ်သမျှ ဘာတစ်ခုမှ ပြတ်ပြတ်သားသားလုပ်၍ မရသောကြောင့် အဆိုးလည်းမဟုတ်၊ အကောင်းလည်းမဟုတ် ရှေ့တိုးမရ နောက်ဆုတ်မရ ဖြစ်နေတတ်တယ်။ ယခုကာလတွင် လောဘတကြီးဖြင့် စီးပွားမရှာသင့်ပါ။ စိတ်ထင်ရာ တစ်ဇွတ်ထိုးလုပ်လျှင် ဂုဏ်သိက္ခာကျခြင်းမျိုး ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးကျက်ခြင်း၊ ခြေထောက်တွင် သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ (၇)ပွင့်၊ ဖြိုဟ်ရုပ်ကံ (၆)ခုတို့ကို ပူးချည်ပြီး လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၂၊ ၆၄၊ ၄၆၊ ၄၇

### အထူးသတိပြုရန်

အိမ်ကိုပေါင်ပြီး မည်သည့်လုပ်ငန်းမျှ မလုပ်ပါနှင့်။
သူများအိမ် လာပေါင်လျှင်လည်း လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း ရာဇဝင်ဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၄-ခုနှစ်၊ နိုဝင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

မမျှော်လင့်ဘဲ အောက်လက်ငယ်သားတွေက ဆန့်ကျင်လိမ့်မယ်။ လုပ်ငန်းနဲ့ ပတ်သက်ပြီး အခက်အခဲတွေ့လိမ့်မယ်။ လက်ရှိအလုပ်ကနေ ပြောင်းချင်စိတ်ပေါ်မယ်။ မပြောင်းပါနှင့်၊ သူတစ်ပါးအတွက် အာမခံတာမျိုး မလုပ်ပါနဲ့။ မမျှော်လင့်ဘဲ မြေကိစ္စကြောင့် ငွေတွေရမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်နဲ့ လုပ်ထားတဲ့မုန့် ဝယ်ကျွေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

ဖြေရှင်းစရာပြဿနာတွေ ပေါ်တတ်တယ်။ အလုပ်တွေကတော့ တစ်ခုပြီး တစ်ခု လုပ်နေရလိမ့်မယ်။ အစားအသောက် ပျက်တတ်တယ်။ မိဆွေမျိုးသားချင်းထဲက အသက်ကြီးသူ ဆုံးပါးတတ်တယ်။ အလုပ်ထဲမှာ မမျှော်လင့်သော ပြဿနာ တစ်ခု ဖြေရှင်းရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်သားကြော် ဝယ်ကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

သူတစ်ပါးက ကိုယ့်ကို အကြောင်းမဲ့တိုက်ခိုက်ပြီး အကျိုးမဲ့အောင် ပြုလုပ်တတ်တယ်။ ပြီးတော့ မကောင်းသတင်းလည်း လွှင့်တတ်တယ်။ သူများအတွက် သက်သေလိုက်ရတယ်။ ငွေတွေဝင်ပေမယ့် အကုန်အကျ များနေတတ်တယ်။ အလုပ်နှင့် ပတ်သက်ပြီး အကြီးအကဲနှင့် စကားပြောရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထီးတစ်လက် လက်ဆောင်ပေးလိုက်ပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

ဘာပဲလုပ်လုပ် အပင်ပန်းခံရသလောက် အကျိုးမရှိ ဖြစ်နေတတ်တယ်။ ငွေတွေက ဝင်မလိုလိုနဲ့ အစုလိုက် အပြုံလိုက် မဝင်ဘဲ တစ်ဆို့နေမယ်။ မြေကိစ္စ၊ အမွေကိစ္စ စကားများရတတ်တယ်။ အလုပ်အကိုင်က ပုံမှန်ဖြစ်နေလိမ့်မယ်။ ဒီအချိန်မှာ တိုးတက်မှု မရှိသေးပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကော်ဖီ(၁)ခွက် ကိတ်မုန့်(၁)ချပ် ဝယ်ကျွေးလိုက်ပါ။

---

## ကြာသပတေးသားသမီးများအတွက်

ကံကောင်းတဲ့အချိန်ပါပဲ၊ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်မယ်။ ရာထူးတိုးခြင်း သို့မဟုတ် အလုပ်နေရာကောင်း ရမယ်။ မမျှော်လင့်ဘဲ နေအိမ် အပြောင်းအရွှေ့ ကြုံမယ်။ ရွှေ့ရမယ့်နေအိမ်က ရထားဘူတာနဲ့ နီးမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပန်းသီးတစ်လုံး လက်ဆောင်ပေးလိုက်ပါ။

---

## သောကြာသားသမီးများအတွက်

မမျှော်လင့်ဘဲ ငွေတွေဝင်လာမယ်၊ အလုပ်နဲ့ပတ်သက်ပြီး မော်တော်ကား တစ်စီးရမယ်၊ ထီပေါက်တတ်တယ်၊ (၇၇)နှစ်လုံးပူးသော ဂဏန်းထိုးပါ။ နာမည် ဂုဏ်သတင်း ကျော်ကြားမယ်၊

**ယတြာ**

မိတ်ဆွေတစ်ဦးကို အာလူးကြော်တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

---

## စနေသားသမီးများအတွက်

လုပ်ငန်းအသစ်တွေ ရတတ်တယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာတတ်တယ်၊ ဆုံးပြီလို့ထင်ကဲ ငွေတွေ ပြန်ရတတ်တယ်။ အလုပ်ဌာနအတွင်းမှာ နေရာကောင်း ရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို လက်ဖက်ရည် ဝယ်တိုက်လိုက်ပါ။

---

## ရာဟုသားသမီးများအတွက်

လုပ်သမျှကိစ္စရပ်များ အောင်မြင်မှုရမယ်။ အလုပ်ပြောင်းခြင်း၊ နေအိမ်ပြောင်းခြင်း ကြုံရမယ်၊ လက်ရှိအလုပ်ထက် နေရာကောင်းရပြီး ဝင်ငွေကောင်းမယ်၊ ဇနီး၊ သားသမီးများနှင့် ပျော်ရွှင်သောခရီးများ ထွက်ဖြစ်မယ်၊

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဟမ်ဘာဂါ(သို့မဟုတ်)ကြက်ကြော် ဝယ်ကျွေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## မင်းဓမ္မကုန်းတော် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဝါခေါင်လပြည့်နေ့ မေတ္တာအခါတော်နေ့ မေတ္တာသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားလျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)ဂန္ဓကုဋိတိုက်တွင် (၁၀-၈-၂၀၁၄) ဝါခေါင်လပြည့်နေ့ နံနက် ၇ နာရီက မေတ္တာအခါတော်နေ့ကို ကျင်းပခဲ့သည်။

အစီအစဉ်အရ ဩဝါဒါစရိယ ဆရာတော် ဦးနန္ဒာစရိယထံမှ ကိုးပါးသီလခံယူပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဆရာတော်များက မေတ္တာသုတ်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ရေစက်ချအနုမောဒနာတရား ချီးမြှင့်သည်။

ထို့နောက် ဝတ်အသင်းအဖွဲ့များက မေတ္တာသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြပြီး အခမ်းအနားကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေကျော်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းမှ ဘာသာရေးအဖွဲ့အစည်းအသီးသီးမှ တက်ရောက်ပူဇော်ကြသည်။

အင်ကြင်း

---

## ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ရှိ မဟာဗောဓိညောင်ပင် နှစ်ကျိပ်ရှစ်ဆူ ရွှေကျောင်းဆောင် ကျောင်းလှူတ်ပူဇာ အနေကဇာတင်ပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လုရတနာဆောင်ရှေ့ရှိ မဟာဗောဓိညောင်ပင် နှစ်ကျိပ်ရှစ်ဆူ ရွှေကျောင်းဆောင် ကျောင်းလှူတ်ပူဇာ အနေကဇာတင်ပွဲကို (၃-၈-၂၀၁၄)တနင်္ဂနွေနေ့ နံနက်(၁၀)နာရီတွင် လုရတနာကျောင်းဆောင် အောက်ထပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အင်ပါယာ အလှူမိနီယံ မိသားစုမှ လှူဒါန်းသော အုတ်ပလ္လင်ရွှေကျောင်းဆောင် လှူဒါန်းခြင်း၊ အများကောင်းမှုဖြစ်သည့် နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ တေဒဂ်ဘွဲ့ရ ရဟန္တာ(၄၁)ပါးတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းများ ပြုလုပ်ခဲ့ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး၊ တိပိဋကဓရတိပိဋကကောဝိဒ၊ ရွှေချယ်ရေး ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ၊ ရွှေလင်ပန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသနှင့် ဆရာတော်များ ကြွရောက်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

စိုးဝင်းထွဏ်း

---


## မိုးညချမ်းအဖွဲ့၊ အဖြူရောင်မေတ္တာ ပရဟိတအဖွဲ့မှ လိုတရဟာသ်ာတကျောင်းတိုက်သို့ အရှဏ်ဆွမ်းနှင့် စာရေးကိရိယာများ လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ရှိ လိုတရဟာသ်ာတကျောင်းတိုက်သို့ မိုးညချမ်းအဖွဲ့၊ အဖြူရောင်မေတ္တာ ပရဟိတအဖွဲ့တို့၏ (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် (၂-၈-၂၀၁၄)စနေနေ့တွင် အရုဏ်ဆွမ်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်ပြီး စာရေးကိရိယာများလည်း လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

နေထူးအံ့

www.burmeseclassic.com

## နဂါးကိုးကောင် ကုသိုလ်ဖြစ်ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် နှိုးဆော်လွှာ



မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှ သစ္စာအဓိဋ္ဌာန်အောင်၊ ဆုတောင်းပြည့် မြတဘက် နဂါးကိုးကောင်ဘုရား စောမွန်လှ ပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ရှမ်းပြည်နယ် တောင်ပိုင်း/မြောက်ပိုင်းမှ မိဘမဲ့ ရှင်သာမဏေ သီလရှင်လေးများ အပါအဝင် ကျောင်းသား ကျောင်းသူ ၉၀၀ ခန့်ကို အခမဲ့ ပညာသင်ကြားပေးလျက် ရှိပါသည်။

ယခုအခါ အဆိုပါကျောင်းတွင် သက်ကြီးဝါကြီး ဆရာတော် သံဃာတော်များ၊ သီလရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ဝေးရပ်နီး မိဘပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ရန်အလို့ငှာ အလျား(၁၀၈)ပေ၊ အနံ ပေ(၄၀) အာစီကွန်ကရစ် သုံးထပ်ဆောင် (နဂါးကိုးကောင် ဆေးပေးခန်းကြီး) ပြီးမြောက်အောင်မြင်ရေး အတွက် ပစ္စည်းဆက် အလှူရှင်များ လိုအပ်နေပါ၍ ဇီဝိတဒါန ကုသိုလ်ပါဝင်လိုကြသော စေတနာရှင် ကုသိုလ်ရှင်များအနေဖြင့် အကျိုးဆောင်အဖွဲ့ ထံ ၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၃၀၇၂၉၁၀၊ ၀၉-၄၀၂၅၈၈၀၅၅ သို့ ဆက်သွယ်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။

ဖိုးစွံ(အောင်ပင်လယ်)

### ဓမ္မပီယဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ၏ သက်တော်(၈၀)နှစ်ပြည့် မွေးနေ့ဝိဇာတမင်္ဂလာကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကံရပ်ကွက်ရှိ ဓမ္မပီယကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဓမ္မပီယဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ၏ သက်တော်(၈၀)နှစ်ပြည့် မွေးနေ့ဝိဇာတ မင်္ဂလာပွဲကို ဓမ္မပီယကျောင်းတိုက်ကြီး၌ ၁၀-၇-၂၀၁၄(ကြာသပတေးနေ့) နံနက်(၇)နာရီမှ မွန်းတည့်(၁၂)နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

www.burmeseclassic.com

## မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ



၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ နံနက် (၁၀)နာရီအချိန် တောင်ဥက္ကလာပ စေတီတော် မဟာမုနိ ဓမ္မာရုံကြီးတွင် ကျင်းပရာ ပင့်သံဃာ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ ဆက်ကပ်လှူဒါန်းပြီး ဓမ္မဂေါက်သွန်းချ အမျှပေးဝေခဲ့ကြပါသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးမှ အပူဇော်ခံ တိုင်းရင်းသမားတော်ကြီး (၁၂၀)ကျော်နှင့် ဆရာကြီး၊ ဆရာမကြီးများ ဧည့်သည်တော်များ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

ဒုတိယပိုင်းအစီအစဉ် ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဆရာကြီး ဦးသန်းနိုင်မှ အဖွင့်အမှာစကား ပြောကြားပြီးနောက် အပူဇော်ခံ ဆရာကြီးများအား တစ်ပါးလျှင် ဝတ္ထုငွေ (၅၅၀၀၀)ငါးသောင်းငါးထောင်ကျပ်နှင့် ဝတ္ထုပစ္စည်းများ လှူဒါန်းပြီး ကန်တော့ကြပါသည်။ ထို့နောက် အပူဇော်ခံ ဆရာကြီးများ၏ကိုယ်စား ဆရာကြီး ဦးညာဏ်လွင်၊ ဆရာကြီး ဦးမောင်ညာဏ်နှင့် ဆရာကြီး ဦးလှဌေးတို့က ဩဝါဒစကား အသီးသီးမြွက်ကြားပြောဆိုပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး (၁၂)နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ဒေါက်တာသက်ဆွေ

## လှူရည်ချွန် ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်လှစ်


ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ကျွန်စစ်သားလမ်းမကြီးပေါ်ရှိ အောင်ဇေယျမြို့တော်၌ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် "လှူရည်ချွန်" ကုသိုလ်ဖြစ်ဆေးခန်းကို စတင်ဖွင့်လှစ်ခဲ့သည်။

ထိုဆေးခန်းကို ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း လှူရည်ချွန်ဆု ရရှိထားခဲ့သော ဆရာဝန်ကြီးများကိုယ်တိုင် ပူးပေါင်း၍ ဆင်းရဲနွမ်းပါးသူများနှင့် အခြားအထွေထွေရောဂါ ဝေဒနာရှင်များကို နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ တစ်ပတ်လျှင် (၅)ရက် အခမဲ့ ဆေးကုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## သာကေတမြို့နယ် စာရေးဆရာအသင်း၏ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ



ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စာရေးဆရာအသင်း အမှုဆောင်ကော်မတီမှ ဦးဆောင်၍ ဒုတိယအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ၁၃၇၆ ခု၊ ဝါဆိုလပြည့်ကျော်(၉)ရက်(၂၀-၇-၂၀၁၄) တနင်္ဂနွေနေ့တွင် အောင်သုခကျောင်းတိုက် (ဓမ္မလုလင်ဆရာတော်ကျောင်း)တွင် ကျင်းပခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားတွင် ကျောင်းထိုင်ဆရာတော်နှင့် ရဟန်းတော်ဆို ငါးပါးအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဖိတ်ကြားထားသော စာရေးဆရာ၊ ဆရာမများကိုလည်း နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြပါသည်။

ဆရာမျိုး

BURMESE CLASSIC

---

## (၆၇)နှစ်မြောက် အာဇာနည်နေ့ ကျေးဇူးဂုဏ်ရည်စူး ဝါဆိုသင်္ကန်း ကပ်လှူပွဲ



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ ကျောက်တန်းကျေးရွာရှိ ဝေဠုဝန် ဘုန်းတော်ကြီးသင် ပရိယတ္တိ စာသင်ကျောင်းတွင် (၁၉-၇-၂၀၁၄) စနေနေ့တွင် ကျရောက်သော (၆၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးဂုဏ်ကို ရည်စူး၍ ပညာဒါနနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲ အခမ်းအနားကို အဆိုပါကျောင်းတိုက်ဝင်းအတွင်း ကျင်းပခဲ့ကြပါသည်။

ထိုအလှူပွဲကို ပန်းပျိုးလက်ဆရာတော် ဒေါက်တာပညောဘာသ(သဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး (၇)ရက်သားသမီးများမှ စုပေါင်းပါဝင်လှူဒါန်းကြခြင်း ဖြစ်ပါသည်။ ကျောက်တန်း အ.ထ.က မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသား(၁၀၀၀)ကျော်အား စပို့ရှပ်အင်္ကျီ၊ ဗလာစာအုပ်၊ စာရေးကိရိယာများ ပေးသည့်ပြင် နံနက်စာ၊ နေ့လယ်စာလည်း ကျွေးမွေးဒါနပြုကြသည်။ လှူဒါန်းမှု အစုစုတို့အတွက် ပန်းပျိုးလက်ဆရာတော်မှ အနုမောဒနာ တရားဟောကြားပြီး ရေစက်ချ အမျှအတန်း ပေးဝေခဲ့ကြသည်။

ဂမ္ဘီရဆရာမျိုး(B.Sc)

www.burmeseclassic.com